C C

၆၉၅
ဝိနယေ ဌိတေ သာသနံ ဌိတံ
ဟူသော ဒေသနာတော်နှင့်အညီ၊ သာသနာတော်
ကြာမြင့်စွာတည်စေခြင်းငှာရင်း၊ စာသင်စာချနည်းရစေခြင်း
ငှာရင်း၊ မန္တလေးမြို့-မဂ်လာဘုံကျော် ညောင်ကန်ဆရာတော်
ဘုရားကြီး၏ တပည့်-ပရိယတ္တိ သာသနဟိတ ဓမ္မာ စရိယ,
နိကာယပါရဂူ ဖြစ်တော်မူသော၊ တောင်သာမြို့
ညောင်တိုရှာဇာတိ,ပဝတ္တိ စစ်ကိုင်းတောင်ရိုး
တေဇာဓိပတိ ချောင် နှင့် ဝါးခယ်မမြို့
လမ်းသရိုင်းတိုက်ကျောင်းကြီး

**ဆရာတော် အသျှင်တေဇာဘိဝံသ မထေရ်**

**စီစဉ်အပ်သော**

# ပါတိမောက္ခ

# ဘာသာဋီကာကျမ်း

## ပထမတွဲ၊

၁၃၀၃-ခုနှစ်၊ တော်သလင်းလ။

**1941**

အဘိုး-၃-ကျပ်။ **PRICE-RS-3.**



ဂန္ထကာရကကျမ်းပြုဆရာတော်

အသျှင်တေဇာဘိဝံသ ပုံတော်။

# သမုဋ္ဌာနံ။

ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ ။ ။
ကာလံ ကရောန္တော အတိဒုက္ကရာနိ။ ။
ခေဒံ ဂတော လောကဟိတာယ နာထော၊ ။

အဋ္ဌကထာဆရာ မိန့်မှာသည့်နှင့်အညီ ကမ္ဘာကုဋေ အရေ အတွက်ဖြင့် သော်လည်း မရေတွက်နိုင် မနှိုင်းယှဉ်နိုင် အသင်္ချေယျ အရေအတွက်၏ အစွမ်းဖြင့်သာ ရေတွက်အပ် ပိုင်းခြား အပ်သော ကမ္ဘာတသိန်း အလွန်ရှိသော လေးအသင်္ချေတို့ပတ်လုံး မဟာကရု ဏာတော်၏ အစွမ်းသတ္တိကြောင့် လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ်တော်မူလျက် သံသရာတည်း ဟူသော ဆူးညှောင့် ဆူးဖုက်၌ နစ်မြုပ်လျက် မျောပါး၍ ပြေးလွှားကာ နေကြသော သတ္တဝါ အပေါင်းတို့ကို သံသရာတည်း ဟူသော ဆူးညှောင့်, ဆူးဖုက်မှ ထုတ်လျက်ဆောင်ပို့ နိဗ္ဗာန် အလို့ငှာ ကြံစည်ခြင်းငှာ သော်လည်း မတတ်ကောင်း၍ အလွန်ပြုနိုင်ခဲလှစွာသော မျက်လုံးကိုထုတ်၍ စွန့် လှူနိုင်ခြင်း, အသက်ကိုစွန့်လှူနိုင်ခြင်း အစရှိသော စွန့်ခြင်းကြီးငါးပါး စရိယာသုံးပါး ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ပြုတော်မူလျက် ကိုယ်တော်၏ ပင်ပန်းနွမ်းရိ, မချိခြင်းသို့ ရောက်တော်မူကာ ခြောက် နှစ်ကြာအောင်။မဟာပဓါနအလုပ်ကိုအားထုတ်တော်မူပြီး၍ ဝိသာခါ နက္ခတ်နှင့်၊ စန်းယှဉ်လတ်သော ကဆုန်လပြည့် ရေသွန်းသည့်နေ့၌ နံနက်စောစော အရဏ်ပြောသော အခါ၌သာလျှင် သုဇာတာသူဌေး သ္မီးသည် လှူအပ်သော နို့ဃနာဆွမ်းကို သုံးဆောင်တော်မူ၍၊ စိမ်း ညို့ရေယင် တသွင်သွင် တဒီးဒီးစီးဆင်းသော နေရဉ္ဇရာ မြစ်ဝယ် ရွှေ ခွက်ကို မျှောတော်မူလျက်၊ နေရဉ္ဇရာ မည်သည့်ဖြင့် လွန်စွာတင့် ဆန်း၊ မြစ်ကမ်းနဖူးဝယ် မွှေ့လျော်ဘွယ်သောတောအုပ်၌ အထူးထူး သော သမာပတ်ဝင်စားအပ်သောအလုပ်တို့ဖြင့် နေ့အဘို့ကို လွန်စေ တော်မူလျက်၊ ညနေချမ်းကာလ,ခါသမယ၌၊ သောတ္ထိယစေင်သည်၊ လှူအပ်သော မြက်ရှစ်ဆုပ်ကို ယူတော်မူ၍ ကာလနဂါး မင်းသည် ချီးမွမ်းအပ်သော ဂုဏ်ရှိလျက် ဗောဓိမဏ္ဍိုင်သို့ သက်ဝင်တော်မူကာ မြက်ရှစ်ဆုပ်တို့ကို ဖြန့်ကြဲတော်မူပြီး၊ အကြင်မျှလောက်သော ကာလ ပတ်လုံး၊ ငါ၏စိတ်သည် တဏှာ,ဒိဋ္ဌိ,မာနတို့ဖြင့် တစုံတခုသော အာ

ရုံကို မသူမူ၍ အာသဝေါ တရားတို့မှ မလွတ်သေး ထိုမျှလောက်သောကာလပတ်လုံး ဤပလ္လင်ကိုမဖျက်အံ့ဟုဆုံးဖြတ်ချက်ကို ပြုတော်မူ၍၊ အရှေ့အရပ်သို့ ရှေ့ရှုထိုင်နေတော်မူသည့်ရှိသော်၊ နေမဝင်မီသာလျှင်၊ မာရ်မင်း၏စစ်သည်ကို ဖျောက်ဖျက်တော်မူလျက်၊ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ စုတူပပါတ ဉာဏ်သို့ရောက်တော်မူကာ ပစ္ဆိမယာမ်၏ အဆုံး၌ ဒသဗလ စတုဝေသာရဇ္ဇ......အစရှိသော မြတ်စွာဘုရား ဂုဏ်တော် ကျေးဇူးတော်တို့ဖြင့်၊ တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ကို ရတော်မူ၍ လောကသုံးဆူ ဘုံအပြင်ဝယ် ပြိုင်ဘက်မပြု တဆူတည်းသာ ဖြစ်တော်မူသော သယမ္ဘူမြတ်စွာဘုရားသည်။

ဝေရဉ္ဇရာပြည်ဝယ်၊ သီတင်းသုံးတော်မူသောကာလ,ခါသမယ၌ လက်ျာရံ အသျှင်သာရိပုတ္တရာ ကိုယ်တော်မြတ်သည်၊ တပါးထည်းတည်း ကိန်းစက်တော်မူစဉ်၊ သာသနာတော် အစွန့်ရှည်ခြင်း၏ အကြောင်း၊သာသနာတော်အမြန် ကွယ်ပခြင်း၏ အကြောင်းများကို ကြံစည်ကာ သဗ္ဗညု မြတ်စွာဘုရားအား၊ လျှောက်ထားလေသတည်း။

ထိုအခါ ချစ်သား......သာရိပုတ္တရာ ချည်ဖြင့် သီကုံးအပ်ကုန်သည့်ဖြစ်၍ ပျဉ်ချပ်၌တင်ထားအပ်ကုန်သောပန်းတို့သည် အရပ်လေးမျက်နှာမှ လာသောလေတို့ကြောင့် မလွင့်ပျောက် မပျက်စီးနိုင် ကုန်သကဲ့သို့၊ သုတ္တပုဒ်တည်းဟူသောချည် ပါတိမောက်တည်းဟူသော ကြိုးတို့ဖြင့်၊ သီကုံး ဖွဲ့ချည် အပ်သော သာသနာတော်သာ ကြာမြင့်စွာတည့်ရာသည့်ဟု၊ ပညတ္တိသာဝကာနံ, သိက္ခာပဒံ, ဥဒ္ဒိသ္သု ပါတိမောက္ခံ, စသည်ဖြင့်၊ရှင်သာရိပုတ္တရာအား၊ မိန့်ကြားတော်မူလေသတည်း။

ထိုအခါ၊ အသျှင်သာရိပုတ္တရာသည် နေရာမှထ၍လက်အုပ်ချီကာ၊ ဘုန်းတော်သခင် အသျှင်မြတ် ဖြစ်တော်မူသော မြတ်စွာဘုရား......။ သာသနာတော် ကြာမြင့်စွာတည်ရှိရန်အကျိုးငှာ၊သိက္ခာပုဒ်ကိုပညတ်တော်မူရန်၊ အချိန့် ကျရောက် ပါပြီ ဘုရားဟု **ဧတဿ ဘဂဝါ ကာလော၊ ဧတဿ သုဂတ ကာလော၊** စသည်ဖြင့် လျှောက်ထား တောင်းပန် လေသတည်း။

ထိုအခါ၊ သဗ္ဗညုမြတ်စွာဘုရားသည်၊ အသျှင်သာရိပုတ္တရာအား၊ ချစ်သား......သာရိပုတ္တရာ၊ သင်ဆိုင်းငံ့ဦး။ ချစ်သား...... သာရိပုတ္တရာ

သင်သည်းခံဦး။ ဤအချိန် အခါ ကာလ သမယသည်၊ သိက္ခာပုဒ်ကို ပညတ်ရာကာလမဟုတ်ပေ။ သိက္ခာပုဒ်ကိုပညတ်ရန်အချိန်ကာလကို၊ ငါဘုရားသာ သိတော်မူလတ္တံ့ဟု…….. တထာဂတော ဝ တတ္ထကာလံ ဇာနိဿတိ……..၊ဟု မိန့်တော်မူလေသည်။

ချစ်သား-သာရိပုတ္တရာ၊ သင့်အရာမဟုတ်ဟု၊ ပယ်သည့်မှ နောက်ကာလ၌၊ သုဒိန်၏ ဇာနီးဟောင်း၌ မျိုးစေ့ဖြစ်ကြောင်း ပရိယာယ်ဖြင့်၊ မေထုန်ကိုလွန်ကျူး ပလူးမိခြင်းတည်းဟူသော အာသဝဋ္ဌာနိယ မှုကြောင့်၊ သံဃသုဋ္ဌုတာ စသော၊ ဆယ်ပါးသောအကျိုးတို့ကို မျှော်ကိုးတော်မူ၍၊ ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဖြစ်သော ဒုက္ခာသဝ, ကိလေသာသဝ သူတပါးတို့ကဲ့ရဲ့ ဖြစ်တင်၊ နှလုံးမသာယာခြင်း၊ သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသော အာသဝ,အပါယ် ဆင်းရဲ အထူးဖြစ်၍ ဖြစ်သော၊အာသဝ တို့ကိုပယ်ရန်အကျိုးငှာငှာ။ သာသနာအစွန့်ရှည်ရန် အကျိုးငှာငှာ။ ဗုဒ္ဓဝိသယဖြစ်သော၊ ယောပနဘိက္ခု စသော သိက္ခာပုဒ်ကို ပညတ်တော်မူလေသတည်း။

ပညတ်တော်မူအပ်သော သိက္ခာပုဒ်သည်၊ ပါဠိ၏ နက်နဲသောအဖြစ်ဟုဆိုအပ်သော **ဓမ္မဂမ္ဘီရဘာဝ**။ ပါဠိ၏သာအနက်၏ နက်နဲသော အဖြစ်ဟုဆိုအပ်သော **အတ္ထဂမ္ဘီရဘာဝ**။ စိတ်ဖြင့်မှတ်ထားအပ်သော ပါဠိကို ဟောတော်မူခြင်းဟုဆိုအပ်သော **ဒေသနာဂမ္ဘီရဘာဝ**။ ပါဠိ, ပါဠိ၏ အနက်ကို ဟုတ်တိုင်းမှန်စွာ သိတတ်သော ပဋိဝေဓဉာဏ်၏ နက်နဲသောအဖြစ်ဟုဆိုအပ်သော **ပဋိဝေဓဂမ္ဘီရဘာဝ**။ ဤဂမ္ဘီရဘာဝ လေးပါးနှင့်ပြည့်စုံလေသည်။ယုန်သားငယ်စသည်တို့သည်၊ မဟာသမုဒ္ဒရာ၌၊ သက်ဝင်နိုင်ခဲ ထောက်ရာတည်ရာရနိုင်ခဲသကဲ့သို့၊ နုံ့နှေးသောဉာဏ်ပညာရှိသော ပုဂ္ဂိုလ်တို့သည်၊ သက်ဝင်နိုင်ခဲ ထောက်ရာတည်ရာရနိုင်ခဲသောကြောင့်၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟုဆိုအပ်သော ပါတိမောက်သည်လည်းနက်နဲခက်ခဲလေသတည်း။

ပါတိမောက်ပါဠိတော်ဟုဆိုအပ်သော မာတိကာ၏၊ နက်နဲခက်ခဲလှသောကြောင့်၊ ဘုရား ကိုယ်တော်တိုင်၊၊ ပဒဘာဇနီဖြင့်၊ ဖွင့်တော်မူရလေသည်။မဟာအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, မဟာပစ္စရိတ်အဋ္ဌကထာ, အဋ္ဌကထာသစ် တို့ဖြင့်လည်း ဖွင့်ဆိုရပြန်လေသည်။ ပဇ္ဇိရ

ဗုဒ္ဓိ,သာရတ္ထ, ဝိမတိဒ္ဒနီကာ တို့ဖြင့်လည်း၊ ထင်ခါထင်ခါ ဖွင့်ပြရပြန်လေသည်။

ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည် ပဒဘာဇနီစသော သံဝဏ္ဏနာများကို၊နှိုင်းနှင်းစွာကြည့်ရှု၍ ပါတိမောက်ပါဠိတော်၏ သဘာဝကို ကျနစွာသိနိုင်လောက်ပြားသော်သည်း ပါဠိသံဝဏ္ဏနာများကို၊နှိုင်းနှင်းစွာကြည့်ရှုနိုင်သော ပုဂ္ဂိုလ်များသည် ယခုအခါ တရာမှ တယောက်လောက်သာ ပေါ်ပေါက်ဖြစ်ထွန်းလေတော့သတည်း။

ပါတိမောက် ပါဠိတော်ဟု ဆိုအပ်သော သိက္ခာပုဒ်၏ အနက်အဓိပ္ပါယ် သဘာဝကို မသိက ကိုယ်နှုတ်နှစ်ပါးကို၊ စောင့်စည်းခြင်း သံဝရ မဖြစ်နိုင်လေရာ။ သီလမပြည့်စုံက၊သမထဝိပဿနာအဖြာဖြာကို အားထုတ်သော်သည်း ယခုဘဝ လိုအပ်သော အကျိုးမပြီး အချည်းနှီး ဖြစ်လေရာသည့် ဝိနည်းဟုဆိုအပ်သော သိက္ခာပုဒ်မတည်က သာသနာတော်လည်း မကြာမတင့် ဆောသျင်စွာ ကွယ်ပျောက်ခဲ့လေရာသည်။

ထို့ကြောင့်............ ........

ယသ္မိံ ဋ္ဌိတေ သာသနမဋ္ဌိတဿ ပတိဋ္ဌိတံ ဟောတိ သုသဏ္ဌိတဿ တံ ဝဏ္ဏယိဿံ ဝိနယံ အမိဿံ နိဿာယပုဗ္ဗာစရိယာနုဘာဝံ။ ။

ဟူသော၊အဿျင်ဗုဒ္ဓဃောသ ကိုယ်တော်မြတ်၏နှလုံးသွင်းကုံနည်း နှိုးလျက်၊ဝိနည်းတည့်မှ သာသနာတည်သည်၊သာသနာတော်အသက် ဝိနည်းစက်ဖြစ်သည် ဟူသော ထုံးကို နှလုံးပြု၍၊ သံဝရ,အင္ဂုံသ, စသော၊တပည့်ကြီးငယ်တစုတို့၏၊ လျှောက်ထားတောင်းပန်ခြင်းဟုဆိုအပ်သော၊**သာခရဏ-ဗာဟိရသမုဋ္ဌာန်** အစိုးရပဋ္ဌမငယ်,ပဋ္ဌမလတ်, ပဋ္ဌမကြီး, စာချတန်း၊ အခါးခါးတို့ကို၊ အားထုတ် ကြိုးပမ်း၍နေသော၊ရဟန်းပျိုတို့အား၊ ကျေးဇူးများ၍ နည်းရလောက်အောင်၊ ပဒဘာဇနီစသော သံဝဏ္ဏနာများကို၊အမှီတခုလိုရင်းပြု၍၊ပါတိမောက်၏ပုဒ်,အနက်,အဓိပ္ပါယ်တို့ကို၊သန့်ရှင်းစင်ကြယ်စွာ၊ပြုသုပ်ကာ၊နိယံ, ကဗျာ, ဆောင်ပုဒ်တို့ဖြင့် ညှင်လျက် အနှစ်အမည်အားဖြင့် "**ပါတိမောက္ခဘာဝဘာဏက**" အမည်ရှိသောကျမ်းကို မြန်မာဘာသာဖြင့် စီရင်ရေးထုတ်ရမူကား ကောင်းလေစွ ဟူသော အကြံနှလုံး**သွင်း**ဖြစ်

ပေါလာအောင် ရဟန်းတော် များကို အာရုံပြုကာ၊ ကရုဏာဖြစ်ခြင်း **သာခါရဏ- အဇ္ဈတ္တ သမုဋ္ဌာန်။** ဂန္ထကာရက ပုဂ္ဂိုလ် သန္တာန်၌ဖြစ် သောကရုဏာဉာဏ် နှစ်ပါးဟု ဆိုအပ်သော **အသာခါရဏ-အဇ္ဈတ္တ သမုဋ္ဌာန်** ဉာဏ်ဝါး မဝသေးသော ရဟန်းတော် သာမဏေ များဟု ဆိုအပ်သော **အသာခါရဏ- ဗာဟိရသမုဋ္ဌာန်** ဤသမုဋ္ဌာန် လေးပါး အကြောင်းထား၍။ ယခုအခါ ဖစ်ကိုင်းတောင်ဖိုး တေဇာဓိပတိချောင် သစ်နှင့်၊ ဝါးခယ်မြို့-လမ်းသမိုင် တိုက်ကျောင်းကြီးတို့၌ နာယက ဆရာတော်အဖြစ်ဖြင့်၊ စာချကာ နေထိုင် ခဲ့သော တိုက်ကျောင်းကြီး ဆရာတော် " **အသျှင်တေဇာဘိဝံသ** " မထေရ်သည်။ပါတိမောက္ခ ဘာဝဘာဏက အမည်ရှိသော ဋီကာကို အဓိပ္ပါယ်ကျမ်းကို၊ ဖွင့် ရင်ရေးသားအပ်လေသတည်း။ ။

ပညာဝံသာဘိဝံသ။

စေတီယင်္ဂဏ၊ ဓမ္မာစရိယ။

| နံပါတ် | ကြောင်းရေ | ပြင်ဆင်ချက် |
|---|---|---|
| ၃ | ၈ | ( သေသ ) ယာဝိတောစ၊ ဂုံသေ ဉ္ဇတ်ခ တောင်းပန် ကြသည်ဖြစ်၍လည်း။ |
| ၂၅ | ၇ | ဒေသိတာအာပတ္တိအနေနာ တိ ဒေသိတာပတ္တိကော |
| ၂၈ | ၂၆ | ပ,သဒ္ဒါသည် |
| ၄၀ | ၁၇ | မဇ္ဈည္ဟုတာစ |
| ၃၂ | ၁၅ | သွာဒိတော ဏှုဏာ ဥ ဏာစ |
| ၃၃ | ၁၄ | အဆုံးရှိသော |
| ၃၃ | ၁၃ | ကရောန္တာ ဝါ |
| ၅၈ | ၄ | မဟာဝိသယာ |
| ၆၁ | ၂၂ | ဈာဒ မေကံ |
| ၆၁ | ၂၇ | ကတမာနိ |
| ၆၄ | ၅ | အနုဘူတဝိသယော |

| နံပါတ် | ကြောင်းရေ | ပြင်ဆင်ချက် |
|---|---|---|
| ၆၇ | ၂၉ | အရိယာ ဗိုလ် |
| ၇၁ | ၁၆ | သမာပန္နော |
| ၇၂ | ၂၄ | သန္တာယ |
| ၈၁ | ၂၁ | မုခါရုဋ္ဌတာယ |
| ၈၂ | ၁၂ | စွန့်ခဲ့သည့် ရှိသော် |
| ၈၄ | ၇ | လေးပုဒ်ကိုပင် |
| ၈၄ | ၂၈ | ယန္တူနာဟံ |
| ၈၇ | ၆ | သံမယော |
| ၈၇ | ၂၃ | မေထုန် |
| ၈၈ | ၃၀ | နှစ်ယောက် |
| ၁၀၉ | ၂၂ | အာပတ္တာဓိကရဏံ |
| ၁၂၆ | ၁၁ | အာဒိယေယျ |
| ၁၂၆ | ၁၃ | အဝဟာရေယျ |
| ၁၄၃ | ၁၅ | ကံ သော ရုဋ္ဌကိ |
| ၁၈၄ | ၁၉ | ဥပချောခေတ် |
| ၁၉၃ | ၁ | အဗ္ဘန္တဒါန် |
| ၂၀၁ | ၃ | ပါဏာတိ ပါတ |
| ၂၂၁ | ၁၆ | တူးသော |
| ၂၃၇ | ၂၁ | ဝိဇ္ဇမာန |
| ၂၄၂ | ၇ | အပဿန္တော |
| ၂၄၂ | ၂၁ | အနုပ္ပန္နော |
| ၂၄၃ | ၇ | ဝိနီဝရဏတာ |
| ၂၄၃ | ၁၅ | မနုဿာနံ |
| ၂၄၇ | ၆ | အနုဇ္ဇာနုပဿနာ |
| ၂၄၇ | ၁၄ | သမာဓိဟူ၍ |
| ၂၄၉ | ၂၃ | သုညာဂါရေ |
| ၂၅၆ | ၉ | ဥပါသကော |
| ၂၉၃ | ၃ | ဂဟေတဗ္ဗံ |
| ၂၉၃ | ၂၈ | သမယေနာတိ |
| ၃၁၄ | ၁၆ | မပြောကြား |

# မာတိကာ

| အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|


ဂန္ဓာရဇ္ဇ ပဏာမ........ ၁
ပုဗ္ဗ ကရဏ........ ၂
ပုဗ္ဗ ကိစ္စ........ ၆
ဆန္ဒ ပေးပုံ ဆန္ဒ ကြားပုံ........ ၁၀
ပါရိ သုဒ္ဓိ ဆန္ဒပါရိသုဒ္ဓိ ပေးပုံ ကြားပုံ........ ၁၁
ဗိဋ္ဌာလ သင်္လိက ဆန္ဒပါရိသုဒ္ဓိ........ ၁၃
ဝါထပ်သောအခါ ပက္ခ ကြားပုံ........ ၁၅
ပတ္တ ကလ္လ အင်္ဂါ ........ ၁၈
ယခုကာလဒေသနာကြားပုံ ခံပုံ ...... ၂၀
ဝဇ္ဇနီယ ပုဂ္ဂိုလ်........ ၂၃


## နိဒါနုဒ္ဒေသဆိုင်ရာ


ပရိညာဉ် ...... ၂၄
ပါတိမောက် အဓိပ္ပါယ်........ ၂၆
ပါတိမောက် အပြား.. .... ၂၈
သြဝါဒ ပါတိမောက် ...... ၃၀
ဥဒ္ဒိသိဘုံ အာရုံခံ ကရောမ, ဥဒ္ဒိသိဿာမိ ပါဌ်နှစ်မျိုး ၃၁
နိဒါနုဒ္ဒေသ........ ၃၂
သုဏာသဟု မဆိုဘဲ သုဏာတုဟု ဆိုရပုံ ....... ၃၂
ဘန္တေနှင့် အာဝုသော........ ၃၃
သံဃာ အပြား........ ၃၄
ကံပြုကြသော သံဃာ ဆောင်ပုဒ် ....... ၃၅
နေ့၏ အစွန်းအားဖြင့် အဋ္ဌုပေါသထ ဆိုရပုံ........ ၃၆
ဥပေါသထံ ကရေယျဖြင့် ပယ်အပ်သော ဥပုသ်, ယူအပ်သောဥပုသ်........ ၃၇
ပါတိမောက္ခံ ဥဒ္ဒိသေယျဖြင့် ပယ်ရပုံ ယူရပုံ ..... ၃၇
ပုဗ္ဗကိစ္စ ....... ၃၈

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| ကံ သိမ်ယသော ပုဗ္ဗကိစ္စဟု ဥဒ္ဒိဋ်ထားသည့်မှ နောက်၌ ဆိုရပုံ........ | ၃၈ |
| ဥပဇ္ဈာယ်ဇဉ်........ | ၃၈ |
| အာပတ်မစင်ကြယ်သောရဟန်း မနာကြားရပုံ ....... | ၃၉ |
| ဥဒ္ဒိဿသာမိတ္တနည်းဖြစ်ပုံနှင့် ဧကဒေသူပစာဖြစ်ပုံ........ | ၄၀ |
| ပါတိမောက်ကို မရျ ဥပစာအားဖြင့် ခွဲပြပုံ....... | ၄၀ |
| ကရိယာတိ စသည်ဖြင့် ဟောသင့်လျက် မဟောရာ၌ မေးဖြေပုံ........ | ၄၀ |
| ပါတိမောက် ပြခြင်း အစီအစဉ်....... | ၄၁ |
| အာပတ်စင်ကြယ်မှု ပြောကြားပုံ........ | ၄၂ |
| အာပတ်သင့်ခြင်းအကြောင်း ၆-ပါး....... | ၄၃ |
| တုဏှီဘာဝေန စသောဝါကျ၌ ပြန်မပြန်ဆိုချက်........ | ၄၅ |
| အနာဒိဂုရဏ အာပတ်ကို ပြခြင်း....... | ၄၆ |
| အန္တရာယိကေသု၌ ဝိဂ္ဂဟ....... | ၄၈ |
| သဉ္စိစ္စ အာပတ်........ | ၄၉ |

## ပါရာဇိကုဒ္ဒေသ ဆိုင်ရာ

| | |
| --- | --- |
| သိက္ခာပုဒ် ပညတ်ခြင်းအကျိုး........ | ၅၁ |
| သိက္ခာပုဒ် အဓိပ္ပါယ်........ | ၅၂ |
| ဝိနည်း ၄-ပါးနှင့် ဝိနည်းရှိရဲလက္ခဏာ........ | ၅၅ |
| မဟာပဒေသ တရား ၄ ပါး........ | ၅၆ |
| ပါရာဇိကုဒ္ဒေသ အဓိပ္ပါယ် အကျယ်........ | ၆၃ |
| ဥဒ္ဒေသံ ဘာဝပ္ပဓာန ဖြစ်ပုံ........ | ၆၅ |

## ပထမပါရာဇိက ဆိုင်ရာ

| | |
| --- | --- |
| ပထမ ပါရာဇိက သိက္ခာပုဒ်၌ မူလပညတ် အနုပညတ် ခွဲခြား ပြဆိုချက်........ | ၆၅ |
| ယောဗနနှင့် ထေရ, နဝ, မဇ္ဈိမ...... | ၆၆ |
| ဘိက္ခု ပုဒ်ဖြင့် ပြအပ်သော ရဟန်းများ........ | ၆၇ |
| သာသနာတွင်းသား ရဟန်းတော်........ | ၆၈ |
| အာပတ်သင့်ထိုက်သော ပုဂ္ဂိုလ်နှင့် မသင့်ထိုက်သော ပုဂ္ဂိုလ်........ | ၇၀ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| သိက္ခာ သာဇီဝ သမာပန္နပုဒ် အဓိပ္ပါယ်........ | ၇၁ |
| သီလ, အဓိသီလ, စိတ္တ, အဓိစိတ္တ, ပညာ, အဓိပညာ........ | ၇၂ |
| သိက္ခာနှင့် သာဇီဝ အထူး | ၇၈ |
| သိက္ခန အရ သရုပ်........ | ၇၉ |
| ဒုဗ္ဗလျံ အနာဝိကတွာ ဟု ဟောရာ၌ မေးဖြေပုံ........ | ၈၁ |
| ဒုဗ္ဗလျံ အနာဝိကတွာ· သိက္ခံ အပစ္စက္ခာယ ဟု မဟော ရာ၌မေးဖြေပုံ........ | ၈၂ |
| သိက္ခာ စွန့်ပုံ,ချပုံ........ | ၈၃ |
| မေထုနဓမ္မ ပုဒ် အဓိပ္ပါယ်........ | ၈၆ |
| ပဋိသေဝေယျ ပုဒ် အဓိပ္ပါယ်........ | ၈၉ |
| အန္တမသော တိလဖလမတ္တမ္ပိ ဧကတိလဗီဇမတ္တမ္ပိ ပါ၌ နှစ်မျိုးရှိရာ ဆိုးဖြတ်ပုံ........ | ၈၉ |
| အနုပညတ် ၃–ပါး....... | ၉၀ |
| အပိ ပုဒ် အဓိပ္ပါယ်...... | ၉၁ |
| သာမညဖြစ်သော်လည်း ဝိသေသယူရပုံ........ | ၉၂ |
| ပါရာဇိက ပုဒ်....... | ၉၃ |
| ပါရာဇိက ကျသော ရဟန်းသည် တဘာဝသာ ကျရှုံးခြင်း အကြောင်း........ | ၉၄ |
| အသံဝါသော ပုဒ်........ | ၉၅ |
| အလဇ္ဇီ တယောက်က အလဇ္ဇီတရာ ဖြစ်စေနိုင်ခြင်း........ | ၉၆ |
| မဂ် ၃၀........ | ၉၈ |
| ပထမ ပါရာဇိကရှေ့, ဒုက္ကဋ် ဒုတိယပါရာဇိက စသော ၃-ပါးတို့၏ရှေ့ ထုလ္လစ္စည်း........ | ၉၈ |
| ဥမ္မတ္တကနှင့် ခိတ္တ စိတ္တ........ | ၉၉ |
| ဝေဒနာဋ္ဋ...... | ၁၀၀ |
| ရှင်သုဒိန် မဂ် ဖိုလ်မရ၊ ကေစိတို့က ရသတဲ့........ | ၁၀၀ |
| နိဒါန်း စသည်တို့ဖြင့် ဆုံးဖြတ်ပုံ........ | ၁၀၀ |
| မနောဒွါရ၌ အာပတ် မသင့်နိုင်ခြင်း........ | ၁၀၄ |
| အာပတ်၏ ပရမတ် ပညတ် ဝါဒကွဲ........ | ၁၀၉ |

အကြောင်းအရာ | စာမျက်နှာနံပါတ်

## ဒုတိယပါရာဇိက ဆိုင်ရာ


ဃရ-ဃရူပစာရ, ဂါမ-ဂါမူပစာရ........ ၁၁၇
နောက်ဝါဒသာ လိုရင်း ပမာဏ........ ၁၁၉
ဝိနည်းတော, အဘိဓမ္မာတော, သုတ္တန်တော ....... ၁၂၀
အဒိန္န ....... ၁၂၁
ထေယျ သင်္ခါတံ ....... ၁၂၂
အာဒိယေယျ........ ၁၂၅
ပဉ္စ ပဉ္စက အဝဟာရ........ ၁၂၆
ဝန်ချုပ် အဓိပ္ပါယ်........ ၁၂၇
သာဟတ္ထိက ပဉ္စက ၅-ပါး...... ၁၃၀
အာဏတ္တိ အတ္ထသာဓက အထူး........ ၁၃၂
ပုဗ္ဗပယောဂ ပဉ္စက........ ၁၃၃
ဘော ဘဏ္ဍ ဘော်မှာန စသော ဌာန ၄ခုတို့၏ အပေါင်း ၁၃၆
မဟာသုမ, မဟာပဒုမ မင်းထေရ်တို့၏ အဆုံးအဖြတ်........ ၁၃၉
ထေယျာ ဝဟာရ ပဉ္စက........ ၁၄၀
ကူဋ မာန,ကူဋကဟာပဏ,တုလာကူဋ,ဟာဒယဘေဒ,
သိခါဘေဒ,ရဇ္ဇုဘေဒ........ ၁၄၁
တုလာ ကူဋ,ရူပကူဋ,ကဟာပဏ ကူဋ ပဋိစ္ဆန္န........ ၁၄၂
ဖြားယောင်းပုံ သေသောက်ကျူး ဝတ္ထု ..... ၁၄၃
ဘဏ္ဍာကို နှင်းချိန်ပုံဝတ္ထု....... ၁၄၇
ပါဒ-တမတ် အဆုံးအဖြတ်....... ၁၅၀
ရာဇာနော........ ၁၅၅
ဟာနေယျံ ဝါ၌ အနိယမဝါနှင့် အယမ္ပိ၌ သမ္ပိဏ္ဍန အပိ ၁၅၇
ဒုက္ကဋ် ၈-မျိုး........ ၁၅၉
ခရနိက္ခေပ ပါရာဇိက...... ၁၆၆
ဝိဿာသဂ္ဂါဟ အဆုံးအဖြတ်....... ၁၆၆
ပံသုကူလသညာ........ ၁၇၃
အဒိန္နာဒါန် ပါရာဇိကမှ ရှောင်ကြဉ်ရန်
အနုသာသနီ ဂါထာ...... ၁၇၄

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |

## တတိယပါရာဇိကဆိုင်ရာ။


တတိယပါရာဇိကသင်္ခေပ........ ၁၇၅
တွာ ပစ္စည်းအဆုံးရှိသော ပုဒ်များ ဥဿုက္ကနုပ္ပါဖြစ်ပုံ ၁၇၆
မနုဿ ဝိဂ္ဂဟ ပုဒ်........ ၁၇၉
ခန္ဓာ ၅-ပါးအပေါင်းကို မနုဿဝိဂ္ဂဟ ခေါ်ပုံ........ ၁၈၁
မိန်းမ ယောက်ျားတို့အား အမျှ ၃၀-သောရုပ်ကို
ကလလ ခေါ်ပုံနှင့် နပုံး ပဏ္ဍုက်တို့အား အမျှ
၂၀-သောရုပ်ကို ကလလ ခေါ်ပုံ........ ၁၈၁
ဇာတိ ဥဏ္ဏ ယူပုံ ဝါဒအမျိုးမျိုး........ ၁၈၂
ကလလ ရေကြည် ပမာဏ ဝါဒအမျိုးမျိုး........ ၁၈၃
ဇီဝိတာ ဝေါရောပန ...... ၁၈၄
စေဒနာ သောခနာ ၁၈၅
ဇီဝိတာ ဝေါရောပေယျ........ ၁၉၃
ပဋုပ္ပန် ၃-ပါး........ ၁၉၄
ခုဒ္ဒက,သံယုတ္တ,မဇ္ဈိမနိကာယ်ဆောင်ဆရာတို့ဝါဒများ ၁၉၆
ပါဏ စသည် ၄-ပါး........ ၂၀၀
ပါဏာတိ ပါတ ပယောဂ အပြား........ ၂၀၁
ဌေက စတုက္က........ ၂၀၉
ဝတ္ထု စသော ၆-ပါးသော အရာဌာနတို့ကိုကြည့်၍
ဆုံးဖြတ်နည်း........ ၂၁၄
နိဿဂ္ဂိယ ထာဝရ ပယောဂ အဓိပ္ပါယ် ၂၂၀
ဝိဇ္ဇာမယ တန်ခိုး အပြား........ ၂၂၃
သတ္ထ ဟာရက ပရိယေ သေယျ........ ၂၂၄
မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ မရဏာယ ဝါ
သမာဒပေယျ...... ၂၂၆
ပါပက နှင့် ဒုဇ္ဇီဝိတ........ ၂၂၇
ဇုတိ စိတ္တ မနော........ ၂၂၈
အ-ဝစာ ကာရိတာ ဥဒ္ဒ ကာရိတာ ၂၃၀
အနာပတ္တိ ဝါရ...... ၂၃၁

**အကြောင်းအရာ** **စာမျက်နှာနံပါတ်**

ဝေဒနာအမျိုးမျိုးပျောက်စေနိုင်သည့် လောဏ-သော
ဝိရက ဆေးနည်း........ ၂၃၂

**စတုဇ္ဇပါရာဇိကဆိုင်ရာ။**

စတုဇ္ဇ ပါရာဇိက ခိုးသူကြီး ၅-ယောက်....... ၂၃၃
ခိုးသူအကြီးဆုံး သဘောကိုပြသော ဂါထာ....... ၂၄၀
ဥတ္တရိ မနုဿ ဓမ္မ ...... ၂၄၂
အဓိကြ ပနာသိက....... ၂၅၀
သမုဒ္ဒါ စရေယျ....... ၂၅၃
မေးစိစစ်ပုံပုစ္ဆာများ........ ၂၅၄
ဝိသုဒ္ဓါ ပေက္ခ........ ၂၅၆
အဇ္ဈာနုမေဝံ အာဝုသော, အာဇာန မေဝ အာဝုသော
ပါဠိနှစ်မျိုးမြန်မာပြန်....... ၂၅၇
အဓိမာန ...... ၂၅၈
အနာပတ္တိဝါရ........ ၂၅၈

**ပါရာဇိက နိဂမန ဆိုင်ရာ။**

ပါရာဇိက ၂၄-ပါး........ ၂၆၀
မေး နှင့် ဖြေ....... ၂၆၄

**သံဃာဒိသိသ်ဆိုင်ရာ။**

သဥ္စေတနိကာ....... ၂၆၇
သုက္က ဝိဿဋ္ဌိ ....... ၂၆၈
သုပိနန္တာ....... ၂၆၉
ဩတိဏ္ဏစိတ် နှင့် ဝိပရိဏတစိတ်ယူပုံ...... ၂၇၀
မာတုဂါမနှင့် ကိုယ်လက်နှီးနှောပုံ........ ၂၇၂
ဟတ္ထဂ္ဂါဟ နှင့် ဝေဏိ........ ၂၇၃
ခေတ် ၃-ပါးနှင့် ဤ၃ပ်ရိုး ပုဆစ် ဒုက္ကဋ် ခေတ်....... ၂၇၄
အဇ္ဈာကာမ ပါရိစရိယာယ........ ၂၇၅
ရာဂ အထူး........ ၂၇၇
သဥ္စရိတ္တ — ၂၇၇
မိန်းမ ၂၀-တို့အားလည်းအောင်သွယ်ခဲ့သော် ၂၇၈

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| ကုဋိ အပြား | ၂၀၁ |
| ကာရယမာနေန အဖွင့်၌ အံမေးနှင့်အဖြေ။ | ၂၀၂ |
| တတြိဒံပမာဏံ စသောစကားသည် ဥက္ကဋ္ဌပရိစ္ဆေဒ | ၂၀၃ |
| ကုဋိ၌ ဟေဋ္ဌိမ ပရိစ္ဆေဒ........ | ၂၀၅ |
| ပစ္စည်း ၄-ပါးနှင့် စပ်၍ ပြောသင့်မပြောသင့်........ | ၂၀၇ |
| ဝိဟာရက သိက္ခာပုဒ်၌ အထုံး........ | ၂၀၈ |
| ပထမဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ ဒုဋ္ဌော ဒေါသော အပ္ပတီတောဟု ဆိုသည့်အတွက် မေး ဖြေချက်........ | ၂၀၉ |
| အဗ္ဘူတ,အသုတ,အပရိသင်္ကိတ........ | ၂၉၀ |
| စောဒနာ အပြား........ | ၂၉၁ |
| ဒသာ့ ပစာ သဝန္ဆပစာကို သမိပ ဆို၍ ၁၂-တောင် အတွင်းကို သမိပဆိုသောဝါဒကို ပယ်ခြင်း........ | ၂၉၂ |
| သိက္ခာ ပစ္စက္ခာန စသည် သည့် တူသော အပိုင်းအခြားရှိပုံ။ | ၂၉၃ |
| စုဒိတက စောဒကတို့၏ အကျင့်ပြည့်စုံရပုံနှင့် စောဒနာ၏ စ,လယ်,ဆုံး | ၂၉၇ |
| စောဒက စုဒိတကတို့ တည်ရာတရားများ........ | ၂၉၈ |
| စာဝေယျာ၌ ၅စ်ပါးသော အဓိပ္ပါယ်တို့တွင် စဝနာဓိပ္ပါယကို လိုအပ်ခြင်း........ | ၂၉၉ |
| လေသမတ္တာ၌ လေသ ၁၀-ပါး........ | ၃၀၃ |
| သံဃဘေဒသိက္ခာပုဒ်၌ ဒေဝဒတ်တောင်းပန်သော ဝတ္ထု ၅-ပါး........ | ၃၀၄ |
| ကပ္ပံ၌ ကပ္ပ ယူပုံနှင့် ဝါဒကွဲများ........ | ၃၀၈ |
| မေး ဖြေ...... | ၃၁၄ |
| အလိုအသျှာကဲ ငြိမ်းအေးပျောက်ကွယ်သော အံ့ပတ်များ........ | ၃၁၆ |
| ဓောာဝါ ဧွဝါ တယောဝါ ဟု ဟောတော်မူခြင်း အကြောင်း........ | ၃၁၇ |
| ဒုဗ္ဘစပုဂ္ဂိုလ် ဖြစ်ခြင်းအကြောင်းတရား ၁၇-ပါး........ | ၃၁၈ |
| ဝံ သံဝဍ္ဍာဟိ စသောပါဠိ၌ မြန်မာပြန် | ၃၂၁ |

အကြောင်းအရာ — စာမျက်နှာနံပါတ်

ကုလဒူသကသိက္ခာပုဒ်၌ ဂါမ,နိဂမ,နဂရယူပုံ........ ၃၂၂
ကုလဒူသက သင်္ဃာ ၈-ပါးနှင့် ပေးသော်သင့်မသင့်........ ၃၂၃

**သံဃာဒိသိသ်နိဂမနဆိုင်ရာ။**

ပထမာပတ္တိကနှင့် ယာဝတတိယက ခွဲယူပုံ........ ၃၂၆
ပရိဝါသ်နေသောရဟန်းအား ညဉ့်ပြတ်ခြင်း ၃ မျိုး........ ၃၂၇
မာနတ်ကျင့်ရာ၌ ခြောက်ညဉ့်အောက်ယုတ်သော်မသင့်
လွန်သော်အကျိုးမရှိ ...... ၃၂၈
နှစ်ကျိပ်အောက် ယုတ်သော အဖြစ်ကိုသိလျက်
အဗ္ဗာနကံဆောင်ခဲ့သော်........ ၃၃၀
ပထမ အနိယတ၌ ဝတ္ထုလာ ရဟန်းကိုသာ ယူရပုံ........ ၃၃၂
နေဝသုဒ္ဓ နဝသုဒ္ဓ သိထားရပုံ........ ၃၃၄
ဝိနယဝိနိစ္ဆယသည် ပဋိညာဘာကရဏသက္ကဏာရှိပုံ ၃၃၆
ရဟန်းမိန်းမသို့အား အနိယတကိုမပြောခြင်း
အကြောင်း........ ၃၃၇

---

**ဤကျမ်း၌အကျဉ်းချုပ်သင်္ကေတများ။**

ပဒဘာဇနီ ပါဠိတော် ........ (ပ)
ပါရာဇိကဏ် ပါဠိတော် ........ (ကဏ် ပါ)
ပါရာဇိကဏ် အဋ္ဌကထာ ........ (ကဏ် ဋ္ဌ)
ဝဇိရဗုဒ္ဓိဋီကာ ........ (ဝ)
သာရတ္ထဒီပနီဋီကာ ........ (သာ)
ဝိမတိဝိနောဒနီဋီကာ ........ (ဝိ)
တေရသကဏ်ဋီကာ ........ (တေ)

---

မုဒ္ဒိတသေသ။

မျက်နှာနံပါတ်—၁၉၈။ ၁-ကြောင်းအထက်။

မျက်စိဒြင်း ၏လည်းအကြောင်းကင်းသောကြောင့်သေခြင်း မရဏ တရားသည်၊ ပုတ်ခတ်ကြောင်း ပုတ်ခတ်ခြင်း အစရှိသော ပယောဂ—ဟု ဆိုအပ်သော၊ အကြောင်း မရှိရာသည်၊ မဟုတ်ပါလော—ဟု မေး။

မျက်နှာနံပါတ်-၂၄၅။ ၉-ကြောင်းအောက်။

ဝိမောက္ခ ဟု ဆိုအပ်သော မဂ်သည် သဂုဏ အားဖြင့် သုညတ ဝိမောက္ခ အနိမိတ္တဝိမောက္ခ,အပ္ပဏိဟိတ ဝိမောက္ခ ဟူ၍ ၃-ပါး အပြားရှိ၏။



# ပါတိမောက္ခ
# ဘာသာဋီကာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁) မုနိပဘက်ရော ပကာသတံ၊
ဝိနယဘူမိယံ ပဟာယဝေ။
ဘင်္ဂိတနာယကော မဟာဒယော၊
မမ တမံ ပဘာဟိ မဏ္ဍပေ။ (မနောရမာဂါထာ)

(၂) ယံ မာဝဇ္ဈေန ဗုဒ္ဓေန။ ပါတိမောက္ခံ ပကာသိတံ။
ယတီနံ သံဝရတ္ထာယ၊ အာဒိံ သဒ္ဓါဒိ မဏ္ဍိတံ။

(၃) တဿ ဘာဝ မညာတာနံ၊ ဉာပနတ္ထံစ သောတုနံ။
သုဗုဒ္ဓ ဟံ တန္တိကာမေန၊ သိဿပူဂေန ယာစိတော။

(၄) ပဒဘာဇနာဒိမဂ္ဂံ၊ နိဿာယ တဿ ဝဏ္ဏနံ၊
"ပါတိမောက္ခဘာသာဋီကံ" ရစိဿာမိ သုန္ဒရံ။

(၅) ပဒက္ကမံစ လင်္ဃိတွာ၊ ပရိပုဏ္ဏံ ဝိနိစ္ဆယံ။
ကတံ မရမ္မဘာသာယ၊ ဘာဝတ္ထိကံ သုပါကဋံ။

(၆) လိခေယျာမိဟ ယုတ္တံ ယံ၊ ပမာဒေန ဘမေန ဝါ။
တံ ဘော ပဿထ စေ သန္တော၊ ဝိသောဓေယထ
မေတ္တိကာတိ။

## မြန်မာဘာသာပြန်ဆိုချက်။

(၁) ဘဏိတနာယကော၊ ဟောအင် ပညတ်အပ်သော နှစ်ရာ့ နှစ်ဆယ်-ခုနစ်သွယ်သော သိက္ခာပုဒ်တို့၌ အစိုးတရကြီးမှူးတော်မူထသော။ မဟာဒယော၊ သူတပါးတို့နှင့်မဆက်ဆံ၊ ထက်သန်ကြီးမားသော မဟာကရုဏာတော်လည်း ရှိတော်မူထသော။ မုနိပုင်္ဂဝေါ၊ လောကဓာတ်အတွင်း၊ရောင်ခြည်တော်ကိုသွင်းနိုင်သောဘုရားတည်းဟူသော နေမင်းသည်။ ဝိနယဘူမိယံ၊ ကျယ်ဝန်းများပြား၊ ဝိနည်း ဝိငှကဘ်တည်းဟူသော မြေပြင်ဘုံသွား၌။ မမ၊ ပါတိမောက္ခဘာဝဘာဏကကျမ်းကို ပြုစီရင်လတ္တံ့သော"**အချုပ်တေဇာဘိဝံသ**"အမည်ရှိသော ငါမထေရ်၏။ မဏ္ဍပေ၊ ကျမ်းကိုပြုစီရင်လတ္တံ့သော တိဟိတ် ဥက္ကဋ္ဌ၊ မြတ်သောကုသိုလ်စိတ် တည်းဟူသော မဏ္ဍပ်အပြင်၌။ တမံ၊ ထင်ချောင်ထင်မှားဖြစ်ကာသွားရအောင်၊သည့်ဖြား,ဖြားယောင်းတတ်သော အဝိဇ္ဇာ တည်းဟူသော အမိုက်မှောင်ကို။ ပဘာဟိ၊ သူတော်ကောင်းတချီး၊ ရောင်ခြည်တော်များ ဖြင့်။ ဝေ၊ ကြေနပ်စင်စစ်အားဖြင့်။ ပဟာသ၊ ပယ်ဖျောက်နှင့်ပစ်တော်မူ၍။ ပကာသတံ-ပကာသတု၊ ထွန်းလင်းတောက်ပ၊အရောင်ပြတော်မူပါ ဘုရား.......။

(၂) မာဝဇ္ဇေန၊ အေးမြကြည်လင်၊ စိတ်ကိုရွှင်စေတတ်သော လမင်းကဲ့သို့။ တင့်တယ် တောက်ပ လှသော မျက်နှာတော် ရှိတော်မူထသော။ ဗုဒ္ဓေန၊ ဉေယျဥသံ၊ အသုံးစုံကို၊ အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ ယတိနံ၊ရှင်ရွှေကိုစောင့်ရှောက်၍၊ နိဗ္ဗာန်သို့ ရောက်လိုကြကုန်သော ရဟန်းတော်တို့အား။ သံဝရတ္ထာယ၊ စောင့်စည်းခြင်းအစ၊နိဗ္ဗာန်ကိုရရန်အကျိုးငှါ။အာဒိ၊အပြစ်မဲ့ခြား ကုသိုလ်တရားတို့၏ အစစွာဖြစ်သော။ သဒ္ဓါဒိမဏ္ဍိတံ၊ သဒ္ဓါစသား၊ ဗိုလ်တရားတို့ဖြင့် တန်ဆာဆင်အပ်သော။ ယံ ပါတိမောက္ခံ၊ အကြင်ပါတိမောက်ကို။ ပကာသိတံ၊ပြသထင်ရှား၊ဟောကြားအပ်လေပြီ။ ။

(၃) တဿ တသ္မိံ ပါတိမောက္ခေ၊ ထိုပါတိမောက် မာတိကာ ပါဠိတော်၌။ သန္တံ၊ ထင်ရှားတည်ရှိသော။ (ပါဌသေသထည့်) ဘာဝံ,

ပုဒ်အနက်အလို အဓိပ္ပါယ်အသွယ်သွယ်ကို။ အညာတာနံ၊ ထိုထို မိမိ၊ မသိကြကုန်သော။ သောတုန်-သောတူနံ၊ တရားနာသူ၊ စာကြည့်သူတို့အား။ သုခ၊ ကောင်းမွန်စွာ လွယ်လင့်တကူ၊ ဉာပနတ္ထံ၊ ကြည့်ရှု၍ သိစေရန် အကျိုးငှာ။ တန္တိကာမေန၊ ပါဠိအနက် တည်းဟူသော သာသနာတော်၏ စည်ပင်ပျံ့ပွားထွန်းကား၍ ဖြောဖြောင့်စွာ တည်ခြင်းကို အလိုရှိသော။ သိဿပုဂ္ဂလေန၊ တရားဟူနာ သင်ယူကာဖြင့်၊ ကြားနာလိုငြား၊ တပည့်သားအပေါင်းသည်။ သုခ၊ ဘယ, လာဘ-စသည်ကင်းကွာ၊ ကောင်းမွန်စွာ။ (ယာစိတော,မှာလည်းစပ်) ဝါ၊အကျိုးလို၍ တောင်းပန်အပ်သည့်လည်းဖြစ်သော။ (စသဒ္ဒါဖြင့်ကရုဏာသမုဋ္ဌာန်ကိုပေါင်းပါ။) အဟံ၊ကျွန်းကိုပြုစီရင်လတ္တံ့သောငါသည်။ ။

(၄-၅) အဂ္ဂံ၊ ဘုရား ကိုယ်တော်တိုင် ဖွင့်တော်မူသည် ဖြစ်၍၊ အညွန့်အဖူး၊ အထူးကောင်းမြတ်သော။ ပဒဘာဇနျာဒိ၊ ပဒဘာဇနီ အစရှိသော.သံဝဏ္ဏနာများကို။ (အာဒိဖြင့်အဋ္ဌကထာဋီကာများကိုယူပါ။) နိဿာယ၊ မှီဝဲဆည်းကပ်၊ အထပ်ထပ်ကြည့်ရှု၍။ တဿပါတိမောက္ခဿ၊ ထိုပါတိမောက် မာတိကာ ပါဠိတော်၏။ ပဒက္ကမံ၊ ပုဒ်စဉ်ကို၊ အလဟ်တွာ၊ မချန်မကျော်စေမူ၍လည်း၊ ပရိပုဏ္ဏဝိနိစ္ဆယံ၊ ပြည့်စုံသောအဆုံးအဖြတ်ရှိသော။ မရမ္မဘာသာယ၊ ငါတို့ပြောရာ၊ မြန်မာဘာသာဖြင့်။ကတံ၊ပြုစီရင်အပ်သည်ဖြစ်၍။ သုပါကဋံ၊နေ့,လ အသွင်၊ အလွန်ထင်ရှားသော။ဘာဝတ္ထံ၊ ပုဒ်အနက်အလို အဓိပ္ပါယ်တည်းဟူသော ရွှေ, ငွေ စသော ရတနာ အမျိုးမျိုးတို့၏ တည်ရာ ရွှေတောင်, ငွေတောင်ကြီးနှင့်လည်းတူထသော။ နာမေန၊အနွတ္ထအမည်အားဖြင့်။ (ပါဠိသေသထည့်) ပါတိမောက္ခဘာဝတ္ထဘာသာကံ၊ **"ပါတိမောက္ခဘာဝဘာသာက၊"**အမည်ရှိသော။ ဝဏ္ဏနံ၊ ဖွင့်ဆိုရာ ဖွင့်ဆိုကြောင်းဖြစ်သော မြန်မာဘာသာ အဓိပ္ပါယ်ကျမ်းကို။ သုန္ဒရံ၊ တင့်တယ် ကောင်းမွန် သပ်ယပ်လှစွာ။ရစိဿာမိ၊စီရင်ရေးသားပေအံ့သတည်း။ ။

(၆) သော၊နိဗ္ဗာန်ရောက်ရန်၊ရည်သန်တောင့်တ၊ ကျင့်ကြံအားထုတ်ကြကုန်သော အို-ပညာရှိ အပေါင်းတို့။ အဟံ၊အကျွန်ုပ်သည်။ ပမာဒေနဝါ၊သတိလွတ်ကင်းမေ့လျော့ခြင်းဖြင့်ရင်း။ဘမေနဝါ၊အာရုံ

ထွေပြား၊ စိတ်အထင်မှားသဖြင့်ရင်း။ ဇာတ၊ စိရင်ပြုအင်လတ္တံ့သော ဤကျမ်း၌။ အယုတ္တံ၊ မသင့်မတော်မလျော်သော။ ယံဝစနံ၊ အကြင်စကားကို။ လိခေယျာမိ၊ ရေးထည့်မိခဲ့ရာ၏။ တံဝစနံ၊ ထိုမသင့်မတော် မလျော်သောစကားကို။ သန္တော၊ သူတော်ကောင်းတရား၊ လက်ကိုင်ထား၍။ ထင်ရှားကျော်စောကြကုန်သော၊ တုမှေ၊ သင်ပညာရှိအပေါင်း၊ သူတော်ကောင်းတို့သည်။ စေ ပဿထ၊ အကယ်၍များ၊ တွေ့မြင်ခဲ့ကုန်ငြား အံ့၊ ဧ ဤသို့တွေ့မြင်ခဲ့ကြကုန်သည့်ရှိသော်။ (ဓံ ထည့်) မေတ္တိကာ၊ ချစ်ခြင်းမေတ္တာ၊ ကိုယ်ချင်းစာသျက်။ ငဲ့ညှာပွားများ၊ မေတ္တာထားကြကုန်သည်ဖြစ်၍။ ဝိသောဓယထ၊ ကိုယ်တိုင်ကိုယ်ကြပ်၊ ပြုစိရင်အပ်သည့်ကျမ်းဂန်အလား၊ အမှားကိုသုတ်သင်။ ပြင်ဆင် နိုင်ကြ ပါစေကုန်သတည်း။ ဤတိ၊ ဤသည့်လျှင် ပဏာမ စသည်ကို ဆိုရာစကားရပ် အပြီးသတ်သတည်း။

အမှာ။ ။မိဟယုတ္တံ-၌၊မိ ဇာတ အယုတ္တံ ဟု ပုဒ်ဖြတ်ပါ။
တနည်း။ ။မိ အဟံ အယုတ္တံ ဟု ပုဒ်ဖြတ်လျှင် အဟံ-ဟူသော ပါဌသေသ ထည့်သွင်းရန်မလိုပေ။

ဂန္ထာရမ္ဘ,ယာစက,ပဋိညာဉ်-စသည်ပြီး၏။



# နိဒါနဝဏ္ဏနာ ။

ယဒိ သံဃာသ ပတ္တကလ္လံ သံဃော၊ ဥပေါသထံ ကရေယျ ဟူ၍လည်းကောင်း။ ကိံ သံဃဿ ပုဗ္ဗကိစ္စံ ဟူ၍လည်းကောင်း။ မိန့်ဆိုတော်မူသောကြောင့်၊ ဥပုသ်ထားသည်မှ ရှေးအဘို့၌ ပြုအပ်သည့်၏ အဖြစ်ကြောင့် သိသင့်သည်ဖြစ်၍ဖြစ်သော "**ပုဗ္ဗကရဏ,ပုဗ္ဗကိစ္စ,ပတ္တကလ္လ,ပန္နရသ**" လေးပါးတို့တွင် ပုဗ္ဗကရဏကိုပြသော သမ္မဇ္ဇနီပဒီပေါ စ-စသောဂါထာ၌ ဝိနိစ္ဆယ အဓိပ္ပါယ်သော်ကား။ ။

**ပုဗ္ဗကရဏလေးပါး။**

(၁) ဥပုသ်အိမ်၌ အမြဲတမြက် လှည်းခြင်းကို ပြုခြင်း လည်းကောင်း။

(၂) ညဉ့် မှောင်မိုက်သောအခါ ဆီမီး ညှိ ထွန်း ခြင်း လည်းကောင်း။

(၃) ကျောင်း-အကယ်၍ သိမ်၌ တည်ခဲ့သော် အာဂန္တုကရဟန်းတို့၏အကျိုးငှာ နေရာခင်းကျင်းခြင်းလည်းကောင်း။

(၄) သောက်ရေ,သုံးဆောင်ရေ,တည်ထားခြင်းလည်းကောင်း။

ဤလေးပါးသော ဝတ်တရားတို့ကို၊ ဥပုသ်ကံ၏,သံဃာစည်းဝေးသည်မှ ရှေ့အဘို့၌ ပြုအပ်သည့်၏ အဖြစ်ကြောင့်။ "**ပုဗ္ဗကရဏ**"ဟူ၍ သဗ္ဗညုဘုရားဟောကြားတော်မူသည်

ထိုပါဌ်တို့တွင်။ ။"**သမ္မဇ္ဇနီ**"ဟူသောပုဒ်၌ သမ္မဇ္ဇနံ သမ္မဇ္ဇနီ ဟု ဘာဝသာဓန ဝိဂ္ဂဟပြု၍ တမြက်လှည်းခြင်းကိုယူ။ သံရှေးရှိသော အဇ,ဓာတ်သည်၊ ဂတိ-လာခြင်း။ခိပန-ပစ်ခြင်းတို့၌ဖြစ်၏။

ထိုကြောင့် "အဇ ခေပနေစ ဂတိ အပေက္ခကောယေဝ စကာရော"ဟု မိန့်၏။ သံ-ရှေးရှိသော အဇ ဓာတ်။ ယု ပစ္စည်း၊ ဣတ္ထိလိင်, ဇောတက။ဤ-ပစ္စည်းသက်၍ပြီး၏။ ။

သမ္မဇ္ဇနီ-ဟူသော ပုဒ်၏အနက်ကို သမ္မဇ္ဇနကရဏံ ဟု ကရဓာတ်၊ အနေကတ္ထဓာတ်၏ အစွမ်းဖြင့် သိမှတ်ရာ၏။

ထို့ကြောင့်ဘေဒစိန္တာ၌။ ။သတ္တာကရဏရူပါဟိ၊ ဓာတွတ္ထာသကလာ တတော။
ဘာဝေါ ကြိယာစ သာမညံ၊ သကလေသွေဝ ဂမျတော။
ဟုမိန့်၏။

ဟိယသ္မာ၊ အကြင့်ကြောင့်။ သကလာ၊ အလုံးစုံကုန်သော၊ ဓာ တွတ္ထာ၊ ဓာတ်၏ အနက်တို့သည်၊ သတ္တာကာရဏရူပါ၊ ထင်ရှားခြင်း သဘော ပြုခြင်းသဘောရှိကုန်၏။ တတော၊ ထို့ကြောင့်၊ သာမညံ၊ သာ မညဖြစ်သော။ ဘာဝေါစ၊ ထင်ခြင်းကြိယာကိုလည်းကောင်း။ ကြိယာ စ၊ ပြုခြင်းကိုလည်းကောင်း။ သကလေသွေဝ၊ အလုံးစုံသော ဓာတ်တို့၌ သာ ။ ဂမျတော၊ သိအပ်၏။

တနည်း။ သမ္ဘဇ္ဇနီ ဟူသောပုဒ်၏ အနက်ကို "သမုဋ္ဌ နိယာသမ္ဘဇ္ဇ နံ။ တမြက်စည်းဖြင့် တမြက်လှည်းခြင်း" ဟု မှတ်ယူရာ၏။

**တနည်း။** "သမ္မဇ္ဇိတဗ္ဗံ တေဟာယာတိ သမ္မဇ္ဇနီ" ဟု ပြု၍ တမြက် လှည်းကြောင်းဖြစ်သော တမြက်စည်းကိုယူ။

သမ္မဇ္ဇနီ ဟူသော ပုဒ်၌ "သမ္မဇ္ဇနိယာ ဝိသောဓနံ။ တမြက်စည်း ဖြင့် သုတ်သင်ခြင်း" ဟူသော အနက်ကို။ ဝိကာလဘောဇနံ၊ ဤသို့ စသော ပါဠိတို့၌ကဲ့သို့၊ ဥတ္တရပဒလောပ နောက်ပုဒ်ကို ချေသည်၏ အစွမ်းအားဖြင့် သိမှတ်ရာ၏။

**တနည်း။** သမ္မဇ္ဇနီ-ဟူသော ပုဒ်၌ " သမ္မဇ္ဇနိယာ သမ္မဇ္ဇနံ။ တ မြက်စည်းဖြင့် တမြက် လှည်းခြင်း " ဟူသော အနက်ကို။ သဟ သေယျံ၊ ဤသို့စသောပါဠိတို့၌ကဲ့သို့။ သာမည နိဒ္ဒေသ နည်းအားဖြင့် သိမှတ်ရာ၏။ ။

သမ္မဇ္ဇနီ-သဒ္ဒါသည်၊ တမြက်စည်း ဒြဗ်ကိုဟော၏။ ထို့ကြောင့် အ ဘိဓာန်၌။ "သမ္မဇ္ဇနီ-သမုဋ္ဌနီ သောဓနီ" ဟု မိန့်၏။ ။သမ္မဇ္ဇနံ-ဟူ သော ပုဒ်၌ "သမံ အဇ္ဇာပနံ သုဇ္ဇာပနံ သမ္မဇ္ဇနံ" ဟု ပြု၍၊ အညီအမျှ စင်ကြယ်စေခြင်းကိုယူ။

**တနည်း။** သုဋ္ဌု အဇ္ဇာယတေ ဝိပတေ သမ္မဇ္ဇနံ" ဟု ပြု၍၊ ကောင်း စွာသုတ်သင်ရှင်းလင်းခြင်းကိုယူ။ ။

အာရည်-သည်၊ အာဒါရနှင့်ကင်း၍မဖြစ်နိုင်သောကြောင့်၊ ပကရဏ အချာ၏ အစွမ်းအားဖြင့် "ဥပေါသထာဂါရေ" ဟု ထည့်၍ သိမှတ်ရာ၏။

**ပဒီပေါ** ဟူသောပုဒ်၌၊ "အန္ဓကာရံ ပဒီပေတိ ဝိဓမေတီတိ ပဒီပေါ"

**တနည်း။** "ပဒီပေတိ ပကာသေတီတိ ပဒီပေါ။"

**တနည်း။** "အတ္တနော သမန္တတော သဗ္ဗဒိသော ဒိပ္ပတီတိ ပဒီပေါ" ဟု ပြု၍ ဆီမီးကို သူ။

သရုပ်သဘောအားဖြင့်ကား၊ ဘောဇောဘာတ်အလွန်ရှိသော ဗဟိဒ္ဓ ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်ကိုကောက်ယူလေ။

"ပဒီပသ္သ ဥဇ္ဇလနံ ပဒီပုဇ္ဇလနံ" ဟု ပြု၍ ပဒီပုဇ္ဇလန ဟု ဆိုအပ်လျက်၊ နောက်ဖြစ်သော ဥဇ္ဇလနပုဒ်ကို ချေသည်၏ အစွမ်းအားဖြင့်။ ပဒီပေါ ဟု မိန့်ဆိုတော်မူသည်။ ထို့ကြောင့်၊ "ပဒီပေါ၊ဆီမီးညှိထွန်းခြင်း" ဟု အနက်ယောဇနာရာ၏။

**တနည်း။** "ပဒီပေါ၊ဆီမီးကိုပြုခြင်း" ဟု ယောဇနာရာ၏။

## ထို့ကြောင့် ဝိနယဋ္ဌကထာ၌ မဇ္ဈိမသာရဒ္ဒိကာ၌။

ပဒီပေါ ကာဘဗ္ဗောတိ ပဒီပေတဗ္ဗော၊ ပဒီပုဇ္ဇလနံ ကာတဗ္ဗံ။ ဟု ဖွင့်ဆိုတော်မူ၏။

ပဒီပေါ၊ စ-၌ စသဒ္ဒါသည် သမုစ္စယတ္ထဝါစက နိပါတ်ပုဒ်တည်း။ ထို့ကြောင့် အနတ္ထက ဒေါသ မသင့်မှတ်လေ။

**ဥဒကံ အာသနေန စ**-ဟူသော ပုဒ်၌၊ စ-သဒ္ဒါသည် ဒွာနုပယုတ်၊ အဋ္ဌာနုပယုတ် အားဖြင့်နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်အဋ္ဌာနုပယုတ်တည်း။စ-သဒ္ဒါကို 'အာသနေန၊နေရာခင်းခြင်းနှင့်။သဟ၊တကွ။ ဥဒတဉ္စ၊သောက်ရေ,သုံးဆောင်ရေ တည်ထားခြင်းလည်းကောင်း။ ဤသို့ယောဇနာရာ၏။

"ဥဒကဿ ဥပဋ္ဌာပနံ ဥဒကံ" ဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ်ပြု။ ။

"အာသနန္တိ နိသီဒန္တိ ဧတ္ထာတိ အာသနံ" ဟုပြု၍ "အာသနဿ ပညာပနံ အာသနံ" ဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ်ပြု။

ဥဒ္ဒကံအာသနေနစ။ ဟူသော ပုဒ်၏ အဆုံး၌ သရူပ, သရူပ ဝန္တ ၏ အစွမ်းဖြင့် အနက်ကိုပြရန် အကျိုး၌သာ "ဇာတိ" သဒ္ဒါ ကိုဆောင်၍ သမ္ဗန်ရာ၏။

ဥပေါသထဿတောနိ-၌ ဥပေါသထ,သဒ္ဒါသည်။
ဥဒ္ဒေသေ ပါတိမောက္ခဿ၊ ပဏ္ဏတ္တိယ မုပေါသထော
ဥပဝါသေစ အင္ဂေ၊ဥပေါသထဗ္ဗိနေ သိယာ။ ။

ဟူသော အဘိဓာန်နှင့်အညီ။ ပါတိမောက်ကိုပြခြင်း, ဥပေါသထ ဆင် ဟူ သော နာမပညတ်, သိတင်းသုံးခြင်း အင်္ဂါသီလ, ဥပုသ်နေ့ ဟူသော အနက်တို့တွင်။ "ပါတိမောက္ခုဒ္ဒေသ, ပါတိမောက်ပြခြင်း" ဟူသောအနက်ကို၊ သာမည သဒ္ဒါဖြစ်သော်လည်း အတ္ထ,ပကရဏ, ဩစိတျ သဒ္ဒန္တရ,သန္နိဓာန်,စသည်တို့၏အစွမ်းဖြင့်အထူးဟောသည်။

## ထို့ကြောင့်၊သဒ္ဒသာရတ္ထဇာလိနီ၌။

(က) အတ္ထာပကရဏာလိင်္ဂါ၊ဩစိတျာကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ နသဒ္ဒါယေဝ ကေဝလံ၊

(ခ) သံယောဂံ ဝိပ္ပယောဂန္တ၊ သဟ စရိယ ဝိရောဓတော။
သဒ္ဒန္တရ ဝသေနာပိ၊ သဒ္ဒေါ ဝိသေသဝါစကော။
ဟု မိန့်ဆို၏။

(က) အတ္ထာ၊အနက်၏အစွမ်းအားဖြင့်လည်းကောင်း။ပကရဏာ၊ အခါ၏ အစွမ်းအားဖြင့်လည်းကောင်း။ လိင်္ဂါ၊လိင်၏ အစွမ်းအားဖြင့် လည်းကောင်း။ ဩစိတျာ၊ အသင့်ယုတ္တိ၏ အစွမ်း အားဖြင့် လည်း ကောင်း။ ကာလဒေသတော၊ ကာလ,ဒေသ၏ အစွမ်းအားဖြင့်လည်း ကောင်း။ သဒ္ဒတ္ထာ၊ သဒ္ဒါ၏ အနက်တို့ကို။ ဝိဘဇီယန္တိ။ ဝေဘန်အပ် ကုန်၏။ ကေဝလံ၊ သက်သက်၊ သဒ္ဒါယေဝ၊ သဒ္ဒါရှိတိုင်း တို့ကိုသာ လျှင်၊ နဝိဘဇီယန္တိ၊ မဝေဘန်အပ်ကုန်။

(ခ) သံယောဂန္တ၊ တကွယှဉ်ခြင်းလည်းကောင်း။ ဝိပ္ပယောဂန္တ၊ တကွ မယှဉ်ခြင်းလည်းကောင်း။ သဟာစရိယံ၊ တကွဖြစ်ခြင်းလည်း ကောင်း။ဇာတိ၊ဤသို့။ ကာရဏတ္ထယဝသေနာပိ၊အကြောင်းသုံးပါး အ ပေါင်း၏ အစွမ်းဖြင့်လည်းကောင်း။ဝိရောဓတော၊ဝိရောဓဝသေနာပိ၊

ဆန့်ကျင်သည့်၏ အစွမ်းဖြင့်လည်းကောင်း။ သမ္ဘာရဝသေနာဗ်။ သဒ္ဒါ တပါး၏အစွမ်းဖြင့် လည်းကောင်း။သဒ္ဒေါ၊သဒ္ဒါသည်။ ဗိဿသဂါပါ ကော။ထူးသောအနက်ကိုဟော၏။။

**ပုဗ္ဗကရဏံ**-ဟူသောပုဒ်၌၊ပုဗ္ဗသဒ္ဒါသည် ရှေးဖြစ်သော ကာလကို ဟော၏။ အရင်းဒိသာ ကိုမဟော။ "ကတ္တဗ္ဗန္တိကရဏံ၊" ဟု ပြု၍။ ပြု အပ်သောအမှုကိစ္စကိုယူ။ ။"သံဃန္တိပါတတောပုဗ္ဗေကရဏန္တိပုဗ္ဗ ကရဏံ" ပြု၍ သံဃာစည်းဝေးသည်မှ ရှေးကာလ၌ ပြုအပ်သော တ မြက်လှည်းခြင်း စသော အမှုကိုယူ။ ။ပုဗ္ဗကရဏန္တိ၌ ဣတိ- သဒ္ဒါ သည် အာကာရ အနက်ကို ဟော၏။

ဤလေးပါးသော ပုဗ္ဗကရဏကို ကိုယ်တိုင်မပြုမူ၍ လည်းကောင်း။ အဂိလာန ဖြစ်သော သိတင်းသုံး ရဟန်းတို့ကို မပြုစေမူ၍လည်း ကောင်း။ဥပုသ်ပြုသောရဟန်းတို့အား ဒုက္ကဋ်အာပတ်သင့်၏။

တမြက်စည်းကိုအခိုက်အတန့်ချသည့် အကာယ်၍မရခဲ့သော်၊ ချိုး အပ်သော သစ်ကိုင်းကို အပ်အောင်ပြု၍ တမြက်လှည်းသည်၏၊ ချိုးအပ် သော သစ်ကိုင်းကို မရခဲ့သော် ရအပ်သောအင်္ဂြင်း ရှိလေ၏။

ဆီ-စသည်တို့ အကာယ်၍ မရှိကုန်သော် ရှာမှီးသင့်ကုန်၏၊ ရှာမှီး ၍မရသော်ရအပ်သောအင်္ဂြင်း ရှိလေ၏။

## ပုဗ္ဗကိစ္စငါးပါး။

သံဃာစည်းဝေးပြီးသော် ပြုအပ်သော လေးပါးသော ပုဗ္ဗကရဏ ကို ပြုပြီး၍၊ ဤယခုအခါဝယ် ဥပုသ်မပြုမီ ပြုသင့်သော ငါးပါးသော **ပုဗ္ဗကိစ္စ** ကို ပြခြင်းငှါ၊"ဆန္ဒ ပါရိသုဒ္ဓိ ဥတုက္ခာနံ"စသောဂါထာကို မိန့်ဆိုတော်မူသည်။ ။ဆန္ဒ-ပါရိသုဒ္ဓိ ဟူသော ပုဒ်၌ ဆန္ဒ-ပါရိသုဒ္ဓိ ဟု နှစ်ပုဒ်ခွဲ။ ဆန္ဒ-၌ "ဆန္ဒနံဆန္ဒော" ဟု ပြု၍၊ ဥပုသ်ပြုခြင်းကို အလိုရှိ သောသူ၏ အဖြစ်ဟု ဆိုအပ်သော ကုသိုလ်တရားကိုယူ။ ။

**ပါရိသုဒ္ဓိ၌**-"ဒေသနာကမ္မာဒိနာ အာပတ္တိတော ပရိသုဇ္ဈနံ ပါရိ သုဒ္ဓိ" ဟု ပြု၍၊ ဒေသနာကံ စသည်ဖြင့် အာပတ်မှ စင်ကြယ်ခြင်းကို ယူ။ ။တနည်း "ပရိသုဇ္ဈတိတိ ပရိသုဒ္ဓေါ" ဟု ပြု၍ စင်ကြယ်တတ်

သော ပုဂ္ဂိုလ်ကိုသူ။ ။တနည်း-“ ပရိသုဒ္ဓဿ သာဝေါ ပါရိသုဒ္ဓိ ” ဟု ပြု၍ စင်ကြယ် တတ်သော ပုဂ္ဂိုလ်၏ အဖြစ် ဟု ဆိုအပ်သော စင်ကြယ်ခြင်းကြီးယာကိုသူ။ ။

“ဆန္ဒဟရဏာဠ-ပါရိသုဒ္ဓိ ဟရဏာဠ-ဆန္ဒပါရိသုဒ္ဓိဟရဏာဠ-ဆန္ဒပါရိသုဒ္ဓိ”ဟု သမာဟာရဒွန္ဒသမာသ်တွဲ။ ။ဟရဏ-ပုဒ်ကိုချေ။ ကေဒေသ သရူပေကာသိသ်ပြု။ ။ဆန္ဒပါရိသုဒ္ဓိ ဆန္ဒကိုဆောင် ခြင်း, ပါရိသုဒ္ဓိကိုဆောင် ခြင်း,ဆန္ဒပါရိသုဒ္ဓိကို ဆောင် ခြင်းလည်း ကောင်း ဟု မြန်မာပြန်ဆိုပါ။

ဆိုလိုရင်းမှာ။ ။ဘပါးသော သိမ်၌ ဥပုသ်ပြု၍ ဤသိမ်သို့ လာသော သံဃာစည်းဝေးရာ ***ရင်သို့သွား၍ ကာယသာမဂ္ဂီ ကိုမပေးသော ရဟန်းသည်၊ လက်ဝဲဘဘက် ပခုံးထက်၌ ကိုယ်ရုံ ရုံလျားတင်ခြင်းကိုပြု၍၊ ဆောင့်ကြောင့်ထိုင်ကာလက်အုပ်ချီလျက်၊ “ဆန္ဒံဒမ္မိ။ဆန္ဒံမေဟရ။ဆန္ဒံ မေ အာရောစေဟိ” ဟု ကိုယ်နှုတ်နှစ်ပါးတို့ဖြင့်ပေးအပ်သော ဆန္ဒကိုဆောင်ခြင်း။ ဤသိမ်၌ နေသော မပြုအပ်သော ဥပုသ်ရှိသော ဂိလာန ရဟန်း၊ ဂိလာနုပဋ္ဌာက အစရှိသော ကိစ္စကို အားထုတ်သော ရဟန်းသည်လည်း ပေးအပ်သော ဆန္ဒပါရိသုဒ္ဓိ- ကို ဆောင်သည် ဟု ဆိုလိုသည်။ ။

တဖန်ချဲ့၍ ပြဦးမည်။ ။ဥပုသ်ပြုရန် အကျိုး၄ါ သံဃာစည်းဝေးမိသည် ရှိသော်၊ ဥပုသ်ပြုပြီး၍လာသော ရဟန်းသည် သံဃာစည်းဝေးရာသို့ သွား၍၊ကာယသာမဂ္ဂီ-ကိုမပေးသောကြောင့် ဆန္ဒကိုသာပေးရသည်။ တဖန် ထိုဆန္ဒပေးသော ရဟန်းသည် တပါးသော ရဟန်းသို့ ကပ်၍၊ လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ရုံကိုတင်၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင်၊ “ဆန္ဒံဒမ္မိ၊ ဆန္ဒံမေဟရ။ ဆန္ဒံမေအာရောစေဟိ။” ဟု ကိုယ်, နှုတ်, ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် သိစေခြင်းသည်- **ဆန္ဒပေးသည်** မည်၏။

ထို့ကြောင့် ပါဠိတော်၌ - “ ဆန္ဒံဒမ္မိ ဆန္ဒံမေဟရ ဆန္ဒံမေအာရောစေဟီတိ ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ဒိန္နော ဟောတိ ဆန္ဒော။”ဟု မိန့်၏။

ဤအရာ၀ယ် **ဝိညာပေတိ**-ဟူသောပါဌ်၌ စိတ်နှလုံးဖြင့် ကြံစည်၍၊ ကိုယ်၏ဖေါက်ပြန်ခြင်းကို ပြုခြင်းသည် "ဝိညာပန၊သိစေခြင်း"ဟု ဆိုလိုသည်။

**ထို့ကြောင့် ဝိမတိ ၌။** "ဝိညာပေတီတိ ဧတ္ထ မနသာ စိန္တေတွာ ကာယဝိကာရ ကရဏမေဝ ဝိညာပနန္တိ ဒဋ္ဌဗ္ဗံ"ဟုဖွင့်၏။

ဆန္ဒဟာရက-ဆန္ဒဆောင်သောရဟန်းသည်၊ ပခုံးတဘက်လက်ဝဲထက်၌ ကိုယ်ရုံ တင်ခြင်းပြု၍ ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ချီကာ "အုက္ကုဋ္ဌိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော သံဃဿ အာရောစေမိ"ဟု နှုတ်မြွက်၍ လျှောက်ကြားရာ၏။

**"အနုဇာနာမိ ဘိက္ခဝေ ဂိလာနေန ဘိက္ခုနာ ဆန္ဒံ ဒါတုံ"ဟူ၍၎င်း။** "အနုဇာနာမိ ဘိက္ခဝေ ဂိလာနေန ဘိက္ခုနာ ပါရိသုဒ္ဓိံ ဒါတုံ" ဟူ၍၎င်း။ "အနုဇာနာမိ ဘိက္ခဝေ တ ဒဟုပေါသထေ ပါရိသုဒ္ဓိံ ဒေန္တေန ဆန္ဒမ္ပိ ဒါတုံ။သန္တိသံဃဿ ကရဏီယံ"ဟူ၍၎င်း၊ ဟောတော်မူအပ်သော ဒေသနာတော်နှင့် အညီ။မပြုအင်သော ဥပုသ်ရှိသော ဂိလာန ရဟန်းသည်လည်းကောင်း။ ဂိလာနုပဋ္ဌာက-အစရှိသော ကိစ္စပ္ပသုတ ရဟန်းသည်လည်းကောင်း၊ တပါးသော ရဟန်းသို့ ကပ်၍၊ လက်ဝဲတဘက် ပခုံးထက်၌ ကိုယ်ရုံကေသီ တင်သည်ကိုပြု၍၊ ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီလျက်၊ 'ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေဟာရ၊ ပါရိသုဒ္ဓိံ မေအာရောစေဟိ"ဟု ကိုယ်, နှုတ်, ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် သိစေခြင်းသည်-**ပါရိသုဒ္ဓိကို** ပေးသည်မည်၏။

**ထို့ကြောင့် ပါဠိတော်၌။** "ပါရိသုဒ္ဓိံ ဒမ္မိ၊ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရောစေဟီတိ ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ ဒိန္နာ ဟောတိ ပါရိသုဒ္ဓိ"ဟု ဟောတော်မူ၏။ ။

ဘိက္ခဝေ၊ရဟန်းတို့။ဂိလာနေန၊ နာသော။ဘိက္ခုနာ၊ ရဟန်းသည်။ ဆန္ဒံ၊ ဆန္ဒကို။ဒါတုံ၊ ပေးခြင်းငှါ။အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ရဟန်းတို့။ဂိလာနေန၊နာသော။ဘိက္ခုနာ၊ ရဟန်းသည်။ပါရိသုဒ္ဓိံ၊ပါရိသုဒ္ဓိကို။ဒါတုံ၊ပေးခြင်းငှါ။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်

၂၁၆၊၂၀

မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တ ဒဟုပေါသထေ၊ထိုဥပုသ်နေ့၌။ ပါရိသုဒ္ဓိံ၊ပါရိသုဒ္ဓိကို။ဒေန္တေန၊ပေးသော ရဟန်းသည်။ သံဃဿ၊ သံဃာတော်အား၊ကရဏီယံ-ကရဏီယာနိ၊ပြုအပ်သောအမှုကိစ္စတို့သည်။ သန္တိ၊ ရှိကုန်ငြားအံ့။ ဆန္ဒံပိ၊ဆန္ဒကိုလည်း။ ဒါတုံ၊ ပေးခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ။

ပါရိသုဒ္ဓိကို ဆောင်သောရဟန်းသည် လက်ဝဲတဘက်ပခုံးထက်၌ ကိုယ်ရုံကောသီ တင်သည်ကိုပြု၍။ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍ “အဟံ ဘန္တေ ... ဘိက္ခုနော ပါရိသုဒ္ဓိ ဒိန္နာ၊တ မဟံ သံဃဿ အာရောစေမိ” ဟူ၍၎င်း။ “အာယုသ္မာ ... ဘိက္ခုနော ဆန္ဒပါရိသုဒ္ဓိ ဒိန္နာ၊ တ မဟံ သံဃဿ အာရောစေမိ” ဟူ၍၎င်း။ နှုတ်မြွက်၍ လျှောက်ကြားရာ၏။

ဆန္ဒ,ပါရိသုဒ္ဓိ နှစ်ပါးစုံကိုပေးရာဝယ်၊ အကျိုးထူးကား-ပါရိသုဒ္ဓိကိုသာ ပေး၍ ဆန္ဒကိုအကယ်၍မပေးခဲ့သော်၊ပါရိသုဒ္ဓိကို ပေးသော ပါရိသုဒ္ဓိ ဒါယက ရဟန်းသည် လည်း ကောင်း။ သံဃာတော် သည် လည်းကောင်း။ဥပုသ်ပြုအပ်ပြီးသည်မည်၏။သံဃာတော်သည် ဥပုသ်ကံမှ တပါးသောကံ-ကိုပြုအပ်သည်မမည်။ ။

ဆန္ဒ-ကိုသာပေး၍ ပါရိသုဒ္ဓိကိုအကယ်၍ မပေးခဲ့သော်၊ ရဟန်း-သံဃာတော်သည်၊ဥပုသ်ကံကိုလည်းကောင်း။ဥပုသ်ကံမှ တပါးသောကံကိုလည်းကောင်း၊ ပြုအပ်သည်မည်၏။ ဆန္ဒပေးသော ရဟန်းသည်ကား ဥပုသ်ပြုအပ်သည် မမည်။ ထိုသို့ ဖြစ်သောကြောင့် ပါရိသုဒ္ဓိကို ပေးသော ရဟန်းသည် ဆန္ဒကိုလည်း ပေးရမည်။ ။ဤကား နှစ်ပါးစုံ ပေးရာ၌ အကျိုးထူးပုံတည်း။ ။

**ထို့ကြောင့်မဟာဝါအဋ္ဌကထာ၌—“ပါရိသုဒ္ဓိံ ဒေန္တေန ဆန္ဒမ္ပိ ဒါတုန္တိ ဧတ္ထ သစေ ပါရိသုဒ္ဓိမေဝ ဒေတိ၊ န ဆန္ဒံ၊ ဥပေါသထော ကတော ဟောတိ။ ယံပန သံဃော အညံ ကမ္မံ ကရောတိ၊ တံ အကတံ ဟောတိ၊ ဆန္ဒမေဝ ဒေတိ၊ န ပါရိသုဒ္ဓိံ၊ ဘိက္ခု သံဃဿ ဥပေါသထောပိ၊ ကမ္မမ္ပိ ကတမေဝ ဟောတိ၊ ဆန္ဒဒါယကဿ ပန ဥပေါသထော အကတော ဟောတိ” ဟု ဖွင့်ဆိုတော်မူ၏။ ။**

ထိုဥပုသ်နေ့၌မိမိအားရင်း။ သံဃာအားရင်း။ အကယ်၍ ဥပုသ်ကံဖြစ်ခဲ့သော်၊ ပါရိသုဒ္ဓိကိုသာ ပေးအပ်သည်။ ဥပုသ်ကံမှ တပါးသောကံ အကယ်၍ဖြစ်ခဲ့သော်၊ ဆန္ဒကိုသာ ပေးအပ်သည်။ဥပုသ်ကံ,တပါးသောကံ- အားဖြင့် နှစ်ပါးသောကံ အကယ်၍ဖြစ်ခဲ့သော်၊ ပါရိသုဒ္ဓိ,

ဆန္ဒ နှစ်ပါးကို ပေးလှူအပ်၏။ ထိုသို့သော အဓိပ္ပါယ်ကို ရည်ရွယ်တော်မူ၍၊ "တ ဒေဟ ပေါသထေ ပါရိသုဒ္ဓိံ ဒေဝေ့န ဆန္ဒံပိ ဒါတုံ" ဟု ဟောတော်မူ၏။ ။

ထို့ကြောင့် **ယောဇနာပါဠိ၌** — "ဧတ္ထစ တ ဒဟု ပေါသထေ အတ္တနောစ သံဃဿစ သစေ ဥပေါသထကမ္မံ ဟောတိ၊ ပါရိသုဒ္ဓိယေဝ ဒါတဗ္ဗာ၊ အထ အညံ ကမ္မံ ဟောတိ၊ ဆန္ဒောယေဝ ဒါတဗ္ဗော၊ ယဒိ ဥပေါသထကမ္မဉ္စ ဟောတိ၊ အညံ ကမ္မဉ္စ ဟောတိ၊ ပါရိသုဒ္ဓိစ ဆန္ဒောစ ဒါတဗ္ဗော။ တံ သန္ဓာယ ဝုတ္တံ **ဥပေါသထေ ပါရိသုဒ္ဓိံ ဒေန္တေန ဆန္ဒမ္ပိ ဒါတုန္တိ**" ဟု ဖွင့်ဆိုတော်မူ၏။

**ဆောင်။ ။မိမိသံဃာ၊ ဥပုသ်လာ၊ ပေးရာပါရိသုဒ္ဓိတည်း။**

**မိမိသံဃာ၊ တပါးလာ၊ ပေးရာဆန္ဒတည်း။ ။**

**မိမိသံဃာ၊ နှစ်ဝလာ၊ ပေးရာဆန္ဒ ပါရိသုဒ္ဓိတည်း။ ။**

ဗိဠာလသင်္ခလိက-ဆန္ဒပါရိသုဒ္ဓိ-မည်သည်ကား။ မလာ မရောက်သောကြောင့် ကိုယ်တိုင် သံဃာစည်းဝေးရာအရပ်သို့သွား၍သော်ကြားအပ်သည်။ စေတနာနှင့်တကွ ပေး့ဆော်၍ အကယ်၍ မကြားသဲ့ နေအံ့။ ဒုက္ကဋ်အာပတ်သို့ရောက်သည်။ ။

ဆန္ဒ,ပါရိသုဒ္ဓိသည်ကား ထိုဟာရကရဟန်း သံဃာ့ ပ ဋ္ဌပါသ် သို့ ရောက်သော်သာလျှင် ရောက်သည် မည်တော့၏။

ထို့ကြောင့် **ကင်္ခါအဋ္ဌကထာ၌** — "တသ္မာ သယမေဝ သန္နိပတိတဋ္ဌာနံ ဂန္တွာ အာရောစေတဗ္ဗံ။ သစေပန သဉ္စိစ္စ နာရောစေတိ၊ ဒုက္ကဋံအာပဇ္ဇတိ။ ဆန္ဒပါရိသုဒ္ဓိ ပန တသ္မိံ ဟတ္ထပါသံ ဥပဂတမတ္တေယေဝ အာဂတာ ဟောတိ၊" ဟု ဖွင့်၏။ ။

"ဗိဠာလသင်္ခလိကာ ဆန္ဒပါရိသုဒ္ဓိနာမ၊" ဟူသောပါဠိ၌ သံခြေကျင်း,သံကြိုး၏ ပထမအကွင်းသည် ဒုတိယ အကွင်းသို့သာ ရောက်သည်။ တတိယအကွင်းသို့ မရောက်သကဲ့သို့။ ထို့အတူ ဤဆန္ဒ, ပါရိသုဒ္ဓိကိုလည်း ပါရိသုဒ္ဓိပေးသော ရဟန်းသည် ပေးအပ်သော ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်သို့မသွားသဖြင့် သံကြိုး, သံခြေကျင်းနှင့် တူသည်၏အဖြစ်ကြောင့် **ဗိဠာလသင်္ခလိက** ဟု မိန့်ဆိုတော်မူသည်။

ထို့ကြောင့် **ဝေရသကတ်ဋီကာ၌**— "အယံပနေတ္ထ သာရော၊ ယထာသင်္ခလိကာယ ပထမဝလယံ-ဒုတိယံယေဝ ဝလယံပါပုဏာတိ၊ နတတိယံ။ ဧဝ မယမ္ပိ ပါရိသုဒ္ဓိ ဒါယကေန ယဿ ဒိန္နာ။ တတောအညတ္ထ နဂစ္ဆတီတိ၊ သင်္ခလိကသဒိသတ္တာ ဗိဠာ **လသင်္ခလိကာတိ** ဝုတ္တာ" ဟု ဖွင့်ဆိုတော်မူ၏။ ။

တေရသ ကဏ် ဋီကာဆရာသည် ကေစိဝါဒ, အပရေဝါဒတို့ကို လည်းပြတော်မူ၍ပယ်တော်မူ၏။

အယံပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤအရာ၌။ သာရော၊ အနှစ်သာရတည်း၊ သံလိကာယ၊ သံကြိုး။ သံခြေကျင်း၏။ ပဌမဝလယံ၊ ပဌမအကွင်းသည်။ ဒုတိယံယေဝ၊ ဒုတိယသာဖြစ်သော။ ဝလယံ၊ အကွင်းသို့။ ပါပုဏာသိယထာ၊ ရောက်သကဲ့သို့။ တတိယံ၊ တတိယအကွင်းသို့။ နပါပုဏာတိယထာ၊ မရောက်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ အယမ္ပိ၊ ဤဆန္ဒပါရိသုဒ္ဓိကိုလည်း။ ပါရိသုဒ္ဓိဒါယကေန၊ ပါရိသုဒ္ဓိကို ပေးသောရဟန်းသည်။ ယဿ၊ အကြင်ရဟန်းအား။ ဒိန္နာ၊ ပေးအပ်၏။ တတော၊ ထိုပေးအပ်သောရဟန်းမှ။ အညဿ၊ တပါးသောရဟန်းသို့။ နဂစ္ဆတိ၊ မသွား။ ဣတိတသ္မာ၊ သံလိကသဒိသတ္တာ၊ ဤသို့သံခြေကျင်း-သံကြိုးနှင့်တူသည်၏အဖြစ်ကြောင့်။ ဗိဠာလသံလိကာတိ၊ **ဗိဠာလ သံလိက** ဟူ၍။ ဝုတ္တာ၊ မိန့်ဆိုအပ်၏။ ။

**ဥတုက္ခာနံ။** ။ဟူသောပုဒ်၌။ ဥတု-အက္ခာန၊ ဟုနှစ်ပုဒ်ခွဲ။ ဥတုဟူသောပုဒ်၌။ "ပုနပ္ပုနံဧတိ ဥတုယော" ဟု ပြု၍ဧဓာတ်,တုပစ္စည်း။ ဧ ကို ဥပြု သဖြင့် ဥတု ဟု ပြီး၏။

**တနည်း။** ။"အရတိ ပဝတ္တတိ ဧတသ္မိံ ဟိ,မာဒိကမိတိ ဥတု" ဟုပြု၍၊ အရ ဓာတ်၊ တု-ပစ္စည်း။ အရဓာတ်ကို "အရတောတုတမှိ-အဿုသု" ဟူသော သဒ္ဒနီတိ သုတ်ဖြင့် ဥ ပြုသဖြင့် ဥတု ဟု ပြီး၏။

ဤအရာဝယ် ဥတု၌ သရုပ်အားဖြင့် ဟေမန္တ အစရှိသော ကာလကို ဥတု ဟု ယူလေ။ ။

ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌- " ဟေမန္တာဒီနံ ဥတူနံ "ဟုဖွင့်၏။ ။အဘိဓမ္မာ လက်သန်း အဋ္ဌကထာ၌ကား တေဇောဓာတ်ကို ဥတု ဟု ကောက်ယူတော်မူသည်။ ။ထို့ကြောင့် "သီတုဏှောတု သမညာတာ တေဇောဓာတု"-ဟု ဖွင့်ဆို၏။

ဥတုသည် ဟေမန္တ-ဆောင်းဥတု။ ။ဂိမှာန္တ-နွေဥတု။ ။ ဝဿာန-မိုးဥတု ဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့မှ စ၍ တပေါင်းလပြည့်နေ့တိုင်အောင်သော လေးလသည် ဟေမန္တ။,

ဥတု မည်၏။ ။တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှစ၍ ဝါဆိုလ ပြည့်နေ့တိုင်အောင်သော လေးလ သည် ဂိမှာန္တ ဥတု မည်၏။ ။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင် အောင်သော လေးလ သည်ဝဿန္တ ဥတု မည်၏။

ထိုသုံးပါးသော ဥတုတို့တွင် တဥတု-တဥတု လျှင် ပက္ခသည် ရှစ်ပက္ခစီရှိသောကြောင့်၊ ဥတုသုံးပါး၌ ပက္ခသည် နှစ်ဆဲ့လေးပက္ခ ရှိ၏။

ဒွေဥတုဝယ် ဝါထပ်သောအခါ၊ ငါးလဖြစ်၍ ဆယ်ပက္ခ ရှိနိုင်၏။ ယင်းကဲ့သို့ ရှိရာတွင် အဋ္ဌကထာ၊ ဋီကာတို့၌ကား နဝမပက္ခ၊ ဒသမ ပက္ခဟု အထူးမဆိုသော်သည်း နဝမပက္ခ၊ ဒသမပက္ခ ဟု ဆို၍ကြား သော် သင့်မြတ်ရာ၏။

**တနည်း။** ။ပထမဝါဆိုလဆန်းဖြစ်သော အဋ္ဌမပက္ခကို၊ နယုန်လ ဆန်းဖြစ်သော ပက္ခနှင့် အလားတူ ပြု၍ သဋ္ဌမပက္ခ။ ပထမဝါဆိုလ ဆုတ်ဖြစ်သော နဝမပက္ခ ကို၊ နယုန်လဆုတ်ဖြစ်သော ပက္ခ နှင့် အ လားတူ ပြု၍ သတ္တမ၊ ပက္ခဟုဆို၍ကြားလျှင်သည်း သင့်မြတ်ရာ၏။

## ထို့ကြောင့် ရှေးဆရာ တို့သည်။

ကတ္တိကဿစ ကာလမှာ။ ယာဝဖဂ္ဂုနပုဏ္ဏမာ။ ။
ဟေမန္တကာလောတိဝိညေယျော၊ အဋ္ဌဟောန္တိဥပေါသထာ။ ။
ဖဂ္ဂုနဿစကာလမှာ၊ ယာဝအာသဠှိပုဏ္ဏမာ။ ။
ဂိမှကာလောတိဝိညေယျော၊ အဋ္ဌဟောန္တိဥပေါသထာ။ ။
အာသဠှဿစကာလမှာ၊ ယာဝကတ္တိကပုဏ္ဏမာ။ ။
ဝဿကာလောတိဝိညေယျော၊ အဋ္ဌဟောန္တိဥပေါသထာ။ ။
ဟူသောသင်္ဂဟဂါထာတို့ကို မိန့်ဆိုတော်မူကြသတည်း။

ကတ္တိကဿစ၊ တန်ဆောင်မုန်းလ၏လည်း။ ကာလမှာ၊ လဆုတ် ပက္ခမှ။ ယာဝဖဂ္ဂုနပုဏ္ဏမာ၊ တပေါင်းလပြည့်နေ့တိုင်အောင်။ ဝါ၊ တပေါင်းလပြည့်နေ့တိုင်အောင်သော ကာလကို။ ဟေမန္တကာလော တိ၊ ဆောင်းကာလ ဆောင်းဥတုဟူ၍။ ဝိညေယျော၊ သိအပ်၏။ ဥပေါ သထာ၊ ဥပုသ်နေ့တို့သည်၊ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဖဂ္ဂုနဿစ၊ တပေါင်းလ၏လည်း။ ကာလမှာ၊ လဆုတ်ပက္ခမှ။ ယာ ဝအာသဠှိပုဏ္ဏမာ၊ ဝါဆိုလပြည့်နေ့တိုင်အောင်။ ဝါ၊ ဝါဆိုလပြည့်နေ့

တိုင်အောင်သော ကာလကို။ ဂိမှကာလောတိ၊ နွေကာလ ဟူ၍။ ဝိညေယျော၊ သိအပ်၏။ ဥပေါသထော၊ ဥပုသ်နေ့တို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (အဘိဓာန်ကျမ်း၌လည်း ဥတုလေးပါး ရှင်းနည်းလာ၏)။

**တနည်း။** ။တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှစ၍ ပြာသိုလပြည့်နေ့တိုင်အောင်သော ၂,လသည် ဟေမန္တ ဥတုမည်၏။

ပြာသိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့ တိုင်အောင်သော ၂,လသည် သိသိရ ဥတုမည်၏။

တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှစ၍ ကဆုန်လပြည့်နေ့ တိုင်အောင်သော ၂,လသည် ဝသန္တ ဥတု မည်၏။

ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့ တိုင်အောင်သော ၂,လသည် ဂိမှန္တ ဥတု မည်၏။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ စ၍ တော်သလင်း လပြည့်နေ့ တိုင်အောင်သော ၂,လသည် ဝဿာန ဥတုမည်၏။

တော်သလင်း လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင် မုန်း လပြည့်နေ့တိုင်အောင်သော ၂,လသည် သရဒ ဥတု မည်၏။ ။

ဤသို့ဥတုခြောက်ပါးလည်းလာ၏။ ။ထို့ကြောင့်အဘိဓာန်၌၊
စတုရော စတုရော မာသာ၊ကတ္တိက ကာဠပက္ခတော။
ကမာ ဟေမန္တ ဂိမှာန၊ဝဿာနာ ဥတုယော ဣသု။ ။
ဟေမန္တောသိသိရမုတူဆာ၊ဝသန္တောစ ဂိမှ ဝဿာနာ။ ။
သရဒေါတိ ကမာ မာသာ၊ ဒွေ ဒွေ ဝုတ္တာနုသာရေန။ ။ဟု မိန့်ဆိုတော်မူ၏။

ကတ္တိကကာဠပက္ခတော၊ တန်ဆောင်မုန်း လဆုတ် ၁ ရက်နေ့မှ။ ကမာ၊ အစဉ်အတိုင်း။ စတုရော စတုရောမာသာ၊ လေးလ,လေးလတို့သည်။ ဟေမန္တ ဂိမှာနဝဿာနာ၊ ဆောင်း,နွေ,မိုးဟု ဆိုအပ်ကုန်သော-ဥတုယော၊ ဥတုတို့မည်ကုန်၏။ ဣသု၊ ဥတုသဒ္ဒါ၊ ဗျုပ္ပတ်လိင်ပုလ္လိင်တို့၌။ ဖြစ်ကုန်၏။ ။

ဝုတ္တာနုသာရေန၊ ဆိုအပ်ပြီးသော နည်းကိုအစဉ်မှီးသဖြင့်။ ကမာ၊ အစဉ်အတိုင်း။ ဒွေဒွေမာသာ၊ နှစ်လ,နှစ်လစီတို့သည်။ ဟေမန္တော၊ ဟေမန္တ ဥတုလည်းကောင်း။ သိသိရံ၊ သိသိရ ဥတုရင်း။ ဝသန္တော၊

ဝဿန္တဥတုဧင်း၊ဂိမှဝဿာနာ၊ ဂိမှဥတု, ဝဿာနဥတုတို့ဧင်း။ သရဒ်ဒေါ၊သရဒဥတုဧင်း။ ဇာတိ၊ဤသို့။ သံ၊ ခြောက်ပါးကုန်သော။ ဥတူဝါ၊ ဥတု တို့သည့်လည်း။ပဟောန္တိ၊ဖြစ်ကုန်၏။

**အက္ခာန။** ။ဟူသောပုဒ်၌ "အက္ခာဒယတေ အက္ခာနံ"ဟုပြုလေ အာ ရှေ့ရှိသော ခါ, ခတ်သည့်, အာစိက္ခဏ, ပြောကြားခြင်း ဟူသောအနက်ကိုဟောသည်။ ယု, ပစ္စည်း သက်။ "သံယောဂေ ပရေ ရဿတ္တံ" ဟူသော ပရိဘာသာနှင့် အညီ၊အာ, ကို အ,ရဿ ပြု၍ ပြီး၏။ ။

"ဥတူနံ အက္ခာနံ ဥတုက္ခာနံ"ဟုပြု၍။သောင်းအာစရှိသော ဥတု တို့တွင် ဤမျှသော ဥတုသည် လွန်ပြီ။ ဤမျှသော ဥတုသည်။ ကြွင်း ကျန်သေး၏။ယခု ရောက်ဆဲသော ဥတုကား ဤဥတုတည်း ဟု ဥတု တို့ကို ပြောကြားခြင်းကို ယူလေ။

ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌ "ဥတုက္ခာနန္တိ ဟေမန္တာဒီနံ ဥတူနံ ဧတ္တကံ အတိက္ကန္တံ ဧတ္တကံ အဝသိဋ္ဌန္တိ ဧဝံ ဥတူနံ အာစိက္ခနံ"ဟု ဖွင့်ဆိုတော်မူ၏။

"အနုဇာနာမိ ဘိက္ခဝေ ပက္ခဂဏနံ ဥဂ္ဂဟေတုံ"ဟူသော ပါဠိ တော်နှင့်အညီ။ပက္ခဂဏနံ ဟု မဆိုသော်သည်း။ပက္ခအရေအတွက်၏ လည်း ဥတုအရေအတွက်၌သာ ရေတွက်အပ်သည့်၏ အဖြစ်ကြောင့် **ဥတုက္ခာနံ** ဟု မိန့်ဆိုတော်မူသည်။

**ဘိက္ခုဂဏနာ။** ။ဟူသော ပုဒ်တို့တွင်။ ဂဏနာ ဟူသောပုဒ်၌ "ဂဏီယတေ ဂဏနာ"ဟုပြု၍ ရေတွက်ခြင်းကို ယူလေ။

"ဘိက္ခူနံ ဂဏနာ ဘိက္ခုဂဏနာ"ဟုပြု၍ ဤမျှသော ရဟန်းတို့ သည်ဥပုသ်အိမ် သိမ်အပြင်ဝယ် စည်းဝေးကြကုန်ပြီဟု ရဟန်းတို့ကို ရေတွက်၍ သျှောက်ကြားခြင်းကို ယူလေ။ထို့ကြောင့် ပါဠိတော်၌"အ နုဇာနာမိ ဘိက္ခဝေ ဘိက္ခူနံ ဂဏေတုံ-ဟူ၍ ဟောတော်မူ၏။ အဋ္ဌက ထာ၌လည်း "ဘိက္ခုဂဏနာတိ ဧတ္တကာ ဘိက္ခူဥပေါသထဂ္ဂေ သန္နိ ပတိတာတိ ဘိက္ခူနံဂဏနာ"ဟု ဖွင့်ဆို၏။ ။

**သြဝါဒေါ ဟူသောပုဒ်၌**-"သြဝဒနံ သြဝါဒေါ"ဟုပြု။ ။တနည်း။ "အဝမဒ္ဒိတွာ ဝဒနံ သြဝါဒေါ" ဟု ပြု၍၊ နောင်အခါ၌ စောင့်စည်း ရန်အကျိုးငှါ၊ ဘောင်းပန်သာသော ရဟန်းမိန်းမ တို့အား၊ ရှစ်ပါး

သော ဂရုဓံ တရားတို့ဖြင့် နှိပ်၍ ဆိုဆုံးမခြင်းကို သံဃာတော်တို့အား ဩွောက်ကြားသည်ကို **ဩဝါဒ** ဟုဆိုသည်။

ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌ "ဩဝါဒေါတိ ဘိက္ခုနောဝါဒေါ" ဟု ဖွင့်ဆိုတော်မူ၏။ ။ဤ ငါးပါးသော ဝိနည်းကျမ်းတို့ကို ဉပုသ်ပြုသည့်မှ ရှေးအဘို့၌ ပြုအပ်သည်၏ အဖြစ်ကြောင့်၊ **ပုဗ္ဗကိစ္စ** ဟူ၍ ဟောတော်မူသည်။ ။သံဃာ စည်းဝေးသည့်မှ ရှေးအဘို့၌ ပြုအပ်သော ကိစ္စကို **ပုဗ္ဗကရဏ** ဟူ၍ဆိုတော်မူသည်။

ပုဗ္ဗကရဏမှ နောက်ကာလ၌ ပြုအပ်သော်လည်း ဉပုသ်ကံမှ အစစွာ ပြုအပ်သောကြောင့်၊ပုဗ္ဗကိစ္စ ဟူ၍ဆိုတော်မူသည်။နှစ်ပါးစုံသော ပုဗ္ဗကိစ္စ,ပုဗ္ဗကရဏ ကိုလည်း ဉပုသ်ကံမှ အစစွာပြုအပ်သောကြောင့်၊ အချုံသောအရာ **ပုဗ္ဗကိစ္စ** ဟူ၍သာမိန့်ဆိုအပ်သည်။

**ထို့ကြောင့် ဘေရသကင်္ခါ၌**

**သံဃသန္နိပါတတော ပထမံ ကာတဗ္ဗံ ပုဗ္ဗကရဏန္တိ ဝုတ္တံ။ ပုဗ္ဗကရဏတော ပစ္ဆာ ကာတဗ္ဗမ္ပိ ဉပေါသထကမ္မတော ပထမံ ကာတဗ္ဗတ္တာ ပုဗ္ဗကိစ္စန္တိ ဝုတ္တံ၊ဉဘယမ္ပိ စေတံ ဉပေါ သထကမ္မတော ပထမံ ကတ္တဗ္ဗတ္တာ၊ ပုဗ္ဗကိစ္စန္တိ ဝုတ္တံ၊ဉဘယမ္ပိ စေတံ ဉပေါသထကမ္မတော ပထမံ ကတ္တဗ္ဗတ္တာ၊ကတ္ထစိ ပုဗ္ဗကိစ္စမေဝ ဝေါဟရိယတိ၊ ကိံ သံဃဿ ပုဗ္ဗကိစ္စန္တိ အာဒီသုပိယ" ဟု ဖွင့်ဆိုတော်မူ၏။**

"သီလေန ဉပေတာ ဟုတွာ ဝသန္တိ ဧတ္ထာတိ ဉပေါသထော" ဟု ပြု၍ သူတော်ကောင်းတို့၏သီလနှင့် ပြည့်စုံသည်ဖြစ်၍ နေရာဖြစ်သော ဉပုသ်နေ့ကို ယူလေ။

ထိုဉပုသ်နေ့သည် နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီဉပုသ်,ပန္နရသီဉပုသ်,သာမဂ္ဂီဉပုသ် ဟူ၍ သုံးပါးအပြား ရှိ၏။ တနည်း။ ။ကာရကသံဃာ၏ အစွမ်းအားဖြင့် သံဃဉပုသ်, ဂဏဉပုသ်,ပုဂ္ဂလဉပုသ် ဟူ၍ သုံးပါးအပြားရှိ၏။ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဉပုသ်,ပါရိသုဒ္ဓိဉပုသ်,အဓိဋ္ဌာန်ဉပုသ်ဟူ၍သုံးပါးအပြားရှိ၏။

ဤအရာဝယ်-**ဉပေါသထော** ဟု သာမည အားဖြင့် ဆိုအပ် သော်လည်း ဉပေါသထသဒ္ဒါ၏ နေ့ဟူသောအနက်ကို မှတ်ယူရာ၏။ . ဤဉပုသ်ကံသည် ဉပုသ်နေ့ဖြစ်မှသာ သံဃာအား **ပတ္တကလ္လ** ဖြစ်၏။

ထို့ကြောင့် ပါဠိတော်၌–“နစ ဘိက္ခဝေ အနုပေါသထေ ဥပေါသတော ကာတဗ္ဗော၊ ယော ကရေယျ အာပတ္တိ ဒုက္ကဋဿ”ဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပေါသထေ၊ ဥပုသ်နေ့မဟုတ်သောနေ့၌။ ဥပေါသထော၊ ဥပုသ်ကို။ နစကာတဗ္ဗော၊ မပြုအပ် သည်သာလျှင် တည်း။ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ကရေယျ၊ ပြုငြားအံ့။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ- အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။

**ယာဝတိကာ**–ဟူသော ပုဒ်သည် အမှတ်မရှိ တစုံ တခုသော အနက်ကို ဟောသော နိပါတ်ပုဒ်တည်း။ **ယာဝတာ**–ဟူသော ပုဒ်သည် အမှတ်မဲ့အားဖြင့် ပိုင်းခြားခြင်းအနက်ကို ဟော၏။ ထို့ကြောင့် “ယာဝတာ ဧတဿ အတ္ထီတိ ယာဝတိကာ” ဟု အဿတ္ထိ တဒ္ဓိတ် ဝိဂြိုဟ်ပြု။ ။

**ယာဝတိကာစ**-ဟူသော ပုဒ်၌ စသဒ္ဒါသည် ဉာနယောဂ,အဉာန ယောဂ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အဉာနယောဂ ဟုမှတ်။ ။ထို့ကြောင့်“တေ ဒွိတာစ ဟောန္တိ”ဟုယောဇနာ၏။

**ကမ္မပတ္တာ**- ဟူသော ပုဒ်၌ ကမ္မ-ပုဒ်၊ ပတ္တ-ပုဒ် ဟု နှစ်ပုဒ် ခွဲလေ။ ကမ္မသဒ္ဒါသည် ဥပုသ်ကံကို ဟော၏။ ။ပတ္တ-သဒ္ဒါသည် လျောက်ပတ်သော အနုရူပအနက်ကို ဟော၏။ ထို့ကြောင့် “ကမ္မဿ ပတ္တာ ကမ္မပတ္တာ” ဟု ပြုလေလိုတော်မူ၏။ ။အကြင်မျှလောက် အယုတ်ဆုံး လေးယောက် လေးယောက်ထက် အလွန်ရှိသော ရဟန်း တို့သည် သုဇ္ဇုဒ္ဒေသ ဥပုသ်ကံအား လျောက်ပတ်ကြကုန်၏။ ထိုမျှသော ရဟန်း တို့သည် ပါဠုပေါသင်ကိုမစွန့်မူ၍ တသိမ်တည်း၌ တည်ကြရကုန်သည် ဟု ဆိုလိုသည်။

ထို့ကြောင့်-အဋ္ဌကထာ၌–“ယာဝတိကာစ ဘိက္ခူ ကမ္မပတ္တာတိ ယတ္တကာ ဘိက္ခူ တဿ ဥပေါသထကမ္မဿ ပတ္တာ ယုတ္တာ အနုရူပါ၊ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတ္တာရော ပကတတ္တာ၊ တေစခေါ ဟတ္ထပါသံ အဝိဇဟိတွာ ဧကသီမာယံ ဋ္ဌိတာ”ဟု ဖွင့်ဆို၏။

**အမှာ။** ။သိမ်နှင့် စပ်လျဉ်း၍ အကျယ် ရေးသားဘွယ် ရှိသော် လည်း။ အလွန်ကျယ်ဝန်းမည်စိုး၍ မရေးသားဘဲ ချန်လှပ်ထားခဲ့ပါ၏။

**သဘာဂါပတ္တိယော**-ဟူသောပုဒ်တွင် သဘာဂ ဟူသောပုဒ်၌ "သမာနော ဘာဂေါ ယေသန္တေတိ သဘာဂါ" ဟု ပြု၍ တူသော ဝတ္ထု ဟုဆိုအပ်သော အဘို့အစုရှိသော အာပတ်ကိုယူလေ။ ။သဘာဂ အာပတ်သည် ဝတ္ထုအားဖြင့်တူသော အဘို့အစုရှိသော ဝတ္ထုသဘာဂ-အာပတ်။ အာပတ်အားဖြင့်တူသော အဘို့အစုရှိသော အာပတ္တိ သဘာဂ အာပတ် ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ဝတ္ထုအားဖြင့်တူသော အဘို့အစုရှိသော အာပတ်ကို ဤ "သဘာဂါပတ္တိယော" ဟူသောပုဒ်၌ အလိုရှိအပ်၏။

> နဘိက္ခဝေ သဘာဂါပတ္တိ ဒေသေတဗ္ဗာ၊ ယော ဒေသေယျ အာပတ္တိဒုက္ကဋဿ၊ န ဘိက္ခဝေ သဘာဂါအာပတ္တိ ပဋိဂ္ဂဟေတဗ္ဗာ၊ ယော ပဋိဂ္ဂဏှေယျ အာပတ္တိဒုက္ကဋဿ။ ဟူ၍ဟောတော်မူသောကြောင့်။ သဘာဂ-အာပတ်ကို ဒေသနာခံ, ဒေသနာကြားပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ သဘာဂါ၊ ဝတ္ထုအားဖြင့် တူသော။ အဘို့ရှိသော၊ အာပတ္တိ၊ အာပတ်ကို။ နဒေသေတဗ္ဗာ၊ ဒေသနာမကြားအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဒေသေယျ၊ ဒေသနာကြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သဘာဂါ၊ ဝတ္ထုအား ဖြင့်တူသော။ အဘို့ရှိသော၊ အာပတ္တိ၊ အာပတ်ကို၊ နပဋိဂ္ဂဟေတဗ္ဗာ၊ မခံအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပဋိဂ္ဂဏှေယျ၊ ခံယူငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။

သဘာဂ-အာပတ်တို့ မရှိကုန်သည် ရှိသော်။ ဝိသဘာဂ-အာပတ်တို့ ရှိကုန်ငြားသော်လည်း။ ဥပုသ်ကံသည် ပတ္တကလ္လ ဖြစ်သည်သာ ဟုဆိုလိုသည်။ ယခုကာလဝယ် သဘာဂ အာပတ်ကို စင်ကြယ်စေရန် အကျိုးငှါ၊ ဒေသနာကြားသောရဟန်း,၊ ဒေသနာခံသော ရဟန်းတို့၏ ဒေသနာကြားပုံ,ဒေသနာခံပုံတည်း။ ပထမဒေသနာကြားသောရဟန်းသည် "အဟံ ဘန္တေ သဗ္ဗာ ပတ္တိယော အာရောစေမိ။ ။အသျှင်ဘုရား၊ တပည့်တော်သည် အလုံးစုံသော အာပတ်တို့ကိုကြားပါ၏"

ဟု ဆိုရမည်။ဒေသနာခံသော ရဟန်းသည် “သာဓု-သာဓု-ကောင်းပါ၏-ကောင်းပါ၏”ဟုဆိုရမည်။တဖန် ကြားသောရဟန်းသည် “အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှ မူလေ ပဋိဒေသေမိ။ ။အရှင်ဘုရား၊တပည့်တော်သည် အလုံးစုံ အထူး ထူးသော အကြောင်း ဝတ္ထု ရှိကုန်သော အာပတ် တို့သို့ ရောက်ပါပြီ။ထိုအာပတ်တို့ကို အရှင်ဘုရားထံ၌ ကြားပါ၏။”ဟု ဆိုရမည်။

တဖန် ဒေသနာခံသော ရဟန်းသည် “ပဿသိ အာဝုသော တာ အာပတ္တိယော။ ။ငါ့ရှင်၊ထိုအာပတ်တို့ကို မြင်ပါ၏လော”ဟု ဆိုရမည်။ တဖန် ကြားသောရဟန်းသည်။ “အာမ ဘန္တေ ပဿာမိ။ ။အရှင်ဘုရား၊ ဪ-မြင်ပါ၏” ဟု ဆိုရမည်။ တဖန် ခံသောရဟန်းသည်“အာယတိံ အာဝုသော သံဝရေယျာသိ။ ။ငါ့ရှင်၊နောင်အခါ၌ စောင့်စည်းလော့”ဟု ဆိုရမည်။ တဖန် ကြားသောရဟန်းသည် “သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။ ။အရှင်ဘုရား၊ အကျွန်ုပ်သည် ကောင်းစွာ စောင့်စည်းပါအံ့” ဟု ဆိုရမည်။ တဖန် ခံသောရဟန်းသည်“သာဓု-သာဓု။ ။ကောင်းပါပေစွ-ကောင်းပါပေစွ”ဟု ဆိုရမည်။ ။ဤသို့ဆို၍ ခံသည်ရှိသော်၊ ပထမ ဒေသနာကြားသော ပုဂ္ဂိုလ်၏ ဒေသနာကြားပြီး၏။

သဘာဂ-အာပတ်ဖြစ်အံ့၊ ဒေသနာကြားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်ပြန်၏။ ။အကြီးဒေသနာခံ၍ ကြားသော ရဟန်းသည် “အဟံ အာဝုသော သဗ္ဗာပတ္တိယော အာရောစေမိ။ ။ငါ့ရှင်၊ ငါသည် အလုံးစုံသော အာပတ်တို့ကို ကြားပါ၏။ ”ဟု ဆို။ ။အငယ်ဒေသနာကြား၍ ခံသော ရဟန်းသည် “သာဓု သာဓု။ ။ကောင်းပါ၏-ကောင်းပါ၏” ဟု ဆို။

တဖန်ဒေသနာကြားသောရဟန်းသည်“အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာပတ္တိယော အာပဇ္ဇိံ၊ တာ တုယှ မူလေ ပဋိဒေသေမိ။ ။ငါ့ရှင်၊ ငါသည် အလုံးစုံ အထူးထူးသော ဝတ္ထုရှိသော အာပတ်တို့သို့ ရောက်ပြီ။ထို[illegible]ထံ၌ ကြားပါ၏” ဟု ဆို။ ။တဖန်ဒေသနာခံသောရဟန်းသည် “[illegible]ထ ဘန္တေ

၄၉၄၅

တာ အာပတ္တိယော '' အသျှင်ဘုရား၊ ထို အာပတ် တို့ကို မြင်ပါ၏ လော''ဟုဆို။

တဖန် ကြီးသောရဟန်းသည် ''အာမ အာဝုသော ပဿာမိ။ ။ ဩဝ်-ငါ့သျှင်၊မြင်ပါ၏''ဟု ဆို။ ။တဖန် ခံသော ရဟန်းသည်''အာယတိံ ဘန္တေ သံဝရေယျာထ၊ အသျှင်ဘုရား၊နောင်အခါ၌ စောင့်စည်းတော်မူပါကုန်လော့''ဟုဆို။ ။တဖန် ကြီးသော ရဟန်းသည် ''သာဓု သုဋ္ဌု အဟံ အာဝုသော သံဝရိဿာမိ။ ။ဩဝ်-ငါ့သျှင်၊ စောင့်စည်းပါအံ့''ဟု ဆိုရမည်။ ။တဖန် ခံသော ရဟန်းသည်''သာဓု-သာဓု။ ။ကောင်းပါပေ၏-ကောင်းပါပေ၏။''ဟု ဆို။ ။ဤသို့ ပထမဒေသနာခံသော ရဟန်း-ဒေသနာကြီးသည်ရှိသော်။ အာပတ်ကိုခံယူခြင်းပြုသော အကြောင်းကြောင့်၊သင့်သော ဒုက္ကဋ်အာပတ်နှင့်တကွ အလုံးစုံသော အာပတ် တို့သည် ပျောက်ငြိမ်း ကုန်တော့သတည်း။ ။

. ပထမဒေသနာကြီးသော ရဟန်းသည် အဟံ ဘန္တေ သဗ္ဗာပတ္တိယော အာရောစေမိ။ ။အသျှင်ဘုရား၊ တပည့်တော်သည် အလုံးစုံသော အာပတ်တို့ကို ကြားပါ၏''ဟုဆို။ ။ဒေသနာခံသော ရဟန်းသည် ''သာဓု-သာဓု။ ။ကောင်းပါပေစွ-ကောင်းပါပေစွ'' ဟုဆို။

တဖန်ဒေသနာကြီးသော ရဟန်းသည် ''အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာပတ္တိယော အာပဇ္ဇိံ၊ တာ တုမ္ဟမူလေ ပဋိဒေသေမိ။ ။အသျှင်ဘုရား။တပည့်တော်သည် များစွာကုန်သော အထူးထူးသော အကြောင်းဝတ္ထုရှိသော အလုံးစုံသော အာပတ်တို့သို့ ရောက်ပြီ။ ထိုအာပတ်တို့ကို အသျှင်ဘုရား၏ထံ၌ ကြားပါ၏'' ဟုဆို-။

တဖန် ဒေသနာခံသော ရဟန်းသည် ''ပဿသိ အာဝုသော တာ အာပတ္တိယော။ ။ငါ့သျှင်၊ ထိုအာပတ်တို့ကို မြင်ပါ၏ လော'' ဟုဆို။ ။တဖန် ကြီးသော ရဟန်းသည်''အာမ ဘန္တေ ပဿာမိ။ ။ဩဝ် ငါ့သျှင်၊မြင်ပါ၏''ဟုဆို။ ။

တဖန် ဒေသနာခံသော ရဟန်းသည် ''အာယတိံ အာဝုသော သံဝရေယျာသိ။ ။ငါ့သျှင်၊နောင်အခါ၌ စောင့်စည်းပါလော့'' ဟု

ဆို။ ။တဖန် ကြားသော ရဟန်းသည် "သာဓု သုဋ္ဌု ဘန္တေ သံဝရိ သသာမိ၊ ။အသျှင်ဘုရား။ကောင်းစွာစောင့်စည်းပါအံ့"ဟုဆို။ ။

တဖန် ခံသော ရဟန်းသည် 'သာဓု-သာဓု။ ။ကောင်းပါပေစွ, ကောင်းပါပေစွ"ဟုဆို။ ။ဤသို့ဆို၍ နောက်ထပ် တကြိမ် ကြား သည်ရှိသော်။ ဒေသနာကြားခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ် ပျောက်ငြိမ်းလေ၏။ ။ဤအံ့ချာဝယ် တရသော ဒုက္ကဋ်အာပတ်ကို ဗဟုဝစ် ဝိဘတ်ဖြင့် ဒေသနာကြားခြင်းသည် သုခစွာရဏ မျှသာ အကျိုးရှိ၏။ ။

**ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ နဟောန္တိ**။ ။ဟူသောပုဒ်တို့တွင် **ဝဇ္ဇနီယာ** ဟူသောပုဒ်၌ "ဝဇ္ဇေတဗ္ဗာတိ ဝဇ္ဇနီယာ" ဟု ပြု၍နှစ် တောင့်ထွာဟဏ္ဍပါသ်မှ အပပြုသဖြင့်။ ရှောင်ကြဉ်အပ်သော။ နှစ် ကျိပ်တယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ကို ယူလေ။

ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ်တယောက်တို့ကား။ ။၁-လူ။ ၂-ရဟန်း မိန်းမ။ ၃-သိက္ခမာန်မ။ ၄-သာမဏေယောကျ်ား။ ၅-သာမဏေမိန်း မ။ ၆ သိက္ခာပစ္စက္ခာတက၊ သိက္ခာကိုစွန့်သောသူ။ ၇-အန္တိမဝတ္ထု အဇ္ဈာပန္နက,အန္တိမဝတ္ထုပါရာဇိကကို ကျူးလွန်သောသူ။၈-အာပတ္တိ ယာ အဒဿနေ ဥက္ခိတ္တက, အာပတ်ကို မရှုခြင်းကြောင့်, နှင်ထုတ် အပ်သောသူ။ ၉-အာပတ္တိယာ အပ္ပဋိကမ္မေဥက္ခိတ္တက, အာပတ်တို့ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သောသူ။ ၁၀-ပါပိကာယ ဒိဋ္ဌိ ယာ အပ္ပဋိနိဿဂ္ဂေ ဥက္ခိတ္တက, ယုတ်မာသော မိစ္ဆာအယူကို မစွန့် ခြင်းကြောင့် နှင်ထုတ်အပ်သောသူ။ ၁၁-ပဏ္ဍက, ပဏ္ဍုက်။ ၁၂-ထေယျသံဝါသက, ထေယျသံဝါသက။ ၁၃-တိတ္ထိယ ပက္ကန္တက, တိတ္ထိဘောင်သို့ ပြေးသွားသောသူ။ ၁၄-တိရစ္ဆာန, တိရစ္ဆာန်။ ၁၅-မာတုဃာတက, အမိကို သတ်သောသူ။ ၁၆-ပိတုဃာတက, အဘကိုသတ်သောသူ။ ၁၇-အရဟန္တဃာတက, ရဟန္တာကို သတ် သောသူ။ ၁၈-ဘိက္ခုနီဒူသက, ဘိက္ခုနီမကိုဖျက်ဆီးသောသူ။ ၁၉-သံဃဘေဒက, သံဃာကိုသင်းခွဲသောသူ။ ၂၀-လောဟိတုပ္ပါဒက, ဘုရားအားသွေးစိမ်းကိုဖြစ်စေတတ်သောသူ။ ၂၁-ဥဘတောဗျဉ္ဇနက, နှစ်ပါးသော ကံကြောင့်နိမိတ်ရှိသောသူ။ ။ဤနှစ်ကျိပ်တယောက် သောသူတို့ပင်တည်း။ ။

ဆောင်။ ။လူ့ဘိက္ခုနီ၊ ကျင့်ဆဲတည်မ၊ တလည်သာမဏေ၊ သာမဏေမ၊ ဖွန့်ပေသိက္ခာ၊ အဆုံးလါရောက်၊ ရောက်ခါမရှု၊ မကူမှုနှင့်၊ ဖွန့်မှုကင်းလေ၊ ဥက္ခိတ္တေတည့်၊ ပဏ္ဍုကဝေယျ၊ တိတ္ထိယနှင့်၊ တိရစ္ဆာန၊ ဃာတကသုံး၊ ဥဘကတစ်၊ သံဃာပစ်ခွဲ၊ သွေးဖြစ်စွဲနှင့် နှစ်ကွဲနိမိတ်။ ပေါင်းစုကျိပ်။ ။ဖြစ်ရိပ် ကေဝီသတိသာတည်း။

**ပဏ္ဏကဉ္စ**။ ။ဟူသောပုဒ်၌ "ပဏ္ဏော ကာလော ဇာမဿာတိ ပဏ္ဏကလုံ။ ပဏ္ဏကာ သမေဝပဏ္ဏကလုံ" ဟု ပြု၍ သင့်လျော်သျောက်ပတ်သော အာဂါရှိသော ဥပုသ်ကံကိုသူလေ၊ ပဏ္ဏကလုံ့ ဝယ်၊ သကတ်အနက်၌-ဏျ-ပစ္စည်းသက်၍ "သံယောဂေပရေရဿတ္တံ" ဟူသော ပရိဘာသာနှင့်အညီ၊ ဏာ့၏အစိတ်ဖြစ်သော၊ အာကိုအရဿပြု၍ပြီး၏။

ပဋိသာဒ်ကိုပြုသို၍၊ ။ပုဗ္ဗကရဏ၊ ပုဗ္ဗကိစ္စာနိသမာဒပေတွာ။ ။ဤသို့စသော စကားကို မိန့်ကြားတော်မူသည်။ ထိုပါဌ်အပေါင်းတို့တွင်"ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စာနိ"ဟူသောပုဒ်၌ သံဃာစည်းဝေးသည်မှ အစစွာပြုသင့်သောအမှုကို **ပုဗ္ဗကရဏ**, ဟုဆိုသည်၊ ။သံဃာစည်းဝေးပြီးသည်ရှိသော်၊ ပြုသင့်သောအမှုကို **ပုဗ္ဗကိစ္စ** ဟုဆိုသည်။

ထို့ကြောင့် ဝိမတိ၌၊ သံဃသန္နိပါတတော ပဌမံ ကာတဗ္ဗံ ပုဗ္ဗကရဏံ သံဃသန္နိပါတေ ကာတဗ္ဗံ ပုဗ္ဗကိစ္စန္တိ ဒဋ္ဌဗ္ဗံ" ဟု ဖွင့်ဆိုတော်မူ၏။

**တနည်း**။ ။မချွတ်အမှန် ကောန်ပြုရသော အမှုကို **ကရဏ** ဟုဆိုသည်။ မပြုဘဲသည်း နေခြင်းငှာ ခွင့်ရသော အမှုကို **ကိစ္စ** ဟုဆိုသည်။ ။ဤသို့လည်းမှတ်လေ၊

ထို့ကြောင့် သီသက္ခန်အဋ္ဌကထာ၌၊ ။"ယံ အဝဿံ ကာတဗ္ဗံမေဝ၊ တံ ကရဏံ နာမ။ ယံ အကာတုမ္ပိ ဝဋ္ဋတိ တံကိစ္စန္တိ ဝုစ္စတိ" ဟူ၍ ဖွင့်ဆိုတော်မူ၏။ ၊

**သမာဒပေတွာ**။ ။ဟူသောပုဒ်၌ သံ့ရှေ့၊ အာရှေ့ ရှိသော၊ ဒပ ဓာတ်သည်နိဌာန, ပြီးဆုံးခြင်း အနက်ကိုဟော၏။ သမာဒပေတွာ-ဟူသောပုဒ်သည် ယထာရုပ်နည်း။ ယထာလာဘနည်း မည်၏။ ဥဒ္ဒိသိဿာမိ, ဟူသောပုဒ်နှင့် ပုဗ္ဗကာလ ကြိယာဝိသေသန, အဖြစ်ဖြင့် စပ်ရာ၏။

ဒိပနိ,ဋ္ဌိကား။ ။"သမာဒပေ့တွာ၊ကောင်းစွာပြီးဆုံးခြင်းဟူသော အကြောင်းကြောင့်" ဟု အနက်ယောဇနာ၍၊ ဒေသိတ ဟူသော ပုဒ်၌ ဟိတ် စပ်ရမည် ဟု ဆို၏။ ။

**ဒေသိတာပတ္တိကဿ**-ဟူသော ပုဒ်ဝယ်၊ ဒေသိတ-၌"ဒေသိတဗ္ဗာ အာရောစေတဗ္ဗာတိ ဒေသိတာ" ဟု ပြု၍ ဝိနည်းကံဖြင့် ကြားအပ်သော အာပတ်ကို ယူလေ။ ။

"ဒေသိတာ အာပတ္တိ အနေနာတိ ဒေသိတာပတ္တိကော" ဟု တတိယာ ဗဟုဗ္ဗိဟိ သမာသ်ပြု၍ ကြားအပ်သော အာပတ် ရှိသော ရဟန်းသံဃာကို ယူလေ။ ။ငင်းပုဒ်ဖြင့် အာဝိကတအာပတ်, အာရောစိတ အာပတ်ရှိသော ရဟန်းအပေါင်းကိုလည်း ယူရ၏။

ထို့ကြောင့် အနုဝဏ္ဏနာ၌—၊"ဧတေန အာဝိကတာရောစိတာပတ္တိကော ဘိက္ခုသံဃောပိ သင်္ဂဟိတော" ဟု ဖွင့်ဆိုတော်မူ၏။

**သမဂ္ဂဿ**-ဟူသောပုဒ်၌ "သမံ အဓာတိ ဂစ္ဆတိ ပဝတ္တတီတိ သမဂ္ဂော" ဟု ပြု၍ တရသောသိမ်၌ လက်၏အနီးသို့ ရောက်သဖြင့်ငင်း၊ ဆန္ဒ ဟူသော အလိုအစ္ဆာသဃရှိသည့်၏ အဖြစ်ဖြင့်ငင်း၊ညီမျှသော အဖြစ်သို့ရောက်သော ရဟန်းသံဃာကို ယူလေ။ ။

**ဘိက္ခုသံဃဿ**-ဟူသော ပုဒ်ကို **အနုမတိယာ** ဟူသော ပုဒ်ဝယ်၊ **မတိ** ဟူသော ပုဒ်နှင့် အဝယဝီ,အဝယဝ၊ သမ္ဗန္ဓ, သမ္ဗန္ဓိ အဖြစ်ဖြင့် စပ်ရာ၏။ ။ဤပုဒ်တွင် **ဘိက္ခု** ဟူသော ပုဒ်ဖြင့် ဘိက္ခုနီ သံဃာကို ပယ်သည်။ ။**သံဃ**-ဟူသောပါဌ်ဖြင့် တပါး,နှစ်ပါး,သုံးပါးသော ရဟန်းတို့ကိုပယ်သည်။ ငင်းနှစ်ပုဒ်ဖြင့် စတုဝဂ္ဂ-စသော သံဃာကိုယူရမည် ဟု ပြ၏။ ။

ဝိနည်းပရိယာယ်အားဖြင့် တပါးသော ရဟန်းသည် **ပုဂ္ဂလ** ၊နှစ်ပါး သုံးပါးသော ရဟန်းတို့သည် **ဂဏ** ၊လေးပါး စသော ရဟန်း တို့သည် **သံဃ** ဟု လာကုန်၏။ ။သုတ္တန်ပရိယာယ်အားဖြင့်ကား သုံးပါးသော ရဟန်း, သုံးပါးထက် လွန်သော ရဟန်း တို့သည် **သမ္ဗဟုလ** ဟု လာကုန်၏။ ။

**အနုမတိယာ**-ဟူသောပုဒ်၌ အနုသဒ္ဒါသည် အနုဂတ-အစဉ်သွားသောအနက်။အနုပစ္ဆိန္န-မပြတ်အပ်သေးသောအနက်။ ပစ္စာ နောက်

ဟူသောအနက်။ဟုသဒ္ဒ ပြင်းထန်သောအနက်။ သဒိသ, တူသော အနက်၊ ဟီန ယုတ်သောအနက်။ တဘိယ ဒ္ဒ သုံးချမြောက်, တဘိယာ အနက်။ လက္ခဏ, မှတ်ကြောင်း လက္ခဏအနက်။ ဇုဒ္ဒန္တ။တဟ္တာန, တစုံတခု အထူးသို့ ရောက်သည့်ကို ပြောကြားသော အနက်။ ဘာဂ, အဘို့ဟူသောအနက်။ ဝိစ္ဆာ,အနက်-စသည့်တို့တွင်။ သဒိသ,အနုရူပ-အနက်ကို ဟော၏။

**မတိ**-သည် သမ္မာဆန္ဒကို ဟော၏။ ။"မတိယာ အနုရူပံ အနုမတိ" ဟု ပြု၍ အလိုအားလျော်သည်။အလိုနှင့်တူသည်ကို ယူလေ။

**အနုမတိယာ** ဟူသော ပုဒ်ကို ဥဒ္ဒိဿသာဒိ-ဟူသော ပုဒ်နှင့် ဩိန္နာဓိကရဏ ကြိယာဝိသေသန အဖြစ်ဖြင့် စပ်ရာ၏။

——:o:——

# ပါတိမောက်အဓိပ္ပါယ်

ကုသိုလ် တရားတို့၏ အစအကြောင်း-အဦး ကောင်းသော တရားသဘောကို-**ပါတိမောက်**-ဟု ခေါ်သည်။

> **ထို့ကြောင့် မဟာဝါပါဠိတော်၌**–''ပါတိမောက္ခန္တိ အာဒိမေတံ မုခမေတံ ပမုခမေတံ ကုသလာနံ ဓမ္မာနံ တေန ဝုစ္စတိ **ပါတိမောက္ခန္တိ**'' ဟု ဖွင့်ဆိုတော်မူ၏။

**ပါတိမောက္ခ**-ဟူသောပုဒ်၌ပါတိပုဒ်၊မောက္ခ-ပုဒ်ဟု နှစ်ပုဒ်ခွဲ။ပါတိ၌ "ပါတိ ရက္ခတီတိ ပါတိ" ပြု၍ သိက္ခာပဒသီလကို စောင့်ရှောက်သော ရဟန်းတို့ကို ယူလေ။ **မောက္ခ**-၌၊ " မောက္ခေတိ မောစေတီတိ မောက္ခော"ဟုပြု၍ အပါယ်အစရှိသော ဆင်းရဲတို့မှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။ "ပါတိ မောက္ခော ပါတိမောက္ခော"ဟု ပြု၍ မိမိဟု ဆိုအပ်သော သိက္ခာပဒသီလကို စောင့်ရှောက်သော သူကို အပါယ်အစရှိသောဆင်းရဲတို့မှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။ ။

"ပါတိမောက္ခောဧဝ ပါတိမောက္ခော"ဟု သကဒ္ဒတဒ္ဓိတ် ဆင့်၍ပြု။သကဒ္ဒ ၌ ဏ-ပစ္စည်း သက်သည်ဟု မှတ်လေ။

**တနည်း။** ။ပါတိ၌ "ပတတိ သိလေနာတိ ပါတိ" ဟု ပြု၍ ကိလေသာတို့၏ အားရှိသည့် အဖြစ်ကြောင့် အပါယ်တို့၌ ကျလေ့ရှိ

သော ပုထုဇ္ဇနံကို ယူလေ။ "ပါတိ မောက္ခေတီတိ ပါတိမောက္ခံ"ဟု ပြု၍ ပုထုဇ္ဇနံကို သံသရာဆင်းရဲမှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။ ။

**တနည်း။** ။"ပတတိ ဂစ္ဆတိ သီလေနာတိ ပါတိ"ဟု ပြု၍ စက်ယန္တယားကဲ့သို့ မရပ်မတည် ချာချာလည်သောအားဖြင့် သွားတတ်သော သတ္တဝါတို့သန္တာနကို ယူလေ။ "ပါတိ မောက္ခေတီတိ ပါတိမောက္ခံ"ဟု ပြု၍ သတ္တဝါတို့ သန္တာနကို သံသရာဆင်းရဲမှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။"ပါတေတိ သီလေနာတိ ပါတိ"ဟု ပြု၍ စုတိပြတ်ကြွေ သေသည့်၏အစွမ်းဖြင့် ထိုထို သို့သော သတ္တနိကာယ၌ အတ္တဘောကို ကျရောက်စေတတ်သော စိတ်ကို ယူလေ။ "ပါတိ မောက္ခေတီတိ ပါတိမောက္ခံ"ဟု ပြု၍ စိတ်ကို သံသရာဆင်းရဲမှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။

ထို့ကြောင့်။ "စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ"ဟူ၍၎င်း။ "အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ"ဟူ၍၎င်း ဟောတော်မူလေသည်။ ။

**တနည်း။** ။"သံသာရေ ပတတိ ဂစ္ဆတိ ပဝတ္တတီတိ ပါတိ"ဟု ပြု၍ အဝိဇ္ဇာ အစရှိသော အကြောင်းကြောင့် သံသရာ၌ ဖြစ်တတ်သော သတ္တဝါကို ယူလေ။ ။ထို့ကြောင့်။ ။"အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ"ဟူ၍ ဟောတော်မူသည်။ ။"ပါတိနော မောက္ခော ဧတေနာတိ ပါတိမောက္ခော"ဟု ပြု၍ သတ္တဝါကို တဏှာအစရှိသော ကိလေသာမှ လွတ်စေခြင်းရှိသော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။"ပါတေတိ ဝိနိပါတေတိ ဒုက္ခေတိ ပါတိ"ဟု ပြု၍ ဝဋ်ဆင်းရဲ၌ ကျစေတတ်သော စိတ်ကိုယူလေ။ ထို့ကြောင့်။ ။စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ" ဟူ၍ ဟောတော်မူသည်။ "ပါတိနော မောက္ခော ဧတေနာတိ ပါတိမောက္ခော" ဟု ပြု၍ စိတ်ကို၊တဏှာအစရှိသော ကိလေသာမှ လွတ်စေခြင်းရှိသော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။"ပတတိ ဧတေနာတိ ပါတိ"ဟု ပြု၍ အပါယ်ဆင်းရဲ,သံသရာဆင်းရဲ၌ ကျစေတတ်သော တဏှာအစရှိသော သံကိလေ

သာကို ယူလေ။ ထို့ကြောင့်။ ။"တဏှာ ဇနေတိ ပုရိသံ၊တဏှာ ဒုတိယော ပုရိသော" ဟူ၍ ဟောတော်မူသည်။ "ပါတိတော မောက္ခေတီတိ ပါတိမောက္ခော"ဟု ပြု၍ တဏှာအစရှိသော သံကိလေသာမှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။ပတတိ ဧတ္ထာတိ ပါတိ"ဟု ပြု၍ လောက၏ကျရာ၊ ခြောက်ပါးသော အဇ္ဈတ္တိကာယတန, ခြောက်ပါးသော ဗာဟိရာယတန-တို့ကို ယူလေ။ ထို့ကြောင့်။ ။"ဆသု လောကော သမုပ္ပန္နော၊ ဆသု ကုဗ္ဗတိ သန္ထဝံ" ဟူ၍ ဟောတော်မူသည်။ "ပါတိတော မောက္ခေတီတိ ပါတိမောက္ခော" ဟုပြု၍ ခြောက်ပါးသော အဇ္ဈတ္တိကာယတန, ခြောက်ပါးသော ဗာဟိရာယတန-မှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။"ပါတော အသာ အတ္တိတိ ပါတိ"ဟု ပြု၍ ကျရောက်ရာ သံသရာကို ယူလေ။ "ပါတိတော မောက္ခေတီတိ ပါတိမောက္ခော ဟု ပြု၍ သံသရာမှ လွတ်စေတတ်သော သိက္ခာပဒ သီလကို ယူလေ။

**တနည်း။** ။ **ပတိ**-သဒ္ဒါသည် လောကသုံးပါးကို အစိုးရတော်မူသော မြတ်စွာဘုရားကို ဟောသည်။"မုစ္စတိ ဧတေနာတိ မောက္ခော"ဟု ပြု၍ လွတ်ကြောင်းဖြစ်သော သိက္ခာပဒသီလကို ယူလေ။' 'ပတိနော မောက္ခော ပတိမောက္ခော။ ပတိမောက္ခောဧဝ ပါတိမောက္ခော"ဟု ပြု၍ မြတ်စွာဘုရား၏ သံသရာမှ လွတ်ကြောင်းဖြစ်သော သိက္ခာပဒ သီလကို ယူလေ။

**တနည်း။** ။**ပတိ**-သဒ္ဒါသည် အလုံးစုံသော ဂုဏ်တို့၏ တည်ရာဖြစ်သောကြောင့် ဥတ္တမ-အနက်ကို ဟောသည်။ ပတိစ သော မောက္ခော စာတိ ပတိမောက္ခော။ပတိမောက္ခောဧဝ ပါတိမောက္ခော." ဟုပြု၍ မြတ်သော အမွန်အစ ဖြစ်သော သံသရာမှ လွတ်ကြောင်း ဖြစ်သော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။**ပ**-သဒ္ဒါသည် ပကာရ,အနက်ကို ဟောသော နိပါတ် ပုဒ်တည်း။ ။**အတိ**-သဒ္ဒါသည် အစ္စန္တ အနက်ကို ဟောသော နိပါတ် ပုဒ်တည်း။ထို့ကြောင့်။ ။"ပကာရေဟိ အစ္စန္တံ မောက္ခေတီတိ ပါတိ

မောက္ခော’’ဟုပြု၍ အပြားတို့ဖြင့် စင်စစ် သံသရာဝဋ်ဆင်းရဲမှ လွတ်စေတတ်သော သိက္ခာပဒသီလကို ယူလေ။

**တနည်း။** ။“ ပတိ ပတိ မောက္ခေတိ ပတိမောက္ခော။ ပတိမောက္ခောဝေ ပါတိမောက္ခော ’’ ဟု ပြု၍ ထိုထိုလွန်ကျူးသော အပြစ်မှ အသီးအသီး လွတ်ကြောင်းဖြစ်သော သိက္ခာပဒ သီလကို ယူလေ။

**တနည်း။** ။**မောက္ခ** - သဒ္ဒါသည် နိဗ္ဗာန်ကိုဟော၏။ **ပတိ**-သဒ္ဒါသည် သဒိသ အတူဟူသော အနက်ကို ဟော၏။ ထို့ကြောင့်။ ။“မောက္ခသဿ ပတိ ပတိမောက္ခံ။ပတိမောက္ခမေဝ ပါတိမောက္ခံ’’ဟု ပြု၍ ထိုက်သည် အားလျော်စွာ ကာလသောက် ငြိမ်းအေးစေတတ်သောကြောင့် နိဗ္ဗာန်နှင့်တူသော သိက္ခာပဒသီလကို ယူလေ။ ။

**တနည်း။** ။“မောက္ခံ ပတိဝတ္တတီတိ ပတိမောက္ခံ။ ပတိမောက္ခမေဝ ပါတိမောက္ခံ’’ ဟု ပြု၍ နိဗ္ဗာန်သို့ ရှေးရှုဖြစ်တတ်သော သိက္ခာပဒသီလကို ယူလေ။ ဤသို့ စသည်ဖြင့် **ပါတိမောက္ခ** သဒ္ဒါ၏ အနက်အဓိပ္ပါယ်ကို သိရာသတည်း။ ။

———း၀း———

## ပါတိမောက်အပြား။

ပါတိမောက်သည် သီလပါတိမောက်, ဂန္ထပါတိမောက် အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ဆိုခဲ့ပြီးသော ပါတိမောက္ခ သဒ္ဒါ၏ အနက်တို့ဖြင့် သီလပါတိမောက်ကို ယူရ၏။ ။

ဂန္ထပါတိမောက်ကိုကား, သီလပါတိမောက်ကို ပြတတ်သောကြောင့် အကျိုးဖြစ်သော သီလပါတိမောက်၏ ပါတိမောက္ခ ဟူသော အမည်ကို၊ အကြောင်းဖြစ်သော ဂန္ထ ပါတိမောက်၌ တင်၍ အကြောင်းဖြစ်သော ဂန္ထပါတိမောက်ကို ဖလူပစာအားဖြင့် ပါတိမောက် ဟု ခေါ်ဆိုလေသည်။

ထို့ကြောင့် ကင်္ခါ—၌“ဂန္ထောပန တဿ ပါတိမောက္ခဿ ဇောတကတ္တာ ပါတိမောက္ခန္တိ ဝုစ္စတိ’’ဟု ဖွင့်ဆို၏။

သဒ္ဒပဗန္ဓ ဟု ဆိုအပ်သော ကျမ်းကို ဖွင့်ဆိုသည် ရှိသော် အနက်ဖြစ်သော သီလပါတိမောက်ကို ဖွင့်ဆိုရာ ရောက်တော့၏။

ထို့ကြောင့် ကင်္ခါ၌ "ဂန္ထေဟိ ဝဏ္ဏိတေ တဿ အတ္ထော ဝဏ္ဏိတောဝ ဟောတိ"၊ဟု ဖွင့်ဆိုသည်။

ပါတိမောက်သည် ဩဝါဒပါတိမောက်, အာဏာ ပါတိမောက် အားဖြင့်လည်းနှစ်ပါးအပြားရှိသေး၏၊

ထိုနှစ်ပါးတို့တွင် "ဩဝါဒေါဝ ပါတိမောက္ခံ ဩဝါဒပါတိမောက္ခံ" ဟု ပြု၍ ဆုံးမဩဝါဒသည်သာလျှင် ပါတိမောက်မည်၏၊ ဩဝါဒပါတိမောက်ကို သရုပ်အားဖြင့် မိန့်တော်မူခြင်းသည် ဩဝါဒပါတိမောက္ခုဒ္ဒေသ မည်၏။ ဩဝါဒပါတိမောက်ကိုသဗ္ဗညုမြတ်စွာဘုရားသည်၊ ပထမဗောဓိ ဝါနှစ်ဆယ်အတွင်း ကိုယ်တော်တိုင် ပြတော်မူကြ၏။

——:ဝ:——

## ဩဝါဒပါတိမောက်။

ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေ
ဌယန္တော။ ။
သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။
အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ။

တိတိက္ခာ၊ တိတိက္ခာဟု ဆိုအပ်သော။ ခန္တီ၊ အဓိဝါသနခန္တီသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်မည်၏။ ဗုဒ္ဓါ၊ သဗ္ဗညုမြတ်စွာဘုရားတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ မြတ်၏ဟူ၍။ ဝဒန္တိ၊ ဟောတော်မူကြကုန်၏။ ပရူပဃာတီ၊ သူတပါးကို ညှဉ်းဆဲ နှိပ်စက်တတ်သော သူသည်။ ဝါ၊ သီလကို ဖျက်ဆီးတတ်သော သူသည်။ ပဗ္ဗဇိတော၊ ရဟန်းမည်သည်။ န ဟိ န ဟောတိ၊ မဖြစ်သည် သာလျှင်တည်း။ ပရံ၊ သူတပါးကို။ ဝါ၊ သီလကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲနှိပ်စက်တတ်,ဖျက်ဆီးတတ်သောသူသည်။ သမဏော၊ ရဟန်းမည်သည်။ န ဟောတိ၊ မဖြစ်။

သဗ္ဗပါပဿ၊ အလုံးစုံသောအကုသိုလ်ကို၊ အကရဏံ၊ မပြုခြင်း၎င်း။ ကုသလဿ၊ စတုဘူမိက ကုသိုလ်ကို။ ဥပသမ္ပဒါ၊ ရခြင်း, ပြည့်စုံခြင်း

ရင်း။ သစိတ္တ ပရိယောဒါပနံ၊ မိမိ၏စိတ်ကို စင်ကြယ် စေခြင်းရင်း။ ဧတံ၊ ဤသို့။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံသည်။ ဗုဒ္ဓါန, ဗုဒ္ဓါနံ၊ မြတ်စွာဘုရား တို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

အနုပဝါဒေါ၊ နှုတ်ဖြင့် သူတပါးတို့ကို မပြောင်းစွဲခြင်းရင်း။ အနုပဃာတော၊ ကိုယ်ဖြင့် သူတပါးတို့ကို မသတ်ပုတ်ခြင်းရင်း။ ပါတိမောက္ခေ စ၊ မြတ်စွာဘုရား၏ လွတ်ကြောင်းဖြစ်သော အာဏာ ပါတိမောက်၌ လည်း။ သံဝရော၊ မလွန်ကျူးခြင်း လက္ခဏာရှိသော စောင့်စည်းခြင်း ရင်း။ ဘတ္တသ္မိံ၊ ဆွမ်း၌။ မတ္တညုတာ စ၊ ခံခြင်း, သုံးဆောင်ခြင်းတို့၏ အ စွမ်းဖြင့် အတိုင်းအရှည်ကို သိသောအဖြစ်ရင်း။ ပန္တံ၊ လူတို့နှင့် မနေသာ နှောသည့်ဖြစ်၍ ဆိတ်ငြိမ်သော။ သယနာသနဉ္စ၊ ကျောင်းအိပ်ရာနေရာ ရင်း။ အဓိစိတ္တေ၊ ဝိပဿနာ၏ အကြောင်းဖြစ်သော ရှစ်ပါးသော သမာ ပတ်စိတ်၌။ ဝါ၊ မဂ်,ဖိုလ်ဟု ဆိုအပ်သော အဓိစိတ်၌။ အာယောဂေါ စ၊ ပြင်းစွာအားထုတ်ခြင်းရင်း။ ဧတံ၊ သို့။ ဧတံသဗ္ဗံ၊ ဤအလုံးစုံသည်။ ဗုဒ္ဓါ န-ဗုဒ္ဓါနံ၊ သဗ္ဗညု မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမ တော် တည်း။

သုဏာတု မေ ဘန္တေ သံဃော-စသည်ဖြင့် မိန့်တော်မူအပ်သော ပါတိမောက်သည် **အာဏာပါတိမောက်**-မည်၏။ ထိုအာဏာပါတိ မောက်ကို သာဝက တို့သာ ပြကြကုန်၏။ မြတ်စွာဘုရား တို့သည် သံ ဃာ့ကံကို မပြုကြကုန်။

ဤအရာဝယ် ဥဒ္ဒိသိတုံ အာချာဝနံ ကရောမ ဟူ၍ရင်း။ ဥဒ္ဒိသိဿာ မိ ဟူ၍ရင်း။ နှစ်မျိုးတွေ့ရှိကြပေ၏။ ထိုနှစ်မျိုးတို့တွင် ဥဒ္ဒိသိဿာမိ ဟူသော ပါဌ်သာ သဒ္ဒယုတ္တိ,အတ္ထယုတ္တိရှိသောကြောင့် သင့်မြတ်၏။

"ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာချာဝနံ ကရောမ" ဟူသော စကား ကို ရတနတ္တယ ပဏာမ အစရှိသော အတ္ထုပ္ပတ္တိကို ပြရန်၊ သမ္မာ သမ္ဗုဒ္ဓံ အစရှိသော စကားကို ဆိုသကဲ့သို့ ဆိုသည်ဖြစ်ရာ၏။ ဤသို့ဆို ခဲ့သော် ဥဒ္ဒိသိတုံ-ဟူသော ကြိယာ၏ ကံဖြစ်၍ဖြစ်သော သုဏာတု မေ-စသော စိတ်ကြောင့် ဖြစ်သော အက္ခရာအစဉ်သည်ပင် အာချာဝ န,အရဖြစ်၍နေရကား။ သဒ္ဒါတတ်သိ ပညာရှိတို့သည် စုံးစမ်းဆင်ခြင် ကြရာ၏။

“အနက်ကိုကံ၊ သဒ္ဒါမှန်က ဆိုရ နိကုဗိုဏ်း၊ သဒ္ဒါပိုင်းကံ၊ ကရိုဏ်းအနက်၊ ဖြစ်ရန်ခွက် မှတ်ချက်သဒ္ဒဥပဒေ” ဟူသော သဒ္ဒယုတ္တိနှင့် မညီသောကြောင့် ဗိစစ်ရာ၏ ဟု ဆိုခဲ့သတည်း။

ကံပျက်ခြင်း၏ အကြောင်းအင်္ဂါ၌ မပါသောကြောင့် မူလသိက္ခာကျမ်း၌ ဆိုအပ်သော “ဥဒ္ဒိဿကံ အာရာခနံ ကရောမ” ဟူသော စကားကိုအလိုအားလျော်စွာ မှတ်ယူရာ၏။ ။

ပုဗ္ဗကရဏ, ပုဗ္ဗကိစ္စ, ပတ္တကလ္လ, ပဋိညာဉ်ဘို့ကို ပြတော်မူပြီး၍။ ယခုအခါ၀ယ် **နိဒါနုဒ္ဒေသ** ကိုပြတော်မူလိုသော **အတိအာဏာရဟ,** ဖြစ်တော်မူသောမြတ်စွာဘုရားသည်။ **သုဏာတုမေ** စသော သဒ္ဒါကို ဟောတော်မူသတည်း။

ထို သုဏာတု မေ စသော စကားတို့တွင် သုဏာတု မေ။ ပ။ ပါတိမောက္ခံ ဥဒ္ဒိသေယျ၊ ဟူသော စကားသည်။ ဉတ် ဖြစ်၏။

ဤသံဃဥပုသ်ကံသည် အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံ၊ တို့တွင် ဉတ္တိကံ)မည်၏။

သုဏာတုဝယ် သုဓာတ်နောင် သွာဒိတော တု ဥဏာဏာစ ·သုတ်ဖြင့် ဥဏ, ပစ္စည်းသက်၍။ အာဏတျာသိဒ္ဓေ နုတ္တကာလေ၊ ပဉ္စမီ, ဟူသောသုတ်ဖြင့် သံဃာတော်၏ မျက်မှောက်ဖြစ်သောကြောင့်၊ သုဏာဟိ, ဟု မဇ္ဈိမပုရိသ်နှင့် ထားသင့်သော်လည်း သံဃဟူသော သဒ္ဒန္တ ရိုက်ကြောင့် အာဏတ္တိ အနက်၌ တု ဝိဘတ်သက်၍သုဏာတု ဟု ပဌမပုရိသ်ဖြင့်ထားခြင်းဖြစ်၏။

ထို့ကြောင့် ဝိမတိ၌။ “သုဏာတူတိ သဝနာဏတ္တိယံ ပဌမပုရိသေကဝစနံ” ဟု ဖွင့်ဆို၏။ ။**သုဏာတု၊ သောတဒွါရဝီထိ-တို့ဖြင့်ကြား၍၊ မနောဒွါရဝီထိတို့ဖြင့်သိစေလော့** ဟု အနက်ယောဇနာရာ၏။

ထို့ပြင် အာဏတ္တိကအရာဖြစ်သောကြောင့် သုဏာထ မေ ဘန္တေ တုမှေ-ဟု ဆိုသင့်သော်လည်း ဂုဏ်အထူးနှင့် ယှဉ်သည့်၏ အဖြစ်ကြောင့် သံဃာ့ ဂါရဝ၏ အစွမ်းဖြင့် သုဏာတု မေ ဘန္တေ သံဃော ဟု မိန့်ဆိုတော်မူသည်။ ။ဒေသေတု သုဂတော ဓမ္မံ-စသည့်တို့၌ကဲ့သို့ သိမှတ်လေ။

မေ-ဟူသော ဤသဒ္ဒါသည် အမှုသဒ္ဒါ၏ ကာရိယ ဖြစ်၍ဖြစ်သော အ-လိင်၊အနိပ္ဖန္နပါဋိပဒိက ပုဒ်တည်း။ မေ-သဒ္ဒါသည် သာမိနဒွေသ တည်း။ ။သုဏာတု,ဟူသောကြိယာ၏ ကံကိုငဲ့သောကြောင့် ဝစနံ ဟူသော ပါဌသေသ ကံပုဒ်ကို ထည့်စွက်၍။ **မေ-မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏာတု၊ ကြားနာပါလော့**-ဟု အနက်ပေး။

မေ ဟူသော ဤပါဌ်ဖြင့် ပါဂ်မောက်ကို ကြားနာစေသောပုဂ္ဂိုလ်၏ ခန္ဓာပဥ္စက သန္တာန်ကို စွဲ၍ သမုတ်အပ်သော သန္တာနပညတ် ဟု ဆိုအပ်သော အတ္တ ပုဂ္ဂိုလ် ဖြစ်ကို ပြတော်မူသည်။ သံယာ့ ထေရ်ကို မပြချေ။

ထို့ကြောင့် ဝိမတိ၌-"မေတိ ယော သာဝေတိ တဿ အတ္တနိဒ္ဒေသော သာမိဝစနံ" ဟု ဖွင့်ဆိုတော်မူ၏။

## ဘန္တေနှင့်-အာဝုသော

ဘန္တေ-ဟူသော ပုဒ်သည် ဂေရဝ,ဗဟုဝစ်တို့၏ အစွမ်းဖြင့် နှဲ မျိုးအဆုံးသော အာလုပ်အနက်ရှိသော နိပါတ်ပုဒ်တည်း။

ဤအရာဝယ် ဘန္တေ-ဟူသော ပုဒ်ကို အလေးပြုအပ်သော အဖြစ်, မြတ်နိုးအပ်သော အဖြစ်ကို ပြသော ဗဟုဝစ်အဆုံးရှိသော အာလုပ် နိပါတ်ပုဒ်တည်း။ထို့ကြောင့် ဝိမတိ၌။"ဘန္တေတိ အာလပနတ္ထေဝုဒ္ဓေသု သဂါရဝ ဝစနံ၊အာဝုသောတိ နဝကေသု"ဟု ဖွင့်ဆို၏။

သဗ္ဗညုမြတ်စွာဘုရားသည် ချမ်းကြွင်ပြည်ဝယ် တမှိတ်လပြည့် နေ့၌ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသောကာလ၊ မိမိ တပည့်သား တို့အား ပါဂ်မောက္ခုဒ္ဒေသ နည်းကို ပေးတော်မူသောကြောင့် **အာဝု သော**-ဟု မဟောဘဲ၊ ဘန္တေ ဟု ပါဠိတွင် တင်ထားတော်မူသည်။

မြတ်စွာဘုရား လက်ထက်တော်အခါ ဗျတ္တ,ပဋိဗလသာ ဖြစ်တော် မူသော သံယာ့ထေရ်များသည်လည်း ကမ္ဘဝါစာအခါ၌ သံဃာကိုအာ ကြောင်းပြု၍ ဘန္တေ-ဟု ဆိုသည်။ ရဟန်းကို အကြောင်း ပြုမူ အာဝု သော ဟု ဆိုရာ၏။ ။

သံယာ့ထေရ်သည် ဘန္တေ-ဟု ဆိုမိခဲ့သော်လည်းကောင်း၊ သိတင် ငယ်သည် အာဝုသော ဟု ဆိုမိ ခဲ့သော်လည်းကောင်း၊ **ကံမပျက်** ဟု

မှတ်ရမည်။ ။ထို့ကြောင့် ဝိမတိ၌။ "သောပိ စေ ဘင္ဂေတိ ဝဒေယျ၊ နဝကတရောဂါအာဒုသောတိ ကန္ဒကောပေါ နတ္ထိ။" ဟုဖွင့်တော်မူ၏။

## သံဃာ အပြား။

သံဃာ သဒ္ဒါသည် ပုဂ္ဂိုလ်အပေါင်းကို သာမညအားဖြင့် ဟော၏။ သံဃော၌ "သမဂ္ဂံ ကမ္မံ ဟာနတိ သမုပဂစ္ဆတီတိ သံဃော" ဟု ဝိဂြိုဟ်ပြု၍ အလုံးစုံသော သံဃာကို ယူရာ၏။ "ဒိဋ္ဌိသီလသာမညေန သံဟတော ဃနိတောတိ သံဃော" ဟု ဝိဂြိုဟ်ပြု၍ ရှစ်ယောက်သော အရိယာသံဃာကို ယူရာ၏။

**သံဃော**-ဟူသော ပုဒ်ဖြင့် သိရသော သံဃာသည် ဒက္ခိဏေယျသံဃာ, သမ္မုတိသံဃာ-ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါး တို့တွင် **စတုဝဂ္ဂ**-စသော ဝိနည်းပညတ်ဖြင့် ထင်ရှားသော ရဟန်း အပေါင်းသည် **သမ္မုတိသံဃာ**-မည်၏။ ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်အပေါင်းသည် **ဒက္ခိဏေယျသံဃာ**-မည်၏။ ။ဤအရာဝယ် ပုထုဇ္ဇန်, အရိယာ ဟု အထူး မမူ၊ သာမညအားဖြင့် သိအပ်သော **ရဟန်းအပေါင်း**-ဟုဆိုအပ်သော **သံဃာ**-ကို ယူရလေ၏။ ။ထို သံဃာသည် ကံ၏အစွမ်း အားဖြင့် စတုဝဂ္ဂသံဃာ, ပဉ္စဝဂ္ဂသံဃာ, ဒသဝဂ္ဂသံဃာ, ဝီသတိဝဂ္ဂသံဃာ, အတိရေကဝီသတိဝဂ္ဂသံဃာ ဟူ၍ငါးပါးအပြားရှိ၏။ ထိုငါးပါး တို့တွင် **စတုဝဂ္ဂသံဃာ** သည် ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံ တို့ကိုထား၍ အလုံးစုံသော သံဃကံကို ပြုနိုင်၏။ **ပဉ္စဝဂ္ဂသံဃာ** သည် မဇ္ဈိမဒေသပုဒ်တို့၌ ဥပသမ္ပဒကံ, အဗ္ဘာနကံ။ တို့ကို ထား၍ အလုံးစုံသော သံဃကံကိုပြုနိုင်၏။ **ဒသဝဂ္ဂသံဃာ** သည်အဗ္ဘာနကံကို ထား၍ အလုံးစုံသော သံဃကံကို ပြုနိုင်၏။ **ဝီသတိဝဂ္ဂသံဃာ** နှင့် **အတိရေကဝီသတိဝဂ္ဂသံဃာ** တို့သည် အလုံးစုံသော သံဃကံကို ပြုနိုင်လေ၏။ စတုဝဂ္ဂ စသော သံဃာသည် ပြုသင့်သော ကံကို သံဃာအရေအတွက် ဆုတ်ယုတ်၍ ပြုခြင်းငှါမသင့်။ ပိုလွန်မူကား ပြုခြင်းငှါ သင့်မြတ်၏ ဟု ပြခြင်းငှါ အတိရေကဝီသတိဝဂ္ဂသံဃာ ကို မိန့်ဆိုတော်မူသည်။

ထို့ကြောင့် အဋ္ဌကထာ၌၊ "သော ပန စတုဝဂ္ဂါဒိဘေဒေါ သံဃော ကမ္မပ္ပတ္တော။ ဥနကတရေနာ ကာတုံ န ဝဋ္ဋတိ၊ အတိရေကေန ပန ဝဋ္ဋတီတိ ဒဿနတ္ထံ ဝုတ္တော" ဟုဖွင့်၏။

ဆောင် (၁) ဥပသမ္ပဒါ၊ အဋ္ဌာနာနှင့် ပဝါရဏာ၊သုဖြာ ခွါကြဉ်၊ကံမှာအကုန်၊လေးပါးစုံ။ ။ပြုတုံ အပ်သည်သာ။ ။
(၂) တိုင်းမညီမျှ၊ပဗ္ဗဇ္ဇနှင့်၊ကြဉ်ရအဋ္ဌာန်၊အကြွင်း ကံကုန်၊ငါးပါးစုံ။ ။ပြုတုံ အပ်သည်သာ။ ။
(၃) ကြဉ်အဋ္ဌာန၊ကြွင်းကမ္မနှင့်၊ ပြည့်ဝဆယ်ပါး၊ ပြုတုံ ငြား။ ။ပြုထားအပ်သည်သာ။ ။
(၄) နှစ်ကျိပ် သံဃာ၊ ပြုခဲ့ရာ၊ ကံမှာ အပ်သည် ချည်း။ ။
(၅) ကံဟူသမျှ၊ ယုတ်ကမသင့်၊ တိုးလျှင်ဖြင့်၊ သင့် တင့်မှတ်ကြောင်း-အတိရေကတည်း။ ။

# ဥပုသ်-အဓိပ္ပါယ်

**အဋ္ဌုပေါသထော**-ဟူသောပုဒ်၌ အဋ္ဌ,ပုဒ်၊ဥပေါသထ ပုဒ်ဟူ နှစ်ပုဒ် ခွဲ။ ။အဋ္ဌ သဒ္ဒါသည် အဘေဒ ဘေဒ ပရိကပ္ပန ဝိသယာဓာရ-တည်း။ အဋ္ဌ,ကို ဋ္ဌမ-တည်။ ပစ္စယာ ဒနိဋ္ဌာ နိပါတနာသိဇ္ဈန္တိ-ဟူသော သုတ် ကြီးဖြင့် ဋ္ဌ-ပစ္စည်းသက်၍ ဋ္ဌမ,သဒ္ဒါကို အ,ပြု၊အဋ္ဌ,ပြီး၏။ **အဋ္ဌ, ၈ါနေ့** ဟု အနက်ပေး။

**ဥပေါသထော** ၌ "ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော"ဟုပြု၊ဥပ, ရှေးရှိသော ဝသ,တည်၊ထ,ပစ္စည်းသက်၊ဝ,ကို ဩ,ပြု၊ဥပေါသထော, ပြီး၏။ ။**ဥပေါသထော၊ သီလစသည်နှင့် ပြည့်စုံသည်ဖြစ်၍၊ သူတော် ကောင်းတို့နေထိုင်ရာနေ့** ဟု မြန်မာပြန်ဆိုပါ။ ဥပေါသထော ဟူသော ပါဠိဖြင့် အညတ္ထပေါဟာန နည်း၏ အစွမ်းအားဖြင့် ဥပုသ်နေ့ မဟုတ် သော နေ့ကိုပယ်တော်မူသည်။

"ပဉ္စဒသဝ ပန္နရသ"။ တနည်း။ ။"ပဉ္စဟ အဓိကာ ဒသ ပန္န ရသ"ဟု ပြု။ ပဉ္စ,သဒ္ဒါကို ပန္န,ပြု၊ဒသ,သဒ္ဒါကို ရ,ပြု၍ပြီး၏။

ပန္နရသန္နံ ပူရဏော ပန္နရသော" ဟု ပူရဏတဒ္ဓိတ်ပြု။ ပန္နရသော ဟူသော ပါဠိဖြင့် စာတုဒ္ဒသီ, သာမဂ္ဂီ, ဥပုသ်။ နေ့တို့ကို ပယ်တော် မူသည်။

## ဥပုသ်အပြား၊

ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် စာတုဒ္ဒသီ,ပန္နရသီ,သာမဂ္ဂီ, ဥပုသ်ဟူ၍ သုံးပါး အပြားရှိ၏။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃဥပုသ်,ဂဏဥပုသ်,ပုဂ္ဂလဥပုသ်,ဟူ၍ သုံးပါး။ အပြားရှိ၏။ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသ, ပါရိသုဒ္ဓိ,အဓိဋ္ဌာန်ဥပုသ်,ဟူ၍ သုံးပါး အပြားရှိ၏။

တနှစ်တွင် နတ္တော်,တန်ခူး, ဝါခေါင် ဤသုံးလတို့၏ လကွယ်နေ့များသည် တတိယပက္ခ စာတုဒ္ဒသီဥပုသ်နေ့တို့ မည်ကုန်၏။တပို့တွဲ, နယုန်,သီတင်းကျွတ်,ဤသုံးလတို့၏လကွယ်နေ့များသည်သတ္တမပက္ခ စတုဒ္ဒသီ ဥပုသ် နေ့တို့မည်ကုန်၏။ ကြွင်းသောလပြည့်, လကွယ်, တဆယ့်ရှစ်ဥပုသ်တို့သည် ပန္နရသီဥပုသ်နေ့တို့ မည်ကုန်၏။

ဤသို့ တနှစ်လျှင် ဥပုသ်နေ့တို့သည် နှစ်ဆယ့်လေးပါး အပြားရှိကုန်၏။ပါထပ်သောနှစ် ဟု ဆိုလျှင် ဒုတိယဝါဆိုလပြည့်နေ့ သတ္တမပက္ခ ပန္နရသီလကွယ်နေ့အဋ္ဌမပက္ခ ပန္နရသီ,ဥပုသ် ဟု ရေတွက်၍၊ ပထမဝါဆိုလအတူ ကြားရော၏။

**တနည်း။** ။နဝမပက္ခ ပန္နရသီ၊ဒသမပက္ခ,ပန္နရသီ ဟု ဆို၍လည်းကြားလေ။

ဥပုသ်ပြုသော ရဟန်းသည် အကယ်၍ စာတုဒ္ဒသီတိထိ ရက်စေ့ ဥပုသ်နေ့ဖြစ်ခဲ့သည့်ရှိသော်၊ "အဇ္ဇုပေါသထော စာတုဒ္ဒသော"ဟူ၍ ဆိုရာ၏။ ။အကယ်၍ ပန္နရသီ တိထိရက်စေ့ ဥပုသ်နေ့ဖြစ်ခဲ့သည် ရှိသော်၊"အဇ္ဇုပေါသထော ပန္နရသော" ဟူ၍ ဆိုရာ၏။ ။အကယ်၍ သာမဂ္ဂီဥပုသ်နေ့ဖြစ်ခဲ့သည်ရှိသော်၊"အဇ္ဇုပေါသထော သာမဂ္ဂီ" ဟူ၍ဆိုရာ၏။

ယဒိ,သဒ္ဒါသည် သံသယတ္ထ ဝိဘတ္တိအယုတ္တနိပါတ်ပုဒ်တည်း။ ။
**တနည်း။** ။ယဒိ,သဒ္ဒါသည် ပရိကပ္ပ,အနက်ရှိ၏။

**ထို့ကြောင့် သဒ္ဒနီတိ၌**

**သစေစေ။ယဒိသဒ္ဒေန၊ သဟယုတ္တံကြိယာပဒံ။**
**သကတ္ထံ ပရိဝဇ္ဇေတွာ၊ပရိကပ္ပတ္ထဝါစကော၊ ။**

ဟု မိန့်ဆို၏၊ ။သစေ စေ ယဒိသဒ္ဒေန၊သစေသဒ္ဒါ,စေသဒ္ဒါ,ယ

ဓိသဒ္ဓါနှင့်။ သဟာ၊ တကွ၊ ယုတ္တံ၊ ယှဉ်သော။ ကြိယာပဒံ၊ ကြိယာပုဒ်သည်။ သကတ္တုံ၊ မိမိအနက်ကို။ ပရိဝဇ္ဇေတွာ၊ ရှောင်ကြဉ်၍။ ပရိကပ္ပ ဝါစကော၊ ကြံစည်သော အနက်ကို ဟော၏ထိုကြောင့် **ယဒိသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။** ဟု ပါဌ်သေသ ကြိယာနှင့် တွဲစပ်၍ သမ္ဗန်ရာ၏။

**သံဃသ** ဟူသော ပုဒ်ကို ပတ္တကလ္လ ဟူသော ပုဒ်ဝယ် ဋ္ဌမသ ဟူသော အညပုဒ်၏ အရဖြစ်သော ဥပုသ်ကံနှင့် သံသာဓိ, အဖြင့်ဖြင့် စပ်ရာ၏။ **သံဃဿ၊ သံဃာတော်၏** ဟု မြန်မာ ပြန်ဆိုပါ။ ထို့ကြောင့် အဋ္ဌကထာ၌ "သံဃသ ဥပေါသထကမ္မံ ပတ္တကလ္လံနာမဟောတိ" ဟု ဖွင့်၏။

**ဥပေါသထံကရေယျ**- ဟူသော ပါဌ်၌ ဥပေါသထ သဒ္ဒါ၏ များသောအနက်ရှိသည်၏ အဖြစ်ကြောင့် ပါတိမောက္ခံ ဥဒ္ဒိသေယျ ဟု ဟောတော်မူပြန်သည်။ **တနည်း။** ။သံဃော ဥပေါသထံ ကရေယျ ဟူသော ပါဌ်ဖြင့် သံဃာဥပုသ်ကိုသာ ပြတော်မူသည်။ ဂဏဥပုသ်, ပုဂ္ဂလဥပုသ်တို့ကို ပြတော်မမူ။

ပါတိမောက္ခံ ဥဒ္ဒိသေယျ။ ။ဟူသော ပါဌ်ဖြင့် သုတ္တုဒ္ဒေသဥပုသ်ကိုသာပြတော်မူသည်။ပါရိသုဒ္ဓိဥပုသ်,အဓိဋ္ဌာန် ဥပုသ်တို့ကို ပြတော်မမူ။တရသောသိမ်၌စည်းဝေးသော စတုဝဂ္ဂ စသော သံဃာသည် ပြုအပ်သော ဥပုသ်သည် (သံဃဥပုသ်) မည်၏။ ။သုတ္တုဒ္ဒေသ ဥပုသ် လည်းခေါ်၏။ တရသောသိမ်၌ စည်းဝေးသော နှစ်ပါးသော ရဟန်းတို့သည် ဉတ်မထားမူ၍ ပြုအပ်သော ဥပုသ်သည် ( ဂဏဥပုသ် ) မည်၏။

**သုံး**ပါးသော ရဟန်းတို့သည် "သုဏာန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော စာတုဒ္ဒသော ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ" ဟူ၍၎င်း၊ သုဏာတု မေ၊ လ၊ ပန္နရသော၊ လ။ကရေယျာမ" ဟူ၍၎င်း။ ဉတ်ထား၍ ပြုအပ်သော ဥပုသ်သည် (ဂဏဥပုသ် မည်၏။'ပါရိသုဒ္ဓိဥပုသ်'လည်းခေါ်၏။

တရသော သိမ်၌ ထိုင်နေသော တပါးသော ရဟန်းသည်။သမ္မုခ နှ **အစရှိသော** အလုံးစုံသော ပုဗ္ဗကိစ္စတို့ကို၊ တပါးသော ရဟန်းနေ

ထိုင်လောက်အောင် အရင်၌ ပြု၍။ တပါးသောရဟန်းတို့၏ မလာခြင်းကို သိနိုင်သေးသော၊ 'အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ'' ဟူ၍ရင်း။ 'အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ'' ဟူ၍ရင်း ဆို၍ပြုအပ်သော ဥပုသ်သည် (ပုဂ္ဂလဥပုသ်)မည်၏။ (အဓိဋ္ဌာန်ဥပုသ်) ဟူ၍လည်းဆို၏။

ဥဒ္ဒိဋ္ဌပန်,ကိုပြပြီး၍၊ (ပုဗ္ဗကိစ္စပုဗ္ဗကရဏ)ကိုပြတော်မူလို၍။ (ကတံ သံဃဿပုဗ္ဗကိစ္စံ ဟုဟောတော်မူသည်။ ကိံ သဒ္ဒါသည် ပုစ္ဆနတ္ထ၀ါစက သဗ္ဗနာမ်ပုဒ်တည်း။သံဃဿ၊ သံဃာတော်၏။ ၀ါ၊ သံဃာတော်သည်။ပုဗ္ဗကိစ္စံ၊ ကိုးပါးအပြားရှိသောပုဗ္ဗကိစ္စကို။ ကတံ၊ ပြုအပ်ပြီ လော။ ။သံဃဿ ပုဒ်ကိုသမ္ပဒာန်အနက် ပေးသောအခါ၊တိက္ခုနာဟု ကဲ့ထည့်ပါ။

ဘဖြက်လှည်းခြင်း အစရှိသော ကိုးပါးအပြားရှိသော အမှုကိုဥဒ္ဒေသ ထားသည် မှရှေးအဘို့၌ ပြုအပ်သောကြောင့် **ပုဗ္ဗကိစ္စ**-ဟု ခေါ်ဆိုလေသည်။ဥဒ္ဒေသထားသည်မှရှေးအဘို့၌ပြုသင့်သောကြောင့် "သုဏာတု မေ ဘန္တေ သံဃော ကိံ သံဃဿ ပုဗ္ဗကိစ္စံ''ဟု ဆိုသင့်သည် မဟုတ်ပါ လော။ ဆိုသင့်သျက်, အဘယ်၏အစွမ်းဖြင့်'' ကိံ သံဃဿပုဗ္ဗကိစ္စံ'' ဟူသောစကားကိုဥဒ္ဒေသထားသည်မှနောက်ကာလ၌ဆိုအပ်ပါသနည်း။ ပြုအပ်ပြီးသော ပုဗ္ဗကိစ္စ,မပြုအပ်သေးသော အနာဝဋိကရဏ,ကို ငဲ့သည်၏ အစွမ်းဖြင့် ဥဒ္ဒေသထားသည်မှ နောက်၌ မိန့်ဆိုတော်မူသည်။

တို့ကြောင့်အနုဝဏ္ဏနာ၌—၊ "ကတာ ကတာ ပေက္ခ ၀သေန ပုဗ္ဗကိစ္စဉ္စ ကာံ ပရိသုဒ္ဓိ ပစ္စယောဟောတိ၊အနာဝဋိကရဏံပန အကတံ အပရိသုဒ္ဓိပစ္စယော ဟောတီတိ—ဟု ခန့်ဆုံးတော်မူ၏။

ဥဿျောဇဥ်ကို ပြလို၍၊ ပါရိသုဒ္ဓိ အာယသ္မ န္တော အာရောစေထ- ဟူ၍ မိန့်ဆိုတော်မူသည်။ထိုတွင်,ပါရိသုဒ္ဓိ,ဟူသော ပုဒ်၌ ပရိသုဇ္ဈတိ ပရိသုဒ္ဓေါ-ဟုပြု၍၊ အာပတ်မှ စင်ကြယ်သော ရဟန်းကိုယူ။ ပရိ သုဒ္ဓဿဘာ၀ေါပါရိသုဒ္ဓိ-ဟုပြု၍၊စင်ကြယ်သော ရဟန်း၏ အဖြစ်ဟု ဆိုအပ်သောဂုဏ်ကိုယူ။ ပါရိသုဒ္ဓိ-၌၊ ဏာဝိသမာဒိဟ,သုတ်ဖြင့်၊ ဏ- ပစ္စည်းသက်၊အ,ကို အာဝုဒ္ဓိပြု။နဒါဒိတော ၀ါ ဤ-ဟူသောသုတ်ဖြင့်၊ဤ ပစ္စည်းသက်၍ပြီး၏။

**အာယသ္မန္တော** ဟူသော ပုဒ်သည် စည်းဝေးသော ရဟန်းတို့ကို ချစ်ဘွယ်ဆိုသော ပိယဝစနဖြင့် ခေါ်ဝေါ်ကြောင်းဖြစ်သော အာလုပ်ပုဒ်တည်း။ ။တနည်း။ ။အလေးအမြတ် ပြုသော အားဖြင့် ခေါ်ဝေါ်ကြောင်းဖြစ်သော အာလုပ် ပုဒ်တည်း။ ဝိနည်း မဟာဝါ၌ "အာယသ္မန္တောတိ ပိယဝစနမေတံ ဂရုဝစနမေတံ" ဟု ဟောတော်မူ၏။ ။

**တနည်း**။ ။အာယသ္မန္တော ဟူသော ပုဒ်သည် ငယ်သေသောအဖြစ်နှင့်တကွ တည်ဝင်သော အဖြစ်နှင့်တကွ ဖြစ်သည်ကိုစွဲ၍ ဖြစ်သော အာလုပ်ပုဒ်တည်း။ ။ထိုပါဠိတော်၌ပင်-။ "သဂါရဝ သပ္ပတိဿာဓိဝစနမေတံ အာယသ္မန္တောတိ" ဟု ဟောတော်မူသည်။

**အာရောစေထ** ဟူသော ပုဒ်သည် ဒေသနာကံကို ဒေသနာကြားရန်၊ ဝုဋ္ဌာနကံကို ထင်ရှားစွာပြုရန်၊ တိုက်တွန်းချက် အနက်ရှိသော အာချာတ်ပုဒ်တည်း။ ။"အသျှင်ကောင်းတို့၊ မိမိ၏ အာပတ်မှ စင်ကြယ်သော အဖြစ်ကို မဖုံးမထား ပြောကြားကြကုန်လော့"ဟု ဆိုလိုသည်။

အဘယ်အကြောင်းကြောင့် ပြောကြားရပါသနည်းဟု မေးဘွယ်ရှိသောကြောင့် " ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဟူသော စကားကို မိန့်ဆို၏။

"အကျွန်ုပ်သည် **အာဏာ**-ဟု ဆိုအပ်သော ပါတိမောက်ကို ပြမည် ဖြစ်သောကြောင့် မိမိ၏ အာပတ်မှ စင်ကြယ်သော အဖြစ်ကို ပြောကြားကြကုန်လော့ " ဟု ဆိုလိုသည်။ "န ဘိက္ခဝေ သာပတ္တိကေန ဘိက္ခုနာ ပါတိမောက္ခံ သောတဗ္ဗံ၊ ယော သုဏေယျ အာပတ္တိ ဒုက္ကဋဿ" ဟူ၍ ဟောတော် မူသောကြောင့် အာပတ် မစင်ကြယ်သော ရဟန်းတို့သည် အာဏာ ပါတိမောက်ကို ကြားနာခြင်းငှါ မသင့်ကုန်၊ မသင့်ခြင်းကြောင့် မိမိအာပတ်မှ စင်ကြယ်သော အဖြစ်ကို ပြောကြားကြကုန်လော့ ဟု ဆိုသည်။ ။

ဘိက္ခဝေ၊ တို့။ သာပတ္တိကေန၊ အာပတ်ရှိသော။ ဘိက္ခုနာ၊ သည်။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ န သောတဗ္ဗံ၊ မကြားနာအပ်။ ယော ဘိက္ခု၊ သည်။ သုဏေယျ၊ ကြားနာငြားအံ့၊ တဿဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ။

**ဥဒ္ဒိသိဿာမိ**-ဟူသောပါဌ်ဖြင့် ဒေသနာကြား လွန်ထင်ရှားအောင် မမှားဆောင်ရမည် ဟု ဆိုလိုသည်။

**ထို့ကြောင့် မဟာဝါဌ်၌ "ဥဒ္ဒိသိဿာမီတိ အာစိက္ခိဿာမိ ဒေသေဿာမိ ပညပေဿာမိ ပဋ္ဌပေဿာမိ ဝိဝရိဿာမိ ဝိဘဇိဿာမိ ဥတ္တာနိံ ကရိဿာမိ ပကာသေဿာမိ"ဟု ဟောတော်မူသည်။**

ပါတိမောက္ခံဥဒ္ဒိသိဿာမိ ဟူသော စကားသည် ပဋိညာဉ်မဟုတ်၊ ပါရိသုဒ္ဓိအာရောစန၏အကြောင်းတည်း။ သုဏာတမေ,မနသိကရောမ ဟူသော စကားကိုငဲ့၍၊ **ပဋိညာဉ်** -ဟု ဆိုခြင်းငှါလည်း သင့်၏။ ထို့ကြောင့် တန္တ္ထိ နည်း၏ အစွမ်းအားဖြင့် ပါတိမောက္ခံဥဒ္ဒိသိဿာမိ-ဟူသော စကားကို အလယ်၌ထားတော်မူသည်။

"ပန္နမေ ဘိက္ခဝေ ပါတိမောက္ခုဒ္ဒေသာ" ဟု ဆိုသောကြောင့် ဥဒ္ဒိသာမိ ဟုပစ္စုပ္ပန်ကာလနှင့်ဆိုသင့်သည်မဟုတ်ပါလော။ဆိုသင့်လျက် အဘယ့်ကြောင့် မဆိုပါသနည်း ဟု မေးသော်။ နိဒါန်း၏ အဆုံး၀ယ် ကစ္စိတ္ထ ပရိသုဒ္ဓါ ဤသို့ စသည်ဖြင့် သုံးကြိမ်မြောက် မေးစိစစ်သည်၏ အဆုံး၌သာ အာပတ်သင့်ရာ ခေတ်ဖြစ်သောကြောင့် ပစ္စုပ္ပန် ကာလနှင့်မဆိုဘဲ ဥဒ္ဒိသိဿာမိ ဟု အနာဂတ် ကာလဖြင့် မိန့်ဆိုတော်မူသည်။ ဤအလိုအားဖြင့် "ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဟူသောစကားကို "သမုဒ္ဒေါ မယာ ဒိဋ္ဌော" ကဲ့သို့ **ကေဒေသူပစာ**-ဟု မှတ်။

**တနည်း** ။ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ဟု အနာဂတ်စကားဖြင့် ဆိုသောကြောင့်ရင်း။ အောက်ကိုငဲ့သည်၏ အစွမ်းဖြင့် ဖွေ့က် တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ, ဟု ဆိုသောကြောင့် ရင်း။ **ပါရာဇိကအစ, အဓိကရဏသမထ-အဆုံးရှိသော စကားသာ မုချအားဖြင့် ပါတိမောက်မည်၏။ ကြွင်းသောစကားများသည် ဥပစာ,အားဖြင့် ပါတိမောက်မည်သည်**-ဟု မှတ်။

သံယော ဥပေါသထံ ကရေယျ ပါတိမောက္ခံ ဥဒ္ဒိသေယျ,ဟူသော ရှေးစကားကဲ့သို့၊ သံယော ဥပေါသထံ ကရိဿတိ ပါတိမောက္ခံ ဥဒ္ဒိသိဿတိ-ဟု ဟောတော်မူသော်သာ ရှေ့နောက်စကား မမှားညီညာ သင့်တင့်ရာသည် ဖြစ်ပါလျက်၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ဟု အမှ ယောဂနှင့် ဆိုခြင်းသည် ရှေ့နောက်ဆန့်ကျင်၍ နေသည်မဟုတ်လော ဟု မေးသော်၊ သံယာတို့၏ ညီညွတ်သောအားဖြင့်သာလျှင်၊ ပုဂ္ဂိုလ်

သည် ပြအပ်သောကြောင့် သုံးပါးသည်လည်း ဥပစာ-အားဖြင့် အာ ဏာပါတိမောက်ကိုပြအပ်သည်မည်ပါ၏။ ထို့ကြောင့်သဘောအားဖြင့် ရှေ့နောက်စကား ညီညွတ်၍သွားတော့သတည်း။

# ပါတိမောက် ပြခြင်း အစီအစဉ်။

**ပါတိမောက္ခသဝနဝိဓိ**-ကို ပြလို၍၊ "တံ သဗ္ဗေဝ သန္တာ သာရက် သုဏောမ မနသိကရောမ-တို့ကိုမိန့်တော်မူသည်။ ထိုပါဠိအပေါင်းဘို့ တွင် **တံ**-ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် **တံ,ပါတိမောက္ခံ**-ဟုစွဲ။ **သဗ္ဗေဝ**- တွင် သဗ္ဗ,သဒ္ဒါသည် သပ္ပဒေသသဗ္ဗ, နိပ္ပဒေသသဗ္ဗ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဆိမ်ခွဲစည်းဝေးသော ရဟန်းတို့ကိုသာ လျှင် စွဲယူသောကြောင့် **သပ္ပဒေသသဗ္ဗ** တည်း။ **ဧဝ** သဒ္ဒါသည် သိမ် အပြင်၌ရှိသော အလုံးစုံသော ရဟန်းကို မှတ်၍ ပြဆိုသောကြောင့် နိ **ယာမ** အနက်ရှိ၏။ **သန္တာ** သဒ္ဒါသည် **ထင်ရှားခြင်း** ကြိယာကို ဟော သော ကိတ်ပုဒ်တည်း။ ။တနည်း။ ။သူတော်ကောင်းခြင်းကို ဟော သော **ဒဗ္ဗဝါစက** နာမ်ပုဒ်တည်း။

ဥပုသ်အိမ် သိမ်အပြင်ဝယ် ထိုရဟန်းပရိသတ်၌ ထေရ, နဝ, မဇ္ဈိမအားဖြင့် ရှိရှိသမျှသော ရဟန်းတို့ကို သဗ္ဗေဝ သန္တာ ဟု ယူ ရ၏သည်။ ။

> ထို့ကြောင့် ပါဠိတော်၌ " သဗ္ဗေဝ သန္တာတိ ယာဝတိကာ တဿာပရိ သာယ ထေရာစ နဝါစ မဇ္ဈိမာစ တေ ဝုစ္စန္တိ သဗ္ဗေဝ သန္တာတိ" ဟု ဟော တော်မူသည်။

**သာရက်** ဟူသော သဒ္ဒါသည် ဘာဝနပုံသကနိဒ္ဒေသတည်း။ "ဘ ဝန် ဘာဝေါ"ကြိယာရစေ၊ ။"ဘာဝံ အနုဂတံ နပုံသကံ ဘာဝ နပုံသကံ"ပြခန်းသောကြိယာသို့ အစဉ်လိုက်သော နပုံးကိုယူလေ။ တနည်း။ ။"ဘာဝံ ဘေဒကံ နပုံသကံ ဘာဝနပုံသကံ" ဟု ပြု၍ ပြခန်းသော ကြိယာကို အထူးပြုတတ်သောနပုံးကိုယူ။ "ဘာဝနပုံ သကန္တိ နိဒ္ဒေသော ဘာဝနပုံသကနိဒ္ဒေသော" ဟု ပြု၍ ဘာဝနပုံး ဟု ပြကြောင်းဖြစ်သော သဒ္ဒါကို ယူ။

သာရက် ၌"ဘာဝနပုံသကေ ဒုတိယေကဝစနံ" ဟူသော သဒ္ဒနီ တိသုတ်ဖြင့် ဘာဝနပုံး ဟု ဆိုအပ်သော ကြိယာဝိသေသနအနက်၌

ဒုတိယာဝိဘတ် သက်၍ ပြီး၏။ ဘာဝနပုံး ဟူသော ဝေါဟာရသည် **သာသနဝေါဟာရ** ကြိယာဝိသေသနဟူသော ဝေါဟာရသည် **သဒ္ဒ ဝေါဟာရ** ဖြစ်သည်။

ထိုကြောင့် သဒ္ဒနီတိ၌ " ဧတ္ထစ ဘာဝနပုံသကန္တိ သာသနေ ဝေါဟာရော၊ ကြိယာဝိသေသနန္တိ သဒ္ဒသတ္ထေ" ဟု မိန့်ဆို၏။ **ကြိယာဝိသေသန** ဟုလည်း ခေါ်ဆို၏။

**သုဏောမ** ဟူသော ပါဌ်ဖြင့် **သောတဒွါရဝီထိတို့ဖြင့် ကြား၍၊ မနောဒွါရဝီထိတို့ဖြင့် မှတ်ကြကုန်စို့** ဟု ဆိုလိုသည်။ **မနသိကရောမ** ဟူသော ပါဌ်ဖြင့် **တခုသော အာရုံရှိသော စိတ်ရှိကုန်သည်ဖြစ်၍၊ ဝီထိပဋိပါဒက,ဇဝနပဋိပါဒက ရှေ့သွားရှိသော စိတ်၌ ထားကြကုန်စို့** ဟု ဆိုလိုသည်။

ထို့ကြောင့် မဟာဝါပါဠိတော်၌ "သာဓုကံ သုဏောမာတိအဋ္ဌိကတွာ မနသိကတွာ သဗ္ဗစေတသာ သမန္နာဟရာမ၊မနသိကရောမာတိ ဧကဂ္ဂစိတ္တာ အဝိက္ခိတ္တစိတ္တာ အဝိသာဟဋစိတ္တာ နိသာမေမ" ဟု ဟောတော်မူ၏။

ဝဒန္တပုဂ္ဂိုလ်ကို ညွှန်ပြသည့်၏ အစွမ်းဖြင့် " ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ" ဟု ဆိုခဲ့သောကြောင့်၊ သုဏန္တပုဂ္ဂိုလ်ကို ညွှန်ပြသည့်၏ အစွမ်းဖြင့် သုဏာထ,မနသိကရောထ-ဟူ၍ရင်း။ အနာဂါတ်ကာလနှင့် သုဏိဿာမ,မနသိကရိဿာမ ဟူ၍ရင်း။ ဆိုသင့်ပါသည်မဟုတ်လော ဟု မေးသော်။ ပါတိမောက်ပြသော ရဟန်း၏လည်း သံဃာ၌အကျုံးဝင်သည့်၏ အဖြစ်ကြောင့် သုဏောမ မနသိကရောမ ဟူ၍သာ ဆိုသင့်ပါသည်။သုဏာထ မနသိကရောထ စသည်ဖြင့် မဆိုသင့်ပါ ဟု ဖြေဆိုပါ။

# အာပတ်စင်ကြယ်မှုပြောကြားပုံ။

**ပါရိသုဒ္ဓါရောစနာကာရ** ကို ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည် " ယဿ သိယာ အာပတ္တိ" စသည်ကို မိန့်ဆိုတော်မူသည်။ ထိုပါဌ်အပေါင်းတို့တွင် ယဿ၌ ယ သည် သဗ္ဗနာမ်ပုဒ် ဖြစ်ငြားသော်လည်း အတ္ထုပကရဏ အနက်အရာ၏အစွမ်းဖြင့် ဘိက္ခုနော ဟု စွဲလေ။ ။သိယာသည် အသ ဓာတ် သတ္တမီ-ဝိဘတ်ဖြင့် ပြီးသော အာချာတ်ပုဒ်တည်း။ ။အာပတ္တိ ဟု သာမညအားဖြင့် ဆို

တော်မူသောကြောင့် ပါရာဇိက, သံဃာဒိသိက်, ထုလ္လစ္စည်း, ပါစိတ်ပါဋိဒေသနီ,ဒုက္ကဋ်,ဒုဗ္ဘာသိ အားဖြင့် ခုနစ်ပုံသော အာပတ်တို့ကို ယူပါ။

ယာသာ သိယာ အာပတ္တိ ဖြင့်။ **အကြင်ထေရ,နဝ,မဇ္ဈိမ,ဖြစ်သော ရဟန်းတို့အား၊ ခြောက်ပါးသော အကြောင်းတို့တွင် တခုခုသောအကြောင်းကြောင့် သင့်သော ခုနစ်ပုံသော အာပတ်တို့တွင်၊တခုခုသော အာပတ်ရှိငြားအံ့**ဟုဆိုလိုသည်။

အာပတ်သင့်သော ရဟန်းအား အရှက်မရှိခြင်းကြောင့်၎င်း၊မသိခြင်းကြောင့်၎င်း။ကုက္ကုစ္စသည် နှိပ်စက်အပ်သောကြောင့်၎င်း။ မအပ်သော ဝတ္ထုၥ၌ အပ်၏ဟု အမှတ်ရှိသောကြောင့်၎င်း။အပ်သောဝတ္ထု၌ မအပ်ဟု အမှတ်ရှိခြင်းကြောင့်၎င်း။ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့်၎င်း။ ဤခြောက်ပါးသော အကြောင်း တို့ကြောင့် အာပတ်သင့်သည်။

**ဆောင် ။ မရှက်,မသိ၊ နှိပ်စက်ဘိ,ကုစ်၊အဟုတ် အပ်ထင်၊ မအပ်ထင်နှင့် မေ့လျှင်သတိ၊ ခြောက်ပါးရှိ။ မှတ်ဘိ အာပတ်သင့်ကြောင်းတည်း။ ။**

သော အာဝိကရေယျ ဟူသော ပါဌ်ဖြင့် အာပတ်သင့်သော ရဟန်းသည် သံဃာ,ဂိဏ်း,ပုဂ္ဂိုလ် သုံးပါးတို့တွင် တပါးပါး၌ အာပတ်ကို ထင်စွာပြုလော့ ဟု ဆိုလိုသည်။ ။ထင်စွာပြုဆိုသည်မှာ ဒေသနာကြားခြင်း,ထင်စွာပြုခြင်း နှစ်ပါးကိုပင် ဆိုလိုသည်။

ထိုကြောင့်ကင်္ခါအဋ္ဌကထာ၌— " သော အာဝိ ကရေယျာတိ သော တံ အာပတ္တိံ ဒေသေတုဝါ ပကာသေတုဝါတိ ဝုတ္တံဟောတိ" ဟု ဖွင့်ဆိုတော်မူ၏။ဋီကာသစ်၌ကား–"ဒေသေတုဝါ ပကာသေတုဝါတိ သံဃမဇ္ဈေဝါ ဂဏမဇ္ဈေဝါ ဧကပုဂ္ဂလေဝါ၊ ဒေသေတုဝါ ပကာသေတုဝါ" ဟုဖွင့်ဆိုတော်မူ၏။

ရဟန်း၏အဖြစ်ကို ပယ်စွန့်ခြင်းသည် ပါရာဇိကအာပတ်ကို ဒေသနာကြားသည် မည်၏။ ။ပြောကြားခြင်းသည် ပါရာဇိကအာပတ်မှ ထသည် မည်၏။

ထိုကြောင့် ဋီကာသစ်၌– "ဧတ္တစ ပါရာဇိကာပတ္တိ ဒေသနာမ၊ ဘိက္ခု ဘာဝဿ ပရိစ္စာဂေါ၊ ဝုဋ္ဌာနမ္ပန ဒေသနာဝိသေသတ္တာ ဒေသနာတိဒဋ္ဌဗ္ဗံ" ဟု ဖွင့်ဆိုတော်မူ၏။

အာဝိ ကရေယျ၌ ယျ-ဝိဘတ်သည် စေခိုင်းခြင်း အာဏတ္တိအနက်၌ ဖြစ်၏။အနုမတိ,ပရိကပ္ပ အနက်တို့၌ မဖြစ်၊ဒေသေတုဝါ·ပကာသေတုဝါ ဟူသော သံဝဏ္ဏနာကို ထောက်ရာ၏။ ။တနည်း။ ။ ယျဝိဘတ်သည် အနုမတိ,ပရိကပ္ပ အနက်တို့၌ ဖြစ်၏ ဟု ဆိုခြင်းငှါ သင့်၏။ နိဒ္ဒေသပါဠိတော်၌ကား "သော အာဝိကရေယျာတိ ဒေသေယျ သော အာဝိ ကရေယျ" ဟူသော ပါဠိကို ထောက်ဆလေ။

တပါးသော ပရိယာယ်အားဖြင့်လည်း ပါရိသုဒ္ဓိဥပောသထကာရကို ပြလို၍ "အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ" ဟု မိန့်တော်မူ၏။ ။ထိုနှစ်ပါးတို့တွင် ပထမနည်းမှာ အသန္တိယာ သည် လက္ခဏကြိယာကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်း။ "အာပတ္တိယာ" အာပတ်သည်။ အသန္တိယာ အသန္တိယာဝေ၊ မရှိသော်သာ၊ တေန ဘိက္ခုနာ၊သည်။ တုဏှီ၊ စကားမပြွက် ဆိတ်ဆိတ်နေလျက်ရှိသည်၊ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။

တနည်း။ ။သော အာဝိ ကရေယျ မှ-သော အလိုက်ခံ၍။ သော ဘိက္ခု၊သည်။အာပတ္တိယာ၊အာပတ်သည်။ အသန္တိယာ-အသန္တိယာဝေ၊ မရှိသော်သာ။ တုဏှီ၊ ဆိတ်ဆိတ်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

တေန ဘိက္ခုနာ ဟူသော ပါဌသေသ, သည် လက္ခဏဝန္တ အဝုတ္တ ပကာသိ ကတ္တားကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်း။ တုဏှီ ဟူသော ပါဌ်သည် လက္ခဏ ဝိကတိ ကတ္တားကို ညွှန်ပြကြောင်း ဖြစ်သော သဒ္ဒါတည်း။ ဘဝိတဗ္ဗံ ဟူသော သဒ္ဒါသည် လက္ခဏကြိယာကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်း။ဒုတိယနည်း၌ သော,ပဟီယိဿတိ၊ သော,ဘုယျတေ ဟူသော ပါဠိများနှင့်အညီ ယောဇနာသည်။ ။

အသန္တိယာ ဟူသော ပုဒ်ဝယ် အတွင်းသို့ဆောင်၍ သိအပ်သော ဧဝ-သဒ္ဒါဖြင့် အာပတ်ရှိခဲ့သော် ဆိတ်ဆိတ် မဖြစ်ရာဟူသော အဓိပ္ပါယ်ကို ပြသည်။ ။ဆိတ်ဆိတ်နေသော အဖြစ်ကြောင့် ရအပ်သော အကျိုးကို ပြတော်မူလို၍။ "တုဏှီဘာဝေန ခေါ ပနာယသ္မန္တေ ပရိသုဒ္ဓါတိ ဝေဒိဿာမိ" ဟူသော စကားကို မိန့်ဆိုတော်မူသည်။

ငင်းစကားဖြင့် ဆိတ်ဆိတ်နေသည်၏ အဖြစ်ကြောင့်လည်း **အသျှင်ဘုရားတို့ကို အာပတ်မှ စင်ကြယ်၏ ဟူ၍ သိရပါမည်**-ဟု ဆိုလိုသည်။

ခေါ သဒ္ဒါသည် ပ-သဒ္ဒါကဲ့သို့ သမ္ဗန္ဓာနအနက်ရှိ၏။ပန သဒ္ဒါသည် ဟိ-သဒ္ဒါကဲ့သို့ ဝိသေသ အနက်ရှိ၏။ ဝေဒိတဗ္ဗော ဟူသော ပုဒ်၌ ဝိဒ, ဓာတ်သည် ဉာဏ,အနက်၌ဖြစ်၏။လာဘ-စသော အနက်တို့၌ မဖြစ်။ ။

ပါတိမောက္ခုဒ္ဒေသက ရဟန်းသည်ကား။အချင်းချင်း အာပတ်ကို ထင်စွာမပြုမူ၍ ဆိတ်ဆိတ်နေသော ရဟန်းတို့ကို မြင်ခဲ့သော် စကားမပွက် ဆိတ်ငြိမ်လျက်နေသောအဖြစ်ကြောင့်သာလျှင်။ကြားအပ်သော ပါရိသုဒ္ဓိ ရှိကုန်၏ ဟု အောက်မေ့၍ "သုဏာတု မေ ဘန္တေ" ဤသို့စသည်ဖြင့် **ပါတိမောက်ပြခြင်းကို အားထုတ်ရာပြီ**-ဟု မှတ်ရာ၏။ ။

**ငင်း၀ါကျ၌ မြန်မာပြန်ဆိုနည်းကား။** ။ပန၊ ဆိတ်ဆိတ်နေရခြင်း၏ အကျိုးကိုမိန့်ဦးအံ့။အာယသ္မန္တော၊ အသျှင်ဘုရားတို့ကို။ တုဏှီဘာဝေနခေါ- တုဏှီဘာဝေနပိ၊ ဆိတ်ဆိတ် နေသည်၏ အဖြစ်ကြောင့်လည်း။ပရိသုဒ္ဓါတိ အာပတ်မှ စင်ကြယ်ကုန်၏ဟူ၍။ဝေဒိတဗ္ဗော၊ သိရအံ့။ ။

ပန၊အနာဝိကရဏာဟု ဆိုအပ်သော အဘို့တပါးကိုမိန့်ဦးအံ့။ခေါ ဧကစ္စေန၊စင်စစ်အားဖြင့်။ပစ္စေကပုဋ္ဌဿ၊ အသီးအသီးမေးအပ်သော ပုဂ္ဂိုလ်၏။ဝေယျာကရဏံ၊ပြောကြားခြင်းသည်။ ဟောတိ၊ယထာ၊ ဖြစ်သကဲ့သို့။ဧဝမေဝ၊ပမာဆိုမူ ထို့အတူသာလျှင်။တဿာပရိသာယ၊ထိုရဟန်းပရိသတ်၌။မံ၊ငါ့ကို။ပုစ္ဆတိ၊မေးခဲ့၏။ဣတိ၊သို့။ဇာနိတဗ္ဗံ၊ သိရာ၏။ဇာနိတွာ၊သိ၍။ဗျာကာတဗ္ဗံ၊ ဖြေကြားရာ၏။ ဧဝရူပါယ၊ ဤသို့သဘောရှိသော၊ပရိသာယ၊ရဟန်းပရိသတ်၌။ယာဝ တတိယံ၊ သုံးကြိမ်မြောက် အဖန်ဖန် မေးစိစစ်ခြင်း၏ အပိုင်းအခြားတိုင်အောင်။ အနုသာဝိတံ၊အဖန်ဖန် မေးစိစစ်အပ်သည်၊ ဟောတိ၊၏။ ။

**ဤအနက်ယောဇနာခြင်းကား။** "ယထာ ခေါပန ပစ္စေကပုဋ္ဌဿ ဝေယျာကရဏံ ဟောတီတိ၊ယထာ ဧကေန ဧကော ပုဋ္ဌော ဗျာကရေယျ၊ ဧဝမေဝ တဿာပရိသာယ ဇာနိတဗ္ဗံ မံပုစ္ဆတီတိ" ဟူသော ပဒဘာဇနီနှင့် အညီ ယောဇနာလေသည်။

**တနည်း။** ။ပန၊အနာဝိကရဏာ အာပတ်ဟု ဆိုအပ်သော အဘို့တပါးကို မိန့်ဦးအံ့။ခေါ-ဧကစ္စေန၊စင်စစ်အားဖြင့်။ပစ္စေကပုဋ္ဌဿ၊အသီးအသီး မေးအပ်သော ပုဂ္ဂိုလ်၏။ဝေယျာကရဏံ၊ ဖြေကြားခြင်း

သည်။ဟောဘိယာတာ ဖြစ်သကဲ့သို့။ဝေမေဝ၊ ပမာဒိုမူ။ ထိုအတူသာ လျှင်။ဝေ ရူပါယ၊ဤသို့သဘောရှိသော။ ဘိက္ခုပရိသာယ၊ ရဟန်းပရိ သတ်၌။ဣဒံပါတိမောက္ခံနာမ၊ဤပါတိမောက်မည်သည်။ဝါ၊ ဤပါတိ မောက်မည်သည်ကို။ယာဝတတိယံ၊သုံးကြိမ်မြောက် အဖန်ဖန် မေးစိ စစ်ခြင်း၏ အပိုင်းအခြားတိုင်အောင်။အနုသာဝိတံ၊အဖန်ဖန် မေးစိစစ် အပ်သည်။ဟောတိ၊၏။ ဧဝံ၊သို့။အနုသာဝိယမာနေ၊အဖန်ဖန် မေးစိစစ် အပ်သည်။သတိ၊ရှိသော်။ကောသိမာယံ၊ တသိမ်တည်း၌။ သန္နိပတိတ ဘိက္ခူ၊ စည်းဝေးသောရဟန်းတို့သည်။ သန္တိံ၊ ထင်ရှားရှိသော။ အာ ပတ္တိံ၊အာပတ်တိုးပဋ္ဌေကံ၊ အသီးအသီး။ အာဝိကရေယျုံ၊ ထင်စွာပြု ကုန်ရာ၏။ ။ဤကား အနုဝဏ္ဏနာဋီကာနှင့်အညီ ယောဇနာသည်။

ဆရာတော် ဦးဗုဓ် ကား တမျိုးအားဖြင့် ယောဇနာသည်ကို ဉာဏ် ဖြင့်စဉ်းစား နှလုံး၌ပွားကြကုန်လော။ ။

## အနာဝိကရဏာ အာပတ်ကို ပြခြင်း။

ဤသို့ ပတ္တကလ္လ အင်္ဂါ၌ အကျုံးဝင်သော ပါရိသုဒ္ဓါရောစနကိုပြပြီး ၍။သရအခါဝယ် နိဒါန္ဒေသအဆုံး၌ ရောက်သင့်သော အနာဝိကရဏာ အာပတ်ကို ဥပလက္ခဏာနည်း၏ အစွမ်းဖြင့် ပြခြင်းငှါ “ယထာ ခေါ ပန ပစ္စေကပုဋ္ဌဿ” ဤသို့စသော စကားကို မိန့်မြွက်တော်မူသည်။ ထို ပါဌ်အပေါင်းတို့တွင် ယထာ သဒ္ဒါသည် ဥပမာကို ထွန်းပြသော အ နက်၌ဖြစ်သော နိပါတ်ပုဒ်တည်း။ ပကာရ-စသော အနက်၌မဖြစ် ဟု မှတ်လေ။ ။ခေါ သဒ္ဒါသည် ဧကန္တတ္ထနိပါတ်ပုဒ်တည်း။ ပဒပူရဏ, ဝိသေသန စသော အနက်တို့၌ မဖြစ်၊ ။

ပစ္စေကပုဋ္ဌဿ ဟူသော ပုဒ်၌ “ ပစ္စေကံ ပုဋ္ဌိယာတိတိ ပစ္စေက ပုဋ္ဌော” ဟု ပြု၍ အမှတ်မရှိ တစုံတယောက်သော ပုဂ္ဂိုလ်ကိုယူ၊ ။ ‘ သာဒိသတ္တံ ပုဋ္ဌ ဘန္တေ ဟဿာဒိဟိ ဌော”ဟူသော သုတ်ဖြင့် ခါတွန် ဆ,နှင့်တကွ တ,ပစ္စည်းကို ဌ,ပြု၍ပြီး၏။

ဝေမေဝ သဒ္ဒါသည် ဥပမေယျ အနက်ကို ထွန်းပြ တတ် သော နိ ပါတ်ပုဒ် အပေါင်းတည်း။ ပရိသာယ ဟူသောပုဒ်သည် ဝိသယာဓာရ နိဒ္ဒေသတည်း။ “ပရိသမန္တတော သေတိပဝတ္တတီတိ ပရိသာ”ဟု ပြု ၍ ရဟန်းအပေါင်းကိုယူ။ဤပရိသာ သဒ္ဒါသည် သဒ္ဒတ္ထိလိင်တည်း။

ယာဝတတိယံ ၌ ယာဝ သဒ္ဒါသည် ပရိစ္ဆေဒနတ္ထ နိပါတ် ဖြစ်သတည်း။ "တတိယဿ ယဿ ကော ပရိစ္ဆေ ဒေါ ယာဝတတိယံ" ဟု ပြု၍ သုံးချက်၏ ပြည့်ကြောင်းဖြစ်သော အဖန်ဖန်မေးစိစစ်ခြင်း၏ အပိုင်းအခြားကိုယူ။ အနုသာဝိတံ ၌ "အနုပုနပ္ပုနံ သာဝိယတီတိ ပုန္ဒိယတိတိ အနုသာဝိတံ" ဟု ပြု၍ အဖန်ဖန် မေးမြန်းအပ်သော စင်ကြယ် သော အဖြစ်ကို ယူ။ ။

**ဆိုလိုရင်းကား။** ။ဥပလက္ခဏာ စကားမျှသာ ဖြစ်သော ယောပန ဘိက္ခု ယာဝတတိယံ စသောပါဌ်ကို မိန့်တော်မူပြန်သည်။ ထေရ,နဝ,မဇ္ဈိမ အားဖြင့် သုံးပါးသော ရဟန်းတို့တွင် အမှတ်မရှိ တစုံတယောက်သော ရဟန်းသည် သုံးကြိမ်မြောက်အောင် အဖန်ဖန် မေးစိစစ်အပ်သည့်ရှိသော်၊ မိမိ၌ ထင်ရှားရှိသော အာပတ်ကိုသိလျက် ဒေသနာပကာသနအားဖြင့် ထင်စွာမပြုခဲ့ငြားအံ့။ ထိုရဟန်းအား သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်သင့်သည် ဟု ဆိုလိုသည်၊ ထိုသမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ်သည် မုသာဝါဒလက္ခဏာဖြင့် မဖြစ်။ ။"သမ္ပဇာနမုသာဝါဒေ ကိံ ဟောတိ၊ ဒုက္ကဋံ ဟောတိ။" ဟူသော ဤစကားဖြင့် ဝစီဒွါရဝယ် ပြုရမည်ကို မပြုခြင်းကြောင့် သင့်သောအာပတ်ဖြစ်သည် ဟု သိရမည်။

### ထို့ကြောင့် ပရိဝါပါဠိတော်၌။

> အနာလပန္တော မနုဇေန ကေနစိ၊ ဝါစာဂိရံ နောစ ပရေ ဘဏေယျ။
> အာပဇ္ဇေယျ ဝါစသိကံ န ကာယိကံ၊ ပဉှာ မေသာ ကုသလေဟိ စိန္တိတာ။
> ဟု ဟောတော်မူသည်။

ဘိက္ခု၊သည်။ကေနစိ၊တစုံတယောက်သော။မနုဇေန၊အနီး၌တည်သောလူနှင့်။ ဝါစာဝါစာယ၊စကားဖြင့်။ အနာလပန္တော၊မပြောဆိုသည်။ ဟောတိ၊၏။ ပရေ၊အဝေး၌တည်သော တပါးသော ပုဂ္ဂိုလ်တို့ကို။ဂိရံ၊ကျယ်စွာသောအသံကို။ နောစ ဘဏေယျ၊ဆိုလည်း မဆိုရာ။ ဝေတိ၊ ဤသို့ဖြစ်သော်သည်း။ ဝါစသိကံ၊ နှုတ်ကြောင့် ဖြစ်သော အာပတ်သို့။ အာပဇ္ဇေယျ၊ ရောက်ရာ၏။ ကာယိကံ၊ ကိုယ်၌ဖြစ်သောအာပတ်သို့။နအာပဇ္ဇေယျ၊မရောက်ရာ။ ဧသာပဉှာ၊ဤအမေးပုစ္ဆာ ပြဿနာကို။ ကုသလေဟိ၊ဝိနည်းအရာ၊လိမ္မာကျွမ်းကျင်၊ပညာရှင်တို့သည်။ စိန္တိတာ၊ကြံစည်အပ်၏။

သမ္ပဇာန မုသာဝါဒ၏ အကြောင်းအဆက်ဆက်ဖြင့် ရအောင်သော အဖြစ်ကို ပြခြင်းငှါ၊ – "သမ္ပဇာနမုသာဝါဒေါ" စသောပါဌ်ကို မိန့်တော်မူသည်။ ထိုပါဌ်ဖြင့် **အသျှင်ဘုရားတို့၊ သမ္ပဇာနမုသာဝါဒ ဒုက္ကဋ်အာပတ်ကို မြတ်စွာဘုရားသည် ဈာန်မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သောသဘောတရား ဟု ဟောတော်မူသည်ကို** ပြတော်မူသည်။

အန္တရာယိကော၌ "ဈာနမဂ္ဂဖလာနံ အန္တရာယံ ကရောတီတိ အန္တရာယိကော"ဟုပြု၍ထင်စွာမပြုခြင်းကြောင့်ဆိတ်ဆိတ်နေသော အဖြစ် ဟု ဆိုအပ်သော သမ္ပဇာနမုသာဝါဒ အာပတ်ကိုသူ။ ဒုက္ကဋ် အာပတ်သို့ ရောက်သောကြောင့် နောက်မှတဖန် ပူပန်ရခြင်းဖြစ်သည်၊ ထိုသို့ ပူပန်ရခြင်းကြောင့် ပါမောဇ္ဇ ပီတိ ပဿဒ္ဓိ စသည့်တို့၏ ဖြစ်ခြင်းကို တားမြစ်၍ ဈာန်မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သည် ဟု ဆိုလိုသည်။ (အရိယသိက္ခာပုဒ်၌ အန္တရာယိကဓမ္မ တို့၏ အကျယ်ကို ဆိုလတ္တံ့။)

အန္တရာယိကော ဟူသော စကား၏ လက္ခဏာကို ပြတော်မူလိုရကား၊ 'တသ္မာ သရမာနေန'' စသော စကားကို မိန့်မြွက်တော်မူသည်။ **ဆိုလိုရင်းကား။** ။အာပတ်ကို ထင်စွာမပြုခြင်း ဟုဆိုအပ်သော သမ္ပဇာနမုသာဝါဒကို အန္တရာယိကဓမ္မ ဟု ဆိုအပ်သောကြောင့်၊ မိမိ၌ ထင်ရှားရှိသော အာပတ်ကို သိ၍ အာပတ်မှ စင်ကြယ်ခြင်းကို အလိုရှိသော ရဟန်းသည် ထင်ရှားရှိသော အာပတ်ကို ထင်စွာပြုရမည် ဟု ဆိုလိုသည်။

၎င်းပါဌ်တွင် ဝိသုဒ္ဓါပေက္ခေန ပုဒ်ဝယ် "ဝိသုဒ္ဓိံ အပေက္ခတီတိ ကာမေတိ ဣစ္ဆတီတိ ဝိသုဒ္ဓါပေက္ခော"ဟုပြု။က အက္ခရာကို ချေခြင်း, မချေခြင်းတို့၏ အစွမ်းဖြင့် "ဝိသုဒ္ဓါပေခေါ,ဝိသုဒ္ဓါပေက္ခော"ဟု ပါဌ်နှစ်မျိုးရှိ၏။ ၎င်းပါဌ်ဖြင့် သံဃာဒိသိသ်အာပတ်,ဒေသနာကံအာပတ်တို့မှ ထခြင်း စင်ကြယ်ခြင်းငှါ အလိုရှိသောရဟန်းကို ပြသည်။

ဝဇီရဗုဒ္ဓိ၌ကား။ ။အနာပတ္တိဘာဝ ဟုဆိုအပ်သော ဝိသုဒ္ဓိ။ဂိဟိဘာဝ ဟုဆိုအပ်သော ဝိသုဒ္ဓိကို အလိုရှိသောရဟန်းကိုပြသည်။ ထိုကြောင့် "ဝိသုဒ္ဓါပေက္ခေနာတိ သာဝသေသံ အာပတ္တိံ ဥပါဒါယ အနာပတ္တိဘာဝသင်္ခါတံ အနဝသေသံ ဥပါဒါယ၊ ဂိဟိဘာဝသင်္ခါတံ ဝိသုဒ္ဓိံ ဣစ္ဆန္တေန"ဟု ဖွင့်ဆိုတော်မူသည်။

သန္တိအာပတ္တိ ပါဠိဖြင့် အာပတ်သင့်၍ ဝုဋ္ဌာနကံ,ဒေသနာကံတို့ဖြင့် မထ,မစင်ကြယ်သေးသော အာပတ်ကို **သန္တိအာပတ်**ဟုဆိုသည်။ ထို့ကြောင့် ကင်္ခါ၌ " သန္တိ အာပတ္တိတိ အာပဇ္ဇိတွာ အဝုဋ္ဌိတာ အာပတ္တိ"ဟု ဖွင့်ဆိုတော်မူ၏။

အာဝိကာတဗ္ဗာပုဒ်ဝယ်၊ အာဝိသဒ္ဒါသည် သမ္မုခ ပါတုသဒ္ဒါတို့၏ ပရိယာယ်ဖြစ်သော နိပါတ်ပုဒ်တည်း။ ၎င်းပါဠိဖြင့် သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်တို့၏ အထံ၌ ဝုဋ္ဌာနကံ,ဒေသနာကံတို့ဖြင့် ထင်စွာ ပြုရမည် ဟု ဆိုလိုသည်၊ ထင်စွာပြုခြင်း၏ အကျိုးကို ပြလို၍ အာဝိကတာဟိဿ ဖါသု ဟောတိ-ဟု မိန့်ဆိုတော်မူ၏။ ၎င်းပါဠိဖြင့် **ထင်စွာပြုသည်၏ အဖြစ်ကြောင့် ထိုရဟန်းအား ဈာန်,မဂ်,ဖိုလ်တို့ကို ရခြင်းငှါ လွယ်သော အကျင့်ဖြစ်သည်** ဟု ဆိုလိုသည်။

သုဏာတုမေ-ဤသို့စသော စကားဖြင့် နိဒါန်း၏ အကျယ်ကို ပြပြီး၍၊ယခုအခါဝယ် နိဒါန်း၏ အမည်မျှကို ပြကြောင်းဖြစ်သော နိဂုံးကို ပြခြင်းငှါ၊ ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ စသော စကားကို မိန့်တော်မူသည်။ ခေါ-သဒ္ဒါသည် အဝဓာရဏ,ပဒပူရဏ,ဧကန္တအနက်တို့၌ ဖြစ်သည်။

နိဒါန၌ " နိဒေတိ နိဒ္ဒိဿတိ ဧတ္ထ ဧတေနာတိ ဝါ နိဒါနံ" ဟုပြု၍ အာပတ်မှ စင်ကြယ်သော အဖြစ်ကို ပြရာပြကြောင်း ဖြစ်သော သုဏာတုမေ-အစ၊ ဖါသုဟောတိ-အဆုံးရှိသော၊ ဝိတ္ထာရ သဒ္ဒါအစဉ်ကိုယူ။ ။ပုစ္ဆာမိ-၌ ပုစ္ဆ- ဓာတ်သည် ဒွိကမ္မက ဓာတ်ဖြစ်သောကြောင့် " အာယသ္မန္တေ၊ တို့ကို။ ပါရိသုဒ္ဓိံ၊ အာပတ်မှ စင်ကြယ်သောအဖြစ်ကို။အဟံ၊ငါသည်။ပုစ္ဆာမိ၊မေးပါ၏"ဟုသမ္ဗန်လေ။

မေးပုံအခြင်းအရာပြလို၍ ကစ္စိတ္ထ ပရိသုဒ္ဓါ ဤသို့စသော စကားကို မိန့်တော်မူသည်။ ။ကစ္စိတ္ထကို ကစ္စိဧတ္ထဟု ပုဒ်ဖြတ်၊ ကစ္စိပုဒ်သည် ပုစ္ဆနတ္ထဝါစက နိပါတ်ပုဒ်တည်း။

ဧတ္ထတေသို့ နိဒါနေ၊ဤနိဒါန်း၌။ ကစ္စိ၊ အသို့နည်း။ တုမှေ၊သင်တို့သည်။ပရိသုဒ္ဓါ၊အာပါတ်မှ စင်ကြယ်ကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်၏လော၊ဣတိ၊သို့။ပုစ္ဆာမိ၊၏။ ။တနည်း။ ။ကစ္စိတ္ထကို ကစ္စိအတ္ထဟု ပုဒ်ဖြတ်။ကစ္စိ၊အသို့နည်း။တုမှေ၊တို့သည်။ပရိသုဒ္ဓါ၊ ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ဣတိ၊ သို့။ပုစ္ဆာမိ၊၏။

ဤသို့ စည်းဝေးသော သံဃာအား မေးပုံအခြင်းအရာကို ပြပြီး၍။ ယခုအခါဝယ် စင်ကြယ်သည်၏ အဖြစ်ကြောင့် ဆိတ်ဆိတ်နေသော အဖြစ်ဖြင့် ဖြေဆိုသော အခြင်းအရာသို့ ရောက်သောအဖြစ်ကို ပြခြင်းငှာ။ ပရိသုဒ္ဓေတ္ထာ ယသ္မန္တော တသ္မာ တုဏှီ၊ ဟူသော စကားကို မိန့်တော်မူသည်။

> ၎င်းပါဠိဖြင့်၊ **အသျှင်ဘုရားတို့၊ အကြင့်ကြောင့် သင်တို့သည် ဤနိဒါန်း၌ စင်ကြယ်ကြကုန်သည်ဖြစ်ကုန်၏။ ထိုကြောင့်စကား မမြွက်ဆိတ်ငြိမ်လျက် ရှိကြကုန်သည် ဖြစ်ကုန်ရာ၏** ဟုဆိုလိုသည်။

ရအပ်သောအကျိုးဂုဏ်ကို ပြခြင်းငှာ။ ဧဝ မေတံ ဓာရယာမိ, ဟု မိန့်တော်မူသည်။၎င်းပါဠိဖြင့် ဤသို့ဆိတ်ဆိတ်နေသော ‘အဖြစ် ဟုဆိုအပ်သော အကြောင်းကြောင့် အရှင်ဘုရားတို့၏ ထိုအာပတ်မှ စင်ကြယ်သော အဖြစ်ကို သိရ။မှတ်ရပါ၏ ဟု ဆိုလိုသည်။

ဉာတိသဒ္ဒါကား- ပရိသမာပနတ္ထ, နိပါတ်ပုဒ်တည်း။ ။ဧတ္တာဝတာ၊ ဖြင့်၊နိဒါနံ၊နိဒါန်းသည်။ဉာတိ, သမတ္တံ၊ပြီးပြီ။

**နိဒါန်းပြီးပြီ။**

———:o:———

# သိက္ခာပုဒ်ပညတ်ခြင်းအကျိုး။

နိဒါန်းဒွေသအဓိပ္ပါယ်ကို ရေးသားစီရင်ပြီးသည်၏ အဆုံး၌ ပါရာဇိကဒွေသတို့၏။ အင်္ဂပ္ပါယ်ကို မရေးသားမီ သိက္ခာပုဒ်ပညတ်ခြင်း၏ အကျိုး, လေးပါးသောဝိနယကထာ,ဝိနယဓရ၏လက္ခဏာတို့ကို ရေးသားပြဦးအံ့။

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ရဟန်းတို့အား သုဗ်နဲ့၏လွန်ကျူး၍ ကျင့်ခြင်းဟု ဆိုအပ်သော အကြောင်းကြောင့် သံဃာတော်တို့၏။ ကောင်းသည်၏ အဖြစ်ဟု ဆိုအပ်သောအကျိုး၊ သံဃာ တော်တို့၏ ချမ်းသာသည်၏အဖြစ်ဟု ဆိုအပ်သောအကျိုး။သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်နင်းရခြင်းဟု ဆိုအပ်သောအကျိုး။ ၊သီလကို ချစ်ခင်သော ရဟန်းတော်တို့၏ချမ်းသာစွာ နေထိုင်ရခြင်းဟု ဆိုအပ်သောအကျိုး။ မျက်မှောက် ပစ္စုပ္ပန်အတ္တဘော၌ ဖြစ်သော ဆင်းရဲအထူးတို့ကိုစောင့်စည်းရခြင်းဟု ဆိုအပ်သောအကျိုး၊ ကောင်းစွာ ရှေးရှုရောက်အပ်သော တမလွန်ဘဝ၌ ဖြစ်သော ဆင်းရဲအထူးတို့ကို ပယ်ဖျောက်နိုင်ခြင်းဟု ဆိုအပ်သော အကျိုး။ မကြည်ညိုသေးသောဒါယကာ,ဒါယိကာမတို့ကို ကြည်ညိုစေခြင်းဟု ဆိုအပ်သောအကျိုး။ ကြည်ညိုပြီးသော ဒါယကာ, ဒါယိကာမတို့ကို အတိုင်းထက်အလွန် သဒ္ဓါတရားပွားများစေခြင်းဟု ဆိုအပ်သောအကျိုး။ သူတော်ကောင်းတရား ကြာမြင့်စွာတည် စေနိုင်ခြင်းဟု ဆိုအပ်သောအကျိုး၊ သတ်သံဝရဝိနည်း, ပဟာန,ဝိနည်း,သမထဝိနည်း,ပညတ္တိဝိနည်း,ဤဝိနည်းလေးပါးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းဟု ဆိုအပ်သောအကျိုး။ ဤသို့သောအကျိုး ဆယ်ပါးကို မျှော်ကိုးတော်မူ၍ "ယော ပန ဘိက္ခု" စသော သိက္ခာပုဒ်တို့ကို ပညတ်တော်မူသတည်း။

တေန ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညပေဿာမိ၊ ဒသအတ္ထ ဝသေ ပဋိစ္စ သံဃသုဋ္ဌုတာယ၊ သံဃဖာသုတာယ၊ ဒုမ္မင်္ကူနံပုဂ္ဂလာနံ နိဂ္ဂဟာယ၊ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ၊ ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ၊ သမ္ပရာယိကာနံ အာသဝါနံပဋိဃာတာယ၊အပ္ပသန္နာနံ ပသာဒါယ၊ပသန္နာနံ ဘိယျောဘာဝါယ၊သဒ္ဓမ္မဋ္ဌိတိယာ၊ဝိနယာနုဂ္ဂဟာယ။ ။(ကဏ်-ပါ)

**ဆောင်။ ။သံဃာကောင်းရှာ၊ ချမ်းသာရာနှင့်၊ နိဗ်ပါဒုဿီ၊ သုသီနေရန်၊ ဘေးစောင့်ဟန်နှင့်၊ ပျောက်ပြန်ဘေးထူး၊ မကြည်ဘူးကြည်၊ ကြည်ဘူးလွန်ကဲ၊ တရားမြဲတည်း၊ မြောက်ဆဲ ဝိနည်းဆယ်ကျိုးတည်း။ ။ပွားသည်း သိက္ခာပညတ်ရာ။ ။**

အထက်ကပြဆိုခဲ့သော ပါဠိတွင် သိက္ခာကို ရခြင်း၏အကြောင်း သိက္ခာ၏ တည်ရာ မှီရာမေထုန်မှ ရှောင်ကြဉ်ခြင်းကို (သိက္ခာပုဒ်)ဟု ဆိုလိုသည်။

> သိက္ခာပဒန္တိ ဧတ္ထ သိက္ခိတဗ္ဗာတိ သိက္ခာ။ ပဇ္ဇတေဉာမိနာတိပဒံ။သိက္ခာယပဒံသိက္ခာပဒံ။ သိက္ခာယ အဓိဂမုပါယောတိအတ္ထော။အထဝါ မူလံနိဿယော ပတိဋ္ဌာတိဝုတ္တံ ဟောတိ။ မေထုနဝိရတိယာ မေထုနသံဝရဿေတံအဓိဝစနံ၊ (ကင်္ခာ-၅)

တနည်း။ ။မေထုန်မှ ရှောင်ကြဉ်ခြင်းဟု ဆိုအပ်သော အနက်ကို ပြတတ်သော သဒ္ဒါကိုလည်း **သိက္ခာပုဒ်**ဟုဆိုသည်။ ထိုကြောင့် အဋ္ဌကထာ၌။ ။အပိစ တဒတ္ထဒီပကံ ဝစနမ္ပိ သိက္ခာပဒန္တိ ဝေဒိတဗ္ဗံ။ ။ဟု ဖွင့်ဆို၏။

တနည်း။ ။အနတ္တိဓမ္မာခန္ဓပဒ-သဒ္ဒါသည် အနတ္တိဓမ္မာ ဟု ဆိုအပ်သော တရသောတရားအစုကို ဟောတော်မူသကဲ့သို့၊ သိက္ခာ၏ တရသော အဘွဲ့အစုကို **သိက္ခာပုဒ်**ဟုဆိုသည်။

> အထဝါ ယထာ အနတ္တိဓမ္မာ ဓမ္မပဒန္တိဝုတ္တော၊အနတ္တိဓမ္မာ ကောဋ္ဌာသော အနတ္တိဓမ္မကောဋ္ဌာသောတိအတ္ထော ဟောတိ ဧဝမိဓါပိသိက္ခာပဒန္တိ၊ သိက္ခာ-ကောဋ္ဌာသော သိက္ခာယ ကောဋ္ဌာသောတိ အတ္ထောဝေဒိတဗ္ဗော။ ။(ကင်္ခာ-၅)

အကျိုးဆယ်ပါးတို့တွင်၊ ။အသျှင်ဘုရား၊ ဘုရားအမိန့်တော်အတိုင်း လိုက်နာပြုကျင့်ပါမည်ဟု မြတ်စွာဘုရား၏ စကားတော်ကို ခံယူနာယူသော အဖြစ်သည် **သံဃသုဋ္ဌုတာမည်**၏။

မြတ်စွာဘုရား၏ အမိန့်တော်ကိုလိုက်နာ နာယူသော ပုဂ္ဂိုလ်အားများစွာသော နေ့ညဉ့်ပတ်လုံး အကျိုးစီးပွား ချမ်းသာများရန်အလို့ငှါ ဖြစ်သည်။

> **ယောစ တထာဂတဿ ဝစနံ သမ္ပဋိစ္ဆတိတဿတံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ၊ ။(ကင်္ခာ-၅)**

ယောဝ၊အကြင်သူတို့သည် သူတော်ကောင်း ကုန်သည် လယ်လုပ်စသော ဒါယကာ,ဒါယိကာမသည်လည်း။ တထာဂတဿ၊မြတ်စွာဘုရား၏။ ဝစနံ၊စကားတော်ကို။ သမ္မဒေဝ၊ကောင်းစွာ။ ဝန်ခံနာယူ၏။ တဿ၊ ထိုသူတော်ကောင်း ကုန်သည် လယ်လုပ် စသော ဒါယကာ,ဒါယိကာမအား။ တံ၊ ထိုဝန်ခံနာယူသောအဖြစ်သည်။ ဒီဃရတ္တံ၊ ရှည်စွာသောနေ့ည၌ ကာလပတ်လုံး။ ဟိတာယ၊အကျိုးစီးပွားအလို့ငှာငှါ။ သုခါယ၊ချမ်းသာခြင်းအလို့ငှာငှါ။ဟောတိ၊၏။ ။သံဃာတော်၏ချမ်းသာစွာနေထိုင်ရသော အဖြစ်သည် **သံဃဖါသုတာ** မည်၏။

သီလမရှိသော ပုဂ္ဂိုလ်တို့ကို ဟုတ်မှန်သော သဘော စောဒနာသာရဏာဝိနည်း မြတ်စွာဘုရားအဆုံးအမတော်ဖြင့် ဘိန့်င်ခြင်းသည် **ဒုမ္မင်္ကုပုဂ္ဂလနိဂ္ဂဟ** မည်၏။

> ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယာတိ ဒုမ္မင်္ကူနာမ ဒုဿီလပုဂ္ဂလာ ယေ မင်္ကုတံ အာပါဒိယမာနာပိ ဒုက္ခေန အာပဇ္ဇန္တိ၊ ဝီတိက္ကမံ ကရောန္တာ၊ ကတွာဝါ နလဇ္ဇန္တိ၊တေသံ နိဂ္ဂဟတ္ထာယ။ (ကင်္ခါ-၄)

ချစ်အပ်သော သီလရှိသော ရဟန်းတော်တို့၏ ချမ်းသာစွာ နေထိုင်ရခြင်းဟု ဆိုအပ်သော အကျိုးသည် **ပေသလဘိက္ခု ဖါသုဝိဟာရ** မည်၏။ သိက္ခာသုံးပါးကို အလိုရှိသော ရဟန်းတော်တို့သည် အပြစ်ရှိသည်,မရှိသည်ဟု ဆိုအပ်သော သာဝဇ္ဇ,အနဝဇ္ဇ စသော အပိုင်းအခြားကို မသိကုန်သည်ဖြစ်၍၊ သိက္ခာသုံးပါးအပေါင်းကို ပြည့်စုံစေရန် အားထုတ်ကြကုန်သည်ရှိသော် ပင်ပန်းကြကုန်ရာသည်။ သိ၍အားထုတ်မူ မပင်ပန်းကြကုန်လတ္တံ့။ထို့ကြောင့် ပေသလဖြစ်သော ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းသည် ချမ်းသာစွာ နေထိုင်ရန်အလို့ငှါ ဖြစ်သည်ဟု ဆို၏။ထို့ကြောင့် အဋ္ဌကထာ၌။ ။တေန နေသံ သိက္ခာပဒပညာပနာ ဖါသုဝိဟာရာယ သံဝတ္တတိ။ ။ဟု ဖွင့်ဆို၏။

**တနည်း။** ။သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းသည်ပင် သီလရှိသော ရဟန်းတို့ ချမ်းသာစွာနေထိုင်ရခြင်း မည်၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ယောဝါ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟော၊သွေဝ ပေသလာနံ ဖါ**သုဝိဟာရော**။ ။ဟုဖွင့်ဆိုတော်မူ၏။

ပစ္စုပ္ပန် အဖြစ် ဘောဂ္ဂပင် ရောက်သင့်ရောက်ထိုက်သော လက်သီး ဖြင့် အထိုးခံရခြင်း ဘုတ်, သံတန်ဖြင့်အရိုက်ခံရခြင်း စသော ဆင်းရဲအ ထူးဟုဆိုအပ်သော အာသဝေါတရားတို့ကို စောင့်စည်းပိတ်ဆို့တား မြစ်ခြင်းသည် **ဒိဋ္ဌဓမ္မိက အာသဝ သံဝရ** မည်၏။

ထို့ကြောင့် အဋ္ဌကထာ၌။ ။ဆုတိ ဘုမေယ် ဒိဋ္ဌဓမ္မိကာနံ အာသဝါ နံ သံဝရာယ ပိဓာနာယ အာဂမန မဂ္ဂထကနာယာတိ အတ္ထော ဟုဖွင့် ဆိုတော်မူ၏။

တမလွန်ဘဝ ငရဲစသည်တို့၌ ရောက်ထိုက်သောဆင်းရဲအထူးကို ပယ်ဖျောက် ငြိမ်းအေးစေခြင်း ဟု ဆိုအပ်သော အကျိုးသည် **သမ္ပရာ ယိကအာသဝပဋိဃာတ** မည်၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။တေသံ ပဋိဃာတတ္ထာယ ပဋိပ္ပဿမ္ဘနတ္ထာယ ရူပသမတ္ထာယာတိ ဝုတ္တံ ဟော တိ။ ။ဟုဖွင့်ဆိုတော်မူ၏။

မကြည်ညိုသေးသော ပညာ ရှိသော လူတို့ သည် ကျင့် ကြံ အား ထုတ်သည်ကို သိမြင်၍။ သာကီဝင် မင်းသား ဘုရား သားတော်တို့ သည် တင်မက်ဘွယ်သော မေထုန်အရာဌာန၊ဖြစ်မှားဘွယ်သော ပါ ဏာတိပါတ စသော အရာဌာန၊ဖိုက်မဲတွေဝေဘွယ်သော အရာဌာန တို့မှ ရှောင်ကြဉ်ကြကုန်သည်ဖြစ်၍၊ ပြုနိုင်ခဲသော အမှုကိုပြု၍ နေထိုင် နိုင်ကြပေကုန်စွ တကား။ ဝန်လေးသော အမှုကို ပြုနိုင်ကြပေကုန်စွ တကား ဟု အောက်မေ့၍ ကြည်ညိုခြင်းသည် **အပ္ပသန္နပသာဒ** မည်၏။

> အပ္ပသန္နာနံ ပသာဒါယာတိ သိက္ခာပဒပညတ္တိယာ ဟိ သတိ သိက္ခာပဒ ပညတ္တိံ ဉတွာ ဝါ၊ ယထာ ပညတ္တံ ပဋိပဇ္ဇမာနေ ဘိက္ခူ ဒိသွာ ဝါ၊ ယေပိ အပ္ပသန္နာ ပဏ္ဍိတမနုဿာ တေယာ နံ ဝတ လောကေ မဟာဇနဿ ရဇ္ဇန ဒုဿန မုယှနဋ္ဌာနာနိ၊ တေဟိ ဇာရမသမဏာ သကျပုတ္တိယာ အာရကာ ဝိရ တာ ဝိဟရန္တိ၊ ဒုက္ကရံ ဝတ ကရောန္တိ၊ ဘာရိယံ ဝတ ကရောန္တိ၊ ပသာဒံ အာ ပဇ္ဇန္တိ၊ ဝိနယပိဋကေ ပေါတ္ထကံ ဒိသွာ မိစ္ဆာဒိဋ္ဌိကော ကတဝေဒိဗြာဟ္မဏော ဝိယ တေန ဝုတ္တံ အပ္ပသန္နာနံ ပသာဒါယာတိ၊ ။(ကင်္ခါ–ဋ္ဌ)

သာသနာတော်၌ ကြည်ညိုပြီးသော အမျိုးသားတို့သည် သိက္ခာ ပုဒ်ပညတ်ခြင်း၊ကျင့်ကြံအားထုတ်သောရဟန်းတို့ကိုသိမြင်၍၊ ငြော်– အသျှင်ကောင်းတို့သည် ပြုနိုင်ခဲသော အမှုကို ပြုကြပေကုန်သည် ဟု

အတိုင်းထက်အလွန် ကြည်ညိုကြခြင်းသည် **ပသန္နာဘိယျောဘာဝ** မည်၏။ထို့ကြောင့် အဋ္ဌကထာ၌။ ။တေန ဝုတ္တံ ပသန္နာနံ ဘိယျော ဘာ ဝါယာတိ။ ။ဟုဖွင့်ဆိုတော်မူ၏။

အလုံးစုံသော မြတ်စွာဘုရား-စကားတော် ဟု ဆိုအပ်သော ပရိယတ္တိသဒ္ဓမ္မ၊ ဘာဆဲ့သုံးပါးသောရုတင်၊ တဆဲ့လေးပါးသောဉာဏ်၊ ရှစ်ဆဲ့နှစ်ပါးသောမဟာဝတ်၊ သီလ, သမာဓိ, ဝိပဿနာ ဟု ဆိုအပ်သော ပဋိပတ္တိသဒ္ဓမ္မ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ဟု ဆိုအပ်သော အဓိဂမသဒ္ဓမ္မ-ဤသုံးပါးသော သဒ္ဓမ္မတို့ တည်ရှိခြင်းသည် **သဒ္ဓမ္မဋ္ဌိတိ** မည်၏။

> **သဒ္ဓမ္မဋ္ဌိတိယာ**တိ တိဝိဓေါ **သဒ္ဓမ္မော**၊ ပရိယတ္တိသဒ္ဓမ္မော, ပဋိပတ္တိသဒ္ဓမ္မော, အဓိဂမသဒ္ဓမ္မောတိ၊ တသ္မာ သိက္ခာပဒပညတ္တိယာ ဇိရဋ္ဌိတိကော ဟောတိ၊တေန ဝုတ္တံ **သဒ္ဓမ္မဋ္ဌိတိယာ**တိ။ ။(ကင်္ခာ-ဋ္ဌ)

သိက္ခာပုဒ်ကို ပညတ်ခြင်းဖြင့် သတိသံဝရဝိနည်း၊ ပဟာနဝိနည်း၊ သမထဝိနည်း-ဤဝိနည်းလေးပါးကို ကောင်းစွာ ချီးမြှောက်ထောက်ပံ့ခြင်းသည် **ဝိနယာနုဂ္ဂဟ**မည်၏။

# ဝိနည်းလေးပါးနှင့်ဝိနည်းမိုရ်လက္ခဏာ။

သိက္ခာပုဒ်ဘင်း ဝိနည်းဆိုးဖြတ်သော အရာတို့၌ လိမ္မာသောသူ၏အဖြစ်ကို လိုချင်တောင့်တသော အမျိုးကောင်းသားသည် လေးပါးသော ဝိနည်းကိုသိရာ၏ ဟု မိန့်မှာခဲ့သည့်အတိုင်း၊ လေးပါးသော ဝိနည်းဝိနယဓရ-လက္ခဏာစသည်ကိုရေးသားပေအံ့။

> စတုဗ္ဗိဓံ ဟိ ဝိနယံ၊ မဟာထေရာ မဟိဒ္ဓိကာ။
> နီဟရိတွာ ပကာသေသုံ၊ဓမ္မသင်္ဂါဟကာ ပုရာ။ ။

ဟိ၊ထိုစကားသင့်စွ။ဓမ္မသင်္ဂါဟကာ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို ပေါင်းရုံးတတ်ကာ၊ သင်္ဂါယနာတင်တော်မူကြကုန်သော။မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်သော။ မဟာထေရာ၊ မထေရ်ကြီးတို့သည်။ ပုရာ-ပုဗ္ဗေ၊ ရှေးကာလ၌။ စတုဗ္ဗိဓံ၊ သုတ္တ,သုတ္တာနုလောမ,အာစရိယ

ဝါဒ,အတ္တနောမတိ-အားဖြင့်လေးပါးအပြားရှိသော၊ဝိနယံ၊ဝိနည်းကို။ နိဟရိတွာ၊ ထုတ်ဆောင်ကြကုန်၍။ ပကာသေသုံ၊ ထင်ရှားပြကြကုန်ပြီ။

ရှေးအခါ၌ မထေရ်ကြီးတို့ ပြအပ်သော ဝိနည်းသည် သုတ္တ,သုတ္တာနုလောမ,အာစရိယဝါဒ,အတ္တနောမတိ,ဟူ၍ လေးပါးအပြားရှိ၏။ထို လေးပါးတို့တွင် အသုံးစုံသော ဝိနည်းပိဋကတ်ဝယ် တည်ရှိသော ပါဠိကို **သုတ္တ** ဟု ဆိုသည်။ ။တတ္ထ သုတ္တံ နာမ သကလေဝိနယ ပိဋကေ ပါဠိ။ (ကင်္ခါ-၄)

ကျယ်သော အရာရှိသော လေး ပါး သော မဟာ ပဒေသ ကို ' ဟ နည်း။ ။များစွာသော ဝိနည်းကို ဆုံးဖြတ်ခြင်း၏အကြောင်းဖြစ်သော လေးပါးသော မဟာပဒေသ ကို **သုတ္တာနုလောမ** ဟု ဆိုသည်။ ထို့ ကြောင့် အဋ္ဌကထာ၌။ ။သုတ္တာနုလောမံနာမ စတ္တာရော မဟာပဒေသာ။ ။ဟု ဖွင့်ဆိုတော်မူ၏။

သုတ်,အဘိဓမ္မာ,ဝိနည်းကို ပေါင်းစုရွတ်ကာ၊သင်္ဂါယနာတင်တော်မူကြကုန်သော ငါးရာသော ရဟန္တာအသျှင်သူမြတ်တို့သည် တည် ထားအပ်သော သက်ရောက်သော အဆုံး အဖြတ်၏ အစွမ်းဖြင့် ဖြစ်သော အဋ္ဌကထာ,ပါဠိအစဉ်ကို **အာစရိယဝါဒ**-ဟု ဆိုသည်။

အာစရိယဝါဒေါ်နာမ ဓမ္မသင်္ဂါဟကေဟိပဉ္စဟိ အရဟန္တ သတေဟိ ထပိတာ ပါဠိဝိမုတ္တာ ဩက္ကန္တ ဝိနိစ္ဆယ ပဝတ္တာ အဋ္ဌကထာ တန္တိ၊ (ကင်္ခါ-၄)

သုတ္တ,သုတ္တာနုလောမ,အာစရိယဝါဒတို့ကို လွှတ်၍၊ မိမိ၏ သုတ္တ စသည် တို့သို့သော အစဉ် လျှောက်၍ သိသော သုတ္တ စသည် တို့မှ ရ သောနည်းကို ပင်ကြောင်း ဖြင်သော အနုမာနဉာဏ်ဖြင့် ထင်တိုင်းသက် ဝင်တိုင်းသော အခြင်းအရာကို ဆိုဆုံးဖြတ်ခြင်းကို **အတ္တနောမတိ** ဟု ဆိုသည်။

"အတ္တနောမတိနာမ သုတ္တသုတ္တာ နုလောမ အာစရိယဝါဒေ မုဉ္စိတွာ၊ အနုမာနေန အတ္တနော အနုဗုဒ္ဓိယာ နယဂ္ဂါဟေန ဥပဋ္ဌိတာ ကာရ ကထနံ။ (ကင်္ခါ-၄)

# မဟာပဒေသ တရားလေးပါး။

(၁) ယံ ဘိက္ခဝေ မယာ ဣဒံ နကပ္ပတီတိ အပ္ပဋိက္ခိတ္တံ၊ တဉ္စေ အကပ္ပိယံ အနုလောမေတိ ကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ န ကပ္ပတိ။ ။ချစ်သားရဟန်းတို့။ငါဘုရားသည် ဤအမှု ဤအရာသည် မအပ်မသင့်လျော် ဟု အကြင်အမှု အကြင်အရာကို သင်တို့အား မပယ်ရသေး။ ထိုအမှု ထိုအရာသည် အကယ်၍ မအပ်သည်ကို သင့်လျော်စေ၍။အပ်သည်ကို တားမြစ်အံ့။ထိုအမှု ထိုအရာသည် သင်တို့အားမအပ်။

(၂) ယံ ဘိက္ခဝေ မယာ ဣဒံ နကပ္ပတီတိ၊ အပ္ပဋိက္ခိတ္တံ၊ တဉ္စေ ကပ္ပိယံ အနုလောမေတိ၊ အကပ္ပိယံ ပဋိဗာဟတိ၊တံ ဝေါ ကပ္ပတိ။ ။ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဤအမှုဤအရာသည် မအပ်မသင့်လျော် ဟု အကြင်အမှု အကြင်အရာကို သင်တို့အား မပယ်ရသေး၊ ထိုအမှု ထိုအရာသည် အကယ်၍ အပ်သည်ကို လျော်စေ၍ မအပ်သည်ကို တားမြစ်အံ့။ ထိုအမှု ထိုအရာသည် သင်တို့အားအပ်၏။

(၃) ယံ ဘိက္ခဝေ မယာ ဣဒံ ကပ္ပတီတိ အနနုညာတံ၊ တဉ္စေ အကပ္ပိယံ အနုလောမေတိ၊ ကပ္ပိယံ ပဋိဗာဟတိ၊တံ ဝေါ န ကပ္ပတိ။ ။ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဤအမှု ဤအရာသည် အပ်၏၊ သင့်လျော်၏ဟု အကြင်အမှုအရာကို ခွင့်မပြုရသေး။ ထိုအမှုထိုအရာသည် အကယ်၍ မအပ်သည်ကို လျော်စေ၍ အပ်သည်ကို တားမြစ်အံ့။ ထိုအမှုထိုအရာသည် သင်တို့အားမအပ်။

(၄) ယံ ဘိက္ခဝေ မယာ ဣဒံ ကပ္ပတီတိ အနနုညာတံ၊ တဉ္စေ ကပ္ပိယံ အနုလောမေတိ၊ အကပ္ပိယံ ပဋိဗာဟတိ၊ တံ ဝေါ ကပ္ပတိ။ ။ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဤအမှု ဤအရာသည် အပ်၏ သင့်လျော်၏ဟု အကြင်အမှု အကြင်အရာကို ခွင့်မပြုရသေး။ ထိုအမှုထိုအရာသည် အကယ်၍ အပ်သည်ကို လျော်စေ၍ မအပ်သည်ကို တားမြစ်အံ့။ ထိုအမှုထိုအရာသည် သင်တို့အား အပ်၏ သင့်လျော်၏။ ။ဤသို့လေးပါးသော မဟာပဒေသ၊ လေးပါးသော သာမုက္ကံသိက-တရားတို့သည် ပရိဝါပါဠိတော်၌ လာကုန်၏။

ကျယ်စွာသော ဝိနည်း၏ တည်ရာဖြစ်သော တရားကို **မဟာပဒေသ** ဟု ဆိုသည်။ ။တနည်း။ ။များစွာသော ဝိနည်းကို ဆုံးဖြတ်ခြင်း၏ အကြောင်းကို **မဟာပဒေသ** ဟု ခေါ်သည်။ထိုကြောင့်။ ။မဟာပဒေသာတိ မဟာဩကာသာ မဟာဝိသယာ၊ ။ဟု ဖွင့်၏။

(၁) ဆောင်။ ။နကပ္ပတိ၊မပယ်အပ်ဘူးသည်း၊ ကပ္ပိကိုတား၊မအပ်ငြားလျော်၊မိန့်ကြားသော်။ ။မှတ်နော်-တံခေါ်-ကပ္ပတိ-တည်း။

(၂) နကပ္ပတိ၊ မပယ်အပ်ဘူးသည်း ကပ္ပိလျော်ငြား၊ မအပ်ကားပယ်၊ မိန့်ကြားဘွယ်။ ။မှတ်ဘွယ်-တံခေါ်-ကပ္ပတိ-တည်း။

(၃) ကပ္ပတိဟု ခွင့်မပြုတုံ၊ အပ်မှုကိုတား၊ မအပ်ငြားလျော်၊ မိန့်ကြားသော်။ ။မှတ်နော်-တံခေါ်-နကပ္ပတိ တည်း။

**(၄) ကပ္ပတိဟု၊ ခွင့်မပြုတုံ၊ အပ်မှုအားလျော်၊ မအပ်သော်တား၊ မိန့်တော်ကြား။ ။မှတ်သား-တံခေါ်-ကပ္ပတိ တည်း။**

မဟာပဒေသ လေးပါးကို ဤဆိုအပ်ပြီးသော လင်္ကာတို့ ဖြင့်မှတ်ကြရာသတည်း။

**တနည်း။** ။ဝိနည်းလေးပါးကို အာဟစ္စပဒ,ရသ,အာစရိယဝံသ, အမိပ္ပါယ-ဟူ၍လည်း မိလိန္ဒပဉှာကျမ်း၌ အသျှင်နာဂသေန မထေရ်သည် "အာဟစ္စပဒေန ခေါ မဟာရာဇ ရသေန အာစရိယဝံသတာ အမိပ္ပါယော"ဟု မိန့်ဆိုတော်မူ၏။

ဤသို့မိန့်ဆိုတော်မူသောပုဒ်တို့တွင် အာဟစ္စပဒ၌"အာဟစ္စ ဝိသေသေတွာ ဘာသိတံ ပဒံ အာဟစ္စပဒံ" ဟု ပြု၍ အထူးပြု၍ ဟောအပ်သော မြတ်စွာဘုရား၏ စကားတော်ဟု ဆိုအပ်သော သုတ္တ ပါဠိတော်ကိုပင် **အာဟစ္စ ပဒ**-ဟု ဆိုသည်။ ပယ်တော်မူအပ်,ခွင့်ပြုတော်မူအပ်သော ပါဠိတော်၏ အသီအနှစ်ဖြစ်သော သုတ္တာနုလောမကို **ရသ** ဟု ဆိုသည်။ သင်္ဂါယနာတင် ဆရာတော်တို့ကို အစပြု၍ ဆရာအဆက်ဆက်မှ ဆောင်အပ်သော အဋ္ဌကထာ,ပါဠိအစဉ်ဟု ဆိုအပ်သော အာစရိယဂါဒကို **အာစရိယဝံသ** ဟု ဆိုသည်။ မိမိ၏ အလို ဟု ဆိုအပ်သော အတ္တနောမတိ ကို **အမိပ္ပါယ** ဟု ဆိုသည်။

"ဧတ္ထ ဟိ အာဟစ္စ ပဒန္တိ သုတ္တံ အဓိပ္ပေတံ။ ရသောတိ သုတ္တာနုလောမံ။ အာစရိယဝံသောတိ အာစရိယဝါဒေါ။ အဓိပ္ပါယောတိ အတ္တနောမတိ၊" (ကင်္ခါ ၄)။ ။"ရသောတိ သာရော ပတ္တသာရော, တံ အာဒိသု ဝိယ၊ ပဋိက္ခိတ္တ အနညာတ သုတ္တသာရောတိ အတ္ထော"။ ။(ဋီ)

**တနည်း။** ။သုတ္တန်, အဘိဓမ္မာ, ဝိနည်းအဋ္ဌကထာတို့၌လာသော အလုံးစုံသော ထေရဝါဒကို အတ္တနောမတိ ဟု ဆို၏။

"အပိစ သုတ္တန္တာဘိဓမ္မဝိနယဋ္ဌကထာသု အာဂတော သဗ္ဗောပိ ထေရဝါဒေါ အတ္တနောမတိနာမ"။ (ကင်္ခါ-၄)

သုတ္တဟု ဆိုအပ်သော ပါဠိတော်သည် သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ ထို့ထက် အလွန် အားရှိသည်ဖြစ်၍ **ဗလဝတရ**-မည်၏။ ။သုတ္တာနုလောမစသော သုံးပါးတို့သည် အားမရှိ၍ **ဒုဗ္ဗလ**မည်**ကုန်**၏။ ။သုတ္တာနုလောမ ဟုဆိုအပ်သော မဟာပဒေသ လေးပါးသည် အာစရိယဝါဒ အတ္တနောမတိ တို့ထက် အလွန်အားရှိသည်ဖြစ်၍ ဗလဝတရ မည်၏။ ။အာစရိယဝါဒ အတ္တနောမတိ တို့သည် အားမရှိသည်ဖြစ်၍ ဒုဗ္ဗလ-မည်**ကုန်**၏။ ။အာစရိယဝါဒသည် အတ္တနောမတိထက် အလွန်အားရှိသည်ဖြစ်၍ ဗလဝတရ မည်၏။ ။အတ္တနောမတိသည် အလုံးစုံတို့အောက် အားမရှိသည်ဖြစ်၍ သဗ္ဗဒုဗ္ဗလ-မည်၏။ အယမ္ပိ အတ္တနောမတိနာမ သဗ္ဗဒုဗ္ဗလာ။ ။(ကင်္ခါ-၄)

သုတ္တဟု ဆိုအပ်သော ပါဠိတော်သည် မတားမြစ်နိုင်သော ပေါင်းစု ရွတ်ကာ သင်္ဂါယနာ တင်ခြင်းကို ပြုသော ကာရကသံဃာနှင့် တူ၏။ ။မြတ်စွာဘုရားတို့၏ သက်တော် ထင်ရှားတည်ရာ ကာလနှင့်လည်း တူ၏။

သုတ္တံဟိအပ္ပဋိဝတ္တိယံကာရကသံဃသဒိသံ၊ဗုဒ္ဓါနံဌိတကာလသဒိသံ၊ (ကင်္ခါ ၄)

ဟုတ်မှန်သော အဓိပ္ပါယ် သွားဖြင့် မိန့်ကြား တတ်သော သဘာဝါဒ ပုဂ္ဂိုလ်သည် သုတ္တ စသော ဝိနည်းလေးပါးတို့တွင် တပါးပါးကို လက်ကိုင်ထား၍ ပြောကြားခဲ့သော်၊ မဟုတ်မမှန် ဖေါက်ပြန် ကောက်ကျစ် ဓိပ္ပါယ် ၎စ်တတ်သော ပရဝါဒီ ပုဂ္ဂိုလ်သည် သုတ္တစသော ဝိနည်းလေး

ပါးတို့တွင် တပါးပါးကို လက်ကိုင်ထား၍ ပြောကြားရာ၊ သကဝါဒီ လက်ကိုင်ထားသော သုတ္တ စသည်သို့သွင်း၍ ညီညွတ်မှု ယူရာ၏။ မညီ ညွတ်မှု ပယ်ရာ၏။

ဆောင်။ (၁) ဟုတ်မှန်ပြောကြား၊ ဓိပ္ပါယ်သွား, မှတ်သားသက ဝါဒီ တည်း။

(၂) မဟုတ် မမှန် ဖေါက်ပြန် ပြန်ပြော, အကြံကော, မှတ် လောပရဝါဒီတည်း။

(၃) သုတ္တစသည်၊ စဥ်တိုင်းတည်၊ ကြီးသည်ဗလဝတရ။

(၄) အတ္တနောမတိ၊ အစဥ်ကြည့် မှတ်ဘိဒုဗ္ဗလ။

(၅) ဒုဗ္ဗလကိုင်၊ ဆုံးဖြတ်ပြိုင်သူ၊ မနိုင်ဗလ၊ ကိုင်တတ်လှကို၊ ရှုံးကအမှန်၊ ညီညွတ်ပြန်လျှင်၊ ပယ်ရန်မသင့် အဆင်ခြင်။ ။ မှတ်လင့်လိုက်နာရာ။

(၆) သကဝါဒီ၊ ဆောင်ထားသည်သို့၊ ကြံစည်ပရ၊ သွင်း ကြည့်က၊ ညီမျှယူစရာ။

(၇) မညီခဲ့ပြန်၊ ပယ်ဆိုရန်သင့်၊ သွင်းဟန်ချင့်၊ မှတ်လင့် သကဝါဒီတည်း။

နှစ်ဦးသော သကဝါဒီ,ပရဝါဒီပုဂ္ဂိုလ်တို့အား ကပ္ပိယအဖြစ်,အကပ္ပိ ယအဖြစ်ကို ပြီးစေတတ်သော အကြောင်းအရိပ် နိမိတ်သည့် အကယ် ၍ထင်အံ့။ ပယ်အပ်သော အဖြစ်သာသျှင် ကောင်း၏။ အကပ္ပိယအရာ၌ တည်၏။

အထပ္ပိန္နမှိ ကာရဏစ္ဆာယာ ဒိဿတိ၊ ပဋိက္ခိတ္တဘာဝေါယေဝ၊ သာရ၊ အ ကပ္ပိယေ ဌာတဗ္ဗံ၊ ။ (ကင်္ခါ–ဌ)

အကြောင်းကား။ ဝိနည်းအရာသို့ ရောက်သော်၊ ကပ္ပိယ,အကပ္ပိယ စိစစ်ခြင်းကို အကြောင်းပြု၍ အပ်၏ ဟူသော အယူကို ပိတ်ပင်ထိုက် သည်၊ မအပ်ဟူသောအယူကို ပြင်းစွာပြုထိုက်သည် အဆင့်ဆင့်၊ အပ် ၏ ဟု ဖြစ်သောအယူအလျဉ်ကို ဖြတ်တောက်ထိုက်သည်။ ဂရုကအဖြစ် ဟု ဆိုအပ်သော အကပ္ပိယ၌သာသျှင် တည်ရာ၏။

ဝိနယဉ္စ ပတ္တာ ကပ္ပိယာ ကပ္ပိယ ဝိစာရဏာ မာဂမ္မ ရုန္ဓိတဗ္ဗံ၊ ဂါဠ့္ဗံ ကတ္တဗ္ဗံ၊သောတံ ပစ္ဆိန္နိတဗ္ဗံ၊ဂရုကဘာဝေ ယေဝ ဌာတဗ္ဗံ ။ ။(ကင်္ခါ–ဋ္ဌ)

ဟိ၊အကြောင်းကား။ဝိနယံ၊ဝိနည်းသို့။ပတ္တာ၊ရောက်သည့်ရှိသော်။ ကပ္ပိယာကပ္ပိယဝိစာရဏံ၊ အပ်,မအပ်ကို စိစစ်ခြင်းကို။ အာဂမ္မ၊စွဲ၍။ ရုန္ဓိတဗ္ဗံ၊အပ်၏ဟူသော အယူကိုပိတ်ပင်အပ်၏။ဂါဠ့္ဗံကာတဗ္ဗံ၊မအပ် ဟူသော အယူကို ပြင်းစွာပြုအပ်၏။ သောတံပစ္ဆိန္ဒိတဗ္ဗံ၊ အဆင့်ဆင့် အပ်၏ဟု ဖြစ်သော အယူအလျဉ်ကို ဖြတ်တောက်အပ်၏။ ဂရုကဘာဝေ ယေဝ၊ ဂရုကအဖြစ်ဟု ဆိုအပ်သော မအပ်သော အကပ္ပိယ၌သာ လျှင်။ဌာတဗ္ဗံ၊တည်ရာ၏။

ဝိနည်းရှိရဲ့ပုဂ္ဂိုလ်သည် ဝိနည်းကို ကောင်းစွာ သင်ယူအပ်သော အဖြစ်ဟု ဆိုအပ်သော **သုဋ္ဌုဂ္ဂဟိတ ဘာဝလက္ခဏာ**,သင်ယူအပ်သ ဖြင့် တုန်လှုပ်ခြင်းမရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟု ဆိုအပ်သော **အစလ တာ-လက္ခဏာ**,ပါဠိအဋ္ဌကထာတို့၌ မလာသော အဓိပ္ပါယ်သွားကို ဆ ရာ့စကားဖြင့် မိန့်ကြားဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်သော **ဝိနိစ္ဆိတုံ သမတ္ထ တာ**-ဟု ဆိုအပ်သောလက္ခဏာ။ ဤလက္ခဏာသုံးပါးတို့နှင့် ပြည့်စုံ ရာ၏။

**ဆောင်။ ။ကောင်းစွာ သင်ခြင်း၊ တုန်လှုပ်ကင်း၍၊ ပင်ရင်းကင်းပ၊ ဆရာ့စကား၊ပိုင်းခြားဆုံးဖြတ်၊ စွမ်းနိုင်လတ်။ ၊မှတ်အပ်-ဝိနည်းရှိရဲ့လက္ခဏာတည်း။**

တီကာ ဟိ ဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ။ ကတမာနိ တီဏိ၊ သုတ္တဉ္စဿ သွာဂတံ ဟောတိ၊သုပ္ပဝတ္တိ၊သု ဝိနိစ္ဆိတံ သုတ္တသော အနုဗျဉ္ဇန တောတိ ဣဒံ မေကံလက္ခဏံ၊ ဝိနယေ ခေါပန ဌိတော ဟောတိ၊ အသံဟိရောတိ ဣဒံ ဒုတိယံ။ အာစရိယ ပရမ္ပရာခေါ ပနဿ သုဂ္ဂဟိတာ ဟောတိ သုမနသိ ကတာ သုပ ဓာရိတာတိ ဣဒံတတိယံ။ ။(ကင်္ခါ–ဋ္ဌ)

ဟိ၊ထိုစကားသင့်စွ။ ဝိနယဓရဿ၊ဝိနည်းရှိရဲ့ပုဂ္ဂိုလ်အား။ တီဏိ၊ သုံးပါးကုန်သော။ လက္ခဏာနိ၊ မှတ်ကြောင်းလက္ခဏာတို့ကို။ ဣစ္ဆိ တဗ္ဗာနိ၊ အလိုရှိအပ်ကုန်၏။ တီဏိ၊ သုံးပါးသော လက္ခဏာတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ အဿ၊ ထိုဝိနည်းရှိရဲ့ ပုဂ္ဂိုလ်အား။ဝါ၊ထိုဝိနည်းရှိရဲ့ပုဂ္ဂိုလ်သည်။သုတ္တံ၊ဝိနည်းပိဋကတ်ဟုဆို အပ်သောပါဠိတော်သည်။ သွာဂတံ၊ကောင်းစွာလာသည်။ ဟောတိ၊

၏။ သုပ္ပဝတ္တိ၊ ကောင်းစွာဖြစ်ခြင်းရှိသည့်၊ ဝါ၊ ကောင်းစွာဖြစ်လေ့ရှိသည်၊ ဝါ၊ နှုတ်တိုက်ရွရွ သင်ခဲ့ရသည့်၊ ဟောတိ၊၏။ သုတ္တတောစ၊ ထိုအနက်ကို ပြတတ်သော တပါးသော ပါဠိတော်အားဖြင့် လည်းကောင်း။ အနုဗျဉ္ဇနတောစ၊ ပါဠိသို့အစဉ်လျှောက်၍ အနက်ကိုပြတတ်သောအဋ္ဌကထာအားဖြင့်လည်းကောင်း။ သုဝိနိစ္ဆိတံ၊ ကောင်းစွာဆုံးဖြတ်အပ်သည်။ ဟောတိ၊၏။ ဣတိဣဒံ၊ ဤသို့အပ်ခဲ့ပြီး သည့်ကား။ ကော၊ တရသော။ လက္ခဏံ၊မှတ်ကြောင်းလက္ခဏာမည်၏။ ခေါပန၊ စင်စစ်။ ဝိနယေ၊ ဝိနည်းပိဋကတ်၌။ ဌိတော၊ တည်သည်။ ဟောတိ၊၏။အသံဟိရေ၊ တွန့်တိုဆုတ်နစ်ခြင်းမရှိသည်။ ဝါ၊ တုန်လှုပ်ချောက်ချားခြင်းမရှိသည်။ဟောတိ၊၏၊ဣတိဣဒံ၊ကား။ဒုတိယံ။နှစ်ခုမြောက်သော။လက္ခဏံ၊မည်၏။ခေါပန၊စင်စစ်။အသော၊ထိုဝိနည်းရိုရဲပုဂ္ဂိုလ်အား။ဝါ၊ထိုဝိနည်းဓိုရ်ပုဂ္ဂိုလ်သည်။ အာစရိယပရမ္ပရာ၊ဆရာတို့၏ အဆုံးအဖြတ်အဆက်ဆက်သည်။သုဂ္ဂဟိတာ၊ ကောင်းစွာသင်ယူအပ်သည်၊သုမနသိကတာ၊ ကောင်းစွာ နှလုံးသွင်းအပ်သည်။သုပဓါရိတာ၊ကောင်းစွာဆောင်အပ်သည်။ဟောတိ၊၏။ဣတိဣဒံ၊ကား။ တတိယံ၊သုံးခုမြောက်သော။ လက္ခဏံ၊မည်၏။

သာရတ္ထဒီပနီဋီကာဆရာသည် အထက်ပါ အဋ္ဌကထာပါဠိ၏အဓိပ္ပါယ်ကို။
ဧတ္ထစ ပဌမေန လက္ခဏေန ဝိနယဿ သုတ္တ၊ ဥဂ္ဂဟိတဘာဝေါ ဝုတ္တော၊ ဒုတိယေန ဥဂ္ဂဟိတေန အစလတာ သုပ္ပတိဋ္ဌိတတာ ဝုတ္တာ၊ တတိယေန ယံ ပါဠိယာ အဋ္ဌကထာယစ နတ္ထိ၊တမ္ပိ အာစရိယဝစနေန ဝိနိစ္ဆိတုံ သမတ္ထတာ ဝုတ္တော၊ ၊ဟု ပြတော်မူ၏။

လက္ခဏာသုံးပါးနှင့် ပြည့်စုံသော ဝိနည်းရိုရဲပုဂ္ဂိုလ်သည့် ဝတ္ထုဆုံးဖြတ်ရန် သံဃာ့အစည်းအဝေးဝယ် ဝတ္ထုရောက်လာသည်ရှိသော်၊ စောဒက,စုဒိတက,ဆိုကာမျှဖြင့်၊အဆောတလျင်မဆုံးဖြတ်မူ၍၊ ဝတ္ထုမာတိကာ၊ပဒဘာဇနီ၊ တိကပရိစ္ဆေဒ, အန္တရာပတ်,အနာပတ် - ဤခြောက်ရပ်တို့ကိုကြည့်ရှုရာသည်၊

ဆောင်။ ၊လက္ခဏာသုံး၊ ပြည့်စုံအုံး၊ ဖြတ်ထုံးကြည့်ပ ဝိနည်း၊ ဓိုရ်။
ဝတ္ထုမာတိ၊ပဒထိနှင့်၊ ပိုင်းဘိတိကာ၊ အန္တရာပတ်အနာပတ်၊ခြောက်ရပ်ကြည့်စရာ၊

အာပတ်သင့်ပြီးသောရဟန်းအား လေ့လာအားထုတ်သော ကမ္မ
ဋ္ဌာန်းသေဘ်သည်း၊ ကောင်းစွာထင်ခြင်းသို့မရောက်နိုင်။ ပါရာဇိကကျ
ရောက်သောရဟန်းမှုကား အဘယ်မှာ ထင်နိုင်ပါအံ့နည်း။

သာပတ္တိကဿ ဟိ ပဂုဏမ္ပိ ကမ္မဋ္ဌာနံ နသုဋ္ဌု ဥပဋ္ဌာတိ၊ ပဂေဝ ပါရာဇိ
ကဿ၊ ။(၆)

သို့ဖြစ်၍ ပါရာဇိကအရိပ်အာရောင်ထင်ခဲ့သည့်ရှိသော် ကမ္မဋ္ဌာန်းကို
နှလုံးသွင်းစေရာ၏။ ကမ္မဋ္ဌာန်းအားထုတ်၍စိတ်ကြည်လင်ခဲ့သော် ။
ပဗ္ဗဇ္ဇာနာမ စိတ္တဝိသုဒ္ဓတ္ထာယ အပ္ပမတ္တော သမဏဓမ္မံ ကရောဟိ။ ။
ဟုတိုက်တွန်းပြောဆိုအပ်၏။

ကမ္မဋ္ဌာန်းအားထုတ်၍ စိတ်တည်ကြည်မှု မရခဲ့သော်။ ။တွံ ယေဝ
ဒါနိ တဝ သေဋ္ဌိံ ပရိယေသာဟိ။ ။ဟုဆိုအပ်လေသည်။ ။ဤသည်
လျှင် ဝိနည်း, ဝိနယသင်္ဂဟ လက္ခဏာတို့ကိုရေး၍ ပြီးဆုံးလေသတည်း။

——:o:——

## ပါရာဇိကကုဋ္ဌေသအဓိပ္ပါယ်။

ဤသို့ ဝန်ခံအပ်သည့်နှင့်အညီ၊ ဝိနည်းလေးပါး၊ ဝိနယဓရလက္ခ
ဏာတို့ကိုရေးသားစီရင်ပြီး၍၊ ယခုအခါဝယ် မဇ္ဈေကသျှာဏ-ဟုဆို
အပ်သော သီလဝိပတ္တိ-စကား ဖြစ်၍ ဖြစ်သော ပါရာဇိ ကုဋ္ဌေသ-
အဓိပ္ပါယ်တို့ကို ရေးသားစီရင်ပေအံ့။

တတြေမေ ဒွိ၊တတြဣမေဟုနှစ်ပုဒ်ခွဲ။ တတြ ဒွိ တ သဒ္ဒါသည်မှတ်
ခြင်းအနက်ရှိသော- နိယမနတ္ထ, လွန်ပြီးသော ဖြစ်ရာရှိသော-ပဏ္ဏတ္တ
ဝိသယ, ထင်ရှားသော ဖြစ်ရာရှိသော ပသိဒ္ဓဝိသယ, ခံစားဘူးသော
ဖြစ်ရာရှိသော - အနုဘူတဝိသယ။ ။ဤလေးပါးသောအနက်တို့ကို
ဟော၏။ ။ထိုလေးပါးတို့တွင်-ပဏ္ဏတ္တဝိသယ၌ဖြစ်၏။

ဣမ သဒ္ဒါသည် ဝုတ္တာပေက္ခ, ဝုစ္စမာနာပေက္ခ နှစ်မျိုးတို့တွင် ဝုစ္စ
မာနာပေက္ခအနက်၌ ဖြစ်၏။

သို့ဖြစ်၍၊ပါတိမောက္ခံဥဒ္ဒိသိဿာမိတိ၊ ပါတိမောက္ခံဥဒ္ဒိသိဿာမိ
ဟူ၍။ယဒိဒံ ယံဆုံ ပါတိမောက္ခံ၊ အကြင်ပါတိမောက်ကို။ မယာ ငါ
သည်။ဝုတ္တံ၊ဆိုအပ်ပြီ။တတြ တသ္မိံ ပါတိမောက္ခေ၊ထိုပါတိမောက်၌။
ဋ္ဌိတာ၊ တည်ကုန်သော။ ဣမေဓမ္မာ၊ ဤဆိုလတ္တံ့သောအာပတ်တို့
သည်။ ။ဟုအနက်ပြန်ရမည်။

တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ။ ။စသော ပြ ယုဂ်၌ တ သည့် နိယမနဗ္ဗအနက် ရှိ၏။

တံ-သဒ္ဒါ၏ လက္ခဏာကို ပြဆိုသော ဉာလိနီကျမ်း၌ကား။

ပက္ကန္တဝိသယော စေဝ၊ ပသိဒ္ဓဝိသယော တထာ၊

အနုဘူတဝိသယော စေတိ၊ တံသဒ္ဒေါ ယံ နပေက္ခတေ။

တံသဒ္ဒေါ၊ တံသဒ္ဒါသည်။ ပက္ကန္တဝိသယော စေဝ၊ လွန်ပြီးသော အရာရှိသော ပက္ကန္တဝိသယ ရင်း။ ပသိဒ္ဓဝိသယော စ၊ ထင်ရှားသော အရာ ရှိသော ပသိဒ္ဓဝိသယ ရင်း။ တထာ၊ ထိုမှတပါး။ အနုဘူတဝိသယော စ၊ ခံစားဘူးသော အရာရှိသော အနုဘူတဝိသယ ရင်း။ ဣတိ ဣမေသု ဝိသယေသု၊ ဤသုံးပါးသော ဝိသယ တို့၌။ ယံ၊ ယံသဒ္ဒါကို။ နပေက္ခတေ-န အပေက္ခတိ၊ မငဲ့။ ။ဤသို့ မိန့်ဆိုတော်မူ၏။

ထိုသုံးပါးတို့တွင် ဘဿာပိ ဝစနံ သုတွာ၊ ဘိယျော စိတ္တံ-ပသီဒတိ။ ။၌ တ သည့်၊ လွန်ပြီးသော ဒီပင်္ကရမြတ်စွာဘုရားကို စွဲထားသောကြောင့်၊ **ပက္ကန္တဝိသယ** မည်၏။ တဿာပိ၊ ထိုဒီပင်္ကရမြတ်စွာဘုရား၏လည်း။ ဝစနံ၊ စကားတော်ကို။ သုတွာ၊ ကြား၍။ ဘိယျော၊ လွန်စွာ။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်ညို၏။

နမာမိ တဿ-ဗုဒ္ဓဿ၊ လောကဇေဋ္ဌဿ တာဒိနော၌။ ။တ-သည့် ထင်ရှားတိုက်ရိုက် တဿဗုဒ္ဓဿ-ဟု အစွဲကိုက်၍နေသောကြောင့်၊ **ပသိဒ္ဓဝိသယ-တ**-မည်၏။ ။လောကဇေဋ္ဌဿ၊ လောကသုံးခွင် ဘုံ အပြင်ဝယ် ဂုဏ်အင်ကြီးမှူး ဦးစီးနာယကဖြစ်တော်မူသော။ တာဒိ နော၊ ဘာဒိ ဂုဏ်နှင့် ပြည့်စုံတော်မူသော။ တဿဗုဒ္ဓဿ၊ ထိုမြတ်စွာ ဘုရားအား။ နမာမိ၊ ရှိခိုးပါ၏။

အတီတံ နာနုသောစာမိ၊ နပ္ပဇပ္ပါမိ နာဂတံ၊ ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ၌။ ။ တ,သည့် ခံစားဘူးသော ကြိယာသျှင် စွဲရာရှိသောကြောင့်၊ **အနုဘူတဝိသယ** မည်၏။ ။

အတီတံ၊ လွန်ပြီးသော အမှုကိစ္စ အဝဝကို။ နာနုသောစာမိ၊ မစိုးရိမ် ပါ။ အနာဂတံ၊ မရောက်လာသေးသော လာဘ်လာဘကို။ နပ္ပဇပ္ပါမိ၊ မတောင့်တ။ ပစ္စုပ္ပန္နေန၊ ယခုရခဲ့ သုံးဆောင်ဆဲဖြစ်သော သစ်သီးသစ် ရွက်ဖြင့်။ ယာပေမိ၊ မျှတပါ၏။ တေန၊ ထိုသို့ ယခုရခဲ့ဖြစ်သော သစ်ရွက် ဖြင့် သာ မျှတခြင်းကြောင့်။ ဝဏ္ဏော၊ အသားအရေ အဆင်းသည်။ ပသီ ဒတိ၊ ကြည်လင်ပါ၏။ ။

စတ္တာရော-သည့် ရေတွက်ကြောင်းဖြစ်သော ဂဏန်းကို ပိုင်းခြားကြောင်းဖြစ်သော သဒ္ဒါတည်း။ စတ္တာရော-ဖြင့် ဤအရာဝယ် ပါရာဇိကတို့မည်သည် လေးပါးသာ ရှိ၏ဟုမှတ်။ ထို လေးပါးအောက် အယုတ်။လေးပါးထက်အလွန်မရှိကုန် ဟု ပြ၏။ ပါရာဇိကာ-ဖြင့် ပါရာဇိကဖြစ်သော ဓာတ်အထူးဖြင့်သာလျှင် အာပတ်၏ပါရာဇိက,ဟူသော အမည်အထူးကို ပြတော်မူသည်။ ။

ခမ္ဘာ ဖြင့် သဘောအားလျော်စွာ ဆောင်မှတ်အပ်သော ပါရာဇိက အာပတ်ဟူသော အနက်ကို မချအားဖြင့် ပြတော်မူ၏။ ။ပါရာဇိက အာပတ်၏ အကြောင်းဖြစ်သော မေထုန်အကျင့်၊ အရှက်မရှိသော အဖြစ်၊မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း စသောအကြောင်းကို ဖလူပစာရတ္တအားဖြင့် ပြတော်မူ၏။ မေထုန်အကျင့်၏ အကျိုးဖြစ်သော နှလုံးမသာယာသည့်၏အဖြစ်,မျက်နှာမသာယာသည်၏အဖြစ် စသည်ကို ကာရဏူပစာရတ္တ,အားဖြင့် ပြတော်မူ၏။ရဟန်းကောင်းတို့နှင့် ပေါင်းဘော်ခြင်း မရှိခြင်းဟု ဆိုအပ်သော အသံဝါသကို ဒုတိယကာရဏူပစာရတ္တအားဖြင့် ပြတော်မူ၏။ ဒုဂ္ဂတိဘဝ,အပါယ်သို့ ကျရောက်ခြင်းကို တတိယကာရဏူပစာရတ္တ,အားဖြင့် ပြတော်မူ၏။

ဥဒ္ဒေသံ-၌ ဥဒ္ဒိသိတဗ္ဗတံ, ဟူသောသံဝဏ္ဏနာကိုကြည့်၍ “ဥဒ္ဒိသိယတီတိဥဒ္ဒေသော” ဟူသောကမ္မသာဓနဝိဂ္ဂဟ်ကို တဗ္ဗ-ပစ္စည်းကို မြင်သဖြင့် ပြုရာ၏။ တ,ပစ္စည်းဖြင့်ကား ဥဒ္ဒေသံ ပုဒ်ကို ဘာဝပ္ပဓာနသော ပြဓာန်းသောပုဒ်ဖြစ်သည်ဟု ပြတော်မူသည်။ ။

ခမ္ဘာဟူသော ကတ္တာအရ အာပတ်နှင့်။ ဥဒ္ဒေသံဟူသောကံပုဒ်အရ အာပတ်သည် သီးခြားမရှိ တူ၍နေသည်ကို “ဘာဝပ္ပဓာန” ဟု ဆိုလိုသည်။

**ဆောင်။ ။ဘာဝပ္ပဓာ၊ပြုကြရာ၊ပြားရာ ကံ,ကတ် မရှိတည်း။**

အနုဂဏ္ဌိကဖြစ်သော ပဌမပါရာဇိက သိက္ခာပုဒ်တွင် မူလပညတ်, အနုပညတ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် “ယောပန ဘိက္ခု မေထုနံဓမ္မံ ပဋိသေဝေယျ၊ ပါရာဇိကောဟောတိ အသံဝါသော” ဟူသော ပညတ်တော်သည် မူလပညတ်မည်၏။ “ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော သိက္ခံအပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိ

ကတွာ'' ဟူသောပညတ်တော်သည် အနုပညတ်မည်၏။အညာတကမသော တိရစ္ဆာနဂတာယပိ''ဟူသော ပညတ်တော်သည်လည်း အနုပညတ် ပင်မည်၏။

ယောပန ပုဒ်တွင် ယော-ဟူသော ပါဠ်သည် အနက်ရှိသော အတ္ထ ပဒ ပုဒ်မည်၏။ပန-သည် အနက်မရ နိပါတ်မျှသာ ဖြစ်သော ပုဒ်မည်၏။

ယောပနာတိယော။ ။(ပ)။ ။ပနာတိနိပါတမတ္တံ၊ ယောတိအတ္ထပဒံ၊ ယောပနာတိယော၊ယောကောစိကိုရတ္တံဟောတိ။ ။ (ကင်္ခါ-၅)

အမှတ်မရှိတစုံယောက်သောသူဆိုရာတွင်အသွင်အားဖြင့်အမြင့်အ နိမ့် ဆရ ကြုံ ပိန်သော သူလည်းဖြစ်စေ။အားထုတ်မှု ရှင်မှု အားဖြင့် အ မှုသစ်အားထုတ် ပါဠိသင်ခြင်းစသည်ကို လုပ်သောသူလည်းဖြစ်စေ၊ ဇာတ်အားဖြင့် မင်းပုဏ္ဏား သူဌေးသူကြွယ် ဆင်းရဲသားတို့တွင် တ ယောက်ယောက်သောသူလည်းဖြစ်စေ၊အမည်အားဖြင့်ကုသလသမန စသော အမည်ရှိသူလည်း ဖြစ်စေ၊ဂေါတ္တအနွယ်အားဖြင့် ကစ္စာယနအ နွယ် ဝါသိဋ္ဌအနွယ် ကောသိယအနွယ် စသည်ရှိသူလည်း ဖြစ်စေ၊ သီ လအလေ့သဘောအားဖြင့် အမှုသစ်တသွယ် အားထုတ်ဘွယ်ပါဠိ ရှု ဘွယ်ဝိပဿနာ ကမ္မဋ္ဌာန်းအဖြာဖြာကို စီးဖြန်းသော သဘောရှိသူ လည်း ဖြစ်စေ၊နေထိုင်သော ဝိဟာရအားဖြင့် အမှုသစ်တသွယ် အား ထုတ်ဘွယ်ပါဠိ ရှုဘွယ်ဝိပဿနာ ကမ္မဋ္ဌာန်းအဖြာဖြာကို စီးဖြန်း၍ နေလေ့ရှိသူလည်းဖြစ်စေ၊ ကျက်စားရာ အာရုံဂေါစရအားဖြင့် အမှု သစ်တသွယ် အားထုတ်ဘွယ်ပါဠိ ရှုဘွယ်ဝိပဿနာ ကမ္မဋ္ဌာန်းအဖြာ ဖြာ ကျက်စားရာအာရုံဟု ဆိုအပ်သော ဂေါစရရှိသူလည်း ဖြစ်စေ၊ အယွယ်အားဖြင့် ထေရ နဝ မဇ္ဈိမဖြစ်သော သူလည်းဖြစ်စေ၊ အမှတ် မဲ့တုံ အလုံးစုံကို **ယောပန** ဟု ဆိုသည်။ ။

**ဆောင်။ ။လိင်္ဂ ယုတ္တ၊ဇာတ် နာမနှင့်၊ဂေါတ္တ သီလံ၊ဝိဟာရံဟု၊တဖန် ဂေါစရ၊အယွယ်ပ၊ ။မှတ်ကြ ''ယော''မျိုးမျိုး။**

ယောပနာတိယောယာဒိသော။ ယထာယုတ္တော ယထာဇစ္စော ယထာနာမော ယထာဂေါတ္တော ယထာသီလော ယထာဝိဟာရီ ယထာဂေါစရော ထေရောဝါ နဝေါဝါ မဇ္ဈိမောဝါ ဧသော ဝုစ္စတိ ယောပနာတိ။ ။(ပ)

မထင်သောအဓိပ္ပါယ်ကို ထင်စေဦးအံ့။ ။ဆယ်ဝါ,ဆယ်ဝါထက် အလွန်ရှိသော ရဟန်းကို ထေရ ဟုခေါ်သည်။ ငါးဝါမပြည့်၍ ငါးဝါ

အောက်ယုတ်သော ဝါ ၅,မရသောရဟန်းကို **နဝ** ဟုခေါ်သည်။ ငါးဝါ ပြည့်သောရဟန်း, ငါးဝါထက် အလွန်ရသော ရဟန်းကို **မဇ္ဈိမ** ဟု ခေါ်သည်။

ပရိပုဏ္ဏဒသ-ဝဿတာယ ထေရောဝါ၊ဦနပဉ္စဝဿတာယ နဝေါဝါ၊အတိရေကပဉ္စဝဿတာယ မဇ္ဈိမောဝါတိအတ္ထော။ ။(ကင်္ခာ-၄၃)

ပရိပုဏ္ဏဒသ ဝဿတာယ၊ ပြည့်သော ဆယ်ဝါရှိသည်၏ အဖြစ်ကြောင့်။ ထေရောဝါ၊ မထေရ်လည်းဖြစ်သော။ ဦနပဉ္စဝဿတာယ၊ ယုတ်သောငါးဝါရှိသည်၏အဖြစ်ကြောင့်။ နဝေါဝါ၊ သတင်းငယ်လည်းဖြစ်သော။ အတိရေကပဉ္စဝဿတာယ၊ ငါးဝါထက်လွန်သော ဝါရှိသည်၏အဖြစ်ကြောင့်။ မဇ္ဈိမောဝါ၊ မဇ္ဈိမလည်းဖြစ်သော။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဘိက္ခု ပုဒ်ဖြင့် ပြအပ်သော ရဟန်းသည် "ဘိက္ခတိ ယာစတီတိ ဘိက္ခု" ဟု ပြု၍၊ ဆွမ်းကိုရှာမှီးသည်ဖြစ်စေ ရမူလည်း ရစေ, မရမူလည်း မရစေ၊ အရိယာတို့၏ တောင်းရမ်းခြင်းဖြင့် တောင်းရမ်းတတ်သောကြောင့် ဘိက္ခုမည်သောရဟန်း၊ လယ်ထွန်ခြင်း, နွားကျောင်းခြင်း-အစရှိသော အသက်မွေးမှုကို ပယ်စွန့်၍၊ ရဟန်းအသွင်ကိုဝန်ခံသဖြင့်သာ ဆွမ်းခံလှည့်လည်ခြင်းသို့ ရောက်တတ်သောကြောင့် ဘိက္ခုမည်သောရဟန်း၊ အဘိုးပျက်, အတွေ့ပျက်, အဆင်းပျက်သော အားဖြင့် ပျက်စီးပြီးသော သင်္ကန်းကို ဝတ်ဆောင်တတ်သောကြောင့် ဘိက္ခုမည်သောရဟန်း၊ ခေါ်ဝေါ်ပြောဆိုခြင်းကြောင့် ဘိက္ခုမည်သော ရဟန်း၊ မိမိ၏ဝန်ခံခြင်းကြောင့် ဘိက္ခုမည်သောရဟန်း၊ "ဧဟိ-ရဟန်း လာလှည့်" ဟု မိန့်တော်မူကာမျှဖြင့် ဧဟိဘိက္ခုရဟန်း၏ အဖြစ်သို့ ရောက်သောကြောင့် ဘိက္ခုမည်သောရဟန်း၊ သုံးပါးသော သရဏဂုံတို့ဖြင့် မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်သောကြောင့် ဘိက္ခုမည်သောရဟန်း၊ ရဟန္တာဖြစ်သည့်တိုင်အောင် ကောင်းသော သီလ,သမာဓိ,ပညာ,အရိယာဖိုလ် ဟု ဆိုအပ်သော ဝိမုတ္တိ၊ တဆဲ့ကိုးပါးသော ပစ္စဝေက္ခနာဉာဏ် ဟု ဆိုအပ်သော ဝိမုတ္တိဉာဏဒဿနတို့နှင့် ပြည့်စုံသောကြောင့် ဘဒြ-ဘိက္ခုမည်သော ကလျာဏပုထုဇ္ဇန်ရဟန်း၊ ရဟန္တာဖြစ်သည့်တိုင်အောင် အနှစ်ဖြစ်သော သီလ,သမာဓိ,ပညာ,အရိယာဖိုလ်

ဟု ဆိုအပ်သော ဝိရုဠှိ၊တဆဲ့ကိုးပါးသော ပစ္စဝေက္ခဏာဉာဏ်ဟုဆိုအပ်သော ဝိရုဠှိဉာဏဒဿနတို့နှင့် ပြည့်စုံသောကြောင့် သာရမည်သော ကလျာဏပုထုဇ္ဇနိရဟန်း၊ "သိက္ခန္တီတိသိက္ခာ" ဟု ပြု၍ သိက္ခာသုံးပါးကို ကျင့်ကြံအားထုတ်ဆဲဖြစ်သောကြောင့် ယနေ့ နက်ဖြန် အမှန်သာမည ဖိုလ်သို့ရောက်လတ္တံ့သော ကလျာဏပုထုဇ္ဇနိနှင့်တကွ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်အားဖြင့် ခုနစ်ယောက်သော အရိယာပုဂ္ဂိုလ်ဟု ဆိုအပ်သော ဘိက္ခုမည်သော ရဟန်း၊ "နသိက္ခဘိတိအသေခေါ" ဟုပြု၍ ပြီးဆုံးပြီးသော သိက္ခာရှိသော ရဟန္တာပုဂ္ဂိုလ် ဟု ဆိုအပ်သော အသေခ ဖြစ်သောရဟန်း၊အကုပ္ပဋ္ဌာနာရဟာဖြစ်သော ဥတ်လျှင် လေးကြိမ်မြောက်သော ကံဖြင့် ရဟန်း၏အဖြစ်သို့ရောက်သောကြောင့် ဘိက္ခုမည်သော ရဟန်းဟူ၍ တဆဲ့နှစ်ပါး အပြားရှိ၏။

ဤသို့တဆဲ့နှစ်ပါးသော ရဟန်းမျိုးတို့တွင် ဥတ်လျှင်လေးကြိမ်မြောက်သော ဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်ကို ဤအရာဝယ် **ဘိက္ခု** ဟုယူအပ်၏။

ဘိက္ခူတိ ဘိက္ခကောတိဘိက္ခု၊ဘိက္ခာစရိယံအဇ္ဈုပဂတောတိဘိက္ခု၊ ဘိန္နပဋဓရောတိဘိက္ခု၊သမညာယဘိက္ခု၊ ပဋိညာယဘိက္ခု၊ ဧဟိဘိက္ခူတိဘိက္ခု၊ တိဟိသရဏဂမနေဟိဥပသမ္ပန္နောတိဘိက္ခု၊ ဘဒြောဘိက္ခု၊ သာရောဘိက္ခု၊ သေခေါဘိက္ခု၊အသေခေါဘိက္ခု၊သမဂ္ဂေနသံဃေန ဉတ္တိစတုတ္ထေန ကမ္မေန အကုပ္ပေန ဌာနာရဟေန ဥပသမ္ပန္နောတိဘိက္ခု၊ တတြယွာယံဘိက္ခု သမဂ္ဂေန သံဃေန ဉတ္တိစတုတ္ထေန ကမ္မေနအကုပ္ပေန ဌာနာရဟေန ဥပသမ္ပန္နောအယံ ဣမသ္မိံ အတ္ထေအဓိပ္ပေတောဘိက္ခူတိ။ ။ (ပ)

ယခုပြဆိုခဲ့သော ပဒဘာဇနီပါဠိတို့တွင် မထင်ရှားသော အချို့ဌာနကို အဋ္ဌကထာဋီကာတို့ဖြင့် ထင်ရှားစေဦးအံ့။

ရည်မှတ်ကာ အရိယာတို့ရင်၍တောင်းခြင်းကို အရိယ ယာစနဟု ခေါ်သည်။ ထိုကြောင့် ဇာတ်အဋ္ဌကထာ၌။ ။ "ဥဒ္ဒိဿ အရိယာ တိဋ္ဌန္တိ ဧသာအရိယာနံယာစနာ" ဟုဖွင့်ဆိုတော်မူ၏။ဥဒ္ဒိဿ၊ရည်မှတ်၍။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ တိဋ္ဌန္တိ၊ ရင်ကြကုန်၏။ ဧသာ၊ ဤသို့ ရပ်တော်မူခြင်းသည်။ အရိယာနံ၊ တို့၏၊ ယာစနာ၊တောင်းခြင်း, မည်၏။

လူတို့၏ အဝတ်ပုဆိုးနှင့် မတူသော ဖန်ရည်စွန်းသော သင်္ကန်းကို ဆောင်ကာမျှဖြစ်သောကြောင့် **ဘိန္နပဋဓရ-ရဟန်း** ဟု ခေါ်သေး၏။

ဂိဟိဝတ္ထဝိသဘာဂါနံ ကာသာဝါနံ ဓာရဏမတ္တေနေဝ ဘိန္နပဋဓရောတိ ဘိက္ခု။ ။(ကင်္ခာ-၄)

မချအားဖြင့် ကိလေသာဟု ဆိုအပ်သော အကာ မရှိသောကြောင့် ရဟန္တာပုဂ္ဂိုလ်ကိုသာ **သာရဘိက္ခု** ဟု ဆိုသည်။

ဝိဂတကိလေသဖေဂ္ဂုဘာဝတော ခီဏာသဝေါ သာရောတိ ဝေဒိတဗ္ဗော၊ ။ (ကင်္ခာ-၄)

မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခြင်းတို့သည် "ဧဟိ-ရဟန်း လာလှည့်" ဟု မိန့်တော်မူကာမျှဖြင့် ရဟန်း၏ အဖြစ်သို့ ရောက်ခြင်းဟု ဆိုအပ်သော ဧဟိဘိက္ခုပသမ္ပဒါ၊ သရဏဂုံသုံးပါးကို ခံယူသဖြင့် ရဟန်း၏အဖြစ်သို့ရောက်ခြင်း ဟု ဆိုအပ်သော သရဏဂမနူပသမ္ပဒါ၊ အဆုံးအမ ဩဝါဒခံယူသဖြင့် ရဟန်း၏အဖြစ်သို့ရောက်ခြင်း ဟုဆိုအပ်သော ဩဝါဒ ပဋိဂ္ဂဟဏူပသမ္ပဒါ၊ ပုစ္ဆာ ပြဿနာကို ဖြေဆိုသဖြင့် ရဟန်း၏အဖြစ်သို့ရောက်ခြင်း ဟု ဆိုအပ်သော ပဉှာဗျာကရဏူပသမ္ပဒါ၊ ဂရုဓမ်ရှစ်ပါးကို ခံယူသဖြင့် ရဟန်း၏အဖြစ်သို့ရောက်ခြင်း ဟု ဆိုအပ်သော ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ၊ တမန်စေသွတ်သဖြင့် ရဟန်း၏ အဖြစ်သို့ရောက်ခြင်း ဟု ဆိုအပ်သော ဒူတေနူပသမ္ပဒါ၊ ရဟန်းမိန်းမ သံဃာမှ ဉတ်လျှင်လေးကြိမ်မြောက်သော ကမ္မဝါစာ ရဟန်းယောကျ်ား သံဃာမှ ဉတ်လျှင် လေးကြိမ်မြောက်သော ကမ္မဝါစာ ဤသို့ရှစ်ကြိမ် မြောက်သော ကမ္မဝါစာဖြင့် ရဟန်း၏အဖြစ်သို့ရောက်ခြင်း ဟု ဆိုအပ်သော အဋ္ဌဝါစိကူပသမ္ပဒါ၊ ဉတ်လျှင်လေးကြိမ်မြောက်သောကမ္မဝါစာဖြင့် ရဟန်း၏အဖြစ်သို့ ရောက်ခြင်း ဟု ဆိုအပ်သော ဉတ္တိ စတုတ္ထကမ္မူပသမ္ပဒါ။ ။ဟူ၍ ရှစ်ပါးအပြားရှိကုန်၏။

ထိုရှစ်ပါးတို့တွင် အနန္တိမဘဝိက တို့အားသာ ခွင့်ပြုတော်မူအပ်သော ဧဟိဘိက္ခူပသမ္ပဒါ၊ ပရိသုဒ္ဓိ စင်ကြယ်သော ပုဂ္ဂိုလ် တို့အားသာ ခွင့်ပြုတော် မူအပ်သော သရဏ ဂမနူပ သမ္ပဒါ၊ အသျှင်မဟာ ကဿပအားသာ ခွင့်ပြုတော်မူအပ်သော ဩဝါဒပဋိဂ္ဂဟဏူပ သမ္ပဒါ၊ သောပါကသာမဏေအားသာ ခွင့်ပြုတော်မူအပ်သော ပဉှာဗျာကရဏူပ သမ္ပဒါ၊ ရဟန်းတော်တို့သည် လောကဝဇ္ဇ သိက္ခာပုဒ်ကို

လွန်ကြူးရန်မသင့်သောကြောင့်ငင်း။' မိထွေးတော်ဂေါတမီအားသာ ခွင့်ပြုတော်မူအပ်သော ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ၊ အဆုံကာသိ, မည်သောပြည့်တန်ဆာမအား သာခွင့်ပြုတော်မူအပ်သော ဒူတေနူပသမ္ပဒါ၊ ရဟန်းမိန်းမတို့အား ခွင့်ပြုတော် မူအပ်သော အဋ္ဌဝါစိကူပ သမ္ပဒါ၊ ယင်း ဥပသမ္ပဒါ, သုံးမျိုးကို မိန်းမတို့အားသာ ခွင့်ပြုတော်မူအပ်သောကြောင့်ငင်း။

ဤအာရာဝသ် ဥတ္တိ စတုတ္ထ ကံဖြင့် ရဟန်း အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်ကို ဘိက္ခု ဟု ယူအပ်၏။ သို့ ဖြစ်သောကြောင့် အလုံးစုံသော သိက္ခာပုဒ်ကို လွန်ကြူး ခြင်းငှါထိုက်သော ခင်သိမ်းသော ကာလပတ်လုံး တည်ရှိသော ဥတ္တိစတုတ္ထကံဖြင့် ရဟန်းခံခြင်းဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်ကိုသာသျှင် ယူတော်မူ၍ အလုံးစုံသော သိက္ခာပုဒ်ကို လွန်ကြူး ခြင်းငှါထိုက်သော ခင်သိမ်းသော ကာလပတ်လုံး တည်ရှိသော ဥတ္တိစတုတ္ထကံဖြင့် ရဟန်းခံခြင်းဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်ကိုသာသျှင် ယူတော်မူ၍၊ အလုံးစုံသော သိက္ခာပုဒ် တို့ကို ပညတ်တော်မူသည် ဟု မှတ်ယူရာ၏။

> တသ္မာ သဗ္ဗသိက္ခာ ပဒ ဝီတိက္ကမာရဟ သဗ္ဗကာလိကာယ ဉတ္တိစတုတ္ထ ကမ္မူပ သမ္ပဒါယ ဥပသမ္ပန္နမေဝ ဂဟေတွာ၊ သဗ္ဗသိက္ခာပဒါနိ ပညတ္တာနီတိ ဂဟေ တဗ္ဗံ။ ။ (သာ)

ဥတ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်ကိုသာ ယူတော်မူ၍ပညတ်ခဲ့သော် ဟောဘိက္ခု စသော ရဟန်းတို့အားလည်း။ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ် တို့ဖြင့် အာပတ်သင့်ပုံကို အဘယ်သို့ သိရပါသနည်း ဟု မေးသော်။ ။အညာပန္န အဏ္ဏာပတ္တိ နည်းအားဖြင့် သိရသည် ဟု ဖြေပါ။ ။ထိုအဖြေကို ချဲဦးအံ့။ ။ဒွေပုဂ္ဂလာ အဘဗ္ဗာ အာပတ္တိံ အာပဇ္ဇိတုံ ဗုဒ္ဓါ စ, ပစ္စေကဗုဒ္ဓါ စ ဒွေပုဂ္ဂလာဘဗ္ဗာ၊ အာပတ္တိံ အာပဇ္ဇိတုံ ဘိက္ခူ စ ဘိက္ခုနိယော စ။ ။ဟု သာမည အားဖြင့် ဟောတော်မူသောကြောင့်။ ဟောဘိက္ခု စသော ရဟန်းတို့သည် သတိမေ့လျော့သဖြင့် အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ သဟသေယျ စသော အာပတ်သို့ ရောက်ကြကုန်သည်ဟု အဏ္ဏာပန္န နည်းအားဖြင့် သိရာသည်။

ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့လည်းကောင်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါ တို့လည်းကောင်း။ ဣတိ၊ သို့။ ဒွေ၊ နှစ်ဦးကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့

သည်။အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇိတုံ၊ ရောက်ခြင်း၌။ အဘဗ္ဗာ၊မ ထိုက်ကုန်။ ဘိက္ခူစ၊ ရဟန်းယောက်ျားတို့လည်းကောင်း၊ ဘိက္ခုနိယော စ၊ ရဟန်းမိန်းမ တို့လည်းကောင်း။ ဣတိ၊ သို့၊ ဒွေ၊ ကုန်သော။ ပုဂ္ဂလာ၊ တို့သည်။ အာပတ္တိံ၊ သို့။ အာပဇ္ဇိတုံ၊ ၌။ ဘဗ္ဗာ၊ ထိုက်ကုန်၏။

ယဒိ ဧဝံ ပဏ္ဏတ္တိဝဇ္ဇေသု သိက္ခာပဒေသု စ၊ ယေဟိဘိက္ခူပ သမ္မန္နာဒီနမ္ပိ သင်္ဂဟော၊ ကထံ ပညာယတီတိ အတ္တတော အာပန္နတ္တာ၊ တထာဟိ ဒွေပုဂ္ဂလာ အဘဗ္ဗာ အာပတ္တိံ အာပဇ္ဇိတုံ ဗုဒ္ဓါ စ ပစ္စေကဗုဒ္ဓါ စ ဒွေပုဂ္ဂလာ ဘဗ္ဗာ အာပတ္တိံ အာပဇ္ဇိတုံ ဘိက္ခူ စ ဘိက္ခုနိယော စာတိ သာမညတော ဝုတ္တတ္တာ၊ ယေဟိ ဘိက္ခူ ပသမ္မန္နာဒယော ပိ အသဉ္စိစ္စ အသတိယာ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇံ သဟသေယျာဒိ အာပတ္တိံ အာပဇ္ဇန္တီတိ အတ္တတော အာပန္နန္တိ အယမေတ္ထ သာရော။ ။(သာ)

ကင်္ခါအဋ္ဌကထာ၌ကား။ ။ပဏ္ဏတ္တိဝဇ္ဇေသုပန အညေပိ သင်္ဂဟံ ဂစ္ဆန္တိ။ ။ဟု ဖွင့်ဆို၏။ ။အညေပိ၊ ဧဟိဘိက္ခုစသော တပါးသော ရဟန်းတို့သည်လည်း။ ပဏ္ဏတ္တိဝဇ္ဇေသုပန၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့၌ကား။ သင်္ဂဟံ၊ ရေတွက်အပ်သောအဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

သိက္ခာသာဇီဝသမာပန္နော ပုဒ်၌။ သိက္ခာ, သာဇီဝ, သမာပန္နော ဟုံ သုံးပုဒ်ခွဲ။ သိက္ခာ၌၊ "သိက္ခိတဗ္ဗာတိ သိက္ခာ" ဟုပြု၍၊ ကျင့်အပ် မှီဝဲအပ်သော သိက္ခာတို့ကို ယူရ၏။ ထိုသိက္ခာတို့သည်၊ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ ဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် ပါတိမောက္ခသံဝရသီလ ဟုဆိုအပ်သော အဓိသီလသိက္ခာကို ဤပထမပါရာဇိက သိက္ခာပုဒ်အရာဝယ် ယူရ၏။ ။

သိက္ခာတိ တိဿော သိက္ခာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာ သိက္ခာ၊ တတြာယံ အဓိသီလသိက္ခာ၊ အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတာ သိက္ခာတိ။ ။(ပ)

အဓိသီလ စသော သုံးပုဒ်တို့တွင် **အဓိသီလသိက္ခာ**-၌ အဓိသီလ, သိက္ခာ ဟု နှစ်ပုဒ်ခွဲ။ အဓိသီလ၌"အဓိကံ ဥတ္တမံ သီလံ အဓိသီလံ" ဟုပြု၍ ငါးပါးသီလ, ဆယ်ပါးသီလထက် လွန်ကဲထူးမြတ်သော ပါတိမောက္ခသံဝရသီလကို အဓိသီလ ဟု ယူရ၏။အဓိသီလဉ္စ တံ သိက္ခာ စာတိ အဓိသီလသိက္ခာ"ဟု ပြု၍ ပါတိမောက္ခသံဝရသီလ ဟု ဆိုအပ်သော အဓိသီလသိက္ခာကို ယူရ၏။ ။ပါတိမောက္ခ သံဝရသီလံ ပန အဓိသီလန္တိ ဝုစ္စတိ။ ။(ကင်္ခါ-၅)

**အဓိစိတ္တသိက္ခာ၌**။ "အဓိစိတ္တတ္ထာယ သိက္ခာစာတိ အဓိစိတ္တသိက္ခာ" ဟု ပြု၍ ဝိပဿနာ၏အကြောင်း,ဝိပဿနာ၏အခြေဖြစ်သော ရှစ်ပါးသောကုသိုလ်သမာပတ်စိတ်ကို အဓိစိတ္တ ဟုယူရ၏။ "ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံပန အဓိစိတ္တန္တိ ဝုစ္စတိ"။ ။ (ကင်္ခာ-၆)

**အဓိပညာသိက္ခာ၌**။ "အဓိပညာစ သာ သိက္ခာစာတိ အဓိပညာသိက္ခာ" ဟု ပြု၍ သုံးပါးသော အနိစ္စတာ ဒုက္ခတာ အနတ္တတာ ဟု ဆိုအပ်သော မှတ်ကြောင်းလက္ခဏာ အခြင်းအရာကို ပိုင်းခြား တတ်သော ဝိပဿနာဉာဏ်ကို အဓိပညာ ဟုဆို၏။ "တိလက္ခဏာကာရ ပရိစ္ဆေဒကံပန ဝိပဿနာဉာဏံ အဓိပညာတိဝုစ္စတိ"။ ။(ကင်္ခာ-၆)

ဤအရာဝယ် သီလ,အဓိသီလ၊စိတ္တ,အဓိစိတ္တ၊ ပညာ,အဓိပညာ ဤခြောက်ပါးတို့ကို ပိုင်းခြားဝေဘန်၍ သိရာ၏။

ပဉ္စင်္ဂသီလ,အဋ္ဌင်္ဂသီလ, ဒသင်္ဂသီလတို့ကို သီလဟုသာ သာမည ဆို၏၊ ပါတိမောက္ခသံဝရသီလကို အဓိသီလ ဟု ဆို၏။

> ပဉ္စင်္ဂ ဒသင်္ဂသီလံ တာဝ သီလမေဝ ပါတိမောက္ခ သံဝရသီလံပန အဓိသီလန္တိ ဝုစ္စတိ။ ။ (ကင်္ခာ-၄)

ဤနှစ်ပါးသော သီလတို့တွင် ငါးပါးသီလ,ရှစ်ပါးသီလ,ဆယ်ပါး သီလတို့ကို ဖြည့်ကျင့်အားထုတ်သော လူတို့သည် လူ,ရွာ, နတ်ပြည် အလီလီတို့၌ စည်းစိမ်ကိုခံစားကြရကုန်၏။

> တေသံ ကုသလံမ္ဓ ပရိပူရေတွာ ဒေဝေသုစ မနုဿေသုစ သမ္ပတ္တိံ ဘောန္တိ။ ။ (ကင်္ခာ-၄)

ဤအရာဝယ် ဘုရားပွင့်တော်မူရာ မဟုတ်သော ကာလ၌ဖြစ်သော ငါးပါးသီလ စသည်ကိုသာ နိဗ္ဗာန်၏ အားကြီးစွာသော အကြောင်း ရင်းမရှိခြင်းကြောင့် သီလ ဟု ဆို၏။

> တဇ္ဇ ပဉ္စင်္ဂ ဒသင်္ဂသီလန္တိ အဗုဒ္ဓုပ္ပါဒကာလေ သီလံ သန္ဓါယဝုတ္တံ၊တဿ ဝိဝဋ္ဋူပနိဿယတ္တာဘာဝါ၊ ။ (ဋီ)

ဘုရား ပွင့်တော်မူရာ ကာလ ရတနာသုံးပါး ဂုဏ်ကို ယုံကြည်၍ စောင့်ထိန်းအပ်သော ငါးပါးသီလ စသည်ကို မဂ်၏ အကြောင်းဖြစ် သောကြောင့် အဓိသီလ ဟု ဆိုအပ်၏။

ယံပန ဗုဒ္ဓုပ္ပါဒေ ရတနတ္တယဂုဏံ တထဘော ဥတွာ သာသနေသုနိဗ္ဗိဏ္ဏ သဒ္ဓါပဟိ ဥပါသကော ပါသိကာဟိစေဝ သာမဏေရ သိက္ခမာနာဟိစရက္ခိယမာနံ ပဉ္စင်္ဂ အင်္ဂဒသင်္ဂသီလံ၊တမ္ပိ အဓိသီလမေဝ မဂ္ဂုပ္ပတ္တိဟေတုဘော။ ။ (ဝိ)

ငါးပါးသီလ စသည်မျှ၌ တည်သော အနာထပိဏ်စသော လူတို့အားသော်လည်း မဂ်ဖြစ်ပေါ်၏။ ထိုငါးပါးသီလသည် အချို့သော ပုဂ္ဂိုလ်တို့အား အားကြီးသော အကြောင်း ဥပနိဿယ မရသောကြောင့် လက်ရှိအတ္တဘောဝယ် မဂ်ဖြစ်ခြင်း၏ အကြောင်း မဖြစ်သေးသော်လည်း ဘဝတပါး၌ မချွတ်အမှန်ကေန်ဖြစ်ရာသည်။သို့ဖြစ်၍အဓိသီလဖြစ်သော ငါးပါးသီလ စသည့်သာ ဘဝတပါး ပြောင်းသွားသော ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်တို့အား ပါတိမောက္ခသံဝရသီလကဲ့သို့ဖြစ်၏။

ပဉ္စသီလာဒိ မတ္တေ ဌိတာနဉ္စိ အနာထ ပိဏ္ဍိကာဒီနံ ဂဟဋ္ဌာနမ္ပိ မဂ္ဂေါ ဥပ္ပဇ္ဇတိ၊ နဟိ အဓိသီလာဒိဝိတ္တ ဝိနာမဂ္ဂုပ္ပတ္တိဟောတိ၊ တဉ္စ ကိဉ္စာပိ ကေသဉ္စိ အနုပနိဿယတာယ တသ္မိံ အတ္တဘာဝေ မဂ္ဂုပ္ပတ္တိယာ ဟေတု နဟောတိ၊တထာပိ ဘဝန္တရေ အဝဿံ ဟေတုတေဝါတိ၊အဓိသီလမေဝ ကာလံ ကရောန္တာနံ ကလျာဏပုထုဇ္ဇနာနံ ပါတိမောက္ခ သံဝရသီလံဝိယ၊ တေနာဟ ဗုဒ္ဓုပ္ပါဒေယေဝ ဝတ္တတိတိအာဒိ ဝိဝဋ္ဋံ ပဏ္ဍတ္တဘာရက္ခိယမာနမ္ပိ ပဉ္စသီလာဒိ ဗုဒ္ဓုပ္ပါဒေယေဝ။ ။ (ဝိ)

နိဗ္ဗာန်ကိုအာရုံပြုသော သမာပတ်ဖြစ်ရာ အားဖြင့် မဂ္ဂသမ္ပယုတ္တသီလ,ဖလသမ္ပယုတ္တသီလကိုသာ အဓိသီလဟုဆို၏။ ထိုရဟန်းအဓိသီလကို ဤပဉ္စမ ပါရာဇိက သိက္ခာပုဒ်ဝယ် မဂ်သီလဖိုလ်သီလနှင့် ပြည့်စုံသော ရဟန်းသည် ပေထုန်အကျင့်ကို မမှီဝဲသောကြောင့် သိက္ခာ ဟု အလိုမရှိအပ်၊

ပါတိမောက္ခသံဝရတောပိစ မဂ္ဂဖလသမ္ပယုတ္တမေဝ သီလံ အဓိသီလံ၊ တံ ပန ဣဓ အနဓိပ္ပေတံ၊ နဟိ တံ သမာပန္နော ဘိက္ခုမေထုနံ ဓမ္မံ ပဋိသေဝတိ။ ။ (ကင်္ခါ—ဋ္ဌ)

ရှစ်ပါးသော ကာမာဝစရ ကုသိုလ်စိတ်, ရှစ်ပါးသော ရူပ,အရူပ ပဉ္စမဈာန်နှင့် ယှဉ်သော လောကီ ကုသိုလ်ဖြစ်သော သမာပတ်စိတ်ကို စိတ္တ ဟု ဆို၏။ ဝိပဿနာ၏ အကြောင်း ဝိပဿနာ၏ အခြေဖြစ်သော ရူပ,အရူပဈာန်နှင့်ယှဉ်သော ရှစ်ပါးသော ကုသိုလ်သမာပတ်စိတ်ကို အဓိစိတ္တ ဟု ဆို၏။

> ကာမာဝစရာနိပန အဋ္ဌကုသလစိတ္တာနိ၊ လောကိယ အဋ္ဌသမာပတ္တိစိတ္တာနိစ ကေဇ္ဈံကတ္တာ စိတ္တမေ၀ါတိ ဝေဒိတဗ္ဗာနိ၊ ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံပန အဓိစိတ္တန္တိ ဝုစ္စတိ။ ။(ကင်္ခါ-ဋ္ဌ)

နိဗ္ဗရိယာယ မရှုအားဖြင့် မဂ်စိတ်, ဖိုလ်စိတ်သည်သာ အဓိစိတ္တမည်၏။ ထိုအဓိစိတ္တကို ဤပါရာဇိကအရာဝယ် မဂ်စိတ်,ဖိုလ်စိတ်နှင့် ပြည့်စုံသောရဟန်းသည် မေထုန်အကျင့်ကိုမမှီဝဲသောကြောင့် သိက္ခာ ဟု အလိုမရှိအပ်။

> တတောပိစ မဂ္ဂဖလ စိတ္တမေဝ အဓိစိတ္တံ၊ တံပန ဣဓ အနဓိပ္ပေတံ၊ နဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ။ ။ (ကင်္ခါ–ဋ္ဌ)

အတ္ထိဒိန္နံ-အတ္ထိယိဋ္ဌံ စသည်ဖြင့် မြတ်သောကံကိုသာ မိမိဥစ္စာဟု သိသော ကမ္မဿကတဉာဏ်ကို ပညာ ဟု ဆို၏။ အနိစ္စ လက္ခဏာ၏ ထင်ရှားဖြစ်ပြီး၍ မသင်ရှားခြင်း ဟုတ္တာအဘာ၀ အခြင်းအရာ၊ ဒုက္ခ လက္ခဏာ၏ ဖြစ်ခြင်း ဥပါဒ်ပျက်ခြင်း၊ ဘင်တို့သည် အဖန်ဖန် အထပ်ထပ် နှိပ်စက်ခြင်း ဥဒယဗ္ဗယပီဠန အခြင်းအရာ၊ အနတ္တလက္ခဏာ၏ အလိုသို့ မလိုက်ခြင်း, အနှိုးမရခြင်း, အဝသဝတ္တန အခြင်းအရာတို့ကို ပိုင်းခြားတတ်သောဝိပဿနာဉာဏ်ကို မဂ်ပညာ၏တည်ရာဖြစ်သော ကြောင့် အဓိပညာ ဟု ဆို၏။

> အတ္ထိဒိန္နံ အတ္ထိယိဋ္ဌန္တိအာဒိနယပ၀တ္တံ ပန ကမ္မဿ ကတ ဉာဏံပညာ၊ တိလက္ခဏာကာရ ပရိစ္ဆေဒကံပန ဝိပဿနာဉာဏံ အဓိပညာတိ ဝုစ္စတိ။ ။ (ကင်္ခါ-ဋ္ဌ)

သာသနာတော်၌ မှိသော၀န်သို့ ရောက်စေတတ်, ကြည်လင်စေ တတ်သော အလုံးစုံသော ကုသိုလ်ပညာကိုလည်း ကမ္မဿကတ ဉာဏ်၌ သွင်း၍ယူရ၏။ သာသနာတော်၌မှိသော နိဗ္ဗာန်သို့ရောက်စေ တတ်သော အလုံးစုံသော ပညာကိုလည်း သစ္စာနုလောမိကဉာဏ် ဟု ဆိုအပ်၏။ ထို့ကြောင့်–ကံသာ မိမိဉစ္စာ ဟု သိသော ဉာဏ်ကို ကမ္မဿကတဉာဏ် ဟု ဆိုသောစကားသည်ဥပလက္ခဏနည်းမျှသာ ဖြစ်၏။

> သာသနိဿိတာပန သဗ္ဗာပိ ဝဋ္ဋဂါမိ ကုသလပညာ ကမ္မဿကတဉာဏေ ပဝိဋ္ဌာ၊ သာသနိဿိတာဟိ ဝိဝဋ္ဋဂါမိနီ သဗ္ဗပညာ သစ္စာ နုလောမိကဉာဏန္တိ ဝုစ္စတိ၊ ။(ဝိ)

“တိလက္ခဏာကာရ ပရိစ္ဆေဒကံပန ဝိပဿနာဉာဏံ” ဟူသော စကားကို မဂ်၏နီးစွာသော အကြောင်း ဖြစ်သောကြောင့် ဥက္ကဋ္ဌ၏ အ

ဓမ္မ်းဖြင့် ဆိုအပ်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်မှ တပါးကုန်သော ရတနာသုံးပါးတို့၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်းအစရှိသော ပညာတို့၏လည်း မဂ်၏အကြောင်း ဖြစ်သောကြောင့် အဓိပညာ၏ အဖြစ်သည် ဖြစ်၏ ဟု ယူရာ၏။

တိလက္ခဏာကာရ ပရိစ္ဆေဒကံပန ဝိပဿနာဉာဏဥ္စ ဇူဒိပန မဂ္ဂဿအာသန္နပစ္စယတာယ ဥက္ကဋ္ဌဝသေန ဝုတ္တံ။ တဒိတရာသမ္ပိ ရတနတ္တယာ နုဿရဏာဒိပညာနမ္ပိမဂ္ဂဟေတုတာယ အဓိပညတာ သမာနာဝါတိ ဂဟေတဗ္ဗံ။ ။
(၈)

နိပ္ပရိယာယမှုအားဖြင့် မဂ်ပညာဖိုလ်ပညာကိုသာအဓိပညာဟု ဆို၏။ ထိုအဓိပညာကို ဤပဌမပါရာဇိက သိက္ခာပုဒ်ဝယ် မဂ်ပညာ ဖိုလ်ပညာနှင့်ပြည့်စုံသောရဟန်းသည် မေထုန်အကျင့်ကို မမှီဝဲသောကြောင့် သိက္ခာ ဟု မယူရာ။

တတောပိစ မဂ္ဂဖလပညာဝ အဓိပညာ၊ သာပန ဣဓအနဓိပ္ပေတာ၊ နဟိ တံ သမာပန္နော ဘိက္ခုမေထုနံဓမ္မံပဋိသေဝတီတိ။ ။ (ကင်္ခာ–၄)

"တံပန ဣဓ အနဓိပ္ပေတ်" ဟူသော စကားဖြင့် ဝိပဿနာ၏ အကြောင်း ဝိပဿနာ၏အခြေဖြစ်သော ရူပ, အရူပဈာန်နှင့်စပ်ယှဉ်သော ရှစ်ပါးသော မဟဂ္ဂုတ်ကုသိုလ် သမာပတ်စိတ်ဟုဆိုအပ်သော လောကီအဓိစိတ္တကို ဤပဌမပါရာဇိကအရာဝယ် သိက္ခာ ဟု အလိုရှိအပ်သေး၏ ဟု ခွင့်ပြုတော်မူသည်။

"နဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ" ဟူသော စကားဖြင့် လောကီအဓိစိတ္တနှင့် ပြည့်စုံသော ရဟန်းသည် မေထုန်အကျင့်ကိုမှီဝဲသေး၏ ဟူသော အနက်ကို အတ္ထာပန္နနည်းအားဖြင့် ခွင့်ပြုတော်မူ၏။ ပညာနိဒ္ဒေသ၌လည်း "သာပနဣဓ အနဓိပ္ပေတာ၊ နဟိတံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ"ဟူသော စကားဖြင့် လောကီအဓိပညာသိက္ခာကို ဤပါရာဇိကအရာဝယ် သိက္ခာဟု အလိုရှိအပ်သော အဖြစ်၊ လောကီဖြစ်သော အဓိပညာ သိက္ခာနှင့် ပြည့်စုံသော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲသေး၏ ဟူသော အနက်ကို အတ္ထာပန္နနည်းအားဖြင့် ပြတော်မူသည်။

အဋ္ဌကထာဆရာသည် အတ္ထာပန္နနည်းအားဖြင့် ခွင့်ပြု အလိုရှိအပ်သော အလုံးစုံသော ဤအနက်,ဤအဓိပ္ပါယ်သည် ဤအရာဝယ် အဓိ

သီလသိက္ခာကိုသာအလိုရှိအပ်သောကြောင့် "တတြာယံ အဓိသီလသိက္ခာ၊ အယံ ဣမသ္မိံ အတ္ထေ အဓိပ္ပေတာ သိက္ခာ" ဟူသော ပါဠိတော်နှင့် ဆန့်ကျင်ဖီလာ မညီညွတ်ဖြစ်၍နေပါ၏။

အယဉ္စပါဠိအဓိသီလသိက္ခာဝ ဣဓအဓိပ္ပေတာ။နဣတရာတိ ဒီပေတိ။ ။(သာ)

ပါဠိ အဋ္ဌကထာ ဤနှစ်ဖြာတို့၌ ဟောတော်မူပုံ,ဆိုလိုပုံကို နှိုင်းနှော တိုက်ဆိုင်၍ပြဦးအံ့၊ ။လောကီဖြစ်သောအဓိစိတ္တ,အဓိပညာသိက္ခာနှင့် ပြည့်စုံသောရဟန်းသည် မေထုန်အကျင့်ကို မှီဝဲအံ့ဟုစိတ်ဖြစ်ကာမျှ လောကီဖြစ်သော အဓိစိတ္တ,အဓိပညာသိက္ခာ သုံးရှုံးပျက်ပြား၍ မေထုန်အကျင့်ကို မှီဝဲခြင်း ငှာ မတတ်ကောင်းသောကြောင့် အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာတို့ကို ပါဠိတော်မှာမယူ။ အဓိသီလသိက္ခာနှင့် ပြည့်စုံသော ရဟန်းသည် မှီဝဲအံ့ဟု စိတ်ဖြစ်ကာမျှဖြင့် အဓိသီလ ပျက်၍မကျဘဲ မေထုန်အကျင့်ကို မှီဝဲခြင်းငှာ တတ်ကောင်းသောကြောင့် အဓိသီလသိက္ခာကိုသာ ပါဠိတော်မှာယူသည်။ ။အဋ္ဌကထာ၌မူကား လောကီဖြစ်သော အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာနှင့် ပြည့်စုံသော ရဟန်းသည် လောကီဖြစ်သော အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာမှ သုံးရှုံးပျက်ပြား၍ သော်လည်း မေထုန်အကျင့်ကို တရံတခါမှီဝဲရာသောကြောင့် လောကီဖြစ်သော အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာတို့ကိုလည်း ဤအရာဝယ် သိက္ခာ ဟု ယူတော်မူသည်။ လောကုတ္တရာဖြစ်သော အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာနှင့် ပြည့်စုံသောရဟန်းသည် မဂ်ဖိုလ်တရားတို့၏ ပျက်စီးခြင်းသဘော မရှိသောကြောင့် လောကုတ္တရာဖြစ်သော အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာမှ သုံးရှုံးပျက်ပြား၍ မေထုန်အကျင့်ကို မှီဝဲခြင်းသည် တရံတခါမျှမဖြစ်နိုင်ရာသောကြောင့် လောကုတ္တရာဖြစ်သော အဓိစိတ္တသိက္ခာ,အဓိပညာသိက္ခာတို့ကိုသာ ပယ်တော်မူသည်ဟု သာရတ္ထဒီပနီဋီကာဝယ် အကြောင်းပြ၍ ညီမျှအောင် ဖွင့်ဟတော်မူသည်။

တသ္မာ ပါဠိယာ အဋ္ဌကထာယ စ ဧဝ မဓိပ္ပါယော ဝေဒိတဗ္ဗော၊ လောကိယ အဓိစိတ္တ အဓိပညာ သမာပန္နဿ တထာရူပပစ္စယံ ပဋိစ္စ မေထုနံမပိ ပဋိသေဝိဿာမီတိ စိတ္တေ ဥပ္ပန္နေ တတော အဓိစိတ္တတော အဓိပညာတော စ ပရိဟာနိ သမ္ဘဝတီတိ၊ တံဒွယံ သမာပန္နေန နသက္ကာ မေထုနံမပိ ပဋိသေဝိတုန္တိ၊ ပါဠိယံ အဓိသီလသိက္ခာဝ ဝုတ္တာ၊ အဓိသီလသိက္ခာဒွယာဝ ဝီတိက္ကမံ နကရောတိ၊ တာဝ သမာပန္နောဝ ဟောတိ၊ နဟိ စိတ္တုပ္ပါဒ မတ္တေန ပါတိမောက္ခ သံဝရ

သီလံ ဘိန္ဒ နာမ ဟောတီတိ။ ။အဋ္ဌကထာယံပန လောကိယအဓိပ္ပါယတော အဓိပညာတော စ ပရိဟာယိတွာပိ ဘိက္ခုနော မေထုနဓမ္မပဋိသေဝနံ ကဒါစိ ဘဝေယျာတိ၊ တံဒွယံအပဋိက္ခိပိတွာ မဂ္ဂဖလဓမ္မာနံအကုပ္ပသဘာဝတ္တာ ၊တံသမာပန္နဿ ဘိက္ခုနော တတော ပရိဟာယိတွာ မေထုနဓမ္မ ပဋိသေဝနံနာမ န ကဒါစိသမ္ဘဝတီတိ၊ လောကုတ္တရာဓိပ္ပါယ အဓိပညာနံယေဝ ပဋိက္ခေပေါ ကတောတိ ဝေဒိတဗ္ဗော။ ။ (သာ)

ဆောင်။ ။ပါတိမောက္ခ၊သံဝရ၊စောင့်ကြအဓိသီလတည်း။
ဝိပဿနာ၊အကြောင်းလာ၊ဖြစ်ရာသမာပတ်၊အဓိစိတ္တမှတ်။
လက္ခဏာသုံး၊ပိုင်းခြားအုံး၊မှတ်ယုံးဝိပဿနာ အဓိပညာ
တည်း။
သိက္ခာအယူ၊ပါဠိမူ၊မရူအဋ္ဌကထာတည်း။
မှီဝဲစိတ်မျှ၊ပျက်၍ကျ၊လောကအဓိစိတ္တပညာတည်း။
မှီဝဲစိတ်မျှ၊ပျက်မကျ၊မှတ်ပအဓိသီလတည်း။
ထို့ကြောင့်သာပ၊ပါဠိက၊ယူ၍အဓိသီလသိက္ခာတည်း။
လောကီအဓိ၊ရတုရှိ၊ပျက်ဘိမှီဝဲစိတ်ပေါ်လာတည်း။
ထို့ကြောင့်သာပ၊ကထာပြ၊ယူရအဓိစိတ္တပညာတည်း။
မပျက်၍သာ၊ဥတ္တရာ၊ပယ်ပါအဓိစိတ္တပညာတည်း။
ရှေ့ဆောင်ရှေ့နေ၊ပြုလုပ်ပေ၊မှတ်လေသာရတ္ထဒီပနီကာတည်း။

သာဇီဝ၌"သဟာဇီဝန္တိ ဝတ္တန္တိ ဧတ္ထာတိ သာဇီဝံ"ဟု ပြု၍အထူးထူး ဒေသစသောအားဖြင့်ပြားသောရဟန်းတို့၏အတူတကွဖြစ်ရာဖြစ်သော သိက္ခာပုဒ် ကို သာဇီဝ ဟု ယူရ၏။ သဟရှေးရှိသော ဇီဝဓာတ်သည် ဝတ္တန အနက်ကိုဟော၏။ ဏ-ပစ္စည်းသက် သဟ,သဒ္ဒါကို သ, ပြု၍ ပြီး၏။

သာဇီဝံနာမ ယံဘဂဝတာ ပညတ္တံ သိက္ခာပဒံ တံသာဇီဝံနာမ။ ။ (ပ)
ဇော တံ သာဇီဝံနာမာတိ ဇော တံ သဗ္ဗမ္ပိ ဘဂဝတာ ဝိနယေ ဌပိတံ သိက္ခာပဒံ၊ ယသ္မာဧတ္ထ နာနာဒေသဇာတိ ဂေါတ္တာဒိ ဘေဒဘိန္နာ ဘိက္ခူ သဟဇီဝန္တိ ဧကဇီဝိတာ သဘာဂဇီဝိတာ သဘာဂဝုတ္တိနော ဟောန္တိ၊ တသ္မာ သာဇီဝန္တိ ဝုစ္စတိ။ ။ (ကင်္ခါ-ဋ္ဌ)

"သဟာဇီဝန္တိ အာဇီဝန္တိ ဧတ္ထာတိ သာဇီဝံ"ဟုဆို၍လည်း အတူတကွ အသက်မွေးရာဖြစ်သော သိက္ခာပုဒ်ကို ယူရ၏။ "သဟာဇီဝန္တိ သိက္ခန္တိ ဧတ္ထာတိ သာဇီဝံ" ဟု ဆို၍လည်း အတူတကွ ကျင့်ကြံရာ သိက္ခာပုဒ်ကို သာဇီဝ ဟု ယူရ၏။

## သိက္ခာနှင့်သာဇီဝအထူး။

ပါတိမောက္ခသံဝရသီလကိုသိက္ခာ ဟု ဆို၏၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို သာဇီဝ ဟုဆို၏။

**တနည်း။** အာပတ် ခုနစ်ပုံကို မလွန်ကျူးသော ဝိရတိ စသော ကုသိုလ်တရားတို့ကို သိက္ခာဟုဆို၏။ မာတိကာစသောအားဖြင့် ပြားသော နာမကာယ,ပဒကာယ,နိရုတ္တိကာယ,ဗျဉ္ဇနကာယ တို့ကိုသာ သာဇီဝ ဟုဆို၏။

**တနည်း။** ။အာချရမ္မဏိကဓမ္မကို သိက္ခာဟု ဆို၏။ အာလမ္ဗိတဗ္ဗဓမ္မကို သာဇီဝ ဟုဆို၏၊

**တနည်း။** ဖြည့်ကျင့်အပ်သောအဖြစ်ဟု ဆိုအပ်သော ပူရေတဗ္ဗဘာဝကို သိက္ခာ ဟု ဆို၏။ မလွန်ကျူး အပ်သော အဖြစ်ဟု ဆိုအပ်သော အဝိတိက္ကမိတဗ္ဗဘာဝ,ကို သာဇီဝ ဟုဆို၏။

**တနည်း။** ။''သိက္ခာသမာပန္နော'' ဖြင့် စာရိတ္တသီလ၏ အစွမ်းဖြင့် ဝိရတိနှင့်ယှဉ်သော စေတနာ ဟုဆိုအပ်သော သီလသံဝရ, ဝါရိတ္တသီလ၏ အစွမ်းဖြင့် ဝိရတိနှင့် မယှဉ်သော စေတနာ ဟု ဆိုအပ်သော သီလသံဝရတို့၏အထူးကား ရဟန်းသန္တာန်၌ဖြစ်သော ကာလကိုသာ ယူရ၏။

''သာဇီဝသမာပန္နော''ဖြင့် အိပ်ခြင်း စသည်တို့၏အစွမ်းဖြင့် လွန်ကျူးခြင်း မရှိသောကြောင့် ရဟန်းသန္တာန်၌ မဖြစ်သော ကာလကို လည်းယူရ၏။

**ဆောင်။** ၁။ **သံဝရကို၊သိက္ခာဆို၍၊မပိုအဟုတ်၊သိက္ခာပုဒ်ကို၊သာဇီဆို ထိုကို၍သို့အထူးမှတ်။**

၂။ **စေတနာစု၊သိက္ခာဟုဆို၊ဟောမှုပညတ်၊သာဇီတတ်၊ ထက်ချပ်၍သို့အထူးမှတ်။**

၃။ **အာရုံပြုတတ်၊သိက္ခာမှတ်၍၊ပြုအပ်အာရုံ၊သာဇီတုံ၊ ရောက်ကုန်၍သို့အထူးမှတ်။**

၄။ **ပူရေတဗ္ဗ၊သိက္ခာပြ၍၊မကျအဝိ၊ သာဇီမည်၊ ရောက်သည် ၍သို့အထူးမှတ်။**

"သိက္ခာစ သာဇီဝဉ္စ သိက္ခာသာဇီဝံ"ဟု ဒွန်တွဲ၍ သိက္ခာသာဇီဝကို ယူရ၏။

"သိက္ခာ သာဇီဝံ သမာပန္နော သိက္ခာသာဇီဝ သမာပန္နော" ဟု သမာသ်တွဲ၍ သိက္ခာတို့ကိုလည်း ဖြည့်ကျင့်သည် ဖြစ်၍ သာဇီဝ ဟု ဆိုအပ်သော သိက္ခာပုဒ်ကိုလည်း မလွန်ကျူးသည်ဖြစ်၍ရောက်သော ရဟန်းကိုယူ။ ပြည့်စုံသော ပရိပုဏ္ဏ, အနက်ဟော သမာပန္န သဒ္ဒါ ဟု ယူ၍"သိက္ခာသာဇီဝေဟိ သမာပန္နော သိက္ခာသာဇီဝ,သမာပန္နော" ဟု ပြုပြီးလျှင် သိက္ခာသာဇီဝတို့နှင့် ပြည့်စုံသောရဟန်းကိုယူပါ။

"တသ္မိံ သိက္ခတိ" ဟူသော ပါဠိတော်၏ ဥပလက္ခဏ နည်းဖြစ်သောကြောင့် သာဇီဝဟုဆိုအပ်သော သိက္ခာပုဒ်၌သာ ကျင့်ကြံသည် မဟုတ်၊ ပါတိမောက္ခ သံဝရသီလ ဟု ဆိုအပ်သော သိက္ခာ၌လည်း ကျင့်ကြံသည် ဟုသူရ၏။

ထို့ကြောင့် ပါဠိတော်၌။ "တေနဝုစ္စတိသာဇီဝ သမာပန္နောတိ" ဟု ဟောတော်မူသော်လည်း "သိက္ခာသမာပန္နောတိ" ဟူ၍လည်း အဋ္ဌကထတို့,နေသုံးအနည်းအားဖြင့် သိရာ၏။ဤသို့ ဥပလက္ခဏနည်းပြု ယူခဲ့သည့်ရှိသော်၊"သိက္ခာသာဇီဝ သမာပန္နော"ဟူသော ပုဒ်၏ ပဒ ဘာဇနီသည် ပြည့်စုံတော့၏။

နကေဝလဉ္စာယ မေတသ္မိံ သာဇီဝသင်္ခါတေသိက္ခာပဒေယေဝ သိက္ခတိ၊ သိက္ခာယပိ သိက္ခတိ။ ။ (ကင်္ခါ-၄)

သီလစောင့်စည်းခြင်းကို ပြည့်စုံစေခြင်း,သာဇီဝ ဟုဆိုအပ်သော သိက္ခာပုဒ်တို့ကို မလွန်ကျူးခြင်း ဤနှစ်ပါးကို ဤသိက္ခတိ,အရာဝယ် ကျင့်ခြင်းသိက္ခန ဟု ဆိုလိုသည်။

သီလသံဝရပူရဏံသာဇီဝါနတိက္ကမနဉ္စာတိ၊ဣဒမေဝ စဒွယံ ဣဓသိက္ခနံနာမာတိ အဓိပ္ပါယော။ ။ (သာ)

**ဆောင်။ ။သီလဖြည့်ခြင်း၊လွန်ကြူးကင်း၊မှတ်လျှင်းသိက္ခန။ ။**

သာဇီဝ ဟုဆိုအပ်သောသိက္ခာပုဒ်ကိုမလွန်ကျူးခြင်းသည်သိက္ခာ ပြည့်စုံရန် အကြောင်းခံဖြစ်လေသည်။

**ထို့ကြောင့် ဋီကာ၌။** ။တတ္ထ သာဇီဝါနတိက္ကမော သိက္ခာပါရိပူရိယာ ပစ္စယော သာဇီဝါနတိက္ကမတောဟိ ယာဝမဂ္ဂါ သိက္ခာပါရိပူရိဟောတိ။ ။ ဟု ဖွင့်ဆိုတော်မူ၏။

"သိက္ခံအပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ" ပုဒ်တို့ဖြင့် သိက္ခာပုဒ်၌ အားနည်းသော အဖြစ်ကိုထင်စွာပြုခြင်း, အဓိသီလသိက္ခာကိုမပယ်မစွန့်ခြင်းဟု ဆိုအပ်သော ဒုဗ္ဗလျာဝိကမ္မ သိက္ခာအပစ္စက္ခာန။ သိက္ခာပုဒ်၌ အားနည်းသော အဖြစ်ကို ထင်စွာပြုခြင်း, အဓိသီလသိက္ခာကို ပယ်စွန့်ခြင်း ဟု ဆိုအပ်သော ဒုဗ္ဗလျာဝိကမ္မ သိက္ခာပစ္စက္ခာန။ ဤသို့ နှစ်မျိုးသော ဗျတိရိက်, အနွယ အနက်တို့ကို အတ္ထာပတ္တိနည်းအားဖြင့် ပြဆိုတော်မူသည်။

သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာတိ အတ္ထိ ဘိက္ခဝေ ဒုဗ္ဗလျာဝိကမ္မဉ္စေဝ ဟောတိ၊ သိက္ခာစ အပစ္စက္ခာတာ၊ အတ္ထိ ဘိက္ခဝေ ဒုဗ္ဗလျာဝိကမ္မဉ္စေဝ ဟောတိ၊ သိက္ခာစ ပစ္စက္ခာတာ။ ။ (ပ)

ပဋိသေဓယှဉ်၍ပြသောပုဒ်တို့၌ ပဋိသေဓပယ်ချ၍အနွယ အနက်, ဗျတိရေကအနက် ဤနှစ်ချက်ကိုသိရာသည်။ ပဋိသေဓ မယှဉ်သောပုဒ်တို့၌လည်း ပဋိသေဓထည့်ကြသောအားဖြင့် ဗျတိရေက, အနွယ ဤအနက်နှစ်မျိုးကိုသိရာသည်။

ဆောင်။ ။ပဋိသေဓ၊ ရှိ၍ကလျှင်၊ ပယ်မှပင်၊ သိချင်နွယဗျတိရိက်။
ပဋိသေဓ၊ မရှိကလျှင်၊ ထည့်ကြရှင်၊ မှတ်ချင်ဗျတိရိက်နွယ်။

"သိက္ခံအပစ္စက္ခာယဒုဗ္ဗလျံအနာဝိကတွာ" ပုဒ်တို့တွင် အပစ္စက္ခာယ၌ "နပစ္စက္ခါတီတိ အပစ္စက္ခာယ" ဟု ကိတန္တသမာသ်ဝိဂြိုဟ်ပြု၍ စိတ်, ခေတ်, ကာလ, ပယောဂ, ပုဂ္ဂလ, ဝိဇာနန တို့၏ အစွမ်းဖြင့်၎င်း, အလုံးစုံ၏အစွမ်းဖြင့်၎င်းအဓိသီလသိက္ခာကို မစွန့်မပယ်သော ရဟန်းကို ယူပါ။ အပစ္စက္ခာယ,ကား န,ရှေး၊ ပဋိရှေးရှိသော ဒိပ ခါတ် တွာ ပစ္စည်းဖြင့်ပြီး၏။

ဒုဗ္ဗလျံ၌ 'ဒုအပ္ပံဗလံဧတဿာတိ ဒုဗ္ဗလံ။ ဒုဗ္ဗလဿ ဘာဝေါ ဒုဗ္ဗလျံ'' ဟု ပြု၍ နည်းသော အားရှိသော သိက္ခာပုဒ်၏ ဖြစ်ကြောင်းဖြစ်သော "ယန္နူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ" စသောဂုဏ်ကိုယူပါ။

အနာဝိကတွာ-၌ "နအာဝိကတွာ အနာဝိကတွာ" ဟု ကိတန္တအသုတ္တသမာသ် ပြု၍ ထင်စွာမပြုခြင်း, ထင်စွာမပြုခြင်းကြိယာကို ယူပါ။

"ဒုဗ္ဗလျံ အနာဝိကတွာ"ဟူသော နှစ်ပုဒ်တို့ဖြင့် အဓိသိလသိက္ခာကို ပယ်စွန့်ခြင်း၏ သဘောသျှင် အနက်ဖြစ်သော အချို့သော အားမရှိသော သိက္ခာပုဒ်၏ အဖြစ်ကို ထင်စွာမပြုမူ၍ ဟု ပြဆိုလိုသည်။

"ယန္နူနာဟံ ဗုဒ္ဓံ ပစ္စက္ခေယျံ"ဤသို့စသည်ဖြင့် သိက္ခာပုဒ် တည်းဟူသော သာဇီဝ၌ အားမရှိသော အဖြစ်ကို ထင်စွာ ပြုသော်လည်း အဓိသိလသိက္ခာကိုကား ပယ်အပ်သည်,စွန့်အပ်သည် မမည်၊ပယ်ရာ စွန့်ရာ မရောက်။ အဓိသိလသိက္ခာကို ပယ်စွန့်သည် ရှိသော် သိက္ခာ တည်းဟူသော သာဇီဝ၌ အားမရှိသောအဖြစ်ကို ထင်စွာပြုပြီး ပြပြီး ဖြစ်တော့သည့်သာလျှင် ဖြစ်၏။

အဓိသိလသိက္ခာကို ပယ်စွန့်ခဲ့သော် ဒုဗ္ဗလျ အာဝိကတ ဖြစ်ပြီးဖြစ်သောကြောင့်"သိက္ခံအပစ္စက္ခာယ" ဟူသောပါဌ်ဖြင့် လိုအပ်သော အနက်အကျိုးသည်ပြီးပြီးသျက်"ဒိရက္က တိရက္ကံသဟသေယျံကပ္ပေယျ" ဟူသော ပါဠိတော်၌ ဒိရက္က သည့် ထူးသောအကျိုး,ထူးသောအနက် မရှိသကဲ့သို့ ထူးသောအကျိုး, ထူးသောအနက်မရှိသော"ဒုဗ္ဗလျံအနာဝိကတွာ" ဟူသော ပုဒ်ကို အဘယ် အကျိုးငှါ ဟောတော်မူပါသနည်းဟု မေး။

ထူးသောအကျိုး, ထူးသောအနက် မရှိငြားသော်လည်း လောကဝေါဟာရ၏ အစွမ်းဖြင့် သဒ္ဒါပြေပြစ်သော အဖြစ်ကိုပြရန် အကျိုးငှါ၎င်း၊ နှုတ်တက်သော အဖြစ်ကို ပြရန်အကျိုးငှါ၎င်း ဟောတော်မူပါသည်ဟု ဖြေ။

> ဧဝ မိဒမ္ပိ ဝေါဟာရဝသေန ဗျဉ္ဇနသိလိဋ္ဌတာယ မုခါရုဠှတာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ ။ (ကင်္ခါ-ဋ္ဌ)

တနည်း အဖြေကား။ ။အခြံအရံမှ ကင်းသော မင်းသည် မတင့်တယ်၊ပုဆိုးအင်္ကျီအဝတ်မှ ကင်းသော ယောက်ျားသည် မတင့်တယ်, မဖွယ်ရာသကဲ့သို့ အခြံအရံဖြစ်သော ပုဒ်မှကင်းသော အနက်ကိုပြတတ်သော တခုသော"သိက္ခံအပစ္စက္ခာယ"ဟူသော ပုဒ်ကိုသာ ဆိုခဲ့သည်ရှိသော် မတင့်တယ် မဖွယ်ရာသောကြောင့် တင့်တယ်ဖွယ်ရာ အခြံအရံအကျိုးငှါ"ဒုဗ္ဗလျံ အနာဝိကတွာ" ဟူသော ပရိဝါရပုဒ်ကို ဟောတော်မူသည်ဟု ဖြေ။

ပရိဝါရကေန ပန အတ္တာနုလောမေန သဟာယ ပဒေန သဒ္ဒိံ တံ သောဘာ တီတိ။ ။ (ကင်္ခါ-၄)

တနည်း အဖြေကား။ ။အချို့သော ဒုဗ္ဗလျာဝိကမ္မသည် သိက္ခာကို ပယ်စွန့်ခြင်း၏ အနက် ဖြစ်သောကြောင့်"သိက္ခံအပစ္စက္ခာယ" ဟူသော ပုဒ်၏ အနက်ကို ဖွင့်ပြရန် အကျိုးငှါ"ဒုဗ္ဗလျံ အနာဝိကတွာ"ဟူသောပုဒ်ကို ဟောတော်မူသည်ဟု ဖြေ။ ။

ယသ္မာ ပန သိက္ခာ ပစ္စက္ခာနဿ ဧကစ္စံ ဒုဗ္ဗလျာဝိကမ္မံ အတ္ထော ဟောတိ၊ တသ္မာ နံ သန္ဓာယ သိက္ခံ အပစ္စက္ခာယာတိ၊ ပဒဿ အတ္ထံ ဝိဝရန္တော ဒုဗ္ဗလျံ အနာဝိကတွာတိ အာဟ။ ။ (ကင်္ခါ-၄)

"ဗုဒ္ဓံပစ္စက္ခာမိ" ဤသို့ စသော သိက္ခာကို ပယ်စွန့်သော သဒ္ဒါ၏ ဒုဗ္ဗလျာဝိကမ္မ ပုဒ်၏ အနက်သည် အချင်းကျစွာ မဖြစ်နိုင်သော်လည်း သိက္ခာကို မဖြည့်မကျင့် ပယ်စွန့်ခဲ့သည်ရှိသော် သာဓိပ္ပါယ် နည်းသော အားရှိသောအဖြစ်ကို သိရသောကြောင့် သိက္ခာကို ပယ်စွန့်ခြင်း၏ အချို့သောဒုဗ္ဗလျာဝိကမ္မသည် ဝစ္စ အနက်ဖြစ်သည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသည်ဟု သာရတ္ထဒီပနီ မိန့်၏။ ။

ထို့ကြောင့် ဋီကာ၌။ ။ကိဉ္စာပိ ဗုဒ္ဓံပစ္စက္ခာမီတိ အာဒိ သိက္ခာ ပစ္စက္ခာန ဝစနဿ ဒုဗ္ဗလျာဝိကမ္မပဒေဿ နဟောတိ၊ တထာပိ ဗုဒ္ဓံ ပစ္စက္ခာမီတိ ဝုတ္တေ သိက္ခာပရိပူရဏေ ဒုဗ္ဗလျာဝိဘာဝဿပိ ဂမျမာနတ္တာ သိက္ခာပစ္စက္ခာနဿ ဧကစ္စ ဒုဗ္ဗလျာဝိကမ္မံ အတ္ထော ဟောတီတိ ဝုတ္တံ။ ။ဟု ဖွင့်ဆိုတော်မူ၏။

**ဆောင်။ ။ပထမပုဒ်၊ပြီးရန်ထုတ်လျက်၊မဆုတ်တက်လာ၊အကျိုးမှာ၊ ဘယ်ရာဌာန၊ရှိသနည်း။**

**ဝါစာသိလိဋ္ဌ၊ ခြံရံသိတ်လျက်၊ တဆိတ်ဖွင့်ပြ၊ အကျိုးပ၊ မိန့်ဟကျမ်းတွင်လာ။**

အလုံးစုံသော ဒုဗ္ဗလျာဝိကမ္မသည် သိက္ခာပစ္စက္ခာန မဖြစ်နိုင်သောကြောင့်"ဒုဗ္ဗလျံ အနာဝိကတွာ"ဟူသောပုဒ်၏အနက်ကိုမှတ်ထားရန် အကျိုးငှါ "ဒုဗ္ဗလျံ အနာဝိကတွာ သိက္ခံ အပစ္စက္ခာယ" ဟု ဟောတော်မူသင့်ပါလျက်၊ အဘယ့်ကြောင့် "သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ"ဟု ဟောတော်မူပါသနည်း ဟု မေး။

"သိက္ခာသာဇီဝ သမာပန္နော" ဟူသော ပုဒ်၌ အနက်အစဉ် မရ မရှိနိုင်သောကြောင့်"ဒုဗ္ဗလျံ အနာဝိကတွာ သိက္ခံအပစ္စက္ခာယ"ဟု

ဟောတော်မူသင့်သော်လည်း မဟောမူ၍ "သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ"ဟု အနက်အစဉ်အားဖြင့်သာ ဟောတော်မူသည် ဟုဖြေ။

> သိက္ခာသာဇီဝ သမာပန္နောတိ ဟိ ဝုတ္တတ္တာ ယံသိက္ခံ သမာပန္နော၊တံအပစ္စက္ခာယာတိ ဝုစ္စမာနေ အနုက္ကမေန အတ္ထော ဝုတ္တော ဟောတိ၊န အညထာ တသ္မာ ဠုဒမေဝ ပထမံ ဝုတ္တန္တိ။ ။ (ကင်္ခါ–၄၁)

"သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ"ဟူသောပုဒ်တို့ဖြင့်ပြအပ်သော နှစ်မျိုးသော အနက်တို့တွင် သာဇီဝ၌ အားမရှိသော အဖြစ်ကို ထင်စွာပြုခြင်း, အဓိသီလသိက္ခာကို ပယ်စွန့်ခြင်း ဟု ဆိုအပ်သော ဒုဗ္ဗလျာဝိကမ္မ သိက္ခာပစ္စက္ခာန ဖြစ်ပုံကို " ဇူဒါနေဝ သိက္ခာပစ္စက္ခာနဝါရေသု ပါဠိယံ အဝုတ္တကာယာရဇ္ဇ ဝုတ္တနယာနံ သမ္ပိဏ္ဍနတ္ထံ ဝသေန ဇေံ ဝိနိစ္ဆယော ဝေဒိတဗ္ဗော "ဟူသော ဋီကာပါဌ်ကို ထောက်ဆ၍ရင်း။ "တသ္မာ စိတ္တ ခေတ္တ ကာလ ပယောဂ ပုဂ္ဂလ ဝိဇာနန-ဝသေန သိက္ခာယ ပစ္စက္ခာနံ ဥတွာ တဒဘာဝေန အပစ္စက္ခာနံ ဝေဒိတဗ္ဗံ"ဟူသော ဋီကာကို ထောက်ဆ၍ရင်း။ရေးသားစီစဉ်ပေအံ့။

**ဆောင်။ ။စိတ်ခေတ်ကာလ၊ ပယောဂနှင့်၊ ပုဂ္ဂလထည့်၊ ဝိဇာကြည့်၊**
**ခြောက်ပြည့်ညီမှ-သိက္ခာကျ။ ။**
**ခြောက်ပါးအင်္ဂါ၊မပြည့်လာ၊ သိက္ခာမကျ၊ မှတ်ကုန်ကြ။**

ဟူသောလင်္ကာနှင့်အညီသာသနာတော်မှ ရွေ့လျောစေလိုသော စိတ်ဖြင့်သာ အဓိသီလသိက္ခာကို ပယ်စွန့်နိုင်သည်။"ဒဝါ၊အဆောတလျင် ဆိုသောပုဂ္ဂိုလ်အားရင်း။ရဝါ၊ချွတ်ယွင်း၍ဆိုသော ပုဂ္ဂိုလ်အားရင်း" အဓိသီလသိက္ခာ ပယ်စွန့်ဖြင်းသည် မဖြစ်နိုင်ရာ။ထို့ကြောင့် သာသနာတော်မှ ရွေ့လျောလိုသော စိတ်ကိုသာ စိတ္တ ဟု ဆိုအပ်၏။

"ဗုဒ္ဓံ ပစ္စက္ခာမိ" ဤသို့စသည်ဖြင့် ဟောတော် မူအပ်ကုန်သော ဗုဒ္ဓ,ဓမ္မ,သံဃ,သိက္ခ,ဝိနယ,ပါတိမောက္ခ,ဥဒ္ဒေသ,ဥပဇ္ဈာယ,အာစရိယ, သဒ္ဓိဝိဟာရိက, အန္တေဝါသိက, သမာနုပဇ္ဈာယက, သမာနာစရိယက, သဗြဟ္မစာရီ၊ "ဂိဟီတိ မံ ဓာရေဟိ" ဤသို့စသည်ဖြင့် ဟောအပ်ကုန်သော ဂိဟိ, ဥပါသက, အာရာမိက, သာမဏေရ, တိတ္ထိယ, တိတ္ထိယသာဝက,အသမဏ,အသက္ယပုတ္တိယ။

ဖုဿ စသော တဆယ့်လေးပုဒ်တို့ကို "အလံ မေ ဗုဒ္ဓေန" စသည်ဖြင့် တွဲစပ်၍ ဟောအပ်သောပုဒ်ကား—တဆယ့်လေးပုဒ်။

ဖုဿ စသော တဆယ့် လေးပုဒ် တို့ကိုပင်၊ "ကိံ နု မေ ဗုဒ္ဓေန" စသည်ဖြင့် တွဲစပ်၍ဟောအပ်သောပုဒ်ကားတဆယ့်လေးပုဒ်။

ဖုဿ စသော တဆယ့်လေးပုဒ်တို့ကိုပင် "နု,မမတ္ထော" စသည်ဖြင့် တွဲစပ်၍ ပြအပ်သောပုဒ်ကား တဆယ့်လေးပုဒ်။

ဖုဿ စသော တဆယ့်လေးပုဒ်တို့ပင်။ " သုမုတ္တာဟံ ဗုဒ္ဓေန " စသည်ဖြင့် တွဲစပ်၍ ဟောအပ်သောပုဒ်ကား တဆယ့်လေးပုဒ်။ ဤသို့ ငါးဆယ့် ခြောက်ပုဒ်သော ပုဒ်တို့တွင် တပုဒ်ပုဒ်ဖြင့်လည်း ကောင်း၊ သရုပ်အားဖြင့် ပါဠိတော်၌ ထုတ်ဖော်၍ ဟောအပ်သော ခုနစ်ဆယ့်ရှစ်ပုဒ်တို့တွင် တပုဒ်ပုဒ်ဖြင့်လည်းကောင်း။ ဖုဿအစ, သက္ယပုတ္တိယ,အဆုံးရှိသော နှစ်ဆယ့်နှစ်ပုဒ်တို့၏ ဝေဝစ်ပရိယာယ် စကားလှယ်ဖြစ်သော ပုဒ်အပေါင်းတို့တွင် တပုဒ်ပုဒ်ဖြင့် လည်းကောင်း ရွတ်ဆို၍ ချသော ရဟန်းအား သိက္ခာကျသည် ဖြစ်တော့၏။

ဂုဏ္ဍ စသည်တို့တွင် တခုခု၏ အမည်ကိုယူ၍၊ အဓိ သီလသိက္ခာ ကိုပယ်စွန့်သော ရဟန်းအား သိက္ခာကို ပယ်စွန့်သည်မမည်။ သိက္ခာ မကျ၊ ထို့ကြောင့် ဤအရာဝယ် ခုနစ်ဆယ့် ရှစ်ပါးသော ပုဒ်တို့တွင် တပုဒ်ပုဒ်ကိုလည်းကောင်း,ဗုဒ္ဓ စသော နှစ်ဆယ့်နှစ်ပါးသော ပုဒ်တို့၏ ဝေဝစ်ပရိယာယ် ပုဒ်တို့တွင် တပုဒ်ပုဒ်ကိုလည်းကောင်း။ **ခေတ္တ** ဟု ယူအပ်ဆိုအပ်၏။

"ပစ္စက္ခာမိ ဓာရေဟိ"ဟူသော ပါဌ်ဖြင့် ပြအပ်သောပစ္စုပ္ပန် ကာလဖြင့်လည်းကောင်း။ "အလံ မေ ဗုဒ္ဓေန" "ကိံ နု မေ ဗုဒ္ဓေန" "န မမတ္ထော ဗုဒ္ဓေန" "သုမုတ္တာဟံ ဗုဒ္ဓေန"ဟူသော ပါဌ်တို့ဖြင့် ပြအပ်သော အာချာတ်၏အစွမ်းဖြင့် ပစ္စုပ္ပန်,အတိတ်, အနာဂတ်ဟု ကာလကိုမသုံးသင်သော အနာမဋ္ဌကာလဖြင့် လည်းကောင်း ဆို၍ သိက္ခာကို ပယ်စွန့်သောရဟန်းအား သိက္ခာကျသည်သာ ဖြစ်၏။

"ပစ္စက္ခာသိံ ပစ္စက္ခိဿံ"ဟူ၍လည်းကောင်း။ "ဓာရေသိ ဓာရေဿာမိ"ဟူ၍၎င်း။ "ယန္နူနာဟံ ပစ္စက္ခေယျံ" စသည်တို့ဟူ၍၎င်း အတိတ်,အနာဂတ်,ပရိကပ္ပစကားတို့ကို ရွတ်ဆို၍ သိက္ခာကိုပယ်စွန့်

သော ရဟန်းအား သိက္ခာမကျ၊ ထို့ကြောင့် ဤအရာ၀ယ် ပစ္စုပ္ပန်ကာလ, အနာဂတ်ကာလကို ယူရာ၏၊အလိုရှိရာ၏။

**ဆောင်။ ။ပစ္စုပ္ပန်တတ်၊ အနာဂတ်၊ ဆတ်ဆတ်ကာလနှစ်ဖြာတည်း။**

ဝဒတိ ဟူသောပုဒ်ဖြင့် ပြအပ်သော "ဗုဒ္ဓံပစ္စက္ခာမိ" စသည့်ကို အမှတ်ခဲ့ပြား တပါးပါးသော ဘာသာဖြင့် နှုတ်မြွက်၍ သိက္ခာကို ပယ်စွန့်သော ရဟန်းအား သိက္ခာကျသည်သာ ဖြစ်၏။ စာရေးခြင်း, လက်ဆုပ်စသည့်ကိုပြုခြင်း ဟုဆိုအပ်သော ကာယပယောဂ,ကိုပြု၍ သိက္ခာကိုပယ်စွန့်သောရဟန်းအား သိက္ခာမကျနိုင်၊ ထို့ကြောင့် ဤအရာ၀ယ် ဝစီပယောဂ ကိုသာ **ပယောဂ** ဟုအလိုရှိအပ်၏။

**ဆောင်။ ။ကာယ,ဝစီ၊ နှစ်ပါးချီ၊ မှတ်လီပယောဂ။**
**ဝစီဆိုမှ၊သိက္ခာကျ၊ယူကြဝစီပယောဂ။**

"ဥမ္မတ္တကောသိက္ခံပစ္စက္ခာတိ" စသော ပါဠိဖြင့် ပြအပ်သောပုဂ္ဂိုလ်သည် အဓိသီလသိက္ခာကို ပယ်စွန့်သောပုဂ္ဂိုလ်, အဓိသီလသိက္ခာကို ခံယူ ပယ်စွန့်ရာဖြစ်သော ပုဂ္ဂိုလ်ဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် ရူးသောသူ စိတ်ပြန့်လွင့်သောသူ ဝေဒနာ နှိပ်စက်သော သူတို့တွင် တယောက်ယောက်မျှမဟုတ်သော သိက္ခာကိုပယ်စွန့်လိုသော ရဟန်းသည် ရူးသောသူ စသည်တို့တွင် တယောက်ယောက်မျှ မဟုတ်မူ၍ မျက်မှောက်၀ယ် သိက္ခာကို ခံယူပယ်စွန့်ရာ လူသားဖြစ်သော ပုဂ္ဂိုလ်၏အထံ၌ ရွတ်ဆို၍ သိက္ခာကိုပယ်အံ့၊ သိက္ခာကျ၏။ ကျွန်ုပ်တယ် ဖြစ်၍ဖြစ်သော လူ တိရစ္ဆာန် နတ် စသော ပုဂ္ဂိုလ်တို့အား တမန်သ ဝန်စာဖြင့်ကြား၍ ချခြင်းသည် သိက္ခာမကျ၊ ထို့ကြောင့် ဤအရာ၀ယ် လူသားပုဂ္ဂိုလ်ကို **ပုဂ္ဂလ** ဟု ယူအပ်၏။ တိရစ္ဆာန် နတ် စသည်တို့ကို မယူရ။

**ဆောင်။ ။သိက္ခာစွန့်သူ၊ ခံယူသူ၊ မှတ်ယူနှစ်ဖြာတည်း။**
**သိက္ခာစွန့်သူ၊ ဖြစ်ခဲ့မူ၊ ရူးသူစသည်မဖြစ်ရာ။**
**သိက္ခာခံသူ၊ ရူးသူမဖြ ၊လူစင်စစ်၊ထင်လစ်ရှေ့မှောက်သာ။**

"ဝိဇာနန" သိခြင်းသည် မှတ်၍ပြောကြားအပ်သော ပုဂ္ဂိုလ်၏သိခြင်း,မမှတ်မူ၍ ပြောကြားအပ်သော ပုဂ္ဂိုလ်၏သိခြင်းဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်အကြင်သူတို့အားမှတ်၍ပြောကြား၏။ထိုပု

တို့သည် "ဗုဒ္ဓံပစ္စက္ခာမိ" စသော စကား၏ အခြားမဲ့၌သာလျှင် ဤရဟန်းသည် လူ၏အဖြစ်ကို တောင့်တ၏ဟု တစုံတခုသော အခြင်းအရာဖြင့် သိက္ခာကို ပယ်စွန့်သောအဖြစ်ကို သိကုန်အံ့။ သိက္ခာကျ၏။ အကြင်သူတို့အား မမှတ်မူ၍ ပြောကြား၏၊ ထိုသူတို့တွင် လူဇာတ်ရှိသော တစုံတယောက်သောသူသည် သဒ္ဒါ၏အနက်ကို သိအံ့။ သိက္ခာကျ၏။ ထို့ကြောင့် ဤအရာ၀ယ် မှတ်၍ပြောကြားအပ်သော ပုဂ္ဂိုလ်၏သိခြင်း, မမှတ်မူ၍ပြောကြားအပ်သော ပုဂ္ဂိုလ်တို့တွင် လူသားဖြစ်သောပုဂ္ဂိုလ်၏သိခြင်းကို **ဝိဇာနန** ဟု ယူအပ်၏။

**ဆောင်။ ။ဝိဇာနန၊ အနိယမ နိယမ၊ မိန့်ဟန်စံဖြာတည်း။**
**မှတ်သူသိခြင်း၊ မမှတ်လျှင်းမူ၊ လူချင်းသိက၊ သိက္ခာကျ၊ မှတ်ပဲ့အရာ။**

ဤသို့ စိတ် ခေတ် ကာလ ပယောဂ ဝိဇာနနတို့၏ အစွမ်းဖြင့်သာလျှင် သိက္ခာကိုပယ်စွန့်ခြင်း ဖြစ်ရာ၏။ တပါးသော အခြင်းအရာအားဖြင့် သိက္ခာကျခြင်း မဖြစ်ရာ။

ဧဝံ ဇာနိတွာ ဗုဒ္ဓံ ပစ္စက္ခာမိ ... ဝသေနေဝ သိက္ခာပစ္စက္ခာနံ ဟောတိ၊ န အညထာတိဒဋ္ဌဗ္ဗံ။ ။(သာ)

"ဗုဒ္ဓံပစ္စက္ခာမိ"ဟု ဆိုအပ်သော ရဟန်းသည် ပုဒ်ရှေ့နောက်ပြန်သည်ကိုပြု၍ ပစ္စက္ခာမိ ဗုဒ္ဓံ ဟူ၍လည်း အကယ်၍ ရွတ်မိရာသည်ဖြစ်စေ၊ မာဂဓဘာသာမှ တပါးသော တောင်သူလူမိုက်တို့၏ဘာသာဖြင့် "ဘုရားစသည်ကို စွန့်ပါ၏" ဟူသော အနက်အဓိပ္ပါယ်ကို အကယ်၍ ဆိုမိရာသည်လည်းဖြစ်စေ၊ ဗုဒ္ဓံပစ္စက္ခာမိ ဟုဆိုလျက် ဓမ္မံပစ္စက္ခာမိ စသည်ဖြင့် ပုဒ်ချွတ်သောအားဖြင့် အကယ်၍ဆိုမိရာသည်လည်းဖြစ်စေ၊ ဆိုရာ, စွန့်ရာဖြစ်စေသော ပုဂ္ဂိုလ်သည် "ဤရဟန်းသည် ရဟန်းအဖြစ်ကို စွန့်လို၍ ဤအနက်အဓိပ္ပါယ်ကို ဆိုပေသည်"ဟု ဤမျှကိုလည်းသိအံ့၊ ချွတ်ယွင်းခြင်းမရှိ၊ သကြား၏အဖြစ်, ဖြဟ္မာ၏အဖြစ်မှ ရတော့လျော့ကျသော သတ္တဝါကဲ့သို့ သာသနာတော်မှ လျော့ကျ၏။

သစေ ယဿ ဝဒတိ၊ သော အယံဘိက္ခုဘာဝံ စဇိတုကာမော၊ တေမတ္ထံ ဝဒတီတိ ဇွေကမတ္တမ္ပိ ဇာနာတိ၊ ဝိရဒ္ဓံနာမ နတ္ထိ၊ ခေတ္တမေဝ ဩတိဏ္ဏံ ပစ္စက္ခာတာဝ ဟောတိသိက္ခာ။ သက္ကတာဝါ ဗြဟ္မတ္တာဝါ စုတသတ္တောဝိယ စုတော၀ ဟောတိ သာသနာ။ ။(ကင်္ခါ—၄၅)

ပြောဆိုသော ခဏ္ဍသာသျှင် မရှေးမနှောင်း တပြိုင်နက်သိရန် ခဲခက်လှ၏။ လောကဝ္ဍ လူတို့သည် သဘောအားဖြင့် စကားကိုကြား၍ သိကြကုန်သကဲ့သို့ သိမှု အထွန့်အထိပ်သို့ ရောက်၏။ ဤရဟန်းသည် အဘယ်ကို ဆိုပါလိမ့်မည်နည်းဟု ယုံမှား၍ ကြာမြင့်မှ သိနဲ့သော် သိက္ခာမကျချေ။

အာဝဇ္ဇနသမယေ ဥ ာတေဇဝ သိသံနန္တိ၊ကိံ အယံ ဘဏတိတိ ကင်္ခတိ၊ ဝိရေန ဥ ာဘေ သိသံ န နန္တိ။ ။(ကင်္ခာ-၄)

"ဖုဋ္ဌံပစ္စက္ခာမိ" စသော ခေတ်ပုဒ်တို့၏ အနက်ကို အလုံးစုံအားဖြင့် သိသော်လည်း ဤရဟန်းသည့် ရဟန်း၏အဖြစ်မှ ရွေ့လျောပြောင်းရွေ့လိုသောကြောင့် ဆိုပေ သည်ဟု အလိုကိုမသိအံ့။ သိက္ခာ မကျဘဲ ရှိသေ၏။ ခေတ်ပုဒ်တို့၏ အနက်ကို မသိသော်ငြားလည်း ရဟန်းအဖြစ်မှ ရွေ့လျောလိုသောကြောင့် ဆိုပေသည်ဟု အလိုကိုသိအံ့။ သိက္ခာကျပျက်၏။

တသ္မာ ဗုဒ္ဓံ ပစ္စက္ခာမိတိ အာဒိခေတ္တပဒါနံ သဗ္ဗသော အတ္ထံ ဥ တွာပိ၊ သ စေ ဘိက္ခုဘာဝတော စဝိတုကာမတာယ ဧသ ဝဒတိတိ အဓိပ္ပါယံ နဇာနာတိ၊ အပစ္စက္ခာတာဝ ဟောတိ။ သိက္ခာ အတ္ထံ ပန အဇာနိတွာပိ ဥက္ကဏ္ဌော ဝဒတိတိ တံ ဇာနာတိ။ ပစ္စက္ခာတာဝ ဟောတိ သိက္ခာ။ ။(ဋီ)

**ဆောင်။ ။ပုဒ်နက်သိနှင့်၊ မသိချင့်မူ၊ လိုခွင့်မဟုတ်၊ အလိုထုတ်၍၊ သိဟုတ်တတ်သူ၊ သိက္ခာယူ၊ စွန့်သူကျသည်သာ။**

"ဒုဗ္ဗလျာဝိကမ္မသိက္ခာပစ္စက္ခာန" ဖြစ်ပုံကို အကျယ်သိသဖြင့် ဒုဗ္ဗလျာဝိကမ္မ သိက္ခာ အပစ္စက္ခာနဖြစ်ပုံကို အပြန်အားဖြင့် သိပါလေ။

မေထုနံဓမ္မံ ပုဒ်တို့တွင် မိထုနသဒ္ဒါသည် သဒိသတူသောအနက်ကို ဟော၏။ ဤအလိုအားဖြင့် "မိထုနာနံဓမ္မော မေထုနာနံ" ဟု ဓမ္မ တဒ္ဓိတ်ဝိဂြိုဟ်ပြု၍ မေထုနရာဂဖြင့် တင်သောသူ၏ အဖြစ်ဖြင့် တူကြသောသူတို့၏ လွန်ကျူး၍ကျင့်ခြင်းဟု ဆိုအပ်သော ဥစ္စာကိုယူ။ နှစ်ဦးနှစ်ယောက်သောလူတို့တွင် တဦးတယောက်သောလူအား တပ်ခြင်းရာဂ မရှိငြားသော်လည်း၊ ဤတဦးတယောက်မှ တပါးသောလူအား မေထုန်အကျင့်ကို မှီဝဲခြင်းဟု ဆိုအပ်သော ကိစ္စပြီးနိုင်သောကြောင့်၊ ယခုဆိုအပ်ခဲ့ပြီးသော ဝိဂြိုဟ်ကို ယေဘုယျနည်းအားဖြင့် ဆိုတော်မူသည်ဟု မှတ်ရာ၏။

ဇာဒဿ ယောဘုယျတော ဝုတ္တံ၊ ဥဘောသု အညတရဿ ရာဂါဘာဝေပိ ဇာဘရဿ မေထုနံ သေဝန သံသိဒ္ဓိတော။ ။(ဋီ)

တနည်း။ ။အသက်ပြတ်ကြွေ သေလေပြီးသောမိန်းမ၌ လွန်ကျူး၍ကျင့်ခြင်းကို ရှဋ္ဌိအားဖြင့် မေထုန် ဟု ဖွင့်ဆိုအပ်၏။ ထို့ကြောင့် အနုဝဏ္ဏနာ၌ "မတိတ္ထိယာပန ဝိတိက္ကမော ရုဋ္ဌိယာ မေထုနန္တိ ဝုစ္စတိ" ဟု ဖွင့်ဆိုတော်မူ၏။

တနည်း။ ။မေထုန သဒ္ဒါသည် အစုံနှစ်ယောက်ဟူသော အနက်ကို ဟော၏။ ဤအလိုအားဖြင့် "မေထုနာနံ သမူဟော မေထုနော" ဟု ပြု၍ အစုံနှစ်ယောက်သော လူတို့၏ ဥစ္စာဖြစ်သော လွန်ကျူး၍ကျင့်သော အကျင့်ကိုယူ။

ဥဘိန္နံ ရတ္တာနံ သာရတ္တာနံ အဝဿုတာနံ ပရိယုဋ္ဌိတာနံ ဥဘိန္နံ သဒိသာနံ ဓမ္မောတိ၊ တံ ကာရဏာ ဝုစ္စတိ မေထုနဓမ္မောတိ။ ။(ကင်္ခာ)။ ။ မေထုနသဒ္ဒေါဝါ ဥဘယသဒ္ဒပရိယာယော မေထုနံ ယုဂဠံ ယမကံ ဥဘယန္တိ ဟိ အတ္ထတော ဧကံ တေနာဟ ဥဘိန္နံ ရတ္တာနန္တိ ဒွယံဒွယသမာပတ္တိတိဟိ ပါဠိယမ္ပိ ဝုတ္တံ။ ။(ဋီ)

တနည်း။ ။မေထုန သဒ္ဒါသည် ပေါင်းဖော်ခြင်းအနက်, မွေ့လျော်ပျော်ပါးခြင်းအနက်ကိုဟော၏။ ထို့ကြောင့် အဘိဓာန်ကျမ်း၌။ ။မေထုနော သင်္ဂမေ ရတော။ ။ဟု ဖွင့်ဆိုတော်မူ၏။

ဓမ္မသဒ္ဒါသည် လွန်ကျူး၍ကျင့်ခြင်းအာစာရအနက်ကိုဟော၏။ ဤအလိုအားဖြင့် ပါဠိတော်၌လာသော မေထုနဓမ္မ ဟူသောပုဒ်၌ "မေထုနမေဝ ဓမ္မော မေထုန ဓမ္မော" ဟု ပြုအပ်၏။ မေထုန်အကျင့်ကို သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ဖြစ်သောကြောင့် အသဒ္ဓမ္မဟု ဆို၏။ ရွာ၌နေသော လူအများတို့သည် မှီဝဲအပ်သော အကျင့် ဖြစ်သောကြောင့် ဂါမဓမ္မ ဟုလည်း ဆို၏၊ ကံလေသာ ဖိစွတ်သောကြောင့် အလိုလိုသာယုတ်သော အကျင့်ဖြစ်၍ ဝသလဓမ္မ ဟုလည်းဆို၏။ ကိလေသာတို့သည် ဖျက်ဆီး အပ်သည်ဖြစ်၍ ရုန့်ရင်း ကြမ်းတန်းသောကြောင့် ဒုဋ္ဌုလ္လ ဟုလည်းဆို၏။ မေထုန်၏အဆုံး၌ စင်ကြယ်ရန်အကျိုး ငှါ ယူအပ်သောရေရှိသောကြောင့် ဩဒကန္တိက ဟုလည်း ဆို၏။ မျက်စိကွယ်ရာ အရပ်၌ ပြုအပ်သောကြောင့် ရဟဿ ဟုလည်းဆို၏။ အစုံ အစုံ နှစ်ယောက်သော သူတို့သည် ရောက်အပ် သောကြောင့် ဒွယံဒွယ သမာပတ္တိ ဟုလည်း ဆို၏။

မေထုနဓမ္မေ ၁နာမ ယောသော အသဒ္ဓမ္မော ဂါမဓမ္မော ဝသလဓမ္မော ဒုဋ္ဌုလ္လံ ဩဒကန္တိကံ ရဟဿံ ဒွယံဒွယသမာပတ္တိ၊ ဧသောမေထုနဓမ္မောနာမ၊ ။ (ပ)

ပဋိသေဝေယျ-ဟူသောပါဌ်ဖြင့် မာတုဂါမ၏ နိမိတ်အင်္ဂါဇာတ်၌။ ဝါ၊ အင်္ဂါဇာတ်သို့ ယုတ်သောအပိုင်းအခြားဖြင့် နှမ်းတစေ့ခန့်မျှ ပကတေ့သော လေသည့် မတွေ့ မထိ ကောင်းသော စိုစွတ်ရာ အရပ်၌ မိမိဟုဆိုအပ်သော ရဟာန်း၏ နိမိတ်အင်္ဂါဇာတ်ကို သွင်း၍ ဝင်စေသော ရဟန်းကို ပဋိသေဝန မှီဝဲသောရဟန်း ဟု ပြတော်မူ၏။

ပဋိသေဝတိနာမ ယော နိမိတ္တေန နိမိတ္တံ ၊အင်္ဂဇာတေန အင်္ဂဇာတံ၊ အန္တမသော တိလဖလမတ္တမ္ပိ ပဝေသေတိ၊ ဧသော ပဋိသေဝတိနာမ။ ။ (ပ)

ပဋိသေဝတိနာမ ဟူသောပုဒ်ကို မာတိကာ၌ မဟောမထုတ်ပါဘဲ လျက် အဘယ့်ကြောင့် ပဒဘာဇနီပါဠိတော်၌ မာတိကာပုဒ်ပြုလုပ်၍ ဟောတော်မူပါသနည်းဟု မေး။ ပဋိသေဝေယျ၌ မှီဝဲပုံအခြင်းအရာကို ပြရန် အလို့ငှါ မာတိကာပုဒ်ပြုလုပ်၍ ဟောတော်မူပါသည်ဟု ဖြေ။

ပဋိသေဝတိနာမာတိ ဣဒံပဋိသေဝေယျာတိ ဧတ္ထ ယေနာကာရေန ပဋိသေဝေယျာတိ ဝုစ္စတိ၊ တဿာကာရဿ ဒဿနတ္ထံ မာတိကာပဒံ။ ။ (ကင်္ခါ-ဋ္ဌ)

နိမိတ္တေန နိမိတ္တံ့,ဟူသော ပဒဘာဇနီပါဌ်၌ - အဋ္ဌကထာ ဆရာသည် "အတ္တနောနိမိတ္တေန ပရဿ နိမိတ္တံ" ဟု ဖွင့်ပြတော်မူသည်။ အတ္တနောနိမိတ္တေန, ဟူသော ဤစကားကို မဂ္ဂေန ဂစ္ဆတိ, စသော ပါဠိနှင့်အညီ မှတ်ယူရာ၏။

မဂ္ဂေန ဂစ္ဆတိ, ဟုဆိုအပ်သည်ရှိသော် မဂ္ဂံဂစ္ဆတိ မဂ္ဂေဝါဂစ္ဆတိ, ဟူသောအနက်ကို ယူရသကဲ့သို့။ အတ္တနောနိမိတ္တေန, ဟူသော ပါဌ်၌ "အတ္တနော နိမိတ္တံ ပဝေသေတိ၊ နိမိတ္တေဝါ ပဝေသေတိ" ဟူသောအနက်ကို မှတ်ယူရာ၏။ "အတ္တနော နိမိတ္တေနအတ္တနောနိမိတ္တံ" ဟူသောစကားကို ယောကျ်ား၏ လုံ့လယောဂကို ပြရန်အကျိုးငှါ ယောဇနာနည်းအားဖြင့် အဋ္ဌကထာဆရာသည် ဖွင့်ဆိုအပ်၏။ ။ဣဒဉ္စ ယောဇနာယေန ပုရိသပယောဂဒဿနတ္ထံ ဝုတ္တံ။ ။(သာ)။ ။နိမိတ္တနှင့် အင်္ဂဇာတ သဒ္ဒါတို့သည်အနက်အားဖြင့် တူကြ၏။ ။ထို့ကြောင့် သာရတ္ထ၌။ ။နိမိတ္တံ အင်္ဂဇာတန္တိ အတ္ထတော ဧကံ။ ။ဟု ဖွင့်ပြ၏။

ပါဠိတော်ဝယ် " အန္တမသော တိလဖလမတ္တံ ပိ " ဟု လာသည်။ အဋ္ဌကထာ၌ကား "သဗ္ဗန္တိမေန ပမာဏေန ဧကတိလဗီဇ

မတ္တမ္ပိ ''ဟု လာသည်၊ ဤသို့ကွဲပြားသည်ကို မှတ်ရာ၏။ ပါဠိတော်၌ တိဖလ,နှမ်းသီးဟု လာသောလည်း အအိမ်အခွန် အကာနှင့်တကွ ဖြစ်သောနှမ်းသီးကိုမယူရ။ ရန်ညှင်းစေ့ပမာအရှိသော နှမ်းစေ့ကိုသာ ယူဟု ပြလို၍၊ ကေတိလဗီဇမတ္တမ္ပိ-ဟု ဖွင့်တော်မူသည်ဟုယူရာ၏။ တိလဖလန္တိ သာသပမတ္တံ တိလဗီဇံ အဓိပ္ပေတံ၊ န ကောသ သဟိ တံ ဖလန္တိ အာဟ၊တိလဗီဇမတ္တမ္ပိတိ။ ။ ဝိ)

ထိုသို့ ဝိမတိဆရာ ရေးပြပါသောသည်း ''ဧတေသု နိမိတ္တသာဂါ တေသု၊ယတ္ထကတ္ထစိ အင်္ဂဇာတံ တိလဖလမတ္တမ္ပိ ပဝေသေတွာ မေထုနံ ဓမ္မံ ပဋိသေဝန္တော ပါရာဇိကံအာပဇ္ဇတိ'' ဟူ သော အဋ္ဌကထာ၌ပင် တိလဖလမတ္တမ္ပိ ဟု လာပြန်သော ကြောင့် သင်ခြင် နိုင်းဆ၍ သဘောကျရာကို ယူရာ၏။ ။ဝိမတိဆရာကား - ''ဂရုက ဘာဝေယော ဧဝာဘဝ'' ဟူသော အဋ္ဌကထာနှင့်အညီ၊လေးရာယူ၍ ဖွင့်ဆိုသည်ဟု မှတ်ယူရာ၏။

နိမိတ်၌ ပေါက်သော ကာယပသာဒ မပျက်သော အရေညှောင့် တံသင်းကို လည်းကောင်း၊ ရှိသောထွတ်အိုင်းနာကိုလည်းကောင်း။ သွင်း၍ဝင်စေသောရဟန်းသည် ပါရာဇိကကျ၏၊ကာယပသာဒပျက် သော သေသောအရေကိုလည်းကောင်း။ ခြောက်သော ထွတ်အိုင်းနာ ကိုလည်းကောင်း သွင်း၍ ဝင်စေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။

မေထုန်အကျင့်၌ သာယာသောရာဂဖြင့် အမွေးကိုလည်းကောင်း၊ လက်ခြောင်း,လက်မ, အတ္တာတို့ကိုလည်းကောင်း၊ သွင်း၍ဝင်စေသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

> နိမိတ္တေ ဇာတံ အနဋ္ဌကာယပ္ပသာဒံ စမ္မခိလံ ဝါ ပိဠကံ ဝါ ပဝေသေတိ၊အာ ပတ္တိပါရာဇိကဿ၊ နဋ္ဌကာယပ္ပသာဒံ မတစမ္မံ ဝါ သုက္ခပိဠကံ ဝါ ပဝေသေတိ၊ အာပတ္တိဒုက္ကဋဿ။ မေထုနာဿာဒေန လောမံ ဝါ အင်္ဂုလိ အင်္ဂုဋ္ဌ ဗီဇာဒီနိ ဝါ ပဝေသေန္တဿာပိ ဒုက္ကဋမေဝ။ ။(ကင်္ခာ ၄)

အနန္တမသော တိရစ္ဆာနဂတာယပိ ဟူသော ပညတ်သည့် မျောက်မ၌ မေထုန် အကျင့်ကို လွန်ကျူးခြင်း ဟူသော အကြောင်းကြောင့် ပညတ်အပ်သော အနုပညတ်မည်၏၊ထိုအနုပညတ်သည် အာပတ်သင့်ခြင်းကို ပြုတတ်သော အာပတ္တိကရအနုပညတ်၊အာပတ်မသင့်ခြင်းကို

ပြုတတ်သော အနာပတ္တိကရအနုပညတ်၊ အာပတ်ကိုထောက်ပံ့ကူညီ တတ်သော အာပတ္တျုပတ္ထမ္ဘကအနုပညတ် ဟူ၍ သုံးပါးအပြားရှိ၏။

၁။ ထိုသုံးပါးတို့တွင် ဝိဟေသကေ ပါစိတ္တိယံ ဟူသော အနုပညတ် သည် ပဌမပညတ်မှ အထူးအခြားသော အာပတ် သင့်ခြင်းကို ပြုတတ် သော အာပတ္တိကရအနုပညတ်မည်၏။ ၂။ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၌ အ ညတြ သုပိနန္တာ ဟူသော အနုပညတ်သည် အာပတ်မသင့်ခြင်းကို ပြု တတ်သော အနာပတ္တိကရ အနုပညတ်မည်၏။ ၃။ အန္တမသော တိ ရစ္ဆာနဂတာယပိ ဟူသော အနုပညတ်သည် ဥပထမ္ဘကအနုပညတ် မည်၏၊

**ဆောင်။ ။အာပတ်သင့်ပြု၊ မသင့်ပြု၊ ထောက်မှုအနုပညတ်တည်း။**

အန္တမသော ပုဒ်၌ အန္တသဒ္ဒါသည် ယုတ်သော လာမကအနက် ကို ဟော၏။ 'အန္တေ ဇာတော အန္တိမော'' ဟု ပြု၍ အယုတ်၌ဖြစ်သော အပိုင်းအခြားကိုယူ။ ဣသရကို အာ၊ နာဝိဘတ်ကို သောပြု၍၊ အန္တမ သော ဟု ရုပ်ပြီး၏။ **တနည်း။** ။''အန္တ ဘုံ ဝိသေသန အန္တော ဝတိ အန္တိမော'' ဟု ပြု၍ ယုတ်သည်တို့အောက် အထူးအားဖြင့် ယုတ်သောအ ပိုင်းအခြားကိုယူ။

အန္တမသောတိ သမ္ဗန္ဓိမေန ပရိစ္ဆေဒေန။ ။(ကင်—၅)

တိရစ္ဆာနဂတာယပိ ပုဒ်၌။ တိရစ္ဆာန ဂတ အပိ ဟု သုံးပုဒ်ခွဲ။ ''တိ ရစ္ဆာနေသု ဂတာတိ တိရစ္ဆာနဂတာ'' ဟု သမာသ်တွဲ၍ တိရစ္ဆာန် ဇာတ်ဖြစ်သော မျောက်အစရှိသော သတ္တဝါတို့ကိုယူ။ အပိသဒ္ဒါသည် မိမိတည့်နေရာပုဒ်အနက် နည်းယုတ်သည်ကိုထောက်လျှင် ဂရဟာအ နက်ရှိ၍။ ပေါင်းဆည်းအပ်သောအနက်-များမြတ်သည်ကိုထောက်လျှင် သမ္ဘာဝနာ အနက်ရ၏။ သို့သို့သောအရာကိုထောက်၍ နှလုံးသွင်းအား လျော်စွာ ရေးဆရာတို့သည် အောက်ပါအတိုင်းစပ်ဆိုတော်မူကြ၏။

**ဆောင်။ ။အနည်းအယုတ်၊ ပုဒ်နောင်ထုတ်၊ ပိယုတ်-ဂရဟာ။**
**အမြတ်အများ၊ နောက်ထိုင်ငြား၊ ပိကား သမ္ဘာဝနာ။**
**အနည်းနောက်လာ၊ ပိသဒ္ဒါ၊ ဆည်းရာအမြတ်၊ သမ္ဘာဝနာ တနည်းမှတ်။**
**အမြတ်နောက်လာ၊ ပိသဒ္ဒါ၊ ဆည်းရာအယုတ်၊ ကျမ်းဂ္ဂန်ထုတ် သည်-ဂရဟာ။**

ဂရုဟာ,သမ္ဘာဝနာ ဖြစ်ပုံကို မျှတအောင်မယူဘဲ၊တရတည်းစွဲ၍ ယူကြသော ဆရာများသည် မိမိယူသောနည်းမှ တပါးသောနည်းကို ကေစိ ထိုးတော်မူတတ်ကြကုန်၏။

တို့ကြောင့်။ ။အန္တိမသော တိရစ္ဆာန ဂတာယပိဘိ တိရစ္ဆာနဂတိတ္တိ ယာပိ မေထုနံဓမ္မံ ပဋိသေဝိတွာ အဿမဏော ဟောတိ အသကျပုတ္တိယော၊ ပ ဂေဝ မနုဿိတ္ထိယာ၊တေနဝုစ္စတိ အန္တိမသော တိရစ္ဆာနဂတာယပိတိ။ ။ဟု ဟောတော်မူ၏။

တိရစ္ဆာန်ဇာတ်ဖြစ်သော မျောက်စသော သတ္တဝါကို တိရစ္ဆာန ဂတ ဟုသာမညအားဖြင့် ဆိုသော်လည်း၊ တိရစ္ဆာန်တို့မည်သည် အလွန်ငယ်လွန်းလှသော သတ္တဝါလည်းရှိ၍၊နှမ်းစေ့ခန့်မျှ သွင်းခြင်းငှာ မလောက်သော တိရစ္ဆာန်တို့ကို မယူရသောကြောင့်၊ သွင်းခြင်းငှာ လောက်သည့်၏အစွမ်းဖြင့် ရသင့်ရထိုက်သော တိရစ္ဆာန်မိန်းမအထူး တို့ကိုသာ တိရစ္ဆာနဂတာယပိ ဟူသောပါဠိ၌ အလိုရှိအပ်ကုန်၏၊

**ဆောင်။ ။သာမညပင်၊ ဆိုဟုံတွင်လည်း၊ လိုလျှင်အထူး၊တွေ့ကြုံဘူး၊ ယူဦးရမည်သာ။**

အထူးပိုင်းခြား အယုတ်အားဖြင့် မှတ်သား၍ပြအပ်သော ဂါထာ ကား။

အပဒါနံ အဟိ မစ္ဆာ၊ဒွိပဒါနဉ္စ ကုက္ကုဋီ။
စတုပ္ပဒါနံ မဇ္ဇာရီ၊ဝတ္ထုပါရာဇိကဿိမာ။

အပဒါနံ၊ခြေမရှိသောတိရစ္ဆာန်တို့တွင်။ အဟိစ၊မြွေမရှင်း။ မစ္ဆာစ၊ငါးမရှင်း၊ဒွိပဒါနံ၊ခြေနှစ်ချောင်းရှိသောတိရစ္ဆာန်တို့တွင်။ ကုက္ကုဋီစ၊ကြက်မရှင်း။ စတုပ္ပဒါနံ၊ ခြေလေးချောင်းရှိသောတိရစ္ဆာန်တို့တွင်။ မဇ္ဇာရီစ၊ ကြောင်မရှင်း။ ဣမာ၊ဤတိရစ္ဆာန်မတို့သည်။ပါရာဇိကဿ၊ ပါရာဇိက၏၊ဝတ္ထု၊အကြောင်းဝတ္ထုသည်။ဟောန္တိ၊ဖြစ်ကုန်၏။

**ဆောင်။ ။ခြေမရှိမြွေ၊ငါးထည့်လေနှင့်၊နှစ်ခြေကြက်ပါ၊လေးချောင်း မှာကြောင်၊ထုတ်ဖော်ဆောင်၊မှတ်အောင်ဝတ္ထုပြ။**

အဟိ၊ဖြင့်၊ရှည်သောဇာတ်ရှိသော မြွေမျိုးဟူသမျှကို ယူရ၏။ မစ္ဆာ ဖြင့် ရေ၌ကျက်စားလည်သော ငါး,လိပ်,ဘားစသော ဇာတ်ရှိသော သတ္တ

ဝါမျိုးကို ယူရ၏။ ကုက္ကုဋိဖြင့် အတောင်ဇာတ်ရှိသော ကျီး,ဒို စသော သတ္တဝါကို ယူရ၏။ မဏ္ဍူကီဖြင့် ရှဉ့်နက်,မြွေပါ စသော သတ္တဝါကို ယူရ၏၊

ရှည်သောဇာတ်ရှိသော မြွေမစသော တိရစ္ဆာန်မတို့၏ မဂ်သုံးပါးတို့တွင်၊ တခုခုသောမဂ်၌ နှမ်းစေ့ ခန့်မျှသွင်းခြင်းငှာလောက်သော တိရစ္ဆာန်မသည် ပါရာဇိကဝတ္ထုမည်၏။ နှမ်းစေ့ ခန့်မျှသွင်းခြင်းငှာ မလောက်သော တိရစ္ဆာန်မသည် ဒုက္ကဋ်ဝတ္ထုမည်၏။ နွားကောင်၏ ခံတွင်းကဲ့သို့ ခံတွင်းရှိသော ဘားတို့၏နှုတ်ခမ်းရေးသဏ္ဌာန်သည် ထုထဲကြီးမားလှ၏။ အမာဟူသော အရေအတွင်သို့ရောက်သောကြောင့် ထိုနှုတ်ခမ်းအရေး သဏ္ဌာန်သည် ထုလ္လစ္စည်း ဝတ္ထုမည်၏။ အမာ၌ ထုလ္လစ္စည်းကို မဂ်မဟုတ်သော ဝတ္ထုတခုဖြင့် မဂ်မဟုတ်သော ဝတ္ထုတခုသို့သွင်းအံ့၊ ထုလ္လစ္စည်း အာပတ်သင့်၏ ဟူသော ပါဠိတော်၏အစွမ်းဖြင့် သိရာ၏။

အယံပန ဥသေသော ပတင်္ဂမုခမဏ္ဍူကာနာမ ဟောန္တိ၊ တေသံ မုခသဏ္ဌာနံ မဟန္တံ ဆိဒ္ဒံ အပ္ပကံ၊ တတ္ထ ပဝေသနံ နပ္ပဟောတိ၊ မုခသဏ္ဌာနံပန ဝဏသင်္ခေပံ ဂစ္ဆတိ၊ တသ္မာ တံ ထုလ္လစ္စယဝတ္ထူတိ ဝေဒိတဗ္ဗံ။ ။(ကင်္ခါ ၄၄)

ဝိမတိ၌ကား။ ။ဝဏောထုလ္လစ္စယဿ အမဂ္ဂေန အမဂ္ဂံပဝေသေတိ အာပတ္တိထုလ္လစ္စယဿာတိ ဧမသာသုတ္တဿ ဝသေန ဝေဒိတဗ္ဗံ။ ။ ဟုဖွင့်ဆိုတော်မူ၏။

**ဆောင်။ ။နှမ်းစေ့ ခန့်မျှ၊ သွင်းလောက်က၊ မှတ်ပ-ပါရာဇိကဝတ္ထုတည်း၊**

**နှမ်းစေ့ ခန့်မျှ၊ မဝင်က၊ မှတ်ပဒုက္ကဋ်ဝတ္ထုတည်း။**
**ခံတွင်းအမာ၊ သွင်းကြရာ မှတ်ပါထုလ္လစ္စယဝတ္ထုတည်း။**

ပါရာဇိကောဟောတိ၌ ပါရာဇိကသည် ပါရာဇိကသိက္ခာပုဒ်၊ ပါရာဇိကံအာပတ် ပါရာဇိကကျသောပုဂ္ဂိုလ်ဟူသောအနက်တို့၌ဖြစ်၏။

အယမ္ပိ ပါရာဇိကသဒ္ဒေါ သိက္ခာပဒါပတ္တိ ပုဂ္ဂလေသု ဝတ္တတိ။ ။(ကင်္ခါ-၄၄)

ထိုတွင် ပုဂ္ဂိုလ်ဟောပါရာဇိက၌ "သာသနတော ပရာဇိယတိ ပရာဇယံ အာပဇ္ဇိယတီတိ ပါရာဇိကော" ဟု ဟောတုကမ္မသာ နပြု၍ ပကတတ်ရဟန်းတို့သည် သာသနာတော်မှရှုံးခြင်းသို့ ရောက်စေအောင်

သော ပါရာဇိကကျသော ရဟန်းတော်ကိုယ်။ ။ပုဂ္ဂလော ယသ္မာ ပါရာဇိတော ပရာဇယသမာပန္နော တသ္မာ ပါရာဇိကောဝုစ္စတိ။ ။ (ကင်္ခါ-၄၅)

သိက္ခာပုဒ်ဟော ပါရာဇိကဌ်။ "ဝိတိက္ကမဘိက္ခုံ ပရာဇေတီတိ ပါရာဇိကံ" ဟု ဟောတုကဆြုသာနေဝိဂြိုဟ်ပြု၍ လွန်ကျူးသော ရဟန်းတော်ကို သာသနာတော်မှ ရှုံးစေတတ်သော သိက္ခာပုဒ်ကိုယ်။ တဉ္စ သိက္ခာပဒံယော တံ အတိက္ကမတိ တံပရာဇေတိ။ တသ္မာ ပါရာဇိကန္တိ ဝုစ္စတိ။ ။(ကင်္ခါ ၄၅)

အာပတ်ဟောပါရာဇိကဌ်။ "အဇ္ဈာစာရ ဘိက္ခုံ ပရာဇေတီတိ ပါရာဇိကာ" ဟု ပြု၍ လွန်ကျူး၍ကျင့်သော ရဟန်းတော်ကို သာသနာတော်မှ ဆုံးရှုံးစေတတ်သော အာပတ်ကိုယ်။ ။အာပတ္တိပန ယော နံ အဇ္ဈာပဇ္ဇတိ တံပရာဇေတိ၊ တသ္မာ ပါရာဇိကာတိ ဝုစ္စတိ။ကင်္ခါ ၄၅။

ပ ပုဒ်၌ အာပုဒ္ဓိရောက်၍၊ တ ကို က-ပြု၍၊ ပါရာဇိကောဟု ပြီး၏။ ပါရာဇိကောတိ ပရာဇိတော၊ ပရာဇယံ အာပန္နော။ ။(ကင်္ခါ-၄၅)

ငါတို့အလိုကား။ ။ပုဂ္ဂိုလ်ဟော ပါရာဇိကသဒ္ဒါ၌ ပရာဇိတော ပရာဇယမာပန္နော-ဟူသောသံဝဏ္ဏနာကို ထောက်ဆလျှင်၊ "သာသနတော ပရာဇယတီတိ ပါရာဇိကော" ဟု သဒ္ဒကဆြုသာနေကိုသာ ပြု၍၊ သာသနာတော်မှ ရှုံးတတ်သောရဟန်းကိုယ်ဟု ပြလိုသည်။

အနုဝဏ္ဏနာ, သာရတ္ထ ကျမ်းတို့၌ကား ဟောတုကဆ သာဓန ပြုရန် ဖွင့်ပြကြ၏။ ကြံ၍ဆင်ခြင်ကြလေကုန်။ မေထုန်အကျင့်ကို မှီဝဲသောကြောင့် သာသနာတော်မှ ဆုံးရှုံးသည် ဖြစ်၍၊ သာကီဝင် မင်းသားဘုရားသားတော် မဟုတ်သော ရဟန်းတော်ကို ပါရာဇိက ကျသော ရဟန်းတော် ဟု ဆိုအပ်၏။

> ပါရာဇိကောဟောတီတိ သေယျထာပိနာမ ပုရိသော သီသစ္ဆိန္နော အဘဗ္ဗော၊ တေနသရီရဗန္ဓနေန ဇီဝိတုံ။ ဧဝမေဝ ဘိက္ခု မေထုနံဓမ္မံ ပဋိသေဝိတွာ အဿမဏော ဟောတိ အသကျပုတ္တိယော။ တေနဝုစ္စတိပါရာဇိကော ဟောတီတိ၊ ။ (ပ)

ပါရာဇိကကျသောရဟန်းသည် တရသောဘာဝ၊ တရသော အတ္တဘောဒ္ဓီသာ၊ သာသနာမှ ရှုံးခြင်းသို့ရောက်၏။ ဘဝအဆက်ဆက်မှာမှ ရဟန်းအဖြစ်ကို ရနိုင်ပါ၏။

ပါရာဇိကံ အာပန္နာနံ ဇုတ္တိပုရိသာနံ လိင်္ဂေ ပရိဝတ္တေပိ ပါရာဇိကပတ္တာသ ဧကေသို့အတ္တဘာဝေ အဝိဇဟနတော ပုန ဥပသမ္ပဒါ နဒါတဗ္ဗာဘိ ဂဟေတဗ္ဗံ၊ ။ (ဝိ)

ပါရာဇိကသို့ရောက်သောကြောင့် ရအင်သော အဖြစ်ကို ဥပလက္ခဏာနည်းအားဖြင့် ပြသော အသံဝါသောပုဒ်၌၊နှ,သံ, ဝါသော ဟု သုံးပုဒ်ခွဲ။ သံ-သဒ္ဒါသည် တကွဟူသော အနက်ကို ဟော၏။ ထို့ကြောင့် အနုဝဏ္ဏနာ၌။ ။သဟဏ္ဏဝါစကောဟေတ္ထသံသဒ္ဒေါ။ ။ဟုဖွင့်ဆို၏။

"သဟ ဝသန္တိ ဧတ္ထာတိ သံဝါသော"ဟု ပြု၍ ပကတတ်ရဟန်းတို့သည် တပေါင်းတည်းပြုအင်သောကြောင့် ကေကမ္မမည်သော အပသောကနှ,စသောသံဃာ့ကံ။ ။ပကတတ်ရဟန်းတို့သည်တပေါင်းတည်း သရုပ်အားဖြင့် အကျဉ်းပြုအင်သောကြောင့် ကေုဒ္ဒေသမည်သော ပါတိမောက္ခုဒ္ဒေသ။ ။လဇ္ဇီပုဂ္ဂိုလ်တို့သည် အညီအမျှကျင့်အင်သော သိက္ခာပုဒ်ကို ကျင့်ခြင်းဟု ဆိုအင်သော သမသိက္ခာတာတို့ကိုယူ။ "နတ္ထိသံဝါသော ဧတေန သဒ္ဓိံတိအသံဝါသော" ဟု ပြု၍ သံဝါသဟုဆိုအင်သော ကေကမ္မစသည့်မရှိသော ပါရာဇိကကျသော ရဟန်းကိုယူ။

အသံဝါသောတိ သံဝါသောနာမ ကေကမ္မံ ကေုဒ္ဒေသော သမသိက္ခာတာ၊ ဧသော သံဝါသောနာမ။ သော တေနသဒ္ဓိံ နတ္ထိ တေနဝုစ္စတိ အသံဝါသောတိ။ ။(ပ)

ပကတတ္တေဟိ ဘိက္ခူဟိ ဟူသောအဋ္ဌကထာ၌ ပါရာဇိကသို့ မကျရောက်သောရဟန်း။မနှင်ထုတ်အင်သော-အနုက္ခိတ္တရဟန်းတို့ကို ပကတတ် ရဟန်းဟုဆို၏။ ပကတတ္တေဟိ ဘိက္ခူဟီတိ ဧတ္ထ ပကတတ္တာနာမ ပါရာဇိကံ အနာပန္နာ အနုက္ခိတ္တာစ။ ။(ဋီ)

ပကတတ်ဖြစ်၍ဖြစ်သော အလဇ္ဇီရဟန်းတို့နှင့်သော်လည်း အတူတကွ ဥပုသ်စသော သံဃာ့ကံကိုပြုရာ၌၊ ပကတတ္တေဟိဘိက္ခူဟိ ဧကတော ကတ္တဗ္ဗတ္တာ။ ။ဟု အဋ္ဌကထာဝယ် မိန့်ဆိုသောကြောင့် အပြစ်မရှိဟု ကေစိဆရာတို့ ဖွင့်ဆိုကြကုန်၏။

ပကတတ္တေဟိ ဘိက္ခူဟိ,ဟူသောစကားသည်။ ပကတတ် ရဟန်းတို့နှင့်သာလျှင် ကံကို ပြုရမည်၊ပကတတ်မဟုတ်သော ရဟန်းတို့နှင့် ကံကိုမပြုရဟု၊ ပကတတ်မဟုတ်သော ရဟန်းတို့နှင့်အတူတကွသံ

ဝါသကိုပယ်ရခြင်း အကျိုးရှိ၏။ ထိုကြောင့် ကေစိဆရာတို့အယူသည် မသင့်ချေ။ တံ န ယုတ္တံ ဍုမိန္နာ ၀စနေန တသာအတ္တသ အသိဋ္ဌာန တော။ ။(ဋီ)

ပကတတ်ရဟန်းတို့တွင်လည်း သဘာဂ, အာပတ်သို့ရောက်သော ရဟန်းတို့သည်လည်း အချင်းချင်း၊ အလဇ္ဇီရဟန်းတို့နှင့်အတူတကွ ၎င်း၊ တပေါင်းတည်းကံပြုခြင်းကိုပယ်အပ်သောကြောင့် သံဝါသအစီ အရင်လျှင် ပြခန်းခြင်းရှိ၏။

ဧဝံ သံဝါသဝိဓါနေပရံ ပကတတ္တေသုပိ သဘာဂါပတ္တိ အာပန္နေဟိ အည မည္ဍ အလဇ္ဇီဟိစ သဒ္ဓိံ ကေတော ကမ္မကရဏပဋိက္ခိတတ္တာ။ ။(ဋီ)

ပညတ်အပ်သော သိက္ခာပုဒ်သည် သဒ္ဓိပုဂ္ဂိုလ်ဟူသမျှတို့သည် အညီအမျှကျင့်အပ်သောအဖြစ်ကြောင့် သမသိက္ခာတာမည်၏။

ပညတ္တံပန သိက္ခာပဒံ သဗ္ဗေဟိပိ လဇ္ဇီပုဂ္ဂလေဟိ သမံ သိက္ခိတဗ္ဗဘာဝ တော သမသိက္ခတာနာမ။ ။(ကင်္ခါ)

မလွန်ကျူးခြင်း, ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်းတို့၏ အစွမ်း ဖြင့် လဇ္ဇီပုဂ္ဂိုလ်တို့သည် တပေါင်းတည်းကျင့်အပ်သောသိက္ခာပုဒ်တို့ ကို အညီအမျှကျင့်ကြံခြင်းကို သမသိက္ခာတာ,ဟုဆိုလို၏။

ကတ္ထ အနတိက္ကမနဝသေန ဥဂ္ဂဟပရိပုစ္ဆာဒိဝသေနစ လဇ္ဇီပုဂ္ဂလေဟိ သမံ ကေတော သိက္ခိတဗ္ဗာ သမသိက္ခာတိ သိက္ခာပဒါနိဝုတ္တာနိ တာသံ သမ သိက္ခာနံ ယထာ ဝုတ္တနယေန လဇ္ဇီဟိ သိက္ခိ တဗ္ဗ ဘာဝေါ သမ သိက္ခာတာ နာမာတိ အဓိပ္ပါယော။ ။(ဋီ)

အလဇ္ဇီရဟန်းတို့အား လဇ္ဇီတရားမသက်ဝင်သော လဇ္ဇီရဟန်း တို့နှင့်အတူတကွ ကေကပ္ပစသော သံဝါသ,မရှိချေ၊ အလဇ္ဇီရဟန်းတို့ ကို အပသို့ထုတ်သွားရာ၏။

သဗ္ဗေပိ လဇ္ဇီနော ဧတေသု ကမ္မာဒိသု သဟ ဝသန္တိ၊ န ဧကောပိ တတော ဗဟိဒ္ဓါ သန္ဒိဿတိ။ ။(ကင်္ခါ)

အကြင်ပုဂ္ဂိုလ်၌ အာမိသပရိဘောဂ အသုံးအဆောင်သည် သင့် ၏။ ထိုပုဂ္ဂိုလ်၌ ဓမ္မပရိဘောဂ အသုံးအဆောင်လည်း သင့်သည်, တ ပေါင်းတည်းကံကိုပြုခြင်း၏လည်း ဓမ္မပရိဘောဂ,ဖြစ်သောကြောင့် အ လဇ္ဇီတို့နှင့်အတူတကွသုံးဆောင်ခြင်း,ပရိဘောဂ,ကိုပယ်အပ်၏။

ယတ္ထ အာမိသပရိဘောဂေါ ဝဋ္ဋတိ၊ ဓမ္မပရိဘောဂေါပိ တတ္ထ ဝဋ္ဋတီတိ၊ အလဇ္ဇိဟိ သဟပရိဘောဂေါ စ အဋ္ဌကထာယံ ပဋိက္ခိတ္တော၊ ကေတော ကမ္မကရဏဿာပိ ဓမ္မပရိဘောဂတ္တာ။ ။ (၈)

ပကတတ်ရဟန်းတို့တွင်သာလျှင် တပေါင်းတည်းကံပြုထိုက်သော အာပတ်မသင့်သောလဇ္ဇီကုက္ကုစ္စကသိက္ခာကာမရဟန်းတို့ကိုသာယူအပ်ကုန်သည်။ ပကတတ်မဟုတ်သော ရဟန်းတို့အား ဂိုဏ်းပြည့်ကြောင်း ဂဏပူရဏ အဖြစ်မရှိသောအားဖြင့် သံဝါသမရှိသောအဖြစ်ကိုမှတ်သောကြောင့် အပကတတ်ရဟန်းတို့တွင် သိက္ခာကာမရဟန်းတို့ကိုမယူရ ဟု မှတ်တော်မူသည်။ ဂိုဏ်းပြည့်ဖြစ်၍ ကံကိုပြီးစေနိုင်သောကြောင့် အလဇ္ဇီပုဂ္ဂိုလ်တို့ကို သံဝါသမရှိသောပုဂ္ဂိုလ်တို့၌ မယူအပ်။ ပြုသင့်ပြုထိုက်သောအစီအရင်ကို မပြုမူ၍ အလဇ္ဇီရဟန်းတို့နှင့် အတူတကွ နှိမ်နင်း၍ ကံပြုသောရဟန်းတို့အား အာပတ်သင့်၏။ အလဇ္ဇီအဖြစ်သို့လည်း ရောက်သော အလဇ္ဇီပုဂ္ဂိုလ် တယောက်သည် အလဇ္ဇီတရာကိုသော်လည်း ပြုနိုင်၏။

ဝေမတိမာဒိ ပကတတ္တေသုယေဝ ကေဝိတော ကမ္မကရဏာရဟာ အနာပတ္တိကာ၊ လဇ္ဇီကုက္ကုစ္စကာ သိက္ခာကာမာ ဥပလဗ္ဘန္တိ၊ နအပကတတ္တေသုတိ၊ ဧဝမေဝ နိယမော သိဗ္ဗတိ၊ အပကတတ္တာနံ ဂဏပူရဏတ္တာဘာဝေန အသံဝါသိကတ္တာနိယမတော၊ အလဇ္ဇီနောပန ဂဏပူရဏံ ဟုတွာ ကမ္မဿ သာဓနတော၊ အသံဝါသိကေသု န ဂဟိတာ၊ ကတ္တဗ္ဗဝိဓိံ အကတွာ တေဟိ သဟ မဒ္ဒိတွာ ကမ္မံ ကရောန္တာနံ အာပတ္တိ၊ အလဇ္ဇိတာစ နဥဂ္ဃတီတိ ဝဒိတဗ္ဗံ။ ဧကောပိ အလဇ္ဇီ အလဇ္ဇိသတမ္ပိ ကရောတီတိ ဟိ ဝုတ္တံ။ ။ (၉)

"ယောပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ" ဟု တစုံတယောက်သောပုဂ္ဂိုလ်ကို မမှတ်မူ၍ ဟောတော်မူသောကြောင့်၊ လူ, နတ်, တိရစ္ဆာန် မိန်းမတို့၌ အသီးအသီး ဝစ္စမဂ် ပဿာဝမဂ် မုခမဂ် သုံးပါးစီရှိ၍ မဂ်ကိုးပါး။ လူ, နတ်, တိရစ္ဆာန် ဥဘတောဗျည်း သုံးယောက်တို့၌ အသီးအသီး မဂ်သုံးပါးစီရှိ၍ မဂ်ကိုးပါး။ လူ, နတ်, တိရစ္ဆာန် ယောကျ်ားတို့၌ အသီးအသီး ဝစ္စမဂ် မုခမဂ်နှစ်ပါးစီရှိ၍ မဂ်ခြောက်ပါး။ လူ, နတ်, တိရစ္ဆာန် ပဏ္ဍုက်တို့၌ အသီးအသီးမဂ်နှစ်ပါးစီရှိ၍ မဂ်ခြောက်ပါး။ ဤသို့ သုံးဆယ်သောမဂ်တို့တွင် တခုခုသောမဂ်၌ မေထုန်အကျင့်ကိုမှီဝဲသောရဟန်းအား ပါရာဇိကကျ၏ ဟု ပဒဘာဇနီဖြင့် ပြတော်မူသည်

ဆောင်။ ၁။ လူနတ်တိရစ်၊ သုံးယောက်ဖြစ်၊ မှတ်လစ်မိန်းမသာ။
၂။ မိန်းမင်္ဂဝစ္စ၊ ပဿာဝ၊ မုခသုံးမျိုးပြား။
၃။ ပေါင်း၍ကြည့်ကာ၊ ကိုးခုသာ၊ မိန်းမှာလာသည့်မဂ်။
၄။ ဥဘတောဗျည်း၊ ထို့တူချည်း၊ မဂ်ကြီးကိုးခုလာ။
၅။ လူနတ်တိရစ်၊ သုံးယောက်ဖြစ်၊ မှတ်လစ်ယောက်ျားသာ။
၆။ ယောက်ျားဝစ္စ၊ မဂ်မုခ၊ နှစ်ဝအလာပြား။
၇။ ပေါင်း၍ကြည့်ကာ၊ ခြောက်ခုသာ၊ ကျားမှာလာသည့်မဂ်။
၈။ ပဏ္ဍုက်မှာမူ ထို့အတူ၊ ပြားယူခြောက်ခုသာ။
၉။ ဆိုခဲ့ဥဿုံ၊ မဂ်ကိုခြုံ၊ လုံးစုံသုံးဆယ်လာ။
၁၀။ သုံးဆယ်မဂ်တွင်၊ မှီဝဲလျှင်၊ ကျချင်ပါရာဇိ။

သူသေကောင်ဝယ် အလုံးရုံသောကိုယ်ကို ခွေး,မြေခွေး တို့သည် ခဲစားအင်သည့်မူလည်းဖြစ်စေ။ မခဲစားအင်သည့်မူလည်းဖြစ်စေ၊ မခဲစားအင်သေးသောမဂ်တို့၌ဒုရင်း၊ များသောအားဖြင့် မခဲစားအင်သေးသောမဂ်တို့၌ဒုရင်း၊ သို့လပြုသောရဟန်းသည် ပါရာဇိကကျ၏။ ထက်ဝက်ခဲစားအင်သောမဂ်၌ဒုရင်း၊ များသောအားဖြင့် ခွေးမြေခွေးတို့သည် ခဲစားအင်သော မဂ်၌ဒုရင်း၊ သို့လပြုသောရဟန်းသည် ထုလ္လစ္စည်းအာပတ်သင့်၏။

မတသရီရေပန ယဒိပိ သဗ္ဗံသ ရီရံ ခယိတံဟောတိ၊ ယဒိပိအက္ခယိတံတယောပနမဂ္ဂါ အက္ခယိတာ၊ ဘေသုဥပက္ကမန္တဿပါရာဇိကံ၊ ယေဘုယျေနအက္ခယိတေ ပါရာဇိကမေဝ၊ ဥပဍ္ဎက္ခယိတေစ ယေဘုယျေန ခယိတေစ ထုလ္လစ္စယံ။ ။(ကင်္ခါ—၄၁)

ဒုက္ကဋ်အာပတ်သည် ပဌမပါရာဇိက၏ရှေ့ပြေး၊ ပဌမပါရာဇိကနှင့်နီး၏။ ထုလ္လစ္စည်းအာပတ်သည် ဒုတိယစသောပါရာဇိက သုံးပါးတို့၏ ရှေ့ပြေး၊ ဒုတိယစသောပါရာဇိက,သုံးပါးတို့နှင့်နီး၏။ ထို့ကြောင့် အရှင်ဗုဒ္ဓဒတ်ဆရာသည်၊

ဒုက္ကဋံပဌမဿေဝ၊ သာမန္တမိတိ ဝဏ္ဏိတံ။
သေသာနံပနတိဏ္ဏန္နံ၊ ထုလ္လစ္စယမုဒီရိတံ ဟု မိန့်၏။

ဆောင်။ ။ပါရာဇိက ပဌမ၊ ရှေ့ကဒုက္ကဋ်ပြေး
ပါရာဇိက သုံးခုမှ၊ ရှေ့ကထုလ္လစ္စည်း။

ရှုံးသောဥဗ္ဗတ္တကပုဂ္ဂိုလ်သည် သည်းခြေပျက်၍ရူးသောသူ၊ ဘီလူး ဖမ်းစား၍ရူးသောသူ ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သည်း ခြေပျက်၍ရူးသောသူကို ဤအရာဝယ် ဥမ္မတ္တကသ ဟု ယူရာ၏။ ထို့ ကြောင့် အဋ္ဌကထာ၌ ''ဥမ္မတ္တကောနာမ ပိတ္တုမ္မတ္တကော'' ဟုဖွင့်ဆို၏။

သည်းခြေသည် သည်းခြေအိမ်၌တည်သောဗဒ္ဓသည်းခြေ၊ သွေးကဲ့သို့ တကိုယ်လုံးပြန့်နှံ့၍တည်သော အဗဒ္ဓသည်းခြေ ဟူ၍ နှစ်ပါးအပြားရှိ ၏။ ထို့ကြောင့် ''ဒုဝိဓံ ဟိ ပိတ္တံ ဗဒ္ဓပိတ္တံ အဗဒ္ဓပိတ္တဉ္စာတိ'' ဟု ဖွင့်ဆို၏။

ဗဒ္ဓပျက်၍ရူးသောသူ၊ အဗဒ္ဓပျက်၍ ရူးသောသူတို့တွင်၊ အရှက်အ ကြောက်ကိုပယ်စွန့်ကာဆေးကု၍မရရှာအောင် ဗဒ္ဓသည်းခြေပျက်၍ ရူးသောသူကို ဤအရာ၌ယူအပ်၏။

ဆောင်။ ၁။ ဘီလူးဘမ်းရူး၊ သည်းခြေရူးနှင့် နှစ်ဦးတွင်မှာ၊ သည်းခြေ
သာ၊ ယူရာဥမ္မတ္တက။
၂။ ဗဒ္ဓအဗဒ္ဓ ဤနှစ်ရပ်၊ မှတ်အပ်သည်းခြေပြား။
၃။ အဗဒ္ဓပျက်၊ ဝဲနာတက်၊ ဆေး ချက်သိက ပျောက်မည်ပ။
၄။ ဗဒ္ဓပျက်မူ၊ ဆေးကုယူ၊ ရသူမရှိပါ။
၅။ ဆေးကုမရ၊ ဥမ္မတ္တ၊ ယူကြဤအရာ။

ဘီလူးဖမ်းစား၍ စိတ်ပြန့်လွင့်သောအရူးကို ခိတ္တစိတ္တသ ဟု ဆို အပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ '' ခိတ္တစိတ္တောနာမ ဝိသဋ္ဌစိတ္တော ယက္ခုမ္မတ္တကော ဝုစ္စတိ '' ဟု ဖွင့်ဆိုတော်မူ၏။

သည်းခြေပျက်၍ ရူးသောအရူးသည် အမြဲရူးသည်ဖြစ်၍ ပကတိ သညာကိုမရ။ ဘီလူးဖမ်းစား၍ရူးသောအရူးသည်အကြားအကြား ပ ကတိသညာကိုရ၏။ ဤကားအထူးတည်း။

တေသံပန ဥဘိန္န အယံဝိသေသော၊ ပိတ္တုမ္မတ္တကော နိစ္စမေဝ ဥမ္မတ္တကော ဟောတိ၊ ပကတိသညံ န လဘတိ။ ယက္ခုမ္မတ္တကော အန္တရန္တရာ ပကတိသညံ ပဋိလဘတီတိ၊ ။(ကင်္ခါ-ဋ္ဌ)

မီးနှင့်ရွှေ၊ မစင်နှင့်စန္ဒကူ၊ မထူးဘူးထင်သည်ဖြစ်၍၊ လှည့်လည် သွားလာသော သူရူးနှင့်ယောက်တို့အား အာပတ်မသင့်၊

ဆောင်။ ။နှစ်ဦးလုံးသာ၊ မှတ်စရာ၊ မိန့်မှာဤသို့လာသတည်း။
မီးရွှေမထူး၊ စန္ဒကူးဘင်၊ အတူထင်၊ မှတ်လျှင်အနာပတ္တိတည်း။

အကြားအကြားခွဲသညာကိုရသော်၊ သိ၍ပြုသောပုဂ္ဂိုလ်အား အာပတ်သင့်သည်သာလျှင်တည်း။ ထို့ကြောင့် အဋ္ဌကထာ၌ “ အန္တရန္တိ ရာ သညံ ပဋိလာဘိတွာ ဥတွာ ကရောန္တဿပန အာပတ္တိယေဝ ” ဟု မိန့်၏။

လွန်ကဲသော ဒုက္ခဝေဒနာဖြင့် ကျင်နာသည်ဖြစ်၍၊ တစုံတခုကိုမ သိသောပုဂ္ဂိုလ်အား အာပတ်မသင့်၊ ထို့ကြောင့် အဋ္ဌကထာ၌ “ ဝေဒနာဋ္ဋောနာမ ယော အဓိမတ္တာယ ဒုက္ခဝေဒနာယ အာတုရော ကိဉ္စိ န ဇာနာတိ၊ ဝေရူပဿ အနာပတ္တိ ” ဟု ဖွင့်၏။ ။အဇာတသတ်မင်းအား ရှေး၌ပြုအပ်သော ကုသိုလ်ကောင်းမှု၏ အန္တရာယ်ဖြစ်သကဲ့သို့ သုဒိန်အား ရှေး၌ပြုအပ်သော ကုသိုလ်ကောင်းမှု၏ အန္တရာယ်ဖြစ်သောကြောင့် အရဟတ္တဖိုလ်မရ ဖြစ်လေ၏။ ဘဗ္ဗကုလပုတ္တော, ဟု ဟောတော်မူသောကြောင့် သုဒိန်သည်အရဟတ္တဖိုလ်ကိုရ၏ဟု ကေစိ ဆရာတို့ဆိုခြင်းကို သာရတ္ထဒီပနီကာ၌ပြ၏။

သုဒိန္နဿ တဿိံ အတ္တဘာဝေ အရဟတ္တာဓိဂမော နာဟောသိ၊ အဇာတသတ္တုနောဝိယ၊ ပုဗ္ဗေကတပုညဿ အန္တရာယ ဘာဝတော။ ကေစိပန ဘဗ္ဗကုလပုတ္တောတိ ဝုတ္တတ္တာ သုဒိန္နော အရဟတ္တံ သစ္ဆာကာသီတိ ဝဒန္တိတိ သာရတ္ထဒီပနီဋီကာယံ ဝုတ္တံ၊ (အနု)

ဘဗ္ဗကုလပုဂ္ဂိုလ်သည် အန္တရာယ်နှင့် တွေ့ကြုံတတ်သည်။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်သည် အန္တရာယ်နှင့်မတွေ့နိုင်။

ဘဗ္ဗကုလပုတ္တောတိ ဥပနိဿယမတ္တသဘာဝေန ဝုတ္တံ၊ နပစ္ဆိမဘဝိကတာယ။ တေနေဝဿ မာတာဒိ အကလျာဏမိတ္တသမာယောဂေန ကတ ဝီတိက္ကမံ နိဿာယ ဥပ္ပန္နဝိပ္ပဋိသာရေန အဓိဂမန္တရာယော ဇာတော၊ ပစ္ဆိမဘာဝိကာနံ ပန ဗုဒ္ဓုပ္ပါဒေသု လဒ္ဓဗျာကရဏာနံ နသက္ကာ ကေနစိ အန္တရာယံ ကာတုံ၊ တေနေဝ အင်္ဂုလိမာလဗ္ဗေရာဒယော အကုသလံ ကတွာပိ အဓိဂမသမ္ပန္နာ ဝေ အဟေသုန္တိ။ ။(ဝိ)

အဋ္ဌကထာဆရာသည် အလုံးစုံသော သိက္ခာပုဒ်တို့နှင့် ဆက်ဆံသောအဆုံးအဖြတ်ကိုပြရန် အကျဉ်းဌာ။

နိဒါနံပုဂ္ဂလံဝတ္ထုံ၊ပညတ္တိဝိဓိမေဝစ။

အာဏတ္တာပတ္တိနာပတ္တိ၊ဝိပတ္တိံ အင်္ဂမေဝစ။

သမုဋ္ဌာနဝိဓိံ ကြိယာ၊ သညာစိတ္တေဟိနာနတ္တံ။
ဝဇ္ဇကမ္မပဘေဒဉ္စ၊ တိကဒွယဝိဓိံ တထာ။
လက္ခဏံသတ္တရသဓါ၊ ဌိတံ သာဓါရဏံ ဣဒံ။

ဉတွာယောဇေယျမေဓါဝီ၊ တတ္ထတတ္ထယထာရဟံ။ ။ဟူသော ဂါထာတို့ကို ထားတော်မူသည်။

နိဒါနဉ္စ၊ သိက္ခာပုဒ်ကိုပညတ်ရာအရပ်ဟု ဆိုအပ်သော နိဒါန်းကို၎င်း။ ပုဂ္ဂလဉ္စ၊ အာဒိကမ္မိကပုဂ္ဂိုလ်ကို၎င်း။ ဝတ္ထုံစ၊ လွန်ကျူး၍ကျင့်ခြင်းဟုဆိုအပ်သော အကြောင်းဝတ္ထုကို၎င်း။ ပညတ္တိဝိဓိမေဝစ၊ ပညတ်အပြားကို၎င်း။ အာဏတ္တာပတ္တိ နာပတ္တိ ဝိပတ္တိံ စ၊ စေခိုင်းခြင်း အာဏတ်အာပတ်အထူးအာပတ်မသင့်ခြင်း၊ ဝိပတ္တိလေးပါးတို့တွင် တခုခုသောဝိပတ္တိကို၎င်း။ အင်္ဂမေဝစ၊ အကြောင်းဟု ဆိုအပ်သောအင်္ဂါကို၎င်း။ သမုဋ္ဌာနဝိဓိံ စ၊ အာပတ်တို့၏ ဖြစ်ကြောင်းဟု ဆိုအပ်သော သမုဋ္ဌာန်အပြားကို၎င်း။ ကြိယာသညာစိတ္တေဟိ၊ ကါယဝိညတ်ဝစီဝိညတ်ဟု ဆိုအပ်သော ကြိယာ ဝတ္ထုကို ·လွန်ကျူးခြင်း၌ ဖြစ်သော အမှတ်သညာ။ ဝတ္ထုကိုလွန်ကျူးသည့်ကို သိသောစိတ်တို့ဖြင့်။ နာနတ္တဉ္စ၊ အာပတ်တို့၏ ထူးသော အဖြစ်ကို၎င်း။ ဝဇ္ဇကမ္မပဘေဒဉ္စ၊ လောကဝဇ္ဇ ပဏ္ဏတ္တိဝဇ္ဇတို့၏ အစွမ်းဖြင့်ဝဇ္ဇအပြား, ကာယကံ ဝစီကံတို့၏အစွမ်း အားဖြင့်ကံအပြားကို၎င်း။ တထာ၊ ထိုမှတပါး။ တိကဒွယဝိဓိံ စ၊ နှစ်ရသောကုသလတိက် ဝေဒနာတိက်တို့၏ အပြားကို၎င်း။ ဣတိဧဝံ၊ သို့။ သတ္တရသဓာ၊ တဆဲ့ခုနစ်ပါးအပြားအားဖြင့်။ ဌိတံ၊ တည်သော။ သာဓာရဏံ၊ အလုံးစုံသော သိက္ခာပုဒ်တို့နှင့် ဆက်ဆံသော။ ဣဒံလက္ခဏံ၊ ဤမှတ်ကြောင်းလက္ခဏာကို။ ဉတွာ၊ သိ၍။ မေဓါဝီ၊ ပညာရှိသော ရဟန်းသည်။ တတ္ထတတ္ထ၊ ထိုထိုသို့သော သိက္ခာပုဒ်၌။ ယထာရဟံ၊ ထိုက်သည် အားလျော်စွာ။ ယောဇေယျ၊ ယှဉ်ရာ၏။

**ဆောင်။ ။နိဒါန်းပုဒ်လွှတ်၊ လွန်ယုတ်ဝတ္ထု၊ ပညတ်မှုပြား၊ စေမှုအာဏတ်၊ အနာပတ်နှင့်၊ ဝိပတ်အင်္ဂါ၊ သမုဋ္ဌာပြား၊ ကြိယာသညာ၊ စိတ္တနာနတ်၊ ဝဇ္ဇာကမ္မ တိကဒွပြား၊ မိန့်ဟထား၊ ရွေးပြား လက္ခဏာ၊ ပုဒ်တိုင်းမှာတည်း။**

သိက္ခာပုဒ်ကို ပညတ်ရာဖြစ်သော ဝေသာလီ ရာဇဂြိုဟ် စသော ပြည်ကြီးရနစ်ပြည်,တိုင်းကြီးရနစ်တိုင်းကို နိဒါန်းဟုဆို၏။

**ဆောင်။ ။ဝေရာသာအာ၊ကောသက်ပါ၊ဘဂ္ဂါသတ္တ၊နိဒါန်းပ၊**

ထိုထိုသို့သောပုဂ္ဂိုလ်၏ လွန်ကျူးခြင်း အမှုစာရကို ဝတ္ထုဟုဆို၏။

ပညတ်, အနုပညတ်, အနုပ္ပန္နပညတ်, သဗ္ဗတ္ထပညတ်, ပဒေသ ပညတ်,သာဓာရဏပညတ်,အသာဓာရဏပညတ်, ဧကတောပညတ်, ဥဘတောပညတ်ဟို၏ အစွမ်းဖြင့် ကိုးပါး အပြားရှိသော ပညတ်ကို **ပညတ္တိဝိဓိ** ဟုဆို၏။

**ဆောင်။ ။ပညတ်အနု လာအနုနှင့်၊ ဟောမှုသဗ္ဗ၊ ပဒေသတည့်၊ သာဓ ပညတ်၊ အသာဓာရ်နှင့်၊ ဧကတ်ဥဘော၊ ပညတ်ဟော၊ မှတ် လောကိုးပါးတည်း။**

ထို ကိုးပါးတို့တွင် အပြစ်မပေါ်လာသမီ အပြစ်မဖြစ်မီ ပညတ်အပ် သောပညတ်ကို အနုပ္ပန္နပညတ်ဟုဆို၏။ထိုအနုပ္ပန္နပညတ်သည် ရှစ်ပါး သော ဂရုဓမ္မတရားတို့၏ အစွမ်းဖြင့် ရဟန်းမိန်းမ တို့အားသာ လာ၏။ တပါးသောအရာ၌မရှိ။

တို့ကြောင့် ပရိဝါအဋ္ဌကထာ၌။ ။အယဉ္စိ အနုပ္ပန္နပညတ္တိနာမ အနုပ္ပန္နေ ဒေါသေ ပညတ္တာ၊ သာ အဋ္ဌဂရုဓမ္မဝသေန ဘိက္ခုနီနံယေဝ အာဂတာ။ အညတြနတ္ထိ။ ။ဟု ဖွင့်၏။

ကမ္ဗဝါစသချာလျှင် ငါးယောက်မြောက်သော ဂိုဏ်း သံဃာဖြင့် ရဟန်းအဖြစ်သို့ရောက်စေခြင်း ရဟန်းတက်ခြင်း၊ လေးထပ်လေးလွှာမှ စ၍ အထပ်ထပ်သော အလွှာရှိသော ဘိနပ်ကိုစီးရခြင်း၊အမြဲရေချိုးရ ခြင်း၊ခင်းအပ်သော သားရေ။ ။ဤလေးပါးသောသိက္ခာပုဒ်တို့သည် မဇ္ဈိမဒေသ၌ သာလျှင် ပညတ်အပ်သောကြောင့် ထို အရပ်၌သာလျှင် အာပတ်သင့်၍-**ပဒေသပညတ်** မည်ကုန်၏။

ဝိနယမေဝ ပဉ္စမေန ဂဏေန ဥပသမ္ပဒါ, ဂဏင်္ဂဏူပါဟနာ, ဓုဝနှာနံ, စမ္မတ္ထရဏန္တိ ဣမာနိပိ စတ္တာရိ သိက္ခာပဒါနိ မဇ္ဈိမဒေသေယေဝ ပညတ္တိ, ဧတ္ထေဝ ဧတေဟိ အာပတ္တိဟောတိ၊န ပစ္စန္တိမဇနပဒေသု။ ။ (ကင်္ခာ–၄)

ထို့ကြောင့် အနုပ္ပန္နပညတ်ကိုလည်းကောင်း၊သဗ္ဗတ္ထပညတ္တိဒုက်ကို လည်းကောင်း၊ဧကတောပညတ္တိဒုက်ကိုလည်းကောင်း ထားခဲ့၍၊လေး

ပါးသော မူလပညတ် အနုပညတ် သာဓာရဏပညတ် အသာဓာရဏပညတ်တို့၏ အစွမ်းဖြင့် အသုံးအဖြတ် ဝိနိစ္ဆယကို အလုံးစုံသော သိက္ခာပုဒ်တို့၌ သိရာ၏။

> တသ္မာ အနုပ္ပန္နပညတ္တိ စ သဗ္ဗတ္ထ ပညတ္တိဒုကဉ္စ ကေတော ပညတ္တိဒုကဉ္စ ထပေတွာ သေသာနံ စတုန္နံ ပညတ္တီနံ ဝသေန သဗ္ဗတ္ထ ဝိနိစ္ဆယော ဝေဒိတဗ္ဗော။ ။ (ကင်္ခါ)

**ဆောင်။ ။ငါးပါးသံဃာ၊ ခံရာပဉ္စင်း၊ လေးထပ်ခြင်းစ၊ ဖိနင်းဘိနပ်၊ မြေ**
**မပြတ်ရေ၊ ခင်းအပ်လေ၊ သားရေမဏ္ဍိမဒေသ။**
**မူလအနု၊ ဆက်ဆံမှုဒုက်၊ လေးခုထုတ်၊ သိမ်းအုပ်ဆုံးဖြတ်ရာ။**

စေခိုင်းခြင်းကို- **အာဏတ္တိ** ဟု ဆိုသည်။ ထို့ကြောင့် ကင်္ခါ၌ "အာဏတ္တီတိ အာဏာပနာ ပဝုစ္စတိ" ဟု ဖွင့်ဆို၏။ ။ပုဗ္ဗ ပယောဂ စသည်တို့၏ အစွမ်းအားဖြင့် အာပတ်အထူးအပြားကို အာပတ္တိဟုဆို၏၊ ထို့ကြောင့် ကင်္ခါ၌ အာပတ္တီတိ ပုဗ္ဗပယောဂါဒိဝသေန အာပတ္တိဘေဒေါ" ဟု ဖွင့်ဆိုတော်မူ၏။

မသိခြင်းအဇာနန စသည်တို့၏ အစွမ်းအားဖြင့် အာပတ်မသင့်ခြင်းကို **အနာပတ္တိ**-ဟု ဆိုသည်။ ထို့ကြောင့် အဋ္ဌကထာ၌ "အနာပတ္တီတိ အဇာနနာဒိဝသေန အနာပတ္တိ" ဟု ဖွင့်ဆို၏။

သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိ အာဇီဝဝိပတ္တိ တို့တွင် တပါးပါးသောဝိပတ္တိကို **ဝိပတ္တိ**-ဟုဆို၏။ ထို့ကြောင့် ကင်္ခါ၌ "ဝိပတ္တီတိ သီလ အာစာရ ဒိဋ္ဌိ အာဇီဝဝိပတ္တီနံ အညတရာ" ဟု ဖွင့်ဆို၏။

နှစ်ပုံသော ပါရာဇိက, သံဃာဒိသိက်အာပတ်အစုကို **သီလဝိပတ္တိ**-ဟု ဆို၏၊ ထုလ္လစ္စည်း, ပါစိတ်, ပါဋိဒေသနီ, ဒုက္ကဋ်, ဒုဗ္ဘာသိအားဖြင့် ငါးပါးသောအာပတ်အစုကို **အာစာရဝိပတ္တိ** ဟုဆို၏။

မိစ္ဆာဒိဋ္ဌိ, အန္တဂ္ဂါဟိက ဒိဋ္ဌိနှစ်ပါးကို **ဒိဋ္ဌိဝိပတ္တိ** ဟုဆို၏။ အသက်မွေးခြင်း တည်းဟူသော အကြောင်းကြောင့် ပညတ် အပ်သောခြောက်ပါးသော သိက္ခာပုဒ်တို့ကို **အာဇီဝဝိပတ္တိ** ဟုဆို၏။

> ထို့ကြောင့် ပရိဝါ အဋ္ဌကထာ၌။ "ပဌမာဟိ ဒွေအာပတ္တိက္ခန္ဓာ သီလဝိပတ္တိနာမ။ အဝသေသာ ပဉ္စ အာစာရဝိပတ္တိနာမ၊ မိစ္ဆာဒိဋ္ဌိစ အန္တဂ္ဂါဟိကဒိဋ္ဌိစ ဒိဋ္ဌိဝိပတ္တိနာမ၊ အာဇီဝဟေတု ပညတ္တာနိ ဆသိက္ခာပဒါနိ အာဇီဝဝိပတ္တိ နာမ" ဟု ဖွင့်ဆို၏။

အလုံးစုံသော သိက္ခာပုဒ်တို့၌ အာပတ်တို့၏ အကြောင်းအင်္ဂါကို **အင်္ဂါ**-ဟု ဆို၏။ ထို့ကြောင့် ဘဏီ၌"အင်္ဂန္တိ သဗ္ဗသိက္ခာပဒေသု အာပတ္တီနံ အင်္ဂ ဝေဒိတဗ္ဗံ''ဟု ဖွင့်၏။

ကိုယ်သာလျှင် အာပတ်ဖြစ်ကြောင်း ဖြစ်သော ကာယသမုဋ္ဌာန်၊ နှုတ်သာလျှင် အာပတ် ဖြစ်ကြောင်းဖြစ်သော ဝါစာသမုဋ္ဌာန်၊ ကိုယ်နှုတ်နှစ်ပါးသာလျှင် အာပတ်ဖြစ်ကြောင်းဖြစ်သော ကာယဝါစာ သမုဋ္ဌာန်။ကိုယ်စိတ်နှစ်ပါးသာလျှင် အာပတ်ဖြစ်ကြောင်း ဖြစ်သော ကာယစိတ္တသမုဋ္ဌာန်၊ နှုတ်စိတ်နှစ်ပါးသာလျှင် အာပတ် ဖြစ်ကြောင်းဖြစ်သော ဝါစာစိတ္တ သမုဋ္ဌာန်။ကိုယ်နှုတ်စိတ် သုံးပါးသာလျှင် အာပတ်ဖြစ်ကြောင်းဖြစ်သော ကာယဝါစာစိတ္တသမုဋ္ဌာန်။ ၅၆ခြောက်ပါးကို-**သမုဋ္ဌာနဝိဓိ**.ဟုဆို၏။

> သမုဋ္ဌာနဝိဓိန္တိ သဗ္ဗာပတ္တီနံ ကာယေ ဝါစာ ကာယဝါစာကာယစိတ္တ၊ဝါစာစိတ္တ ကာယဝါစာစိတ္တန္တိ ဣမာနိ ဆေ ပိက,ဥပိက,တိဝ ပိကာနိ၊ ဆသမုဋ္ဌာနာနိ။ (ကင်္ခါ)
>
> **(အကျယ်ကိုပရိဝါပါဠိတော်မှာယူလေ)**

ကြိယာ သညာ စိဒွေဟ် နာနတ္တံ။ ဟူသော ပုဒ်ဝယ်။ ကြိယာနာနတ္တ ဖြစ်ပုံကား ကရိယာပုဂ်၌ 'ကရဏံ ကရိယာ''ပြု၍ ကာယဝိညတ် ဝစီဝိညတ်နှစ်ပါးကိုယူ၍၊ ကြိယာနာနတ္တသည် ကြိယတော သမုဋ္ဌာတိအာပတ်၊အကြိယတောသမုဋ္ဌာတိအာပတ်၊ ကြိယာကြိယတော သမုဋ္ဌာတိအာပတ်၊သိယာကြိယတောသိယာအကြိယတော သမုဋ္ဌာတိအာပတ်၊ သိယာကြိယတော သိယာကရိယာကရိယတော သမုဋ္ဌာတိ အာပတ် ဟူ၍ ငါးပါးအပြားရှိ၏။

ထိုငါးပါးတို့တွင် ပထဝီခဏန-မြေကိုတူးခြင်း။အဒိန္နာဒါန၊အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်း စသည်တို့၌ မပြုအပ် မပြုသင့်သည်ကို ပြုခြင်းကြောင့် သင့်သော အာပတ်မျိုးကို ကြိယတောသမုဋ္ဌာတိ အာပတ်ဟုဆို၏။ ပြုသင့်ပြုထိုက်သော အဓိဋ္ဌာန်တင်ခြင်း,ဝိကပ္ပနာပြုခြင်း ဟု ဆိုအပ်သော ဝိနည်းကံကို မပြုသောရဟန်းအား သင့်သော ပဌမ ကထိန အာပတ်မျိုးကဲ့သို့

သော အာပတ်ချိုးကို အကြိယတော သမုဋ္ဌာတိ အာပတ် ဟု ဆို၏။ ဆွေမျိုး မတော်သော ရဟန်း မိန်းမ၏ လက်မှ သင်္ကန်းကို ခံယူခြင်း စသည် ဟု ဆိုအပ်သော မပြုသင့်သော အရာကိုပြု၍၊ သဖန်းခါးသီး ပိုင်းစသော ဝတ္ထုဖြင့် လဲလှယ်ခြင်းစသော ပြုသင့်သောဝိနည်းကံကို မပြုသော ရဟန်းအား သင့်သော စီဝရပဋိဂ္ဂဟဏ အာပတ်ချိုးကို ကြိယာကြိယတောသမုဋ္ဌာတိ အာပတ် ဟု ဆို၏။

ရံခါ ရွှေငွေကိုကိုင်ခံခြင်းစသည်ဟု ဆိုအပ်သော မပြုသင့်သောအရာကိုပြု၍၊ ရံခါ ဤဝတ္ထုသည် မအပ်ဟုပယ်ခြင်း စသည်ဟု ဆိုအပ်သော ပြုသင့်သော ဝိနည်းကံကို မပြုသော ရဟန်းအား သင့်သော ရူပိယပဋိဂ္ဂဟဏ အာပတ်မျိုးကို သိယာကြိယတော သိယာအကြိယ တောသမုဋ္ဌာတိ အာပတ် ဟု ဆို၏။

ရံခါကုဋိချာကိုကြွားစေ၍ ပမာဏကိုလွန်ခြင်းစသည်ဟု ဆိုအပ်သော မပြုသင့်သောအရာကိုပြု၍၊ရံခါ ကုဋိချာကိုမကြွားမူ၍ ပမာဏကိုလွန်ခြင်းစသည်ဟုဆိုအပ်သော မပြုသင့်သောအရာကိုပြု၍၊ ပမာဏနှင့်ယှဉ်ခြင်းစသည်ဟုဆိုအပ်သော ပြုသင့်သောဝိနည်းကံ ကုဋိချာကိုကြွားခြင်းစသည်ဟုဆိုအပ်သောဝိနည်းကံတို့ကို မပြုသော ရဟန်းအား သင့်သော ကုဋိကာရ အာပတ် မျိုးကဲ့သို့သော အာပတ်ချိုးကို သိယာကြိယတောသိယာကြိယာကြိယတော သမုဋ္ဌာတိအာပတ် ဟု ဆို၏။

သညာနာနတ္တဖြစ်ပုံကား။ ။သညာနာနတ္တသည် သညာဝိမောက္ခ, နောသညာဝိမောက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်'သညာယအဘာဝေန ဝိမောက္ခော အဿာတိ သညာဝိမောက္ခော''ဟု ပြု၍ ဝတ္ထုကိုလွန်ကျူးခြင်း၌ဖြစ်သော သညာ၏မရှိခြင်းကြောင့် လွတ်ခြင်း ရှိသောအာပတ်ကို **သညာဝိမောက္ခ** ဟု ဆို၏။ ''နတ္ထိသညာယ အဘာဝေန ဝိမောက္ခော အဿာတိ နောသညာဝိမောက္ခော''ဟုပြု၍ ဝတ္ထုကို လွန်ကျူးခြင်း၌ဖြစ်သော သညာ၏ မရှိခြင်းကြောင့် လွတ်ခြင်းမရှိသောအာပတ်ကို **နောသညာဝိမောက္ခ** ဟု ဆို၏။

စိတ္တနာနတ္တသည် သစိတ္တက, အစိတ္တက ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ဝတ္ထုကိုလွန်ကျူးခြင်း၌သိသော စိတ်နှင့်တကွသာလျှင် ဖြစ်တတ် ရောက်တတ်သော အာပတ်ကို **သစိတ္တကအာပတ်**-ဟု ဆို၏။

ဝတ္ထုကိုလွန်ကျူးခြင်း၌သိသော စိတ်နှင့်ကင်း၍သာလျှင် ဖြစ်တတ် ရောက်တတ်သော အာပတ်ကို အစိတ္တကအာပတ်ဟု ဆို၏။

> ယံ သဟေဝ စိတ္တေန အာပဇ္ဇတိ၊ တံသစိတ္တကံ၊ ယံ ဝိနာပိ စိတ္တေန အာပဇ္ဇတိ တံ အစိတ္တကံ။ ။(ကင်္ခါ–ဌ)

ဝဇ္ဇာဘမ္မဝ့ိ,ပုဒ်ဝယ် ဝဇ္ဇပဘေဒဖြစ်ပုံကား၊ အာပတ်တို့သည် ဝဇ္ဇ၏အစွမ်းဖြင့်လောကဝဇ္ဇ,ပဏ္ဏတ္တိဝဇ္ဇ ဟူ၍ နှစ်ပါးအပြားရှိကုန်၏။ထိုနှစ်ပါးတို့တွင် "လောကေဝိဒိတံဝဇ္ဇံ ယဿာတိလောကဝဇ္ဇာ" ဟုပြု၍လောက၌ထင်ရှားသော အပြစ်ရှိသော အာပတ်ကို **လောကဝဇ္ဇ အာပတ်** ဟုဆို၏။ "ပဏ္ဏတ္တိံ ဝီတိက္ကမန္တံ ဝဇ္ဇံ ယဿာတိ ပဏ္ဏတ္တိဝဇ္ဇာ" ဟုပြု၍ ပညတ်ကိုလွန်ကျူးသော အပြစ်ရှိသော၊ အာပတ်ကို **ပဏ္ဏတ္တိဝဇ္ဇ** ဟု ဆို၏။

ကမ္မပ္ပဘေဒ ဖြစ်ပုံကား။ ။အာပတ်တို့သည် ကာယဒွါရ၌ရောက်သော ကာယကံအာပတ်၊ဝစီဒွါရ၌ရောက်သော ဝစီကံအာပတ်၊ကာယဒွါရ, ဝစီဒွါရ နှစ်ပါးတို့၌ ရောက်သော ကာယကံဝစီကံအာပတ် ဟူ၍ သုံးပါးအပြားရှိကုန်၏။

> သဗ္ဗာစ ကာယကမ္မ ဝစီကမ္မ တဒုဘယဝသေန တိဝိဓာ ဟောန္တိ၊ တတ္ထ ကာယဒွါရေ အာပဇ္ဇိတဗ္ဗာကာယကမ္မန္တိ ဝုစ္စတိ၊ ဝစီဒွါရေအာပဇ္ဇိတဗ္ဗာဝစီကမ္မန္တိ ဝုစ္စတိ၊ ဥဘယတ္ထ အာပဇ္ဇိတဗ္ဗာ ကာယကမ္မံ ဝစီကမ္မဉ္စာတိ။ ။(ကင်္ခါ)

မနောဒွါရ၌ရောက်သော အာပတ်မရှိ၍၊ မနောကံအာပတ်ကား မရှိ။ ။ထို့ကြောင့် ကင်္ခါ၌။ မနောဒွါရေ အာပတ္တိနာမ နတ္ထိ။ ။ဟု ဖွင့်ဆို၏။ အချို့ဆရာတို့ကား မနောဒွါရေအာပတ္တိနာမနတ္ထိ၊ ဟူသောစကားကို ဗာဟုလ္လနည်း၏အစွမ်းဖြင့်သာလျှင် ဆို၏ဟု မိန့်ကြကုန်၏။

ထိုစကားသည်၊ ဝိနယသင်္ဂဟမှ လာနိ ကာယောစေဝ ဝါစာစ၊ သမ္ဘာသမ္ဘုဒ္ဒေန ဟိ သမ္ဘာပတ္တိယော ဇူမေသုယော ဝိုသုဒ္ဓါရေသု ပညတ္တာ မနောဒွါရေ အာပတ္တိ ပညာပနနာမ နတ္ထိ။ ။ဟူသော အဋ္ဌသာလိနီစကားနှင့်မှုကားဆန့်ကျင်၏။

ကုသိုလ် အကုသိုလ်,အဗျာကတသုံးပါးတို့၏ အပေါင်းဟုဆိုအပ်သော ကုသလတိက်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ သုံးပါးတို့၏အပေါင်းဟု ဆိုအပ်သော ဝေဒနာတိက်အပြားကို **တိကဒွယ ဝိဓိ** ဟု ဆို၏။

ထိုနှစ်ပါးသော တိက်တို့တွင် **ကုသလတိက်**-ဖြစ်ပုံကား ကုသိုလ်ဖြစ်သောသိက္ခာပုဒ်၊အကုသိုလ်ဖြစ်သော သိက္ခာပုဒ်၊ အဗျာကတ ဖြစ်သော သိက္ခာပုဒ်ဟူ၍ သုံးပါးအပြားရှိ၏။ ထို့ကြောင့်အဋ္ဌကထာ၌။ ။ အတ္ထိပန သိက္ခာပဒံ ကုသလံ၊အတ္ထိကုသလံ၊အတ္ထိအဗျာကတံ။ ။ဟု ဖွင့်ဆို၏။

ကုသိုလ်,အကုသိုလ်,အဗျာကတ ဟု သုံးမည်ဆိုသော်လည်း အာပတ်ကိုဖြစ်စေတတ်, ဝိညတ်ကိုဖြစ်စေတတ်သော သုံးဆဲ့နှစ်ပါးသော စိတ်တို့တွင် မဟာကုသိုလ်စိတ်ရှစ်ခု၊ ရူပါဝစရကုသိုလ် အဘိညာဉ်စိတ်တခု၊၌ကိုးပါးသောစိတ်ကို **ကုသလ** ဟု ယူရ၏။ အကုသိုလ်စိတ်တဆဲ့နှစ်ခုကို **အကုသလ**-ဟု ဆို၏။ မနောဒွါရဝဇ္ဇန်း, ဟသိတုပ္ပါဒ်, မဟာကြိယာစိတ်ရှစ်ခု, ရူပါဝစရကြိယာအဘိညာဉ်စိတ်တခု ၌တဆဲ့တပါးသော စိတ်ကို **အဗျာကတ** ဟုဆို၏။ ထိုသုံးပါးတို့တွင် ကုသိုလ်စိတ်ဖြင့် အကြင်သိက္ခာပုဒ်သို့ရောက်၏။ထိုသိက္ခာပုဒ်ကို-**ကုသလ** ဟုဆို၏။ အကုသိုလ်စိတ်ဖြင့် အကြင်သိက္ခာပုဒ်သို့ရောက်၏။ထို သိက္ခာပုဒ်ကို **အကုသလ**-ဟုဆို၏။ အဗျာကတစိတ်ဖြင့် အကြင် သိက္ခာပုဒ်သို့ရောက်၏။ ထိုသိက္ခာပုဒ်ကို **အဗျာကတ**-ဟုဆို၏။ ။

အာပတ်၏ အကြောင်းဖြစ်ကုန်သော ကာယဝိညတ်, ဝစီဝိညတ်တို့၏။ ၌သုံးဆဲ့နှစ်ပါးသော စိတ်တို့ဖြင့်သာလျှင် အာပတ် ဖြစ်သောကြောင့် ဒွတ္တိံသေဝ ဟူသောမှတ်ခြင်းကို ပြုတော်မူအပ်၏။ အလုံးစုံသော အာပတ် တို့၏လည်း ၌ သုံးဆဲ့ နှစ်ပါးသော စိတ်တို့ဖြင့် ဖြစ်သောကြောင့် ပြုသည် မဟုတ်။ ။အိပ်သော ရဟန်းတို့အားလည်း ကောင်း၊ဗျာန်ဖြင့်စိတ်,စေတသိက်,စိတ္တဇရုပ်တို့ချုပ်ခြင်းသို့ရောက်ကုန်

သောရဟန်းတို့အားလည်းကောင်း။ ၀ိညတ်ကို မဖြစ်စေတတ်သော ၀ိပါက်အဗျာကတစိတ်တို့ဖြင့်လည်းကောင်း။ရုပ်တရားတို့ဖြင့်လည်းကောင်း၊ သဟသေယျ စသော အာပတ်သည် ဖြစ်လေ၏။

ဥတ္တိံသေ၀ါတိ နိယမောအာပတ္တိနိုမိတ္တာနံ ကာယ၀စီ၀ိညတ္တီနံ ဧတေဟေ၀ သမုပ္ပန္နတော ကတော၊န ပန သဗ္ဗာပတ္တီနမ္ပိ ဧတေဟေ၀ သမုပ္ပန္နတော နိပ္ပန္န၀ိတွာ နိဒ္ဒါယန္တဿနပ္ပိ၊ဈာနနိရောဓသမာပန္နဿနပ္ပိ၊အ၀ိညတ္တိဇနကေဟိ၀ိပါက အဗျာ စိတ္တေဟိ စေ၀ ရူပဓမ္မေဟိစ သဟသေယျာဒိ အာပတ္တိ သမ္ဘ၀တိ။ ။ (၀ိ)

အတ္တိပန သိက္ခာပဒံ ကုသလံ စသော စကားကို အကျိုးဖြစ်သော သိက္ခာပုဒ်၏ သိက္ခာပဒ ဟူသောအမည်ကို ဖြစ်ကြောင်းစိတ်၌ တင်၍၊ အကြောင်းဖြစ်သော စိတ်ကို ဖလူပစာအားဖြင့် **သိက္ခာပုဒ်**- ဟု ဆို၏။ အာပတ်၏ ကုသိုလ်စသော ပရမတ္ထသဘော၏ အစွမ်းဖြင့် အာပတ်၏ပညတ်သဘောရှိသောကြောင့် ဆိုသည်မဟုတ် ဟု မိန့်၏။

အတ္တိပန သိက္ခာပဒံ ကုသလန္တိအားဒိ အာပတ္တိသမုဋ္ဌာပကစိတ္တ၀သေန ကာရိယေ ကာရဏောပစာရေနဝုတ္တံ၊ န ပန အာပတ္တိယာ ကုသလာဒိပရမတ္ထဓမ္မတာ၀သေန အာပတ္တိယာ သမ္မုတိ သဘာ၀တ္တာ။ ။(၀ိ)

သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်နင်းခြင်းအစရှိသော ဆယ်ပါးသောအကျိုးထူးတို့ကိုစွဲ၍၊ အကြောင်းအားလျော်စွာ ကောင်းစွာဖြစ်သောကုသိုလ်၊ အကုသိုလ်စသောနာမ်ရုပ်တရားတို့ကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ပညတ်အပ်သော၊သမ္မုတိပညတ်သည်သာလျှင် အာပတ်မည်၏။ ထိုအာပတ်သည်လည်း အစီအရင်အားလျော်စွာ ကုစားခြင်းကို ပြုသဖြင့် ကင်းပျောက်၏။

တသ္မာ ဒုမ္မင်္ကူနံ နိဂ္ဂဟာဒိ ဒသအတ္ထ၀သေ ပဋိစ္စ ဘဂ၀တော ယထာပစ္စယံ သမုပ္ပန္နမာနေ ကုသလာ, ကုသလာဒိနာမရူပဓမ္မေ ဥပါဒါယ ပညတ္တာ သမ္မုတိယေ၀ အာပတ္တိ၊ သာ စ ယထာ၀ိဓိ ပဋိကမ္မကရဏေန ၀ိဂတာနာမ ဟောတီတိ၀ေဒိတဗ္ဗံ။ ။(၀ိ)

ကုသိုလ်စသောတရားတို့၏ အာပတ်ကိုဖြစ်စေတတ်သော အဖြစ်ကြောင့်သာလျှင် အာပတ်အားဖြင့် အထူးသည်ထင်ရှားလေသည်။ ထို့ကြောင့် ၀ိမတိ၌။ ။အာပတ္တိသမုဋ္ဌာပကတ္တေနေ၀, ဟေတ္ထ ကုသလာဒိနံ အာပတ္တိတော ဘေဒေါ သိဒ္ဓေါ၊ ။ဟု ဖွင့်၏။

သာရတ္ထဒီပနီကျမ်း၌မူကား၊ ။အာပတ္တာဓိကရဏံ သိယာအကုသလံ၊ သိယာအဗျာကတံ၊နတ္ထိ အာပတ္တာဓိကရဏံ ကုသလံ။ ။ဟု ဟောတော်မူသောကြောင့် ပရမတ္ထအားဖြင့် အာပတ်၏ကုသိုလ်အဖြစ်သာမရှိ ဟု၊ ။နပန ကုသလာ ပိ အာပတ္တိအတ္တီတိ၊နဟိကုသလာအာပတ္တိနာမအတ္ထိ၊ အာပတ္တာဓိကရဏံ သိယာ အကုသလံ၊ သိယာအဗျာကတံနတ္ထိ၊ အာပတ္တာဓိကရဏံ ကုသလန္တိဝစနတော။ ။ဟု ဖွင့်ဆို၏။

ကုသိုလ်စိတ်ဖြင့် အာပတ်သို့ရောက်ရှိသော်၊ ဝိညတ်ရှိသည့်လည်းဖြစ်သော ဝိညတ်မရှိသည့်လည်းဖြစ်သော လွန်ကျူးသောအခြင်းအရာအားဖြင့်ဖြစ်သော ရူပက္ခန္ဓာဟု ဆိုအပ်သော အဗျာကတအာပတ်သို့ရောက်၏။

ကုသလစိတ္တေနဟိ အာပတ္တိံ အာပဇ္ဇန္တော သဝိညတ္တိကံဝါအဝိညတ္တိကံဝါ သိက္ခာပဒဝီတိက္ကမာကာရပဝတ္တံ ရူပက္ခန္ဓသင်္ခါတံ အဗျာကတာပတ္တိံ အာပဇ္ဇတိ။ ။ (ဝိ)

အာပတ္တာဓိကရဏံသိယာအကုသလံ စသော စကားကို အကြောင်း၏အဖြစ်ဖြင့် ပြဆို၏၊ ထိုစကားသည် အကြောင်းမဟုတ်ခဲ့ ဟု ဝိမတိဆရာ ပယ်ဆို၏။ယံပန အာပတ္တာဓိကရဏံ သိယာအကုသလန္တိအာဒိဝစနံ ကာရဏတ္တေန ဝုတ္တံ၊တမ္ပိအကာရဏံ။ ။(ဝိ)

အောက်၌ဆိုအပ်သော ယံအကုသလစိတ္တေနအာပဇ္ဇတိ၊ တံအကုသလံ။ ။ဤသို့စသောနည်းဖြင့် အကုသိုလ်စသောအဖြစ်၏ ပရိယာယ်အားဖြင့် ဟောအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အာပတ်၏ ကုသိုလ်ဟူသောခေါ်ဝေါ်ခြင်း၏ မသင့်သောကြောင့်လည်းကောင်း၊ နတ္ထိ အာပတ္တာဓိ ကရဏံ ကုသလံ-ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊အကြောင်းမဖြစ်နိုင်။

တထာဟိ ယံ အကုသလစိတ္တေန အာပဇ္ဇတိ တံအကုသလန္တိအာဒိနာ ဟေဋ္ဌာဝုတ္တနယေန အကုသလာဒိဘာဝဿ ပရိယာယဒေသိတတ္တာ အာပတ္တိယာ ကုသလဝေါဟာရဿ အယုတ္တတာယ နတ္ထိအာပတ္တာဓိ ကရဏံ ကုသလန္တိ ဝုတ္တတ္တာစ၊ ။(ဝိ)

အာပတ်၏ကုသိုလ်စိတ်ကြောင့်ဖြစ်သော အဖြစ်သည် ရှိငြားသော်လည်း၊မြတ်စွာဘုရားသည် ပယ်အပ်သောအဖြစ်ဖြင့် သာဝဇ္ဇမှု၏အဖြစ်သည် ပြီးလေ၏။ အကြောင်းကုသိုလ်စိတ်၏အမည်ကို အကျိုးအာ

ပတ်၌ တင်စားသောအားဖြင့်လည်း သာဝဇ္ဇ-အနဝဇ္ဇ တရားတို့၏ အခြင်းချင်း ဆန့်ကျင်သောကြောင့် အနဝဇ္ဇကုသိုလ်ဟု ခေါ်ဝေါ်ခြင်း သည် မသင့်ချေ။

အာပတ္တိယာ ဟိ ကုသလစိတ္တသမုဋ္ဌိတတ္တေပိ ဘဂဝတာ ပဋိက္ခိတ္တဘာဝေန သာဝဇ္ဇဓမ္မတာ၊ ကာရဏူပစာရေနာပိ အနဝဇ္ဇကုသလဝေါဟာရော န ယုတ္တော သာဝဇ္ဇာနဝဇ္ဇာနံ အညမညဝိရုဒ္ဓတ္တာ။ ။ (ဋီ)

အာပတ်၏ကာရဏူပစာအားဖြင့် အကုသိုလ်စသော သဘော၇ှိ သည့်၏အဖြစ်ကြောင့်၎င်း၊ အကြင်အကြင်ဆိုအပ်သော အပြစ်ဒေါသ ကိုလွှန်မြောက်နိုင်သောကြောင့်၎င်း၊ အကုသိုလ်စသောခေါ်ဝေါ် ခြင်း သည့်ကားသင့်မြတ်ပါ၏။

အကုသလာဒိဝေါဟာရောပန ယုတ္တော၊ ကာရဏူပစာရေနပန အကုသလာဒိသဘာဝတာယ ယထာဝုတ္တဒေါသာတိ ဝတ္တနတော။ ။ (ဋီ)

ကုသလစိတ္တေန ဟိ (လ) အဗျာကတာပတ္တိံ အာပဇ္ဇတိ-ဟူသော စကားကိုလည်း ရူပက္ခန္ဓာ၏ခဏငယ်ရှိသောကြောင့်၊ ၎င်းအာပတ်၏ လည်း ဒေသနာကံစသော ကုစားမှုကိုကြည့်၍သာလျှင် ငြိမ်းခြင်းသို့ ကပ်ရောက်၏ဟု လင်းပါးဘွယ် ရှိသောကြောင့်၎င်း၊ မသင့်ဟု ပယ် တော်မူ၏။

တံ ဒုယုတ္တမေဝ ရူပက္ခန္ဓဿ ခဏိကတာယ အာပတ္တိယာပိ ဒေသနာဒိ ပဋိကမ္မံ ဝိနာဝ ပဋိပ္ပဿဒ္ဓိ ပသင်္ဂတော။ ။(ဋီ)

၎င်အဆက်ဆက်သည့် အာပတ်မည်၏ဟုဆိုအံ့၊ ကုစားမှုဖြင့်သော် လည်း မကင်းမပျောံခြင်းသို့ရောံသောကြောင့် ထိုစကားကိုမသင့်ဟု မှတ်ရာ၏။ ထို့ကြောင့် ဝိမတိ၌။ "ရူပပရမ္ပရာ အာပတ္တီတိ စေ၊တံန၊ ပဋိကမ္မေနာပိ အဝိဂမပ္ပသင်္ဂတော " ဟုဖွင့်ပြတော်မူ၏။

၎င်အစဉ်သည် အကြောင်းနှင့်တကွစပ်သည်၏ အဖြစ်ကြောင့် ဒေ သနာကံစသည်တို့ဖြင့် မကင်းမပျောက်နိုင်။ ဤသို့ ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော အပြစ်ဒေါသကြောင့် အာပတ်၏ ပရမတ်အဖြစ်ကို မ သင့်ဟု မှတ်လေ။

နဟိ ရူပသန္တတိဒေသနာဒိဟိ ဝိဂစ္ဆတိ၊သကာရဏာယတ္တတ္တာ၊ဣတိ သဗ္ဗထာ အာပတ္တိယာ ပရမတ္ထတာ အယုတ္တာ၊ ။(ဋီ)

ဆောင်။ ၁။ ပရမတ္ထ၊ အာပတ်ဗျူ၊ မိန့်ဟသာ ရဏ္ဍ၊
၂။ နတ္ထိအာပတ္တာ၊ ဝိကရဏာ၊ ကုသလံဟု၊ မိန့်ဟန်ကြောင်း ပြ၊ အာပတ်မှ၊ မရကုသိုလ်သာ။
၃။ ပရမတ်ယူ၊ ဖြစ်ခဲ့မူ၊ လူဖြူတို့အား ရောက်စရာ။
၄။ ဒေသနာကာံ၊ ကုစား၊ ပြန်၊ စင်ဟန်မတွေ့ရာ။
၅။ ခဏိကစစ်၊ ကုတုံလစ်၊ မဖြစ်အမှန်သာ။
၆။ ထို့ကြောင့်ပညတ်၊ မိန့်ဆိုလတ်၊ မှတ်တတ်ပိမတိ။
၇။ ယထာဝိဓိ၊ ကုစားဘိ၊ ကင်း၏အာပတ်တွေ။
၈။ အာပတ်ကင်းပျောက်၊ နိဗ္ဗာန်ရောက်၊ မကြောံသံသရာ။
၉။ အလိုရှိက၊ ကျင့်ကြံကြ၊ စိတ်ချပလ္လိတာ။
၁၀။ အကုသိုလ်ကား၊ မပျောက်ငြား၊ မှတ်ထားစိတ်တွင်သာ။

သုံးပါးသော ဝေဒနာရှိသော သိက္ခာပုဒ်၊ နှစ်ပါးသော ဝေဒနာရှိသော သိက္ခာပုဒ်၊ တပါးသော ဝေဒနာရှိသော သိက္ခာပုဒ်ဟူ၍ သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင် အကြင်သိက္ခာပုဒ်သို့ ရောက်သည်ရှိသော်၊ သုံးပါးသောဝေဒနာတို့တွင် တပါးပါးသောဝေဒနာရှိသည်ဖြစ်၍ ရောက်၏။ ထိုသိက္ခာပုဒ်ကို တိဝေဒနဟုဆို၏။ အကြင်သိက္ခာပုဒ်သို့ရောက်သည်ရှိသော်၊ သုခဝေဒနာဥပေက္ခာဝေဒနာရှိသည်ဖြစ်၍ရောက်၏။ ထိုသိက္ခာပုဒ်ကို ဒွိဝေဒနဟုဆို၏။ အကြင်သိက္ခာပုဒ်သို့ရောက်သည်ရှိသော်၊ ဒုက္ခဝေဒနာရှိသည်ဖြစ်၍ ရောက်၏၊ ထိုသိက္ခာပုဒ်ကို ဧကဝေဒနဟုဆို၏ "အတ္ထိ စ သိက္ခာပဒံ တိဝေဒနံ၊ အတ္ထိ ဒွိဝေဒနံ၊ အတ္ထိ ဧကဝေဒနံ" (ကင်္ခါ-၅)

အိပ်၍ချုပ်ခြင်းသို့ရောက်သော ပုဂ္ဂိုလ်အား သဟသေယျ၏အစွမ်း ဖြင့် ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်သော ရူပက္ခန္ဓာ၏သာလျှင် အာပတ်ဖြစ်သောကြောင့်၊ အဝေဒန, ဝေဒနာ မရှိသော သိက္ခာပုဒ်ရှိ သည် ဟု ဆိုရာ၏။

နိပ္ပဇ္ဇိတွာ နိရောဓသမာပန္နဿ သဟသေယျာပတ္တိ သေနတဒါကာရ ပဝတ္တ ရူပက္ခန္ဓဿေဝ အာပတ္တိ ဘာဝတော၊ အတ္ထိ အဝေဒနန္တိ ပိ ဝတ္တဗ္ဗမေတံ။ ။(သာ) ဂုင်းစကားကိုလည်းပယ်တော်မူ၏။ ထို့ကြောင့် ဝိမတိ၌။ ဧတေနေဝ ယံဝုတ္တံ နိပ္ပဇ္ဇိတွာ နိရောဓသမာပန္နဿ သဟသေ

ယျဝသေန တထာဂတာဒ ပဝတ္တရူပခမ္မသော၀ အာပတ္တိဘာဝတော တိအာဒိ၊ တဗ္ဗိ ပဋိသိဒ္ဓန္တိ ဝေဒိတဗ္ဗံ။ ။ဟု ဖွင့်ဆိုတော်မူ၏။

ဤအရာ၀ယ် ဤသို့အထူးကို မှတ်ရာ၏။ ချုပ်ခြင်းသို့ ရောက်ကုန်သော ပုဂ္ဂိုလ်တို့အား ရုပ်တရားကိုသာသျှင်စွဲ၍ဖြစ်သောကြောင့် အာပတ်သည် အစိတ္တကာ,အဝေဒနာ စိတ်, ဝေဒနာမရှိသည့်မည်၏။ တပါးသောအရာ၌ကား သစိတ္တကာ,သဝေဒနာ စိတ်,ဝေဒနာရှိသောအာပတ်သည့်သာလျှင် ပညတ်သဘော ရှိသည် ဟု အလုံးစုံသော အရာတို့၌ လည်း သိမှတ်ရာ၏။

ဇူဓပန နိရောဓသမာပန္နာနံ ရူပဓမ္မမေ၀ ပဋိစ္စဉပ္ပန္နတ္တာအာပတ္တိ အစိတ္တာ အဝေဒနာ၊ အညတ္တပန သစိတ္တာ သဝေဒနာ၀ သဗ္ဗတ္ထာပိ ပညတ္တိ သဘာဝါတိ ဝေဒိတဗ္ဗာ။ ။(၈)

အာပတ်၏ပညတ်သဘောရှိသော အဖြစ်သည် ရှိငြားသော်လည်း စေတနာနှင့်တကွ စေ့ဆော်၍ ထိုအာပတ်သို့ ရောက်သော ရဟန်းအားလည်းကောင်း၊ ကုစားခြင်းကို မပြုသော ရဟန်း အား လည်း ကောင်း၊မဂ်ိသေခြင်းကြောင့်အကုသိုလ်အစုသည့်လည်းကောင်း။နတ်ရွာအန္တရာယ်,မဂ်အန္တရာယ်သည်သည်းကောင်း ဖြစ်၏ဟုနှလုံးသွင်း၍၊ လဇ္ဇီပုဂ္ဂိုလ်တို့သည် အကြင်အကြင်သို့သော အစိအရင်ကို မလွန်ကျူးကြကုန်။မလွန်ကျူးခြင်းကြောင့်လည်း ထိုလဇ္ဇီပုဂ္ဂိုလ်တို့အား အပိုင်းအခြားမရှိသော သီလစသော တရားတို့သည် တိုးပွားကုန်၏ ဟု ယူရာ၏။

အာပတ္တိယာစ သမ္မုတိသဘာဝတ္တေပိ ဟိ သဉ္စိစ္စ တံ အာပဇ္ဇန္တဿ၊ ပဋိကြိယံအကရောန္တဿစ၊အနာဒရေ အကုသလရာသိစေ၀ သဂ္ဂမဂ္ဂန္တရာယော စ ဟောတီတိ လဇ္ဇိနော ယထာဝိဓိံ နာတိက္ကမန္တိ၊ အနတိက္ကမနံ ပစ္စယာစ တေသံ အနန္တပ္ပဘေဒါ သီလာဒယော ဓမ္မာ ပရိဝဍ္ဎန္တီတိ ဂဟေတဗ္ဗံ။(၈)

ဥတ္တာယောဇောယျမေဓာဝီ၊တဉ္ဉတည္ဉ ယထာရဟံ-ဟူသော ပရိဝါနှင့်အညီ ယှဉ်၍ပြဦးအံ့။

ဝေသာလီပြည်၌ သုဒိန်ထေရ်ကို အကြောင်းပြု၍ မေထုန်ကို လွန်ကျူးခြင်းတည်းဟူသော အကြောင်းဝတ္ထုကြောင့် ဤပဌမပါရာဇိကာသိက္ခာပုဒ်ကို ပညတ်မိန့်ဆိုတော်မူ၏။ မေထုနံဓမ္မံပဋိသေဝေယျ-ဟူသော ပညတ်တော်သည် မူလပညတ်မည်၏။ သိက္ခံ အပစ္စက္ခာယ

ဟူသောပညတ်သည့်ရင်း။အန္တမသောတိရစ္ဆာနဂတာယပိ-ဟူသော ပညတ်သည့်ရင်း။ ဤနှစ်ပါးသော ပညတ်တို့သည် အနုပညတ် မည် ကုန်၏။

စေခိုင်းခြင်းဖြင့် မရောက်သောကြောင့် အနာဏတ္တိက မည်၏။ ။ အက္ခယိတသရီရ၌ ပါရာဇိက၊ ယေဘုယျေန ခယိတသရီရ၌ ထုလ္လစ္စည်း။ ဟင်းလင်းဖွင့်သောခံတွင်း၌ ဒုက္ကဋ်။ ဤသုံးပါးသော အာပတ်တို့သို့ မေထုန်မှီ၍သောရဟန်းသည် ရောက်၏။ ထို့ကြောင့် ပရိဝါ၌။ "မေထုနံ ဓမ္မံ ပဋိသေဝန္တော ကတိ အာပတ္တိယော အာပဇ္ဇတိ" ဟု ဟောတော်မူ၏။

အဇာနန္တ မသိသောရဟန်း။ အသာဒိယန္တ မသာယာသောရဟန်း။ ဥမ္မတ္တက ရူးသောရဟန်း။ ခိတ္တစိတ္တ ပြန့်လွင့်သော စိတ်ရှိသောရဟန်း။ ဝေဒနဋ္ဋ ဝေဒနာနှိပ်စက်သောရဟန်း။ အာဒိကမ္မိက ရဟန်းတို့အား အာပတ်မသင့်ချေ။ လေးပါးသော ဝိပတ္တိတို့တွင် သီလဝိပတ္တိတည်း။ သေဝနစိတ္တ၊ မှီဝဲလိုသောစိတ်။ မဂ္ဂေန မဂ္ဂပဋိပါဒန၊ မဂ်တချင်းဖြင့် မဂ်တချင်း၌ ကျင့်ခြင်း။ ဤသို့အင်္ဂါနှစ်ပါးရှိ၏။

ပထမပါရာဇိက သမုဋ္ဌာန်ရှိ၏။ ကိရိယာတည်း။ သညာဝိမောက္ခတည်း။ သစိတ္တကတည်း။ လောကဝဇ္ဇတည်း။ ကာယကံတည်း။ အကုသိုလ်စိတ်တည်း၊ ဒွိဝေဒနံ၊ နှစ်ပါးသောဝေဒနာရှိ၏။ ။

သမုဋ္ဌာန်စသည်တို့ မည်ကုန်သည်။ အာပတ်အားသာဖြစ်ကုန်၏။ သိက္ခာပုဒ်အား မဖြစ်ကုန်။ ခေါ်ဝေါ်လွယ်စေရန်အကျိုးငှါ၊ အသုံးစုံသော အဋ္ဌကထာတို့၌၊ သိက္ခာပုဒ်ကိုအဦးပြုသဖြင့်၊ ဒေသနာကိုတင်တော်မူ၏။ သဒ္ဒါကိုအလေးပြုတော်မမူ။

> အတ္ထံဟိ နာထော သရဏံ အဝေါစ၊ နဗျဉ္ဇနံ လောကဟိတော မဟေသိ။
>
> တသ္မာအကတွာရတိမက္ခရေသု၊အတ္ထေနိဝေသေယျ၊ မတိမာ။ (ကင်္ခါ။)

ဟိသဒ္ဒံ၊ မှန်၏။ နာထော၊ ကိုးကွယ်ရာတဆူဖြစ်တော်မူသော။ လောက

ကဟိတော၊သဏ္ဏလောက၏ အကျိုးစီးပွားကို ပြုတော်မူတတ်သော။ မဟေသိ၊ သိလက္ခန္ဓ-စသည့်ကျေးဇူး၊ ဂုဏ်အထူးကို ရှာမှီးတော်မူသောမြတ်စွာဘုရားသည်။အဏ္ဏ၊လိုအင်သောအနက်ကို၊သရဏံ၊ကိုးကွယ်ရာဟူ၍။အဝေါစ၊ဟောတော်မူ၏။ဗျဉ္ဇနံ၊သဒ္ဒါကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။နအဝေါစ။ဟောတော်မမူ။တသ္မာ၊ထိုကြောင့်။အက္ခရေသု၊အက္ခရာတို့၌။ရတိံ၊မွေ့လျော်ခြင်းကို။အကတွာ၊မပြုမူ၍။ မတိမာ၊ ပညာရှိပုဂ္ဂိုလ်သည်။အတ္ထေ၊လိုအပ်သောအနက်၌။နိဝေသယျ၊နှလုံးသွင်း၍နေရာ၏။

(အမှာ) နောက် သိက္ခာပုဒ်တို့၌ နိဒါန်းပုဂ္ဂိုလ် စသည်တို့ကို အကျယ်ချဲ့၍ အစုံမရေးတော့ပြီ။

# ပထမပါရာဇိကပြီးပြီ

—o—

ဒုတိယပါရာဇိကသိက္ခာပုဒ်၌ အဓိပ္ပါယ်သော်ကား။သူတပါးဥစ္စာ၏တည်ရာ ၂၅ ဌာနဖြစ်သောကြောင့်၊ "ဂါမေဝါ-အရညေဝါ"ဟု ဟောတော်မူသင့်လျက်၊အဘယ့်အကျိုးငှါ "ဂါမာဝါ အရညာဝါ"ဟု အပါဒါန်ပုဒ်ကိုထုတ်၍ဟောတော်မူပါသနည်းဟုမေးသော်၊ ဌာနာစာဝန ကိုပြရန်အကျိုးငှါ ဟောတော်မူပါသည်ဟု ဖြေဆိုလေ။

ထို့ကြောင့် အနုဝဏ္ဏနာ၌။ ။နနုစ ပရသန္တကဿ ဋ္ဌိတဋ္ဌာနတ္တာ ဂါမေဝါအရညေဝါတိ အာဓါရပဒေန ဝတ္တဗ္ဗံ၊အထကိံတ္ထံ၊ဂါမာဝါ အရညာဝါတိ၊အပါဒါနပဒံ ဝုတ္တန္တိ၊ဋ္ဌာနာစာဝနဒဿနတ္ထံ၊ဟုဖွင့်ဆို၏။

"ဂါမာဝါ အရညာဝါ"ပုဒ်တို့တွင်၊ဂါမာ၌တဆောင်သော အိမ်ရှိသည့်အစရှိသော ရွာကိုလည်းကောင်း။ ခင်သိမ်းသော အခြင်းအရာအားဖြင့် လူတို့၏မရှိခြင်းကြောင့် ဘီလူးတို့သည် သိမ်းဆည်း စောင့်ရှောက်အပ်သည်ဖြစ်၍။ဘေးရန်ရှိသောရွာကိုလည်းကောင်း။တနည်း။တစုံတခုသောအကြောင်းဖြင့်၊တဖန်ပြန်လာကုန်အံ့ ဟု အောက်မေ့၍သာလျှင် အရပ်တပါးသို့ ဖဲသွားသော လူရှိသောရွာကိုလည်းကောင်း ဆူးတင်စသောအခြံအရံမရှိသောရွာကိုလည်းကောင်း၊ခရီး၌ စုဝေး၍တည်ခြင်းစသည်တို့၏အစွမ်းဖြင့်မနေမူ၍ နှစ်ကောင်သုံးကောင်သော

နွားတို့သည်။ တစုတရုံ စု၍နေကြကုန်သကဲ့သို့ နှစ်အိမ်သုံးအိမ် တစုတရုံပြု၍နေသောရွာကိုလည်းကောင်း။ ယုတ်စွအဆုံး မိုးလေးလထက်အလွန်နေဘူးသော ခြေကုန်သည်၊ လှည်းကုန်သည်အပေါင်းကိုလည်းကောင်း။ **ဂါမရွာ ဟု** အလိုရှိအပ်၏ ဟု ပဒဘာဇနီ၌ ဟောတော်မူ၏။

အသစ်နေရမည်ဖြစ်သော တဆောင်သာအိမ်ရှိသည် အစရှိသော ရွာသည်၊ လူတို့ဝင်၍ မနေသေးသမျှ ကာလပတ်လုံး ရွာ ဟူသော အရေအတွက်သို့မရောက်၊ ထိုရွာ၌ရွာသို့ဝင်ခြင်းကို ပန်ကြားဘွယ် စသောကိစ္စမရှိ။

အဘိနဝနိဝိဋ္ဌော ဧကကုဋိကာဒိဂါမော၊ ယာဝမနုဿာ ပဝိသိတွာ ဝါသံ န ကပ္ပေန္တိ၊ တာဝ ဂါမသင်္ချံ နဂစ္ဆတိဘိဝဒန္တိ၊ တသ္မာ တတ္ထ ဂါမပ္ပ ဝေသနာ ပုစ္ဆာဒိ ကိစ္စမ္ပိနတ္ထိ။ ။(သာ)

**ဆောင်။ ။အသစ်ဆောက်တည် မရောက်သည်လူ၊ ရွာမည်မရ မှတ်လေ ကြ၊ ဟုတ်လှအမှန်တည်း။**

**ရွာမည်မရ၊ ကြားကိစ္စ မှတ်ပမရှိတည်း။**

ခင်းသိမ်းသောအခြင်းအရာ အားဖြင့်လည်း ရွာနေသူလူတို့၏ မရှိခြင်းကြောင့်၊ ဘီလူးသည် စောင့်ရှောက် သိမ်းသည်းအပ်သည် ဖြစ်၍ ဖြစ်သောရွာကို အမနုဿ ရွာ ဟု ဆို၏။

အမနုဿော နာမယော သဗ္ဗသောဝါ မနုဿာနံ အဘာဝေန ယက္ခပရိဂ္ဂ ဟာဘူတော။ ။(ကင်္ခါ-ဋ္ဌ)

တနည်း။ ။တစုံတခုသောအကြောင်းဖြင့် တဖန် ပြန်လာလိုကုန်သည်ဖြစ်၍သာလျှင်။ အရပ်တပါးသို့ ဖဲသွားသော လူရှိသော ရွာကို အမနုဿ-ရွာ ဟု ဆို၏။

ယတောဝါ မနုဿာကေနစိကာရဏေန ပုန်ပိ အာဂန္တုကာမာ ဧဝ အပက္ကန္တာ၊ ။(ကင်္ခါ-ဋ္ဌ)

ဂင်းအဋ္ဌကထာစကားရပ်တွင်ဘေးရန်ရှိသည်၏အစွမ်းဖြင့် ယက္ခပရိဂ္ဂဟာဘူတော ဟူ၍ဆိုအပ်၏၊ ဘီလူးတို့၏ နေရာ မြို့ရွာ စသည်ကိုလည်း သိမ်းကြုံး၍ ယူရ၏။ ဘီလူးတို့၏နေရာ မြို့ရွာသည်လည်း ဈေး စသည်တို့ ထင်မြင်ကုန်သည် ရှိသော် ရွာဟူသော အရေအတွက်သို့ ရောက်၏။

ယက္ခပရိဂ္ဂဟဘူတောတိ သဥပဒ္ဒဝ ဝသေနဝုတ္တံ၊ ယက္ခနဂရာဒိ'ဝါ သင်္ကျာတိ၊ ယက္ခနဂရမ္ပိ အာပဏာဒိသု ဒိဿမာနေသု ဂါမသင်္ချံ ဂစ္ဆတိ၊ အဒိဿမာနေသု နဂစ္ဆတိ၊ ။(သာ)

ဆောင်။ ။ယက္ခပရိဂ္ဂဟဘူတော၊ ဘေးရန်ပြော၊ မိန့်ဟော ကျမ်းတွင် လာ။

ဘီလူးတို့ရွာ၊ ဈေးထင်လာ၊ ယူရာ ဂါမ၊ သွင်း၍ပ။

"ပုနပိအာဂန္တုကာမာ။" ဟူသော ပါဠိဖြင့် ထွက်သွားသော ပုတ္တို၏ရွာ၌၊ အာလယ ရှိသောအဖြစ်ကိုပြ၏။အကြင်ရွာမှ အာလယ မရှိသည်ဖြစ်၍သာသျှင် ဖဲသွားကြကုန်၏၊ ထိုရွာသည်ရွာဟူသော အရေအတွက်သို့မရောက်ချေ၊

ပုနပိ အာဂန္တုကာမာတိဣမိနာ တေသံ တတ္ထ သာပေက္ခဘာဝံ ဒဿေတိ၊ ယတော ပန နိရပေက္ခာဝ ဟုတွာ ပက္ကမန္တိ၊သောဂါမသင်္ချံ နဂစ္ဆတိ။ ။(သာ)

ဆောင်။ ။သာပေက္ခသာ၊ သွားလေရာ၊ မှတ်ပါရွာမည်ရ။
နိရပေက္ခ၊ သွားတုံက၊ ဂါမမမှတ်ရ။

ဤသိက္ခာပုဒ်ဝယ် ဂါမသဒ္ဒါဖြင့်သာလျှင် နိဂုံးကိုလည်းကောင်း၊မြို့ကိုလည်းကောင်း၊ သိမ်းကြုံး၍ယူရာ၏။ ဣမသ္မိံ သိက္ခာပဒေ နိဂမောပိ နဂရမ္ပိ ဂါမဂ္ဂဟဏေနေဝ ဂဟိတန္တိဝေဒိတဗ္ဗံ။ ။(ကင်္ခာ-ဋ္ဌ)

ရွာသည် ဆူးတပ်စသော အရံအကာရှိသောရွာ၊ ဆူးတပ်စသော အကာအရံမရှိသောရွာဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် ဆူးတပ်ရှိသောအကာအရံရှိသောရွာသည် အနုရာဓမြို့ကဲ့သို့ တံခါးခုံနှစ်ခုရှိသောရွာ၊တံခါးခုံတခုရှိသောရွာ၊တံခါးခုံမရှိသောရွာဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဆူးတပ်စသောအကာအရံတံခါးခုံနှစ်ခုရှိသောရွာ၏ တံခါးခုံနှစ်ခုတို့တွင်၊ အတွင်းတံခါးခုံ၌တည်သော အလယ်အလတ်ဖြစ်သော အားအစွမ်းရှိသော ယောကျ်ားလုင်ပျိုတို့သည် မိမိ၏အားအစွမ်းကိုပြလိုကုန်၍ လက်မောင်းဆန့်ကာခဲကိုပစ်ကြကုန်သကဲ့သို့ ပစ်အပ်သောခဲ၏ကျရာအရပ်သည် ဂါမူပစာရမည်၏။တံခါးခုံတခုရှိသောရွာဖြစ်အံ့၊ ထိုရွာ၏ရွာတံခါးပေါင်တို့၏ အလယ်၌တည်သော အလယ်အလတ်ဖြစ်သော အားအစွမ်းရှိသော ယောကျ်ားသည် ပစ်အပ်သော ခဲကျရာအရပ်သည်၊ ဂါမူပစာရ-မည်၏။ တံခါးခုံမရှိ

သောရွာဖြစ်အံ့။ ထိုရွာ၌ ရွာတံခါးပေါင်တို့၏ အလယ်၌တည်သော အလယ်အလင်ဖြစ်သော အားအစွမ်းရှိသော ယောက်ျားသည် ပစ်အင်သောခဲကျရာအရပ်သည် ဂါမူပစာရ မည်၏။

ဂါမူပစာရောနာမ ပရိက္ခိတ္တဿ ဂါမဿ ဣန္ဒခီလေ ဌိတဿ မၛ္ဈိမဿ ပုရိသဿ လေဍ္ဍုပါတော။ ။(ပ).

မၛ္ဈိမပုရိသ၌၊ မၛ္ဈိမသည် ထာမမၛ္ဈိမ၊ ပမာဏမၛ္ဈိမအားဖြင့်နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဤနေရာ၌ ထာမမၛ္ဈိမကိုသာယူရမည်။ အပ္ပထာမ-မဟာထာမမၛ္ဈိမထာမတို့တွင်၊ မၛ္ဈိမထာမကိုသာ ယူရမည်။

မၛ္ဈိမဿာတိထာမမၛ္ဈိမဿ၊ နေဝပမာဏမၛ္ဈိမဿ၊ နေဝ အပ္ပထာမဿ နမဟာထာမဿ မၛ္ဈိမထာမဿာတိ ဝုတ္တံ ဟောတိ။ ။(ကင်္ခါ-ဋ္ဌ)

တံခါးခုံနှစ်ခုရှိသောရွာ၏ အပဖြစ်သော တခါးခုံသည် အဘိဓမ္မာ နည်းအားဖြင့် တောဟူသော အရေအတွက်သို့ ရောက်၏။ တဿ ဂါ ဗာဟိရေ ဣန္ဒခီလော အာဘိဓမ္မိကနယေန အရညသင်္ခေပံ ဂစ္ဆတိ။ ။(ကင်္ခါ-ဋ္ဌ)

တံခါးခုံမရှိသောရွာဖြစ်အံ့၊ ထိုရွာ၌ ရွာတံခါးပေါင် တို့၏အလယ်ကိုပင် ဣန္ဒခီလ ဟု ဆိုတော်မူ၏။ ယတ္ထ ပန ဣန္ဒခီလော နတ္ထိ၊ တတ္ထ ဂါမဒွါရဗာဟာနံ ဝေမဇ္ဈမေဝ ဣန္ဒခီလောတိ ဝုစ္စတိ။(ကင်္ခါ-ဋ္ဌ)

ကျသောခဲသည် လိမ့်၍ ကျသွားရာအရပ်ကို ဂါမူပစာရ ဟုမယူအပ်။ ။ပတိတောပန လုဌိတွာ ယတ္ထ ဂစ္ဆတိ၊ တံ န ဂဟေတဗ္ဗံ။ ။(ကင်္ခါ-ဋ္ဌ)

ဆောင်။ ။အကာအရံ၊ ရှိခဲ့ပြန်ရွာ၊ မရံရွာ၊ ရွာမှာနှစ်မျိုးပြားသတည်း။
တံခါးခုံနှစ်၊ တံခါးတစ်နှင့်၊ မဖြစ်တံခါး၊ သုံးမျိုးပြား၊ မိန့်ထားကာရံရွာ။
တံခါးခုံနှစ်၊ တွင်းတွင်ဖြစ်ခုံ၊ တိုင်းခြစ်ရုံ၊ မှတ်ကုန်ပမာဏာ။
ပြင်တံခါးခုံ၊ တောသို့ကြုံ၊ ထည့်ကုန်သွင်းယူကြ။
တံခါးခုံသာ၊ မပါရာ၊ တိုင်းပါတံခါးပေါင်လယ်တည်း။
ခဲလိမ့်ကျရာ၊ အရပ်မှာ၊ ယူရာဂါမူပစာ မလာတည်း။

ဆုံးတပ်စသော အကာအရံမရှိသော ရွာ၏အိမ်၏ ဉပစာ၌တည်သော အလယ်အလတ်ဖြစ်သော အားအစွမ်းရှိသော ယောကျ်ားပစ်အင်သော ခဲကျရာအရပ်သည် ဂါမူပစာရမည်၏။ ။အပ္ပရိက္ခိတ္တဿ ဂါမဿ ဃရူပစာရေ ဋ္ဌိတဿ မဇ္ဈိမဿ ပုရိသဿ လေဍ္ဍုပါတော။ (ပ)

ဃရူပစာရေဋ္ဌိတဿ။ ဟူသောစကားရပ်တွင်၊ တံစက်မြိတ်၏ရေကျရာအရပ်၌တည်သော၊ အလယ်အလတ်ဖြစ်သောအားအစွမ်းရှိသောယောကျ်ားသည်။ပစ်အင်သောမန်းကျရာကျည်ပွေ့ကျရာအရပ်ကို၊ ဃရူပစာရဟု ကုရုန္ဒီအဋ္ဌကထာ။ မဟာပစ္စရိက်အဋ္ဌကထာ တို့၌မိန့်ဆို၏။

**ဆောင်။ ။တံစက်မြိတ်ရေ၊ကျထွေထွေရပ်၊လတ်လေအားရှိ၊ယောကျ်ား၏ပစ်၊မန်းထိကျည်ပွေ့၊ ကျလေ့ဒေသ၊ခေါ်လေကြ၊ မှတ်ပဃရူပစာတည်း။**

မဟာအဋ္ဌကထာ၌ကား၊ တံခါး၌တည်သောမာတုဂါမသည်။ စွန့်အင်သောဆွက်ဆေးရေကျရာ အရပ်ကိုလည်းကောင်း။ အိမ်အတွင်း၌တည်သောမာတုဂါမသည်၊ ပကတိသဘောအားဖြင့် အပသို့ပစ်အင်သော။မန်းစကောတမြက်စိုးကျရာအရပ်ကိုလည်းကောင်း၊ အိမ်၏ရှေ့မှန့်စ်ချသော အထောင့်တို့၌စင်၍။ အလယ်၌သစ်ကျည်တံခါးတပ်၍၊ နွားအပေါင်းတို့၏ဝင်ခြင်းကို တားမြစ်ရန်အကျိုးငှာ။ပြုအင်သော အကာအရံကိုလည်းကောင်း။ဃရူပစာရအိမ်၏ဉပစာဟုဆို၏။

**ဆောင်။ ။ဒွါရေမိန်းမ၊ ဆေးရေကျနှင့်၊ ဂေဟာ၌တည်၊ အပဆီသို့၊ပစ်သည်မန်းတံ၊ကျရောက်ပြန်ရပ်၊ ပြုဟန် ဆီးပြန်၊ကာအရံ၊မှတ်ရန်ဃရူပစာရ။ ။**

မဟာအဋ္ဌကထာ၌၊ဃရ၊ဃရူပစာရ၊ဂါမ၊ဂါမူပစာရဟူ၍၊ လေးပါးပိုင်းခြား၍၊မာတိကာထားတော်မူ၏။ထိုလေးပါးတို့တွင်။ တံစက်မြိတ်ရေကျရာအရပ်၏အတွင်းကို၊ဃရဟုဆို၏။ဃရူပစာရကို အထက်၌ရေးခဲ့သည့်အတိုင်းသိရာ၏။ဃရူပစာရ၌တည်သောအလယ်အလတ်ဖြစ်သောအားအစွမ်းရှိသောယောကျ်ားသည်၊ပစ်အပ်သော ခဲကျရာအရပ်၏အတွင်းကို ဂါမဟုဆို၏။ ဂါမမှဆက်၍ ပစ်အင်သော တပါးသောခဲကျရာအရပ်၏အတွင်းကို၊ ဂါမူပစာရဟုမိန့်ဆို၏။

**ဆောင်။ ။တံစက် မြိတ်၏၊ ရေကျဘိတွင်း၊ ခေါ်ဘိလျှင်း၊ မှတ်ခြင်း ဃရသာ။**
**ဃရူပစာ၊ တည်နေပါ၍၊ ပစ်ခါယောက်ျား၊ခဲကျသွား၊မှတ်ထား တွင်းဂါမာ။**
**ဂါမမှဆင့်၊ပစ်တုံလင့်၊တွင်းသင့်ဂါမူပစာတည်း။**
**(ဃရူပစာကိုရေးပြီးခဲ့၍မရေးတော့ပြီ)**

မဟာအဋ္ဌကထာ၌ဆိုအပ်သော၊၍ဝါဒကိုနေလွဲသောအခါ။ရွာသို့ ဝင်ခြင်းစသည်တို့၌၊ဂါမဂါမူပစာရတို့၏အဆုံးအဖြတ်ကိုမရောယှက် သောအားဖြင့်။သိရသောကြောင့်။လိုရင်းပမာဏဟုဆို၏။ ဝါဒအများ ပြဆိုရာတွင်။နောက်ဝါဒကိုသာ။ လိုရင်းဝါဒဟုမှတ်ယူရာသည်။ ။

ဣဒမေတ္ထပမာဏံယထာစေတ္ထဇဝံသမ္ဘုတ္တ၊ ယောယောအဋ္ဌကထာဝါဒေါဝါ ထေရဝါဒေါဝါပစ္ဆာဝုစ္စတိ၊သောပမာဏာဘောဒဋ္ဌဗ္ဗော။ ။(ကင်္ခါ-၄)
ဣဒံမေတ္ထ ပမာဏန္တိဝိကာလဂါမပ္ပဝေသနာဒိသု၊ ဂါမဂါမူပစာရာနံ၊ အ သင်္ကရတောဝိနိစ္ဆယဿဝေဒိ တဗ္ဗတ္တာ။ ။( ကင်္ခါ–၄ )

**ဆောင်။ ။အဋ္ဌကထာ၊ ဝါဒလာများ၊ ပစ္ဆာထား၊ မှတ်သားပမာဏ။**

ဆူးတပ်အစရှိသော၊ အကာအရံရှိသော၊ ရွာ၏အကာအရံကိုလွန် သောရဟန်းအား၊ နေလွဲသောအခါ၌၊ ဂါမပ္ပဝေသန ပါစိတ်အာပတ် သင့်၏။ဆူးတပ်အစရှိသော၊အကာအရံမရှိသော ရွာ၏ဥပစာသို့သက် သော ရဟန်းအား၊ ဝိကာလဂါမပ္ပဝေသနပါစိတ်အာပတ်သင့်၏။

တသ္မာပရိက္ခိတ္တဿဂါမဿပရိက္ခေပံ အတိက္ကမန္တဿ အပရိက္ခိတ္တဿဥပ စာရံသြက္ကမန္တဿဝိကာလဂါမပ္ပဝေသနာပတ္တိဟောတီတိနိဋ္ဌမေတ္ထဂန္တဗ္ဗံ ။ ။ (ဝိ)

ဂါမာဝါ အရညာဝါဟု ဟောတော်မူသည် မဟုတ်လော၊ အ ဘယ်ကြောင့်၊ ဂါမူပစာရကို၊ ဂါမသို့သွင်း၍ယူသနည်းဟုမေး။ ။ ဂါမသဒ္ဒါဖြင့်ပင်လျှင်၊ဂါမူပစာရကိုသိမ်း၍ယူအပ်ပါသည်ဟု ဖြေဆို လေ။ ။

မာတိကာယဥ္စဝိကာလေဂါမံပဝိသေယျာတိ ဂါမဂ္ဂဟဏေနေဝ ဂါမူပစာ ရောပိဂဟိတောတိဝေဒိတဗ္ဗံ ။ ။(ဝိ)

ဆိုအပ်ပြီးသော၊ လက္ခဏာနှင့်ယှဉ်သော၊ ရွာ၏ ဥပစာတို့ကိုချုန်

ထားခဲ့၍၊ ကြွင်းသောအရပ်ဒေသဟူသမျှကို။ ဤဒုတိယပါရာဇိကဝယ်။ အရညတောဟုမိန့်ဆို၏။ အရညံနာမ၊ ထပေတွာ၊ ဂါမဉ္စ၊ ဂါမူပစာရဉ္စ၊ အဝသေသံအရညံ နာမ။ (ပ) အဘိဓမ္မာ ပိဋကတ်၌ကား တံခါးခုံမှ ပြင်ပသို့ထွက်၍ အလုံးစုံသောအရပ်ဟူသမျှကို အရည တောဟု မိန့်ဆို၏။ ။အဘိဓမ္မပန၊ အရညန္တိ၊ နိက္ခမိတွာ၊ ဗဟိဣန္ဒခီလာ၊ သဗ္ဗမေတံ အရညန္တိ ဝုတ္တံ။ (ကင်္ခာ-၅) ပရိယာယ် မဟုတ် မုချအားဖြင့်လည်း။ ရွာ၅လွှတ်သော အရပ်၌သာနေသည့် တောမည်၏ဟု ပြရန်အကျိုးငှာ၊ နိက္ခမိတွာစသောစကားကိုအဋ္ဌကထာဆရာမိန့်သည်ဟု။ သာရတ္ထဒီပြ၏၊

အဘိဓမ္မောပနနိပ္ပရိယာယဒေသနာ၊ နိပ္ပရိယာယတောစ ဂါမဝိနိမုတ္တံဌာနံ အရညမေဝ ဟောတီတိအဘိဓမ္မပရိယာယေနအရညံဒဿေတုံ နိက္ခမိတွာ ဗဟိ ဣန္ဒခီလာတိဝုတ္တံ။ ။ (သာ)

တံခါးခုံမှ ပြင်ပ ဒေသအရပ်ကို အရညတော-ဟု ဆိုရာတွင်၊ ပရိက္ခိတ္တဖြစ်သောရွာသာဖြစ်ချေသေးသည်။ အပရိက္ခိတ္တဖြစ်သော ရွာကိုမပြသော်လည်း၊ ခဲတကျ၊ ဗဟိ အပကိုယူလျှင် သင့်မည်ဖြစ်၏။ အဘယ့်ကြောင့်ဟူမူ ပရိက္ခိတ္တဖြစ်သောရွာမှာ ဂါမူပစာရကို ပယ်၍ပြသောကြောင့်တည်း။ အာရညကသိက္ခာပုဒ်၌ကား။ ။တံခါးခုံမှစ၍ တာထိုးသည့်ရှိသော် အတောင်နှစ်ထောင်မှ ပြင်ပဖြစ်သောအရပ်ကို အရည-တောဟုမိန့်ဆို၏။

အာရညကသိက္ခာပဒေ အာရညကံ နာမ သေနာသနံ ပဉ္စဓနုသတိကံ ပစ္ဆိမန္တိ ဝုတ္တံ၊ တံဣန္ဒခီလတော ပဋ္ဌာယ အာရောပိတေန အာစရိယဓနုနာ ပဉ္စဓနုသတပ္ပမာဏန္တိ ဝေဒိတဗ္ဗံ။ ။ (ကင်္ခာ-၄)

အာစရိယဓနု မည်သော ဆရာသက်တင်လေးသည် ပကတိအထွာအားဖြင့်.ကိုးထွာ၊ လေးညှို့တင်လေပြီးသည်ရှိသော် လေးတောင်ပမာဏရှိ၏။ အာစရိယဓနုနာမ ပကတိဟတ္ထေန နဝဝိဒတ္ထိပမာဏံ၊ ဇိယာယပနအာရောပိတာယစတုဟတ္ထပမာဏန္တိဝဒန္တိ။ ။(သာ)

ဝိမတိ၌ကား။ ။လေးညှို့တင်ပြီးသည်ရှိသော် သတ္တဝိဒတ္ထိမတ္တ သုံးတောင်ထွာ, လေးတောင်ပမာဏ ရှိ၏ဟုမိန့်ဆို၏။ ဒိရက္က တိရတ္တကဲ့သို့ ယူသော် ဋီကာနှစ်စောင် ညီမျှပါ၏။ ရှေးဆရာတော်တို့လည်း လေးတောင်သာယူကြ၏။

အာစရိယဓနုနာမ ပကတိဟတ္ထေနနဝဝိဒတ္ထိပမာဏံ၊ဇိယာယာပန အာရောပိတာယ သတ္တဋ္ဌဝိဒတ္ထိမတ္တန္တိဝဒန္တိ။ ။ (ဝိ)

ဆောင်။ ၁။ အာစရိယဓနု၊ ငါးရာပြု၊ ဝေးမှုအရညာ။
၂။ ဆရာသက်တင်၊ လေးတောင်ပင်၊ မှတ်လျှင်ပမာဏာ။
၃။ တံခါးခုံမှ၊ အထောင်ပြသော်၊ ဝေးကန့်စ်ထောင်၊ မှတ်နားဆောင်၊တောတောင်အရညာ။
၄။ အရညာတွင်၊ မှတ်စေချင်၊ ဖြစ်အင်ဤသို့လာ။
၅။ တံခါးခုံမှ၊ ထွက်၍ပ၊ လုံးဝအရညာ။
၆။ အဘိဓမ္မာ၊ နည်းနယာ၊မှတ်ပါဤသို့တည်း။
၇။ ဂါမဂါမူ၊ ပယ်ခွန့်ယူ၊ တောဟူအရညာ။
၈။ ဒုတိယပါ၊ လာပုံမှာ၊ မှတ်ရာဤသို့တည်း။

ဃရဃရူပစာရ၊ဂါမဂါမူပစာရ-အရညတောအရပ်တို့၌ တမတ်ထိုက်သောဥစ္စာမှစ၍၊ အရှင်ရှိသောဘဏ္ဍာကိုခိုးဆောင်သောရဟန်းသည် ပါရာဇိက,ကျရောက်၏။

တသ္မာဃရေဝါဃရူပစာရေဝါ ဂါမေဝါဂါမူပစာရေဝါ အရညေဝါပါဒဃနကတောပဋ္ဌာယ သသာမိကံ ဘဏ္ဍံ အဝဟရန္တဿ ပါရာဇိကမေဝ ဝေဒိတဗ္ဗံ။ ။ (ကင်္ခါ)

အဒိန္နံပုဒ်၌ “ ဒါတဗ္ဗန္တိ ဒိန္နံ။နဒိန္နံ အဒိန္နံ ” ဟုပြု၍ ဤသို့ဝါပုဒ်ဝယ် အရှင်တို့သည် ကိုယ်နှုတ်တို့ဖြင့်မပေးအပ်သော ပစ္စည်းဘဏ္ဍာကို အဒိန္နဟုဆို၏။ မိမိလက်မှငင်း၊ဘည့်ချာဌာနမှငင်း၊မစွန့်အပ်သော ပစ္စည်းဘဏ္ဍာကိုလည်းအဒိန္နဟုဆို၏။ တည်ရာဌာန၌တည်သော်ငင်း၊ ငဲ့ကွက်ခြင်းမရှိသောအားဖြင့် မစွန့်အပ်သောပစ္စည်းဘဏ္ဍာကိုလည်းကောင်း အဒိန္န ဟု ဆို၏။ အစောင့်အရှောက်ကို စီရင်သဖြင့် စောင့်ရှောက်အပ်သော ပစ္စည်းဘဏ္ဍာကိုလည်း အဒိန္န ဟု ဆို၏။ သေတ္တာစသည်တို့၌ထည့်၍ လုံခြုံစေအပ်သော ပစ္စည်းဘဏ္ဍာကိုလည်း အဒိန္န ဟု ဆို၏။ငါ့ဟာဟူ၍စွဲလမ်းအပ်သော ပစ္စည်းဘဏ္ဍာကိုလည်း အဒိန္န ဟု ဆို၏။ မစွန့်ခြင်း, စောင့်ရှောက်ခြင်း, လုံခြုံစေခြင်း,တို့ဖြင့် ဘဏ္ဍာရှင်ဟုဆိုအပ်သော တပါးသူတို့သည် သိမ်းဆည်းအပ်သော ပစ္စည်းဘဏ္ဍာကိုလည်း အဒိန္နဟု ဆို၏။

အဒိန္နံ နာမ ယံ အဒိန္နံ အနိဿဋ္ဌံ အပရိစ္စတ္တံ ရက္ခိတံ ဂေါပိတံ မမာယိတံ ပရပရိဂ္ဂဟိတံ ဧတံ အဒိန္နံ နာမ။ ။ (ပ)

ဒန္တပေါဏ သိက္ခာပုဒ်ဝယ် မိမိ၏ဥစ္စာပင်ဖြစ်သော်လည်း အကပ်မခံအပ်သော ကပ္ပိယဖြစ်၍ မျိုအပ်သော ဆွမ်းစသောဝတ္ထုကို အဒိန္န ဟု ဆို၏။ တတ္ထ အဒိန္နံတိ ဒန္တပေါဏသိက္ခာပဒေ အတ္တနော သန္တကမ္ပိ အပ္ပဋိဂ္ဂဟိတကံ ကပ္ပိယံ အဇ္ဈောဟရဏီယံ ဝုစ္စတိ။ ။(ကင်္ခါ-၅)

အဋ္ဌကထာဝယ် အလျော်၏အစွမ်းအားဖြင့် ကပ္ပိယံဟူ၍ ဖွင့်ဆို၏။ အကပ္ပိယပင်ဖြစ်သော်လည်း အကပ်မခံအပ်သောဝတ္ထုဖြစ်အံ့၊ အဒိန္န ဟူသောအရေအတွက်သို့ ရောက်၏။

ကပ္ပိယန္တိ အနုရူပဝသေန ဝုတ္တံ၊ အကပ္ပိယမ္ပိ ပန အပ္ပဋိဂ္ဂဟိတံ အဒိန္နသင်္ချမေဝ ဂစ္ဆတိ။ ။(သာ)

ဓွန့်ခြင်းစသည်ကိုမပြုဘိ။ ဤဝတ္ထုပစ္စည်းသည် ငါ၏ဥစ္စာဟု မသိသော်လည်း။ သူတပါးတို့သိမ်းဆည်းအပ်သောဥစ္စာသာလျှင်ဖြစ်၏။ ပက်လက်အိပ်တတ်သောသူငယ်ကလေးတို့၏ဥစ္စာကဲ့သို့မှတ်လေ။

ပရိစ္စာဂါဒိမှိ အကတေ၊ ဣဒံ မယှံ သန္တကန္တိ အဇာနိတမ္ပိ ပရပရိဂ္ဂဟိတမေဝ မာတာပိတူနံ အစ္စယေ မန္ဒာနံ ဥတ္တာနသေယျကာနံ ဒါရကာနံ သန္တကမိဝ။ ။ (သာ)

ထေယျသင်္ခါတံပုဒ်၌၊ ထေယျ သင်္ခါတံဟု နှစ်ပုဒ်ခွဲ၊ ထေယျ၌ "ထေနေတိ စောရေတီတိ ထေနော" ဟုပြု၍ ခိုးတတ်သောသူခိုးကိုယူပါ။ "ထေနဿ ဘာဝေါ ထေယျံ" ဟုပြု၍ ထေနသဒ္ဒါသည်၊ စိတ်ဇာတ် ခိုးခြင်း ကြိယာတို့ကိုအကြောင်းပဝတ္တိနိမိတ်ပြု၍ဟောသောသူခိုးဒြဗ်၏၊ ဖြစ်ကြောင်းဖြစ်သောစိတ်ကိုယူရ၏၊ ဇာတ်ကြိယာကိုမယူရ။

ထေယျသင်္ခါတန္တိ ထေနောတိ စောရော ထေနဿ ဘာဝေါ ထေယျံ အဝဟရဏစိတ္တဿေတံအဓိဝစနံ။ ။(ကင်္ခါ-၅)

"ဘဝန္တိ ဗုဒ္ဓိ သဒ္ဒါ ဧတသ္မာတိ ဘာဝေါ" ဟူ၍၎င်း။ "ဘဝန္တိ ဗုဒ္ဓိ သဒ္ဒါ ဧတေနာတိ ဘာဝေါ" ဟူ၍၎င်းပြု၍၊ အသိဉာဏ်သဒ္ဒါတို့၏ဖြစ်ရာ ဖြစ်ကြောင်းဖြစ်သော၊ ဒြဗ်ဂုဏ်ကြိယာနာမ်ဇာတ်ဟုဆိုအပ်သောသဒ္ဒ ပဝတ္တိနိမိတ်ငါးပါးကိုဘာဝဟုယူပါ။

ထိုကြောင့်သဒ္ဒဝုတ္တိ၌။ ။ယေနယေနနိမိတ္တေန၊ဗုဒ္ဓိသဒ္ဒေါစ ပဝတ္တတေ။, တံတံနိမိတ္တကံ ဘာဝ၊ပစ္စယေနဥဒီရိတံ။ ဟုဖွင့်ဆို၏။

ယေနယေနအကြင်အကြင်သို့သော။နိမိတ္တေန၊အကြောင်းဖြင့်၊ဗုဒ္ဓိ သဒ္ဒေါစ၊အသိဉာဏ်သဒ္ဒါသည်လည်း၊ ပဝတ္တတေ၊ဖြစ်တတ်၏၊ တံတံ နိမိတ္တကံ၊ထိုထိုသို့သောအသိဉာဏ်သဒ္ဒါ၏ဖြစ်ကြောင်းဖြစ်သော ဒြဗ် ဂုဏ်ကြိယာနာမ်ဇာတ်ကို။ဘာဝပစ္စယေန၊ ဘာဝအနက်၌သက်သော ပစ္စည်းသည်။ဥဒီရိတံ၊ဟောအပ်၏။ ၊

တောင်တွင်းနိယံ၌ကား။ ။ဝိဂ္ဂဟဝစနတ်၊ပြတုံလတ်၊ဗျုပ္ပတ်မြွှော် လေသင့်။ ။ဗျုပ္ပတ္တိမှာ အရရှာ၊ကြိယာဖြစ်လေသင့်။ ။ဇာတျာဒိ၊ ပစ္စက၊ သဒ္ဒပဝတ္တနိမိတ်ချင့်။ ။

သင်္ခါတသဒ္ဒါသည် သင်္ခါသဒ္ဒါနှင့် အဘို့အစုဟူသောအနက်အား ဖြင့်တူ၏။ ။သင်္ခါ,သင်္ခါတ နှစ်ပုဒ်အတ္ထတော ဧကံ၊ ကောဋ္ဌာသဿေတံ အဓိဝစနံ။ ။(ကင်-ဋ္ဌ) သင်္ခါ, သင်္ခါတ သဒ္ဒါတို့သည် ဉာဏ် အဘို့ အစု၊ပညတ်ရေတွက်ခြင်းအနက်တို့၌ဖြစ်၏။ ။

သင်္ခါယေတံ ပဒိုသေဝတိစသောပါဌ်တို့၌သင်္ခါသည် ဉာဏ်၌ဖြစ် ၏။ ပပဉ္စသင်္ခါသမုဒါစရန္တိ စသောပါဌ်တို့၌သင်္ခါသည် အဘို့အစု ကောဋ္ဌာသ အနက်၌ဖြစ်၏။ တေသံတေသံ ဓမ္မာနံ၊ သင်္ခါ သမညာစ သောပါဌ်တို့၌၊ပညတ်အနက်၌ဖြစ်၏။ နသုကရံသင်္ခါတုံစသော ပါဌ် တို့၌ရေတွက်ခြင်းဂဏနအနက်၌ဖြစ်၏။ ထိုကြောင့် အဘိဓာန်၌။ ။ သင်္ခါတုဉာဏေ ကောဋ္ဌာသေ၊ ပညတ္တိ ဂဏနာသုစ ဟုမိန့်ဆို၏။

“ ထေယျဉ္စတံသင်္ခါတဉ္စာတိ ထေယျသင်္ခါတံ ” ဟု ပြု၍ ခိုးတတ် သောရဟာန်း၏အဖြစ်ဟုဆိုအပ်သော တရသောစိတ်အစုကိုယူ။

ထေယျဉ္စတံသင်္ခါတဉ္စာတိ ထေယျသင်္ခါတံ၊ ထေယျစိတ္တသင်္ခါတော ဧ ကောစိတ္တကောဋ္ဌာသောတိအတ္ထော။ ။ (ကင်-ဋ္ဌ)

ရှေ့အဘို့၌ခိုးအံ့ဟုဖြစ်သောစိတ်၊ သွားခြင်းစသည်,သုံးသပ်ခြင်းစ သည်ကိုပြီးစေတတ်သောအလယ်၌ဖြစ်သောစိတ်၊တည်ရာဌာနမှ ရွေ့ လျောစေခြင်းဟု ဆိုအပ်သော လုံ့လကိုပြီးစေတတ်သောစိတ်တို့တွင်၊ နောက်၌ဖြစ်သော တည်ရာဌာနမှ ရွေ့လျောစေခြင်းဟု ဆိုအပ်သော

လုံ့လကိုပြီးစေတတ်သော စိတ်အစုကို ဤအရာ၌ယူအပ်၏ဟု ကေစိတ္တို့ ဆိုကုန်သည်ဟု သာရတ္ထ၌မိန့်၏။

ကောစိတ္တကောဋ္ဌာသောတိ ယဉ္စ ပုဗ္ဗဘာဂေ အ၀ဟရိဿာမီတိ ပဝတ္တံ စိတ္တံ၊ ယဥ္စ ဂမနာဒိသာဓကံ ပရာမသနာဒိသာဓကံ၀ါ မဇ္ဈေပဝတ္တံ ယဉ္စဋ္ဌာနာ စာ၀န ပယောဂသာဓကံ တေသု အယမေဝကော ပန္တိမော စိတ္တကောဋ္ဌာသော ဇူမာဓိပ္ပေတောတိ ကေစိ ၀ဒန္တိ။ ။ (သာ)

ရူလဂဏ္ဍိပုဒ်၌ကား။ ။တပဲအောက်ယုတ်သော ပစ္စည်းကိုခိုးသော စိတ်၊ တပဲတန်သော ပစ္စည်းကိုခိုးသောစိတ်၊ ငါးပဲအောက်ယုတ်သော ပစ္စည်းကိုခိုးသောစိတ်၊ ငါးပဲတန်သောပစ္စည်းကိုခိုးသောစိတ်တို့တွင်၊ တခုခုသောစိတ်အစုဟုမိန့်ဆို၏။

စူဠဂဏ္ဌိပဒေသန ဦနမာသက မာသက၊ ဦနပဉ္စမာသက။ ပဉ္စမာသကာ ၀ဟရဏစိတ္တေသု ကောစိတ္တ ကောဋ္ဌာ သောတိဝုတ္တံ။ ။ (သာ)

မဟာဂဏ္ဍိပုဒ်,မဇ္ဈိမဂဏ္ဍိပုဒ်တို့၌ကား။ ။စိတ်၏တပါးမက များသောအပြားရှိသောကြောင့် ဟုသောစိတ်အစုဟုဆို၏။ ဤနောက်ပြဆိုအပ်သော ၀ါဒသည် ထေယျစိတ္တသင်္ခါတော ကောစိတ္တကောဋ္ဌာသော ဟု မိန့်ဆိုသောကြောင့်၊ အထူးသဖြင့် ကောင်းသော ၀ါဒဖြစ်သည်ဟု သာရတ္ထ၌မိန့်၏။

အနေကပဘေဒတ္တာ စိတ္တဿ ကောစိတ္တ ကောဋ္ဌာသောတိ ဝုတ္တန္တိ မဟာဂဏ္ဌိပဒေ,မဇ္ဈိမဂဏ္ဌိပဒေစဝုတ္တံ၊ ဣဒမေတ္တ သုန္ဒရတရံ ထေယျစိတ္တ သင်္ခါတော ကောစိတ္တ ကောဋ္ဌာသောတိ ဝုတ္တတ္တာ။ ။ (သာ)

ထေယျသင်္ခါတံ၀ယ်- ကဒိုဏ်းအနက်၌ ပဥ္စမာဝိဘတ်သက်၊ ထေယျသင်္ခါတံ၊ခိုးတတ်သောသူ၏အဖြစ်ဟုဆိုအပ်သော စိတ်အစုဖြင့် ဟု အနက်ပေး၊ကရဏဇ္ဇေစေတံပစ္စတ္တ၀စနံ၊တသ္မာထေယျသင်္ခါတေနာတိ အတ္ထောတဒဋ္ဌဗ္ဗံ။ ။(ကင်္ခါ-ဋ္ဌ)

တနည်း။ ။ ထေယျ သင်္ခါတံပုဒ်၌ "ထေယျံ ဧ၀သင်္ခါတံ ယဿာတိ ထေယျသင်္ခါတော" ဟု ပြု၍ ခိုးတတ်သောသူ၏ အဖြစ် ဟုဆိုအပ်သော စိတ်အစုရှိသောရဟန်းတော်ကိုယူ။တနည်း။ ။ထေယျသင်္ခါတံ-ပုဒ်သည် ကြိယာသို့ အစဥ်လိုက်သော နပုံးကို ညွှန်ပြကြောင်းဖြစ်သော ပုဒ်မည်၏။ ဤအလိုအားဖြင့် ထေယျသင်္ခါတံ-ထေ

ယျူသန်ါတောဟုတွာ၊ ခိုးတတ်သောသူ၏အဖြစ်ဟုဆိုအပ်သော စိတ်အစုရှိသည်ဖြစ်၍ ဟု အနက်ပေး။

ပဒဘာဇနီ၌ကား။ ။ခိုးတတ်သောသူ၏ အဖြစ်ဟု ဆိုအပ်သော စိတ်အစုဖြင့်၊ ခိုးယူသောပုဂ္ဂိုလ် ထေယျစိတ္တမည်သောကြောင့် သဒ္ဒါအရေးမယူဘဲ၊အဓိပ္ပါယ်ကိုသာယူတော်မူ၍၊ထေယျစိတ္တသန်ါတဿ၊ ထေယျစိတ္တော၊အဝဟရဏစိတ္တော-ဟု ဟောတော်မူ၏။

> ယောစ ထေယျသန်ါတေန အာဒိယတိ၊သောယသ္မာ ထေယျစိတ္တောဟောတိ၊တသ္မာဗျဉ္ဇနံ အနာဒိယိတွာ အတ္ထမေဝဒဿေတုံ ထေယျစိတ္တော၊ အဝဟရဏစိတ္တောတိ ဝေမဿပဒဘာဇနံ ဝုတ္တန္တိဝေဒိတဗ္ဗံ။ ။ (ကင်္ခါ-၄)

အာဒိယေယျပါဌ်ဖြင့် နှစ်ဆဲ့ငါးပါးသော ခိုးခြင်းတို့တွင် တပါးပါးသောခိုးခြင်း၏အစွမ်းဖြင့် ခိုးယူခြင်းအဓိပ္ပါယ်ဟုပြတော်မူ၏။

> အာဒိယေယျာတိ အာဒိယေယျ ဟရေယျ၊ အဝဟရေယျ၊ ဣရိယာပထံဝိကောပေယျ၊ ဌာနာစာဝေယျ၊ သင်္ကေတံ ဝီတိနာမေယျ၊ (ပ)

ထိုခြောက်ပုဒ်တို့တွင် အာဒိယေယျပုဒ်ကို တရားခွဲဆိုခြင်း အဘိယောဂ၏အစွမ်းဖြင့်ဟောတော်မူသည်။ ဟရေယျပုဒ်ကို တပါးသောသူတို့၏ ဘဏ္ဍာကို ဆောင်သွားသော ရဟာန်း၏ အစွမ်းဖြင့် ဟောတော်မူသည်။ အဝဟရေယျ ပုဒ်ကို အနီး၌ထားအပ်သော ဘဏ္ဍာ၏ အစွမ်းအားဖြင့်ဟောတော်မူသည်။ ဣရိယာပထံဝိကောပေယျပုဒ်ကို ဝိညာဏ်ရှိသောပုဂ္ဂိုလ်သတ္တဝါတို့၏။ အစွမ်းအားဖြင့် ဟောတော်မူသည်။ ဌာနာစာဝေယျ ပုဒ်ကို ကုန်း၌ထားအပ်သော ဘဏ္ဍာစသည်တို့၏ အစွမ်းဖြင့်ဟောတော်မူသည်။ သင်္ကေတံဝီတိနာမေယျ ပုဒ်ကို ကြံအပ်သောအရင်၏ အစွမ်းဖြင့်လည်းကောင်း၊ အခွန်ကိုသတ်ရေအရပ်၏အစွမ်းဖြင့်လည်းကောင်းဟောတော်မူသည်။

> ဧတ္ထ ပန ပဌမပဒံအဘိ ယောဂဝသေနဝုတ္တံ၊ ဒုတိယပဒံ အညေသံဘဏ္ဍံ ဟရန္တဿ ဂစ္ဆတော ဝသေန၊တတိယပဒံ ဥပနိက္ခိတ္တဘဏ္ဍဝသေန၊စတုတ္ထံ သဝိညာဏကဝသေန၊ပဉ္စမံထလေနိက္ခိတ္တာဒိဝသေန၊ဆဋ္ဌံ ပရိကပ္ပဝသေနဝါ သုင်္က ဃာတဝသေနဝါ ဝုတ္တန္တိဝေဒိတဗ္ဗံ။ ။(ကင်္ခါ-၄)

အဋ္ဌကထာပါဌ်တို့တွင်၊ အဘိယောဂဝသေန ပုဒ်ကို အဋ္ဌကရဏ

ဝသေန ဟုဖွင့်၏။ အဘိယောဂဝသေနာတိ အနုကရဏဝသေန။ ။ (၀)။ ။အဘိယောဂဝသေနာတိ၊အဘိယောဂဝသေန ဟူသည်ကား။ အနုကရဏဝသေန၊တရားစွဲခြင်းကိုပြုသည်၏အစွမ်းဖြင့် ဟု ပေး။

နှစ်ဆယ့်ငါးပါးသောခိုးခြင်းတို့သည်နာနာဘဏ္ဍပဉ္စက၊ ဧကဘဏ္ဍပဉ္စက၊သာဟတ္ထိကပဉ္စက၊ပုဗ္ဗပယောဂပဉ္စက၊ထေယျာဝဟာရပဉ္စက တို့၏အစွမ်းဖြင့် တည်ကုန်၏။

တေပန အဝဟာရာ ပဉ္စ ပဉ္စကာနိ သမောဓာနေတွာ သာဓုကံ သလ္လက္ခေတဗ္ဗာ၊ပဉ္စ ပဉ္စကာနိနာမ နာနာဘဏ္ဍ ပဉ္စကံ ဧကဘဏ္ဍ ပဉ္စကံ သာဟတ္ထိက ပဉ္စကံ ပုဗ္ဗပယောဂပဉ္စကံ၊ထေယျာဝဟာရပဉ္စကန္တိ။ ၊ (ကန်ါ)

ထိုငါးပါးသော ပဉ္စကတို့တွင် နှစ်ပါးသောနာနာဘဏ္ဍပဉ္စက, ဧကဘဏ္ဍပဉ္စကတို့ကို အာဒိယေယျ ဟူသော ပုဒ်၏ ပဒဘာဇနီ၌သာ လျှင်ဟောအပ်ကုန်သော ခြောက်ပါးသောပုဒ်တို့တွင်၊ အာဒိယေယျ, ဟရေယျ, အဝဟရေယျ, ဣရိယာပထံဝိကောပေယျ, ဌာနာစာဝေယျ,ဟူသော ငါးပါးသောပုဒ်တို့၏အစွမ်းဖြင့် ရအပ်ယူအပ်ကုန်၏။

တတ္ထ ပုရိမာနိ ဒွေပဉ္စကာနိ ဧတေသံ ပဒါနံ ပဒဘာဇနေ ဝုတ္တာနံ အာဒိယေယျ၊ဟရေယျ အဝဟရေယျ ဣရိယာပထံဝိကောပေယျ ဌာနာစာဝေယျာတိ၊ ဣမေသံပဒါနံ ဝသေနလဗ္ဘန္တိ။ ။ (ကန်ါ)

ထိုနှစ်ပါးတို့တွင် နာနာဘဏ္ဍပဉ္စကကို ဝိညာဏ်ရှိသောသတ္တဝါ၊ ဝိညာဏ်မရှိသော ဝတ္ထုပစ္စည်းတို့၏အစွမ်းဖြင့်မှတ်ရာ၏။ ဧကဘဏ္ဍ ပဉ္စကကို ဝိညာဏ်ရှိသော ပုဂ္ဂိုလ်သတ္တဝါတို့၏ အစွမ်းဖြင့် သာလျှင် မှတ်ရာ၏။

တတ္ထနာနာဘဏ္ဍပဉ္စကံ သဝိညာဏကာ ဝိညာဏကဝသေန ဒဋ္ဌဗ္ဗံ၊ဧကဘဏ္ဍ သဝိညာဏကဝသေန။ ။(ကန်—၄)

ဝိညာဏ်မရှိသောအာရမ်စသည်တို့၌ရသင့်ရထိုက်သောအဆုံးအဖြတ်ကို၊ဝိညာဏ်ရှိသော ကျွန်ယောက်ျား စသည်တို့၌ မရသည် မရှိသောကြောင့်၊ နာနာဘဏ္ဍကဝသေနသဝိညာဏကာဝိညာဏကမိဿကေန၊ ။ဟု အဋ္ဌကထာ၌ ဆိုသည်ဟုဝိမတိ၌မိန့်၏။

ယောပနဝိနိစ္ဆယော အာရာမာဒိ အဝိညာဏကေသုလဗ္ဘတိ၊ သော ယသ္မာ သဝိညာဏကေသု အလဗ္ဘနကော နာမနတ္ထိ၊ တသ္မာ ဝုတ္တံ နာနာဘဏ္ဍဝသေနပိ သဝိညာဏကာ ဝိညာဏကမိဿကေနာ တိ။ ။ (ဋီ)

နာနာဘဏ္ဍ၏ အစွမ်းဖြင့် ယှဉ်စပ်ပုံကိုပြအံ့။ အာဒိယေယျပုဒ်ဖြင့် အာရာမ်ကိုတရားစွဲသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ အာရာမ်ရှင်အား ယုံမှားသံသယကို ဖြစ်စေသောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။အာရာမ်ရှင်သည်ငါ့အားမဖြစ်လတ္တံ့ဟုဝန်ကိုချအံ့၊ တရားစွဲဆိုသောရဟန်းသည် ပါရာဇိကကျရောက်၏ဟူသော အဓိပ္ပါယ်ကို ပြ၏

အာဒိယေယျာတိအာရာမံ အဘိယုဉ္ဇတိ အာပတ္တိဒုက္ကဋဿ။ သာမိကဿ ဝိမတိံ ဥပ္ပါဒေတိ အာပတ္တိ ထုလ္လစ္စယဿ၊ သာမိကော နမယှံ ဘဝိဿတီတိ ဓုရံ နိက္ခိပတိ အာပတ္တိ ပါရာဇိကဿ။ ။(ကင်္ခါ-ဋ္ဌ)

ဤအရာ၌ ကျွန်အစရှိသော ဝိညာဏ်ရှိသော သတ္တဝါကိုလည်း ယူအပ်သောကြောင့် အာရာမ် ဟူသောဤစကားသည် ဥပလက္ခဏနည်းမျှသာဖြစ်၏။ အာရာမန္တိ ဣဒံ ဥပလက္ခဏမတ္တံ၊ ဒါသာဒိ သဝိညာဏကဿာပိ သင်္ဂဟေတဗ္ဗတော။ ။ (ဝိ)

**ဆောင်။ ။အာဒိယေသူ၊အာရာမကား၊ခွဲပြထားသော်၊ တရားစွဲလျှင်၊ ဒုက္ကဋ်ပင်တည့်၊ အရှင်ယုံမှား၊ထုလ္လစ်ထားသည်၊ မမှားဝန်ချ၊ပါရာဇိကတည်း။**

အာရာမ်ကိုတရားစွဲခြင်း စသည်တို့၌ မိမိအား ပေးခြင်း-ယူခြင်း၊သူတပါးအား ပေးခြင်း ယူခြင်းတို့၌ အားထုတ်ခြင်းမရှိသော အဖြစ်ကိုပင် ဓုရနိက္ခေပ ဟု ဆို၏။

ဓုရဿနိက္ခေပနံ ဓုရနိက္ခေပေါ၊ အာရာမာဘိယုဉ္ဇနာဒီသု အတ္တနော စ ပရဿ စ ဒါနဂ္ဂဟဏေသု နိရုဿာဟဘာဝါပဇ္ဇနံ။ ။ (သာ)

ဟရေယျပါဌ်ဖြင့် သူတပါး၏ဘဏ္ဍာကိုဆောင်သော ရဟန်းသည် ဦးခေါင်း၌တည်သောဝန်ကို ခိုးလိုသော စိတ်ရှိသည် ဖြစ်၍၊ သုံးသပ်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။တုန်လှုပ်စေသောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။ ပခုံးထက်သို့သက်ရောက်စေသောရဟန်းအားပါရာဇိကကျရောက်၏ဟူသောအဓိပ္ပါယ်ကိုပြ၏။

ဟရေယျာတိအညဿဘဏ္ဍ ဟရန္တော သိသောဘာရံ ထေယျစိတ္တော အာမသတိ၊ အာပတ္တိဒုက္ကဋဿ။ ဖန္ဒါပေတိ အာပတ္တိထုလ္လစ္စယဿ၊ ခန္ဓံ သြရောပေတိ အာပတ္တိပါရာဇိကဿ၊ ။(ကင်္ခါ-၄၅)

ဆောင်။ ။ဟရေယျ၌၊ ဘဏ္ဍာ ပိုက်တွင်၊ ဆောင် လိုက် သူ့ ခေါင်း၊ ဘဏ္ဍာပေါင်းကို၊ စိတ်ပြောင်းနိုးယူ၊ သုံးသပ်မှုကန့်၊ တုန်လှုပ်လတ်လျှင်း ထုလ္လစ္စည်းတည့်၊ သက်ဆင်းပခုံး၊ ကျဆုံးရှုံး၊ လုံးလုံးပါရာဇိ။

အဝဟရေသူ့ပါဒ်ဖြင့်အနှိုး၌အင်နှံ၍ ထားအင်သောဘဏ္ဍာကိုပေးသေ့ဟု တောင်းသည်ရှိသော်၊ ငါမယူဟုဆိုသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ဘဏ္ဍာရှင်ကိုယုံမှားသံသယဖြစ်စေသော ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏။ ဘဏ္ဍာရှင်သည် ငါ့အားမပေးတော့လတ္တံ့ဟု ဝန်ကိုချအံ့၊ ခိုးဆောင်သော ရဟန်းသည် ပါရာဇိက ကျရောက်၏ ဟူသောအဓိပ္ပါယ်ကိုပြတော်မူ၏။

အဝဟရေယျာတိ ဥပနိက္ခိတ္တံ ဘဏ္ဍံ ဒေဟိ မေ ဘဏ္ဍန္တိ ဝုစ္စမာနော နာဟံ ဂဏှာမီတိ ဘဏာတိ အာပတ္တိ ဒုက္ကဋဿ၊ သာမိကဿ ဝိမတိံ ဥပ္ပါဒေတိ အာပတ္တိထုလ္လစ္စယဿ၊ သာမိကော နမယှံ ဒဿတီတိ ဓုရံ နိက္ခိပတိ အာပတ္တိပါရာဇိကဿ ။ (ကင်္ခါ-၄၅)

ဆောင်။ ။အပ်နှံ ထားရာ၊ ဘဏ္ဍာသာကို၊ ပေးပါဆို၊ မလိုပြောကြား၊ ဒုက္ကဋ်ထား။
ရှင်ဝိမတိ၊ ယုံမှားဘိ၊ မှတ်သိထုလ္လစ္စည်း။
သာမိကသာ၊ ဝန်ချရှာ၊ ခိုးရာပါရာဇိ။

ဣရိယာပထံဝိကောပေယျ ပါဒ်ဖြင့် ဘဏ္ဍာကိုဆောင်တတ်သော လူနှင့်တကွသော ဘဏ္ဍာကို ဆောင်ယူအံ့ဟု ကြံ၍၊ ပဌမခြေကိုရွှေ့ပြောင်းစေသောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်၏။ ဒုတိယခြေကိုရွှေ့ပြောင်းစေသောရဟန်းသည် ပါရာဇိကကျရောက်၏ ဟူသော အဓိပ္ပါယ်ကိုပြ၏။

ဣရိယာပထံဝိကောပေယျာတိ သဟဘဏ္ဍဟာရကံ နေဿာမီတိ ပဌမံ ပါဒံ သင်္ကာမေတိ အာပတ္တိထုလ္လစ္စယဿ၊ ဒုတိယံ ပါဒံ သင်္ကာမေတိ အာပတ္တိပါရာဇိကဿ။ ။(ကင်္ခါ-၄၅)

ဆောင်။ ။ရှုရိယာပုထ်၊ဘဏ္ဍာထုတ်အံ့၊ ကြံယုတ်စခြေ၊ရွေ့ပြောင်းစေ၊ မှတ်လေထုလ္လစ္စဥ်း။
ဒုတိယခြေ၊ရွေ့ပြောင်းပေ၊ကျလေပါရာဇိ။

ဌာနာစာဝေယျပါဠိဖြင့်၊ ကုန်းခွါတည်သော ဘဏ္ဍာကို ခိုးလိုစိတ်ရှိသည်ဖြစ်၍၊သုံးသင်သော ရဟန်းအား၊ ဒုက္ကဋ်အာပတ်သင့်၏၊ တုန်လှုပ်စေသော ရဟန်းအား-ထုလ္လစ္စဥ်း အာပတ်သင့်၏။ တည်ရာဌာနမှ ရွေ့လျောစေသော ရဟန်းသည်၊ ပါရာဇိကကျရောက်၏ ဟူသော အဓိပ္ပါယ်ကိုပြတော်မူ၏။

ဆောင်။ ။ကုန်းတည်ဘဏ္ဍာ၊ ခိုးစိတ်ပါ၍၊ သုံးခါကိုင်မျှ၊ ဒုက္ကဋ်ပဟူ၊ တုန်လှုပ်မူထုလ်၊ရွေ့ယူပါရာ၊မှတ်ကုန်ပါ၊ကျရာအဆုံးတည်း။

သင်္ကေတံဝီတိနာမေယျ-ပါဠိဖြင့်၊ကြံဆအင်သော အရပ်ဒေသကိုလည်းကောင်း။အခွန်ကို သတ်ရာအရပ်ကိုလည်းကောင်း။ ပဌမခြေကိုလွန်စေသောရဟန်းအား၊ ထုလ္လစ္စဥ်း အာပတ်သင့်၏။ ဒုတိယခြေကိုလွန်စေသောရဟန်းအား၊ပါရာဇိကကျရောက်၏။ ဟူသော အဓိပ္ပါယ်ကိုပြတော်မူ၏။

> သင်္ကေတံဝီတိနာမေယျာတိ ပရိကပ္ပိတဋ္ဌာနံ၊ ပဌမံပါဒံ အတိက္ကာမေတိ အာပတ္တိထုလ္လစ္စယဿ၊ ဒုတိယံပါဒံအတိက္ကာမေတိအာပတ္တိပါရာဇိကဿ။အထဝါပဌမံပါဒံသုင်္ကဃာတံ အတိက္ကာမေတိ အာပတ္တိ ထုလ္လစ္စယဿ၊ ဒုတိယံပါဒံအတိက္ကာမေတိအာပတ္တိ ပါရာဇိကဿ။ (ကင်္ခါ-ဠ)

ဆောင်။ ။သင်္ကေတံဝီတိနာမေယျ၊ကြံယူဆရပ်၊သုင်္ကရပ်ကို၊ လွန်တတ်စခြေ၊ထုလ္လစ်ပေတည့်၊ဒုခြေလွန်က၊အမှန်ကျ၊မှတ်ပပါရာဇိ။

အရပ်ဒေသကို ကြံဆသည်၏အစွမ်းဖြင့်၊ ကြံဆအင်သော အရပ်ကို ပရိကပ္ပိတဋ္ဌာနဟုဆို၏။ ။ပရိကပ္ပိတဋ္ဌာနန္တိသြကာသပရိကပ္ပနဝသေန ပရိကပ္ပိတပဒေသံ။ ။(သာ)

သုင်္ကဃာတံ-ပုဒ်၌၊မင်းတို့အားပေးသင့်ပေးထိုက်သောအဖို့ဘာဂကို•သုင်္က ဟုဆို၏။ ။သုင်္ကဃာတန္တိ ဒွေရာဇုန် ဒေယျဘာဂဿ၊ ဧတံအဓိဝစနံသုင်္ကောတိ။ ။(သာ)

"သုင်္ဂါဟညတိဗ္ဗောတိ သုက်ယာတော" ဟု ပြု၍ မပေးမဆောင်မူ၍သွားသော လူတို့၏ အခွန်သတ်ရာဖြစ်သော အရပ်ကိုယူ၊ ဤအရပ်သို့ ဝင်လာသော သူတို့သည်၊ အခွန်ကို ပေးဆောင်ရမည်ဟု သစ်ပင်တောတောင်စသည်တို့၌၊ အမှတ်တံဆိပ် ခပ်နှိပ်ခြင်းဖြင့်၊ ခပ်နှိပ်မှတ်ထားအပ်သောအရပ်ကို သုက်ယာတ ဟု ဆို၏။

သောဗ္ဗောဟညတိအဒတ္ဗာ၊ ဂစ္ဆန္တေဟိတိ သုက်ဃာတော၊ ဗ္ဗောပဗ္ဗေဟိ သုင်္ကောဒါတဗ္ဗောတိ၊ ရုက္ခပဗ္ဗတာဒိ သညာဏော နနိယ မိတ ပဒေသဿေတံ အဓိဝစနံ။ ၊(သာ)

ဘောဘဏ္ဍပဥ္စက၏အစွမ်းအားဖြင့်ယှဉ်ပုံကား၊ အရှင်ရှိသော ကျွန်ယောကျ်ား၊တိရစ္ဆာန်ယောကျ်ားတို့ကိုတခြားစွဲဆိုခြင်း၊ စသောနည်းဖြင့်၊အာဒိယန ယူခြင်း၊ ဟရဏ ဆောင်ခြင်း၊ အဝဟရဏ ခိုးဆောင်ခြင်း၊ဣရိယာပထဝိကောပန ဣရိယာပုထ်ကိုပျက်စေခြင်း၊ တည်ရာမှ ရွေ့လျောစေခြင်းတို့၏ အစွမ်းဖြင့်၊ဘောဘဏ္ဍပဥ္စကကိုသိရာ၏။

သဿာမိကဿပန ဒါသဿ ါ တိရစ္ဆာန ဂတဿဝါ ယထာဝုတ္တေန အဘိယောဂါဒိနာနယေန အာဒိယန ဟရဏ အဝဟရဏ ဣရိယာ ပထ ဝိကောပန ဌာနာစာဝနဝသေန ဘောဘဏ္ဍပဥ္စကံဝေဒိတဗ္ဗံ၊ ၊(ကင်္ခါ)

ခြောက်ခုမြောက်သောသင်္ကေတံပိဘိ နာမေဿျပုဒ်သည်၊ပရိကပ္ပါဝဟာရနှင့် လည်းကောင်း၊ နိဿဂ္ဂိယာဝဟာရနှင့် လည်းကောင်း ဆက်ဆံ၏။ထို့ကြောင့်သင်္ကေတံဝိတိနာမေဿျ ဟူသောပုဒ်ကို တတိယပဥ္စက ပဥ္စ ပဥ္စကတို့၌၊ရသင့်သောပုဒ်၏အစွမ်းဖြင့် ယှဉ်ရာ၏။

ယံပနေတံ သင်္ကေတံ ဝိတိနာမေယျာတိ ဆဋ္ဌပဒံ၊တံပရိကပ္ပါ ဝဟာရဿစ၊ နိဿဂ္ဂိယာဝဟာရဿစ သာဓါရဏံ၊ တသ္မာ တံ တတိယပဥ္စမေသု ပဥ္စကေသု၊လဗ္ဘမာနပဒဝသေနယောဇေတဗ္ဗံ၊ ၊(ကင်္ခါ-၄)

ခိုးခြင်းသည် သာဟတ္ထိကခိုးခြင်း၊ အာဏတ္တိကခိုးခြင်း၊ နိဿဂ္ဂိယခိုးခြင်း၊အတ္ထသာဓကခိုးခြင်း၊ ဓုရနိက္ခေပခိုးခြင်း ဟူ၍ ငါးပါး အပြားရှိ၏။ဤငါးပါးတို့တွင် ခိုးခြင်းတို့၏ အပေါင်းကို အစပုဒ်အမည်၏ အစွမ်းဖြင့် သာဟတ္ထိကပဥ္စက ဟု ဆို၏။

ကတမံ သာဟတ္ထိက ပဉ္စကံ ပဉ္စအဝဟာရာ၊ သာဟတ္ထိကော အာဏတ္တိကော၊နိဿဂ္ဂိယော အတ္ထသာဓကော ဓုရနိက္ခေပေါတိ။ ၊(ကင်္ခါ-၄)

ထိုပါဠိတို့တွင် သာဟတ္ထိကောဒ္ဓ "သကောဟတ္ထော သဟတ္ထော၊ သဟတ္ထေနနိဗ္ဗတ္တော သာဟတ္ထိကော"။ တနည်း။ ။"သဟတ္ထသ သမ္ဗန္ဓိတိ သာဟတ္ထိကော"ဟုပြု၍ မိမိလက်ဖြင့်ဖြစ်သောခိုးခြင်း၊ မိမိ လက်နှင့်စပ်သော ခိုးခြင်းကိုယူ။ ။တတ္ထသာဟတ္ထိကော နာမ ပရ ဘဏ္ဍံ သဟတ္ထာ အဝဟရတိ။ ။(ကင်္ခါ-၅)

အာဏတ္တိကောဒ္ဓ "အာဏတ္တိယာနိဗ္ဗတ္တော အာဏတ္တိကော" ဟု ပြု၍ ဤသူ၏ဘဏ္ဍာကို ခိုးဆောင်လော့ဟု စေခိုင်းခြင်းဖြင့် ဖြစ်သော ခိုးခြင်းကိုယူ။အာဏတ္တိကောနာမအသုကဿဘဏ္ဍံ အဝဟရတိ၊အညံ အာဏာပေတိ။ ။(ကင်္ခါ-၅)

နိဿဂ္ဂိယောဒ္ဓ"နိဿဇ္ဇနံ နိဿဂ္ဂေါ၊ နိဿဂ္ဂေါဧဝ နိဿဂ္ဂိကော" ဟု ပြု၍၊အမှတ်တံဆိပ်ခပ်နှိပ်သောအရပ်၌လည်းကောင်း၊ ကြံဆအပ် သောအရပ်၌လည်းကောင်း၊ ရပ်တည်၍အပသို့ ဘဏ္ဍာကို ကျစေခြင်း ဟု ဆိုအပ်သောခိုးခြင်းကိုယူ။

နိဿဂ္ဂိယောပန အန္တော သုင်္ကဃာတေဌိတော ဗဟိသုင်္ကဃာတံ ပါတေတိ၊ အာပတ္တိ ပါရာဇိကဿာတိ ဣမိနာစ သဒ္ဓိံ သင်္ကေတံဝိတိ နာမေယျာတိ ဣဒံပဒယောဇနံ။ ။(ကင်္ခါ-၅)

ဟတ္ထေဘာရံ ထေယျစိတ္တောဘူမိယံနိက္ခိပတိ အာပတ္တိ ပါရာဇိ ကဿ ဟု ဟောတော်မူသောကြောင့်။ စင်ကြယ်သော စိတ်ဖြင့် ယူ အပ်သောသူတပါးဘဏ္ဍာကို။ ထေယျ စိတ်ဖြင့် ချုံစသည်တို့ဖြင့်၊ ဖုံး လွှမ်းအပ်သောအရပ်၌ ပစ်ခြင်းကိုလည်း၊ နိဿဂ္ဂိယပယောဂ၌ သွင်း ၍ယူရ၏။

ဟတ္ထေဘာရံထေယျစိတ္တောဘူမိယံ နိက္ခိပတိ အာပတ္တိပါရာဇိကဿာတိ ဝုတ္တတ္တာပန သုဒ္ဓစိတ္တေန ဂဟိတ ပရဘဏ္ဍဿထေယျစိတ္တေန ဂုမ္ဗာဒိပဋိစ္ဆန္န ဋ္ဌာနေ ခိပနမ္ပိ ဣမသ္မိံ နိဿဂ္ဂိယ ပယောဂေ သင်္ဂယှတီတိဒဋ္ဌဗ္ဗံ။ ။(ဝိ)

အတ္ထသာဓကောဒ္ဓ၊ကြိယာသိဒ္ဓိတော ပုရေတရမေဝ ပါရာဇိကာ ပတ္တိသင်္ခါတံအတ္ထံ သာဓေတီတိအတ္ထသာဓကော။ ။ဟုပြု၍၊ပြုခြင်း။ ကိစ္စပြီးသည်မှရှေးဦးစွာသာလျှင်၊ ပါရာဇိကအာပတ်ဟုဆိုအပ်သော အကျိုးကိုပြီးစေတတ်သောခိုးခြင်းကိုအတ္ထသာဓက ဟုယူ။တနည်း။ ။ ကြိယာသိဒ္ဓိ သင်္ခါတံအတ္ထံ အဝဿံ အာပတ္တိံ သာဓေတီတိ အတ္ထ

သာခကော။ ။ဟု ပြ၍ မိမိဆိုဆဲခဏ၌ ထင်ရှားမရှိသော်လည်း ပြု ခြင်းကိစ္စပြီးခြင်းဟုဆိုအပ်သော အကျိုးဖြစ်သော အာပတ်ကို မချွတ် ပြီးစေတတ်သော ခိုးခြင်းကို အဏ္ဏသာခက ဟုဆို၏။ ။အဏ္ဏသာခ ကော နာမ အသုကံနာမဘဏ္ဍံ ယဒါသက္ကောသိ တဒါအဝဟာရာတိ အာဏာပေတိ။ ။(ကင်္ခါ ၅၂)

စေခိုင်းအပ်သော ပုဂ္ဂိုလ်သည် အန္တရာယ်မငြိတွယ်သည် ဖြစ်၍၊ ဘဏ္ဍာကို အကယ်၍ ခိုးဆောင်ခဲ့သော်၊ စေခိုင်းသော အာဏာပက ပုဂ္ဂိုလ်သည်၊ စေခိုင်းသောခဏ၌ သာလျှင် ပါရာဇိက ကျရောက်၏။ ခိုးဆောင်တတ်သောအဝဟာရက ရဟန်းမူ၊ခိုးဆောင်သောကာလ၌၊ ပါရာဇိကကျရောက်၏။

> တဏ္ဍသစေပရော အနန္တရာယိကော ဟုတွာ တံအဝဟရတိ၊အာဏာပကော အာဏတ္တိက္ခဏေယေဝ ပါရာဇိကောဟောတိ၊ အဝဟာရကောပန အဝဟဋ္ဌ ကာလေ အယံအဏ္ဏသာခကော။ ။(ကင်္ခါ—၅၃)

သူတပါး၏ဆိအိုး၌ ဘိနပ်စသည်တို့ကို ချခြင်း ပယောဂ၏လည်း အဏ္ဏသာခကဖြစ်နိုင်သောကြောင့်၊ အသုကံဘဏ္ဍံ ယဒါ သက္ကောသိ ဟူသော၍စကားသည် နိဒဿနနည်းမျှသာ ဖြစ်၏။

> အသုကံဘဏ္ဍံ ယဒါသက္ကောသီတိ ဣဒံ နိဒဿန မတ္တံ၊ ပရဿတေလ ကုမ္ဘိယာ ဥပါဟနာဒီနံ နိက္ခေပ ပယောဂဿာပိ အဏ္ဏသာခကတ္တာ။ ။(ဋီ)

ထိုခဏ၌သာလျှင်ယူရန်တိုက်တွန်းခြင်းသည် အာဏတ္တိကပယော ဂ။ကာလကြာမြင့်သောအခါကာလ၌ ယူရန်အကျိုးငှာတိုက်တွန်းခြင်း သည် အဏ္ဏသာခက။၍ကား အာဏတ္တိက,အဏ္ဏသာခက နှစ်ပါးတို့၏ အထူးတည်း။

> ဣမဿအဏ္ဏသာခကဿ အာဏတ္တိယာစကော ဝိသေသော၊တံခဏေ ဝ ဂဟဏေနိယုတ္တံ၊ အာဏတ္တိကဂယောဂေါ၊ ကာလန္တရေနဂဟဏာဏ္ဍံ နိ ယောဂေါ အဏ္ဏသာခကောတိ၊ အယံနေသံဝိသေသော၊တေနေဝါဟ အသုကံ ဘဏ္ဍံ ယဒါသက္ကောသီတိအာဒိ။ ။(ဋီ)

**ဆောင်။ ။ထိုခဏဟု၊တိုက်တွန်းယူ၊မှတ်မူအာဏတ္တိ။ ကာလမြင့်ကြာ၊ယူရန်မှာ၊တွန်းရာအဏ္ဏသာခက။**

ရရန်ကွေ့ပေါ်၌ " ရရဿနိက္ခိပနံ ရရနိက္ခေပေါ " ဟုပြ၍ အနီး၌

အပ်နှံထားအပ်သော ဘဏ္ဍာတို့၌ ဝန်ချခြင်းကို ဓုရနိက္ခေပ ဟု ဆို၏။ ဓုရနိက္ခေပေါပန ဥပနိက္ခိတ္တဘဏ္ဍဝသေန ဝေဒိတဗ္ဗော။(ကင်္ခါ-၅၁)

ဓုရနိက္ခေပေါပန ဥပနိက္ခိတ္တဘဏ္ဍဝသေန ဝေဒိတဗ္ဗော။ ။ဟူသောစကားသည် နိဒဿန နည်းမျှသာ ဖြစ်၏။ အာရာမ်ကို တရားစွဲခြင်းအစရှိသည်တို့၌လည်းကောင်း၊ တာဝကာလိကဥစ္စာ ဘဏ္ဍာ ဒေယျတို့ကိုမပေးခြင်းတို့၌လည်းကောင်း၊ ဤဆိုကဲ့ပြီးသောနည်းအတိုင်း သိရာ၏။

> ဓုရနိက္ခေပေါပန ဥပနိက္ခိတ္တဘဏ္ဍဝသေနဝေဒိတဗ္ဗောတိ ဣဒံနိဒဿနမတ္တံ အာရာမာဘိ ယုဉ္ဇနာဒိသုပိ တာဝကာလိကဘဏ္ဍဒေယျာနံအဒါနေပိဧသေဝ နယော။ ။(ဋီ)

ဤဆိုအပ်ခဲ့ပြီးသောခိုးခြင်းငါးပါးတို့၏ အပေါင်းကို သာဟတ္ထိက ပဉ္စက ဟု အစ၌တည်သောပုဒ်တို့၏အစွမ်းဖြင့်မိန့်ဆို၏။

ပုဗ္ဗပယောဂပဉ္စကသည်အဘယ်နည်းဟု မေးခဲ့သော်၊ ပုဗ္ဗပယောဂ,ခိုးခြင်း၊ သဟပယောဂ,ခိုးခြင်း၊ သံဝိဓာဝဟာရ,ခိုးခြင်း၊သင်္ကေတကမ္မ,ခိုးခြင်း၊ နိမိတ္တကမ္မ,ခိုးခြင်း၊ ဤခိုးခြင်းငါးပါးအပေါင်းသည် ပုဗ္ဗပယောဂ-မည်၏ဟု ဖြေဆိုလေ။

> ကတမံပုဗ္ဗပယောဂပဉ္စကံ အပရေပိ ပဉ္စအဝဟာရာ၊ပုဗ္ဗပယောဂေါ သဟပယောဂေါ သံဝိဓာဝဟာရော သင်္ကေတကမ္မံ နိမိတ္တကမ္မန္တိ။ ။(ကင်္ခါ-၅၁)

ထိုငါးပါးသော ခိုးခြင်းတို့တွင် ပုဗ္ဗပယောဂ၌ ပုဗ္ဗောဝပယောဂေါ ပုဗ္ဗပယောဂေါ ဟု ပြု၍၊ ဘဏ္ဍာကိုခိုးယူသည်မှရှေးအဘို့၌ ဖြစ်သောစေခိုင်းခြင်းကိုပင် ပုဗ္ဗပယောဂ ဟု ယူ။ တတ္ထအာဏတ္တိဝသေန ပုဗ္ဗပယောဂေါဝေဒိတဗ္ဗော။ ။(ကင်္ခါ-၅၁)

အန္တရာယ်မရှိသဖြင့် ယူသောသူအား ဤ အမည်ရှိသော သူ၏ ဘဏ္ဍာကိုခိုးဆောင်လော့ဟု စေခိုင်းခြင်းကို ဘဏ္ဍာကိုယူသည်မှ ရှေ့အဘို့၌ဖြစ်သောကြောင့် ပုဗ္ဗပယောဂ ဟု ဆို၏။

> အာဏတ္တိဝသေန ပုဗ္ဗပယောဂေါဝေဒိတဗ္ဗောတိဝုတ္တံ ဟွာ၊ အနန္တရာယေန ဂဏှန္တဿ အသုကဿဘဏ္ဍံ အဝဟရာတိ အာဏာပနံ ဘဏ္ဍဂ္ဂဟဏတော ပုဗ္ဗတ္တာ ပုဗ္ဗပယောဂေါ။ ။(သာ)

သဟပယောဂ၌ တည်ရာဌာနမှရွေ့လျောစေခြင်းဟုဆိုအပ်သော

ပယောဂနှင့်တကွဖြစ်သော ခိုးခြင်းကို သဟပယောဂ ဟု ဆိုအပ်၏။ ဌာနာစာဝနဝသေန သဟပယောဂေါ။ ။(ကင်္ခာ-ဌ)။ ။ပယောဂေန သဟ၀တ္တမာနော အဝဟာရော သဟပယောဂေါ။ ။(သာ)

ဌာနာစာဝနဝသေန သဟပယောဂေါ ဟူသော ဤစကားသည် ပြောင့်တံသင်းကို ပြောင်းရွှေ့ခြင်း စသည် တို့၌လည်း ဌာနာစာဝန မရှိဘဲ သဟပယောဂဖြစ်သောကြောင့် နိဒဿနနည်းမျှသာဖြစ်၏။

ဌာနာစာဝနဝသေန ဒိလာဒိမိနိ သင်္ကာမေတွာ ခေတ္တာဒိဂ္ဂဟဏဝသေန စ သ ဟပယောဂေါ ဝေဒိတဗ္ဗော။ ။ (ကင်္ခာ-ဋ)

သံဝိဓာဝဟာရော၌ "သံဝိဓာယဝေအဝဟာရောသံဝိဓာဝဟာရော" ဟု ပြု၍ စီရင်ခြင်းသာ ဖြစ်သော ခိုးခြင်းကိုယူ။ တနည်း။ ။"သံဝိဓ သင်္ဂါတော အဝဟာရောသံဝိဓာဝဟာရော"ဟု ပြု၍ စီရင်ခြင်းဟုဆို အပ်သော ခိုးခြင်းကိုယူ။ တနည်း။ ။"သံဝိဓာယအဝဟာရောသံဝိ ဓာဝဟာရော"ဟု ပြု၍ တူသော အလိုဆန္ဒ ရှိသည့်၏ အဖြစ်ကြောင့် ကောင်းစွာတိုင်ပင်ညှိနှိုင်း၍ အချင်းချင်းတယောက်သည့်တယောက် ၏အမှတ်ဖြင့်ပြုအပ်သော ခိုးခြင်းကို သံဝိဓာဝဟာရ ဟု ဆို၏။

သံဝိဓာယအဝဟာရော သံဝိဓာဝဟာရော၊အညမည သညတ္တိယာ ကတာ ဝ ဟာရောတိဝုတ္တံ ဟောတိ၊သံဝိဒဟိတွာတိ ဧကစ္ဆန္ဒတာယ ဧကဇ္ဈာသယတာ ယ သမ္မန္တယိတွာတိအတ္ထော။ ။ (ကင်္ခာ-ဌ)

တိုင်ပင်ညှိနှိုင်းပြီးသောရဟန်းအများတို့တွင် တပါးသောရဟန်း သည် ဘဏ္ဍာကိုခိုးဆောင်အံ့၊အလုံးစုံသောရဟန်းတို့သည် ပါရာဇိက ကျရောက်ကုန်၏။

သံဝိဒါဝဟာရောနာမ သမ္ဗဟုလာသံဝိဒဟိတွာ ဧကောဘဏ္ဍံ အဝဟရတိ၊ အာပတ္တိ သဗ္ဗေသံ ပါရာဇိကဿ။ ။ (ကင်္ခာ-ပါ)

ပါဠိတော်ဝယ်-သမ္ဗဟုလာသံဝိဒဟိတွာ ဧကောဘဏ္ဍံအဝဟရ တိ၊အာပတ္တိသဗ္ဗေသံပါရာဇိကဿ-ဟု သာမညအားဖြင့် ဟောတော် မူသောကြောင့်၊ ငါးမူးရောက်သောဘဏ္ဍာ၌ ငါးမူးတန်ဘဏ္ဍာကို ခိုးတတ်သောအဝဟာရကရဟန်းတို့အား- ပါရာဇိကကို လည်း- ပစ္စည်းဘဏ္ဍာကို ထုတ်ဆောင်ဆဲခဏ၌ အာပတ်သင့်၏။ ဤသို့ သော အနက်ထူးကိုမှတ်ရာ၏။

သံဝိဒါဝဟာရကထာယံ သမ္ဗဟုလာသံဝိဒဟိတွာဧကောဘဏ္ဍံ အဝဟရတိ၊ အာပတ္တိ သဗ္ဗေသံပါရာဇိကဿာတိ ပါဠိယံ အဝိသေသေနဝုတ္တတ္တာ အာဏာပကာနံ အာဏတ္တိက္ခဏေအာပတ္တိအဝဟာရကဿဥဒ္ဓါရေတိ၊ ယထာသမ္ဘဝံ ယောဇေတွာအတ္ထောဂဟေတဗ္ဗော။ ။ (သာ)

သံဝိဒါဝဟာရ၌လည်း အနန္တရဝါသိက တပည့်တို့တွင်တယောက် ယောက်သောသူအား တပဲတပဲသည် သာဟတ္ထိက ငါးပဲတို့သည် အာဏတ္တိကဖြစ်၏ဟု ဟောတော်မူသောကြောင့် စေခိုင်းခြင်းအာဏတ္တိ မရှိဟုမဆိုရာ။

သံဝိဒါဝဟာရေစ အာဏတ္တိနတ္ထီတိ နဝတ္တဗ္ဗာ၊အနန္တရဝါသိကေသု ဧကမေကဿ ဧကေကော မာသကော သာဟတ္ထိကောဟောတိ၊ပဉ္စအာဏတ္တိကာတိ ဝစနတော။ ။ (သာ)

စေခိုင်းခြင်းအာဏတ္တိရှိခဲ့သော်၊ စေခိုင်းတတ်သော အာဏာပက ပုဂ္ဂိုလ်အား စေခိုင်းခြင်း အာဏတ္တိက္ခဏ၌သာ အာပတ်ကို အလိုရှိရာ သည်၊ ပစ္စည်းဘဏ္ဍာကို ထုတ်ဆောင်သဲခဏ၌ အလိုမရှိရ။

အာဏတ္တိယာစ သတိအာဏာပကဿအာဏတ္တိက္ခဏေယေဝ အာပတ္တိ ဣစ္ဆိ တဗ္ဗာ၊နဥဒ္ဓါရေ။ ။ (သာ)

ဤဒုတိယပါရာဇိက၌။ ။မိမိလက်ဖြင့်ခိုးခြင်း သာဟတ္ထိယ သည် လည်း စေခိုင်းခြင်းဖြင့်ခိုးခြင်း အာဏတ္တိယ၏ အင်္ဂါမဖြစ်နိုင်။ စေခိုင်း ခြင်းဖြင့် ခိုးခြင်းအာဏတ္တိယ သည်လည်း မိမိလက်ဖြင့် ခိုးခြင်း သာ ဟတ္ထိယ၏ အင်္ဂါမဖြစ်နိုင်။

ဣမသ္မိံဥ္စအဒိန္နာဒါနသိက္ခာပဒေ သာဟတ္ထိယံဝါ အာဏတ္တိယဿ၊အာဏတ္တိယံဝါ သာဟတ္ထိယဿ အင်္ဂံ နဟောတိ။ ၊ (ကင်္ခာ–ဋ္ဌ) ပရိဝါဠ္ဌကတော်၌ လည်း။ ။စတုရောဇနာ သံဝိဓာယ ဂရုဘဏ္ဍံ အဝါဟရုံ တယောပါရာ ဇိကာ ဝုတ္တာ ဧကော နပါရာဇိကော ပဉှာမေသာ ကုသလေဟိစိန္တိတာ၊ ။ ဟု ဟောတော်မူ၍၊

စတုရော၊ လေးပါးကုန်သော။ ဇနာ၊ အနီးနေ တပည့်သုံးရောက် နှင့်တကွသော ဆရာတို့သည်။ သံဝိဒါယ၊ ကောင်းစွာတိုင်ပင် ညှိ နှိုင်း၍။ ဂရုဘဏ္ဍံ၊ ခြောက်ပဲသောဂရုဘဏ္ဍာကို။ အဝါဟရုံ။ ခိုးဆောင် ကြကုန်ပြီ၊ တယော၊ သုံးယောက်သော ခိုးသူတပည့်တို့သည်၊ ပါရာ ဇိကာ၊ သာသနာတော်မှ ရှုံးခြင်းသို့ ရောက်ကြကုန်၏။ ဧကော၊ တ ပါးတည်းသော ဆရာသည်။ နပါရာဇိကော၊ သာသနာတော်မှ ရှုံးခြင်း

သို့မရောက်။ သောပဥ္စာ။ ဤအမေးပုစ္ဆာပြဿနာကို။ ကုသလေဟိ၊ ဝိနည်းအရာလိမ္မာ ကျွမ်းကျင်၊ ပညာရှင်တို့သည်။ စိန္တိတာ၊ ကြံစည်အပ်၏။

ဤဂါထာဝယ်အဓိပ္ပါယ်သော်ကား။ ဆရာတပည့် လေးယောက်တို့တွင်၊ ဆရာက သုံးယောက်သောတပည့်တို့ကို၊ "မင်းတို့ တပဲစီခိုး ဆောင်ကြ၊ ငါက သုံးပဲတို့ကိုခိုးဆောင်မည်"ဟု တိုင်ပင် ပြောဆို၏။ တပည့်သုံးယောက်တို့သည်လည်း အသီးသီး "အရှင်ဘုရားက သုံးပဲ ခိုးဆောင်ပါ၊ သင်တို့နှစ်ယောက်ကတပဲစီခိုးဆောင်ပါ၊ တပည့်တော်ကတပဲခိုးဆောင်ပါမည်"ဟု တိုင်ပင်ပြောဆိုချောက်ထားကြကုန်၏။ တပည့် သုံးယောက် တို့တွင် တယောက်ယောက်အား တပဲ-တပဲသည် သာဟတ္ထိကဖြစ်၏။ ထိုတပဲ,တပဲသော သာဟတ္ထိကဖြင့် တပည့် သုံးယောက်တို့အား ဒုက္ကဋ်အာပတ်သင့်၏၊ ငါးပဲသော အာဏတ္တိကတို့ဖြင့် တပည့်သုံးယောက်တို့သည်ပါရာဇိကကျရောက်ကုန်၏။ ဆရာအားကား သုံးပဲတို့သည် သာဟတ္ထိကဖြစ်ကုန်၏၊ သုံးပဲတို့သည် အာဏတ္တိကဖြစ်ကုန်၏။ ထိုသုံးပဲသော သာဟတ္ထိကအာဏတ္တိကတို့ဖြင့် ဆရာအား ထုလ္လစ္စဉ်းအာပတ်သင့်၏၊ ပါရာဇိကမကျဟု ဆိုလိုသည်။

တနည်း။ ။သံဝိဒါဝဟာရနှင့်၊ ဧကဘဏ္ဍဧကဋ္ဌာန၊ ဧကဘဏ္ဍနာနာဋ္ဌာန၊ နာနာဘဏ္ဍ ဧကဋ္ဌာန၊ နာနာဘဏ္ဍ နာနာဋ္ဌာန ဤလေးချက်တို့၏အပေါင်းဟုဆိုအပ်သော စတုက္ကကို မတွေမဝေစေရန်အကျိုးငှာသိမှတ်ရာ၏။ ထိုလေးပါးတို့တွင်များစွာသောရဟန်းတို့သည်တဦးသောအမျိုးအိမ်၏ဈေးဆိုင်ပျဉ်ချပ်ဝယ်မပုံမသေပစ်ထားသောငါးပဲသောဘဏ္ဍာကို မြင်ကြကုန်သည်ရှိသော်၊ တပါးသောရဟန်းကို "ငါ့ရှင်သွားချေ၊ ထိုဘဏ္ဍာကိုခိုးဆောင်လော့"ဟုစေခိုင်းကြကုန်၏။ စေခိုင်းအပ်သော ရဟန်းသည်ခိုးဆောင်သောခဏ၌အလုံးစုံသောရဟန်းတို့သည်၊ ပါရာဇိက ကျရောက်ကုန်၏။ ဤသို့တခုသော ငါးပဲသောဘဏ္ဍာ တခုသော တည်ရာဋ္ဌာနရှိသော ခိုးခြင်းသည်ဧကဘဏ္ဍဧကဋ္ဌာနမည်၏။

များစွာသော ရဟန်းတို့သည်၊ တဦးသောအမျိုးအိမ်၏ ငါးခုသော အိမ်ဈေးပျဉ်ချပ်တို့၌မကောင်းစွါပစ်ထားသောတပဲတပဲသောဘဏ္ဍာ ကို မြင်ကြကုန်သည်ရှိသော်၊ တပါးသောရဟန်းကို "ငါ့ရှင်သွားချေ။

ထို ပဲ,ဘဏ္ဍာတို့ကို ခိုးဆောင်လော” ဟု စေခိုင်း တိုက်တွန်းကြကုန်၏။ စေခိုင်းအပ်သောရဟန်းသည် ငါးပဲမြောက်သောပဲကို ခိုးဆောင်သောခဏ၌ အလုံးစုံသော ရဟန်းတို့သည် ပါရာဇိက ကျရောက်ကုန်၏။ဤသို့တခုသော ငါးပဲဘဏ္ဍာတည်ရာဌာနအမျိုးမျိုးရှိသော ခိုးခြင်းသည် ဧကဘဏ္ဍနာနာဋ္ဌာန မည်၏။

များစွာသောရဟန်းတို့သည်များစွာသောလူတို့၏ ဥစ္စာဖြစ်သော ငါးပဲ ငါးပဲထက် အလွန် ထိုက်တန်သော တခုသောဌာန၌ ပစ်ထားသောဘဏ္ဍာကိုမြင်ကုန်သည်ရှိသော်၊ တပါးသောရဟန်းကို “ငါ့ရှင်သွားချေ ထိုဘဏ္ဍာကို ခိုးဆောင်လော့”ဟု စေခိုင်းကြကုန်၏။စေခိုင်းအပ်သောရဟန်းသည် ခိုးဆောင်သောခဏ၌ အလုံးစုံသောရဟန်းတို့သည် ပါရာဇိကကျရောက်ကုန်၏။ ဤသို့အထူးထူးသောဘဏ္ဍာတည့်ရာဌာနတခုရှိသော ခိုးခြင်းသည် နာနာဘဏ္ဍဧကဋ္ဌာန မည်၏။

များစွာသော ရဟန်းတို့သည် ငါးဦးသော အမျိုးအိမ်တို့၏ ငါးခုသောအိမ်ဈေးပျဉ်ချပ်တို့၌ မကောင်းစွာတင်ထားသော တပဲတပဲကို မြင်ကြကုန်သည်ရှိသော်။တပါးသောရဟန်းကို “ငါ့ရှင်သွားချေ။ ထိုဘဏ္ဍာတို့ကို ခိုးဆောင်လော့” ဟု စေခိုင်းတိုက်တွန်းကြကုန်၏။ စေခိုင်းသော ရဟန်းသည် ငါးပဲ မြောက်သော ပဲဘဏ္ဍာကို ခိုးဆောင်သောခဏ၌၊ အလုံးစုံသောရဟန်းတို့သည် ပါရာဇိက ကျရောက်ကုန်၏။ဤသို့အထူးထူးသော ဘဏ္ဍာအထူးထူးသော တည့်ရာရှိသော ခိုးခြင်းသည်၊နာနာဘဏ္ဍ နာနာဋ္ဌာန မည်၏။

ဆောင်။ ၁။ အမျိုးအိမ်တွင်၊ ပျဉ်ချပ်ပင်တည်၊ပစ်လျှင်ငါးပဲ၊ ခိုးခိုင်းစွဲ၍၊ထုတ်ဆဲခဏ၊လုံးစုံကျ၊ဧကဘဏ္ဍ,ဧကဋ္ဌာနတည်း။ ။

၂။ အမျိုးအိမ်တွင်၊ငါးခုပင်ပျဉ်၊တင်လျှင်ပဲပဲ၊ ခိုးခိုင်းစွဲ၍၊ ငါးပဲထုတ်က၊လုံးစုံကျ၊ဧကဘဏ္ဍနာနာဋ္ဌာနတည်း။ ။

၃။ သူများဥစ္စာ၊ငါးပဲသာကို၊တည်ရာတခု၊ခိုးခိုင်းမှုကြောင့်၊ထုတ်ပြုခဏ၊လုံးစုံကျ၊မှတ်ပနာနာဘဏ္ဍဧကဋ္ဌာနတည်း။ ။

၄။ ငါးမျိုးအိမ်တွင်၊ငါးခုပင်ပျဉ်၊တင်လျှင်ပဲပဲ၊ ခိုးခိုင်းစွဲ၍၊ ငါးပဲထုတ်က၊လုံးစုံကျ၊မှတ်ပနာနာဘဏ္ဍနာနာဋ္ဌာနတည်း။ ။

သင်္ကေတကမ္မံ၌ 'ကရဏံကမ္မံ၊ သင်္ကေတဿကမ္မံ သင်္ကေတကမ္မံ'' ဟု ပြု၍ နံနက်ကာလ စသည်တို့တွင် တစုံတခုသော ကာလကို ပိုင်းခြား၍အမှတ်ပြုခြင်းကို သင်္ကေတကမ္မ ဟုဆို၏။ သင်္ကေတကမ္မန္တိ သဉ္ဇာနနကမ္မံ ကာလပရိစ္ဆေဒဝသေန သညာဏကရဏန္တိ အတ္ထော၊ ။ ဟု ဖွင့်၏။ ။ (ကင်္ခါ ဋ္ဌ)

နံနက်ကာလစသည်တို့၌ခိုးလော့ဟု အချိန်းအချက်ပြုသော ရဟန်းအား-ဒုက္ကဋ်အာပတ်သင့်၏။ အချိန်းအချက်ဖြင့် ဘဏ္ဍာကိုခိုးဆောင်အံ့။ နှစ်ဦးသောရဟန်းတို့သည် ပါရာဇိကကျရောက်ကုန်၏။

အချိန်းအချက်၏ ရှေ့အဘို့နောက်အဘို့တို့၌ ဘဏ္ဍာကို ခိုးဆောင်အံ့၊ အချိန်းအချက်ပြုသော မူလဋ္ဌတည်သော ရဟန်းအား အာပတ်မသင့်။ ခိုးဆောင်တတ်သော အဝဟာရက ရဟန်းအား ပါရာဇိက အာပတ်ကျရောက်၏။

> သင်္ကေတကမ္မံနာမ သင်္ကေတံ ကရောတိ၊ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ ရတ္တိံ ဝါ ဒိဝါ ဝါ တေနသင်္ကေတေန တံဘဏ္ဍံ အဝဟရာတိ အာပတ္တိ ဒုက္ကဋဿ၊ တေနသင်္ကေတေန တံဘဏ္ဍံ အဝဟရာတိ အာပတ္တိ ဥဘိန္နံ ပါရာဇိကဿ၊ တံသင်္ကေတံ ပုရေ ဝါ ပစ္ဆာ ဝါ တံဘဏ္ဍံ အဝဟရာတိ၊ မူလဋ္ဌဿ အနာပတ္တိ၊ အဝဟာရကဿ အာပတ္တိ ပါရာဇိကဿ။ ။ (ကင်္ခါ-ပါ)

၎င်းသင်္ကေတ ကမ္မအရာ၌ နံနက်ကာလ၌ ခိုးလော့ဟု ဆိုသည် ရှိသော် ယနေ့နံနက်ကာလ၌ ခိုးသည်မူလည်းဖြစ်စေ၊ နက်ဖြန်နံနက်ကာလ၌ ခိုးသည်မူလည်းဖြစ်စေ၊ လာလတ္တံ့သောနှစ် နံနက်ကာလ၌ ခိုးသည်မူလည်းဖြစ်စေ၊ အချိန်းအချက်ချွတ်ယွင်းသည် မရှိ၊ နှစ်ဦးသော ပုဂ္ဂိုလ်တို့သည် ပါရာဇိကကျရောက်ကုန်ပြီ။

> ဧတ္ထစ ပုရေဘတ္တံ အဝဟရာတိ ဝုတ္တေ အဇ္ဇဝါ ပုရေဘတ္တံ အဝဟရတု၊ သွေဝါ အနာဂတေဝါ သံဝစ္ဆရေ နတ္ထိဝိသင်္ကေတော ဥဘိန္နမ္ပိ ဩစရကေ ဝုတ္တနယေနေဝ ပါရာဇိကံ။ ။ (ကင်္ခါ–ဋ္ဌ)

နံနက်ကာလ၌ ခိုးဆောင်လော့ဟု ဆိုသည်ရှိသော် နံနက်ကာလ၌ သာလျှင် ခိုးဆောင်ရန်အားထုတ်သောရဟန်းအား ညနေချမ်းကာလ ဖြစ်၍နေအံ့၊ ၎င်းအရာအဘယ်သို့ဆုံးဖြတ်ပါမည်နည်းဟုမေး။

မဟာသုမ မထေရ်ကား-ဤလုံ လသည့် နံနက်ကာလ၌ ဖြစ်သော လုံ လသည့်သာလျှင်ဖြစ်၏။ ထို့ကြောင့်မူလ၌တည်သော ရဟန်းသည် အာပတ်မှမလွတ်ဟု ဆိုးဖြတ်၏။ မဟာပဒုမ မထေရ်ကား ကာလအပိုင်းအခြားကို လွန်သောကြောင့်။ အချိန်းအချက် ချွတ်ယွင်း၏။ ထို့ကြောင့် မူလ၌ တည်သော ရဟန်းသည် အာပတ်မှ လွတ်၏ ဟု ဆုံး ဖြတ်၏။

> မဟာသုမတ္ထေရော တာဝအာဟ ပုရေဘတ္တ ပယောဂေါ စသော၊ တသ္မာမူလ ဋ္ဌောန မုစ္စတီတိ၊ မဟာပဒုမတ္ထေရော ပနာဟ ကာလပရိစ္ဆေဒံ အတိက္ကန္တတ္တာဝိ သင်္ကေတာ၊ တသ္မာမူလဋ္ဌော မုစ္စတီတိ။ ။ (ကင်္ခါ—၄၁)

သင်္ကေတကမ္မ၌ ကာလ အပိုင်းအခြားရှိသည်။ နိမိတ္တကမ္မ၌ ကာလအပိုင်းအခြားမရှိ၊ သင်္ကေတကမ္မကိုကာလ၏အစွမ်းဖြင့်ဟောတော်မူသည်။ နိမိတ္တ ကမ္မကို ပြုခြင်း ကြိယာ၏ အစွမ်းဖြင့် ဟောတော် မူသည်။

> တတ္ထဟိကာလပရိစ္ဆေဒေါအတ္ထိ၊ ဣမန္တ္တိ၊ ကာလဝသေနဟိ သင်္ကေတကမ္မံ ဝုတ္တံ၊ ကြိယာဝသေန နိမိတ္တကမ္မန္တိ အယမေဝေ သံဝိသေသော။ ။(သာ)•

**ဆောင်။ ၁။ နံနက်ကာလ၊ချိန်းချက်ချ၍၊ နေ့မှခိုးပြန်၊ ဆုံးဖြတ်ရန်၊ လမ်းမှန်ဘယ်သို့နည်း။**

**၂။ ပုရေဘတ္တ၊ပယောဂကြောင့်၊ မူလမလွတ်၊ ဆုံးဖြတ်ရှုတ်၊ မှတ်ကွတ်မဟာသုမမထေရ်။**

**၃။ ကာလပိုင်းခြား၊လွန်၍သွားနှင့်၊ လွတ်ငြားမူလ၊ ဆုံးဖြတ် ပြ၊မှတ်ပမဟာပဒုမ။ ။**

နိမိတ္တကမ္မံ၌ "ကရဏံကမ္မံ၊ နိမိတ္တဿကမ္မံ နိမိတ္တကမ္မံ "ဟုပြု၍ အမှတ်သညာကိုဖြစ်စေရန်အကျိုးငှါ၊ မျက်စိမှိတ်ခြင်း။မျက်စချီခြင်း၊ဦး ခေါင်းညှိခြင်း၊ လက်ခါခြင်း စသော အမှတ်နိမိတ်တို့တွင်၊ တစုံတခု သောအမှတ်နိမိတ်ပြုခြင်းကို နိမိတ္တကမ္မဟု ဆို၏။ ။နိမိတ္တကမ္မန္တိ သညုပ္ပါဒနတ္ထံ ကဿစိနိမိတ္တဿကရဏံ။ ။ (ကင်္ခါ-၄၁)

• ဤအရာဝယ် လက်ခါခြင်း၊ လက်ချတ်တီးခြင်း၊ လက်ပန်းပေါက် ခတ်ခြင်း၊လည်မော့ခြင်းစသော တပါးမက များစွာသော အပြားတို့ ကို သိမ်းကြုံး၍ယူရ၏။

အညမ္ပိ ပနေတ္တဟတ္တ လဃ်နပါဏိပ္ပဟာရ အင်္ဂုလိပ္ပေါဠန ဂိဝုန္နာမန ဥက္ခာသ နာဒိ အ နေကပ္ပကာရံ သင်္ဂဟေတဗ္ဗံ။ ။ (က-ဏ္ဌ)

မျက်စိမှိတ်ခြင်း မျက်စချီခြင်း-ဦးခေါင်းညိတ်ခြင်းစသော အမှတ်နိမိတ်ဖြင့် "ဘဏ္ဍာကို ခိုးဆောင်လော့" ဟု အမှတ်နိမိတ်ကို ပြုသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ အမှတ် နိမိတ်ဖြင့် ဘဏ္ဍာကို ခိုးဆောင်အံ့၊နှစ်ဦးသောရဟန်းတို့သည် ပါရာဇိကကျရောက်ကုန်၏၊

အမှတ်နိမိတ်၏ ရှေးအဘို့,နောက်အဘို့၌ ဘဏ္ဍာကို ခိုးဆောင်အံ့၊ မူလ၌တည်သောရဟန်းအား အာပတ်မသင့်၊ခိုးဆောင်တတ်သောအာဝဟာရကရဟန်းသည် ပါရာဇိကကျရောက်၏။

နိမိတ္တကမ္မံ နာမ နိမိတ္တံ ကရောတိ အက္ခိံ ဝါနိ ခဏိ ဿာမိ၊ဘမုကံဝါဥက္ခိ ပိဿာမိ၊သီသံဝါ ဥက္ခိပိဿာမိ၊တေန နိမိတ္တေန တံဘဏ္ဍံ အဝဟရာတိ အာပတ္တိ ဒုက္ကဋဿ၊တေနနိမိတ္တေန ဘဏ္ဍံ အဝဟရတိ အာပတ္တိ ဥဘိန္နံ ပါရာဇိကဿ တံနိမိတ္တံ ပုရေဝါ ပစ္ဆာဝါ တံဘဏ္ဍံ အဝဟရတိ၊ မူလဋ္ဌဿ အနာပတ္တိ အဝဟာရကဿ အာပတ္တိပါရာဇိကဿ၊ ။ (ကဏ--ပါ)

ဤသို့ဆိုအပ်ခဲ့ပြီးသော ငါးပါးသော ခိုးခြင်းတို့၏ အပေါင်းဟု ဆိုအပ်သော ပဉ္စကသည် **ပုဗ္ဗပယောဂပဉ္စက**-မည်လေ၏။ ။

**ဆောင်။ ။ရှေး၌လုံ့လ၊တကွပယော၊ တိုင်ပင်ပြောနှင့်၊ မှတ်လောချိန်း ချက်၊နိမိတ်တက်၊ငါးချက်ပုဗ္ဗပယောဂ။ ။**

ထေယျာဝဟာရပဉ္စကဟူသည်၊အဘယ်နည်းဟု မေး။ ။ထေယျာဝဟာရ ပသယှာဝဟာရ ပရိကပ္ပါဝဟာရ-ပဋိစ္ဆန္နာဝဟာရ ကုသာဝဟာရ-ဤငါးပါးသောခိုးခြင်းတို့၏အပေါင်းကို ထေယျာဝဟာရပဉ္စက ဆိုသည်ဟု ဖြေလေ။

ကတမံထေယျာဝဟာရပဉ္စကံ၊ထေယျာဝဟာရော၊ ပသယှာဝဟာရော၊ ပရိကပ္ပါဝဟာရော၊ပဋိစ္ဆန္နာဝဟာရော၊ကုသာဝဟာရောတိ။ ။ (ကဏ်ါ)

ထိုငါးပါးတို့တွင် ထေယျာဝဟာရော၌ "ထေယျေနအဝဟာရော ထေယျာဝဟာရော" ဟု,ပြု၍ ခိုးတတ်သောသူ၏ အဖြစ်ဟု ဆိုအပ်သော စိတ်ဖြင့်၊အိမ် ခြံစပ် တိုက်ခန်းအစပ်တို့ကို ချိုးဖဲ့ ဖျက်ဆီး၍၊ဖုံးကွယ်သဖြင့် ခိုးခြင်းကိုရင်း။ ကောက်ကျစ် စဉ်းလဲသောချိန် ကောက်ကျစ် စဉ်းလဲသော တောင်း-ကောက်ကျစ် စဉ်းလဲသော အသပြာ-စ

သည့်တို့ဖြင့် လှည့်ပတ်ဖြားယောင်း၍ ခိုးခြင်းကိုရင်း၊ သေယျာဝဟာရ ဟု ယူလေ။

ယောပနိကောစ သဿာမိကံ ဘဏ္ဍံ ရက္ခိတုံ ဂေါပိတုံ သန္နိဟိတံ ဒ္ဓိဒ္ဓိကတွာ အဒိန္နံ အဝဟရတိ၊ ကူဋမာနကူဋကဟာပဏာဒီဟိ ဝါ ဝဉ္စေတွာ ဂဏှာတိ၊ တဿေဝံ ဂဏှတော အဝဟာရော ထေယျာဝဟာရောတိ ဝုစ္စတိ၊ ။ (ကင်္ခါ–၄၄).

ကူဋမာန ကူဋကဟာပဏာဒိဟိ-ပါဌ်၌ တည်သောအာဒိသဒ္ဒါဖြင့် ကောက်ကျစ် စဉ်းလဲသောချိန်၊ ကောက်ကျစ် စဉ်းလဲသော ရွှေငွက်၊ လှည့်ပါတ်ဖြားယောင်းခြင်းစသည့်တို့ကို သိမ်းကြုံး၍ယူရ၏။ ကူဋမာန ကူဋကဟာပဏာဒီဟိတိ အာဒိသဒ္ဒေန တုလာကူဋကံသကူဋဝဉ္စနာဒိံ သင်္ဂဏှာတိ။ ။ (သာ)

ထိုကူဋမာနစသည့်တို့တွင် ကောက်ကျစ်စဉ်းလဲချိန်တွယ်ကြောင်းဖြစ်သော ကူဋမာနသည် အတွင်းပေါက်; ဟဒယဘေဒ။ ထိပ်ဦးပျက်, သိခါဘေဒ။ ကြိုးပျက်, ရဇ္ဇုဘေဒ တို့၏အစွမ်းဖြင့် သုံးပါးအပြားရှိ၏။

တတ္ထကူဋမာနံ ဟဒယဘေဒ သိခါဘေဒ ရဇ္ဇုဘေဒဝသေန။ ။ တိဝိဓံ ဟောတိ (သာ)

**ဆောင်။ ။တွင်းပေါက်ဦးပျက်၊ ကြိုးပျက်ချက်၊ မှတ်ချက် ကူဋမာန တည်း။**

ထိုသုံးပါးတို့တွင် ဟဒယဘေဒ၌ ဟဒယသဒ္ဒါသည် စလယ်တောင်းစသော ချင့်တွယ်ကြောင်းဖြစ်သောခွက်တို့၏အတွင်းကို ဟဒယ ဟုဆိုသည်။ တတ္ထဟဒယန္တိ နာဠိအာဒိ မာနဘာဇနာနံ အဗ္ဘန္တရံ။ ။ (သာ)

ထိုဟဒယဘေဒကို ထောပတ်ဆီစသည့်တို့ကို ချိန်တွယ်သောကာလ၌ ရပုံ့အံ့သည်။ ထောပတ်ဆီ စသည့်တို့ကို ယူသည် ရှိသော်၊ အောက်က ဖေါက်ထားသော အပေါက်ရှိသော ခွက်ဖြင့် ဖြေးဖြေး နှေးနှေးလောင်းလော့ဟု ပြောဆို၍၊ အတွင်းခွက်၌ များစွာယိုကျစေ လျက်ယူ၏။ ပေးရသည်ရှိသော် အပေါက်ကိုပိတ်၍ လျင်မြန်စွာပြည့် စေ၍ပေးသည်။

သိခါဘေဒ ထိပ်ဦးပျက်သည်ကို နှမ်း,ဆန်စသည်တို့ကို ချိန်တွယ်သောကာလ၌ ရယူအပ်သည်။ နှမ်း,ဆန်စသည်တို့ကိုခြင်၍ ယူသည်ရှိသော်၊ ဖြေးဖြေးနှေးနှေးနှမ်းဦးဆန်ဦးတို့ကို တက်စေ၍ယူ၏။ ပေးသည်ရှိသော် သျှင်သောအဟုန်ဖြင့်ပြည့်စေ၍ နှမ်းဦးဆန်ဦးတို့ကိုဖြတ်သျှက်ပေးသည်။

ရဇ္ဇုဘေဒကို လယ်ယာတို့ကို မြေတိုင်းသောကာလ၌ ရအပ်ယူအပ်သည်။ လယ်ယာတို့ကို တိုင်းတာကုန်သော သူတို့သည် မကျယ်သော်လည်း ကျယ်သည်ကိုပြု၍ တိုင်းတာကြကုန်၏။ ကျယ်သော်လည်း ကျဉ်းသည်ကိုပြု၍တိုင်းတာကြကုန်၏။

ဆောင်။ ၁။ တွင်းပေါက်ချင်ပြန်၊ယူငင်ရန်နှေး၊ ပေးပြန်တေးနှင့်၊ မနှေးချင့်၊မှတ်လင့်ဟဒယဘေဒတည်း။

၂။ မပြန်ဦးတက်၊ ယူထူးလျက်ဆန်၊ ဦးပျက်ပြန်လျှင်၊ ပေးရန်ချင်၊မှတ်ရင် သိခါဘေဒ တည်း။

၃။ လယ်ကိုတိုင်းတာ၊မကြီးရာကို၊ ကြီးတာပြုတယ်၊ကျဉ်းမှုလယ်ကို၊အကျယ်ဆို၊မှတ်လိုရဇ္ဇုဘေဒတည်း။

ချိန်စဉ်းလဲဟုဆိုအပ်သော တုလာကူဋသည် တူသောသဘောရှိသည်ကိုပြု၍ ကောက်ကျစ်စဉ်းလဲခြင်း, ရူပကူဋ။ ချိန်အစိတ်အပိုင်းကို လက်ဖြင့်နှိပ်၍ကောက်ကျစ်စဉ်းလဲခြင်း,အင်္ဂကူဋ။ အရင်းအဖျား၌ကြိုးကို ယူ၍ ကောက်ကျစ်စဉ်းလဲခြင်း,ဂဟဏကူဋ။ ချိန်ခွင်အခေါင်း၌ သံမှုန့်ထည့်သည်ကိုပြု၍ ဖုံးလွှမ်းသဖြင့်ကောက်ကျစ်စဉ်းလဲခြင်း,ပဋိစ္ဆန္နကူဋဟူ၍ လေးပါးအပြားရှိ၏။

ဆောင်။ ။သဘောတူကောက်၊ စိတ်ပိုင်းကောက်နှင့်၊ အကောက်ယူပြန်၊ဖုံးလွှမ်းဟန်ကောက်၊ ချိန်ခွင်ရောက်၊ မှတ်လေ၁က် တုလာကူဋတည်း။

ထိုလေးပါးတို့တွင် နှစ်ခုသောချိန်ခွင်တို့ကို တူစွာပြု၍ ယူသည်ရှိသော် ကြီးသောချိန်ဖြင့် ယူ၍ပေးသည်ရှိသော် ငယ်သောချိန်ဖြင့်ယူ၍ ပေးသည်ကို ရူပကူဋ ဟု ဆို၏။ ယူသည်ရှိသော်၊နောက်အဘို့၌လက်

ဖြင့်ချိန်ကိုနှိပ်၍ ပေးရသည်ရှိသော်၊ ရှေ့အဘို့၌လက်ဖြင့်ချိန်ခွန်ကိုနှိပ်၍ပေးသည်ကို အဂ်ကူဋ ဟု ဆို၏။ ယူသည်ရှိသော် အရင်းသို့ကြိုးကိုယူ၍ ပေးသည်ရှိသော်၊အဖျားသို့ ကြိုးကိုယူ၍ ပေးသည်ကို ဂဟဏကူဋဟု ဆို၏။အပေါက်၏အတွင်း၌သံမှုန့်ထည့်၍ ပြုအပ်သောချိန်ခွန်ကိုယူသည်ရှိသော်၊နောက်အဘို့၌ထား၍ယူ။ ပေးသည်ရှိသော် ရှေ့အဘို့၌ထား၍ပေးသည်ကို ပဋိစ္ဆန္နကူဋ ဟု ဆို၏။

**ဆောင်။ ၁။ ချိန်လေးနှစ်ခု၊ အတူပြု၍၊ ယူမှုမငယ်၊ ပေးမှုငယ်၊ မှတ်ဘွယ်ရူပကူဋတည်း။**

**၂။ နောက်ချိန်လက်နှိပ်၊ ယူရန်ကြိတ်နှင့်၊ ရှေ့နှိပ်ပေးပြန်၊ မှတ်သားရန်၊အမှန်အင်္ဂကူဋတည်း၊**

**၃။ ယူမှုရင်းကြိုး၊အဖျားထိုးပေး၊ ကြိုးတိုးရေး၊ မှတ်တေး ဂဟဏကူဋ။**

**၄။ သံမှုန့်တွင်းထည့်၊ နောက်ထားကြည့်ယူ၊ ပေးမည့်အဦး၊ ထားဘိထူး၊မှတ်ဘူးပဋိစ္ဆန္နကူဋတည်း။**

ကံသကူဋ၌၊ ရွှေခွက်ကို ကံသဟုဆို၏။ ကံသေနဝဉ္စနံ့ သုဝဏ္ဏ ပါတိ။ ။ (သာ)

"ကံသေန ကူဋံ ကံသကူဋံ"ဟု ပြု၍ ရွှေခွက်ဖြင့်ကောက်ကျစ်စဉ်းလဲခြင်းကို ကံသကူဋ ဟု ဆို၏။ ထိုသို့သော အကြောင်းဥပါယ်တမျဉ်တို့ဖြင့် သူတပါးတို့ကိုဖြားယောင်းခြင်းကို ဝဉ္စနဟုဆို၏။

ဝဉ္စနံနာမ တေဟိတေဟိ ဥပါယေဟိ ပရေသံဝဉ္စနံ။ ။ (သာ)

ဝတ္ထုကား, တယောက်သောမုဆိုးသည် နှစ်ကောင်သော သမင်ကြီး, သမင်ငယ်တို့ကိုဖမ်း၍ လာသောအခါ၊ တယောက်သော သေသောက်ကြူးသည်"အမောင်မုဆိုး-သမင်ကြီးအဘိုးဘယ်လောက်လဲ, သမင်ကလေး အဘိုးဘယ်လောက်လဲ"ဟု မုဆိုးကိုမေးမြန်း၏။ မုဆိုးသည် "သမင်ကြီးက နှစ်ကျပ်, သမင်ငယ်က တကျပ်" ဟု ပြောဆိုသည်ရှိသော်၊ သေသောက်ကြူးသည် တကျပ်ပေးကာ သမင်ငယ်ကလေးကိုယူပါ၍ အတန်ငယ်သွား၍ပြန်ခဲ့ပြီးသော်၊ "အမောင်မုဆိုး ငါသမင်ကလေးကိုအလိုမရှိ၊ သမင်ကြီးကိုပေးပါ"ဟု ဆို၏။ မုဆိုးက

"အသိရှိခဲ့လျှင်၊ နှစ်ကျပ်ပေးသော့"ဟု တောင်း၏၊ သေသောက်ကြူးသည် "အမောင်မုဆိုး-အစကတကျပ်ပေးပြီးမဟုတ်လား" ဟု ပြောဆို၏။မုဆိုးက 'တကျပ်ပေးပြီးပါ" ဟု ပြန်ပြော၏။ သေသောက်ကြူးသည် "ဤသမင်သယ်ကိုယူလော့၊ ဤသို့ယူခဲ့သော် ပေးပြီးတကျပ်နှင့် တကျပ်တန်သမင်ငယ်ကိုပေါင်းလျှင် နှစ်ကျပ်ဖြစ်ပါလတ္တံ့"ဟု ပြောဆို၏။မုဆိုးသည် သင့်သောအကြောင်းကိုပြောဆိုပေသည်ဟုမှတ်ထင်၍ သမင်ငယ်ကိုယူကာ သမင်ကြီးကိုပေးလိုက်ပြီ။

ပသယှာဝဟာရေ၌ "ပသယှအဘိဘဝိတွာ အဝဟာရော ပသယှာဝဟာရော"ဟုပြု၍၊ ခရီးသွားတို့ကိုသတ်ခြင်း။ ရွာသူရွာသားတို့ကိုသတ်ခြင်းစသည်တို့ကိုပြုသင်သော ဒမြ,ခိုးသူတို့ကဲ့သို့ရင်း။အမျက်ဒေါသ၏အစွမ်းဖြင့်၊ သူတပါးအိမ်ကိုသုယက်ဖျက်ဆီးခြင်းကို ပြုကုန်သော၊ မင်း,မင်း၏အမတ်စသည်တို့ကဲ့သို့ရင်း။ မိမိအား ခေါက်သောအခွန်အတုတ်ထက်သည်း အပိုအခွန်ကိုအနိုင်အထက်ပြုသဖြင့် ယူကုန်သော၊မင်း,မင်း၏အမတ်သသ်ပိုင်ရှင်သူကြွယ်တို့ကဲ့သို့ရင်း။ သူတပါးတို့ကိုအားအစွမ်းဖြင့်သွန်းမိုးနှိပ်စက်၍ ပစ္စည်းဥစ္စာကိုယူသောသူ၏ခိုးခြင်းကိုပသယှာဝဟာရဟုဆို၏။

တနည်း။ ။သူတပါး တို့ကို အားအစွမ်းဖြင့် ခြိမ်းခြောက် ဘေးခြောက်သည့်ကိုပြု၍၊ ပစ္စည်းဥစ္စာကို ယူသောသူ၏ခိုးခြင်းကို ပသယှာဝဟာရဟုဆို၏။

> ယောပနပရေပသယှဗလသာအဘိဘုယျ၊ အထဝါပနသန္တဇ္ဇေတွာ ဘယံဒဿေတွာတေသံသန္တကံဂဏှာတိ၊ ပန္ထဃာတ,ဂါမဃာတာဒိနိ ကရောန္တာ ဒါမရိက စောရာဝိယကောဓဝသေန ပရဃရဝိလောပံကရောန္တာ အတ္တနောပတ္တဗလိတောစအဓိကံဗလက္ကာရေနဂဏှန္တာ။ ရာဇရာဇမဟာမတ္တာဒယောဝိယ။တဿေဝံဂဏှတော အဝဟာရောပသယှာဝဟာရောတိဝေဒိတဗ္ဗော။ ။ (ကင်္ခါ-ဋ္ဌ)

ပန္ထဃာတသဒ္ဒါဖြင့်ဆီးနှင်းဖြင့်ဖုံးအုပ်သည်ဖြစ်၍ ခရီးသွား လူအများကို လုယက်ခြင်း။ ဟိမဝိပရာမောသ။ ခြုံစသည်တို့ဖြင့် ဖုံးကွယ်သည်ဖြစ်၍ခရီးသွားလူအများကိုလုယက်ခြင်း၊ဂုမ္ဗဝိပရာမောသ တို့ကိုသိမ်းကြုံး၍ယူရ၏၊ပန္ထဃာတဂ္ဂဟဏေနဟိမဝိပရာ မောသဂုမ္ဗဝိပရာမောသာပိသင်္ဂဟိတာ။ ။(သာ)

ပရိကပ္ပါဝဟာရော္ခ "ဘဏ္ဍဝသေနစ၊ ဩကာသ ဝသေနစပရိကပ္ပေတွာအဝဟာရော ပရိကပ္ပါ ဝဟာရော" ဟုပြ၍ဘဏ္ဍာ၏အစွမ်းအားဖြင့်၎င်း၊အရပ်၏အစွမ်းအားဖြင့်၎င်း ကြံဆ၍ယူသောသူ၏ခိုးခြင်းကိုပရိကပ္ပါဝဟာရဟုဆို၏။ ။ပရိကပ္ပေတွာဂဟဏံ့တော ပနအဝဟာရောပရိကပ္ပါဝဟာရောတိ ဝုစ္စတိ။ ။(ကင်္ခာ-၄)

ထိုပရိကပ္ပါဝဟာရသည် ဘဏ္ဍပရိကပ္ပါဝဟာရ, ဩကာသပရိကပ္ပါဝဟာရ-ဟူ၍နှစ်ပါးအပြားရှိ၏။ ။သောဘဏ္ဍပရိကပ္ပ ဩကာသပရိကပ္ပဝသေနဒုဝိဓော။ ။(ကင်္ခာ၄)

**ဆောင်။ ။ဘဏ္ဍာ,ဩကာ၊နှစ်ပါးလာ၊မှတ်ပါပရိကပ္ပ။**

ထိုနှစ်ပါးတို့တွင် အကယ်၍ပုဆိုးဖြစ်ခဲ့သည်ရှိသော်ယူအံ့ဟု၊ဤသို့စသောနည်းဖြင့်ဖြစ်သောကြံစည်ခြင်းကို ဘဏ္ဍပရိကပ္ပ ဟု ဆို၏။

တတ္ထယွာယံသာဋကော ဘဝိဿတိ ဂဏှိဿာမီတိအာဒိနာနယေန ပဝတ္တော ပရိကပ္ပေါအယံဘဏ္ဍပရိကပ္ပေါနာမ။ (ကင်္ခာ-၄)

ဤအရပ်တွင်း၌ငါ့ကိုအကယ်၍မြင်ကုန်သည်ရှိသော်၊ ကြည့်ရှုခြင်းငှါအလိုရှိသည်၏အဖြစ်ကြောင့်ယူ၍ လှည့်လည်သကဲ့သို့၊ ထိုပစ္စည်းရှင်တို့အားသာသျှင်၊ပြန်၍ပေးအံ့ဟု ဖြစ်သောကြံစည်ခြင်းကို ဩကာသပရိကပ္ပ ဟု ဆို၏။

တတြယွာယံသစေမံဒွေ့န္တရေ ပဿိဿန္တိ၊ဒဋ္ဌုကာမတာယ ဂဟေတွာ ဝိစရန္တော ဝိယ ဒေဿာမိ ယေဝ ဒဿာမီတိ ပဝတ္တော ပရိကပ္ပေါ။ အယံ ဩကာသပရိကပ္ပေါနာမ။ ။(ကင်္ခာ-၄)

**ဆောင်။ ၁။ ပုဆိုးတကယ်၊ ဖြစ်ခဲ့တယ်လျှင်၊ ယူမယ်ကြံဆ၊ အမှန်ပ၊ မှတ်ရဘဏ္ဍပရိကပ္ပတည်း။**

**၂။ ဤအတွင်းတွင်၊ ငါ့ကိုမြင်သော်၊ ကြည့်ချင်ဟန်ဆောင်၊ လှည့်လည်ယောင်ဖြင့်၊ပြန်ရှောင်ပေးမည်၊ကြံအစည်၊ မှတ်ညီဩကာသပရိကပ္ပ။**

နေဝင်သည့်ရှိသော် ခိုးဆောင်အံ့၊ ဤသို့စသည်ဖြင့် ကာလကိုကြံစည်ခြင်း၏အစွမ်းဖြင့် တည်ရာဌာနမှ ရွှေ့လျောသော်လည်း ဩကာသပရိကပ္ပ၌ကဲ့သို့၊ထိုအခါ၌လည်းခိုးခြင်းမမြောက်သေး။ ကြံစည်အ

တိုင်းသောအရပ်ဟုဆိုအပ်သော အချိန်အခါကာလ ရောက်ခဲ့သည် ရှိသော်၊ဘဏ္ဍာကိုမြေ၌ မထားမူ၍လည်း၊ ထေယျစိတ်ဖြင့် သွားသောရဟန်းအား၊ ခြေလှမ်း အကြိမ်ဖြင့် ခိုးခြင်းသည် ဖြစ်၏။ ဤသို့သောအဓိပ္ပါယ်သင်ရှား၏ဟုမှတ်ရာသည်။ထို့ကြောင့် ဘဏ္ဍပရိကပ္ပ ဩကာသပရိကပ္ပ ကာလပရိကပ္ပတို့၏အစွမ်းဖြင့် ပရိကပ္ပအပြား သုံးပါးကိုမှတ်ယူရာ၏။

ဝေမိဓာပိ အဋ္ဌကထာယံ ဝုတ္တံ ဣဒံ ပန ဘဏ္ဍပရိကပ္ပံ ဩကာသပရိကပ္ပံ အပ္ပေတဗ္ဗ ဃဋံ လဘိတုံ ကာလပရိကပ္ပော ဟောတီ၊ တဒါပိ အဝဟာရော နဟောတိ၊ ဩကာသပရိကပ္ပေပိဝ၊ တသ္မိံ ပန ဃဋကာသပရိကပ္ပိတဋ္ဌာနေ ကာလေ အာဂတေ ဘဏ္ဍံ ဘူမိယံ အနိက္ခိပိတွာပိ ထေယျစိတ္တေန ဂစ္ဆတော ပဒဝါရေန အဝဟာရော တိ ခါယတိ၊ တသ္မာ ဘဏ္ဍပရိကပ္ပေါ ဩကာသပရိကပ္ပေါ ကာလပရိကပ္ပေါ တိ။ တိဝိဓေါပိ ပရိကပ္ပေါ ဂဟေတဗ္ဗော။ ။ (ဗိ)

အဋ္ဌကထာ၌မူကား၊ ဩကာသပရိကပ္ပ၌ ပေါင်း၍၊ ကာလပရိကပ္ပကိုအသီးအခြားဆိုတော်မမူ၊ ဤကားငါတို့၏အလိုတည်း။ ရှုးစမ်းဆင်ခြင်၍ယူရာသည်။

အဋ္ဌကထာယံ ပန ဩကာသပရိကပ္ပေ သမောဓါနေတွာ ကာလပရိကပ္ပေါ ဝိ ဝိသုံ နဝုတ္တောတိ အမှာကံ ခန္တိ၊ ဝိမံသိတွာ ဂဟေတဗ္ဗံ။ ။ (ဋ)

ပဋိစ္ဆန္နာဝဟာရ၌၊ "ပဋိစ္ဆန္နဿ အဝဟာရော ပဋိစ္ဆန္နာဝဟာရော"ဟု ပြု၍ မြက်သစ်ရွက်စသည်တို့ဖြင့်၊လက်စွပ်အစရှိသော တစုံတခုသောဘဏ္ဍာကို တည်ရာဌာနမှမရွေ့မလျောစေသဖြင့် ဖုံးလွှမ်းပြီး၍၊ဖုံးလွှမ်းအပ်ပြီးသောဘဏ္ဍာကိုတည်ရာဌာနမှ ရွေ့လျော စေသဖြင့်၊ခိုးဆောင်ခြင်းကို ပဋိစ္ဆန္နာဝဟာရဟုဆို၏။ ။ပဋိစ္ဆာဒေတွာပန အဝဟရဏံ ပဋိစ္ဆန္နာဝဟာရော။ ။(ကင်္ခါ)

ကုသာဝဟာရ၌၊နှီးဖြင့် ပြုအပ်သော အမှတ်ဟု ဆိုအပ်သော မဲကမ္ပည်းတံ၊ထန်းရွက်စသည်တို့ဖြင့်ပြုအပ်သောမဲလိပ် ကမ္ပည်းတံတို့ကို ပြောင်းရွှေ့စေ၍၊ မိမိအဘို့အစုထက် အဘို့အစုံအောက် ပိုလွန်ယုတ်ကျည်းမျှသော သူတပါးအဘို့အစုကို ခိုးဆောင်ခြင်းကို။ ကုသာဝဟာရဟုဆို၏။ ။ကုသံသင်္ကာမေတွာ ပန ဟရဏံ ကုသာဝဟာရော တိ ဝုစ္စတိ။ ။(ကင်္ခါ)

တနည်း။ ။"ကုသေနအဝဟာရေကုသာဝဟာရော"ဟု ပြု၍၊ ကပ္ပည်းလိပ်ဖြင့် ခိုးခြင်းကိုယူ။ ။တနည်း။ ။"ကုသသ သက်မန်ဝေအဝဟာရေကုသာဝဟာရော"ဟု ပြု၍၊ ကမ္ပည်းလိပ်ကိုပြောင်းရွှေ့ခြင်းဟုဆိုအပ်သော ခိုးခြင်းကိုသာလျှင်၊ကုသာဝဟာရ ဟု ဆို၏။

ဤသို့ အကျယ်ရေးသားပြဆိုအပ်ပြီးသော နည်းကို အစဉ်လျှောက်သဖြင့်၊ငါးပါးသောပဉ္စကတို့တွင်၊ နာနာဘဏ္ဍပဉ္စက၌။ အာဒိယနနှင့်နာဝဟာရ၊ တရားစွဲဆိုသဖြင့်ခိုးယူခြင်း။ဟာရိတဗ္ဗာဝဟာရ၊ဆောင်ထားအပ်သောပစ္စည်းဘဏ္ဍာတို့ကိုခိုးယူခြင်း။ ဥပနိက္ခိတ္တာဝဟာရ၊ အနီးအပ်နှံထားသောပစ္စည်းဘဏ္ဍာတို့ကိုခိုးယူခြင်း။ ဣရိယာ ပထဝိကောပန၊ဣရိယာပုထ်ကိုဖျက်ဆီးခြင်းဟု ဆိုအပ်သောခိုးခြင်း။ ဌာနစာဝန၊ တည်ရာမှရွှေ့လျောစေခြင်းဟုဆိုအပ်သောခိုးခြင်း။

ဧကဘဏ္ဍပဉ္စက၌။ ။နာနာဘဏ္ဍပဉ္စကအတူ သရုပ်ငါးပါး။ ။ သာဟတ္ထိကပဉ္စက၌။သာဟတ္ထိက။အာဏတ္တိက၊နိဿဂ္ဂိယ၊ အတ္ထသာဓက၊ဓုရနိက္ခေပ။ ။ပုဗ္ဗပယောဂ၌။ ပုဗ္ဗပယောဂ၊ သဟပယောဂ၊ . သံဝိဓါဝဟာရ၊သင်္ကေတကမ္မ၊နိမိတ္တကမ္မ။ ။

ထေယျာဝဟာရပဉ္စက၌။ ။ထေယျာဝဟာရ၊ပသယှာဝဟာရ၊ ပရိကပ္ပါဝဟာရ၊ပရိစ္ဆန္နာဝဟာရ၊ကုသာဝဟာရ။ ။ဤသို့ နှစ်ဆဲ့ငါးပါးသောခိုးခြင်းတို့ကိုသရုပ်အကျဉ်းအားဖြင့် သိမှတ်ရာ၏။ ဤငါးပါးသော ပဉ္စကတို့၌ လိမ္မာကြွမ်းကျင် ပညာရှင်ဖြစ်သော ဝိနည်းဓိုရ်သည် ဝတ္ထုကာလ၊ ရပ်ဒေသနှင့်၊ အဿပရိဘောဂ၊ ချိန်ဆရန်ငါး၊ ကြည့်ရှုထား၍၊မမှားဆုံးဖြတ်ရာသည်။

ထို့ကြောင့်ရှေးဆရာတို့သည်။

**ဝတ္ထုံကာလဉ္စဒေသဉ္စ၊အဃံ့ပရိဘောဂပဉ္စမံ။**

တုလယိတွာပဉ္စဌာနာနိ၊ဓာရေယျတ္ထံဝိစက္ခဏော။ ။ဟု မိန့်ဆိုကြကုန်၏။ ။ဝိစက္ခဏော၊ဝိနည်းအရာ၊လိမ္မာကြွမ်းကျင်၊ ပညာရှင်သည်။ဝတ္ထုံစ၊ဘဏ္ဍာကိုလည်းကော င်း။ကာလံစ၊ခိုးသောအခါက ာ ကိုလည်းကောင်း။ဒေသဉ္စ၊ခိုးရာအရပ်ဒေသကိုလည်းကောင်း။အဃံ့စ ဘဏ္ဍာဘိုးကို လည်းကောင်း၊ ပရိဘောဂပဉ္စမံ၊ ငါးခု မြောက်သော

ဘာဏ္ဍာကိုသုံးဆောင်ခြင်းကိုလည်းကောင်း။ ဉာတိ၊ သို့။ ပဋ္ဌ၊ ကုန်သော၊ ဌာနာနိ၊ တည်ရာဌာနတို့ကို၊ တုလယိတွာ၊ နှိုင်းချိန်၍။ အဋ္ဌ၊ အာပတ် သင့်ခြင်း, အာပတ်မသင့်ခြင်း, ဂရုကအာပတ်, လဟုက အာပတ် ဟူသောအကျိုးကို။ ဝေရေယျ၊ တည်ထားဆုံးဖြတ်ရာ၏။

ဤဂါထာ၌၊ ဘဏ္ဍာကိုဝတ္ထုဟုဆို၏။ ။တဗ္ဗဝတ္ထုနာမ ဘဏ္ဍံ ။ (ကင်္ခါ-၌) ခိုးဆောင်သောကာလကို၊ ကာလဟုဆို၏။ ကာလောတိ အဝဟာရကာလော။ (ကင်္ခါ-၌)ခိုးဆောင်ရာ အရပ်ကို ဒေသဟုဆို၏။ ဒေသောတိအဝဟာရဒေသော။ ။(ကင်္ခါ-၌) ဘဏ္ဍာ၏တန်ဖိုးကို အဂ္ဃဟုဆို၏။ ။အဂ္ဃောတိဘဏ္ဍဂ္ဃော။ ။(ကင်္ခါ-၌)

ဘဏ္ဍာကိုသုံးဆောင်ခြင်းကို၊ ပရိဘောဂဟု ဆို၏။ ။ပရိဘောဂ ဂေါတိဘဏ္ဍပရိဘောဂေါ။ (ကင်္ခါ-၌)။ ။

## ဘဏ္ဍာကို နှိုင်းချိန်ပုံဝတ္ထုကား။

ဘာတိယမင်းလက်ထက်အခါကာလ၊ တပါးသောရဟန်းသည်၊ ခုနစ်တောင်ရှိသောဖြော့တော့သော အဆင်းရှိသောဖန်ရည်စွန်းသော အဝတ်သင်္ကန်းကိုပခုံးထက်တင်၍၊ တောင်အရပ်မှ မဟာစေတီအား ပူဇော်ရန်အကျိုးငှါ၊ စေတီယင်ပြင်သို့ ဝင်လာလေ၏။ ဘာတိယမင်း သည်လည်း၊ ထိုရဟန်းဝင်ဆဲ ခဏ၌သာလျှင်၊ မဟာစေတီအား ရှိခိုး ပူဇော်ရန်အကျိုးငှါလာခောက်၏။ ထိုအခါ မဟာစေတီပြင်ဝယ်၊ ပွဲ လမ်းသဘင်ဖြစ်သည် ရှိသော်၊ များစွာသောလူတို့၏ အစည်းအဝေး သည်ဖြစ်ပြီ၊ ထိုစဉ်အခါဘုရားဖူးဝင်သော ထိုရဟန်းသည်၊ လူတို့၏ အစည်းအဝေးသည်နှိပ်စက်အင်သည်ဖြစ်၍၊ ပခုံးထက်မှ ကျလျက်ရှိ သော ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို မမြင်မူ၍သာလျှင်၊ ထွက် သွားလေ၏။ ထွက်သွားပြီး၍လည်း ဖန်ရည်စွန်းသော အဝတ်သင်္ကန်း ကိုမမြင်သည်ရှိသော်၊ အဘယ်သူသည် ဤသို့သော လူအစည်းအဝေး ၌၊ ဖန်ရည်စွန်းသောအဝတ်သင်္ကန်းကိုရပါလိမ့်မည်နည်း။ ယခု ထိုဖန် ရည်စွန်းသောအဝတ်သင်္ကန်းသည်၊ ငါ့အား မဖြစ်တော့လတ္တံ့ဟု ဝန် ချခြင်းကိုပြု၍သွားလေ၏၊ ထိုအခါတပါးသော ရဟန်းသည် နောက်မှ လာ၍၊ အဝတ်သင်္ကန်းကိုတွေ့သည်ရှိသော်၊ ခိုးလိုသောစိတ်ဖြင့် ကောက် ယူ၍၊ တဖန် နှလုံးမသာသာသည်ဖြစ်၍။ ယခုအခါ ငါရဟန်းမဟုတ်

တော့ပြီ၊လူထွက်အံ့ ဟူသော စိတ်အကြံ ဖြစ်သော်လည်း၊ ဝိနည်းခိုရ် ပုဂ္ဂိုလ်တို့ကိုမေး၍၊သိအံ့ ဟု ကြံစည်မိလေ၏၊ ထေယျ စိတ်ဖြင့် ယူမိသောထိုရဟန်းသည်၊ သဗ္ဗပရိယတ္တိဓရ ဖြစ်သော ရှင်ဥပါသမန ထေရ်သို့ ကပ်၍ရှိခိုးလျက် အခွင့်တောင်း၍၊ မိမိကူကြုံရွှကို မေးလျှောက်ထားလေ၏။ဝိနည်းခိုရ်သည်၊အာဝတ်သက်နီးရှင်ဖြစ်သောရဟန်းကို အကယ်၍ဆောင်နိုင်ခဲ့သော်၊သင်၏ တည်ရာကို ပြုခြင်းငှါ စွမ်းနိုင်ရာပါ၏ဟုပြော၏။ ထေယျစိတ်ဖြင့် အာဝတ်သက်နီးယူမိသော ထိုရဟန်းသည်၊ ဝိနည်းခိုရ်မိန့်မှာတိုင်း၊ သက်နီးရှင်ရဟန်းကို တွေ့မြင်၍၊ မထေရ်ထံသို့ ဆောင်လေ၏။ဝိနည်းခိုရ်ပုဂ္ဂိုလ်သည်၊ ဤအာဝတ်သက်နီးသည် သင့်သက်နီးလောဟု မေးသည်ရှိသော်၊ မှန်ပါ-ဟုတ်ပါသည် ဘုရားဟု လျှောက်ထားလျှင်၊ သင်သည် အဘယ်အရပ်၌ ချထားအပ်သနည်းဟု မေး၏၊ရဟန်းသည်အလုံးစုံတို့ကိုပြန်လျှောက်ကြားလေသော်၊ ဝိနည်းခိုရ်ရှင်ဥပါသမနမထေရ်သည် သက်နီးရှင် ရဟန်းသည် ပြုအပ်သောဝန်ချခြင်းကိုကြားသိ၍၊ဤမှတပါးသောအာဝတ်သက်နီး ကောက်ယူသောရဟန်းကို၊သင်သည်အဘယ်အရပ်၌ တွေ့မြင်၍၊ ဤအာဝတ်သက်နီးကို ကောက်ယူအပ်သနည်းဟုမေး၏၊ ထေယျစိတ်ဖြင့် ကောက်ယူသောရဟန်းသည်၊လုံးဝဥဿုံ အကြောင်းစုံကိုလျှောက်ကြားလေ၏။ ဝိနည်းခိုရ် ရှင်ဥပါသမန မထေရ်သည် ကုက္ကုစ္စရဟန်းကို သင်သည် သုဒ္ဓစိတ်ဖြင့် ကောက်ယူခဲ့သည်ရှိသော် သင်အားအာပတ်မသင့်ရာ၊ထေယျစိတ်ဖြင့် ကောက်ယူသည်၏ အဖြစ်ကြောင့် သင့်အားသင့်သော ဒုက္ကဋ်အာပတ်ကို ဒေသနာကြားက အာပတ်မရှိ စင်ကြယ်သည်ဖြစ်ရာ၏။ ဤအာဝတ်သက်နီးကိုလည်း၊ မိမိဥစ္စာပြု၍၊ ဤသက်နီးရှင် ရဟန်းအား ပေးလော့ဟုဆုံးဖြတ်ချက်ချတော်မူ၏။ကုက္ကုစ္စဖြစ်သောထိုရဟန်းသည် အမြိုက်သုခါဘုတ်ဖြင့် သွန်းလောင်းသကဲ့သို့ ဖြစ်၍ လွန်စွာ သက်သာရာရသည်ဖြစ်ပေ၏။ ၊၊တပါးသော အကြောင်းဝတ္ထုတို့ကိုလည်းကြည့်ရှု၍ ဆုံးဖြတ်ရာ၏။

အဒိန္နံ ဟူသောအကျဉ်းဥဒ္ဒေသကို၊အကျယ်နိဒ္ဒေသပြု၍ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ။ယာထာရူပေအဒိန္နာဒါနေ(လ)တထာရူပံ။ ဟူသောပါဠိကို ဟောတော်မူသည်။ တနည်း။ ။ယထာရူ

ပေ အဒိန္နာဒါနေ စသော ပါဌ်သည် အသီး အင်္ဂါကို ပြကြောင်း ဖြစ်သော ပါဌ်မည်၏။

ယထာရူပေန္တိ ယထ-ရူပ ဟုနှစ်ပုဒ်ခွဲ၊ယထာ သဒ္ဒါသည် ယ-သဒ္ဒါ အနက်ကိုဟော၏။အနုရူပဝိဿာစသော အနက်တို့ကိုမဟော၊ရူပသဒ္ဒါသည် ဝေရူပါယ စသောပါဌ်တို့၌ကဲ့သို့ သဘောဟူသော အနက်ကို ဟော၏။ အဆင်းစသောအနက်ကိုမဟော။ ။ယထာရူပန္တိ ယထာ ဇာတိကံ။ ။ (ကင်္ခါ-ဋ္ဌ)

"ယထာယောရူပေါသဘာဝေါ တေသာတိယထာရူပံ" ဟု ပြု၍ အကြင်သို့သော ပါဒ ပါဒါရဟ အတိရေကပါဒသဘောရှိသော- အဒိန္န ဖြစ်သောဘဏ္ဍာကိုယူ။ ။ယထာရူပံနာမ ပါဒံဝါ ပါဒါရဟံဝါ- အတိရေကပါဒံဝါ။ ။ (ပ)

ယထာရူပဖြစ်သော အဒိန္နဘဏ္ဍာကို ပါဒမှစ၍ယူရသောကြောင့် ပါဒံဝါ-ပါဒါရဟံဝါ အတိရေကပါဒံဝါ။ဟု ဟောတော်မူသည်။ ။ တံပနယသ္မာပါဒတော ပဋ္ဌာယ ဟောတိ၊ တသ္မာပါဒံဝါ ပါဒါရဟံဝါ အတိရေကပါဒံဝါ။ ။ (ကင်္ခါ-ဋ္ဌ)

ထို သုံးပါးတို့တွင် ပါဒဖြင့် ကျပ်အသပြာ၏ လေးရမြောက်သော အတို့ဘာဂဟုဆိုအပ်သော အကပ္ပိယဘဏ္ဍာကို ပြတော်မူသည်။ ပါဒါရဟဖြင့် တမတ်ထိုက်သော ကပ္ပိယဘဏ္ဍာကို ပြတော်မူသည်။ အတိရေကပါဒဖြင့် နှစ်ပါးစုံသော အကပ္ပိယဘဏ္ဍာ,ကပ္ပိယ ဘဏ္ဍာကိုလည်း ပြတော်မူသည်။

ဤမျှအတိုင်းအရှည်ရှိသော ပါဒံဝါ- ပါဒါရဟံဝါ အတိရေကပါဒံဝါ-ဟူသောပါဌ်ဖြင့် အလုံးစုံသော အခြင်းအရာအားဖြင့် ဒုတိယပါရာဇိကလောက်သောဝတ္ထုကို ပြတော်မူသည်။ ။သဗ္ဗာဝတာသဗ္ဗာကာရေန ဒုတိယ ပါရာဇိကပ္ပဟောနကဝတ္ထု ဒဿိတံဟောတိ။ ။ (ကင်္ခါ-ဋ္ဌ)

ငါးပဲကို-တပါဒ-တမတ်ဟုဆို၏။ ။တေနခေါပနသမယေန ရာဇဂဟေ ပဉ္စမာသကော ပါဒေါဟောတိ၊ ။ (ကင်္ခါ-ပါ)

ထိုစဉ်အခါကာလ၌ ရာဇဂြိုဟ်ပြည်ဝယ် ဝဲနှစ်ဆယ်သည် တကျပ်ဖြစ်၏။ ထို့ကြောင့် အလုံးစုံသော ဇနပုဒ်တို့၌ ကျပ်အသပြာ၏ လေးရမြောက်သောအဘို့ကို **ပါဒ-တမတ်** ဟု ဆိုရာ၏။

> ပဉ္စမာသကော ပါဒေါတိ တဒါ ရာဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတိ၊ တသ္မာ ပဉ္စမာသကော ပါဒေါ၊ ဧတေန လက္ခဏေန သဗ္ဗဇနပဒေသု ကဟာပဏဿ စတုတ္ထော ဘာဂေါ ပါဒေါတိ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ-ဋ္ဌ)

ထိုပါဒ-ဟူသည်ကို ရှေး၌ဖြစ်သော-နီလကျပ်အသပြာ၏အစွမ်းဖြင့် သိရာ၏။ ရုဒြဒါမမည်သော တစုံတယောက်သော သူသည် ပြုအပ်သော ကျပ်အသပြာစသည့်တို့၏အစွမ်းဖြင့်မသိရာ။ ။သော စ ခေါ ပေါရာဏဿ နီလကဟာပဏဿ ဝသေန၊ န ရုဒြဒါမကာဒီနံ။ ။ (ကင်္ခါ-ဋ္ဌ)

**ဆောင် ၁။ ပဲနှစ်ဆယ်ကျပ်၊ ငါ၊ ပဲမှတ်၊ ကျမ်းမြတ်ဤသို့လာသတည်း။**

**၂။ နီလကျပ်သာ၊ ယူရန်လာ၊ မိန့်မှာအဋ္ဌကထာတည်း။**

**၃။ နီလကျပ်လာ၊ တမတ်မှာ၊ လောက်ရာပါရာဇိကတည်း။ ။**

ထိုအဋ္ဌကထာဖွင့် ဗာရာဏသီမြို့စသည့်တို့၌ ထိုထိုသို့သော မင်းတို့သည် ရှေး၌ဖြစ်သော ကျမ်းဂန်အစဉ်အလျော်စွာ ပြုလုပ်အပ်သော၊ ပဲနှစ်ဆယ်အတိုင်းအရှည်ရှိသောမြတ်သောရွှေစင်တန်ဖိုးရှိသော ကျပ်အသပြာကို **နီလကဟာပဏ**-ဟု သိရာ၏။

ရုဒြဒါမ မည်သော တစုံတယောက်သော သူသည် ပြုအပ်သော ကျပ်အသပြာကို **ရုဒြဒါမက** ကျပ်အသပြာဟုသိရာ၏။ ထိုရုဒြဒါမက ကျပ်အသပြာသည် နီလကျပ်အသပြာ၏ **သုံးဘို့, သုံးဘာဂ တန်သည်**ဟု ဝိမတိ၌ ပြဆို၏။

> ပေါရာဏဿ နီလကဟာပဏဿာနုရူပံ ဥပ္ပါဒိတော ဝီသတိ မာသပ္ပမာဏော ဥတ္တမသုဝဏ္ဏာဿ နီလကဟာပဏောတိ ဝေဒိတဗ္ဗော၊ ရုဒြဒါမေန နာမ ကေနစိ ဥပ္ပါဒိတော ရုဒြဒါမကော၊ သောကိရ နီလကဟာပဏဿ တိဘာဂံ အဂ္ဃတိ။ ။(ဝိ)၊ ။ဝဇိရဗုဒ္ဓိ၊ သာရတ္ထဋီကာတို့၌၊ ထို့အတူဖွင့်ပြကြ၏။

ထိုသို့ဖွင့်ပြကြသော်လည်း၊ ပေါရာဏဿနုရူပဖြစ်သော၊ နီလကဟာပဏအသပြာပြုလုပ်ပုံကိုကားမဖွင့်ပြကြချေ။

ဝဇိရဗုဒ္ဓိဆရာကား၊ ရုဒြဒါမက ကျပ်အသပြာ၏ တမတ်သည်၊ ထုလ္လစ္စဉ်းဝဇ္ဇမည်၏။ ဤအရာ ၌ ကားနိုင်းယှဉ်ကြောင်း မဟုတ်ဟု

ဖွင့်၏။ ။ပါဒေါ်ထုလ္လစ္စယ ဝဏ္ဏုဟောတိ၊ မာသကောပန ဇုနဲအပ္ပ မာဏံ။ ။(၀)

ဝိမတိဆရာသည်၊အကြွင်းအရပ်ဝယ်၊နီလကဟာပဏ၊ ကျပ်အသ ပြာသုံးခြင်းမရှိကုန်၊ထိုအရပ်တို့၌လည်း၊ မည်းညက်သော အညစ် အ ကြေးမှကင်းသော၊ဟိုးပြီးသော့်ပြီးသော်းနိဿက္ကာရွှေ၏၊ ငါးပဲအဘိုးထိုက် တန်သောဘာဏ္ဍာဖြင့်၊ပါဒ အပိုင်းအခြားကို ပြုရမည် ဟု နီလကဟာ ပဏ၊ ကျပ်အသပြာနှင့်။ နိဿက္က၊ ရွှေစင်ကဟာပဏကျပ်အသပြာအ ဘိုးတူကြောင်းကို ဖွင့်ပြ၏။

.. ယသ္မိံပနဒေသေနီလကဟာပဏာ နသန္တိ၊ တတ္ထာပိကာဠကစ်ရဟိတဿ နိဒ္ဒန္တ သုဝဏ္ဏဿ ပဉ္စ မာသဃ်ိန ကေန ဘဏ္ဍေန ပါဒ ပရိစ္ဆေဒေါ ကာ တဗ္ဗော။ ။(၀)

**ဆောင်။ ၁။ နီလကဟာ၊နိဒ္ဒန္တာ၊ကျပ်မှာဘိုးတူပြ။**

**၂။ ရွှေစင်တမတ်၊ငွေငါးကျပ်နှင့်၊ လောက်လတ်ဝဏ္ဏု၊ အ မိန့်ပြု၊မှတ်ရှုဝိမတိ။**

ဥတ္တရဝိနိစ္ဆယ၊ဋီကာဆရာသည်။ ရွှေစင်တမတ်၊ငွေစင်တမတ်၊ ကြေးနီစင်နှစ်မတ်ဘိုကိုရောနှောစေ၍၊ ဘွဲ့စပ်စေရန်အကျိုးငှါ၊ တရ သောစပါးလုံးအချိန်ပမာဏရှိသော၊ခဲမစင်သံကိုသည့်၍၊ တရသော အမှတ်တံဆိပ် ခပ်နှိပ်ထင်စေသျက် ပြုအပ်သော ကျပ်အသပြာကို၊ **နီလကဟာပဏ** ဟု ရှေးကျမ်းတို့၌ပြဆိုသည်ဟုမိန့်၏။

ထိုကြောင့်ဥတ္တရဝိနိစ္ဆယဋီကာ၌၊

ဟေမပါဒိ သဇ္ဈုပါဒိ တမ္ဗပါဒဒွယံ ဟိ သော။

မိဿေတွာ ရူပမပ္ပေတွာ ကာတုံသတ္ထေသုဒဿိတော။

ဟု ဖွင့်ဆိုတော်မူ၏။ ။

ဟိသဒ္ဒေါ၊မှန်၏။ဟေမပါဒိ၊ ရွှေစင်တမတ်ကိုလည်းကောင်း။ သဇ္ဈု ပါဒိ၊ ငွေစင်တမတ်ကိုငင်း။ တမ္ဗပါဒဒွယံ၊ ကြေးနီစင်နှစ်မတ်ကိုငင်း။ မိဿေတွာ၊ရော၍။ ရူပံ၊တစုံတခုသောတံဆိပ်ကို။ အပ္ပေတွာ၊ဖြစ်စေ ၍။ဝါ၊ထင်စေ၍၊ကာတုံ၊ပြု၊သော၊ထိုနီလကဟာပဏကို။ သတ္ထေသု၊ ပေါရာဏကျမ်းတို့၌။ဒဿိတော၊ပြအပ်၏။ဤသို့နီလကဟာပဏသည်

ပကတိသော ဝဏ္ဏမျိုးမဟုတ်၊ ဆိုအင်ပြီးသော ဝဏ္ဏမျိုးတို့ကို ရောစင်၍ အထူးပြုအင်သော ဝဏ္ဏမျိုးဟုမှတ်။

ထိုနီလကဟာပဏ၏။ လေးဘို့တဘို့ဟု ဆိုအပ်သောပါဒသည်၊ ရွှေစင် နှစ်ဆယ်သော စပါးလုံး အချိန်ပမာဏ အဘိုးထိုက်သည်ဟု သိရာ၏။ ။

ထို့ကြောင့် ဥဏ္ဏရဝိနိစ္ဆယဋီကာ၌။

> ဓောဝုဋ္ဌတိဒေါသော၊နိဒ္ဒေါသဋ္ဌာ တထာဂိတော၊
> တဿပါဒေါသုဝဏ္ဏဿဝိသတိဝီဟဿနကောမတော။ ။
> ဟု ဖွင့်ဆိုတော်မူ၏။ ။

ဒေါသော အပြစ်ကို။ဓောသ၊ဓောဟူ၍။ ဝုဋ္ဌတိ၊ဆိုအင်၏၊ နိဒ္ဒေါသဋ္ဌာ၊ အပြစ်မရှိသည်၏အဖြစ်ကြောင့်။တထာဂိတော၊ထိုနီလဟုဆိုအပ်သော။ တဿ၊ထိုနီလကဟာပဏ၏။ပါဒေါ၊လေးဘို့တဘို့ဟု ဆိုအင်သောပါဒကို။ သုဝဏ္ဏဿ၊ရွှေစင်၏။ ဝိသတိဝီဟဿနကော၊ နှစ်ဆယ်သောစပါးလုံးအချိန်ပမာဏထိုက်၏ဟူ၍။မတော၊သိအင်၏။

ဤအရာဝယ်။ စတ္တာရောဝိဟယော ဂုဉ္ဇာ၊ ဒွေဂုဉ္ဇာမာသကောဘဝေ။ ။စတ္တာရော၊လေးလုံးကုန်သော။ ဝိဟယော။ စပါးတို့သည်။ ဂုဉ္ဇာ၊တခြင့်ရွေးတို့မည်ကုန်၏။ ဒွေဂုဉ္ဇာ၊ နှစ်ခြင့်ရွေးတို့သည်။ မာသကော၊ဘဝေသည်။ဘဝေ၊ဖြစ်၏။

ဤသို့ အပိုင်းအခြားအဆုံးအဖြတ်သားသည်နှင့်အညီ။ မိဿက ဟုဆိုအင်သော၊နီလကျပ်အသပြာတို့၌၊မြောက်ပွား ထောက်ထား၍၊ မဆုံးဖြတ်ရာ၊လှော်ပြီးဦးပြီးသောပဲနှစ်ဆယ်ကို၊ **သုဝဏ္ဏကျပ်အသပြာ** ဟု ဆို၏။ ။ထိုသုဝဏ္ဏကျပ်အသပြာ တပဲတပဲသည်၊စပါးလုံး ရှစ်လုံးရှစ်ခုရှိသည်ဖြစ်၍၊ ပဲနှစ်ဆယ်ကို ရှစ်နှင့်မြှောက်လျှင်။ ရှစ်နှစ်လီ ဆဲ့ခြောက်ဖြစ်သောကြောင့်၊တရာ့ခြောက်ဆယ်သောစပါးလုံးသည် သုဝဏ္ဏကျပ်အသပြာဖြစ်၏၊

ရွှေငါးပဲ၊ငွေငါးပဲ၊ကျေးနီဆယ်ပဲ၊ ဤပဲနှစ်ဆယ်တို့ကိုရောစပ်ရန်၊ တံခုသောစပါးလုံးပမာဏရှိသောသံကိုထည့်၍။ ဆင်တံဆိပ်စသော

တံဆိပ်ကိုထင်စေလျက်၊ပြုလုပ်အပ်သောကျင်အသပြာကို၊ မိဿက ဟု ဆိုအပ်သော နီလကျင်အသပြာဟု ဆို၏။ ။ထိုနီလကျင်အသပြာ၏တပဲ့ တပဲ့သည်၊ စပါးလုံးရှစ်လုံးရှစ်ခုရှိပြန်၍၊ ပဲနှစ်ဆယ်ကို ရှစ်နှင့်မြှောက်ပြန်လျှင်၊ရှစ်နှစ်လီဆဲ ခြောက်ဖြစ်သောကြောင့်။ စပါးလုံးပေါင်း တရာ့ခြောက်ဆယ်သည် နီလကျင်အသပြာဖြစ်၏။ စပါးလုံးလေးဆယ်သည်တမတ်ဖြစ်၏။

ထိုသို့ချောစင်ပြုလုပ်၍အဘိုးအနည်းငယ်ထိုက်သော၊နီလကျင်အသပြာသည်၊ နိဒ္ဓန္တရွှေအစစ်နှင့် အချိန်တူ အဘိုးတူ ထိုက်သည်ဟူသောအဓိပ္ပါယ်သို့ရောက်သောကြောင့်၊မဆိုးဖြတ်ရာဟု ဆိုခဲ့၏။သို့ဖြစ်၍၊ကဟာပဏ၊ဟူသမျှတို့၏အချိန်ပမာဏကို၊ဇာတ်အဋ္ဌကထာ သုတ်အဋ္ဌကထာတို့၌လာသည့်အတိုင်း၊ လေးစပါးကို တရွေးထားပြီးလျှင်၊ လေးရွေးတပဲ၊ငါးပဲ့တပါဒ၊လေးပါဒကိုတကျပ်ဟု မှတ်ယူရာသည်။

စပါးသုံးအားဖြင့်မြှောက်ပွားသည့်၌သော်၊ တပဲတပဲလျှင် တဆဲ့ခြောက်လုံးသော စပါးသုံးရှိသည် ဖြစ်သောကြောင့်၊ ငါးပဲကိုတဆဲ့ခြောက်နှင့် မြှောက်လျှင်၊ စပါးသုံးရှစ်ဆယ်သည်၊ **ပါဒတမတ်** ဖြစ်လေ၏။ ။လေးမတ်ကို၊ရှစ်ဆယ်နှင့်မြှောက်လျှင်၊ စပါးသုံးသုံးရာနှစ်ဆယ်သည်တကျပ်ဖြစ်၏။ ထို့ကြောင့် နီလတပါဒက် စပါးလုံး ရှစ်ဆယ်၊သုဝဏ္ဏရွှေအားဖြင့်၊ စပါးသုံး နှစ်ဆယ်သာထိုက်သည်ဟု ပြလိုရင်းဖြစ်သည်။

ဤဝိနိစ္ဆယ ဋီကာအလိုအားဖြင့်၊ နီလတပါဒ ထိုက်သောဘဏ္ဍာကို၊ဂရုဘဏ်ဖြစ်၍ **ပါရာဇိက** ဟူလို။ ။နီလမရှိသော အရပ်ဒေသတို့၌၊ရွှေစင်ငါးရွေး၊စပါးလုံး နှစ်ဆယ်ထိုက်သော ဘဏ္ဍာကို၊ ဂရုဘဏ်ဖြစ်၍ ပါရာဇိကဟူလို။ ။ရွှေဈေးအားဖြင့်၊ ရွှေစင် တကျပ်သားလျှင်၊နှစ်ဆယ်ဈေးဖြစ်သော်၊နှစ်ကျပ် ရှစ်ပဲ ထိုက်သော ဘဏ္ဍာကို ဂရုဘဏ်ဖြစ်၍ ပါရာဇိကဟူလို။

မိုးထားဆရာတော်ကား၊ ဝိမတိလာတိုင်း။ **ရွှေစင်တမတ်-ငွေငါးကျပ်** ဆိုသော်လည်း၊ယခုအခါ ငွေဒင်္ဂါးများသည်၊ ခနစ်မူးသာရှိ၍၊ ယခုငွေငါးကျပ်ကိုမယူနှင့်၊ အချိန်ငါးကျပ်ပြည့်အောင် ထည့်စွက်၍ ယူရမည်ဟုမိန့်၏။

မိုင်းကိုင်း ဆရာတော်ကား၊ ဝိနိတဝဏ္ဏုတို့၌ အနည်းငယ်သော ဆတ်တဆုပ်စသည်ကို၊ခိုးယူရာ၌ မြတ်စွာဘုရားကိုယ်တော်တိုင် ပါရာဇိကာဆုံးဖြတ်တော်မူသောကြောင့်၊ဝိမတိအလို ရွှေစင်တမတ်-ငွေငါးကျပ်သည်များလွန်းသည်၊သို့ဖြစ်၍ နှစ်ကျပ်ခြောက်မူးမျှ ဖြင့်၊ဆုံးဖြတ်ရမည်ဟု မိန့်၏။သို့သော်လည်း၊မိမိအတွက်မှာသာဖြစ်၏။ ဆုံးဖြတ်ကြသူများအတွက်မှာမူ။ ဝိမတိလာ့ထိုင်းဆုံးဖြတ်မှုအဓိကရုဏ်းငြိမ်းမည်ဟုမိန့်ပြန်လေ၏။

ဝိနိစ္ဆယဋီကာ၏အလိုမှာ၊နီလတပါဒ၊တပါဒထိုက်သော ရွှေစင်ငါးရွေး၊၅၊ရွှေစင်ငါးရွေးကားမြဲ၏။ရွှေစင်ငါးရွေးထိုက်သော ငွေကားမမြဲ၊သို့ဖြစ်၍ ကာလဒေသအားလျော်စွာ၊ ရွှေစင်ငါးရွေးထိုက်သော ငွေဖြင့်ဆုံးဖြတ်ရာ၏။

ဆောင်။ ၁။ လေးစပါးကို၊တရွေးဆို၍၊မှတ်လိုလေးရွေးတပဲပေးတည့်
ငါးပဲပြည့်မတ်၊လေးရှဉ့်ကျပ်၊ကျမ်းမြတ်အမိန့်မှာ။

၂။ နီလာပါဒ၊စပါးပြသော့ လုံးကရှစ်ဆယ်၊ နှစ်ဆယ်ကွယ်
ရွှေ၊အမိန့်ခြွေသိလေဝဏ္ဏုလောက်။

၃။ နီလမရှိ၊ဒေသကြည့်ရာ၊ပြုဘိရွှေစင်၊ ငါးရွေးပင်တည့်၊
စပါးကြည့်ဖြစ်၊အပြည့်နှစ်ဆယ်၊မှတ်ရစ်ကွယ်၊လောက်
ဘွယ်ဝဏ္ဏုသာ။

တပဲ၊တပဲအောက်အယုတ်ဖြစ်သောပစ္စည်းဘဏ္ဍာကို ခိုးယူသောရဟန်းအား၊ဒုက္ကဋ်အာပတ်သင့်၏။တပဲထက်အလွန် ငါးပဲအောက် အယုတ်ဖြစ်သော ပစ္စည်းဘဏ္ဍာကို ခိုးယူသော ရဟန်းအား၊ ထုလ္လစ္စည်းအာပတ်သင့်၏။

**ဆောင်။ ။တပဲဘဏ္ဍာ၊ ပဲအောက်လာယုတ်၊ ခိုးခါထုတ်၊ သိမ်းအုပ်ဒုက္ကဋ်သာ။**

**တပဲထက်လွန်၊ငါးပဲမွန်ယုတ်၊ခိုးစွန်ထုတ်၊ သိမ်းအုပ်ထုလ္လစ္စည်း**

ရာဇာနေ၁-ဟူသောပါဠိ၌၊လေးကျွန်းအလုံးကိုသိမ်းကြုံး၍ အစိုးရသောမဟာသုဒဿန စကြာမင်းမျိုးကဲ့သို့သော ပထဗျာ ရာဇမင်းကို ရာဇာ ဟုယူရ၏။သီဟိုဠ်ကျွန်းကိုအစိုးရသော၊ဒေဝါနံပိယတိဿမင်း

ကဲ့သို့သော တကျွန်းကိုစိုးမိုးပိုင်သအနိုင်ရသော ပထဗျာရာဇမင်းကိုလည်း ရာဇ ဟု ဆို၏။ ဗိမ္ဗိသာရမင်း, ပသေနဒီ ကောသလမင်း စသည့်တို့ကဲ့သို့တကျွန်း၏ တစိတ်တဒေသသော အရပ်ကို အစိုးရသောပဒေသရာဇ်မင်းကိုလည်း ရာဇဟု ဆို၏။ တကျွန်း၏အစိတ်အပိုင်း၌လည်း၊တဝန်းတလျားသောအရပ်ဒေသများကို၊စိုးမိုးပိုင်သ အနိုင်ရသော မဏ္ဍလိကမင်းကိုလည်း ရာဇဟု ဆို၏။နှစ်ဦးသော ပြည်ထောင်မင်းတို့၏ နိုင်ငံအကြား၌' တရွာ နှစ်ရွာတို့ကို အစိုးရသော၊ အန္တရဘောဂိကမင်းကိုလည်း ရာဇ ဟုဆို၏။ တရားစီရင်ဆုံးဖြတ်တတ်သောအက္ခဒဿ အမတ်ကိုလည်း ရာဇဟုဆို၏။ထိုထိုသို့သော ရွာနိဂုံးတို့၌ နေထိုင်၍မင်းကိစ္စကို ဆောင်ရွက်သော ရာထူးရှိသော အမတ်ကြီးကိုလည်း ရာဇဟုဆို၏။

ရာဇာနောနာမ ပထဗျာရာဇာ ပဒေသရာဇာ မဏ္ဍလိကာ အန္တရဘောဂိကာ အက္ခဒဿာ မဟာမတ္တာ။ ။(ပ)

ဖြတ်ကြောင်း၊ဖေါက်ခွဲကြောင်းဖြစ်သော၊ထားလက်နက်ကို ပြု၍ ဆိုဆုံးမ တတ်သော မင်းတို့ကိုလည်း ရာဇဟု ဆို၏။ ။ယေဝါပန ဆေဇ္ဇ ဘေဇ္ဇံ ကရောန္တာ အနုသာသန္တိ၊သေဝေဇာနောနာမ။။(ပ)

အက္ခဒဿာဟူသောပုဒ်၌၊ အက္ခသဒ္ဒါသည် တရားစီရင်ဆုံးဖြတ်ရာရုံးကိုဟော၏။အက္ခဒဿ သဒ္ဒါသည်၊ တရားစီရင် ဆုံးဖြတ်တတ်သောအမတ်ကိုဟော၏။

အက္ခဒဿာတိဧတ္ထ အက္ခသဒ္ဒေန ကိရဝိနိစ္ဆယဿာလာဝုစ္စတိ၊တတ္ထနိသီဒိတွာ ဝဇ္ဇာဝဇ္ဇံပဿန္တီတိ အက္ခဒဿာဝုစ္စန္တိ ဓမ္မဝိနိစ္ဆနကာ။ ။(သာ)

စောရံပါဒ်၌၊ငါးပဲ-ငါးပဲထက်အလွန် အဘိုးထိုက်တန်သော၊ အရှင်သည်ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော ပစ္စည်းဘဏ္ဍာကို ထေယျစိတ်ဖြင့်ခိုးယူသောသူကို **သူခိုး** ဟုဆို၏။

စောရာနာမယောပဉ္စမာသကံဝါ အတိရေက ပဉ္စမာသကံဝါ၊ အဒိန္နကံ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ၊သောစောရောနာမ။ ။(ပ)

ဟာနေယျုံဝါ၌၊ လက်ဖြင့်ရင်း၊ ခြေဖြင့်ရင်း၊ နှင်တံတပြာဖြင့်ရင်း၊ ကြိမ်လုံးဖြင့်ရင်း၊နှစ်တောင်အတိုင်းအရှည်ရှိသော၊ တိုသောဆောက်ပုတ်ဖြင့်ရင်း၊ ဝါးခြမ်းစိပ်မှိန်းဖြင့်ရင်း၊ ထောင်းထုရိုက်နှက် ကိုးလျက်

သတ်ပုတ်ကြောင်း ဖြစ်သော ဓားလက်နက်ဖြင့်၊ ဦးခေါင်း နှာခေါင်း စသည်ကိုဖြတ်ခြင်းကို၊ **ဟနန-သတ်ခြင်း** ဟုဆိုလိုသည်။

ဟနေယျုံဝါတိ၊ ဟတ္ထေနဝါ ပါဒေနဝါ ကသာယဝါ ဝေတ္တေနဝါ အဍ္ဎုဒဏ္ဍကေနဝါ ဆေဇ္ဇာယဝါ ဟနေယျုံ။ ။(ပ)

ဟနေယျုန္တိ ပေါထေယျုံဧဝ ဆိန္ဒေယျုံဝါ။ ။(ကင်္ခါ-ဋ္ဌ)

ဟနနံ နာမ ဟတ္ထပါဒါဒီဟိ ပေါထနဉ္စေဝ ဟတ္ထ နာသာဒိနံ ဆေဒနဉ္စ ဟောတီတိအာဟ၊ ဟနေယျုန္တိ ပေါထေယျုံဧဝ ဆိန္ဒေယျုံ ဝါတိ။ ။(ဋီ)

ပဒဘာဇနီပါဠိတွင် အဍ္ဎုဒဏ္ဍကသဒ္ဒါသည်၊ နှစ်တောင်အတိုင်း အရှည်ရှိသောတိုသောဆောက်ပုတ်ကိုဟော၏။ တနည်း၊ ဝါးခြမ်းစိပ် မြှိန်းကိုဟော၏။ ။တတ္ထအဍ္ဎုဒဏ္ဍကေနာတိ ဒွိဟတ္ထပမာဏေန ရဿ မုဂ္ဂရေန၊ ဝေဠုပေသိကာယဝါ။ (ဋီ)

ဆေဇ္ဇာယပုဒ်၌။ "**ဆိန္ဒန္တိ ဧတာယ ဟတ္ထပါဒါဒိနီတိ ဆေဇ္ဇာ**" ဟု ပြု၍၊ လက် ခြေစသည်တို့ကို ဖြတ်ကြောင်းဖြစ်သော ဓါးလက်နက်ကို ယူ။ ။ဆေဇ္ဇာယဝါတိ ဟတ္ထာဒီနံ ဆေဒနေန ဆိန္ဒန္တိ ဧတာယ ဟတ္ထပါဒါဒိနီတိ ဆေဇ္ဇာ သတ္ထံ၊ တေန သတ္ထေနာတိ အတ္ထော။ ။(ဋီ)

ဗန္ဓေယျုံဝါပါဠိ၌၊ ဖွဲ့ချည်ကြောင်းဖြစ်သော ကြိုး၊ နှောင်အိမ် သံခြေကျင်း၊ ဆင်ထူး၊ အိမ်၊ မြို့၊ ရွာ၊ နိဂုံးတို့ဖြင့် ဖွဲ့ချည်နှောင်တုပ်၍ထား ခြင်းကို **ဗန္ဓန** ဟု ဆို၏။ တနည်း။ ပုရိသဂုတ္တ ယောကျ်ား အစောင့်အရှောက်ကို ဗန္ဓနဟုဆိုလိုသည်။

ဗန္ဓေယျုံဝါတိ ရဇ္ဇု ဗန္ဓနေနဝါ အန္ဒုဗန္ဓနေနဝါ သင်္ခလိကာဗန္ဓနေနဝါ ဃရဗန္ဓနေနဝါ နဂရဗန္ဓနေနဝါ ဂါမ ဗန္ဓနေနဝါ နိဂမဗန္ဓနေနဝါ ဗန္ဓေယျုံ ပုရိသဂုတ္တိံဝါ ကရေယျုံ။ -(ပ)

ပဗ္ဗာဇေယျုံဝါ၌၊ ရွာနိဂုံး၊ မြို့ဇနပုဒ် ဇပုဒ်၏ တစိတ်တဒေသသော အရပ်၊ တိုင်းနိုင်ငံတို့မှ နှင်ထုတ်သည်ကို **ပဗ္ဗာဇန** ဟုဆိုလိုသည်၊

ပဗ္ဗာဇေယျုံဝါတိ ဂါမာဝါ နိဂမာဝါ နဂရာဝါ ဇနပဒါဝါ ဇနပဒ ပဒေသာဝါ ပဗ္ဗာဇေယျုံ။ ။(ပ)

ပဗ္ဗာဇေယျုန္တိ နီဟရေယျုံ။ ။(ကင်္ခါ ဋ္ဌ)

နီဟရေယျုန္တိ၊ ရဋ္ဌတော နီဟရေယျုံ။ ။(ဋီ)

စောရောသိဗာလောသိ မူဠှောသိ ဟူသောစကားသည်—ဆဲရေး

ငေါက်ငန်းသောစကားမည်၏။ စောချောသိဗာလေသာသိ မုဋ္ဌေသာသိတိ ပရိဘာသေသာဝေသော။ ။ (ပ)

စောချောသိ ဗာလေသာသိမုဋ္ဌေသာသိတိ ဟူသောစကားကို ဆိုပြီး၍၊ ပရိဘာသေယျဟူသောပုဒ်ကိုထုတ်ဆောင်၍ အနက်ကိုသိမှတ်ရာ၏။ တွ သင်သည်။စောချော၊ခိုးတတ်သည့်၊အသိ၊ ဖြစ်၏။ဗာလော၊ မိုက်သည့်၊အသိ၊၏။မုဋ္ဌော၊တွေဝေသည်။အသိ။၏။ဣတိဝေ၊၍သို့၊တနည်း။ ဣတိ ဣမေဟိပကာရေဟိ၊၍သို့အပြားရှိသောစကားတို့ဖြင့်၊ တနည်း။ ဣတိအာဒိဝစနေဟိ၊၍သို့အစရှိသောစကားတို့ဖြင့်၊ ပရိဘာသေယျ၊ ရေရွတ်ဆဲရေးကုန်ရာ၏ဟု အနက်ပေး။

ဟနေယျုံဝါ စသောပါဠိတို့၌၊တည်သောဝါသဒ္ဒါသည်၊အနိယမ အနက်ရှိ၏။ ဝါ၊သဒ္ဒါဖြင့် သတ်ကုန်ရာ၏၊ မသတ်သော် နှောင်ဖွဲ့ကုန်ရာ၏။ မနှောင်ဖွဲ့သော်-နှင်ထုတ်ကုန်ရာ၏။ မနှင်ထုတ်သော်-ဆဲရေးကုန်ရာ၏ဟု ပြဆိုလိုသည်။

အာဒိယမာနေ၌ “ပဉ္စဝိသတိယာ အဝဟာရေဟိ အာဒိယတိ ဂဏှာတိတိ အာဒိယမာနော”ဟု ပြု၍ နှစ်ဆဲ့ငါးပါးသော ခိုးခြင်းတို့ဖြင့် ခိုးယူသောရဟန်းကိုယူ။

> အာဒိယမာနောတိ အာဒိယမာနော ဟရမာနော အဝဟရမာနော ဣရိယာပထံ ဝိကောပယမာနော ဌာနာစာဝယမာနော သင်္ကေတံဝီတိနာမယမာနော။ ။(ပ)

အာဒိယမာနောပုဒ်သည်၊ဟေတုမန္တဝိသေသနကိုညွှန်းသော ပုဒ်မည်၏။ထိုကြောင့် အာဒိယမာနော၊နှစ်ဆယ်သောခိုးခြင်းတို့တွင် တပါးပါးဖြင့်ခိုးသောကြောင့်ဟု အနက်ပေး။

အယမ္ပိ ဟူသောပါဠိ၌၊အပိသဒ္ဒါသည်၊ သမ္ပိဏ္ဍန အနက်ရှိ၏။ထို အပိသဒ္ဒါဖြင့်၊သက်သက်မေထုန်ကိုမှီ၍သောကြောင့်သာလျှင် ပါရာဇိကကျသည်မဟုတ်သေး၊စင်စစ်သော်ကား။ပါဒ-ပါဒါရဟ ဖြစ်သော အဒိန္နဘဏ္ဍာကို ထေယျစိတ်ဖြင့်ခိုးယူသောကြောင့်လည်း၊ပါရာဇိကကျ၏ဟူသောအနက်ကို ပြတော်မူသည်။ ။အယမ္ပိတိ ပုရိမံဥပါဒါယ ဝုစ္စတိ။ (ပ)

ကြာမြင့်စွာတည်ထားအင်သောအိုး၌ ပေါက်သော သစ်ထင်းနွယ်ကို၊ဖြတ်သောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။ ။တဗ္ဗဇာဘာကံ ကဠံ့ဝါလတံဝါ ဆိန္ဒတိ အာပတ္တိဒုက္ကဋဿ။ (ကင်္ခါ-ပါ)

ပါဠိတော်တို့တွင် တဗ္ဗဇာတံကံ၌၊အဋ္ဌကထာဆရာသည်၊ တဗ္ဗဇာတကဉ္စ ဇိရနိဟိတာသ ကုရုန္တိယာ ဥပရိဇာတကံဟုဖွင့်ဆိုတော်မူ၏။

ဥပလက္ခဏာ နည်းပြဖြစ်သော၊ကဠံ့ဝါ-လတံဝါ၊ဟူသောပါဌ်ဖြင့် စိမ်းသိုသောမြက်သစ်ပင်၊နွယ်စသည်ကိုလည်းကောင်း၊ ခြောက်သော မြက်သစ်ပင်နွယ်စသည်ကိုလည်းကောင်း၊သိမ်းကြုံး၍ယူရ၏။

> ကဠ္ဌံ ဝါ လတံဝါတိ နကေဝလံ ကဋ္ဌလတမေဝ၊ယံကိဉ္စိ အလ္လံ ဝါ သုက္ခံ ဝါ တိဏရုက္ခလတာဒိံ ဆိန္ဒန္တဿ သဟပယောဂတ္တာ ဒုက္ကဋမေဝ ဟောတိ။ (ကင်္ခါပါ)။

ကဠံ့ဝါလတံဝါတိ၊ကဠံ့ဝါလတံဝါဟူသည်ကား။ကေဝလံ၊ သက်သက်။ကဋ္ဌလတမေဝ၊သစ်ထင်းနွယ်သည်သာလျှင်။ န၊ မဟုတ်သေး။ ယံကိဉ္စိ၊အလုံးစုံသော။အလ္လံ ဝါ၊ စိုစွတ်သည်လည်းဖြစ်သော။သုက္ခံဝါ ခြောက်သည်လည်းဖြစ်သော။ တိဏရုက္ခလတာဒိံ၊ မြက်သစ်ပင်နွယ် စသည်ကို၊ဆိန္ဒန္တဿ၊ ဖြတ်သောရဟန်းအား။ သဟပယောဂတ္တာ၊ သဟပယောဂ၏အဖြစ်ကြောင့်။ဒုက္ကဋမေဝ၊ဒုက္ကဋ်အာပါတ်သည်သာလျှင်။ဟောတိ၊ဖြစ်၏။

ဤအရာဝယ်၊ပုဗ္ဗပယောဂဒုက္ကဋ် သဟပယောဂဒုက္ကဋ်တို့၌၊မတွေမဝေစေရန်အကျိုးငှါ၊သုတ်,အဘိဓမ္မာ၊ ဝိနည်းကို ပေါင်းစုရွတ်ကာ၊ သင်္ဂါယနာတင်ကြကုန်သောမထေရ်တို့သည်။

> အဋ္ဌဝိဓံ ဟောတိ ဒုက္ကဋံ နာမ ရူပသိုံ့ဌာနေ သမောဓာနေတွာ ထေရေဟိ ဒဿိတံ ပုဗ္ဗပယောဂဒုက္ကဋံ သဟပယောဂဒုက္ကဋံ အနာမာသ ဒုက္ကဋံ ဒုရူပစိဏ္ဏဒုက္ကဋံ ဝိနယဒုက္ကဋံ ဉာတဒုက္ကဋံ ဉတ္တိဒုက္ကဋံ ပဋိဿဝဒုက္ကဋန္တိ။

ဟု ပေါင်း၍ဖွင့်ဆိုတည်ထားကြကုန်၏။

ဟိသည့်၊ယံကိဉ္စိ။ လ။ဟောတိ ဟူသောစကားသင့်၏။ ရူမသိုံ့ဌာနေ၊ ဤအရာဌာန၌။သမောဓာနေတွာ၊ပေါင်း၍၊ထေရေဟိ၊ ဓမ္မသင်္ဂါ

ဟာက,မထေရ်တို့သည်။ ဒသိတံ၊ ပြအပ်သော။ တေဒုက္ကဋံနာမ၊ ဤဒုက္ကဋ်မည်သည်ကား။ပုဗ္ဗပယောဂဒုက္ကဋံ၊ ခိုးခြင်းပယောဂ၏ ရှေးဦးစွာသင့်သော ဒုက္ကဋ် အာပတ်ရင်း။ သဟပယောဂဒုက္ကဋံ။ ခိုးခြင်း၏ပယောဂနှင့်တကွ ဖြစ်သောကြောင့် သင့်သောသဟပယောဂ ဒုက္ကဋ်ရင်း၊အနာမာသဒုက္ကဋံ၊ မသုံးသပ်အပ်သော၀တ္ထုကြောင့်သင့်သောအနာမာသ ဒုက္ကဋ်ရင်း။ ဒုရုပစိဏ္ဏဒုက္ကဋံ၊ မကောင်းစွာ ကျင့်အပ်သောကြောင့်သင့်သော ဒုရုပစိဏ္ဏဒုက္ကဋ်ရင်း။ ဝိနယ ဒုက္ကဋံ၊ ဝိနည်း၌ဖြစ်သောဒုက္ကဋ်အာပတ်ရင်း။ ဉာတဒုက္ကဋံ၊ သံဃာသင်းခွဲအံ့ဟု လုံ့လပြုသည်ကိုကြားသိလျက်၊မဆိုမဆုံးမသောသီတင်းသုံးဘော်ရဟန်းအားသင့်သော ဒုက္ကဋ်အာပတ်ရင်း။ ဉတ္တိဒုက္ကဋံ၊ တဆဲ့တပါးသော ဉတ်ကမ္မဝါစာရွတ်၍သံဃာဆုံးမခြင်းတို့တွင် ဉတ်ရွတ်သောခဏ၌သင့်သောဒုက္ကဋ်အာပတ်ရင်း။ပဋိဿဝဒုက္ကဋံ၊ ဝန်ခံခြင်းကြောင့် ဝန်ခံချက်ပျက်၍သင့်သော ဒုက္ကဋ်အာပတ်ရင်း။ဣတိ၊ သို့။အဋ္ဌဝိဓံ၊ သည်။ ဟောတိ၊ ၏။ ။

ထိုရှစ်ပါးသောဒုက္ကဋ်တို့တွင် သေယျထိဒံ ဒုတိယံ၀ါ ကုဒါလံ၀ါ ပိဋကံ၀ါ ပရိယေသတိ၊ဂစ္ဆတိ၀ါ အာပတ္တိဒုက္ကဋဿဟု ပညတ်အပ်သော၍ဒုက္ကဋ်သည် **ပုဗ္ဗပယောဂဒုက္ကဋ်** မည်၏။

သေယျထိဒံ၊ခိုးတတ်သောသူ၏အဖြစ်ဟုဆိုအပ်သော စိတ်အစရှိသည့်ဖြစ်၍။ဒုတိယံ၀ါ၊အဖော်ကိုရင်း။ကုဒါလံ၀ါ၊ပေါက်တူးကိုရင်း၊ပိဋကံ၀ါ၊ခြင်းတောင်းကိုရင်း၊ပရိယေသတိ။ရှာမှီ၏။ဂစ္ဆတိ၀ါ၊သွားမူလည်း သွားအံ့၊ ဒုက္ကဋဿ၊ ဒုက္က အာပတ်သို့၊ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ဟောတိ၊၏။ ။

ပယောဂ၏ရှေးအတို့ဖြစ်ကောင်းသောအာပတ်အချင်း၌ဒုက္ကဋ်အာဝုဿနဝယ် ဒုက္ကဋ်အာပတ်သင့်၏။ပါစိတ်အရာဌာနဝယ်ပါစိတ်အာပတ်သင့်၏။ ။ဧတ္ထဟိဒုက္ကဋဌာနေဒုက္ကဋံ၊ ပါစိတ္တိယဌာနေပါစိတ္တိယမေ၀ ဟောတိ။ ။ (ကင်္ခ-၄)

ဟိ၊ထိုစကားသင့်စွ၊ဧတ္ထ၊ဤပယောဂ၏ရှေ့ဖြစ်သော အာပတ်အချင်း၌။ ဒုက္ကဋဌာနေ၊ ဒုက္ကဋ်အရာဌာန၌၊ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သည်။

ဟောတိ၊၏။ပါစိတ္တိယဋ္ဌာနေ၊ပါစိတ်အရာဌာန၌၊ပါစိတ္တိယမေဝ၊ ပါစိတ်အာပတ်သည်သာလျှင်။ဟောတိ၊၏။ ။

တဏ္ဍုလဇာတကံ ကဏ္ဍဝါ လတံဝါ ဆိန္ဒတိအာပတ္တိ ဒုက္ကဋဿ· ဟုပညတ်အပ်သော ဒုက္ကဋ်သည် **သဟပယောဂဒုက္ကဋ်** မည်၏။ တဏ္ဍုလ၊ ထိုကြာမြင့်စွာ မြုပ်ထားသောအိုး၌၊ ဇာတကံ၊ ပေါက်ရောက်သော။ ကဏ္ဍံဝါ၊သစ်သားကိုင်း၊လတံဝါ၊နွယ်ကိုင်း၊ ဆိန္ဒတိ၊ ဖြတ်အံ့။ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့၊အာပတ္တိ အာပဇ္ဇနံ၊သည်၊ဟောတိ၊၏။

ဤပယောဂနှင့် တကွဖြစ်သောအရာ၌ ပါစိတ် ဝတ္ထုသည်လည်းကောင်း၊ဒုက္ကဋ်ဝတ္ထုသည်လည်းကောင်း၊ဒုက္ကဋ်အရာ၌သာ ခိုးခြင်း၏ပယောဂနှင့်တကွဖြစ်သောကြောင့်တည်း၏။

ဧတ္ထပန ပါစိတ္တိယဝတ္ထုစ ဒုက္ကဋဝတ္ထုစ ဒုက္ကဋဋ္ဌာနေယေဝ တိဋ္ဌတိ၊ကသ္မာ၊အဝဟာရဿ သဟပယောဂတ္တာ။ ။(ကင်္ခါ-ဋ္ဌ) ဧတ္ထပန၊ ဤပယောဂနှင့်တကွဖြစ်သော အာပတ် အရာ၌ကား။ ပါစိတ္တိယဝတ္ထုစ၊ပါစိတ္တိယဝတ္ထုသည်လည်းကောင်း။ဒုက္ကဋဝတ္ထုစ၊ဒုက္ကဋ်ဝတ္ထုသည်လည်းကောင်း။ ဒုက္ကဋ ဋ္ဌာနေ ယေဝ၊ ဒုက္ကဋ် အရာ ဌာန၌သာလျှင်။တိဋ္ဌတိ၊တည်၏။ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။အဝဟာရဿ၊ခိုးခြင်း၏။ သဟပယောဂတ္တာ၊ ပယောဂနှင့်တကွ ဖြစ်သောကြောင့်တည်း။ဣတိ၊သို့။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ။

ဆယ်ပါးအပြားရှိသောရတနာကိုလည်းကောင်း။ ခုနစ်ပါးအပြားရှိသော၀ါကိုလည်းကောင်း။အလုံးစုံသောလက်နက်တန်ဆာစသည်ကိုလည်းကောင်း သုံးသင်သောရဟန်းအား သင့်သောဒုက္ကဋ်အာပတ်သည် **အနာမာသဒုက္ကဋ်** မည်၏။

ယံပန ဒသဝိဓံ ရတနံ၊ သတ္တဝိဓံ ဓညံ၊သဗ္ဗဉ္စအာဝုဓဘဏ္ဍာဒိံ အာမသန္တဿ ဒုက္ကဋံဝုတ္တံ၊ဣဒံအနာမာသဒုက္ကဋံနာမ။ ။ (ကင်္ခါ-ဋ္ဌ)

ပန အဆက်တပါးကိုဆိုဦးအံ့။ ဒသဝိဓံ၊ဆယ်ပါးအပြားရှိသော။ ရတနံ၊ ရတနာကိုလည်းကောင်း။ သတ္တဝိဓံ၊ ခုနစ်ပါး အပြားရှိသော၊ ဓညဉ္စ၊စပါးကိုလည်းကောင်း။သဗ္ဗံ အလုံးစုံသော။အာဝုဓဘဏ္ဍာဒိံစ၊ လက်နက်တန်ဆာစသည်ကိုလည်းကောင်း။ အာမသန္တဿ၊ သုံးသင်သောရဟန်းအား။ယံဒုက္ကဋံ၊အကြင်ဒုက္ကဋ်အာပတ်ကို။ဝုတ္တံ၊ဆိုအပ်၏။ ဣဒံဒုက္ကဋံ၊ဤဒုက္ကဋ်အာပတ်သည်ကား။အနာမာသဒုက္ကဋံနာမ၊ မသုံး

သင်အပ်သည့်ကို၊သုံးသင်မိသောကြောင့် သင့်သော ဒုက္ကဋ်အာပတ်မည်၏။

“အနာမသိတဗ္ဗေပဝတ္တံဒုက္ကဋံ အနာမာသဒုက္ကဋံ”ဟု ဖြို၍ မသုံးသင်အပ်သောဝတ္ထုကြောင့်ဖြစ်သော ဒုက္ကဋ်အာပတ်ကိုယူလေ။ ။

ပတ္တမြား, ပုလဲ, ကျောက်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ,ငွေ,ရွှေ,ပတ္တမြားနီ,ပတ္တမြားပြောက်၊ ဤဆယ်ပါးတို့ကို ရတနာဆယ်ပါးဟုဆို၏။

မဏိမုတ္တာ ဝေဠုရိယာစ၊ သင်္ခါသိလာ၊ပဝါဠံရဇတဥ္စ။ ဟေမံလောဟိတင်္ကဥ္စ မသာရဂလ္လံ၊ဒသေတေဓီရော ရတနာနိဇညာ၊ ။ (သာ)

မဏိစ၊ပတ္တမြားရင်း။မုတ္တာစ၊ပုလဲရင်း။ဝေဠုရိယာစ၊ကျောက်မျက်ရွဲရင်း။ဝါ၊ပြဒိုးချားရင်း။သင်္ခါစ၊ခရုသင်းရင်း။သိလာစ၊ကျောက်သလင်းရင်း။ပဝါဠံစ၊သန္တာရင်း။ရဇတဉ္စ၊ငွေရင်း။ ဟေမဥ္စ၊ ရွှေရင်း။လောဟိတင်္ကဥ္စ၊ပတ္တမြားနီရင်း။မသာရဂလ္လံစ၊ ပတ္တမြားပြောက်ရင်း။ဣတိ၊သို့။ဓီရော၊ပညာရှိသည်။ရတနာနိ။ရတနာတို့ကို။ဒသ၊ဆယ်ပါးအပြားရှိကုန်၏ဟူ၍၊ဇညာ၊သိရာ၏။

(၁) သလေး။ (၂) ကောက်လတ်။ (၃) လူး။ (၄) နတ်ကောက်။ (၅) ပြောင်း။ (၆) မုယော။ (၇) ဆပ်။ ဤ ခုနစ်ပါး တို့ကို စပါးမျိုး ခုနစ်မျိုး ဟု ခေါ်၏။

## ထို့ကြောင့်အဘိဓါန်၌

သာလိဝီဟိစကုဒြူသော၊ ဂေါဓူမောဝရကောယဝေါ ကင်္ဂုဘိသတ္တဓညာနိ ဟုမိန့်၏၊ ။

သာလိစ၊သလေးရင်း။ဝါ၊ ကောက်ကြီးစပါးရင်း။ဝီဟိစ၊ ကောက်လင်ရင်း။ဝါ၊ကောက်ကြမ်းရင်း။ကုဒြူသောစ၊ လူးရင်း။ ဝရကောစ၊ ပြောင်းရင်း။ယဝေါစ၊မုယောရင်း။ဝါ၊ဗာလီရင်း။ကင်္ဂု၊ဆပ်ရင်း။ဣတိ၊ ဤသည့်တို့ကား။သတ္တဓညာနိ။စပါးမျိုးခုနစ်ပါးတို့တည်း။

အာဝုဓဘဏ္ဍာဒိ၌။ အာဒိသဒ္ဒါဖြင့် တူရိယဘဏ္ဍာ၊ မိန်းမရုပ်စသည့်တို့ကို သိမ်းကြုံး၍ယူတော်မူ၏။

အာဝုဓဘဏ္ဍာဒိန္တိ အာဒိသဒ္ဒေန တူရိယဘဏ္ဍ ဣတ္ထိရူပါဒိံသင်္ဂဏှာတိ၊ (သာ)

ငှက်ပျောပင်, အုန်းပင် စသည်တို့၌ သီးသောအသီးတို့ကို **သုံးသပ်**သော ရဟန်းအား သင့်သော ဒုက္ကဋ်အာပတ်သည် **ဒုရူပစိဏ္ဏဒုက္ကဋ်** မည်၏။

ယံကဒလိ နာဠိကေရာဒီနံ တတ္ထ ဇာတကဖလာနိ အာမသန္တဿ ဒုက္ကဋံ ဝုတ္တံ၊ ဣဒံ ဒုရူပစိဏ္ဏဒုက္ကဋံ နာမ။ •(ကင်္ခါ-၄၁)

ကဒလိနာဠိကေရာဒီနံ၊ ငှက်ပျော,အုန်းစသည်တို့၏။ တတ္ထ ဇာတကဖလာနိ၊ ထိုအပင်တို့၌သီးသောအသီးတို့ကို။ အာမသန္တဿ၊ သုံးသပ်သောရဟန်းအား။ ယံဒုက္ကဋံ၊ အကြင်ဒုက္ကဋ်အာပတ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣဒံဒုက္ကဋံ၊ ဤဒုက္ကဋ်အာပတ်သည်။ ဒုရူပစိဏ္ဏဒုက္ကဋံနာမ၊ ဒုရူပစိဏ္ဏဒုက္ကဋ်အာပတ်မည်၏။

“ ဒုဋ္ဌုရူပစိဏ္ဏံအာစိဏ္ဏံစရိတံ ဒုရူပစိဏ္ဏံ ”ဟု ပြု၍ မကောင်းစွာ ကျင့်အပ်သောအကျင့်ကိုယူ။ “ ဒုရူပစိဏ္ဏေဒုက္ကဋံ ဒုရူပစိဏ္ဏဒုက္ကဋံ” ဟု ပြု၍ မကောင်းသဖြင့် ကျင့်အပ်သော အကျင့်ကြောင့် ဖြစ်သော ဒုက္ကဋ်အာပတ်ကိုယူ။

ဆွမ်းအလို့ငှာ လှည့်လည်သော ရဟန်းအား သပိတ်၌ မြူကျလတ်သည်ရှိသော်၊ မြူနှင့်တကွသောဆွမ်းရှိသောသပိတ်ကိုအကပ်မခံဘဲငင်း၊ မဆေးဘဲငင်း၊ ထိုသပိတ်၌ ဆွမ်းကိုခံ၍စားသော ရဟန်းအား သင့်သောဒုက္ကဋ်အာပတ်သည် **ဝိနယဒုက္ကဋ်** မည်၏။

ယံပန ပိဏ္ဍာယ စရန္တဿ ပတ္တေ ရဇေ ပတိတေ ပတ္တံ အပ္ပဋိဂ္ဂဟေတွာ အဓောဝိတွာ ဝါ တတ္ထဘိက္ခံ ဂဏှန္တဿ ဒုက္ကဋံ ဝုတ္တံ ဣဒံဝိနယဒုက္ကဋံ နာမ။ ။ **(ကင်္ခါ-၄၁)**

ပန၊ အဘို့တပါးကိုမိန့်ဆိုဦးအံ့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ၊ စရန္တဿ၊ လှည့်လည်သောရဟန်း၏။ ပတ္တေ၊ သပိတ်၌။ ရဇေ၊ မြူသည်။ ပတိတေ၊ ကျသည်ရှိသော်။ ပတ္တံ၊ မြူနှင့် တကွသော ဆွမ်းရှိသော သပိတ်ကို။ အပ္ပဋိဂ္ဂဟေတွာ ဝါ၊ အကပ်မခံမူ၍ငင်း။ အဓောဝိတွာ ဝါ၊ မဆေးမူ၍ငင်း။ တတ္ထ ပတ္တေ၊ ထိုသပိတ်၌။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှန္တဿ၊ ခံယူသော ရဟန်းအား။ ယံဒုက္ကဋံ၊ အကြင်ဒုက္ကဋ်အာပတ်ကို။ ဝုတ္တံ။ ဟောအပ်၏။ ဣဒံဒုက္ကဋံ၊ ဤဒုက္ကဋ်အာပတ်သည်။ ဝိနယဒုက္ကဋံနာမ၊ ဝိနယ ဒုက္ကဋ်မည်၏။ “ဝိနယေပဝတ္တံဒုက္ကဋံ ဝိနယ ဒုက္ကဋံ” ဟု ပြု၍ ဝိနည်း၌ ဖြစ်သော **ဒုက္ကဋ်**အာပတ်ကိုယူလေ။

သံဃာသင်းခွဲအံ့ဟု လုံ့လပြုသည်ကို ကြားသိလျက်၊ မဆိုဆုံးမသောရဟန်းအား သင့်သောဒုက္ကဋ်အာပတ်သည် **ဉာတဒုက္ကဋ်**မည်၏။

သုတွာန ၀ဒန္တိ၊အာပတ္တိဒုက္ကဋဿာတိ ဇာနံဉာတဒုက္ကဋံနာမ။ (ကင်္ခါ)

သုတွာ၊သံဃာသင်းခွဲအံ့ဟုကြား်သိ၍။ န၀ဒန္တိ၊ မဆိုဆုံးမကုန်အံ့။ ဒုက္ကဋဿ၊သို့။အာပတ္တိအာပတ္တနံ၊သည်။ဟောတိ၊၏။ဣတိဣဒံ၊ဤဒုက္ကဋ်သည်။ဉာတဒုက္ကဋံနာမ၊သံဃာသင်းခွဲအံ့ဟု သိလျက်။မဆိုဆုံးမသောရဟန်းအားသင့်သောဒုက္ကဋ်အာပတ်မည်၏။ "ဉာတေန အာပဇ္ဇိတဗ္ဗံဒုက္ကဋံ ဉာတဒုက္ကဋံ" ဟု ပြု၍ သံဃာသင်းခွဲအံ့ဟု သိသဖြင့် မဆိုဆုံးမသောရဟန်းအားသင့်သောဒုက္ကဋ်အာပတ်ကိုယူလေ။

တဆဲ့တပါးသော ဉတ်ကမ္မဝါစာရွတ်၍၊ ဆိုဆုံးမခြင်းတို့တွင် ဉတ်ရွတ်သော ခဏ၌ သင့်သော ဒုက္ကဋ်အာပတ်သည် **ဉတ္တိဒုက္ကဋ်**မည်၏။

ယံဧကာဒသသု သမနုဘာသနာသု ဉတ္တိယာ ဒုက္ကဋန္တိဝုတ္တံ ဇာနံဉတ္တိဒုက္ကဋံနာမ (ကင်္ခါ)

ဧကာဒသသု၊တဆဲ့တပါးကုန်သော။ သမနုဘာသနာသု၊ ဉတ်ကမ္မဝါစာဖြင့် ဆိုဆုံးမခြင်းတို့တွင်။ ဉတ္တိယာ၊ ဉတ်ဖြင့် ဆိုဆုံးမသောခဏ၌။ဒုက္ကဋန္တိ၊ဒုက္ကဋ်ဟူ၍။ယံဒုက္ကဋံ၊အကြင်ဒုက္ကဋ်ကို။ ဝုတ္တံ၊၏။ ဣဒံဒုက္ကဋံ၊ သည်။ ဉတ္တိဒုက္ကဋံနာမ၊ဉတ္တိဒုက္ကဋ်မည်၏။ "ဉတ္တိယာ ပဝတ္တံဒုက္ကဋံ ဉတ္တိဒုက္ကဋံ" ဟု ပြု၍ ဉတ်ကြောင့်ဖြစ်သော ဒုက္ကဋ်အာပတ်ကိုယူ။

"ဤကျောင်း၌ဝါဝါဆိုအံ့"ဟုဝန်ခံပြီးမှ၊ ဝါမဆိုဘဲ ဝန်ခံစကားပျက်ပြားခြင်းကြောင့်သင့်သော ဒုက္ကဋ်အာပတ်သည် **ပဋိဿဝဒုက္ကဋ်**မည်၏။

တဿဘိက္ခုနော ဘိက္ခုနော ပုရိမိကာစ နပညာယတိ၊ပဋိဿဝေစ အာပတ္တိ ဒုက္ကဋဿ၊ (ကင်္ခါ)

ဘိက္ခဝေ၊ ရဟန်းတို့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ပုရိမိကာစ၊ ပုရိမဝါသည်လည်း။ နပညာယတိ၊ မထင်၊ပဋိဿဝေစ၊ ဝန်ခံခြင်းကြောင့်လည်း၊ဒုက္ကဋဿ၊သို့။ အာပတ္တိအာပဇ္ဇနံ၊သည်။ဟောတိ၊ဖြစ်၏။

"ပဋိသာဝေနဒုက္ကဋံ ပဋိသာဝဒုက္ကဋံ" ဟု ပြု၍ ဝန်ခံခြင်းကြောင့် ဖြစ်သောဒုက္ကဋ်အာပတ်ကိုယူလေ။

ဤဒုက္ကဋ်သည် သဟပယောဂ ဒုက္ကဋ်မည်၏။ ထို့ကြောင့်။ ။ယံကိဉ္စိ အလ္လံဝါသုက္ခံဝါ တိဏရုက္ခ လတာဒိံ ဆိန္ဒတိသဿ သဟပယော ဂတ္တာ ဒုက္ကဋမေဝဟောတိ။ ။ဟုမိန့်တော်မူသတည်း။

ဆုဒ်ပန သဟပယောဂဒုက္ကဋံ၊ တေနဟုတ္တာ ယံကိဉ္စိ အလ္လံဝါ သုက္ခံဝါ တိဏရုက္ခလတာဒိံဆိန္ဒန္တဿသဟပယောဂတ္တာ ဒုက္ကဋမေဝဟောတိဟိ၊ (ကင်္ခါ–၄၅)

ဒုက္ကဋ်ငါးမျိုးတို့ကို

ပုဗ္ဗသဟပယောဂေစ အနာမာသ ဒုရူပစိဏ္ဏေ။
ဝိနယေစေဝ ညာတေစ၊ ဉတ္တိယာစ ပဋိဿဝေ။

အဋ္ဌေတေဒုက္ကဋာဝုတ္တာ၊ဝိနယေဝိနယညုနာ။ ။
ဟူသော ဤသင်္ဂဟဂါထာဖြင့်သိမှတ်ရာ၏။

ပုဗ္ဗသဟပယောဂေ၊ပုဗ္ဗသဟပယောဂကြောင့်။ပဝတ္တံ၊ဖြစ်သော ဒုက္ကဋံစ၊ဒုက္ကဋ်အာပတ်ငါး။အနာမာသ ဒုရူပစိဏ္ဏေ၊ မသုံးသင်အပ်သော ဝတ္ထု၌၊မကောင်းသဖြင့်ကျင့်ခြင်းကြောင့်။ပဝတ္တံ၊ဖြစ်သော။ဒုက္ကဋံစ၊ငါး။ဝိနယေဝေ၊ဝိနည်း၌သာလျှင်။ပညတ္တံ၊ပညတ်အပ်သော။ဒုက္ကဋံစ၊ငါး။ညာတေ၊သိစေသင်းခွဲအံ့ဟုသိသောကြောင့်။ပဝတ္တံ၊ သော။ ဒုက္ကဋံစ၊ငါး။ဉတ္တိယာ၊ဉတ်ဖြင့် ဆိုဆုံးမသော၌။ ပဝတ္တံ၊ ဖြစ်သော။ ဒုက္ကဋံစ၊ငါး။ ပဋိဿဝေ၊ ဝန်ခံခြင်းကြောင့်။ပဝတ္တံ၊သော။ဒုက္ကဋံစ၊ငါး။ဣတိ၊ဤသို့၊အဋ္ဌ၊ငါးပါးကုန်သော၊ ဧတေဒုက္ကဋာ၊ ဤဒုက္ကဋ် အာပတ်တို့ကို။ဝိနယေ၊ဝိနည်းပိဋကတ်၌။ ဝိနယညုနာ၊ ဝိနည်းကိုသိသောပညာရှိသည်။ဝုတ္တာ၊မိန့်ဆိုအပ်ကုန်၏။

အနဇ္ဈပတ္တိ ဝါရဝယ် သသညိဿ အနာပတ္တိ ဟူသော ပါဠ်ဖြင့်၊ ဤဘဏ္ဍာသည်ငါ၏ဥစ္စာဟုသကသညာရှိသောရဟန်းအား၊သူတပါး ဘဏ္ဍာကိုယူသော်လည်း **အာပတ်မသင့်** ဟု ပြဆိုလိုသည်။ သက သညာဖြင့်ယူပြီးသောပစ္စည်းဘဏ္ဍာကို တဖန်ပေးရမည်။ပစ္စည်းရှင်တို့ သည်ပေးလော့ဟု အကယ်၍တောင်းဆိုလျက် မပေးဘဲနေအံ့၊ပစ္စည်း ရှင်တို့၏ဝန်ချခြင်းကြောင့်၊ယူသောရဟန်းသည်၊ပါရာဇိကကျ၏။

ဂဟိတံ၊နဒါတဗ္ဗံ၊သစေသာမိကေဟိ ဒေဟိတိ ဝုတ္တော နဒေတိ၊ တေသံ
မုရနိကေ္ခေ ပါရာဇိကံ။ ။(ကင်္ခါ–၄)

ဝိဿာသဂ္ဂါဟော အနာပတ္တိဟူသောပါဌ်ဖြင့် ကင်းသော ညှဉ်းဆဲခြင်းရှိရာဖြစ်သော ယူခြင်းဟု ဆိုအပ်သော အကျွမ်းဝင်သဖြင့် ယူရာ၌လည်း အာပတ်မသင့်ဟူသောအဓိပ္ပါယ်ကိုပြတော်မူသည်။

ဝိဿာသဂ္ဂါဟ,ဟူသောပုဒ်၌။ ‘ သသနံဟိံသနံသာသော ” ဟု ပြု၍ ညှဉ်းဆဲခြင်းကိုယူ။ “ ဝိဂတောသာသော တေသွာ ဂါဟာတိ ဝိဿာသော ” ဟု ပြု၍ ကင်းသော ညှဉ်းဆဲခြင်းရှိရာ ဖြစ်သော ယူခြင်းကိုယူ။

‘ ဝိဿာသေနဂါဟော ဝိဿာသဂ္ဂါဟော” ဟု ပြု၍ ကင်းသော ညှဉ်းဆဲခြင်းရှိရာဖြစ်သောယူခြင်းဟု ဆိုအပ်သော အကျွမ်းဝင်သဖြင့် ယူခြင်းကိုယူ။

ဝိဿာသဂ္ဂါဟ-လက္ခဏာကို။ ။အနုဇာနာမိဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတဿဝိဿာသံ ဂါဟေတုံ သန္ဒိဋ္ဌောစဟောတိ၊သမ္ဘတ္တောစ အာလပိတောစ ဇီဝတိစ ဂဟိတေစ အတ္တမနော ဟောတိ။ ။ ဟူသော မဟာဝါပါဠိတော်ဖြင့်သိရာ၏။

ဘိက္ခဝေ၊ရဟန်းတို့။သန္ဒိဋ္ဌောစ၊မြင်ဘူးခါမျှသောမိတ်ဆွေခင်ပွန်း ချစ်ကြွမ်းဝင်သောသူသည်လည်း။ဟောတိ၊ဖြစ်အံ့။သမ္ဘတ္တောစ၊ မြဲမြံ ခိုင်ခန့်တည်တန့်သောမိတ်ဆွေခင်ပွန်းသည်လည်း။ ဟောတိ၊အံ့။ အာလပိတောစ၊ ငါ၏ ဥစ္စာ အလို ရှိရာကို ပန်ခါ မကြား ယူခါသွား လော့ဟုဖိတ်ထားသည်လည်း။ ဟောတိ၊ဖြစ်အံ့။ ဇီဝတိစ၊ ပစ္စည်းရှင် ရဟန်း ဇီဝိတိန္ဒြေရှိ၍ အသက်ရှင်သည်လည်း။ ဟောတိ၊ဖြစ်၏။ ဂဟိတေ၊ယူသည်ရှိသော်။ အတ္တမနောစ၊ မိမိစိတ်ရှိသည်လည်း။ ဝါ၊ နှစ်သက်သောစိတ်ရှိသည်လည်း။ဟောတိ၊အံ့။ ဣတိ၊သို့။ ပဥ္စဟိ။ ငါးပါး ကုန်သော။အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော ရဟန်းအား။ဝိဿာသံ၊အကျွမ်းဝင်သဖြင့်ယူခြင်းကို။ ဂါဟေတုံ၊ ယူ စိမ့်သောငှါ။အနုဇာနာမိ၊ငါဘုရားခွင့်ပြုတော်မူ၏။

ထိုပါဠိတော်တို့တွင်၊မထသောအိပ်ခြင်းဖြင့်အိပ်သော်လည်း၊ဇီဝိ တိန္ဒြေပြတ်စဲခြင်းသို့ မရောက်သေးသမျှကာလပတ်သုံး၊ အသက်ရှိနေ သည်ကို ဇီဝိတဟုဆိုလိုသည်၊

ဇီဝိတိတိအနုဋ္ဌာနသေယျာယ သယိတောပိ ယာဝဇီဝိတိန္ဒြေ ယုပစ္ဆေဒံ နပါပုဏာတိ။ ။(ကင်္ခါ-၄)

အိပ်လျက် သေရသော အိပ်ခြင်းကို၊ အနုဋ္ဌာနသေယျ-ဟု ဆိုလိုသည်။ ထို့ကြောင့် ဋီကာ၌။ ။ယာယသေယျာယသယိတော ကာလံ ကရောတိ သာ အနုဋ္ဌာနသေယျာနာမ။ ။ဟု ဖွင့်ဆို၏။

ဤသူ၏ဥစ္စာကို ယူသည်ရှိသော် ငါ့အားနှုတ်သက်ခြင်းသည်ဖြစ်လတံ့ ဟု သိသော်ပုဂ္ဂိုလ်သည့်ယူခြင်းဌာသင့်သော်၏။

ဂဟိတေအတ္တမနောတိ ဂဟိတေ တုဋ္ဌစိတ္တော ဟောတိ၊ ဓေရုပဿ သန္တကံ ဂဟိတေ မေအတ္တမနော ဘဝိဿတီတိ ဇာနန္တေန ဂါဟေတုံ ဝဋ္ဋတိ၊ ။ (ကင်္ခါ-၄)

အကျွမ်းဝင်၍ယူခြင်းမြောက်၏ဟုဆိုရာမှာ၊ သပိတ်သက်နိုးဖြစ်အံ့၊ အမိဋ္ဌာန်သည်းကျ၍။ သေယျစိတ်အားဖြင့် ယူခြင်း၊ တာဝကာလိက အားဖြင့်ယူခြင်းလည်း မဖြစ်ဟုဆိုဖြ်း ဤအရာဝယ် မသေသော်ပြန်၍ပေးအံ့ဟူသော တာဝကာလိကကိုယူ၍ဌားရမ်းသော တာဝကာလိက ကို မယူရ။

ပိနည်း မဟာဝါ စီဝရက္ခန္ဓက ပါဠိတော်၌။ အကြွင်း အကျန်မရှိသောအင်္ဂါတို့ကိုသိမ်းကြုံး၍ယူသည့်၏ အစွမ်းဖြင့်၊ အင်္ဂါငါးပါးတို့ကို ဟောတော်မူသည်။ **ဝိဿာသဂ္ဂါဟ** ယူခြင်းသည်၊ သန္နိဋ္ဌ ဇီဝတိ ဂဟိတေ အတ္တမန အင်္ဂါသုံးပါးနှင့်ညီမှု ယူရာရောက်၏။

အနုဝသေသ ပရိယာဒါနဝသေန စေတာနိ ပဉ္စင်္ဂါနိဝုတ္တာနိ၊ ဝိဿာသဂ္ဂါဟောပနတိဟင်္ဂေဟိ ရုဟတိ သန္နိဋ္ဌော ဇီဝတိ ဂဟိတေအတ္တမနော၊ သမ္ဘတ္တော ဇီဝတိဂဟိတေအတ္တမနော၊အာလပိတော ဇီဝတိဂဟိတေ အတ္တမနောတိ။ ။ (ကင်္ခါ-၄)

ဆောင်။ ၁။ မြင်ဘူးမိတ်ဆွေ၊ မပြတ်ပေသက်၊ ယူလေနှစ်မြို့၊ ဝိဿာတို့၊ ရောက်ဘို့အင်္ဂါသုံး။

၂။ မြဲမြဲမိတ်ဆွေ၊ မပြတ်ပေသက်၊ ယူလေနှစ်မြို့၊ ဝိဿာတို့၊ ရောက်ဘို့အင်္ဂါသုံး။

၃။ ပန်ကြားဘိတ်လေ၊ မပြတ်ပေသက်၊ ယူလေနှစ်မြို့၊ ဝိဿာတို့၊ ရောက်ဘို့အင်္ဂါသုံး။

ဤအရာ၀ယ်ဂဟိတေအတ္တမနအင်္ဂါကိုဥပလက္ခဏနည်းအားဖြင့် ဆိုသည်ဟု မှတ်ရာ၏။ အကြောင်းမူကား၊ ဥစ္စာရှင်နှစ်သက်သည်မူ လည်းဖြစ်စေ၊ မနှစ်သက်သည်မူလည်းဖြစ်စေ၊ ငါယူသည်ရှိသော်နှစ် သက်လတ္တံ့ဟုသိလျက်ပင် အကျွမ်း၀င်၍ယူအပ်၊ ယူရာရောက်၏။

ဧဝရူပဿ သန္တကံ ဂဟိတေ မေ အတ္တမနော ဘဝိဿတီတိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ။ ။ (ကင်္ခါ-၅)

ယခုအခါတည်ရှိသောပါဠိတော်တို့၌လည်း။ အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂဟေတုံ။ သန္ဒိဋ္ဌော စ ဟောတိ၊ သမ္ဘတ္တော စ ဇီဝတိ စ ဇာနာတိ စ ဂဟိတေ မေ အတ္တမနော ဘဝိဿတီတိ-ဟု ရှိ၍နေ၏။

ထူး၍ကိုသာယောဇနာပေအံ့။

မေ၊ ငါ့အား။ ဝါ၊ ငါသည်။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ အတ္တမ နော၊ နှစ်သက်၀မ်းမြောက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ သို့။ ဇာ နာတိ စ၊ သိသည်လည်း။ ဟောတိ၊ ဖြစ်အံ့။

ဝိဿာသ၊ ယူခြင်းသည်၊ မျက်ကွယ်ယူခြင်း။ မျက်မှောက်ယူခြင်း ဟူ၍နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင်၊ ဥဒ္ဓေါ[illegible]တ[illegible]ကွာပုဒ်၀ယ်။ သင်္ကန်းရှင် မျက် ကွယ်၌၊ ထိုသင်္ကန်းရှင်မသိစဉ်ပင်၊ ဝိဿာသဂ္ဂါဟ၊ မြောက်အောင်ယူ ၍၊ မိမိဥဒ္ဓာပြုခြင်းကြောင့်၊ ထိုသင်္ကန်းရှင်ရဟန်းမှာ။ ရတ္တိဝိပ္ပဝါသ လည်းလွတ်သည်။ တိစီဝရိတ်အဓိဋ္ဌာန်လည်းကျသည်ဟုလာ၏။

ထေရေန ဒဟရံ စီဝရဓောဝနတ္ထာယ ဂါမကံ ပေသေန္တေန အတ္တနော စီ ဝရံ ပစ္စုဒ္ဓရိတွာဝ ဒါတဗ္ဗံ၊ ဒဟရဿာပိ စီဝရံ ပစ္စုဒ္ဓရာပေတွာဝ ဌပေ တဗ္ဗံ၊ သစေ အသတိယာ ဂစ္ဆတိ အတ္တနော ပိ စီဝရံ ပစ္စုဒ္ဓရိတွာ ဒဟရဿ စီဝ ရံ ဝိဿာသေန ဂဟေတွာ ဌပေတဗ္ဗံ၊ သစေ ထေရော နဿရတိ၊ ဒဟရော ပ န သရတိ၊ ဒဟရေန အတ္တနော စီဝရံ ပစ္စုဒ္ဓရိတွာ ထေရဿ စီဝရံ ဝိဿာသေ န ဂဟေတွာ ဂေါပေတဗ္ဗံ၊ ဘန္တေ တုမှာကံ စီဝရံ အဓိဋ္ဌဟိတွာ ပရိဘုဉ္ဇထာ တိ၊ အတ္တနော ပိ စီဝရံ အဓိဋ္ဌာတဗ္ဗံ။ ။ (ကင်္ခါ-၄)

ဒဟရံ၊ ရဟန်းငယ်ကို၊ စီဝရဓောဝနတ္ထာယ၊ သင်္ကန်းဖွတ်လျှော်စေ ခြင်းအကျိုးငှါ။ ဂါမကံ၊ ရွာငယ်သို့။ ပေသေန္တေန၊ စေခိုင်းလိုသော။ ထေရေန၊ မထေရ်ကြီးသည်။ အတ္တနော၊ မိမိ၏။ စီဝရံ၊ တိစီဝရိတ်

သက်န်းကို။ ပစ္စုဒ္ဓရိတွာဝ၊ အဓိဋ္ဌာန်ချ၍သာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏၊ ဒဟာရဿာပိ၊ ရဟန်းငယ်၏လည်း။ စိဝရံ၊ တိစီဝရိတ်သက်န်းကို။ ပစ္စုဒ္ဓရာပေတွာဝ၊ အဓိဋ္ဌာန်ချစေ၍သာလျှင်။ ဥပေတဗ္ဗံ၊ ထားအပ်၏။ အသတိယာ၊ အဓိဋ္ဌာန်ချရမည့်ကို သတိမရသဖြင့်။ သစေ ဂစ္ဆတိ၊ အကယ်၍ သွားသည်ဖြစ်အံ့။ အတ္တနောပိ၊ မိမိ၏လည်း။ စိဝရံ၊ သက်န်းကို။ ပစ္စုဒ္ဓရိတွာ၊ အဓိဋ္ဌာန်ချ၍။ ဒဟာရဿ၊ ၏။ စိဝရံ၊ ကို။ ဝိဿာသေန၊ အကျွမ်းဝင်သဖြင့်၊ ဂဟေတွာ၊ ယူ၍။ ဥပေတဗ္ဗံ၊ ထားရာ၏။

ထေရော၊ မထေရ်သည်။ သစေ နဿရတိ၊ အကယ်၍ မအောင်းမေ့နိုင်သည်ဖြစ်အံ့။ ဒဟာရော ပန၊ ရဟန်းငယ်သည်ကား။ သရတိ၊ အောင်းမေ့နိုင်၏။ ဒဟာရေန၊ ရဟန်းငယ်သည်။ အတ္တနော၊ မိမိ၏။ စိဝရံ၊ ကို။ ပစ္စုဒ္ဓရိတွာ၊ ၍။ ထေရဿ၊ မထေရ်၏။ စိဝရံ၊ ကို။ ဝိဿာသေန၊ အကျွမ်းဝင်သဖြင့်။ ဂဟေတွာ၊ ၍။ ဂန္တွာ၊ သွား၍။ ဝတ္တဗ္ဗံ၊ လျှောက်ထားအပ်၏။ ကိံ ဝတ္တဗ္ဗံ၊ အဘယ်သို့လျှောက်ထားအပ်သနည်း။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ စီဝရံ၊ ကို။ အဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်တင်၍။ ပရိဘုဉ္ဇထ၊ သုံးဆောင်ကြပါကုန်လော့။ ဣတိ၊ သို့။ ဝတ္တဗ္ဗံ၊ ၏။ အတ္တနောပိ၊ မိမိ၏လည်း။ စီဝရံ၊ ကို။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်တင်အပ်၏။ ။

အသက်ကားထင်ရှားရှိအံ့။ ယူသည့်ရှိသော် မနှစ်သက်သော သူ၏ဥစ္စာကို။ ဝိဿာသ ယူခြင်းဖြင့် ယူပြီးသော်လည်း။ တဖန်ပြန်၍ပေးရမည်။ ။

> ယောပနဇီဝ ဘိနစ ဂဟိတေ အတ္တမနော ဟောတိ၊ တဿ သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိ ပုနဒါတဗ္ဗံ။ ။ (ကဏ်–၄)

ယော ပန၊ အကြင် ပုဂ္ဂိုလ်သည်ကား။ ဇီဝတိ၊ အသက်မှုကားထင်ရှားရှိ၏။ ဂဟိတေ။ ယူအပ်သည်ရှိသော်၊ အတ္တမနော၊ နှစ်သက်သောစိတ်ရှိသည်။ နဟောတိ၊ မဖြစ်၊ တဿ၊ ထိုမနှစ်သက်သောသူ၏။ သန္တကံ၊ ဥစ္စာကို။ ဝိဿာသဂ္ဂါဟေန၊ အကျွမ်းဝင်၍ယူခြင်းဖြင့်။ ဂဟိတမ္ပိ၊ ယူအပ်ပြီးသော်လည်း။ ပုန၊ တဖန်။ ဒါတဗ္ဗံ၊ ပြန်၍ပေးအပ်၏။

ပေးသောရဟန်းသည်လည်း၊ သေသူရဟန်း၏ဥစ္စာကို အစက အစိုးရသောလူ ရှင်ရဟန်းတို့အားပြန်၍ပေးရမည်။

ဒဒမာနေနစ မတဓနံဘာဝယေတဿ မနေဉ္ဇဿရော ဂဟဏ္ဍာဝါ ပဗ္ဗဇိ
တာဝါ တေသံ ဒါတဗ္ဗံ။ (ကင်္ခါ-ဋ္ဌ)

အနဏ္ဏမနဖြပ်၍ မသေအံ့၊ ဥပ္ပဒ္ဒါရှင်အားပေးအင်၏။ ထို့ကြောင့်၊ အမတဿသန္တကံတဿေဝ ဒါတဗ္ဗံ ဟုမွှင့်ဆိုတော်မူ၏။ ။အမတဿ၊မသေသောသူ၏။သန္တကံ၊ဥဒ္ဒါကို။တဿေဝ၊ ထိုပုဂ္ဂိုလ်အားသာလျှင်။ဒါတဗ္ဗံ၊ပြန်၍ပေးအင်၏။ဤအဋ္ဌကထာဝယ်၊ ယခုအခါ စာချင်များ၌၊အနဏ္ဏမနဿ သန္တကံ ဟုပါရှိ၏။ ပါဌ်ပျက်ဟုမှတ်လေ။

ငါ၏ဥဒ္ဒါကို သူသောသင်သည်၊ကောင်းစွာ ပြုအင်ပါပေသည်ဟု နှုတ်မြွက်ခြင်းဖြင့်ရင်း။ စိတ်ဖြင်ခါမျှဖြင့်ရင်း။ ဝမ်းမြောက်ပြီး၍၊ တစုံတခုသော အကြောင်းကြောင့်အမျက်ထွက်သည့်ရှိသော်၊တဖန်ပြန်၍ ဆောင်ခြင်းငှါမရတော့ပြီ၊

ယောပန ပဌမံ ယေဝ သုဋ္ဌုကတံ တယာ မမ သန္တကံ၊ ဂဏှန္တေနာတိ၊ ဝစီဘေဒေနဝါ စိတ္တုပ္ပါဒ မတ္တေနဝါ အနုမောဒိတွာ၊ ပစ္ဆာ ကေနစိကာ ရဏေန ကုပိတော ပစ္စာဟရာပေတုံ နလဘတိ။ (ကင်္ခါ-ဋ္ဌ)

ယောပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ပဌမံယေဝ၊ ရှေးဦးကပင်လျှင်။တယာ၊သင်သည်။မမ၊ငါ၏။သန္တကံ၊ ဥဒ္ဒါကို။ ဂဏှန္တေန၊ယူသဖြင့်။သုဋ္ဌု၊ကောင်းစွာ။ကတံ၊ပြုအပ်ပြီ။ ဣတိ၊ သို့။ ဝစီဘေဒေနဝါ၊ နှုတ်မြွက်သောအား-စကားဆိုသဖြင့်လည်းကောင်း၊စိတ္တုပ္ပါဒ မတ္တေန၊စိတ်ဖြစ်ခါမျှဖြင့်ရင်း။အနုမောဒိတွာ၊ဝမ်းမြောက်ပြီး၍။ပစ္ဆာ၊နောက်မှ။ကေနစိ၊တစုံ ဘခုသော။ ကာရဏေန၊ အကြောင်းဖြင့်။ကုပိတော၊အမျက်ထွက်သည်ရှိသော်။ပစ္စာဟရာပေတုံ၊တဖန်ဆောင်ယူစေခြင်းငှါ။ နလဘတိ၊မရ။

ဤအရာတို့တွင် အာလပိတ အရာ၌၊မနှစ်သက်သော်သည်း။ ယူအင်ပြီးသည်ကို ပြန်၍ တောင်းခြင်းငှါ မရဟုဆိုကြ၏။ အာလပိတ၌ အဏ္ဏမန အင်္ဂါပါဝင်သည်ဟု ဆိုလိုဟန်ရှိ၏။ရဟန်းတို့အား၊ နှုတ်သာ ပြုဘန်းသောကြောင့်။နှစ်သက်၍ဆိုသည်ဖြစ်စေ၊မနှစ်သက်ဘဲ၊ လောကဝတ်အားဖြင့်ဆိုသည်ဖြစ်စေ၊အာလပိတချည်းပင်ဖြစ်၍၊ အဏ္ဏမန အင်္ဂါကိုဆိုဘွယ်ရာမရှိသောကြောင့်၊မသင့်ဟုမှတ်ရာသည်။

မျက်မှောက်အကျွမ်း ဝင်သဖြင့်ယူရာ၌။မနှစ်သက်သော် တားမြစ်

ရာ၏။ မပေးလိုဘဲသျက်သေးမရှိဘဲရှက်၍ရင်း၊အားနာ၍ရင်း၊ မတား မြစ်သောကြောင့်။ တဖန်ပြန်၍ တောင်းခြင်းငှါမရ၊ သေးမရှိဘဲနှုတ် ထွက်၍မတားမြစ်ခြင်းကြောင့်၊တဘန်ပြန်၍တောင်းခြင်းငှါမရ။

ယောပိအဒ္ဒါတုကာမော စိတ္တေနပန အဓိဝါသေတိ နကိဉ္စိ ဝဒတိ၊ သောပိ ပုန ပစ္စာဟရာပေတုံနလဘတိ။ (ကဏ်—၄)

ယောပိဘိက္ခု၊အကြင်ရဟန်းသည်လည်း။ အဒ္ဒါတုကာမော၊ ပေး ခြင်းငှါအလိုမရှိသည်၊ဟောတိ၊၏။ပန၊ထိုသို့ပေးခြင်းငှါအလိုမရှိငြား သော်လည်း၊စိတ္တေန၊စိတ်ဖြင့်၊အဓိဝါသေတိ၊သည်းခံ၍နေ၏၊ကိဉ္စိ၊ တ စုံတခုသောစကားကို။ နဝဒတိ၊ မဆို။ သောပိ၊ထိုရဟန်းသည်လည်း။ ပစ္စာဟရာပေတုံ၊ တဖန်ပြန်၍ဆောင်စေခြင်းငှါ။နလဘတိ၊မရ။

ယောပိ ပရိသမဇ္ဈေလဇ္ဇာယ အဓိဝါသေတိ၊ နကိဉ္စိ ဝဒတိတိအဇ္ဈော၊ ပုန ဝတ္ထုကာမတာ မိပ္ပါယေန သောပိ ပစ္စာ ဟရာပေတုံ နလဘတိတိ ဝုတ္တံ။ (ဝ)

ယောပိ၊ အကြင်ရဟန်းသည်လည်း။ပရိသမဇ္ဈေ၊ ပရိသတ်၏အ လယ်၌။ လဇ္ဇာယ၊ ရှက်သောကြောင့်။ပုန၊ တဘန်။ ဝတ္ထုကာမ တာ မိပ္ပာယေန၊ ပြောဆိုလိုသော ရဟန်း၏အလိုဖြင့်။ အဓိဝါသေတိ၊ ၏၊ ကိဉ္စိ၊ကို၊နဝဒတိ၊မပြောဆို။ဣတိအယံ၊ဤသည့်ကား။အဇ္ဈော၊အနက် တည်း။သောပိ၊ထိုရဟန်းသည့်လည်း။ ပစ္စာဟရာပေတုံ၊ တဖန်ပြန်၍ ဆောင်စေခြင်းငှါ။ နလဘတိ၊မရ။ ဣတိ၊ဤသို့၊ဝုတ္တံ၊ဆိုအပ်၏။

ခိုးသူသည် အနိုင်အထက်နှိပ်စက်၍၊ သင်္ကန်းတို့ကို ကိုင်ယူ၍သွား ရာ၊ သေးကိုငဲ့သျက် နှုတ်ထွက်၍ မဖြစ်ခြင်းကြောင့်၊ စိတ်ဖြင့် မပေး လိုခန်မချသည်ဖြစ်အံ့၊ပြန်၍တောင်းခြင်းငှါရ၏။ကြောက်သဖြင့်ဆိတ် ဆိတ်နေသောကြောင့်၊ရှေးတုံးကသည်းခံသာယာခြင်းသည်၊ သည်းခံ သာယာခြင်းဟူသောအရေအတွက်သို့မရောက်။

သစေစောရော ပသယှဂဟေတုကာမောပိ၊ အဓိဝါသေယ ဘန္တေ ဣမေ စီဝရာနီတိ ဝတွာစီဝရာနိ ထေရေန ဒိန္နာနိ အဒိန္နာနိဝါ၊ သယံဂဟေတွာ ဂစ္ဆတိ၊ထေရောပုနပက္ခံ လဘိတွာစောဒေတုံလဘတိ၊ပုဗ္ဗေအဓိဝါသနာ အ ဓိဝါသနသင်္ချံ နဂစ္ဆတိ၊ဘယေန တုဏှီ ဘူတတ္တာ။ ။(ဝ)

စောရော၊ခိုးသူသည်။ ပသယှ၊အနိုင့်အထက်နှိပ်စက်၍။ ဂဟေတု

ကာမေသုပိ၊ယူခြင်း၌သာအလိုရှိသော်ငြားလည်း။ဘန္တေ၊တို့၊ အဓိဝါသေထ၊ သည်းခံပါကုန်လော့။ အာဝုသော၊ ငါ့ရှင်တို့။ဧဝံ၊ တပည့်တော်၏။ စီဝရာနိ၊သင်္ကန်းတို့ပါတည်း။ဣတိ၊ သို့။ဝတွာ၊ ဆိုပြီး၍။ ထေရေန၊သည်။ ဒိန္နာနိဝါ၊ပေးအပ်သည်လည်းဖြစ်ကုန်သော။အဒိန္နာနိဝါ၊ မပေးအပ်သည်လည်းဖြစ်ကုန်သော။စီဝရာနိ၊ သင်္ကန်းတို့ကို၊သယံ၊ ကိုယ်တိုင်။ ဂဟေတွာ၊ယူ၍။ဂန္တုံ၊ ထေရော၊သည်။ပုန၊ တဖန်၊ပကတိ၊အသင်းအပင်းကို။လဘိတွာ၊ ရ၍။စေါဒေတုံ၊ စေါဒနာ အပြစ်တင်ခြင်းငှာ၊လဘတိ၊ရ၏။ပုဗ္ဗေ၊ ရှေးကာလ၌။ ဘယေန၊ ကြောက်သဖြင့်။ တုဏှီဘူတဿ၊ ဆိတ်ဆိတ်ဖြစ်၍ ဖြစ်သည့်၏ အဖြစ်ကြောင့်။ အဓိဝါသနာ၊ သည်းခံခြင်းသည်။အဓိဝါသနသမ္ဗန္ဓံ၊သည်းခံ၏ဟူသောအရေအတွက်သို့။နဂစ္ဆတိ၊မရောက်။

ရှေးအရာ၌ငှင်း။ဤအရာ၌ငှင်း။မပေးလိုသောစိတ်ခြင်းအားဖြင့် တူပါ၏။ရှေးအရာ၌ကား ဘေးမရှိဘဲလျက်၊နှုတ်ထွက်၍မမြစ်ခြင်းကြောင့် ဆိုခြင်း၌မရ။ဤအရာ၌ကား၊ ဘေးကိုင်ငဲ့လျက် နှုတ်ထွက်၍မမြစ်ခြင်းကြောင့်၊တောင်းဆိုခြင်း၌ရ၏။ဤကားအထူးတည်း။

**ဆောင်။ ၁။ မပေးလိုထား၊ ဘေးမဲ့ ညားလျက် နှုတ်ကား မမြစ်၊ တောင်းမဖြစ်၊မှတ်လစ်ရှေးအရာ။**

**၂။ မပေးလိုညား၊ဘေးရှိထား၍၊နှုတ်ကားမမြစ်၊ တောင်း ၍ဖြစ်၊မှတ်လစ်ဤအရာ။**

ဝိဿာသဂ္ဂါဟ-ဟူသည်၊ ပါရာဇိကာ၏ အစောင့်အရှောက်ဖြစ်၏။ အနာပတ္တိဝိဿာသဂ္ဂါပေ၊ (ကင်္ခာ-ပါ)

ဒုတိယပါရာဇိကာသည်လည်း၊တည်ရာမှရွေ့စေရွေ့စေ၍သာဖြစ်သည်။ကိုယ်နှင့်ကင်း၍သက်သက်သောနှုတ်စိတ်တို့ဖြင့်၊ ခိုးယူပါ၏ဟု ယူငြားသော်လည်းမဖြစ်၊ထို့ကြောင့်ကိုယ်ဖြင့်တည်ရာမှရွေ့စေ၍ ယူခြင်းသာရောက်၏။သပိတ်-သင်္ကန်းဖြစ်အံ့။အဓိဋ္ဌာန်လည်းကျ၏။ နှုတ်စိတ်တို့ဖြင့်ယူခြင်းကားမရောက်အဓိဋ္ဌာန်လည်းမကျဟု မှတ်ရာသည်။

မတဲးဆရာတော်-စံကျောင်းဆရာတော်တို့ကား၊ ဝိဿာသဂ္ဂါဟ ယူရာမှာ၊ကာယ ဝါစာမန **သုံးပါး**တို့**တွင်**။တပါးပါးဖြင့်ယူနိုင်သည်

ဟုမိန့်ဆိုကြကုန်၏။ မှိုင်းကိုင်းဆရာတော်ကား၊ ဝါစာ ဟုမိန့်၏။ ဆရာတို့ကား၊ မန အာဘောဂထားပြီးလျှင်၊ ကာယဝါစာတို့ဖြင့် ယူသော်လည်း၊ မြောက်ရာသည်။ မန ပဉ္စာန ဟုမှတ်ရာ၏။ မတဲးဆရာတော်ကား၊ **အသံဟာရိမ သံဟာရိမ ဉူရအာသန္န** ခွဲ၍၊ သံဟာရိမ အာသန္န နှစ်ခုသာ၊ ဝိဿာသဂ္ဂါဟမြောက်ကြောင်းမိန့်တော်မူ၏။ မှိုင်းကိုင်းဆရာတော်ကား၊ သိက္ခာပုဒ်တို့၏သဘောသည် ဟောတိုင်းသာ ယူရသောသိက္ခာပုဒ်၊ ဟောတိုင်းထက်အပိုအလွန်ယူရသောသိက္ခာပုဒ်ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင်၊ ကထိနက္ခန္ဓကာ၌ ယောဇ တတ္တစိဝရုပ္ပါဒေါ-သော နေသံဘဝိဿတိ ဟုပညတ်အင်သောသိက္ခာပုဒ်သည်၊ ဟောတိုင်းသက်နံးတစုံကိုသာယူရသောသိက္ခာပုဒ်မည်၏။

စိဝရက္ခန္ဓကာ၌။ဘိက္ခုသာဘိက္ခဝေ ကာလက်တောသံယော သာဒိပဋ္ဌစိဝရေ ဟူသောပညတ်သည်။ ဟောတိုင်း သပိတ်သင်္ကန်းထက်အပိုအလွန်ဖြစ်သောရဟန်းပိုင်ပစ္စည်းအလုံးစုံကို၊ သိမ်းကြုံး၍ယူရ၏။ ခေတ ဝတ္ထု၌၊ သင်္ကန်း အချာသာ ဝိဿာသဂ္ဂါဟ ယူပုံလာသော်လည်း။ဥပလက္ခဏနည်းဟုမှတ်၍၊ အလုံးစုံပစ္စည်းလေးပါးကိုယူပါ။

ထိုကြောင့်အဋ္ဌကထာ၌၊ ဝေရူပဿသန္တက် ဟု မိန့်လေ၏။ ထိုကြောင့်ဝိဿာသ ယူရာ၊ သံဟာရိမ အသံဟာရိမ ဒူရ အာသန္န အားဖြင့် လေးပါးသော ပစ္စည်း တို့ကို၊ **ဝိဿာသဂ္ဂါဟ** ဖြင့် ယူနိုင်သည်ဟု မိန့်၏။

နရူဟာတစ္စယေဒါနံ ပဋ္ဌန္တွံ သဟာဓမ္မိနံ၊သံဃ၊ဿဝစတံ ဟောတိ၊ ဂိဟိနံ ပန ရူဟာတိ။

အစ္စယေ ငါသေလွန်သည်ရှိသော်။ဂဏှာတိ၊ ယူလော့၊ ဣတိ၊ သို့။ ဒါနံ ပေးလှူခြင်းသည်။ပဉ္စန္နံ၊ငါးဦးကုန်သော။ သဟာဓမ္မိနံ၊ တူသော အကျင့်ရှိသော သီတင်းသုံးဘော်တို့အား။ နရူဟာတိ၊ မရောက်။ ဝံဒါနံ၊ ထိုပေးလှူခြင်းသည်၊ သံဃဿေဝ စ သံဃာအားသာလျှင်လည်း။ဟောတိ၊၏။ဂိဟိနံပန၊ လူတို့အားကား။ ရူဟတိ၊ရောက်၏။ ဤဂါထာ၏ အနက်အဓိပ္ပါယ်ကိုလည်းသွင်း၍မှတ်ယူရာ၏။

ပံသုကူလသညာ၌၊ အဿာမိကံ ဇာနိ ပံသု ကူလံ ဟူသောစကား

သည်၊သညာဘွားပုံ၊မနသိကာရပြပါ၌တည်း။ဤသို့ ပံသုကူဟူသော အမှတ်သညာဖြင့်ယူမှု။သာမိက-အသာမိက နှစ်ပါးလုံးပင်၊အာပတ် မသင့်။သာမိကဖြစ်ကတဖန်တောင်းလျှင်ပြန်၍ပေးရမည်။

ံသုကူလသညီဿာတိ အဿာမိကံ ဧတံ ပံသုကူလန္တိ၊ ဧဝံသညီဿာပိ ဂဟဏေအနာပတ္တိ၊ သစေပန တံသဿာမိကံ ဟောတိ၊ အာဟရာပေန္တေ ဒါတဗ္ဗံ။ (ကင်္ခါ-ဋ္ဌ)

သမုဋ္ဌာန်စသည်တို့ကိုနောက်ကနည်းကိုမှီ၍သိရာ၏။

ကပ္ပိယေပိစ ဝတ္ထုသ္မိံ စိတ္တဿာ လဟုဝတ္တိနော။
ဝသေန သာမညဂုဏာစ ဝဇ္ဇိ ား ပုထုဇ္ဇနာ။
တသ္မာ ပရ ပရိက္ခာရံ၊ အာသိဝိသ မိဝေါရဂံ။
အဂ္ဂိံ ဝိယစ သမ္ပဿံ နာမသေယျ ဝိစက္ခဏော။ ။

အ ား၊ဤသာသနာတော်၌။ပုထုဇ္ဇနာ၊ ပုထုဇ္ဇန်ရဟန်းတို့သည်။ ကပ္ပိယေ၊မပြောမဆိုဘဲယူခြင်းငှါသင့်လျော်သော။ ဝတ္ထုသ္မိံပိစ၊ မိဘတို့ ၏ဥစ္စာဖြစ်သောဝတ္ထု၌သော်လည်း။လဟုဝတ္တိနော၊လျှင်သော်ဖြစ်ခြင်း ရှိသော။ စိတ္တဿ၊ထေယျစိတ်၏။ ဝသေန၊ အစွမ်းအားဖြင့်၊ သာမည ဂုဏာ၊ရဟန်း၏အဖြစ်ဟုဆိုအပ်သော ဂုဏ်ကျေးဇူးမှ။ စဝန္တိ၊ ရွေ့ လျောကြကုန်၏။တသ္မာ၊ထိုကြောင့်။အာသိဝိသံ၊ လျှင်သော အဆိပ်ရှိ သော။ဥရဂံ၊မြွေကို။သမ္ပဿံ သမ္ပဿန္တော၊ကောင်းစွာတွေ့မြင်သည် ရှိသော်၊ နာမသတိဝိယစ၊ မသုံးဆင် မကိုင်တွယ်သကဲ့သို့ လည်း ကောင်း။အဂ္ဂိံ၊ မီးကို။ သမ္ပဿံ သမ္ပဿန္တော၊ ကောင်းစွာတွေ့မြင် သည်ရှိသော်၊နာမသတိဝိယစ၊ငင်း။ဝိစက္ခဏော၊ပညာရှိသည်။ ပရ ပရိက္ခာရံ၊သူတပါးတို့၏ပရိက္ခရာကို။နာမသေယျ၊မသုံးသင် မကိုင် တွယ်ရာ။ ဤသို့အပ်ပြီးသော အနုသာသနီ ဂါထာတို့ကို အာရုံပြု၍။ အ နှုဒါန် ပါရာဇိကမှမိမိကိုယ်ကိုဝေးစွာရှောင်ကြဉ်ရာသတည်း။

## ဒုတိယ ပါရာဇိက ပြီးပြီ။

———:o:———

တတိယပါရာဇိကဏ္ဍအဓိပ္ပါယ်ကိုရေးသားစီရင်ပေဦးအံ့။

သဉ္စိစ္စပုဒ်၌၊သံ စိစ္စ ဟုနှစ်ပုဒ်ခွဲ။ သံ သဒ္ဒါသည်။ ဟောအပ်သော သမောဓါန၊ ပေါင်းခြင်းအနက်။ သင်္ခေပ အကျဉ်းချုံးခြင်းအနက်။ သမန္တတ္ထ၊ထက်ဝန်းကျင်အနက်။ သမိဒ္ဓိ၊ ပြည့်စုံခြင်းအနက်။ သမ္မာ၊ ကောင်းခြင်း။ ဝါ၊မဖေါက်ပြန်ခြင်းအနက်။ဘုသ၊ ပြင်းထန်ခြင်းအနက်။ သဟ၊တကွအနက်။ အပ္ပတ္ထ၊ အနည်းငယ်အနက်။ အဘိမုခတ္ထ၊ရှေးရှုခြင်းအနက်။သင်္ဂတ၊ ပေါင်းဆုံခြင်းအနက်။ ဝိဓါန၊ စီရင်ခြင်းအနက်။ ပဘဝ၊အမွန်အစအနက်။ပူဇာ၊ပူဇော်ခြင်းအနက်။ပုနပ္ပုနကြိယာ၊ အဖန်ဖန်ပြုခြင်းအနက်။ ဤသို့တဆဲ့လေးပါးသောအနက် စသည်တို့တွင်။ဤအရာ၌၊သမ္မာ၊ကောင်းသောအနက်ကိုဟော၏။

ထို့ကြောင့် အဘိဓာန် အဗျယဝဂ်၌၊ သံ သမောဓာန သင်္ခေပ သမန္တတ္ထ သမိဒ္ဓိသု သမ္မာဘုသသဟာပ္ပတ္ထာ ဘိမုခတ္ထေသု သင်္ဂတေ ဝိဓာနေ ပဘဝေ ပူဇာ ပုနပ္ပုန ကြိယာဒိသု ဟုမိန့်ဆို၏။

အဋ္ဌကထာ၌လည်း။ တသ္မာသမ္မေတေတွာ သဉ္စေတေတွာတိ အတ္ထော ဟုဖွင့်၏။

အနုဝဏ္ဏနာ၌ကား။သံသဒ္ဒါသည်၊သဟ အနက်ကိုဟော၏ ဟုမိန့်ဆို၏။

ထို့ကြောင့်အနုဝဏ္ဏနာ၌။ သဉ္စိစ္စာတိသဒ္ဓိံစေတေတွာ ပါဏောတိ သညာယသဒ္ဓိံ ဝဓကမိနန္တိ၊ ဝဓက စေတနာယ စေတေတွာ ပကပ္ပေတွာတိအတ္ထော၊ သဟတ္ထဝါစကော ဟေတ္ထသံသဒ္ဒေါ၊ နသုန္ဒရတ္ထာ ဒိဝါစကော ဟုဖွင့်ဆိုတော်မူ၏။ ။အဋ္ဌကထာဖွင့်နှင့်ဆန့်ကျင်သော်လည်း။အာဘော်ထားနှစ်လုံးသွင်း အားသျှော်စွာ အဓိပ္ပါယ်ကို ပေါင်းစုံခြောရှက်၍ဖွင့်သောကြောင့်သင့်၏ဟုမှတ်ယူရာသည်။

စိစ္စ သဒ္ဒါသည်၊စိတိဓာတ်နောင် တွာ ပစ္စည်းသက်၍။ဘာရမှာ ရိစ္စ သုတ်၌။ရိစ္စ၊ဟူသောယောဂဝိဘာဂဖြင့်။တွာ ပစ္စည်းကိုရိစ္စပြု၍ပြီး၏။ သံသဒ္ဒါနှင့်တကွသောသဉ္စိစ္စပုဒ်သည်၊ အားထုတ်ဖုံး၊ အားထုတ်ဆဲ ကြိယာကိုဟောသောသဒ္ဒါတည်း။

တတ္ထသန္တိဥပသင်္ကေါတေနသဒ္ဒိ ဥဿုက္ကဝစနမေတံ သဥ္ဇိ စ္စာတိ။
(ကဏ်—၄)

တတ္ထ၊ ထိုသဒ္ဒိ စ္စပါဌ်၌။ သတ္တိတော၊ ကောင်းစွာတည်သော။သ န္တိ မှသောသဒ္ဒေါ၊ သံဟူသော ဤသဒ္ဒါသည်။ ဥပသဂ္ဂေါ၊ ဥပသာရပုဒ် တည်း။ တေန၊ ထိုသံသဒ္ဒါနှင့်။ သဒ္ဒိ၊ အတူတကွ။ သဥ္ဇိစ္စာတိဟော် ဝစနံ၊သဒ္ဒိ စ္စဟူသော ဤသဒ္ဒါသည်။ ဥဿုက္ကဝစနံ၊ အားထုတ်ခြင်း ကြိယာကိုဟောကြောင်းဖြစ်သောသဒ္ဒါတည်း။

ပုဗ္ဗကာလကြိယာစကား၊ကို၊ဥဿုက္ကဝစန ဟုဆို၏၊ဥဿုက္ကဝစနန္တိ၊ ပုဗ္ဗ ကာလကြိယာဝစနံ။ (သာ)

ဤဥဿုက္ကဟူသော စကားသည်။ တူသောကတ္တားရှိသော။ ပုဗ္ဗ ကာလကြိယာအပရကာလကြိယာစကားတို့တွင်။ပုဗ္ဗကာလကြိယာ စကားကို ထုတ်၍ဆိုရာ။သဒ္ဒါ၏အမည်ဟုမှတ်။

အယဥ္စိ သမာနကတ္တုကေသု ပုဗ္ဗာပရကာလကြိယာဝစနေသု၊ ပုဗ္ဗကာ လကြိယာဝစနဿ နိရုတ္တိနာမံဟောတိ။ (သာ)

**ဆောင်။ ။ပုဒ်တပါးငဲ့၊အားထုတ်ရဲ့၊မှတ်ကွဲ့ တွာ ပစ္စည်းနက်တည်း။ မပြီး၍ဗျာ၊ရှေ့သို့သာ၊သွားရာမိပ္ပါယ်တည်း။**

သဒ္ဒနီတိကျမ်းပြု၊ရှင်အဂ္ဂဝံသဆရာသည်။ တုနတွာနတွာ ပစ္စည်း အဆုံးရှိသော ပုဒ်တို့သည်။ အားထုတ်ခြင်းအနက်ဟု ဆိုအပ်သော ဥဿုက္ကန၊အနက်ကိုဟော၏။ တပုဒ်ဖြင့်သာလျှင် မပြီးဆုံးသည်ဖြစ်၍။ ပုဒ်တပါးကိုငဲ့ရသောအနက်ကို။ဥဿု က္ကအနက်ဟုဆိုလိုသည်၊ဒိသွာ မြင်၍ဟုဆိုသည်ရှိသော်။ဝေမာဟ၊ဤသို့ဆိုပြီ။ ဝေမကာသိ၊ ဤသို့ပြု ပြီဟူ၍လည်းကောင်း။ဆက်စပ်ရသည်ဟုပြသည်။

ထို့ကြောင့်သဒ္ဒနီတိစတုပဒဝိဘာဂ၌။ ။တုနတွာနတွာ ပစ္စယန္တာဥဿုက္က နတ္ထေ ဥဿုက္ကနတ္ထောနာမ ဥဿာဟောအတ္ထော၊ ယောဟိအတ္ထော ကေ နေဝ ပဒေန အပရိသမတ္တော ပဒန္တရတ္ထံ အပေက္ခတိ၊သောဥဿုက္ကနတ္ထော ယထာဒိသွာတိ ဝုတ္တေ ဝေမာဟာတိဝါ ဝေ မကာသီတိဝါ သမ္ဗန္ဓော ဟော တိ ဟုဖွင့်ဆိုတော်မူ၏။

သဥ္ဇိစ္စ ပုဒ်၏ပဒဘာဇနီ၌၊ သဒ္ဒါအားလျော်စွာ။ ဇာနိတွာ သဥ္ဇာ နိတွာ စေစ္စ အဘိဝိတရိတွာ ဟု ဟောတော်မူသင့်လျက်၊ အဘယ်ကို

ပြလို၍၊ဇာနန္တော သညာနန္တော စေဣအဘိဝိတရိတွာဝိတိက္ကမော ဟု ဟောတော်မူပါသနည်းဟု မေး။

လွန်စွာအားထုတ်၍ ကျစေသောရဟန်းသည်။ သတ္တဝါဟု သိသောဇာနန္တပုဂ္ဂိုလ်၊ ဇီဝိတိန္ဒြေမှငါချ၏ဟု သတ္တဝါဟူသော အခြင်းအရာနှင့်တကွသိသော သညာနန္တပုဂ္ဂိုလ်ဖြစ်၍နေ၏။ ဇာနန္တသညာနန္တဖြစ်သောပုဂ္ဂိုလ်၏ဇီဝိတိန္ဒြေမှချခြင်းသည်။ ဝဓက စေတနာ၏အစွမ်းဖြင့်။ စေ ဆော်အားထုတ် အကြံ အစည်ပြုလုပ် ပိုင်းခြားမှတ်သား၍။သတ္တဝါကိုလုံ့ လ၏ အစွမ်းဖြင့်နှိပ်နင်းလျက်၊သတ္တဝါ၏ ဇီဝိတိန္ဒြေကိုချခြင်း၌၊ ကြောက်ရွံ့ခြင်းမရှိသောစိတ်ကိုစေလွှတ်၍၊ အထွဋ်အထိပ် အဆုံးသို့ ရောက်သော လွန်ကျူးခြင်းသည်လည်း ဖြစ်၍နေပြန်၏။ ထိုကြောင့်၊သဒ္ဒါ၌အဓိုအသေမပြုမူ၍ အနက်အဓိပ္ပါယ်ကို ပြရန်အကျိုးငှါ ဇာနန္တော။ လ။ ဝိတိက္ကမောဟု ဟောသည်မှတ်ပါလေ။

ယသ္မာပန ယောသတ္တံဝ ဝေါရောပေတိ၊ သောဇာနန္တော သညာနန္တော ဟောတိ၊ တညာသာဝေါရောပနံ စေဝ အဘိဝိတရိတွာ ဝိတိက္ကမောတိ၊တသ္မာဗျဥ္ဇနေ အာဒရံ အကတွာ အတ္ထမေဝ ဒဿေတုံ ဇာနန္တော သညာနန္တော စေဇ္စအဘိဝိတရိတွာ ဝိတိက္ကမောတိ၊ဝေမဿ ပဒဘာဇနံ ဝုတ္တံ။ ။(ကင်္ခါ-ဋ္ဌ)

ပဒဘာဇနီပါဠ်တို့တွင်၊သတ္တဝါဟုသိသည်ကို ဇာနန္တဟုဆို၏။

တတ္ထဇာနန္တောတိ ပါဏောတိ ဇာနန္တော။ ။(ကင်္ခါ-ဋ္ဌ)

ဇီဝိတိန္ဒြေမှ ကျစေအံ့ဟု သတ္တဝါဟူသော အခြင်းအရာနှင့်တကွ သိသည်ကို၊သညာနန္တ ဟု ဆို၏၊

သညာနန္တောတိ ဇီဝိတာဝေါရောပေမီတိ သညာနန္တော၊ တေနေဝ ပါဏာ ဇာနနာ ကာရေနေနသင်္ခိ ဇာနန္တောတိ အတ္ထော။ ။(ကင်္ခါ-ဋ္ဌ)

စေစ္စ၊ဤသူကိုသတ်အံ့ဟု ဝဓကစိတ်ဖြင့်ပိုင်းခြား၍ ဟု အနက်ပေး။

စေစ္စာတိ ဝဓကစေတနာ ဝသေန၊ စေတေတွာ ပကပ္ပေတွာ၊ ။(ကင်္ခါ-ဋ္ဌ)

ဝဓကစေတနာဝသေန စေတေတွာတိ ဣမံမာရေမီတိဝဓကစေတနာယ စိန္တေတွာ ပကပ္ပေတွာတိ ဝဓာမိနန္တိ ဧဝံ စိတ္တေန ပရိစ္ဆိန္ဒိတွာ။ ။(ဝိ)

အဘိဝိတရိတွာ တာပန မဒ္ဒနစသော လုံ့လ၏အစွမ်းဖြင့်၊နှိပ်နင်းလျက်၊ကြောက်ရွံ့ခြင်းကင်းသောစိတ်ကိုစေလွှတ်၍ဟုယောဇနာပါ။

အဘိဝိတရိတ္တာဘိ ဥပက္ကမဝသေန မဒ္ဒန္တော နိရာ သက်စိတ္တံ ပေသေတွာ။ ။ (ကင်္ခါ-ဌ)

**တနည်း။** ။အဘိဝိတရိတွာ၊ဆုံးဖြတ်ခြင်းကိုပြု၍ဟု ယောဇနာ။ ။ အဘိဝိတရိတွာတိ သန္နိဋ္ဌာနံကတွာ တေနာဘာနိရာ၊ သက်စိတ္တံ ပေ သေတွာတိ။ ။(ဝိ)

စေ၀အဘိဝိတရိတ္တာ,ဟူသော အခြင်းအရာအားဖြင့် ဖြစ်သောသူ၏၊ မိုဝိတ်ခြွေကိုကျေကျစေနိုင်သော လုံ့လဟူသော အထွင့်အထိပ် သို့ရောက်သောလွန်ကျူးခြင်းကို၊သန္နိဋ္ဌ,ပုဒ်၏ အနက်ဟုဆိုလိုသည်၊

ဝိတ်က္ကမောတိ ဇေ ပဝတ္တာ,သယော ဝိတ်ကြမော အယံသန္နိဋ္ဌ သန္ဒသ သိ ခါပ္ပတ္တော အတ္ထောတိ ဝုတ္တံ ဟောတိ။ ။(ကင်္ခါ-ဌ)

ဝိတ်က္ကမောတိ၊ ဝိတ်က္ကမောဟူသည်ကား။ ဇေ၊ဤသို့။ ပဝတ္တသ သေ၀ အဘိဝိတရိတ္တာ ဟူသော အခြင်းအရာအားဖြင့် ဖြစ်သောသူ၏။ ယောဝိတ်က္ကမော၊ အကြင်လွန်ကျူးခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံဝိ တိက္ကမော၊ ဤလွန်ကျူးခြင်းသည်။ သန္နိဋ္ဌသန္ဒသ၊ သန္နိဋ္ဌသန္ဒါ၏၊သိ ခါပ္ပတ္တော၊မိဝိတ်ခြွေကို ကျေကျစေနိုင်သောလုံ့လ၏။ အထွင့်အထိပ် သို့ရောက်သော။ အတ္ထော၊အနက်တည်း။ဣတိ၊သို့။ ဝုတ္တံ၊ဆိုအပ်သည်။ ဝါ၊ဆိုလိုသည်။ဟောတိ၊၏။

ဤသူကား လူတည်းဟု မသိမူ၍၊ သက်သက်သတ္တဝါဟူသော အ မှတ်သညာဖြင့် သတ်သောပုဂ္ဂိုလ်အားလည်း၊ ပါရာဇိက ကျရောက် သောအဖြစ်ကိုပြရန်အကျိုးငှာ၊ ဇာနန္တောတိ မနုဿဝိဂ္ဂဟောတိ ဇာ နန္တောဟုမဖွင့်မူ၍၊ဇာနန္တောတိ ပါဏောတိ ဇာနန္တော ဟု ဖွင့်တော် မူသည်။

မနုဿဝိဂ္ဂဟောတိ ဇာနန္တောတိ အဝတွာ ပါဏောတိ ဇာနန္တောတိ ဝစ နံ၊မနုဿော အယန္တိ အဇာနိတွာ ကေဝလံ သတ္တသညာယ ဃာတေန္တဿာပိ ပါရာဇိက ဘာဝဒဿနတ္ထံ။ ။(သာ)

သန္နိဋ္ဌသန္ဒါ၏၊ဥဿုက္ကနတ္တ ဝိပ္ပကတ အားထုတ်ခြင်းအနက်ရှိသော သန္ဒါ၊ မပြီးဆုံးသေးသော သန္ဒါဖြစ်သောကြောင့်၊ ဝေါရောပေယျ ဟူ သောနောက်ကြိယာဖြင့်သာလျှင်၊ အလုံးစုံသောအခြင်းအရာအားဖြင့် ပြီးဆုံးသော လွန်ကျူးခြင်းကို၊ သိရခြားသော်လည်း။ သန္နိဋ္ဌပုဒ်ဖြင့် ဆို

လတ္တံသော မပြီးမဆုံးသေးသော လွန်ကျူးခြင်းကိုလည်း။ အပြီးအဆုံးသို့ရောက်စေခြင်း၌၊ ဝိတိက္ကမေ ဟူသော ပဒဘာဇနီကို ဟောတော်မူသည်။

ကိဉ္စာပိ သဉ္စိစ္စာတိ ဣမဿ ဝိဘင်္ဂေ ဝုတ္တံ၊ ဝိပ္ပကတော ဝစနတ္တာ ဇီဝိတာဝေါရောပေယျာတိ၊ ဣမိနာဝ၊ အပရကာလကြိယာဝစနေန၊ သမ္ဗန္ဓော ပရိနိဋ္ဌိတ ဝိတိက္ကမေ ဝုတ္တော၊ တထာပိသဉ္စိစ္စာတိ ဣမိနာ ဝုတ္တမာနံ၊ အပရိယောသိတ ဝိတိက္ကမဗ္ဗိ အဝသာနံ ပါပေတွာ ဒဿေတုံ၊ဝိတိက္ကမောတိ၊ပဒဘာဇနံ ဝုတ္တံ၊ ဘာနေဝါဟ အယံ သဉ္စိစ္စပဒဿ သိခါပ္ပတ္တော အတ္ထောတိ ဝုတ္တံ ဟောတိတိ။ ။(သာ)

မနုဿဝိဂ္ဂဟံ-ပုဒ်၌၊မနုဿဝိဂ္ဂဟ ဟု နှစ်ပုဒ်ခွဲ။ ဝိဝိဓံ ဥတုအာဟာရံ ဂဏှာတီတိ ဝိဂ္ဂဟော ဟုပြု၍၊အထူးထူးအပြားပြားသော ဥတုအာဟာရကိုယူတတ်သောကိုယ်ကိုယူ။ ဝိဂ္ဂဟသဒ္ဒါသည် ကိုယ်ကိုဟော၏။မနုဿဿဝိဂ္ဂဟော မနုဿဝိဂ္ဂဟော - ဟု၊ အဘေဒဘေဒူပစာ အားဖြင့်ပြု၍ အမိဝမ်းဝယ်၊ပဋိသန္ဓေ ဝိညာဏ် နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာနှင့်အတူတကွဖြစ်သော၊ ကလလရုပ်သုံးဆယ်ဟု ဆိုအပ်သော၊ နှမ်းညှ သိမ်မွေ့သော အတ္တဘော ဖြစ်သည်မှ စ၍၊ သေသည့် ကာလ တိုင်အောင်ဖြစ်သောအတ္တဘောကို၊မနုဿဝိဂ္ဂဟဟုယူပါ။

မနုဿဝိဂ္ဂဟောနာမ ယံမာတုကုစ္ဆိသ္မိံ ပဌမံစိတ္တံ ဥပ္ပန္နံ ပဌမံ ဝိညာဏံ ပါတုဘူတံ ယာဝမရဏကာလာ ဧတ္ထန္တရေ ဧသောမနုဿဝိဂ္ဂဟောနာမ။ ။(ပ)

မနုဿဝိဂ္ဂဟောနာမ၊မနုဿဝိဂ္ဂဟမည်သည်ကား၊မာတုကုစ္ဆိသ္မိံ အမိဝမ်း၌။ပဌမံ၊အစဦး။ ယံစိတ္တံ၊ အကြင်ပဋိသန္ဓေ ဝိညာဏ်စိတ်သည်။ဥပ္ပန္နံ၊ဖြစ်၏။ပဌမံ၊ အစဦး။ ယံဝိညာဏံ၊ အကြင်ပဋိသန္ဓေ ဝိညာဏ်စိတ်သည်။ပါတုဘူတံ၊ထင်ရှားဖြစ်၏။ ဧတ္ထန္တရေ၊ ဤအတွင်း၌။ယာဝမရဏကာလာ၊သေသောအခါကာလတိုင်အောင်။ပဝတ္တော၊ဖြစ်သော။ဧသော၊ဤအတ္တဘောသည်၊ မနုဿဝိဂ္ဂဟောနာမ၊ မနုဿဝိဂ္ဂဟ မည်၏။

ထိုပဒဘာဇနီပါဌ်အပေါင်းတို့တွင်။အမိဝမ်းဟုဆိုအပ်သောကိန်းရာတိုက်ရှိသော။ အဏ္ဍဇ ဇလာဗုဇ သတ္တဝါတို့၏ အစွမ်းဖြင့်၊ အလုံးစုံတို့ထက်၊နှမ်းညှ သိမ်မွေ့သောအတ္တဘောကိုပြရန်အကျိုးငှါ။ယံမာတုကုစ္ဆိသ္မိံ ဟု ဟောတော်မူသည်။

တတ္ထ'ဂဗ္ဘသေယျကာနံ၀သေန သမ္ဘဝုခမ အတ္တဘာ၀ဒသနတ္တ'၊ ယံမာတု ကုစ္ဆိသ္မိံ ၀ုတ္တ'။ ။ (ကင်္ခါ–၆)

ဂဗ္ဘသေယျက ပုန်၌၊သယန္တိဗြွောတိ သေယျာ ဟုပြု၍၊အမိ၀မ်း တိုက်ကိုယူ။မာတုကုစ္ဆိသခ်ါတော ဂဗ္ဘေ၁သေယျာ ဧတေသန္တိ ဂဗ္ဘ သေယျကာ ဟုပြု၍၊အမိ၀မ်းဟု ဆိုအပ်သော အိပ်ရာတိုက်ရှိသော အဏ္ဍဇ ဇလာဗုဇ သတ္တ၀ါတို့ကိုယူ။ ထိုအဏ္ဍဇ ဇလာဗုဇ တို့၏ အ စွမ်းဖြင့်အသုံးစုံတို့ထက် နူးညံ့သိမ်မွေ့သော အတ္တဘောကိုပြရန် အ ကျိုး၌၊ ယံမာတုကုစ္ဆိသ္မိ'၊ ဤသို့အစရှိသောစကားကို မိန့်တော်မူ သည်။ ပါရာဇိကာ၀တ္ထုကိုမှတ်ရန်အကျိုး၌မိန့်တော်မမူ။ဩပပါတိက သံသေဒဇ၊ဖြစ်သောလူတို့သည်လည်း။ပါရာဇိကာ၀တ္ထုမည်ကုန်၏။

တေသံဂဗ္ဘသေယျကာနံ ၀သေန၊ သမ္ဘဝုခမတ္တ ဘာ၀ဒသနတ္တ'၊ ယံမာတု ကုစ္ဆိသ္မိံ အာဒိဝုတ္တ'၊နပါရာဇိကာ၀တ္ထုနိယမနတ္တ' ဩပပါတိကာသံသေဒဇာ ပိဟိ မနုဿာပါရာဇိကာ၀တ္ထုမေ၀။ ။ (သာ)

အလုံးစုံတို့မှအစစွာတည်သော၊နူးညံ့ သိမ်မွေ့သောအတ္တဘောကို ဗီ၀ိတိန္ဒြေမှချခြင်း၌မတတ်ကောင်း၊ ပဋိသန္ဓေ စိတ်နှင့်တကွ ကမ္မဇ ရုပ်တို့သည် တည့်ကုန်ပြီးသော်သာလျှင်၊ တဆဲ့ ခြောက်ကြိမ်သော ဘ၀င်စိတ်တို့ဖြစ်၍၊ ချုပ်ပြီးသော ဤအတွင်းကာလ၌၊ ပဋိသန္ဓေနေ သောသူငယ်အားဝုင်း၊သူငယ်အမိအားဝုင်း၊ တစုံတရာ အန္တရာယ် မကင်ပြီရာ။

နစေ၀ိမံသဗ္ဗပဌမံမနုဿာ၀ိဂ္ဂဟံ ဇီ၀ိတာ၀ေါရောပေတုံသက္ကာ၊ ပဋိသန္ဓိစိတ္တေ နဟိသဒ္ဓိ' တိ'သ ကမ္မဇရူပါနိ နိဗ္ဗတ္တန္တိ၊တေသုပန ဋ္ဌိတေသုဃေ၀ သော ဠသ ဘ၀င်စိတ္တာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသ္မိ' အန္တရေဂဟိတ ပဋိသန္ဓိကဿဒါ ရကဿ၀ါမာတုယာ၀ါ၊ပနဿအန္တရာယော နတ္ထိ။ ။ (သာ)

ပဋိသန္ဓေစိတ်နှင့်တကွ၊သုံးဆယ်သောကမ္မဇရုပ်တို့ဖြစ်သည်မှစ၍ တဆဲ့ခြောက်ကြိမ်သောဘ၀င်စိတ်တို့ဖြစ်ရာကာလသည်။သေခြင်း၏ အခွင့်အခါမဟုတ်။တခုသော တဆဲ့ခြောက်ကြိမ်သော။ စိတ္တက္ခဏ ကာလ၌၊ရုတိစိတ်မဖြစ်နိုင်သောကြောင့်။သူငယ်အား သေခြင်းတရား မရှိ။တဆဲ့ခြောက်ကြိမ်သော ဘ၀င်စိတ်ကာလ၏ အတွင်း၌သာလျှင်။ ရတေခြင်းသဘောရှိသော အမိ၏ ကိုယ်ဝန် ယူခြင်းမဖြစ်နိုင်သော ကြောင့်။အမိအားလည်းသေခြင်းတရားမရှိဟု မှတ်ရာသည်။

အယဉ္ဟိမရဏာယ အနောကာသောနာမ၊ ကေသ္မိံဉ္စိ သောဠသ ဝဿကပ္ပကော ကာလေ ဒါရကဿမရဏံနတ္ထိ၊တဒါစုတိစိတ္တဿ အသမ္ဘဝတော၊ မာတုယာ ပိတတ္တကံကာလံ အနတိက္ကမိတွာ၊ တဒနန္တရေယေဝ စဝနဓမ္မာယ ဂဗ္ဘဂ္ဂဟဏာယေဝ အသမ္ဘဝတော။ ။ (သာ)

မာတုကုစ္ဆိသို့ ပဌမံစိတ္တံ ဟူသောပဋ္ဌာန နည်းဖြစ်ကားဖြင့်၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာနှင့် သမ္ပယုတ်ဖြစ်သော စေတသိက် နာမက္ခန္ဓာသုံးပါး၊ထိုနာမက္ခန္ဓာသုံးပါးနှင့်အတူတကွဖြစ်သောကလလရုပ်၊ဤသို့အစဖြစ်သော ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော အတ္တဘောသည်။မနုဿဝိဂ္ဂဟမည်၏ဟုပြတော်မူ၏။

မာတုကုစ္ဆိသ္မိံ ပဌမံစိတ္တန္တိဝစနေန ဧတ္ထသကလာပိ ပဉ္စဝေါကာရ ပဋိသန္ဓိ ဒဿိတာ ဟောတိ၊ တသ္မာ တဉ္စ ပဌမံစိတ္တံ တံသမ္ပယုတ္တာစ၊ တယောအရူပက္ခန္ဓာ၊ တေနသဟ နိဗ္ဗတ္တဉ္စ ကလလရူပန္တိ၊ အယံသဗ္ဗပဌမော မနုဿဝိဂ္ဂဟော။ ။ (ကဏ်-၄)

မိန်းမယောကျ်ားတို့အား၊ကာယဒသက၊ဝတ္ထုဒသက၊ ဘာဝဒသကတို့၏အစွမ်းဖြင့်။ အမျှသုံးဆယ်သော ရုပ်ကို ကလလရုပ် ဆိုသည်။ နပုံးပဏ္ဍုက်တို့အား၊ကာယဒသက ဝတ္ထုဒသကတို့၏အစွမ်းဖြင့်။အမျှနှစ်ဆယ်သောရုပ်ကို။ကလလရုပ်ဟုဆို၏။

တတ္ထကလလရူပန္တိ၊ဣတ္ထိပုရိသာနံ၊ကာယဝတ္ထုဘာဝဒသကဝသေန သမတိံသရူပါနိ၊နပုံသကာနံ ကာယဝတ္ထုဒသကဝသေန ဝီသတိ။ ။ (ကဏ်-၄)

ဆောင် ၁။ ကာယဝတ္ထု၊ဘာဝပြု၍၊ရုပ်မှုရေကြည်၊သုံးဆယ်တည်၊ မှတ်သည်မိန်းမယောကျ်ားတည်း။

၂။ ကာယဝတ္ထု၊နှစ်ဆယ်ပြု၍၊မှတ်မှုရေကြည်၊နပုံးတည်၊မိန့်သည်အဋ္ဌကထာ။ ။

[illegible]တ်နှင့်ပြည့်စုံသောသား၏အမွေးတို့တွင်၊ တခြောင်းသော သိုးမွေးကို၊ကြည်လင်သောဆီ၌ထည့်၍၊ထုတ်ဆယ်ပြီးလျှင်ခါ၍၊ ငါးခါကျပြီးသောအဖျား၌တည်သော ဆီပေါက်ပမာဏမျှရှိသည်ဟု၊ကလလရေကြည်ကိုဆိုကြကုန်၏။

> တတ္ထ ဣတ္ထိပုရိသာနံ ကလလရူပံ ဇာတိဥဏ္ဏာယ ဧကေန အံသုနာ၊ ဥဒ္ဓတ တေလဗိန္ဒုမတ္တံ ဟောတိ၊ အစ္ဆံ ဝိပ္ပသန္နံ။ ။ (ကင်္ခါ—၄)

တတ္ထ တသ္မိံ ဝစနေ၊ ထိုစကား၌။ ဣတ္ထိပုရိသာနံ၊ မိန်းမယောက်ျားတို့၏။ ကလလရူပံ၊ ကလလရုပ်သည်။ ဇာတိဥဏ္ဏာယ၊ ဇာတ်နှင့် ပြည့်စုံသောသား၏၊ ဧကေန အံသုနာ၊ တခြောင်းသောအမွေးမျှင်ဖြင့်။ ဥဒ္ဓတ တေလဗိန္ဒုမတ္တံ၊ နှစ်၍ဆယ်အပ်သောအမွေးဖျား၌ အမွေးတွင်ရောက်သောဆီပေါက်ပမာဏရှိသည်။ အစ္ဆံ၊ ကြည်သည်။ ဝိပ္ပသန္နံ၊ အလွန်ကြည်သည်။ ဟောတိ၊ ဖြစ်၏။

> တမ္ပိ ပဋိက္ခိပိတွာ ဇာတိဥဏ္ဏာနာမ သုခုမာ တဿ ဧကအံသုနော ပသန္နတိလ တေလေ ပက္ခိပိတွာ ဥဒ္ဓတဿ ပဂ္ဃရိတွာ အဂ္ဂေ ဌိတဗိန္ဒုမတ္တန္တိ၊ ခုဒ္ဒကဘာဏကေဟိ ဝုတ္တံ။ ။ (သာ)

အဋ္ဌကထာ၌ကား။

> တိလတေလဿ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော၊
> ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊ ကလလန္တိ ပဝုစ္စတိ ဟု မိန့်၏။

တိလတေလဿ၊ နှမ်းဆီ၏။ ဗိန္ဒု ယထာ၊ အပေါက်ကဲ့သို့ရင်း။ အနာဝိလော၊ နောက်ကျုခြင်းမရှိသော။ သပ္ပိမဏ္ဍော ယထာ၊ ထောပတ်ကြည်ကဲ့သို့ရင်း။ ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊ ဤအတူအဆင်း၊ ဤအတူသဏ္ဌာန်ရှိသော ရုပ်ကို။ ကလလန္တိ၊ ကလလဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ကေစိဆရာတို့ကား။ ထိုနေ့၌ပေါက်ဖွားသောသိုး၏အမွေးကို။ ဇာတိဥဏ္ဏာ ဟုဆို၏။

အပရေဆရာတို့ကား။ ဟိမဝန္တာအရပ်၌၊ ဇာတ်နှင့် ပြည့်စုံသော သိုး၏အမွေးကို။ ဇာတိဥဏ္ဏာ ဟုဆို၏။

အညေဆရာတို့ကား။ ဟိမဝန္တာ၌ ဇာတ်နှင့်ပြည့်စုံသော နူးညံ့သိမ်မွေ့သောအမွေးရှိသော သိုးမ၏ဝမ်းကိုဖေါက်ခွဲ၍ ယူအပ်သော သိုး၏ အမွေးကို။ ဇာတိဥဏ္ဏာ ဟုဆို၏။

တဒဟုဇာတဿ ဧဠကဿ လောမံ ဇာတိဥဏ္ဏာတိ ကေစိ။ ဟိမဝန္တပ္ပဒေသေ ဇာတိမန္တ ဧဠကလောမံ ဇာတိဥဏ္ဏာတိ အပရေ။ သုခုမာ ဇာတိလောမာ ဧဝ ကိရ ကေစိ ဧဠကာ ဟိမဝန္တေ ပိဋ္ဌန္တိ။ ဂဗ္ဘံ ဖါလေတွာ ဂဟိတာ ဧဠကလောမံ ဇာတိဥဏ္ဏာတိ အညေ။ ။ (သာ)

ပငိုသန္ဓေခဏ၌၊ငါးပါးသောခန္ဓာတို့သည်။မရှေးမနှောင်း တပြိုင်နက်ဖြစ်ကုန်၏။ထိုခဏ၌ထင်ရှားသည်ဖြစ်၍ ဖြစ်သော၊ ကလလ ရေကြည်ဟုဆိုအပ်သောချပ်အစဉ်သည်။ ရင့်ငယ်သည် တကြိမ်သော လုံ့လဖြင့်၊သောက်အပ်ခါမျှအတိုင်းအရှည်ရှိ၏ဟုဆို၏။ ရင်သောက်လောက်ရုံမျှသော အတိုင်းအရှည်ပမာဏကို၊ အလွန်များသေး၏ဟု ပယ်တော်မူ၍၊ဆိတ်၌ထည့်၍ဆယ်ယူအပ်သောအင်ဖျား၌၊ယိုစီး၍ကျပြီးသော ဆီပေါက်ပမာဏ ရှိ၏ဟုမိန့်ဆိုပြန်၏။ အင်ဖျား၌ ယိုစည်း၍ကျပြီးသောဆီပေါက်ပမာဏကို၊ အလွန်များ သေး၏ ဟု ပယ်တော်မူ၍၊ ဆီမှ နှုပ်ဆယ်အပ်ပြီးသော တချောင်းသော ဆံဖျား၌ ယိုစည်း၍ ကျသော ဆီပေါက်ပမာဏရှိ၏ဟု မိန့်ပြန်၏။နံ့ဘချောင်းသောဆံဖျား၌ ယိုစီး၍ကျပြီးသော ဆီပေါက်ပမာဏကို အလွန်များသေး၏ ဟု ပယ်တော်မူ၍၊ဤဇမ္ဗူဒိပ်ကျွန်းဝယ်လူတို့ဆံကို၊ရှစ်စိတ် စိတ်သည်ရှိသော်၊ တခုသောဆံအစိတ်ပမာဏသည်၊မြောက်ကျွန်းသူ၏ ဆံတချောင်းနှင့်ညီမျှ၏။ကြည်လင်သောဆီမှ နှုပ်ဆယ်ပြီးသော မြောက်ကျွန်းသူတို့ ဆံဖျား၌စီးကျပြီး၍တည်နေသောဆီပေါက်ပမာဏရှိ၏ဟုဆို၏။

မြောက်ကျွန်းသူတို့၏ဆံဖျား၌၊ ယိုစီးပြီး၍တည်သော ဆီပေါက်ပမာဏမျှကို အလွန်များသေး၏ဟုပယ်တော်မူ၍၊ ကြည်လင်သောဆီ၌နှစ်၍ဆယ်ပြီးသော၊ဇာတိဥဏ္ဏာမည်သောသိုးမွေးများ၌ ယိုစီး၍တည်ပြီးသောဆီပေါက်ပမာဏရှိ၏ဟု သာရတ္ထ၌မိန့်၏။

(ဤစကားကို၊ခုဒ္ဒကနိကာယ်ဆောင်ဆရာတို့၏အလိုအားဖြင့်ဆို၏။)

သံယုတ္တနိကာယ်ဆောင် ဆရာတို့သည်ကား။ ကလလ ရေကြည်ကို သုံးချောင်းသော ဇာတိဥဏ္ဏာမည်သောသားမွေးတို့ဖြင့် ကျစ်အပ်သော သားမွေးချည်များ၌တည်သော ဆီပေါက်ပမာဏရှိသည်ဟု ကလလ ရေကြည်ကိုမိန့်ဆိုကြ၏။

သံယုတ္တဘာဏကာပန တီဟိ ဇာတိဥဏ္ဏံ သူဟိ ကတသုတ္တဂ္ဂေ သဏ္ဌိတ တေလ ဗိန္ဒုပ္ပမာဏံ ကလလံ ဟောတီတိ ဝဒန္တိ။ ။ (သာ)

**ဆောင် ၁။ ထိုနေ့ဖွားလာ၊ သိုးမွေးသာ၊ မှတ်ပါဇာတိဥဏ္ဏာကေစိပြ။**

၂။ ဟိမဝန္တာ၊ပဒေသနေ၊သိုးမှအမွေး၊ အပရေး၊မှတ်ပေးဇာတိဥဏ္ဏာတည်း။

၃။ နူးညံ့မွေးခြုံ၊ သိုးကောင်ပုံ၏၊ ဝမ်းတုံဖေါက်ခွဲ၊ အမွေးဘဲဟူ၊မှတ်လိုသူ၊နည်းယူဇာတိဥဏ္ဏာအဲ့ညပြ။ ယင်သောက်လောက်ရုံ၊ဆုံးဖြတ်ပုံပြီး၊ ပယ်တုံအပ်ဖျား၊ တည်ငြားဆီပေါက်၊ ဆုံးဖြတ်ရောက်ပြန်၊ ပယ်ကျောက်ဆံဖျား၊ တည်ငြားဆီပေါက်၊ ဆုံးဖြတ်ရောက်လိမ့်၊ပယ်ကျောက်မြောက်ကျွန်း၊ ဆံပင်စွန်း၏၊ အညွန့်အဖျား၊ တည်ငြားဆီပေါက်၊ ဆုံးဖြတ်ရောက်ခဲ့၊ ပယ်ကျောက်အောက်ဆုံ၊ ဇာတိဥဏ်၏၊ မွေးပုံတခြောင်း၊ အဖျားစောင်းဝယ်၊ တည်ကောင်းဆီပေါက်၊ ဆုံးဖြတ်ရောက်၊ မှတ်လောက်ကလလခုဒ္ဒကတည်း။

၅။ ဇာတိဥဏ္ဏာ၊ သုံးခြောင်းပလိမ်၊ ကျစ်ကြစ်နိန်ကျိုး၊ အဖျားတိုးရောက်၊တည်ဆီပေါက်၊မှတ်လောက်ကလလ သံယုတ္တတည်း။

၆။ ထောပတ်ဆင်းလာ၊တူရာမှာ၊မှတ်ပါကလလ။

ဇီဝိတာဝေါရောပေသျှ, ၌၊ ဇီဝိတိန္ဒြေကို ဖြတ်ခြင်း။ ဇီဝိတိန္ဒြေယပစ္ဆေဒနကိုပင်လျှင်၊ ဇီဝိတာဝေါရောပနဟုဆိုသည်။

ဇီဝိတာဝေါရောပေယျာတိ၊ဇီဝိတိန္ဒြိယံဥပစ္ဆိန္ဒတိ၊ဥပရောဓေတိ သန္တတိံ ဝိကောပေတီတိ ဝုတ္တံ။ ။(ပ)

ယသ္မာပန ဇီဝိတာဝေါရောပနံနာမ အတ္တတော၊ဇီဝိတိန္ဒြိယ ပစ္ဆေဒနမေဝဟောတိ၊တသ္မာ ဘေဿ ပဒဘာဇနေ၊ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ ဥပရောဓေတိ၊သန္တတိံ ဝိကောပေတီတိ ဝုတ္တံ။ ။(ကင်္ခာ-၄)

ပဉ္စမကလလ သတ္တဝါဟာအတွင်း၌လည်း၊ ပူစေခြင်းလုံ့လနှိပ်နယ်ခြင်းလုံ့လတို့ဖြင့်၎င်း။ဆေးပူပေးခြင်းဖြင့်၎င်း။ဒုတိယဖြစ်သော အတ္တဘာဝစသော သတ္တဝါဟာတို့၌လည်း၊ ထိုသတ္တဝါဟာတို့အားလျော်သောလုံ့လဖြင့်၎င်း။ဇီဝိတိန္ဒြေမှကျစေသည်ဟုဆိုလိုသည်။

> ဇိဝိတာဝေါရောပေယျာတိ ကလလကာလေပိ၊ တာပနမဒ္ဒနေဟိဝါ၊ ဘေသဇ္ဇသမ္ပဒါနေနဝါ၊ တတောဝါ ဥဒ္ဓမ္ပိ တဒနုရူပေန ဥပက္ကမေန၊ ဇိဝိတာဝိယောဇေယျာတိ အတ္ထော။ ။ (ကင်္ခါ—ဋ္ဌ)

ဇိဝိတိန္ဒြေ၏ အစဉ်အဆက်အားဖြင့်၊ စပ်ခြင်းကိုဖြတ်သောပုဂ္ဂိုလ်-ချုပ်စေသော ပုဂ္ဂိုလ်ကို၊ ဇိဝိတိန္ဒြိယဉပစ္ဆိန္ဒတိပုဂ္ဂိုလ် ဇိဝိတိန္ဒြိယ ဥပရောဓေတိ ပုဂ္ဂိုလ်ဟုဆို၏။

> တတ္ထဇီဝိတိန္ဒြိယဿ ပဝေဏီဃဋနံ ဥပစ္ဆိန္ဒန္တော၊ ဥပရောဓေန္တောစ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ၊ ဥပရောဓေတီတိ ဝုစ္စတိ သွာယမတ္ထောသန္တတိ ဝိကောပေတီတိ ဒဿိတော။ ။ (ကင်္ခါ—ဋ္ဌ)

ဇိဝိတိန္ဒြေ၏အစဉ်အားဖြင့် စပ်ခြင်းကို၊ဖြတ်တောက်သည် ချုပ်စေသည် ဆိုသောစကားရပ်၌၊ စောဒနာ သောဒနာတို့ကို၊ ဤဆိုလတ္တံ့သောစကားရပ်တို့ဖြင့် သိမှတ်ရာ၏။ခဏခဏချုပ်ခြင်းသဘောရှိသော သင်္ခါရတရားတို့၌၊မည်သူသည် သတ်ပါသနည်း ဟု မေး။ မည်သူအသတ်ခံရပါသနည်း ဟုလည်းမေး။ ။ငှင်းအမေးနှစ်ရပ်၏ ပါဠိစကား။ ဩသွာဟ ခဏေခဏေ နိရုဇ္ဈနသဘာဝေသု၊ သင်္ခါရေသု ကောဟန္တိ၊ ကောဝါဟညတိ။ ။ဧွတေသို့ ဝစနေ၊ဇိဝိတိန္ဒြေ၏ အစဉ်အားဖြင့် စပ်ခြင်းကို ဖြတ်တောက်၏ဟုဆိုသောဤစကားရပ်၌။ကောစိ၊တစုံတယောက်သော။ စောဒကော၊စောဒကပုဂ္ဂိုလ်သည်။ ဧွတ္တာ၊ရပ်တည်၍ အာဟ၊စောဒနာကိုဆို၏။ခဏေခဏေ၊ ခဏတိုင်းခဏတိုင်း၌။ နိရုဇ္ဈနသဘာဝေသု၊ချုပ်ခြင်းသဘောရှိကုန်သော။သင်္ခါရေသု၊ သင်္ခါရ တရားတို့၌။ကော၊မည်သူမည်ဝါသည်။ဟန္တိ၊သတ်ပါသနည်း။ ကောဝါ၊ မည်သူမည်ဝါကိုလည်း။ဟညတိ၊သတ်အပ်ပါသနည်း။

ဝဓကစေတနာနှင့်တကွဖြစ်သော သတ္တဝါဟုဆိုအပ်သော သင်္ခါရတရားတို့၏အစုအဝေးသည်၊သတ်ပါ၏။ သင်္ခါရတရားတို့၏၊ သတ္တဝါဟုဆိုအပ်သော အစုအဝေးသည်၊ ဖြစ်စေအပ်သော သတ်ခြင်း၏ လုံ့လဟုဆိုအပ်သောအကြောင်းရှိသည်ဖြစ်၍၊ကောင်းပြီးသော ဉသ္မာဟုဆိုအပ်သော ကမ္မဇ တေဇောဓာတ် ဝိညာဏ်ဇိဝိတိန္ဒြေ ရှိ၍၊ သေ၏ဟု ခေါ်ဝေါ် ခြင်းဟု ဆိုအပ်သော အကြောင်းရှိသော၊ ဆိုအပ်တိုင်းသောသတ်ခြင်း ပယောဂကြောင့်၊ အသတ်ခံရခြင်း၌ ဖြစ်ထိုက်သော ရုပ်နာမ်တရားအပေါင်းကိုသတ်အပ်ပါသည် ဟုဖြေ။ ။

၂။ ဟိမဝန္တာ၊ပဒေသနေ၊သိုးမှအမွေး၊ အပရေး၊မှတ်ပေးဇာတိဥဏ္ဏာတည်း။

၃။ နူးညံ့မွေးခြုံ၊ သိုးကောင်ပုံ၏၊ ဝမ်းတုံ့ဖေါက်ခွဲ၊ အမွေးဘဲဟူ၊မှတ်လိုသူ၊နည်းယူဇာတိဥဏ္ဏာအဒ္ဓညပြ။ ယင်သောက်လောက်ရှုံ၊ ဆုံးဖြတ်ပုံပြီး၊ ပယ်တုံ့အဒ်ဖျား၊ တည်ငြားဆိုပေါက်၊ ဆုံးဖြတ်ရောက်ပြန်၊ ပယ်ကျောက်ဆံချား၊ တည်ငြားဆိုပေါက်၊ ဆုံးဖြတ်ရောက်လိမ့်၊ပယ်ကျောက်မြောက်ကျွန်း၊ ဆံပင်စွန်း၏၊ အညွန့်အချား၊ တည်ငြားဆိုပေါက်၊ ဆုံးဖြတ်ရောက်ခဲ့၊ ပယ်ကျောက်အောက်ဆုံ၊ ဇာတိဥဏ်၏၊ မွေးပုံတခြောင်း၊ အဖျားစောင်းဝယ်၊ တည်ကောင်းဆိုပေါက်၊ ဆုံးဖြတ်ရောက်၊ မှတ်လောက်ကလလခုဒ္ဓကတည်း။

၅။ ဇာတိဥဏ္ဏာ၊ သုံးခြောင်းပလိမ်၊ ကျစ်ကြစ်နိမ်ကျိုး၊ အဖျားတိုးရောက်၊တည်ဆိုပေါက်၊မှတ်လောက်ကလလ သံယုတ္တတည်း။

၆။ ထေ့ပတ်ဆင်းလာ၊တူရာမှာ၊မှတ်ပါကလလ။

ဇိဝိတာဝေါရောပေယျ,၌၊ ဇိဝိတိန္ဒြေကို ဖြတ်ခြင်း။ ဇီဝိတိန္ဒြိယ ပဗ္ဗန္ဓနကိုပင်လျှင်၊ ဇိဝိတာဝေါရောပနဟုဆိုသည်။

ဇီဝိတာဝေါရောပေယျာတိ၊ဇီဝိတိန္ဒြိယံဥပစ္ဆိန္ဒတိ၊ဥပရောဓေတိ သန္တတိံ ဝိကောပေတီတိ ဝုတ္တံ။ ။(ပ)

ယသ္မာပန ဇီဝိတာဝေါရောပနံနာမ အတ္ထတော၊ဇီဝိတိန္ဒြိယ ပဗ္ဗန္ဓနမေဝ ဟောတိ၊တသ္မာ ဘောဿ ပဒဘာဇနေ၊ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ ဥပရောဓေတိ၊သန္တတိံ ဝိကောပေတီတိ ဝုတ္တံ။ ။(ကင်္ခါ–ဋ)

ပဌမကလလ သတ္တာဟအတွင်း၌လည်း၊ ပူစေခြင်းလုံ့လနှိပ်နယ်ခြင်းလုံ့လတို့ဖြင့်၎င်း။ဆေးပူပေးခြင်းဖြင့်၎င်း။ဒုတိယဖြစ်သော အဗ္ဗုဒ၊စသော သတ္တာဟတို့၌လည်း၊ ထိုသတ္တာဟတို့အားလျော်သောလုံ့လဖြင့်၎င်း။ဇီဝိတိန္ဒြေမှကျစေသည်ဟုဆိုလိုသည်။

> ဗီဝိတာဝေါရောပေယျာတိ ကလလကာလေပိ၊ဘာပနမဒ္ဒနေဟိဝါ၊ ဘေသဇ္ဇ သမ္ပဒါနေနဝါ၊ တတောဝါ ဥဒ္ဒမ္ပိ တဒနုရူပေန ဥပက္ကမေန၊ ဇီဝိတာဝိယော ဇေယျာတိ အတ္ထော။ ။ (ကင်္ခါ—၄)

ဇီဝိတိန္ဒြေ၏ အစဉ်အဆက်အားဖြင့်၊စပ်ခြင်းကိုဖြတ်သောပုဂ္ဂိုလ်-ချုပ်စေသော ပုဂ္ဂိုလ်ကို၊ ဇီဝိတိန္ဒြိယဥပစ္ဆေဒကပုဂ္ဂိုလ် ဇီဝိတိန္ဒြိယ ဥပရောဓကပုဂ္ဂိုလ်ဟုဆို၏။

> တတ္ထဇီဝိတိန္ဒြိယဿ ပဝေဏိဃဋ္ဋနံ ဥပစ္ဆိန္ဒန္တော၊ဥပရောဓေန္တောစ၊ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ၊ဥပရောဓေတီတိ ဝုစ္စတိ သွာယမတ္ထောသန္တတိ ဝိကောပေတီတိ ဒဿိတော။ ။ (ကင်္ခါ—၄)

ဇီဝိတိန္ဒြေ၏အစဉ်အားဖြင့် စပ်ခြင်းကို၊ဖြတ်တောက်သည် ချုပ်စေသည် ဆိုသောစကားရပ်၌၊ စောဒနာ သောဒနာတို့ကို၊ ဤသိုလတ့် သောစကားရပ်တို့ဖြင့် သိမှတ်ရာ၏။ခဏခဏချုပ်ခြင်းသဘောရှိသော သင်္ခါရတရားတို့၌၊မည်သူသည် သတ်ပါသနည်း ဟု မေး။ မည်သူအာ သတ်ခံရပါသနည်း ဟုလည်းမေး။ ။၎င်းအမေးနှစ်ရပ်၏ ပါဠိကား။ ဇွေတ္တာဟ ခဏေခဏေ နိရုဇ္ဈနသဘာဝေသု၊ သင်္ခါရေသု ကောဟန္တိ၊ ကောဝါဟညတိ။ ။ဇွေတ္တေသို့ ဝစနေ၊ဇီဝိတိန္ဒြေ၏ အစဉ်အားဖြင့် စပ်ခြင်းကို ဖြတ်တောက်၏ဟုဆိုသောဤစကားရပ်၌။ကောစိ၊တစုံတယောက်သော။ စောဒကော၊စောဒကပုဂ္ဂိုလ်သည်။ ဥတွာ၊ရင်တည်၍ အာဟ၊စောဒနာကိုဆို၏။ခဏေခဏေ၊ ခဏတိုင်းခဏတိုင်း၌။ နိရုဇ္ဈန သဘာဝေသု၊ချုပ်ခြင်းသဘောရှိကုန်သော။သင်္ခါရေသု၊ သင်္ခါရ တရားတို့၌။ကော၊မည်သူမည်ဝါသည်။ဟန္တိ၊သတ်ပါသနည်း။ ကောဝါ၊ မည်သူမည်ဝါကိုလည်း။ဟညတိ၊သတ်အပ်ပါသနည်း။

ဝခကစေတနာနှင့်တကွဖြစ်သော သတ္တဝါဟုဆိုအပ်သော သင်္ခါရတရားတို့၏အစုအဝေးသည်၊သတ်ပါ၏။ သင်္ခါရတရားတို့၏၊ သတ္တဝါဟုဆိုအပ်သော အစုအဝေးသည်၊ ဖြစ်စေအပ်သော သတ်ခြင်း၏ သံ့လဟုဆိုအပ်သောအကြောင်းရှိသည်ဖြစ်၍၊ကင်းပြီးသော ဥသ္မာဟု ဆိုအပ်သော ကမ္မဇ တေဇောဓာတ် ဝိညာဏ်ဇီဝိတိန္ဒြေ ရှိ၍၊ သေ၏ ဟု ခေါ်ဝေါ် ခြင်းဟု ဆိုအပ်သော အကြောင်းရှိသော၊ ဆိုအပ်တိုင်းသောသတ်ခြင်း ပယောဂကြောင့်၊ အသတ်ခံရခြင်း၌ ဖြစ်ထိုက်သော ရုပ်နာမ်တရားအပေါင်းကိုသတ်အပ်ပါသည် ဟုဖြေ။ ။

အဖြေနှစ်ရင်၏ပါဠိကား။

ဝုတ္တတော၀စကစေတနာ သဟိတော သဒ္ဒါရာနံ ပုဗ္ဗေ့သတ္တသဒ္ဒါတောဟန္တိ၊ တေနပ၀တ္တိဘာ၀ဓပ္ပယောဂနိမိတ္တံ၊အပဂတုသ္မာဝိညာဏော ဇီဝိတိန္ဒြိယော၊မတ ဝေါဟာရပ္ပ၀တ္တိနိဗန္ဓနော ယထာဝုတ္တ၀ဓပ္ပယောဂါကရဏော၊ ဥပ္ပန္နာနာရဟော ရူပါရူပဓမ္မသမူဟော ဟညတိ။ ။

ပရိဟာရော၊အဖြေကို။မယာ၊ငါသည်။ဝုတ္တတော၊မိန့်ဆိုအပ်၏။ ၀ဓ ကစေတနာသဟိတော၊ ၀ဓကစေတနာနှင့်တကွဖြစ်သော။ သဒ္ဒါရာ နံ၊သဒ္ဒါရတရားတို့၏။ သတ္တသဒ္ဒါတော၊သတ္တဝါ ဟု ဆိုအပ်သော။ ပုဗ္ဗော၊အစုသည်။ဟန္တိ၊သတ်၏။တေန၊ထိုသတ္တဝါ ဟု ဆိုအပ်သော သဒ္ဒါရတရား အစုသည်။ ပ၀တ္တိဘာ၀ဓပ္ပယောဂနိမိတ္တံ၊ ဖြစ်စေအပ် သောသတ်ခြင်း လုံ့လပယောဂ ဟု ဆိုအပ်သောအကြောင်း ရှိသည် ဖြစ်၍။ အပဂတုသ္မာဝိညာဏ ဇီဝိတိန္ဒြိယော၊ ကင်းပြီးသော ဥသ္မာ ဝိညာဏ်ဇီဝိတိန္ဒြေရှိသည်ဖြစ်၍။မတဝေါဟာရပ္ပ၀တ္တိနိဗန္ဓနော၊ သေ ၏ဟုခေါ်ဝေါ်ခြင်းဟုဆိုအပ်သော ဖြစ်ကြောင်းရှိသော။ ယထာဝုတ္တ ၀ဓပ္ပယောဂါ၊ဆိုတိုင်းသောသတ်ခြင်း၏ လုံ့လပယောဂကြောင့်။ကရ ဏော၊သတ်သည်ကိုပြုခြင်းရှိ။ဥပ္ပန္နာနာရဟော၊ ဖြစ်ထိုက်သော။ ရူပါရူပ ဓမ္မသမူဟော၊ ရုပ်နာမ်တရားအပေါင်းကို။ဟညတိ၊သတ်အပ်ပါ၏။ ။

စိတ်စေတသိက် အစဉ်ဖြစ်အံ့။ နာမ်တရားဖြစ်သောကြောင့် ဖျက် ဆီးခြင်းငှါ စွမ်းနိုင်သော သတ္တိရှိသောတရားလည်းမဖြစ်နိုင်။ ဖျက်ဆီး အပ်သောတရားလည်းမဖြစ်နိုင်။ အကယ်၍ရုပ်အစဉ်ဖြစ်အံ့၊ စိတ်မရှိ သောကြောင့်၊ ထင်းတုံး-လက်ပန်တုံး-ဖွဲထင်းပွေးနှင့် တူသည်ဖြစ်၍၊ နာမ်တရားအစဉ်-ရုပ်တရားအစဉ်တို့၌ သူသေကောင်ကဲ့သို့။ ပါဏာ တိပါတကံကို၊မရရာသည် မဟုတ်ပါလော့ဟုမေး။ ။ပါဏာတိပါ တသည် အကြောင်းမရှိသည်မဟုတ်ပါလော့ဟုလည်း-မေး။

အမေး၏ပါဠိကား........................

ယဒိစိတ္တစေတသိကသန္တာနော၊ သော အရူပတာယ နဆေဒန ဘေဒနာဒိ ဝသေန၊ ဝိကောပန သမတ္ထော၊ နာပိဝိကောပနိယော၊ အထရူပသန္တာနော၊ သော အစေတနာယ၊ ကဋ္ဌကလိင်္ဂရူပမောတိ နတတ္ထဆေဒနာဒိနာ၊ ပါဏာတိ ပါတောလဗ္ဘတိ၊ယထာမတသရီရေ။

စိတ္တစေတသိကသန္တာနော၊ စိတ် စေတသိက် အစဉ်သည်။ ယဒိ

ဟောတိ၊အကာယ်၍ဖြစ်အံ့။ သောစိတ္တစေတသိကသင်္ခါရနော၊ ထိုစိတ်စေတသိက်အစဉ်သည်။ အရူပတာယ၊ နာမ်တရား၏အဖြစ်ကြောင့်၊ သေဒနသေဒနာဗ်ဝသေန၊ ဖြတ်ခြင်းခွဲခြင်းစသည်တို့၏အစွမ်းဖြင့်။ ဝိကောပနသမတ္တော။ဖျက်ဆီးခြင်း၌စွမ်းနိုင်သည်။ နဟောတိ၊မဖြစ်။ ဝိကောပနီယော၊ဖျက်ဆီးအပ်သည်။နာပိဟောတိ။ ဖြစ်လည်းမဖြစ်။ ရူပသန္တာနေ၊ရုပ်အစဉ်သည်။အထဟောတိ၊ အကာယ်၍ဖြစ်အံ့။သော၊ထိုရုပ်အစဉ်သည်။ အစေတန တာယ၊ စိတ်စေတနာမရှိသည်၏ အဖြစ်ကြောင့်။ ကဋ္ဌ ကလိင်္ဂ ရူပမော၊ ထင်းတုံး, ငွဲထင်း ပွေးနှင့် တူသော ဥပမာရှိ၏။ ဒုတိတသ္မာ၊ထိုကြောင့်။တတ္ထ၊ထိုနာမ်အစဉ်ရုပ်အစဉ်တရားတို့၌။သေဒနာဒိနာ၊ ဖြတ်ခြင်းစသည်ဖြင့်။ ပါဏာတိပါတော၊ ပါဏာတိပါတကို။ နလဗ္ဘတိ၊ မရအပ်သည်မဟုတ်ပါလော။ မတာသရိရေ၊သူသေကောင်ကိုယ်၌။နလဗ္ဘတိယထာ၊မရအပ်သကဲ့သို့မှတ်လေ။

သက်သက်သော စိတ်စေတသိက်အစဉ်သည်၊ သတ်ခြင်းလုံ့လပယောဂ၏အရာမဟုတ်သော်ငြားလည်း။ ပဉ္စဝေါကာရဘုံဝယ် နာမ်အစဉ်၏ ရုပ်အစဉ်နှင့် စပ်၍နေသောကြောင့်။ ရုပ်အစဉ်၌၊ ဇီဝိတိန္ဒြေကို ဖြတ်သော လုံ့လပယောဂ၏အစွမ်းဖြင့်၊ တပါးသူသည် ဖြစ်စေအပ်သောလုံ့လပယောဂကို။ တားမြစ်တတ်သော၊ မတူသောရုပ်ဖြစ်ခြင်းမှ ကင်းခဲ့သည်ရှိသော်၊ ပြတ်စဲသည်မည်၏။ ထို့ကြောင့်၊ စိတ်အစဉ်ရုပ်အစဉ်တို့၌၊ ပါဏာတိပါတကံကိုရအပ်ပါသည်ဟုဖြေ။ ။ပါဏာတိပါတ သည် အကြောင်းရှိပါသည်ဟုလည်းဖြေ။ ။

အဖြေပါဠိကား…… ……………

ကေဝလောဝါစိတ္တစေတသိကသန္တာနော၊ဝဓပ္ပယောဂါ ဝိသယာ ဘာဝေပိ၊တဿပဉ္စဝေါကာရဘာဝေ ရူပသန္တာနာ မိနဝုတ္တိတာယ၊ရူပသန္တာနေ ပရေန ပယောဇိတ ဇီဝိတိန္ဒြိယုပစ္ဆေဒကပယောဂဝသေန၊ တံနိဗ္ဗတ္တိတ ဝိဗန္ဓက ဝိသဒိသရူပုပ္ပတ္တိယာ ဝိဟတော၊ဝိစ္ဆေဒေါဟောတီတိ၊ နပါဏာတိပါတဿအသမ္ဘဝေါ၊နာပိ အဟေတုကော ပါဏာတိပါတော။ ။ဟုဖွင့်ဆိုတော်မူ၏။

ကေဝလောဝါ၊ သက်သက်လည်းဖြစ်သော။စိတ္တစေတသိကသန္တာနော၊ စိတ်စေတသိက်အစဉ်သည်။ ဝဓပ္ပယောဂါဝိသယာဘာဝေပိ၊ သတ်ခြင်းလုံ့လပယောဂ၏အရာမဟုတ်သော်လည်း။ တဿ၊ထိုစိတ်စေတသိက်အစဉ်၏။ပဉ္စဝေါကာရဘဝေ၌။ ရူပသန္တာနာမိဝုတ္တိတာ

ယ၊ချုပ်အစဉ်နှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်။ ရူပသန္တာ နော၌။ ပရေန၊ တပါးသူသည်။ ပယောဇိတ ဇိဝိတိန္ဒြိယုပစ္ဆေဒကပ ယောဂဝသေန။ ယှဉ်စေအပ်သော ဇီဝိတိန္ဒြေကိုဖြတ်တတ်သောလုံ့ လပယောဂ၏အစွမ်းဖြင့်၊ တံနိဗ္ဗတ္တိတ ဝိပန္တက ဝိသဒိဂ္ဂုပ္ပတ္တိယာ၊ ထိုသူတပါးသည် ဖြစ်စေအပ်သောပယောဂကို တားမြစ်တတ်သော မတူသောရုပ်ဖြစ်ခြင်းမှ။ဝိပဟ တော၊ကင်းသည့်ရှိသော်။ ဝိစ္ဆေဒေါ၊ ဖြတ် စဲသည်။ ဟောတိ၊၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပါဏာတိပါတဿ၊ ပါဏာတိပါတ၏။ အသန္တဝေါ၊ မဖြစ်သင့်ခြင်းသည်။ နဟောတိ၊ မဖြစ်။ ပါဏာတိပါတော၊ သည်။အဟေတုကော၊အကြောင်းမရှိသည်။ နာပိ ဟောတိ၊ ဖြစ်သည်းမဖြစ်။

ပါဏာတိပါတ၏အကြင်အကြင်ဆိုအပ်ပြီးသောပုတ်ခတ်ကြောင်း ပုတ်ခတ်ခြင်းအစရှိသော ပယောဂသည်လည်း။ အတိတ်သင်္ခါရတို့၌ ဖြစ်ရာပါသလော၊ အနာဂတ် သင်္ခါရတို့၌ဖြစ်ရာပါသလော၊ ပစ္စုပ္ပန် သင်္ခါရတို့၌ဖြစ်ရာပါသလော-ဟု မေး။

အတိတ်သင်္ခါရ အနာဂတ်သင်္ခါရတို့၏မရှိသောကြောင့်။ပယော ဂသည်၊အတိတ်သင်္ခါရ အနာဂတ် သင်္ခါရတို့၌မဖြစ်ရာ။

သင်္ခါရ တရားတို့၏ ခဏ၌ ယှဉ်သည်၏ 'အဖြစ်ကြောင့် လည်း ကောင်း၊ မိမိသဘောအားဖြင့်သာ ချုပ်ခြင်းသဘောရှိသည်၏ အဖြစ် ကြောင့်လည်းကောင်း။ ပျက်စီးခြင်းသို့ရှေးရှုသော ပစ္စုပ္ပန်သင်္ခါရတို့၌ လည်း၊ အကျိုးမရှိသော ပယောဂ ဖြစ်ရာပါသည် မဟုတ်ပါလော ဟု မေး။

အမေး၏ပါဠိကား.................. .......

ပယောဂေါပိ ပါဏာတိပါတဿ ယထာဝုတ္တော၊ ပဟရဏာဒိပ္ပယောဂေါ ကော၊အတီတေသုငါ၊သင်္ခါရေသုဘဝေယျ၊ အနာဂတေသု ပစ္စုပ္ပန္နေသုဝါ၊ တတ္ထနတာဝ အတီတာနာဂတေသု သမ္ဘဝတိ၊တေသံအဘာဝ တော၊ပစ္စုပ္ပန္နေ သုစသင်္ခါရာနံ ခဏိကတ္တာ သရသေနေဝ နိရုဇ္ဈနသဘာဝတာယ ဝိနာသာ ဘိမုခေသု၊နိပ္ပယောဇနော ပယောဂေါသိယာ၊ ၊

ပါဏာတိပါတဿ၊ ၏။ ယထာဝုတ္တော၊ အကြင်အကြင် ဆိုအပ်

သော။ ပဟာရဏာပ္ပဟာရာဧဒိကော၊ ပုတ်ခတ်ကြောင်းပုတ်ခတ်ခြင်းအစ ရှိသော။ပယောပေါဝိ၊ပယောဂသည်လည်း။ အတီတော့သ၊ လွန်ကုန် ပြီးသော။သင်္ခါရေသုဝါ၊သင်္ခါရတို့၌လည်း။ဘဝေယျ၊ဖြစ်ရာသလော။ အနာဂတေသု၊ အနာဂတ်ဖြစ်ကုန်သော။ သင်္ခါရေသုဝါ၊လည်း။ ဘ ဝေယျ၊ လော။ ပစ္စုပ္ပန္နေသု၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ သင်္ခါရေသုဝါ၊ သင်္ခါရတို့၌လည်း။ဘဝေယျ၊လော၊ တတ္ထ၊ ထိုသုံးမျိုးသောသင်္ခါရတို့ တွင်။တေသံ၊ ထိုအတိတ်သင်္ခါရ၊ အနာဂတ်သင်္ခါရတို့၏။ အဘာဝ တော၊မရှိသောကြောင့်။အတီတာနာဂတေသု၊အတိတ်သင်္ခါရ အနာ ဂတ်သင်္ခါရတို့၌။ တာဝ၊ အစဦးစွာ။ နသမ္ဘဝတိ၊ မဖြစ်သင့်။ သင်္ခါရာ နံ၊သင်္ခါရတရားတို့၏။ ခဏိကတ္တာစ၊ ခဏငယ်ရှိသည့်အဖြစ်ကြောင့် လည်းကောင်း။ သရသေနေဝ၊ မိမိသဘောအားဖြင့်သာလျှင်၊ နိရုဇ္ဈန သဘာဝတာယစ၊ ချုပ်ခြင်းသဘောရှိသည့်၏ အဖြစ်ကြောင့် လည်း ကောင်း၊ ဝိနာသာဘိမုခေသု၊ပျက်စီးခြင်းသို့ရှေးရှုကုန်သော။ပစ္စုပ္ပန္နေ သု၊ပစ္စုပ္ပန်ဖြစ်သောသင်္ခါရတို့၌။ နိပ္ပယောဇနော၊ အကျိုးမရှိသော။ ပ ယောဂေါ၊ ပယောဂသည်။သိယာ၊ဖြစ်ရာသည်မဟုတ်လော။

ပစ္စုပ္ပန်ဖြစ်သော သင်္ခါရတို့၌၊ ပြုအပ်သောလုံ့လ ပယောဂ၏ အစွမ်းဖြင့်၊ ဖြစ်ထိုက်သော သင်္ခါရချုပ်ကလာပ် မဖြစ်သောကြောင့်၊ ပယောဂသည်အကျိုးရှိပါ၏ဟုဖြေ။

အဖြေပါဠိကား........................

နစပယောဂေါနိပ္ပယောဇနော၊ ပစ္စုပ္ပန္နေသုသင်္ခါရေသု၊ ကတပယောဂ ဝသေန တဒနန္တရဲ၊ ဥပ္ပဇ္ဇနာရဟဿ သင်္ခါရကလာပဿ၊ တထာအနုပ္ပတ္တိ တော။ ။ဟုဖွင့်ဆို၏။

ပစ္စုပ္ပန္နေသု၊ပစ္စုပ္ပန်ဖြစ်ကုန်သော၊သင်္ခါရေသု၊တို့၌။ကတပယော ဂဝသေန၊ပြုအပ်သောပယောဂ၏အစွမ်းဖြင့်။တဒနန္တရံ၊ထိုပယော ဂကိုပြုသည့်၏အခြားမဲ့၌။ ဥပ္ပဇ္ဇနာရဟဿ၊ ဖြစ်ထိုက်သော။သင်္ခါရ ကလာပဿ၊သင်္ခါရချုပ်ကလာပ်၏။တထာ၊ ထိုသို့သောအခြင်းအရာ အားဖြင့်။ အနုပ္ပတ္တိတော၊ မဖြစ်ခြင်းကြောင့်။ ပယောဂေါ၊သည်။ နိပ္ပ ယောဇနော၊ အကျိုးမရှိသည်။နစဟောတိ၊ဖြစ်လည်းမဖြစ်။

အမေးပါဠိကား......................

ဝိနာသသဿ စ ကာရဏာရဟိတတ္တာ၊ နပဟာရဏပဟာရာဒိပ္ပယောဂ ဟေတုကံမရဏံ။ ။ဟု ဖွင့်ဆိုအပ်၏။

ဝိနာသသဿစ၊ ပျက်စီးခြင်း၏လည်း။ ကာရဏာရ ဟိတတ္တာ၊ အကြောင်းမှကင်းသည့်၏အဖြစ်ကြောင့်။ ပဟာရဏပ္ပဟာရဒိပ္ပယောဂ ဟေတုကံ၊ ပုတ်ခတ်ကြောင်း-ပုတ်ခတ်ခြင်းအစရှိသော၊ လုံ့လဟုဆိုအပ်သောအကြောင်းရှိသော။မရဏံ၊သေခြင်းသည်။ နဟောတိ၊မဖြစ်နိုင်သည်မဟုတ်ပါလော။ ။

ခဏိကသင်္ခါရတို့၏၊ခဏိကမရဏကို၊ဤအရာ မရဏ၏အဖြစ်ဖြင့် အလိုမရှိအပ်သောကြောင့်၊ သန္တတိမရဏ၏လည်း၊ ဆိုအပ်ပြီးသော နည်းဖြင့် အကြောင်းရှိသည့်၏အဖြစ်ကြောင့်၊အကြောင်းရှိသော သေခြင်းတရားသာဖြစ်ရာပါ၏ဟု ဖြေ။ ။

အဖြေပါဠိကား......................

ခဏိကာနံသင်္ခါရာနံခဏိကမရဏဿ၊ဣဓမရဏဘာဝေန အနဓိပ္ပေတတ္တာ၊ သန္တတိမရဏဿစ ယထာဝုတ္တနယေန သဟေတုကဘာဝတော နအဟေတုကမရဏံ။ ။ဟု ဖွင့်ဆိုအပ်၏။

ခဏိကာနံ၊ခဏငယ်နှင့်ယှဉ်ကုန်သော။ သင်္ခါရာနံ၊သင်္ခါရတရားတို့၏။ခဏိကမရဏဿ၊ခဏငယ်နှင့်ယှဉ်သောသေခြင်းတရား၏။ ဣဓ၊ ဤအရာ၌။မရဏဘာဝေန၊ သေသည့်၏အဖြစ်ဖြင့်။ အနဓိပ္ပေတတ္တာစ၊ အလိုမရှိအပ်သည့်၏အဖြစ်ကြောင့်လည်းကောင်း၊သန္တတိမရဏဿ၊ သန္တတိမရဏ၏။ယထာဝုတ္တနယေန၊ အကြင်အကြင်ဆိုအပ်ပြီးသော နည်းဖြင့်။ သဟေတုကဘာဝတောစ၊ အကြောင်းရှိသည့်၏ အဖြစ်ကြောင့်လည်းကောင်း။အဟေတုကမရဏံ၊ အကြောင်းမရှိသောသေခြင်းသည်။နဟောတိ၊မဖြစ်။ ။

သင်္ခါရတရားတို့၏ ဇီဝ ဟုဆိုအပ်သောအသက်မရှိသည့်၏အဖြစ်ကြောင့်။ထိုပယောဂသည်၊ဘယ်သူ၏ပယောဂဖြစ်ရာပါသနည်း။

သတ်လိုသည်နှင့်ညီမျှသောကာလ၌၊ ပျက်စီးခြင်းရှိသောသင်္ခါရတရား၏ခဏိကဖြစ်သောကြောင့်လည်းကောင်း၊ သတ်ခြင်းကြီးယာပြီးဆုံးရာကာလ၏အတည်မရှိသောကြောင့်လည်းကောင်း။ မည့်သူအား ပါဏာတိပါတကံဖြင့်ဖွဲ့အပ်ပါသနည်းဟုမေး။

အမေးပါဠိကား.........................

နိဇ္ဇီဝကတာယစ သင်္ခါရာနံ ကဿသောပယောဂေါ၊ ခဏိကတ္တာဝဓာဓိပ္ပါယ သမကာလ ဘိန္ဒနကဿ ကြိယာပရိယောသာန ကာလာနဝဋ္ဌာနတော ကဿ ပါဏာတိပါတကမ္မဗဒ္ဓေါတိ။ ။ဟုဖွင့်ဆိုတော်မူ၏။

သင်္ခါရာနံ၊ ဘို့၏။ နိဇ္ဇီဝကတာယစ၊ ဇီဝဟုဆိုအပ်သော အသက်မရှိသည်၏ အဖြစ်ကြောင့်လည်း။ သောပယောဂေါ၊ ထိုပယောဂသည်။ ကဿ၊ အဘယ်သူအား၊ ဟောတိ၊ ဖြစ်ပါသနည်း၊ ဝဓါဓိပ္ပါယ သမကာလ ဘိန္ဒနကဿ၊ သတ်လိုသည်နှင့်ညီမျှသောကာလ၌ပျက်စီးခြင်းရှိသောသင်္ခါရတရား၏။ ခဏိကတ္တာ၊ ခဏငယ်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ကြိယာပရိယောသာန ကာလာနဝဋ္ဌာနတော၊ သတ်ခြင်းကြီယာပြီးဆုံးရာကာလ၏။ တည်ရာမရှိသောကြောင့်လည်းကောင်း။ ကဿဝါ၊ အဘယ်သူအားလည်း၊ ပါဏာတိပါတကမ္မဗဒ္ဓေါ၊ ပါဏာတိပါတကံဖြင့် ဖွဲ့အပ်ပါသနည်း။ ဣတိအယံ၊ ဤသည်ကား၊ ပုစ္ဆာ၊ အမေးတည်း။

ပဒိပေါပကာ သေတိနိသာဘဂေ့ာစ န္တိမာ ပြယုဂ်တို့ကဲ့သို့၊ အားထုတ်ခြင်းမရှိသော သင်္ခါရတရားတို့၌သော်လည်း၊ ကောင်းစွာတည်သေါအဖြစ်မျှဖြင့်ကျေးဇူးပြုတတ်သောမိမိမိမိအားလျော်သောအကျိုးကိုဖြစ်စေသည်ရှိသော်၊မြဲသောအကြောင်းတို့၌ ကတ္တားဟူသောခေါ်ဝေါ်ခြင်း၏ ပြီးနိုင်သောကြောင့်၊ ပါဏာတိပါတပ္ပ ယောဂ သည်၊ ကတ္တားမှမကင်းဆိတ်ပါ။

သက်သက်သတ်လိုသည်နှင့်တကွဖြစ်သော၊ စိတ်စေတသိက် အပေါင်း၏ပါဏာတိပါတကို၊အစဉ်၏အစွမ်းဖြင့်တည်တန့်သော ခန္ဓာငါးပါးကိုသာဝန်ခံသောကြောင့်အသိမရှိရ။

အစဉ်၏အစွမ်းအားဖြင့်ဖြစ်သော၊ဆိမ်းစသည်တို့၏လည်းအကျိုးပြီးခြင်းသည်၊ထင်ရှားပါ၏။ထို့ကြောင့်ပါဏာတိပါတကံဖြင့် ဖွဲ့အပ်သောအရာသည်ရှိ၏ဟုမှတ်ပါလေ။

အပြေပါဠိကား။

နစကတ္တုရှဟိတော၊ပါဏာတိပါတပ္ပယောဂေါ နိရီဟကေသုပိ၊သင်္ခါရေသု၊ သန္နိဟိတတာမတ္တေနဥပကာရကေသု၊ အတ္တနော အတ္တနော အနုရူပဖလုပ္ပါဒနေ နိယတေသုကာရကေသု၊ကတ္တုဝေါဟာရသိဒ္ဓိတော၊ ယထာပဒီပေါပကာသေတိ၊နိသာကရောစန္ဒိမာတိ နစကေဝလသာ၊ ဓမ္မာဓိပ္ပါယသဟဘုနော၊စိတ္တစေတသိက ကလာပဿ ပါဏါတိပါတော ရုန္တိတော၊သန္တာနဝသေန အဝဋ္ဌိတဿဝ ပဋိဇာနနတော သန္တာနဝသေန ပဝတ္တမာနာနဉ္စ ပဒိပါဒိနံ အတ္ထကြိယာ သိဒ္ဓိ ဒိဿ ဘိတိအတ္ထေဝ၊ပါဏာတိပါတေန ကမ္မုနာ ဗန္ဓေါ ဟုဖွင့်ဆို၏။

ပါဏာတိပါတပ္ပယောဂေါ၊ပါဏာတိပါတပယောဂသည်။ နိရိဟကေသု၊အားထုတ်ခြင်းမရှိကုန်သော။သင်္ခါရေသုပိ၊ သင်္ခါရတရားတို့၌သော်လည်း။ သန္နိဟိတတာမတ္တေန၊ ကောင်းစွာတည်သောအဖြစ်မျှဖြင့်။ဥပကာရကေသု၊ ကျေးဇူးပြုတတ်ကုန်သော။ အတ္တနော အတ္တနော။မိမိ-မိမိအား။အနုရူပဖလုပ္ပါဒနေ၊ လျော်သော အကျိုးကိုဖြစ်စေခြင်း၌။နိယတေသု၊မြဲကုန်သော။ကာရကေသု၊ အကြောင်းတို့၌။ ကတ္တုဝေါဟာရသိဒ္ဓိတော၊ကတ္တားဟူသောခေါ်ဝေါ်ခြင်း၏ ပြီးသောကြောင့်။ကတ္တုရှဟိတော၊ကတ္တားမှုကင်းသည်။နစဟောတိ၊ဖြစ်လည်းမဖြစ်။ ပဒီပေါ၊ဆီမီးသည်၊ ပကာသေတိယထာ၊ ထင်ရှားပြသကဲ့သို့မှတ်လေ။ စန္ဒိမာ၊လသည်။ နိသာကရော၊ ညဉ့်ကိုပြုတတ်၏။ ဣတိယထာ၊ ဤပြယုဂ်ကဲ့သို့မှတ်လေ။ ကေဝလဿ၊ သက်သက်သော။ ဓမ္မာဓိပ္ပါယသဟဘုနော၊ သတ်ခြင်း၌အလိုနှင့်တကွဖြစ်သော စိတ္တစေတသိကကလာပဿ၊စိတ် စေတသိက်အပေါင်း၏။ ပါဏာတိပါတော၊ပါဏာတိပါတကို။သန္တာနဝသေန၊အစဉ်၏အစွမ်းဖြင့်။အဝဋ္ဌိတဿဝ၊တည်သောရုပ်နာမ်တရား၏သာလျှင်။ ပဋိဇာနနတော၊ဝန်ခံသောကြောင့်။နစရုန္တိတော၊ အလိုလည်းမရှိအပ်။ သန္တာနဝသေန၊ဖြင့်။ပဝတ္တမာနာနံ၊ဖြစ်ကုန်သော။ပဒီပါဒိနံစ၊ဆီမီးစသည်တို့၏လည်း။ အတ္ထကြိယာသိဒ္ဓိ၊အကျိုးကြိယာပြီးခြင်းကို။ ဒိဿတိ၊ ရှုအပ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ပါဏာတိပါတေန၊ပါဏာတိပါတအမည်ရှိသော။ကမ္မုနာ၊ကံဖြင့်။ ဗန္ဓေါ၊ဖွဲ့အပ်သောအရာသည်။ အတ္ထေဝ၊ရှိသည်သာလျှင်တည်း။

အဒိန္နဒါနိစသောသိက္ခာပုဒ်တို့၌ လည်းဖြစ်သင့်သည့် အားလျော်စွာ၊၎င်းဆိုခဲ့ပြီးသောစိစစ်ခြင်းကိုထင်စွာပြုရမည်၊

ထို့ကြောင့်၊အယဥ္စပိစာရော အဒိန္နာဒါနာဒိသုပိ။ ယထာသမ္ဘဝံ ဝိဘာဝေတဗ္ဗော ဟုမိန့်တော်မူ၏၊

ဇိဝိတာဝေါရောပေယျပုဒ်၌ ဇိဝိတိန္ဒြေ သည့် ရုပ်ဇိဝိတိန္ဒြေ၊နာမ်ဇိဝိတိန္ဒြေဟူ၍၊နှစ်ပါးအပြားရှိ၏။

တတ္ထဒုဝိဓံ ဇီဝိတိန္ဒြိယံ၊ရူပဇီဝိတိန္ဒြိယံ အရူပဇီဝိတိန္ဒြိယဥ္စ၊ (ကင်္ခါ—၄၉)

ထိုနှစ်ပါးတို့တွင်၊ နာမ်ဇိဝိတိန္ဒြေ၌။ လုံ့လမရှိသည်ဖြစ်၍၊ နာမ်ဇိဝိတိန္ဒြေကိုချခြင်းငှါမတတ်ကောင်း၊ရုပ်ဇိဝိတိန္ဒြေ၌လုံ့လရှိသည်ဖြစ်၍၊ ရုပ်ဇိဝိတိန္ဒြေကို၊ချခြင်းငှါတတ်ကောင်း၏။

တေသု အရူပဇီဝိတိန္ဒြိယေ ဥပက္ကမောနတ္ထိ၊ တံဝေါရောပေတုံနသက္ကာ၊ ရူပဇီဝိတိန္ဒြိယေပနအတ္ထိ၊တံဝေါရောပေတုံ သက္ကာ။ (ကင်္ခါ—၄၉)

ရုပ်ဇိဝိတိန္ဒြေကိုချသည်ရှိသော်၊ နာမ်ဇိဝိတိန္ဒြေကိုလည်း ချသည်မည်၏။ ရုပ်ဇိဝိတိန္ဒြေနှင့် နာမ်ဇိဝိတိန္ဒြေ စပ်သောဖြစ်ခြင်း ရှိသောကြောင့်၊ရုပ်ဇိဝိတိန္ဒြေနှင့်နာမ်ဇိဝိတိန္ဒြေအတူချုပ်ကြ၏။

တံပနဝေါရောပေန္တော အရူပဇီဝိတိန္ဒြိယမ္ပိ ဝေါရောပေတိ၊ တေနေဝဟိ သဒ္ဓိံ တံနိရုဇ္ဈတိ၊တဒါယတ္တဝုတ္တိတော။ (ကင်္ခါ—၄၉)

ဇိဝိတိန္ဒြေကိုချသည်ရှိသော်၊ အတိတ်ဖြစ်သော ဇိဝိတိန္ဒြေကိုချပါသလော။သို့မဟုတ်၊ အနာဂတ်ဖြစ်သော ဇိဝိတိန္ဒြေကိုချပါသလော။ သို့မဟုတ်။ပစ္စုပ္ပန်ဖြစ်သောဇိဝိတိန္ဒြေကိုချပါသလော-ဟုမေး။

အဖြေကား .......။အတိတ်စိတ္တက္ခဏ၌ အသက်ရှင်ပြီးပြီ၊ ရှင်ဆဲ ရှင်လတ့ံမဟုတ်၊ အနာဂတ်စိတ္တက္ခဏ၌။အသက်ရှင်လတ့ံ။ ရှင်ပြီး-ရှင်ဆဲမဟုတ်။ပစ္စုပ္ပန်ဖြစ်သောစိတ္တက္ခဏ၌၊အသက်ရှင်ဆဲ-ရှင်ပြီး၊ရှင်လတ့ံမဟုတ်၊ရှင်ဆဲဖြစ်သော ပစ္စုပ္ပန်ခဏ၌၊ လုံ့လသည် ဖြစ်သင့်သောကြောင့်၊ပစ္စုပ္ပန်ခဏဖြစ်သောဇိဝိတိန္ဒြေကိုချပါသည်ဟု ဖြေဆိုလေ။

> အတီတေစိတ္တက္ခဏေဇီဝိတ္ထနဇီဝတိ နဇီဝိဿတိ၊ အနာဂတေစိတ္တက္ခဏေ ဇီဝိဿတိ၊ နဇီဝိတ္ထ နဇီဝတိ၊ ပစ္စုပ္ပန္နေ စိတ္တက္ခဏေဇီဝတိ နဇီဝိတ္ထ နဇီဝိဿတိ။ ။ (ကင်္ခါ–ပါ)

အဋ္ဌကထာ၌ကား။ ။တသ္မာယတ္ထ ဇီဝတိ၊ တတ္ထ ဥပက္ကမော ယုတ္တောတိ၊ ပစ္စုပ္ပန္နံဝေါရောပေတိ ဟုဖြေဆိုတော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ ယတ္ထ၊ အကြင်ပစ္စုပ္ပန်ခဏ၌။ ဇီဝတိ၊ အသက်ရှင်၏။ တတ္ထ၊ ထိုပစ္စုပ္ပန်ခဏ၌။ ဥပက္ကမော၊ လုံ့လသည်။ ယုတ္တော၊ သင့်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော ဇီဝိတိန္ဒြေကို။ ဝေါရောပေတိ၊ ချ၏။ ။

**ဆောင်။ ။တိတ်နာဂတံ၊ ပစ္စုပ္ပန်ရောက်၊ ဇီဝိန်ပေါက်၊ ဖြတ်တောက် ဘယ်ကိုချသနည်း။**
**လုံ့လသင့်ပြန်၊ ပစ္စုပ္ပန်၊ ချဟန်ဇီဝိတည်း။ ။**

ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန် ဟူ၍ သုံးပါးအပြားရှိ၏။

> ပစ္စုပ္ပန္နဉ္စနာမေတံခဏပစ္စုပ္ပန္နံ၊ သန္တတိပစ္စုပ္ပန္နံ၊ အဒ္ဓါပစ္စုပ္ပန္နန္တိတိဝိဓံ၊ ။ (ကင်္ခါ-၄၅)

ထိုသုံးပါးတို့တွင်၊ ဥပါဒ်၊ ဌီ၊ ဘင်နှင့်ပြည့်စုံသော ဇီဝိတိန္ဒြေသည် ခဏပစ္စုပ္ပန်မည်၏။ ထိုခဏပစ္စုပ္ပန်ဖြစ်သော ဇီဝိတိန္ဒြေကိုအလိုလိုသာ လျှင်ချုပ်သောကြောင့် ချခြင်းငှါ မတတ်ကောင်း။

> တတ္ထခဏပစ္စုပ္ပန္နံနာမ ဥပ္ပါဒဇရာ ဘင်္ဂသမင်္ဂီ တံဝေါရောပေတုံ နသက္ကာ၊ ကသ္မာသယမေဝနိရုဇ္ဈနတော။ ။ (ကင်္ခါ–၄၅)

**ဆောင်။ ။ခဏအစဉ်၊ အဒ္ဓါရှင်၊ သုံးပင်ပစ္စုပ်ပြား။**
**အလိုလိုချုပ်၊ ခဏရုပ်၊ ပစ္စုပ်မချနိုင်သတည်း။ ။**

ဇောဝါရ ခုနစ်ကြိမ်၊ ရှစ်ကြိမ် အတိုင်းအရှည်ရှိသော ကာလပတ်လုံး တူသော အဘို့ရှိသော ရုပ်ဇီဝိတ အစဉ်၏ အစွမ်းဖြင့် ဖြစ်၍ချုပ်သော ဇီဝိတိန္ဒြေသည် သန္တတိပစ္စုပ္ပန်မည်၏။

သန္တတိပစ္စုပ္ပန္နံ နာမ သတ္တာဟဇ္ဈာနသမာပတ္တိ ဝါရမတ္တံ သဘာဂသန္တတိဝသေန ပဝတ္တိတွာ နိရုဇ္ဈနကံ။ ၊ (ဂကား-၄)

သတ္တာဟဇ္ဈာနသမာပတ္တိဝါရမတ္တံ၊ ခုနစ်ကြိမ်,ရှစ်ကြိမ်သော ဇောဝါရအတိုင်း အရှည်ရှိသောကာလပတ်လုံး။ သဘာဂသန္တတိဝသေန၊ တူသောအဆက်ရှိသော စိတ်အစဉ်၏အစွမ်းဖြင့်။ ပဝတ္တိတွာ၊ ဖြစ်၍။ နိရုဇ္ဈနကံ၊ ချုပ်သော စိတ်စေ့ခြင်းသည်။ သန္တတိပစ္စုပ္ပန္နံ နာမ။ သန္တတိ ပစ္စုပ္ပန် မည်၏။

တနည်း။ အပူမှလာ၍ တိုက်ခန်းသို့ ဝင်၍နေထိုင်သောသူအား၊ အမိုက်မှောင် ဖြစ်သရွေ့ ကာလ အတောအတွင်း၌ ဖြစ်သော စိတ်စေ့ခြင်းသည် သန္တတိပစ္စုပ္ပန်မည်၏၊

တနည်း။ အမှောင်မှလာ၍ တိုက်ခန်းသို့ဝင်၍နေထိုင်သောသူအား။ အမြင်မငြိမ်းသရွေ့ ကာလအတောအတွင်း၌ဖြစ်သော စိတ်စေ့ခြင်းကို သန္တတိပစ္စုပ္ပန်ဟုခေါ်၏။

> ယာဝ ဝါ ဥဏှတော အာဂန္တွာ ဩဝရကံ ပဝိသိတွာ နိသိန္နဿ အန္ဓကာရံ ဟောတိ၊ သီတတော ဝါ အာဂန္တွာ ဩဝရကေ နိသိန္နဿ ယာဝ ဝိသဘာဂ ဥတုပါတုဘာဝေန ပုရိမကော ဥတု နပဋိပ္ပဿမ္ဘတိ၊ ဧတ္ထန္တရေ သန္တတိ ပစ္စုပ္ပန္နန္တိ ဝုစ္စတိ။
> (ဂကား-၄)

ဝါ၊ တနည်းကား။ ဥဏှတော၊ အပူမှ၊ အာဂန္တွာ၊ လာ၍။ ဩဝရကံ၊ တိုက်ခန်းသို့။ ပဝိသိတွာ၊ ဝင်၍။ နိသိန္နဿ၊ နေထိုင်သောသူအား။ အန္ဓကာရံ၊ အမိုက်မှောင်သည်။ ယာဝ၊ အကြင်မျှလောက်။ ဟောတိ၊ ၏။ တာဝ၊ ထိုမျှလောက်။ ဧတ္ထန္တရေ၊ ဤမိုက်သေးသရွေ့ အတောအတွင်း၌။ သန္တတိပစ္စုပ္ပန္နန္တိ၊ တစဉ်သော သတောရှိသော ပစ္စုပ္ပန်ကာလနှင့် ပြည့်စုံသော စိတ်စေ့ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ တနည်းကား။ သီတတော၊ အမှော်။ အာဂန္တွာ၊ လာ၍။ ဩဝရကေ၊ တိုက်ခန်း၌။ နိသိန္နဿ၊ အား။ ဝိသဘာဂ ဥတုပါတုဘာဝေန၊ မတူသောအဆက်ရှိသော ဥတု၏ ထင်ရှားဖြစ်ခြင်းကြောင့်။ ပုရိမကော၊ ရှေး၌ဖြစ်သော။ ဥတု၊ ဥတုသည်။ ယာဝ၊ အကြင်မျှလောက်။ နပဋိပ္ပဿမ္ဘတိ၊ မငြိမ်းသေး။ တာဝ၊ ထိုမျှ လောက်။ ဧတ္ထန္တရေ၊ ဤမငြိမ်းသေးသရွေ့ အတောအတွင်း၌။ သန္တတိ ပစ္စုပ္ပန္နန္တိ၊ တစဉ်သောဥတုဟူသောပစ္စုပ္ပန်ကာလနှင့်ပြည့်စုံသော စိတ်စေ့ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဆောင်။ ။ခုနစ်,ရှစ်ကြိမ်၊ဇောလျှံထိန်စဉ်၊ အတူပင်ဖြစ်၊ချုပ်ခြင်းစီစီ
သန္တတ်၊မှတ်ဘိရှင်အများ။
အပူမှပင်၊ တိုက်ခန်းဝင်၍၊ ပူပင်မပျောက်၊ စီစီရောက်၊ မှတ်
လောက်သန္တတိ။
အမှေပင် တိုက်ခန်းဝင်၍၊ ပေင်မငြိမ်း၊ စီစီကိန်း၊ မှတ်ကြိမ်း
သန္တတိ။
ခုဒ္ဒကလာ ဓိပ္ပါယာ၊မှတ်ပါလင်္ကာချယ်။ ။

သံယုတ္တ နိကာယ်ဆောင်ဆရာတို့၏ အလိုအားဖြင့် သန္တတိသည် ရုပ်စဉ်ဟု ဆိုအပ်သော ရူပသန္တတိ၊ နာမ်စဉ် ဟု ဆိုအပ်သော အရူပ သန္တတိဟူ၍ နှစ်ပါးအပြားရှိ၏။

ထို နှစ်ပါးတို့တွင် ရေကိုနင်းကျော် ဖြတ်သွားသောသူအား ရေအ ရေးအကြောင်းကောင်းကောင်းမပျောက်မကွယ်သေးသော အတော အတွင်း၌ ဖြစ်သော ရုပ်အစဉ်သည် ရူပသန္တတိ မည်၏။

တနည်း။ အဓွန့်ရှည်သော,ခရီးမှလာသောသူအား၊ကိုယ်ပူမငြိမ်း သေးသောအတောအတွင်း၌ ဖြစ်သော ရုပ်အစဉ်သည်၊ ရူပသန္တတိ မည်၏။ ။တနည်း။ တိုက်ခန်းအတွင်း၌၊ကမ္မဋ္ဌာန်းနှလုံးသွင်း၍နေ့အ ခါပြူတင်းပေါက်ကိုဖွင့်၍ကြည့်သောသူအား၊မျက်စိတို့၏တုံသုပ်သော အဖြစ်မငြိမ်းသေးသောအတောအတွင်း၌ ဖြစ်သော ရုပ်အစဉ်သည် ရူပသန္တတိ-မည်၏။

နှစ်ကြိမ်သုံးကြိမ်သော ဇောအကြိမ်တို့သည် အရူပ သန္တတိမည် ၏။ ဤသို့ရေးပြခဲ့သော သန္တတိနှစ်ပါးကိုပင်၊ သန္တတိပစ္စုပ္ပန် ဟု သံ ယုတ္တနိကာယ်ဆောင်ဆရာတို့မိန့်ကြ၏။

သံယုတ္တဘာဏကာ ပန ရူပသန္တတိ အရူပသန္တတီတိ ဒွေသန္တတိယော ဝတွာ ဥဒကံ အက္ကမိတွာ ဂတဿ ယာဝတီရေ အက္ကန္တ ဥဒကလေခါ နဝိပ္ပသီဒတိ၊ အဒ္ဓါနတော အာဂတဿ ယာဝကာယေ ဥသုမဘာဝေါ နဝူပသမတိ၊ အာတပါ အာဂန္တွာ ဂဗ္ဘံ ပဝိဋ္ဌဿ ယာဝအန္ဓကာရဘာဝေါ နဝိဂစ္ဆတိ၊ အန္တောဂဗ္ဘေ ကမ္မဋ္ဌာနံ မနသိကရိတွာ ဒိဝါ ဝါတပါနံ ဝိဝရိတွာ ပေက္ခန္တဿ ယာဝ အက္ခီနံ၊ ဖန္ဒနဘာဝေါ နဝူပသမတိ၊ အယံရူပသန္တတိနာမ၊ ဒွေတယောဇဝနဝါရာ အရူပသန္တတီတိ ဝတွာ တဒုဘယမ္ပိ သန္တတိပစ္စုပ္ပန္နံ နာမာတိ ဝဒန္တိ။ ။
(သာ)

ပန၊အာဝုတပါးကိုဆိုဦးအံ့၊သံယုတ္တဘာဏကာ၊သံယုတ္တနိကာယ်

ဆောင်ဆရာတို့သည်၊ရူပသန္တတိ၊ရုပ်အစဉ်ရင်း။အရူပသန္တတိ၊နာမ် အစဉ်ရင်း။ဣတိ၊သို့။ဒွေ၊နှစ်ခုကုန်သော။ သန္တတိယော၊ အစဉ်တို့ကို။ ဝတွာ၊ ဆိုကြကုန်ပြီး၍။ ဥဒကံ၊ ရေကို။ အက္ကမိတွာ၊ နင်းကျော်၍။ ဂတဿ၊သွားသောသူအား။တီရေ၊ ကမ်းနား၌။အက္ကန္တ ဥဒကလေခါ၊ နင်းမိသောရေအကြောင်းအရေးသည်။ ယာဝ၊ အကြင်မျှလောက်။ နဝိပ္ပသီဒတိ၊အထူးမကြည်လင်သေး။တာဝ ၊ထိုမျှလောက်။အယံ၊ဤသို့ သောအစဉ်သည်။ရူပသန္တတိနာမ၊ရုပ်စဉ်မည်၏။ အဒ္ဓါနတော၊ အခွန့်ရှည်သောခရီးမှ။အာဂတဿ၊လာသောသူအား။ကာယေ၊ကိုယ်၌၊ ဥသုမဘာဝေါ၊ပူသောအဖြစ်သည်။ယာဝ၊ အကြင်မျှလောက်။ နဝူပသမတိ၊မငြိမ်းသေး။တာဝ၊ထိုမျှလောက်။အယံ၊ သည်။ရူပသန္တတိ နာမ။မည်၏။ အာတပါ၊နေပူမှ။ အာဂန္တွာ၊လာ၍။ ဂဗ္ဘံ၊တိုက်ခန်းသို့။ ပဝိဋ္ဌဿ၊ဝင်သောသူအား။အန္ဓကာရဘာဝေါ၊ မိုက်မှောင်သောအဖြစ်သည်။ယာဝ၊လောက်။ နဝိဂစ္ဆတိ၊မကင်းပျောက်သေး။ တာဝ၊ လောက်။ အယံ၊သည်။ရူပသန္တတိနာမမည်၏။ အန္တောဂဗ္ဘေ၊တိုက် ခန်းအတွင်း၌။ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ မနသိကရိတွာ၊နှစ်လုံးသွင်း၍။ ဒိဝါ၊ နေ့အခါ၌။ဝါတပါနံ၊လေသောက်ပြူတင်းကို။ဝိဝရိတွာ၊ ဖွင့်၍၊ ဩလောကေန္တဿ၊ ကြည့်ရှုသောသူအား။အက္ခီနံ၊မျက်စိတို့၏။ ဖန္ဒနဘာဝေါ၊ တုန်လှုပ်သောအဖြစ်သည်။ ယာဝ၊ လောက်။နဝူပသမတိ၊ မငြိမ်း။ တာဝ၊လောက်။ အယံ၊သည်။ ရူပသန္တတိနာမ၊မည်၏။ ။ ဒွေတယော။နှစ်ကြိမ်သုံးကြိမ်ကုန်သော။ ဇဝနဝါရာ၊ဇောအကြိမ်တို့ သည်။ အရူပသန္တတိ၊ နာမ်အစဉ်မည်၏။ ဣတိ၊ဤသို့။ ဝတွာ၊ မိန့်ဆို ကြကုန်၍၊တဒုဘယမ္ပိ၊ထိုနှစ်ပါးစုံသည်လည်း၊ သန္တတိပစ္စုပ္ပန္နံနာမ၊ သန္တတိပစ္စုပ္ပန်မည်၏။ ဣတိ၊သို့။ဝဒန္တိ၊ကုန်၏။

မဇ္ဈိမနိကာယ်ဆောင်ဆရာတို့ကား။ တခုသောအစဉ်အလှည့်,နှစ်ခုသောအစဉ်အလှည့်၌၊အကျုံးဝင်သောရုပ်နာမ်ကို၊ သန္တတိပစ္စုပ္ပန်ဟု ဆိုကုန်၏။

. ထို့ကြောင့်ဋီကာ၌။........။မဇ္ဈိမဘာဏကာ ပန ဝဒန္တိ၊ ဧကဒွေသန္တတိဝါရပရိယာပန္နံ-သန္တတိပစ္စုပ္ပန္နံ။ ။ဟုဖွင့်ဆိုတော်မူ၏။

အမိုက်မှောင်၌ထိုင်နေ၍၊ အရောင်အလင်းသို့ သွားသောသူအား။

အစစ္စအာရုံမထင်ရှားခဲ့၊အာရုံထင်ရှားသောကာလအတောအတွင်း၌ဖြစ်သောရုပ်အစဉ်၊နာမ်အစဉ်ကို၊ကေဋ္ဌသန္တတိဝါရဟုဆို၏။

ထို့ကြောင့်ဋီကာ၌........။တဏ္ဍအန္တ ကာရေနိသိဒိတွာ အာလောကဋ္ဌာနံဂတဿနစတာဝအာရမ္မဏံပါကဋံဟောတိ။ယာဝပနတံပါကဋံဟောတိ၊ ဧတ္ထန္တရေ ပဝတ္တာရူပသန္တတိ အရူပသန္တတိဝါ- ကေဋ္ဌသန္တတိဝါရာနာမာတိဝေဒိတဗ္ဗာ။ ။ဟု ဖွင့်ဆိုတော်မူ၏။ ။

တဏ္ဍတသို့ ဝစနေ၊ ထိုစကားရပ်၌။ အန္တကာရေ၊ အမိုက်မှောင်၌။ နိသိဒိတွာ၊ ထိုင်၍။ အာလောကဋ္ဌာနံ၊ အရောင်တည်ရာ အရပ်သို့၊ ဂတဿ၊ သွားသောသူအား။တာဝ၊ အစစ္စ။အာရမ္မဏံ၊အာရုံသည်၊ ပါကဋံ၊ထင်ရှားသည်။နစဟောတိ၊ဖြစ်လည်းမဖြစ်။ ။ပန၊တပါးကိုဆိုဦးအံ့။တံ၊ ထိုအာရုံသည်၊ယာဝ၊ လောက်။ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၏၊ဧတ္ထန္တရေ၊ဤအတောအတွင်း၌။ရူပသန္တတိဝါ၊ရုပ်အစဉ်သည်လည်းကောင်း။ အရူပသန္တတိဝါ၊ နာမ်အစဉ် သည်လည်းကောင်း။ ကေဋ္ဌသန္တတိဝါရာနာမ၊ ကေဋ္ဌသန္တတိဝါရတို့ မည်ကုန်၏။ဣတိ။သို့။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏၊ ။

ပဋိသန္ဓေမှစုတိတိုင်အောင်ဖြစ်ကြသောဇီဝိတိန္ဒြေကို၊ အဒ္ဓါပစ္စုပ္ပန်ဟုဆို၏။ ထိုနှစ်ပါးသောသန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန်ဖြစ်သော ဇီဝိတိန္ဒြေကို၊သတ်ခြင်းငှါစွမ်းနိုင်ပါ၏။

ပဋိသန္ဓိတောပန၊ယာဝစုတိတော်-အဒ္ဓါပစ္စုပ္ပန္နံနာမ၊ တဒုဘယမ္ပိဝေါရောပေ ကုံသက္ကာ။ ။ (ကင်္ခါ—၄)

ချခြင်းငှာစွမ်းနိုင်ပုံအကျယ်ကို၊ ဤသို့လတ္တံ့သော စကားအစဉ်ဖြင့် သိရာ၏။ဇီဝိတိန္ဒြေ၌လုံ့လကိုပြုအပ်သည်ရှိသော်။ ရအပ်သောလုံ့လရှိသောကြောင့်။ချုပ်ပြီးသောဇီဝိတနဝကကလာပ်ရုပ်သည်။ယုတ်လျော့သောအဟုန် ရှိသည်ဖြစ်၍။ အားနည်းသော ခန္ဓာအစဉ်အား၊ သဟကာရိပစ္စယသတ္တိဖြင့်ကျေးဇူးပြုလေ၏။

ချုပ်ပြီးသောဇီဝိတိန္ဒြေ၏ခန္ဓာအစဉ်အား။ သဟကာရိပစ္စယသတ္တိဖြင့်။ကျေးဇူးပြုသောကြောင့်၊သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့နှင့်ပြည့်စုံသော၊ခန္ဓာအစဉ်သည်၊ပိုင်းခြားတိုင်းသောကာလသို့မရောက်နိုင်ဘဲ၊ အတွင်းအကြား၌သာလျှင်၊ ချုပ်ရလေသတည်း။ ဤသို့နှစ်ပါးရှိသော ဇီဝိတိန္ဒြေကိုချခြင်းငှာ စွမ်းနိုင်ပါသည်။ ထို့ကြောင့် ထိုနှစ်ပါးရှိသော

သန္တုတိ-အဋ္ဌာ ပစ္စုပ္ပန် ကိုသာရည်၍၊ "သန္တုတိ ဝိကောပေတိ"ဟု ဟောတော်မူသည်ဟုသိမှတ်ရာသည်။ ။

ကထံတသ္မိံ ဒွိဥပက္ကမေ ကတေ လဒ္ဓုပက္ကမံ ဇီဝိတနဝကံနိရုဇ္ဈမာနံ ဒုဗ္ဗလသဿပရိဟီနဝေဂဿသန္တာနဿပစ္စယောဟောတိ၊ တတောသန္တတိပစ္စုပ္ပန္နံ ဝါအဒ္ဓါပစ္စုပ္ပန္နံ ဝါ ယထာပရိစ္ဆိန္နကာလံအပတွာ အန္တရာဝ နိရုဇ္ဈတိ၊ ဓံဝတ္ထုဘယမ္ပိ ဝေါရောပေတုံ သက္ကာ၊တသ္မာ တဒေဝသန္ဓာယသန္တတိံ ဝိကောပေတီတိ ဣဒံ ဝုတ္တန္တိဝေဒိတဗ္ဗံ။ ။ (ကင်္ခါ-ဋ္ဌ)

ကထံသက္ကာ၊အဘယ်သို့တတ်ကောင်းပါသနည်း၊ ဟိ၊ချဲ့၍ပြဦးအံ့။ တသ္မိံ၊ထိုဇီဝိတိန္ဒြိယ၌။ ဥပက္ကမေ၊လုံ့လကို၊ ကတေ၊ပြုအပ်ပြီးသည်ရှိသော်။လဒ္ဓုပက္ကမံ၊ရအပ်သောလုံ့လရှိသောကြောင့်။ နိရုဇ္ဈမာနံ၊ချုပ်ပြီးသော။ ဇီဝိတနဝကံ၊ ဇီဝိတနဝကကလာပ်ရုပ်သည်။ ပရိဟီနဝေဂဿ၊ယုတ်သော အဟုန်ရှိသည်ဖြစ်၍။ ဒုဗ္ဗလဿ။ အားနည်းသော။ သန္တာနဿ၊ ခန္ဓာအစဉ်အား။ပစ္စယော၊သဟာကာရီ ပစ္စယသတ္တိဖြင့်၊ ကျေးဇူးပြုသည်။ ဟောတိ၊၏။ တတော၊ ထိုသို့၊ သဟာကာရီပစ္စယ သတ္တိဖြင့်၊ ကျေးဇူး ပြုသောကြောင့်။ သန္တတိပစ္စုပ္ပန္နံဝါ၊ သန္တတိ ပစ္စုပ္ပန်ဖြစ်သောရုပ်အစဉ်သည်၎င်း။ အဒ္ဓါပစ္စုပ္ပန္နံဝါ၊ အဒ္ဓါပစ္စုပ္ပန်ဖြစ်သောရုပ်အစဉ်သည်၎င်း။ ယထာပရိစ္ဆိန္နကာလံ၊ အကြင်အကြင်ပိုင်းခြားအပ်သောကာလသို့။ အပတွာ၊မရောက်မူ၍၊ အန္တရာဝ၊အကြား၌သာလျှင်။နိရုဇ္ဈတိ၊ချုပ်၏။ဓံ။ဤသို့၊တဒုဘယမ္ပိ၊ထိုနှစ်ပါးစုံကိုလည်း၊ ဝေါရောပေတုံ၊ချခြင်းငှာ။သက္ကာ၊တတ်ကောင်း၏။ တသ္မာ၊ ထို့ကြောင့်။ တဒေဝ၊ထိုအဓိပ္ပါယ်ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ သန္တတိ ဝိကော ပေတီတိဣဒံ၊ သန္တတိ ဝိကော ပေတိဟူသော ဤစကားကို၊ဝုတ္တံ၊ ဆိုအပ်၏၊ဣတိ၊သို့၊ဝေဒိတဗ္ဗံ၊သိအပ်၏။

ပစ္စယသတ္တိကို သဟာကာရီပစ္စယသတ္တိကိုသာယူ။ ဇနကသတ္တိကို မယူပါနှင့်၊ ကံသာ ကမ္မဇရုပ်တို့အား ဇနကသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပဝတ္တိအခါ၌ရှေ့အတွက်၌ဖြစ်၍ တည်သော ဒိဝိတိန္ဒြေသည်လည်း မတည်ပါ။ မဖျက်ဆီးအပ်သော စတု သန္တတိ ရုပ်ကို သဟာကာရီ ပစ္စယသတ္တိကိုရမှသာလျှင်၊ ပြုခြင်းငှါစွမ်းနိုင်သည်။ ထို့ကြောင့်။ တစုံတခုသော ဆန့်ကျင်ဘက် အကြောင်းကြောင့်။ ချုပ်ပြီးသော စက္ခုပသာဒစသည်ရှိကုန်သောပုဂ္ဂိုလ်တို့အား။ ကံသည်ရှိငြားသော်လည်း။

စက္ခုပသာဒ စသည့်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်တော့ဟူသော အဓိပ္ပါယ်သည်ပြီးလေ၏။

> ပရိဟီနဝေဂဿ သန္တာနဿ ပစ္စယော ဟောတီတိ သဟကာရီ ပစ္စယော ဟောတိ န ဇနကော၊ ကမ္မမေဝ ဟိ ခဏေ ခဏေ ဥပ္ပဇ္ဇမာနာနံ ကမ္မဇရူပါနံ ဇနကပစ္စယော၊ တဒ္ဓ ပဝတ္တိယံ ပုဗ္ဗေ ဥပ္ပဇ္ဇိတွာ ဋ္ဌိတံ အနုပဟတံ စတုသန္တတိရူပံ သဟကာရီပစ္စယံ လဘိတွာဝ ကာတုံ သက္ကောတိ၊ န အညထာ တေန ကေနစိ ဝိရောဓိပစ္စယေန နိရုဒ္ဓစက္ခာဒိပသာဒါနံ ပုဂ္ဂလာနံ ဝိဇ္ဇမာနမ္ပိ ကမ္မံ စက္ခာဒိကံ ဇနေတုံ န သက္ကောတီတိ သိဒ္ဓမေဝ ဟောတိ။ ။ (ဝိ)

ပရိဟီနဝေဂဿ၊ သန္တာနဿ ပစ္စယော ဟောတီတိ၊ ကား။ သဟကာရီပစ္စယော၊ သဟကာရီပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ဇနကော ဇနကသတ္တိဖြင့် ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။ ဟိသစ္စံ၊ မှန်၏။ ကမ္မမေဝ၊ ကံသာလျှင်။ ခဏေခဏေ၊ ခဏတိုင်း ခဏတိုင်း၌။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော။ ကမ္မဇရူပါနံ၊ ကမ္မဇရုပ်တို့အား။ ဇနကပစ္စယော၊ ဇနကသတ္တိဖြင့်ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ပုဗ္ဗေ၊ ရှေး၌။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဋ္ဌိတံ၊ တည်သော။ တဒ္ဓ၊ ထိုဇီဝိတိန္ဒြေသည်လည်း။ အနုပဟတံ၊ မပျက်ဆီးအပ်သော။ စတုသန္တတိရူပံ၊ စတုသန္တတိရုပ်ကို။ သဟကာရီပစ္စယံ၊ သဟကာရီပစ္စယသတ္တိကို။ လဘိတွာဝ၊ ရ၍သာလျှင်။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်ပါ၏။ အညထာ၊ တပါးသောအခြင်းအရာအားဖြင့်။ နသက္ကောတိ၊ မစွမ်းနိုင်။ တေန၊ ထိုကြောင့်။ ကေနစိ၊ တစုံတခုသော။ ဝိရောဓိပစ္စယေန၊ ဆန့်ကျင်လေ့ရှိသော အကြောင်းကြောင့်။ နိရုဒ္ဓစက္ခာဒိပသာဒါနံ၊ ချုပ်သော စက္ခုပသာဒ စသော ပသာဒရှိကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့အား။ ကမ္မံ၊ ကံသည်။ ဝိဇ္ဇမာနမ္ပိ၊ ထင်ရှားရှိသော်လည်း။ စက္ခာဒိကံ၊ စက္ခုပသာဒစသည်ကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။ ဣတိဣဒံ-အတ္ထဇာတံ၊ ဤသို့သောအနက်သဘောသည်။ သိဒ္ဓမေဝ၊ ပြီးသည်သာလျှင်။ ဟောတိ၊ ၏။

ဤအရာဝယ်။ ပါဏ, ပါဏာတိပါတ, ပါဏာတိပါတီ, ပါဏာတိပါတ ပယောဂ လေးပါးတို့ကို ဝေဘန်၍ သိရာ၏။ ထိုလေးပါးတို့တွင်၊ ဝေါဟာရအားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ပါဏ ဟုဆို၏။

တတ္ထပါဏောတိ ဝေါဟာရတော သတ္တော၊ ပရမတ္ထတော ဇီဝိတိန္ဒြိယံ၊ ။ (ကင်္ခါ-ဋ္ဌ)

ဝဓကစေတနာကို ပါဏာတိပါတဟုဆို၏။

ပါဏာတိပါတောတိ ယာယ စေတနာယ ဇီဝိတိန္ဒြိယုပစ္ဆေဒကံ ပယောဂံ သမုဋ္ဌာပေတိ၊ သာ ဝဓကစေတနာ ပါဏာတိပါတောတိ ဝုစ္စတိ။ ။ (ကင်္ခါ-ဋ္ဌ)

ဝဓကစေတနာရှိသောပုဂ္ဂိုလ်ကို ပါဏာတိပါတီဟုဆို၏။ ။

ပါဏာတိပါတီတိ ဝုတ္တစေတနာယ သမင်္ဂီပုဂ္ဂလောဒဋ္ဌဗ္ဗော။ ။

ပါဏာတိပါတ၏ ပယောဂတို့သည် သာဟတ္ထိက, အာဏတ္တိက, နိဿဂ္ဂိယ,ထာဝရ, ဝိဇ္ဇာမယ, ဣဒ္ဓိမယ ဟူ၍ ခြောက်ပါး အပြားရှိကုန်၏။ ထိုခြောက်ပါးတို့တွင် ကိုယ်တိုင်သတ်သော ပုဂ္ဂိုလ်၏ ကိုယ်ဖြင့်၎င်း။ကိုယ်နှင့်စပ်သော သံလျက်စသည်ဖြင့်၎င်း။ ပုတ်ခတ်ခြင်းကို သာဟတ္ထိက ပယောဂ ဟုဆို၏။

သာမန္တိ သယံ ဟနတိ၊ကာယေနဝါ ကာယပ္ပဋိဗဒ္ဓေနဝါ၊ ။ (ပါ)

သာဟတ္ထိကောတိ သယံ မာရေန္တဿ ကာယေနဝါ ကာယပ္ပဋိဗဒ္ဓေနဝါ ပဟရဏံ ကာယေနာတိ ဟတ္ထေနဝါ ပါဒေနဝါ မုဋ္ဌိနာဝါ ဇာဏုနာဝါ ယေန ကေနစိ အင်္ဂပစ္စင်္ဂေန ကာယပ္ပဋိဗဒ္ဓေနာတိ ကာယတော အမောစိတေန အသိအာဒိနာ ပဟရဏေန။ ။ ( ကင်္ခါ-ဋ္ဌ)

ကိုယ်တိုင်သတ်သောပုဂ္ဂိုလ်၏ကိုယ်မှ၎င်း။ကိုယ်နှင့်စပ်သောဝတ္ထုမှ၎င်း။ လွှတ်အပ်သော မြှားသုံ စသည်ဖြင့် သတ်ခြင်းကို နိဿဂ္ဂိယ ပယောဂ ဟုဆို၏။

သာမန္တိ သယံ ဟနတိ၊ နိဿဂ္ဂိယေနဝါ၊ ။ (ပါ)

နိဿဂ္ဂိယောတိ ဒူရေဌိတံ မာရေတုကာမဿ ကာယေနဝါ ကာယပ္ပဋိဗဒ္ဓေနဝါ ဥသုသတ္တိယန္တ ပါသာဏာဒီနံ နိဿဇ္ဇနံ၊နိဿဂ္ဂိ ယေနာတိ ကာယတောစ ကာယပ္ပဋိဗဒ္ဓတောစ မောစိတေန ဥသုသတ္တိအာဒိနာ။ ။ (ကင်္ခါ-ဋ္ဌ)

သာမန္တိ သယံဟနတိ ကာယေနဝါ ကာယပ္ပဋိဗဒ္ဓေနဝါ နိဿဂ္ဂိယေနဝါ-ဟူသောပါဠိဖြင့် သာဟတ္ထိကပယောဂ နိဿဂ္ဂိယပယောဂ နှစ်ပါးကို ပြတော်မူ၏။

ဇ္ဇော်ဝတာသာဟတ္ထိယောစနိဿဂ္ဂိယောစာတိ ဒွေပယောဂါ ဝုတ္တာဟောန္တိ။ ။
(ကင်္ခါ–၄)

ထိုနှစ်ပါးတို့တွင် တပါးပါးသော ပယောဂသည် ရည်ညွှန်း၍ပြုသော ဥဒ္ဒိဿပယောဂ၊ မရည်ညွှန်းမူ၍ပြုသော အနုဒ္ဒိဿပယောဂဟူ၍၏အစွမ်းဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ရည်ညွှန်း၍ပြုခြင်းရှိသော ဥဒ္ဒေသိကပယောဂ၌ အကြင်သူကိုရည်၍ပုတ်ခတ်၏။ထိုသူ၏သာသေခြင်းကြောင့် ပါရာဇိကဖြင့် ဖွဲ့၏။ ရည်ညွှန်းခြင်းမရှိသော ပယောဂ၌ ပုတ်ခတ်ခြင်းဟူသောအကြောင်းကြောင့် တစုံတယောက်သောသူသေခြင်းကြောင့် ပါရာဇိကဖြင့် ဖွဲ့၏။

တတ္ထကေမကော ဥဒ္ဒိဿာနုဒ္ဒိဿ ဘေဒကော ဒုဝိဓော၊တတ္ထ ဥဒ္ဒေသိကော ယံ ဥဒ္ဒိဿ ပဟရတိ၊ဘဿေဝ မရဏေန ကမ္မုနာဗဇ္ဈတိ၊ယောကောစိမရတုတိ ဧဝံအနုဒ္ဒေသိကေ ပဟာရပ္ပစ္စယာ ယဿ ကဿစိမရဏေန ကမ္မုနာဗဇ္ဈတိ။ ။
(ကင်္ခါ·၄)

ပါရာဇိကဖြင့်ဖွဲ့၏၊ ထိုပါရာဇိကသည် ထိုပုဂ္ဂိုလ်အားဖြစ်၏ဟု ဆိုလိုသည်။

ကမ္မုနာ ဗဇ္ဈတီတိ ပါရာဇိက ကမ္မုနာဗဇ္ဈတိ၊ တံကမ္မ မဿ ဟောန္တိ အတ္ထော။ ။ (၀)

ကမ္မုနာဗဇ္ဈတီတိ၊ ကမ္မုနာဗဇ္ဈတိဟူသည်ကား။ ပါရာဇိကပါရာဇိကကမ္မုနာ၊ပါရာဇိကဖြင့်။ဗဇ္ဈတိ၊ ဖွဲ့၏။တံကမ္မံ၊ ထိုပါရာဇိကကံသည်။အဿ၊ထိုပုဂ္ဂိုလ်အား။ ဟောန္တိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်ကား။အတ္ထော၊အနက်တည်း။

နှစ်ပါးစုံညွှန်း၍ဖြစ်သောပယောဂ၊ မရည်ညွှန်းမူ၍ ဖြစ်သော ပယောဂ အားဖြင့်လည်း၊ပုတ်ခတ်ကာမျှ သေသ်သာလျှင်၊ သေသည်မူလည်းဖြစ်စေ၊နောက်အခါကာလ၌ ထိုရောဂါဖြင့်သာလျှင် သေသည်မူလည်းဖြစ်စေ၊ပုတ်ခတ်ကာမျှ၌သာလျှင် ပါရာဇိကဖြင့်ဖွဲ့မိ၏။ သတ်လိုသော မရဏာဓိပ္ပါယဖြင့်လည်း ပုတ်ခတ်ခြင်းကို ပေးသည့်ရှိသော်၊ထိုပုတ်ခတ်ခြင်းကြောင့် မသေသောသူအား။တခန်မသေစေလိုသောစိတ်ဖြင့် ပုတ်ခတ်ခြင်းကို ပေးသည့်ရှိသော် နောက်ကာလ၌

လည်း၊ အစစ္စာပုတ်ခတ်ခြင်းပယောဂကြောင့်သာလျှင် အကယ်၍သေအံ့၊ ထိုအခါ၌သာလျှင် ပါဏာတိပါတကံဖြင့် ဖွဲ့မိလေ၏။

နှစ်ကြိမ်မြောက်သောပုတ်ခတ်ခြင်းကြောင့်·အကယ်၍သေအံ့၊ ပါဏာတိပါတကံမရှိ၊ နှစ်ပါးစုံသေစေလိုသောစိတ်ဖြင့်ပုတ်ခတ်ခြင်း။ မသေစေလိုသောစိတ်ဖြင့် ပုတ်ခတ်ခြင်းတို့ဖြင့်၊ သေရာ၌လည်း အစစ္စာသော ပုတ်ခတ်ခြင်းကြောင့်သာလျှင်၊ ပါဏာတိပါတကံဖြင့် ဖွဲ့မိ၏၊ နှစ်ပါးစုံသောပုတ်ခတ်ခြင်းတို့ဖြင့် မသေရာ၌ ပါဏာသိပါတကံမရှိ။

ဥဘယထာပိစ ပဟာရိတမတ္တေဝါ မရတု၊ ပစ္ဆာဝါ တေနေဝ ရောဂေန၊ ပဟာရိတမတ္တေယေဝကမ္မုနာဗဒ္ဓတိ၊မရဏာဓိပ္ပါယေနစ ပဟာရံဒတွာ တေန အမတဿ ပုနအညစိတ္တေန ပဟာရေ ဒိန္နေ၊ ပစ္ဆာပိ၊ ယဒိပဌမပ္ပဟာရေ နေဝမရတိ၊တဒါဧဝ ကမ္မုနာဗဒ္ဓေါ၊ အထဒုတိယပ္ပဟာရေနမရတိ၊နတ္ထိ ပါဏာတိပါတော၊ဥဘယေဟိ၊မတေပိ ပဌမပ္ပဟာရေနေဝကမ္မုနာ ဗဒ္ဓေါ ဥဘယေဟိ၊အမတေနေဝတ္ထိ ပါဏာတိပါတော။ (ကင်္ခါ-ဋ္ဌ)

များစွာသောသူတို့သည်လည်း၊ တယောက်သော သူအားလည်း၊ ပုတ်ခတ်ခြင်းကိုပေးသည်ရှိသော်၊ ဤနည်းအတိုင်းသိမှတ်ရာ၏၊ ထိုများစွာသောသူတို့တွင်လည်း အကြင်သူ၏ ပုတ်ခတ်ခြင်းကြောင့်သေ၏။ ထိုသူအားသာလျှင်ပါဏာတိပါတကံဖြင့်၊ ဖွဲ့မိလေ၏။

ဧသ နယောဗဟူဟိပိ၊ ဧကဿပိ ပဟာရေဒိန္နေ၊ တတြာပိယဿ ယဿပဟာရေနမရတိ၊တဿေဝကမ္မုနာဗဒ္ဓေါဟောတီတိ။ (ကင်္ခါ-ဋ္ဌ)

ဗဟူဟိပိ၊ များစွာသောသူတို့သည်လည်း။ ဧကဿပိ၊ တယောက်သောသူအားလည်း၊ ပဟာရေ၊ ပုတ်ခတ်ခြင်းကို။ ဒိန္နေ၊ ပေးအပ်သည်ရှိသော်။ ဧသဧသော၊ ဤဆိုအပ်ခဲ့ပြီးသော။ နယော၊ နည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ဟိ၊ ထိုစကားကိုချဲ့၍ပြအံ့။ တတြာပိ၊ ထိုများစွာသောပုဂ္ဂိုလ်တို့တွင်လည်း။ ယဿ။ အကြင်သူ၏။ ပဟာရေန၊ ပုတ်ခတ်ခြင်းကြောင့်။ မရတိ၊ သေ၏။ တဿေဝ၊ ထိုပုဂ္ဂိုလ်အားသာလျှင်၊ ကမ္မုနာ၊ ပါဏာတိပါတကံသည်။ ဗဒ္ဓေါ၊ ဖွဲ့အပ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့၊ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပဋ္ဌာဝါဋေတနရောဂေန၊ဟူသော၍ပါဌ်ဖြင့်၊ အနာဂတ်ဖြစ်သော ဓိဝိတ်ခြောကိုလည်း အာရုံပြု၍၊ပါဏာတိပါတ၏ဖြစ်ပုံကိုပြတော်မူ၏။

ပဌာဝါတေနရောဂေနာတိ တေန အနာဂတမ္ပိ ဇီဝိတိန္ဒြိယံ အာရဗ္ဘ ပါဏာတိပါတဿ ပဝတ္တိံ ဒဿေတိ၊ (ဋီ)

၍သို့လည်း၊စွမ်းနိုင်သောအခါကာလ၊ ထိုသူ့ကိုဇီဝိတ်ခြေမှချပါ လော့ဟု စေခိုင်းခြင်းဖြင့်၊ကြာမြင့်သောကာလမှပြီးသောအခါ၌လည်း၊ စေခိုင်းသောအာဏတ္တိခဏ၌သာ၊ပါဏာတိပါတကံကျရောက်၏။

တွင်းကိုတူးခြင်းအစရှိသော၊ထာဝရပယောဂတို့၌။ ပယောဂ၊ကို ပြုသည်မှ နောက်ကာလ၌၊ယူအပ်သောပင်ုသန္ဓေရှိသော သတ္တဝါ၏ လည်း၊သေခြင်းကြောင့်၊အနာဂတ်လျှင် အာရုံရှိသော ပါဏာတိပါတ ကံသည့်လည်း၊ပြည့်စုံသည်ဖြစ်၏။

ဝေဋ္ဌယဒါသက္ကောသိ၊ တဒါတံဇီဝိတာ ဝေါရောပေဟီတိ အာဏတ္တိယာ ဝိရေနသမိဒ္ဓိယမ္ပိ အာဏတ္တိက္ခဏေယေဝ ပါဏာတိပါတော ဩပါတခဏာ နာဒ္ဓိ ထာဝရပယောဂေသု၊ ပယောဂကရဏတော ပဋ္ဌာဂဟိတ ပဋိသန္ဓိ ကဿပိ သတ္တဿမရဏေ ပါဏာတိပါတောစ၊ အနာဂတာရမ္မဏော၊ ဥပ ပန္နော၊ဟောတိ။ (ဋ)

သိက္ခာပဒဝိဘင်း၌၊ ပဉ္စသိက္ခာပဒါနိ ပစ္စုပ္ပန္နာရမ္မဏာယေဝ-ဟူ သောစကားကို ပါဏာတိပါတစသည်မှ ရှောင်ကြဉ်ခြင်း ဝိရတိကို ရည်၍၊မိန့်တော်မူသည်။ပါဏာတိပါတ စသည်ကိုရည်၍ မိန့်တော် မမူ။၍သို့ယူရာ၏။

ယံပနသိက္ခာပဒဝိဘင်္ဂေ ပဉ္စသိက္ခာပဒါနိ၊ပစ္စုပ္ပန္နာရမ္မဏာယေဝါတိဝုတ္တံ တံပါဏာတိပါတာဒိတော ဝိရတိံ သန္ဓာယဝုတ္တံ၊နပါဏာတိပါတာဒိန္တိဂဟေ တဗ္ဗံ၊ (ဋီ)

အစတကြိမ်ပုတ်ခတ်ခြင်းကိုကြဉ်၍၊ နှစ်ကြိမ်မြောက် 'ပုတ်ခတ် ခြင်းကြောင့်သာသေသည်ဟုဆိုလိုသည်။

ဒုတိယပဟာရေနမရတီတိ၊ ပဌမပဟာရံ ဝိနာ ဒုတိယေနေဝ မရ တီတိအတ္ထော၊ (ဋီ)

အစဖွာသောပုတ်ခတ်ခြင်းသည်။နှစ်ချမြောက်သော ပုတ်ခတ်ခြင်း

ကိုရ၍၊သေစေခြင်းငှာစွမ်းနိုင်သည်ဖြစ်၍။ ဗိဝိတ်ခြင်း ပျက်စီးခြင်း၏ အကြောင်းဖြစ်သောကြောင့်၊ ပဌမပုတ်ခတ်ခြင်းကိုကြည့်၍ သေခြင်း တရား၏မပြီးနိုင်သောကြောင့်လည်းကောင်း။ ပယောဂေါတေနစမရ ဏံ၊ဟူသောပါဠိနှင့်နှီးနှောသောကြောင့်ၡင်း၊အစစွာသော ပုတ်ခတ် ခြင်းဖြင့်သာလျှင်၊ပါရာဇိကာတကံဖွဲ့ခြင်းသည်သင့်၏။ နှစ်ကြိမ်မြောံ သောပုတ်ခတ်ခြင်းဖြင့်၊ ပါရာဇိကာတကံဖွဲ့ခြင်းသည်၊ တပါးသော စိတ်ဖြင့်ပေးသောကြောင့်မသင့်။

ကိဉ္စာပိပဌမပဟာရေ သယမေဝ နသက္ကောတိ မာရေတုံ၊ ဒုတိယံ ပန လဘိတွာသက္ကောန္တော ဇိဝိတဝိနာသဟေတု ဟောတိ၊တသ္မာ ပဌမ ပဟာရံ ဝိနာမရဏာဘာဝ အသိဒ္ဓတ္တာ ပယောဂေါတေနစ မရဏန္တိ၊ ဣဒိနာသံသန္ဒန တော ပဌမပဟာရေနေဝ ကမ္မဗဒ္ဓေါယုဇ္ဇော၊ နဒုတိယေန တဿ အည စိတ္တေန ဒိန္နတ္တာ။ (ဝိ)

နှစ်ကြိမ်မြောက်ပုတ်ခတ်ခြင်းကိုပေးသောပုဂ္ဂိုလ်အားလည်း၊ ဝဓ က စေတနာအကယ်၍ရှိအံ့။ ထိုပုဂ္ဂိုလ်အားလည်း မိမိပယောဂဖြင့် လည်းသေသောကြောင့် ပယောဂကိုပြုသောခဏ၌ ပါရာဇိကာ သည်ဖြစ်ရာ၏ဟုသိမှတ်ရာ၏။

ယဒိပန ဒုတိယ ပဟာရဒါယကဿာပိ ပုဂ္ဂလဿ ဝဓက စေတနာအတ္ထိ တဿာပိ အတ္တနော ပယောဂေနာပိမတတ္တာ ပယောဂက္ခဏေ ပါရာဇိ ပါတောတိ ဝေဒိတဗ္ဗံ။ (ဝိ)

လူသားဖြစ်သောရဟန္တာပုဂ္ဂိုလ်အားလည်း ပုထုဇ္ဇန်ကာလ၌ သာ လျှင်။ထားဖြင့် ခုတ်ဖြတ်ခြင်းကိုသော်လည်းကောင်း၊ အဆိပ်ကိုသော် လည်းကောင်း ပေးအပ်သည်ရှိသော်၊ ပုထုဇ္ဇန်ပုဂ္ဂိုလ်သည် ရဟန္တာ အဖြစ်သို့ရောက်မှ-ထားလက်ချက်ဆေးလက်နက်ဖြင့်သာလျှင်၊အကယ် ၍သေအံ့။အရဟန္တဃာတကကံထိုက်လေသည်။

မနုဿ အရဟန္တေဿစ ပုထုဇ္ဇနကာလေယေဝ သတ္ထပဟာရေဝါ ဝိသေ ဝါ ဒိန္နေပိ ယဒိသောအရဟတ္တံ ပတွာ တေနေဝ မရတိ၊ အရဟန္တဃာတ ကောဟောတိယေဝ။ (သာ)

မနုဿအရဟန္တဿစ၊ လူသားဖြစ်သော ရဟန္တာ ပုဂ္ဂိုလ်အား

လည်း။ ပုထုဇ္ဇနကာလေယေဝ၊ ပုထုဇ္ဇန်ဖြစ်သော အခါကာလ၌သာလျှင်၊ သဇ္ဈုပဟာရေဝ၊ ထားလက်နက်ဖြင့် ပုတ်ခတ်ခြင်းကိုလည်း ကောင်း။ ဝိသေဝ၊ အဆိပ်ကိုလည်းကောင်း၊ ဒိန္နေပိ၊ ပေးအပ်သော်လည်း။ သော၊ ထိုပုထုဇ္ဇန်သည်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တွာ၊ ရောက်၍။ တေနေဝ၊ ထိုပယောဂဖြင့်သာလျှင်၊ မရတိ၊ သေအံ့။ အရဟန္တဃာတကော၊ အရဟန္တဃာတကသည်၊ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။

ပုထုဇ္ဇန်ဖြစ်တုံးကာလ၌၊ ၄၅ အပ်သောအကြင်ဝတ္ထုကိုရဟန္တာ အဖြစ်သို့ရောက်၍သုံးဆောင်၏။ ထိုအလှူသည် ပုထုဇ္ဇန်အားသာ ၄၅ သည်မည်၏။

ယံပန ပုထုဇ္ဇနကာလေ ဒိန္နံ ဒါနံ အရဟတ္တံ ပတွာ ပရိဘုဉ္ဇတိ ပုထုဇ္ဇနဿေဝ တံ ဒိန္နံ ဟောတိ။ ႉ(သာ)

ဤကဲ့သို့ဖြစ်ခဲ့သည်ရှိသော်၊ သေစေလိုသောအားဖြင့် ပုထုဇ္ဇန်ကာလ၌ပုတ်ခတ်ခြင်းကိုပေးအပ်သည်ရှိသော်၊ ရဟန္တာအဖြစ်သို့ ရောက်၍ထိုပုတ်ခတ်ခြင်းဖြင့်သာလျှင် သေသည်ဖြစ်လျက်၊ အဘယ့်ကြောင့် အရဟန္တဃာတကကံ ထိုက်ရသနည်းဟုမေး။ အထူး ဖြစ်သင့်သောကြောင့်ထိုက်ပါသည်ဟုဖြေ။

အဖြေကိုအကျယ်ချဲ့၍ပြဦးအံ့။ ။ဒါန စေတနာသည်။ ဒေယျဓမ္မဒါတဗ္ဗဝတ္ထုကိုပယ်စွန့်ကာမျှဖြင့်ဖြစ်၏။

သတ်ခြင်းသည်ကား။ ပါဏ-ပါဏသညိတာ၊ ဝဓက စေတနာ ဥပက္ကမော တေနမရဏ၊ ဤအင်္ဂါငါးပါးတို့ ပြည့်စုံခြင်းကြောင့်သာလျှင်ဖြစ်၏။

ထို့ကြောင့်ရဟန္တာအဖြစ်သို့ရောက်သောသူ၏သာလျှင်၊ သေခြင်းဖြစ်၏။ ထို့ကြောင့်အရဟန္တဃာတကသာဖြစ်သည်ဟုမှတ်ပါလေ။

ဇေဝံမရဏာဝဓိပ္ပါယေန ပုထုဇ္ဇနကာလေ ပဟာရေဒိန္နေ အရဟတ္တံ ပတ္တွာ တေနေဝ ပဟာရေန မတေကသ္မာ အရဟန္တဃာတကောဧယဝဟောတိ၊ နပုထုဇ္ဇနဃာတကောတိ ဥသေသ သဗ္ဗာဝတော၊ ဒါနဦဒေယျဓမ္မသ ပရိစ္စာဂမတ္တေနဟောတိ၊ တထာဟိ ဒါနစေတနာ စဇိတဗ္ဗ ဝတ္ထုံ အာရမ္မဏံ ကတွာ စဇနမတ္တမေဝ ဟောတိ၊အညသန္တက ကရဏံဝ တဿစဇနံ၊ တသ္မာယဿ တံသန္တကံကတံ တဿေဝ တံဒိန္နံဟောတိ နဇဝံဝဓောသောဟပါဏောပါဏသညိဘာဝမကစေတနာ ဥပက္ကမောတေန မရဏန္တိဇူမေသံပဉ္စန္နံ အင်္ဂါနံ ပါရိပူရိယာဝ ဟောတိ၊ နအပါရိပူရိယာ တသ္မာ အရဟတ္တံ ပတ္တဿေဝ မရဏန္တိ အရဟန္တ ဃာတကောယေဝ ဟောတိ နပုထုဇ္ဇနဃာတကော။ ။(သာ)

ဇဝံ၊ ဤသို့ ဖြစ်ခဲ့သည်ရှိသော် မရဏာဓိပ္ပါယေန သေစေလိုသော အားဖြင့်။ ပုထုဇ္ဇနကာလေ၊ ပုထုဇ္ဇန်ဖြစ်သောအခါကာလ၌။ ပဟာရေ၊ ပုတ်ခတ်ခြင်းကို။ ဒိန္နေ၊ပေးအပ်သည် ရှိသော်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ပတွာ၊ရောက်၍။တေနေဝပဟာရေန၊ ထိုပုတ်ခတ်ခြင်းဖြင့်သာလျှင်။မတေ၊သေသည်ရှိသော်။ကသ္မာ၊အဘယ်ကြောင့်။ အရဟန္တဃာတကောယေ၀၊အရဟန္တာဃာတကသည်သာလျှင်။ဟောတိ၊ ဖြစ်ရသနည်း။ပုထုဇ္ဇနဃာတကော၊ပုထုဇ္ဇနဃာတကသည်။နဟောတိ၊မဖြစ်ရသနည်း။ဆုတိအသံ၊ဤသည်ကား။စောဒနာ၊ စောဒနာခြင်းတည်း။ ဝိသေသသဗ္ဗာဝတော၊ အထူး၏ဖြစ်သင့်သောကြောင့်။ ဟောတိ၊ ဖြစ်သင့်ပါ၏။ဟိ၊ ထိုစကားကိုအကျယ်ချဲ၍ပြဦးအံ့။ ဒါနံ၊ ဒါနစေတနာသည်။ဒေယျဓမ္မဿ၊ဒေယျဓမ္မဒါတဗ္ဗဝတ္ထုကို။ ပရိစ္စာဂမတ္တေန၊ စွန့်ကြဲကာမျှဖြင့်။ဟောတိ၊ဖြစ်၏။တထာတံဝစနံ၊ထိုစကားသည်။ဟိသစ္စံ၊မှန်၏။ဒါနစေတနာ၊ ဒါနစေတနာသည်၊ စဇိတဗ္ဗံ၊ စွန့်အပ်သော။ ဝတ္ထုံ၊ဝတ္ထုကို။အာရမ္မဏံကတွာ၊အာရုံပြု၍။စဇနမတ္တမေဝ၊စွန့်ကာမျှသည်သာလျှင်။ဟောတိ၊ ဖြစ်၏။ အညသန္တကကရဏံဝ၊ သူတပါး၏ ဥစ္စာကိုပြုခြင်းသည်သာလျှင်။တဿ၊ထိုပုဂ္ဂိုလ်၏။ စဇနံ၊ စွန့်ခြင်းမည်၏။တသ္မာ၊ထိုကြောင့်။ယဿ၊ အကြင်သူ၏။ တံ၊ ထိုဝတ္ထုပစ္စည်းကို။ သန္တကံ၊ဥစ္စာကို။ကတံ၊ပြုအပ်၏။တဿေဝ၊ ထိုပုဂ္ဂိုလ်အားသာလျှင်။ တံ၊ထိုဝတ္ထုပစ္စည်းသည်။ဝါ၊ ထိုဝတ္ထုပစ္စည်းကို။ ဒိန္နံ၊ ပေးအပ်သည်။ ဟောတိ၊ဖြစ်၏။ ဇဝံ၊ဤသို့။ဝဓော၊သတ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ ဟိ၊ထိုစကားကိုအကျယ်ချဲ၍ပြဦးအံ့။သောဝဓော၊ ထိုသတ်ခြင်းသည်။ ပါဏော၊သတ္တဝါရင်း။ပါဏသညိတာ၊သတ္တဝါဟု အမှတ်ရှိခြင်းရင်း။ ဝဓကစေတနာ၊သတ်တတ်သောစေတနာရင်း။ဥပက္ကမော၊လုံ့လရင်း

တေန၊ ထိုသို့လဖြင့်။ မရဏံ၊ သေခြင်းငှာ။ ဥတိ ဤသို့။ ပဋ္ဌနံ၊ ငါးပါးကုန်သော။ ဆုမေသံအင်္ဂါနံ၊ ဤအင်္ဂါတို့၏။ ပါရိပူရိယာဝ၊ ပြည့်စုံလုံလောက်သောကြောင့်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အပါရိပူရိယာ၊ မပြည့်စုံ မလုံလောက်သောကြောင့်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တသောဝ၊ ရောက်သောပုဂ္ဂိုလ်၏သာလျှင်။ မရဏံ၊ သေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အရဟန္တ ဃာတကောယေဝ၊ အရဟန္တဃာတကသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပုထုဇ္ဇနဃာတကော၊ ပုထုဇ္ဇနဃာတကသည်။ န ဟောတိ၊ မဖြစ်။

ဤသူကိုသတ်အံ့ဟူ၍ လုံ့လပြု၍ အကြင်အစဉ်ကို အာရုံပြု၍ သေစေလိုခြင်းသည် ရောက်၏။ ထိုအစဉ်၏ ပုထုဇ္ဇန်ရဟန္တာ၏အဖြစ်ဖြင့် လုံ့လသေခြင်းခဏတို့၏ အစွမ်းဖြင့် သန္တာန် အထူး အပြားသည် ရှိသော်လည်း။ မပြားသည်သာလျှင် ဖြစ်၏၊ အကြင်အခါကာလ၌လည်း၊ အကျိုး၏ပြီးဆုံးခြင်းသည်ဖြစ်၏။ ထိုအခါ ရဟန္တာဖြစ်၍နေခဲ့၏ ထိုကြောင့် အရဟန္တဃာတက သာဖြစ်၏ဟု မှတ်ယူရာ၏။

> ယသ္မာ ပန ဣမံ မာရေမီတိ ယံ သန္တာနံ အာရဗ္ဘ မာရဏိစ္ဆာ တဿ ပုထုဇ္ဇန ခီဏာသဝ ဘာဝေန ပယောဂ မရဏက္ခဏာနံ ဝသေန သတိပိ သန္တာနဘေဒေ အဘေဒေါယေဝ၊ ယဒါ စ အတ္ထသိဒ္ဓိ တဒါ ခီဏာသဝ ဘာဝေါ တသ္မာ အရဟန္တ ဃာတကောယေဝ ဟောတီတိ နိဋ္ဌမေတ္ထ ဂန္တဗ္ဗံ။ ။ (သာ)

ပန၊ အာဘော်အကြောင်း ဟိတ်လောင်း၍ပြဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ ဣမံ၊ ဤသူကို၊ အဟံ၊ ငါသည်။ မာရေမိ၊ သတ်အံ့။ ဣတိ၊ ဤသို့။ ယံ သန္တာနံ၊ အကြင်ခန္ဓာအစဉ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ မာရဏိစ္ဆာ၊ သေစေလိုခြင်းသည်။ အတ္ထိ၊ ရှိ၏။ တဿ သန္တာနဿ၊ ထိုခန္ဓာအစဉ်၏ ပုထုဇ္ဇနခီဏာသဝဘာဝေန၊ ပုထုဇ္ဇန် ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်ဖြင့်။ ပယောဂမရဏက္ခဏာနံ၊ လုံ့လသေခြင်းခဏတို့၏။ ဝသေန၊ အစွမ်းဖြင့်။ သန္တာနဘေဒေ၊ အစဉ်အထူးအပြားသည်။ သတိပိ၊ ရှိသော်လည်း။ အဘေဒေါယေဝ၊ မပြားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ယဒါ စ၊ အကြင်အခါကာလ၌လည်း။ အတ္ထသိဒ္ဓိ၊ အကျိုး၏ပြီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုစဉ်အခါကာလ၌။ ခီဏာသဝဘာဝေါ၊ ရဟန္တာ၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ အရဟန္တဃာတကောယေဝ၊

အရဟန္တဃာတကသည်သာလျှင်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ဝေဠု၊ ဤအရာ၌။နိဋ္ဌံ၊ပြီးဆုံးခြင်းသို့။ဂန္တဗ္ဗံ၊ရောက်အပ်၏။

ဤအရာဝယ်ကံအာပတ်တို့၏ထင်ရှားသောအဖြစ်အကျိုးငှါ၊ဝေဠုက စတုက္ကကိုလည်းသိရာ၏။အကြင်သူသည်၊ တခုသောနေရာ၌ အိပ်၍ နေသော်သိုးကိုညဉ့်အခါလာ၍သတ်အံ့ဟုမှတ်ထားလေသည်။

သိုး၏အိပ်ရာအရပ်၌ သတ်မည့်သူ၏ အမိအဘ ရဟန္တာတို့တွင်၊ တယောက်ယောက်သော ပုဂ္ဂိုလ်သည် ဖျော့တော့သော အဆင်းရှိသောအဝတ်သက်နှုံးကိုဝတ်ရုံ၍အိပ်နေ၏။

သတ်လိုသောသူသည် ညဉ့်အခါလာ၍ သိုးကိုသတ်အံ့ဟု၊နှလုံး သွင်း၍အမိကိုသော်၎င်း၊ အဘကိုသော်၎င်း၊ ရဟန္တာကိုသော်၎င်း၊ သတ်မိအံ့။ဤဝတ္ထုကိုသတ်အံ့ ဟူသော ဝဓကစေတနာ၏ ထင်ရှားရှိ သည်၏အဖြစ်ကြောင့်၊ဃာတကမည်သော သူသတ်ယောက်ျားလည်း ဖြစ်၏။အနန္တရိယကံသို့လည်းရောက်၏။ပါရာဇိကသို့လည်းကျရောက် ၏။

> ကမ္မာပတ္တိ ဗျတ္တိဘာဝတ္ထဉ္စေတ္ထ ဝေဠုက စတုက္ကမ္ပိ ဝေဒိတဗ္ဗံ၊ ယောဟိဝေဠု ကံကေသိ ဌာနေနိပန္နံ ဥပမာရေတိ၊ရတ္တိံ အာဂန္တွာဝဓိဿာမီတိ ဝေဠုကဿ စ နိပန္နောကာသေ ဘာဿ မာတာဝါ ပိတာဝါ အရဟာဝါ ပဏ္ဍုကာသာဝံ ပါရုပိတွာနိပန္နော ဟောတိ၊သောရတ္တိဘာဂေ အာဂန္တွာ ဝေဠုကံ မာရေမီတိမာ တရံဝါ ပိတရံဝါ အရဟန္တံဝါ မာရေတိ၊ဣမံ ဝတ္ထုံမာရေမီတိ စေတနာယ အတ္ထိဘာဝတော ဃာတကောစ ဟောတိ၊အာနန္တရိယ ကမ္မဉ္စ ဖုသတိ၊ ပါရာဇိကဉ္စ အာပဇ္ဇတိ။ ။ (ကင်္ခါ-၄)

တပါးသော တစုံတယောက်သော အာဂန္တုသည်၊ အိပ်၍နေ သည်ဖြစ်အံ့၊သိုးကိုသတ်အံ့ဟုအာရုံပြု၍ထိုအာဂန္တုကို သေစေသည် ရှိသော်၊ဃာတကမည်သော သူသတ်ယောက်ျားသည်လည်း ဖြစ်၏။ ပါရာဇိကသို့လည်းရောက်၏၊အနန္တရိယကံသို့ကားမရောက်။

> အညော ကောစိ အာဂန္တုကော နိပန္နော ဟောတိ၊ ဝေဠုကံ မာရေမီတိ တံ မာရေတိ၊ ဃာတကောစ ဟောတိ ပါရာဇိကဉ္စ အာပဇ္ဇတိ အာနန္တရိယံ န ဖုသတိ။ ။ (ကင်္ခါ-၄)

တိရစ္ဆာန်လူးသည်လည်းကောင်း၊ပြိတ္တာသည်လည်းကောင်း။ အိပ်၍နေ သည်ဖြစ်အံ့။သိုးကိုသတ်အံ့ဟုအာ[illegible]ပြု၍ [illegible]လူးပြိတ္တာတို့ကို သေစေ

အံ့။ ဃာတကမည်သောလူသတ်ယောက်ျားသည်ဖြစ်၏။ အနန္တရိယကံသို့လည်းမရောက်။ ပါရာဇိက သို့လည်းမရောက်။ ထုလ္လစ္စည်းအာပတ်သို့ကားရောက်၏။

ယင်္ကော ဝါပေတော ဝါ နိပ္ပန္နော ဟောတိ၊ ဋ္ဌေကံ မာရေမီတိ တံ မာရေတိ ဃာတကောဝ ဟောတိ၊ နစာနန္တရိယံ ဖုသတိ၊ နစ ပါရာဇိကံ အာပဇ္ဇတိ၊ ထုလ္လစ္စယံ ပန ဟောတိ။ ။ (ကင်္ခါ—၄၅)

တစုံတယောက် အိပ်လာသူမရှိ၊ သိုးသာအိပ်၍နေသည် ဖြစ်အံ့၊ ထိုသိုးကို သေစေသည် ရှိသော်။ ဃာတက မည်သော သူသတ်ယောက်ျားသည်လည်းဖြစ်၏။ ပါစိတ်အာပတ်သို့လည်းရောက်၏။

အညောကောစိ နိပ္ပန္နောနတ္ထိ၊ ဋ္ဌေကောဝ ဟောတိ၊ တံမာရေတိ ဃာဘကောစ ဟောတိ၊ ပါစိတ္တိယဉ္စ အာပဇ္ဇတိ။ ။ (ကင်္ခါ—၄၅)

ဆောင်။ ၁။ သိုးကိုသတ်မည်၊ စိတ်မှတ်ရည်၍၊ တလည်ဘမိ၊ သတ်တုံမိသော်၊ ရောက်ဘိသူသတ်၊ ထိုက်ယူအာနန္တရိ၊ ပါရာဇိ၊ ရောက်ရှိမှတ်လေပါ။ ။

၂။ သိုးကိုသတ်မည်၊ ရည်မှတ်တည်သော်၊ ရောက်သည် အာဂန္တု၊ သတ်မိမူ၊ ရှေးပြုဃာတက၊ ပါရာဇိကသာဘည်း။

၃။ သိုးကိုသတ်မည်၊ ရည်မှတ်တည်သော်၊ ရောက်သည်ဘီလူး၊ သတ်မိဦး၊ ကြီဘူးဃာတက ထုလ္လစ္စယသာတည်း။

၄။ သိုးကိုသတ်မည်၊ ရည်မှတ်တည်တိုင်း၊ သိုးလည်ပိုင်းဖြတ်၊ မဆိုင်းသတ်၊ ရောက်လတ်ဃာတက၊ ပါစိတ္တိယသာတည်း။ ။

သိုးကိုသတ်အံ့ဟုဖြစ်သောစေတနာ၏ရှေ့အဘို့၌ ဖြစ်သည့်၏ အဖြစ်ကြောင့်၎င်း၊ "ဤသူကိုသတ်အံ့"ဟူသောသန္နိဋ္ဌာပက စေတနာ၏ ထိုအခါကောင်းစွာတည်သည်၏အဖြစ်ကြောင့်၎င်း။ အကြောင်း ၂ ပါး ရှိသည်အားလျော်စွာကံဖြင့်ဖွဲ့မိသည်ဖြစ်လေ၏။

ဤသို့သောအနက်အဓိပ္ပါယ်ကို ပြလိုသောကြောင့် "ဋ္ဌကံ ဝဓိဿံ မာရေမီတိ စေတနာယ အတ္ထိဘာဝတော" ဤသို့စသော စကားကို မိန့်တော်မူ၏။

ထွေကဲ့မာရေမိတိ ပဝတ္တ စေတနာယ ပုဗ္ဗဘာဂတ္တာ ဇူမိမာရေမိတိ သန္နိဋ္ဌာ ပကစေတနာယ တဒါသန္နိဋိတတ္တာ ယထာဝတ္ထုကံ ကမ္မ ဗဒ္ဓါ ဟောတိ ယေဝါတိ အာဟ ဇူမိဝတ္ထုံ မာရေမိတိ စေတနာယ အတ္ထိဘာဝတောတိအာဒိ။ ။ (သာ)

ဝဓက စိတ်သည်လည်းကောင်း။ ထိုဝဓကစိတ်၏ အာရုံဖြစ်သော ဇီဝိတိန္ဒြေသည်လည်းကောင်း။အာနန္တရိယစသော အဖြစ်၌ နိုင်းယှဉ်ကြောင်းပမာဏဟုမှတ်။

ဝဓက စိတ္တံ ပနတဒါရမ္မဏဉ္စ ဇီဝိတိန္ဒြိယံ အာနန္တရိယာဒိဘာဝေ ပမာဏန္တိဒဋ္ဌဗ္ဗံ။ ။ (သာ)

အကြင်သူသည် သွေးအလိမ်းလိမ်းကပ်သော သန်လျက်ကိုလည်းကောင်း။သုံကိုလည်းကောင်း၊သုတ်အံ့ဟု ကောက်ရိုးပုံအစုခ၌သွင်းသည်ရှိသော်၊ထိုကောက်ရိုးပုံဝယ် အိပ်၍နေသော အမိ, အဘ, ရဟန္တာအာဂန္တုယောကျ်ားသည်လူးပြီတ္တာ၊တိရစ္ဆာန်၊ယောကျ်ားကို သတ်မိအံ့။ဝေါဟာရ၏အစွမ်းဖြင့် ဃာတကဟူ၍ဆိုရ၏၊ ဝဓက စေတနာ၏မရှိခြင်းကြောင့်၊ အာနန္တရိယကံသို့မရောက်၊အာပတ်လည်းမသင့်ဟုအဋ္ဌကထာ၌မိန့်၏။

**ဆောင်။ ။သန်လျက်သုတ်မည်၊ စိတ်ကရည်၍ သွင်းသည်ကောက်ရိုး၊ အဘထိုးမိ၊ ထည့်သွင်းကြည့်က၊ ဃာတကသာ၊ ခေါ်ရဗျာ၊ စေတနာကင်း၊ကံမှာရှင်း၊အလျှင်းအာပတ်မသင့်တည်း။ ။**

အကြင်ရဟန်းသည်တပါးသောစစ်သည်ဘောင်၌၊ အဘမှတပါးသောစစ်သည်ကိုလည်းကောင်း။အဘကိုလည်းကောင်း။စစ်တိုက်ခြင်းမှုကိုပြုသည်တို့ကိုတွေ့မြင်သော်၊ စစ်သူရဲကို ဖေါက်ထွင်းပြီးမှ ငါ၏အဘကိုဖေါက်ထွင်းလတ္တံ့ဟု အာရုံပြု၍ပစ်၏။ အလိုအားလျော်စွာ မြှားသွားသော် ပိတုဃာတက ကံထိုက်၏။ စစ်သူရဲကို ပစ်အပ်သည်ရှိသော်၊ငါ့အဖသည်ပြေးလတ္တံ့ဟု အာရုံပြု၍ပစ်အံ့၊ မြှားသည် ရည်ရွယ်တိုင်းမဟုတ်ဘဲသွား၍၊အဘကိုသေစေအံ့၊ ဝေါဟာရ၏ အစွမ်းဖြင့် ပိတုဃာတကဟု ဆိုရ၏။ အာနန္တရိယ ကံသို့ကား မရောက်ဟုအဋ္ဌကထာ၌မိန့်၏။

အလိုအတိုင်းမဟုတ်ဘဲဖြောင့်စွာသာလျှင်သွား၍၊ အဘကိုရှုးဝင်သော်လည်း မရဏာဓိပ္ပါယအာ ဖြင့်မိမိသည်သာလျှင် ပြုအပ်သော လုံ့လပယောဂ၏ အဖြစ်ကြောင့် ချွတ်ယွင်းခြင်းမရှိဟု ဆိုကြကုန်၏။ အဘကိုရည်၍ပြုအပ်သောလုံ့လပယောဂမရှိသည်၏ အဖြစ်ကြောင့် အာနန္တရိယကံကားမရှိ။

အယထာဓိပ္ပါယံ ပနဥဇုကမေ၀ ဂတ္တာ ပိတရိ ငိဒ္ဓေပိ မရဏာဓိပ္ပါယေန အတ္တနာ ကတပ္ပယောဂ ဝသေန ဂတ္တာ နေ၀တ္ထိဝိသင်္ကေတောတိ ၀ဒန္တိ၊ အာနန္တရိယံ ပန နတ္ထီတိ ပိတရံ ဥဒ္ဒိဿ ကတပ္ပယောဂါဘာ၀တော။ ၊(သာ)

ဆောင်။ ။ရည်ရွယ်ခြင်းသာ၊ပယောဂါကင်း၊လွှတ်ထားရှိဘိ၊အမှန်သိ၊ မှတ်ဘိအာနန္တရိယ။ ။

အနိုး၌တည်၍ ဤသို့ထိုးလော့၊ ဤသို့ပုတ်ခတ်လော့၊ ဤသို့သတ်လော့ဟုစေခိုင်းခြင်းသည်၊အာဏတ္တိကပယောဂမည်၏။

အဓိဋ္ဌာယာတိ အဓိဋ္ဌဟိတွာ အာဏာပေတိ၊ ဧ၀ံဝိဇ္ဈဧ၀ံပဟာရ ဧ၀ံဃာတေဟီတိ။ ။ (ပ)

အဓိဋ္ဌာယာတိ၊အဓိဋ္ဌာယ ဟူသည်ကား၊ အဓိဋ္ဌဟိတွာ၊ အနိုး၌တည်၍။ဧ၀ံ၊ဤသို့။ဝိဇ္ဈ၊ထိုးလော့။ဧ၀ံ၊ ဤသို့။ ပဟာရ၊ ပုတ်ခတ်လော့။ ဧ၀ံ၊ဤသို့။ဃာတေဟိ၊သတ်လော့။ဣတိ၊ ဤသို့။ အာဏာပေတိ၊ စေခိုင်း၏။

စေခိုင်းခြင်းသည်ရည်၍စေခိုင်းခြင်း။ မရည်မှူ၍စေခိုင်းခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။

အာဏာပေတီတိ ဥဒ္ဒိဿ၀ါ အနုဒ္ဒိဿ၀ါ အာဏာပေတိ။ ၊ (ကင်္ခါ—၄)

ထိုနှစ်ပါးတို့တွင် တပါးသော စင်သည်သည် ရှေးရှုတည့်လတ်သော် မရည်မှူ၍သာလျှင် ဤသို့ထိုးလော့ ဤသို့ပုတ်ခတ်လော့ ဤသို့သတ်လော့ဟု စေခိုင်းအပ်သည်ရှိသော်၊ အကြင်မျှသောသူတို့ကို အစေအခိုင်းခံရသောသူသည် သတ်၏။ စေခိုင်းတတ်သော အာဏာပက စေခိုင်းအပ်သော အာဏတ္တ ရဟန်းတို့အား ထိုမျှသော ပါဏာတိပါတ တို့သည်ဖြစ်ကုန်၏။

တတ္ထပရသေနာယ ပစ္စုပဋ္ဌိတာယ အနုဋ္ဌိသော၀ ဓေဝိဋ္ဌစေ ပဟာရ ဓေံ ဃာတေဟိတိ အာဏာပ္ပော ယတ္တကေ အာဏာပ္ပော ဃာတေတိ တတ္တကာဥဘိန္န ပါဏာတိပါတာ။ ။ (ကင်္ခာ-ဋ္ဌ)

ထိုနှစ်ယောက်သောပုဂ္ဂိုလ်တို့တွင်စေခိုင်းတတ်သောအာဏာပက ပုဂ္ဂိုလ်၏မိဘတို့သည်အကယ်၍ဖြစ်ကုန်အံ့၊အာဏာပကရဟန်းသည် အာနန္တရိယကံသို့လည်း ရောက်၏။ အကယ်၍ ရဟန္တာဖြစ်၍နေအံ့၊ အာဏာပက,အာဏတ္တ ရဟန်းနှစ်ယောက်တို့သည်လည်း အာနန္တရိယကံသို့ရောက်ကြကုန်၏။ စေခိုင်းအပ်သော အာဏတ္တပုဂ္ဂိုလ်၏သာ မိဘတို့ အကယ်၍ဖြစ်ကုန်အံ့၊ အာဏတ္တရဟန်းသာ အာနန္တရိယကံသို့ရောက်၏။

သစေတတ္ထ အာဏာပကဿ မာတာ ပိတာရော ဟောန္တိ အာနန္တရိယမ္ပိ ဖုသတိ သစေအရဟာဟောတိ ဥဘောပိ အာနန္တရိယံ ဖုသန္တိ သစေအာဏတ္တဿေ၀ မာတာပိတာရော သော၀အာနန္တရိယံ ဖုသတိ၊ ။(ကင်္ခာ-ဋ္ဌ)

အရပ်မြင့်သော ဤသူကို သတ်လော့ဟု ဤသို့ စသည်ဖြင့် ရည်ညွှန်း၍ စေခိုင်းအပ်သည်ရှိသော်၊ စေခိုင်းအပ်သော အာဏတ္တပုဂ္ဂိုလ်သည် စေခိုင်းတိုင်းသော ထိုသူကိုသာလျှင် အကယ်၍သတ်မိအံ့၊ နှစ်ဦးသော အာဏာပက အာဏတ္တ ရဟန်း ပ္ပဲအားလည်း ပါဏာတိပါတကံထိုက်၏။ အာနန္တရိယ ဝတ္ထု၌ အာနန္တရိယ ကံသို့လည်း ရောက်၏။

သတ်ခိုင်းသောပုဂ္ဂိုလ်မှ တပါးသောရဟန်းကိုသတ်မိအံ့၊ စေခိုင်းတတ်သော အာဏာပကပုဂ္ဂိုလ်အား ပါဏာတိပါတကံမရှိ။ ဤပ ဌ်ဖြင့် အာဏတ္တိကပယောဂကိုပြ၏ဟု အဋ္ဌကထာ၌မိန့်၏။

အာဏတ္တိကပယောဂ၌ သတ်အပ်သော သတ္တ၀ါဟုဆိုအပ်သော ၀တ္ထု၊နံနက်ကာလ ညချမ်းကာလ အစရှိသောကာလ၊ရွာ တောအစရှိသော တည်ရာအရပ်ဟုဆိုအပ်သော ဩကာသ၊သန်လျက် မြား လှံ အစရှိသောလက်နက်ဟုဆိုအပ်သော အာဝုဓ၊ သတ်အပ်သောသတ္တ၀ါ၏ သွားခြင်း ထိုင်ခြင်းအစရှိသော ဣရိယာပုထ်၊ ထိုးခြင်း ဖြတ်ခြင်း ဖေါက်ခွဲခြင်း အစရှိသော ကြိယာအထူးဟုဆိုအပ်သော ကြိယာဝိသေသ၊ဤခြောက်ပါးတို့ကိုနှိုင်းချိန်၍ကြည့်ရှုဆုံးဖြတ်ရာ၏။

ထို့ကြောင့်အဋ္ဌကထာ၌ .......။

ဝတ္ထုံ ကာလဉ္စ ဩကာသံ၊ အာဝုဓံ ဣရိယာပထံ၊
တုလယိတွာ ပဉ္စဋ္ဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော။ ။

အပရော နယော ဝတ္ထုကာလော စ ဩကာသော အာဝုဓံ ဣရိယာပထော ကြိယာ ဝိသေသောတိ ဣမေ ဆ အာဏတ္တိနိယာမကာ။ ။ဟု ဖွင့်ဆိုတော်မူ၏။

ဝိစက္ခဏော၊ ပညာရှိသည်။ ဝတ္ထုံစ၊ သတ်အပ်သောသတ္တဝါကို လည်းကောင်း။ ကာလဉ္စ၊ အချိန်အခါကာလကိုလည်းကောင်း။ ဩကာ သဉ္စ၊ သတ်ရာအရပ်ကိုလည်းကောင်း။ အာဝုဓဉ္စ၊ လက်နက်ကိုလည်း ကောင်း။ ဣရိယာပထဉ္စ၊ သွားခြင်းစသော ဣရိယာပုထ်ကို လည်း ကောင်း၊ ဣတိ၊ ဤ သို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဌာနာနိ၊ အချက်ဌာနတို့ကို။ တုလယိတွာ၊ နှိုင်းချိန်၍။ အတ္ထံ၊ အနက်ကို။ ဓာရေယျ၊ ဆုံးဖြတ်ရာ၏။ ဝါ၊ ဆောင်ရာ၏။

အပရော၊ တပါးသော။ နယော၊ နည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ မိန့်ဆိုဦးအံ့။ ဝတ္ထုစ၊ သတ်အပ်သော သတ္တဝါဟုဆိုအပ်သော ဝတ္ထု ရင်း။ ကာလော စ၊ နံနက်ကာလအစရှိသော ကာလရင်း။ ဩကာသော စ၊ သတ်ရာအရပ်ဟုဆိုအပ်သော ဩကာသရင်း။ အာဝုဓဉ္စ၊ လက်နက် ရင်း။ ဣရိယာပထော စ၊ သွားခြင်းစသော ဣရိယာပုထ်အထူးရင်း။ ကြိ ယာ ဝိသေသော စ၊ ထိုးခြင်း ဖြတ်ခြင်းစသော ကြိယာအထူးရင်း။ ဣ တိ၊ ဤသို့။ ဆ၊ ခြောက်ပါးကုန်သော။ ဣမေ၊ ဤသည်တို့သည်။ အာဏတ္တိ နိယာမကာ၊ စေခိုင်းခြင်းကိုမှတ်တတ်ကုန်၏။

အကြင်သူကို သတ်လော့ဟုမှတ်၍ အစေအခိုင်းခံရသောသူသည် ထိုမှတ်ထားသော သူမှ တပါးသော သတ်အပ်သော သတ္တဝါဟုဆို အပ်သော ဝတ္ထုကိုချွတ်ယွင်းစေ၍ အကယ်၍သတ်မိအံ့၊ စေခိုင်းတတ် သော အာဏာပကရဟာန်းအား ကံဖြင့်ဖွဲ့မိခြင်းသည် မရှိ။ ရှေ့မှပုတ် ခတ်၍သတ်လော့ဟုမှတ်၍စေခိုင်းအပ်သော သူသည်လည်းကောင်း၊ နောက်မှပုတ်ခတ်၍ သတ်လော့ဟုမှတ်၍ စေခိုင်းအပ်သော သူသည် လည်းကောင်း၊ နံပါးမှ ပုတ်ခတ်၍ သတ်လော့ဟု စေခိုင်းအပ်သော သူသည်လည်းကောင်း၊ တပါးသောအရပ်၌ ပုတ်ခတ်၍ သေမှုလည်း

သေစေအံ့ စေခိုင်းတတ်သော အာဏာပကရဟန်းအား ကံဖြင့်ဖွဲ့ခြင်းသည်မရှိ။ စေခိုင်းအပ်သော အာဏတ္တပုဂ္ဂိုလ်အားသာလျှင် ကံဖြင့်ဖွဲ့မိ၏။ ဟု၊အဋ္ဌကထာ၌မိန့်၏။

ဝတ္ထုကို မချွတ်မယွင်းစေမူ၍ စေခိုင်းတိုင်းသောအားဖြင့်အကယ်၍ သေစေအံ့၊ စေခိုင်းတတ်သော အာဏာပက ပုဂ္ဂိုလ်အား စေခိုင်းသောအာဏတ္တိက္ခဏ၌ စေခိုင်းအပ်သောအာဏတ္တပုဂ္ဂိုလ်အားလည်း သတ်သောခဏ၌ ဤသို့နှစ်ယောက်သောပုဂ္ဂိုလ်တို့အားလည်း ကံဖြင့်ဖွဲ့မိ၏။

အထဝတ္ထုံ အဝိသံဝါဒေတွာ ယထာဏတ္တိယာ မာရေတိ အာဏာပကဿ အာဏတ္တိက္ခဏေ အာဏတ္တဿ မာရဏက္ခဏေတိ ဥဘယေသမ္ပိ ကမ္မဗဒ္ဓေါ။ ။ (ကင်္ခါ–ဋ္ဌ)

(**ကာလ၌မှတ်ရန်**) ယနေ့နက်ဖြန်ဟုမမှတ်မူ၍ နံနက်အခါကာလ၌ သေစေလော့ဟု စေခိုင်းအပ်သောအကြင်သူသည်၊ တစုံတခုသောနံနက်အခါကာလ၌သေစေအံ့ ထိုသူအားချွတ်ယွင်းသည်မရှိဟုမှတ်သေး။

ကာလေ ပနယော အဇ္ဇ သွေတိ အနိယမေတွာ ပုဗ္ဗဏှေ မာရေဟီတိ အာဏတ္တော ယဒါ ကဒါစိ ပုဗ္ဗဏှေ မာရေတိ နတ္ထိ ဝိသင်္ကေတော။ ။(ကင်္ခါ-ဋ္ဌ)

ယနေ့နံနက်ကာလ သတ်လော့ဟု ဆိုအပ်သော တစုံတယောက်သော အကြင်သူသည် မွန်းတည့် ကာလ၌လည်းကောင်း ညနေချမ်းကာလ၌လည်းကောင်း၊ နက်ဖြန်နံနက်ကာလ၌ လည်းကောင်း သေစေအံ့။အချိန်းအချက်ချွတ်ယွင်းသည်မည်၏။ စေခိုင်းတတ်သော အာဏာပကပုဂ္ဂိုလ်အား ကံဖြင့်ဖွဲ့သည်မရှိဟုသိမှတ်ရာသည်။

ယောပနအဇ္ဇ ပုဗ္ဗဏှေတိ ဝုတ္တော မဇ္ဈနှေဝါ သာယနှေဝါ သွေဝါပုဗ္ဗဏှေ မာရေတိ ဝိသင်္ကေတောဟောတိ အာဏာပကဿ နတ္ထိကမ္မဗဒ္ဓေါ။ ။(ကင်္ခါ-ဋ္ဌ)

(**ဩကာသ၌မှတ်ရန်**) ရွာ၌တည်သော ဤသူကို သတ်လော့ဟုမမှတ်မူ၍ စေခိုင်းအပ်သော တစုံတယောက်သော သူသည် ထိုသူ့ကို တစုံတခုသောအရပ်၌သေစေအံ့၊အချိန်းအချက်ပျက်ကွက်သည် မရှိဟုသိရာသည်။

ဩကာသေဝိယော ဘံဂါမေဋ္ဌိတံ မာရေဟီတိ အနိယမေတွာ အာဏတ္တော တံ ယံ ကိဉ္စိ မာရေတိ နတ္ထိ ဝိသင်္ကေတော။ ။ (ကင်-ဋ္ဌ)

ပုဂ္ဂိုလ်တို့မှတ်ရန်အကျိုး၌ ဇောဂါမေဋ္ဌိတံဟုဆိုသောကြောင့်၊ အချိန်းအချက်ပျက်တွက်သည်မဟုတ်။ ထို့ကြောင့်…………

ဇောံဂါသဋ္ဌိ ဂန္တွာ ဂါမေ ဂုဏ္ဍလ နိယမ နတ္ထိ ဝုတ္တာ နဩကာသ နိယမနတ္ထိ၊ ဘဿာဩကာသံ နိယမေတွာ ပုဂ္ဂလံ နိယမေတွာ နတ္ထိ ဝိသင်္ကေတော။ ။ (သာ)

ရှာ၌သာသျှင်ဘည်သော ထိုသူကို သတ်လော့ဟု မှတ်၍စေခိုင်းအပ်သော တစုံတယောက်သော အကြင်သူသည် တော၌သေစေအံ့၊ တော၌မှတ်၍ရွာ၌သေစေအံ့ အိမ်အတွင်းတံခါး၌မှတ်၍ အိမ်၏ အလယ်၌သေစေအံ့၊ ထိုသူအား ဝိသင်္ကေတအချိန်းအချက် ပျက်သည်မည်၏ဟု အဋ္ဌကထာ၌မိန့်၏။

**(လက်နက်၌မှတ်ရန်)** သန်လျက်ဖြင့်ဝှင်း,မြှားဖြင့်ဝှင်းဟု မမှတ်မူ၍ လက်နက်ဖြင့်သတ်လော့ဟု စေခိုင်းအပ်သော တစုံတယောက်သော အကြင်သူသည် အမှတ်မရှိတစုံတခုသောလက်နက်ဖြင့်သေစေအံ့၊ အချိန်းအချက်ချွတ်ယွင်းသည်မရှိ။

အာဝုဓေပိယော အသိနာဝါ ဥသုနာဝါတိ အနိယမေတွာ အာဝုဓေန မာရေဟီတိ အာဏတ္တော ယေနကေနစိ အာဝုဓေန မာရေတိ နတ္ထိ ဝိသင်္ကေတော။ ။ (ကင်-ဋ္ဌ)

သန်လျက်ဖြင့်ဟုဆိုလျက်မြှားဖြင့်၊ ဤသန်လျက်ဖြင့်ဟုဆိုလျက် တပါးသော သံလျက်ဖြင့် သေစေအံ့၊ ဤသန်လျက်သွားဖြင့်သာ သတ်လော့ဟုဆိုလျက် တပါးသော သံလျက်သွားဖြင့်လည်းကောင်း၊ သန်လျက်အပြင်ဖြင့်လည်းကောင်း၊ သန်လျက်သွားဖျားဖြင့်လည်းကောင်း၊ သန်လျက်ရိုးဖြင့်လည်းကောင်းသေစေအံ့။ ထိုသူအား ဝိသင်္ကေတ အချိန်းအချက်ချွတ်ယွင်း၏ဟု အဋ္ဌကထာ၌မိန့်၏။

**(ဣရိယာပုထ်၌မှတ်ရန်)** တစုံတယောက်သော အကြင် သူသည် သွားသောသူကိုသတ်လော့ဟုပြောဆို၏။စေခိုင်းအပ်သောအာဏတ္တ ပုဂ္ဂိုလ်သည်လည်း သွားသောသူကိုအကယ်၍သတ်အံ့၊ ဝိသင်္ကေတ အချိန်းအချက်ချွတ်ယွင်းသည်မရှိဟုသိမှတ်ရာသည်။

ဇာရိယာပထေပန ယောဇေတိ ဂန္တုကာမော ရောဟိတိ ဝဒတိ အာကာသဋ္ဌာဝစ နံသဇေ ပိ ဂန္တုကာမော ရောဟိတိ နတ္ထိ ဝိသင်္ကေတံ။ ။ (ကင်္ခါ–ဋ္ဌ)

သွားသောသူကိုသာသတ်လော့ဟု ဆိုသျက် ထိုင်သူကိုအကယ်၍ သတ်မိအံ့၊ ထိုင်သူကိုသာသတ်လော့ဟုဆိုသျက် သွားသူကိုအကယ် ၍သတ်မိအံ့၊ဝိသင်္ကေတံ အချိန်းအချက်ပျက်သည်မည်၏။

ဂန္တုကာမေဝ မာရေဟိတိ ဝုတ္တောပန သစေနိသိန္နံ မာရေတိ နိသိန္နမေဝ ဝါ မာ ရေဟိတိ ဝုတ္တေ ဂန္တုကာမံ မာရေတိ ဝိသင်္ကေတံ ဟောတိ။ ။ (ကင်္ခါ-ဋ္ဌ)

ဂန္တုကာမေဝ စသောပါဌ်ဖြင့် ဇာရိယာပုဒ်ကို မှတ်တော်မူသည် ထို့ကြောင့်''ဝိသင်္ကေတံ ဟောတိ''ဟုဖွင့်ဆိုတော်မူသည်။

ဂန္တုကာမေဝါတိ အာဒိနာပန ဇာရိယာပထော နိယမိတော တေနာဟ ဝိသင်္ကေ တံဟောတီတိ။ ။ (သာ)

**ကြိယာအထူးဌ်မှတ်ရန်။** ။ထိုး၍သတ်လော့ဟု စေခိုင်းသည် ရှိသော် ထိုး၍သာသျှင် သေစေအံ့ ဝိသင်္ကေတ အချိန်းအချက်ချွတ်ယွင်း သည်မရှိ။

ကြိယာဝိသေသေပိ ဝိဇ္ဈိတွာ မာရေဟိတိဝုတ္တော ဝိဇ္ဈိတွာဝ မာရေတိ နတ္ထိဝိ သင်္ကေတော။ ။ (ကင်္ခါ–ဋ္ဌ)

ထိုး၍သေစေလော့ဟု၊စေခိုင်းအပ်သောတစုံတယောက်သောသူ သည်၊ဖြတ်တောက်၍သေစေအံ့၊ ဝိသင်္ကေတ၊ အချိန်းအချက် ပျက် လေ၏။

ယောပန ဝိဇ္ဈိတွာ မာရေဟီတိဝုတ္တော ဆိန္ဒိတွာ မာရေတိ ဝိသင်္ကေတော။ ။ (ကင်္ခါ–ဋ္ဌ)

အမှတ်မရှိ တစုံတယောက်သော အကြင်သူသည် အသွင်သဏ္ဌာန် ၏အစွမ်းဖြင့် အရပ်မြင့်သောသူ ပုသောသူ အသားနက်သောသူ အ သားဖြူသောသူ ကြုံပိန်သောသူ ဝသောသူများကို သတ်လော့ဟု မ မှတ်မူ၍ စေခိုင်းအံ့၊ စေခိုင်းအပ်သော သူသည်လည်း အလုံးစုံ သို့သ ဘောရှိသောသူကို သေစေအံ့ အချိန်းအချက် ပျက်သည်မရှိ နှစ်ဦးနှစ် ယောက်သော ရဟန်းတို့ ပါရာဇိကကျရောက်ကုန်၏။

ယောပန လိင်္ဂ၀သေန ဒွိဃံ ရဿံ ကာဠံ ဩဒါတံ ကိသံ ထူလံ မာရေတိ တိ အနိယမေတွာ အာဏာပေတိ အာဏတ္တော စ ယံကိဉ္စိ တာဒိသံ မာရေတိ နတ္ထိ ၀ိသင်္ကေတော တိ ဥဘိန္နံ ပါရာဇိကံ။ ။ (ကင်္ခါ-၄)

ဒိဃံမာရေဟိဟု ဆိုတော်မူသော်လည်း ရှည်သောသတ္တ၀ါတို့၏ များသည်၏ အဖြစ်ကြောင့် ဤအမည်ရှိသော ဤသို့သဘောရှိသည် လည်းဖြစ်သော ရှည်မြင့်သောသူကိုသတ်လော့ဟု တပါးသောသူတို့ နှင့်မဆက်ဆံသော လက္ခဏာဖြင့် မသတ်မှတ်အပ်သည်၏ အဖြစ်ကြောင့် အနိယမေတွာ အာဏာပေတိ ဟု မိန့်ဆိုတော်မူသည်။ ထိုကြောင့် သာလျှင် ယံကိဉ္စိ တာဒိသံ မာရေတိ။ ။ဟုဖွင့်ဆိုတော်မူ၏။

ဒွိဃံမာရေဟီတိ ၀ုတ္တေပိ ဒီဃသတ္တာနံ ဗဟုဘာ၀တော ဧတ္ထန္နာမံ ဧ၀ ရူပဉ္စ ဒီဃန္တိ အညေသံ အသာဓာရဏလက္ခဏေန အနိဒ္ဒိဋ္ဌတ္တာ အနိယမေတွာ အာဏာပေတီတိ၀ုတ္တံ တေနေ၀ါဟ ယံကိဉ္စိ တာဒိသံ မာရေတီတိ၊ ။ (၀ိ)

အမှတ်မရှိသောတစုံတယောက်သောထိုသူသည် အကယ်၍ မိမိကိုယ်ကိုရည်၍ စေခိုင်းအံ့၊ စေခိုင်းအပ်သော အာဏတ္တပုဂ္ဂိုလ်သည် လည်း စေခိုင်းသော ဤသူသည်သာလျှင် ဤသဘောရှိ၏ဟု စေခိုင်း တတ်သော အာဏာပကပုဂ္ဂိုလ်ကိုသာလျှင် သတ်အံ့ဟုအောက်မေ့၍ စေခိုင်းတတ်သော အာဏာပက ပုဂ္ဂိုလ်အား ဒုက္ကဋ်အာပတ်သင့်၏။ သတ်တတ်သော ၀ဓကပုဂ္ဂိုလ်သည်ပါရာဇိကကျ၏။

အထပနသော အတ္တာနံ သန္ဓာယ အာဏာပေတိ အာဏတ္တော စ အယမေ၀ ဤဒိသောတိ အာဏာပကမေ၀ မာရေတွာ အာဏာပကဿ ဒုက္ကဋံ ၀ဓကဿ ပါရာဇိကံ။ ။ (ကင်္ခါ-၄)

စေခိုင်းတတ်သော အာဏာပကပုဂ္ဂိုလ်သည် မိမိကိုယ်ကိုရည်၍ စေခိုင်းအံ့၊ စေခိုင်းအပ်သောအာဏတ္တပုဂ္ဂိုလ်သည် တပါးသောသူကို သေစေအံ့ စေခိုင်းတတ်သော အာဏာပကပုဂ္ဂိုလ်သည် အာပတ်မှ လွတ်၏။ သတ်တတ်သော ၀ဓကပုဂ္ဂိုလ်သည်သာလျှင် အရပ်ကိုမမှတ် သောကြောင့် ပါရာဇိကကျရောက်၏ဟုအဋ္ဌကထာ၌မိန့်၏။

မိမိကိုယ်ကိုလွှတ်၍ တပါးသောသတ္တ၀ါ၌ သတ္တ၀ါဟု အမှတ်ရှိ သောအဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိသော အင်္ဂါ၏ မရှိသော

ကြောင့် ပါဏာတိပါတသည် မရှိသည်သာဖြစ်၏။ ထို့ကြောင့် အာဏာပကော မနုဿတိ ဟု မိန့်ဆိုတော်မူ၏။

> အတ္တာနံ မုဉ္စိတွာ ပရပါဏီမှိ ပါဏာသညိတာ လက္ခဏာယ အင်္ဂယ အဘာဝတော နေဝတ္ထိ ပါဏာတိပါတော တိ အာဟအာဏာပကောမနုဿတီတိ။ ။ (၉)

မိမိကိုယ်ကိုရည်၍ စေခိုင်းသော ပုဂ္ဂိုလ်သည်လည်း ဤအမည်ရှိသော ညဥ့်သန့်ရာအရပ်၌ လည်းကောင်း၊ နေ့သန့်ရာအရပ်၌ လည်းကောင်း၊ မထေရ်ကြီးတို့နေရာ သိတင်းငယ်တို့၏နေရာ အလယ်အလတ်ဖြစ်သောသိတင်းသုံးတော်တို့၏နေရာ၌လည်းကောင်း၊ဤအမည်ရှိသောသူကိုသတ်လော့ဟု အကြောင်း၍အရပ်ကိုမှတ်အံ့၊ ထိုမှတ်သောအရပ်၌လည်း တပါးသော တစုံတယောက်သော သူသည် နေထိုင်သည်ဖြစ်အံ့၊ စေခိုင်းအပ်သော အာဏတ္တပုဂ္ဂိုလ်သည် ထိုင်နေသောထိုသူကိုအကြောင်း၍သတ်မိအံ့၊သတ်တတ်သောဝဓကပုဂ္ဂိုလ်သည်အာပတ်မှမလွတ်၊ စေခိုင်းတတ်သော အာဏာပက ပုဂ္ဂိုလ်သည်လည်း အရပ်ကိုမှတ်သောကြောင့်အာပတ်မှမလွတ် ဟု အဋ္ဌကထာ၌မိန့်၏။

မိမိကိုယ်ကိုရည်၍ ဤအမည်ရှိသော အရပ်၌ထိုင်နေသော သူကို ဟု အရပ်ကိုမှတ်ခဲ့သော်၊ ထိုမှတ်သောအရပ်၌ ထိုင်နေသော တစုံတယောက်သောသူ၏ဇီဝိတိန္ဒြေကိုအာရုံပြု၍ ဝဓကစိတ်ဖြစ်သည်။ ။ ထို့ကြောင့် နေဝ ဝဓကော မုစ္စတိ၊ နအာဏာပကောတိ။ဟု ဖွင့်ဆိုတော်မူ၏။

အရပ်ကိုမှတ်၍ ညွှန်ပြသောပုဂ္ဂိုလ်သည် ထိုအရပ်၌ထိုင်နေသောသူကိုသေစေလိုသည်ဖြစ်သောကြောင့် အာပတ်မှမလွတ်ဟုမှတ်။

> ဩကာသဉ္စနိယမေတွာ နိဒ္ဒိသန္တော တသ္မိံ ဩကာသေ နိသိန္နံ မာရေတုကာမော ဟောတိ။ ။ (၈)

မိမိဟု ဆိုအပ်သော အာဏာပက ပုဂ္ဂိုလ်သည်ကား ထိုစဥ်အခါ ထိုအရပ်၌မရှိသောကြောင့် အရပ်နှင့်တကွ ထိုအရပ်၌ထိုင်နေသော သူ၏သာလျှင် ဇီဝိတိန္ဒြေသည်အာရုံဖြစ်၏၊ မိမိ၏ဇီဝိတိန္ဒြေသည် အာရုံမဖြစ်ဟုမှတ်ယူရာသည်။

> သယံ ပန ဟာဒါဘဏ္ဍနဏ္ဍိ တသ္မာ ပြကာသေန သဟတဏ္ဍ နိသိန္နသော ဝ ဇီဝိ
> တိဖြံ့ယံ အာရမ္မဏံ ဟောတိ။ နာဂတ္တနေ တိဂဟေတဗ္ဗံ။ ။ (၉)

မိမိဟုဆိုအပ်သော အာဏာပက ကိုယ်တိုင် ထိုအရပ်၌သာလျှင် ထိုင်နေ၍ မိမိနေထိုင်ရာအရပ်ကိုသာလျှင်မှတ်၍ သေစေလော့ဟုဆိုအပ်သော်လည်း ထိုအရပ်၌ ထိုင်နေသော တပါးသောသူကို သတ်မိအံ့၊ ထိုသူ၏လည်းကောင်း မိမိ၏လည်းကောင်း ဇီဝိတအသက်ကိုအာရုံပြု၍ ဝဓကစေတနာဖြစ်၏။ ထိုအရပ်၌ တပါးသောသူကိုသတ်အပ်သည်ရှိသော်။ စေခိုင်းတတ်သော အာဏာပကပုဂ္ဂိုလ်အား ကံစပ်၏ဟု မှတ်သူများ၏ဟုမိမယ်၌မိန့်၏။

မှတ်အပ်သောအရပ်ဒေသမှ တပါးသောအရပ်၌ အကယ်၍သတ်မိခဲ့သော်၊ စေခိုင်းတတ်သော အာဏာပက ပုဂ္ဂိုလ်သည် အာပတ်မှ လွတ်၏။ ဤသို့သောနည်းကို မဟာအဋ္ဌကထာ၌မြဲမြံစွာပြု၍ ကောင်းစွာဆိုအပ်၏။

> သစေ ပန နိယမိတောကာသတော အညတြ မာရေတိ၊ အာဏာပကော မုစ္စ
> တီတိ အယံနယော မဟာအဋ္ဌကထာယံ သုဋ္ဌုဒဠှံ ကတွာ ဝုတ္တော၊ တသ္မာ ဧတ္ထ
> နအနာဒရိယံ ကာတဗ္ဗံ။ ။ (ကင်္ခါ-၄၅)

အဝေး၌တည်နေသောလူကို သေစေခြင်းငှာ အလိုရှိသောပုဂ္ဂိုလ်၏ ကိုယ်ဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သောလေး စသည်ဖြင့်လည်းကောင်း။ မြား၊ လှံ၊ စက်ယန္တရားဆင်သော ကျောက်စသည်တို့ကို ပစ်လွှတ်ခြင်းသည် နိဿဂ္ဂိယပယောဂမည်၏။

> နိဿဂ္ဂိယောတိ ဒူရေဋ္ဌိတံ မာရေတုကာမဿ ကာယေန ဝါ ကာယပဋိဗဒ္ဓေန
> ဝါ ဥသုသတ္တိယန္တပါသာဏာဒိနံ နိဿဇ္ဇနံ။ ။ (ကင်္ခါ-၄၅)

မရွေ့ရှားကောင်းသော တစုံတခုသောအဆောက်အဦးဖြင့် သေစေခြင်းငှာအလိုရှိသောပုဂ္ဂိုလ်၏ တွင်းတူးခြင်း၊ တကွဲမှိုကျည်ကိုအနီး၌ ချထားခြင်း၊ ကိုယ်ဝန်ကျဆေးကို စီရင်ခြင်းသည် ထာဝရ ပယောဂမည်၏။

> ထာဝရောတိ အသဉ္စာရိမေန ဥပ ကရဏေန မာရေတုကာမဿ ဩပါတ အ
> ပဿေန ဥပနိက္ခိပနံ ဘေသဇ္ဇ သံဝိဓာနံ။ ။ (ကင်္ခါ-၄၅)

လူကိုရည်၍ ကျသော်သေလတ္တံ့ဟုတွင်းကိုတူးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ကျသော်ဒုက္ခဝေဒနာဖြစ်အံ့၊ ထုလ္လစ္စည်းအာပတ်သင့်၏။ကျသော်သေအံ့၊ပါရာဇိကကျ၏ ဟု ဟောတော်မူသည်။

လူကိုမရည်မူ၍ တစုံတယောက်သော သူသည် ကျ၍သေလတ္တံ့ ဟုတွင်းကိုတူးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ လူသည် ထိုတွင်း၌ ကျအံ့ ဒုက္ကဋ် အာပတ်သင့်၏။ ကျသော် ဒုက္ခဝေဒနာ ဖြစ်အံ့ ထုလ္လစ္စည်းအာပတ်သင့်၏။ သေအံ့ ပါရာဇိကကျရောက်၏ ဟု ဟော တော်မူသည်။

ဘီလူးသည်လည်းကောင်း ပြိတ္တာသည်လည်းကောင်း တိရစ္ဆာန် သည်လည်းကောင်း လူသည်လည်းကောင်း တွင်း၌ကျသော်၊ တူး သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ကျသော် ဒုက္ခဝေဒနာဖြစ်အံ့ ဒုက္ကဋ်အာပတ်သင့်၏။သေသော် ထုလ္လစ္စည်းအာပတ်သင့်၏။

> ယက္ခောဝါ ပေတောဝါ တိရစ္ဆာနဂတော မနုဿဝိဂ္ဂဟောဝါ တသ္မိံ ပတတိ အာပတ္တိဒုက္ကဋဿ၊ပပတိတေ ဒုက္ခာဝေဒနာဥပ္ပဇ္ဇတိ အာပတ္တိဒုက္ကဋဿ၊မရတိ အာပတ္တိ ထုလ္လစ္စယဿ။ ။ (ပ)

တိရစ္ဆာန် ဖြစ်သော သတ္တဝါသည် ထိုတွင်း၌ ကျအံ့ တူးသော ရဟန်းအားဒုက္ကဋ်အာပတ်သင့်၏၊ ကျသော်ဒုက္ခဝေဒနာဖြစ်အံ့ ဒုက္ကဋ် အာပတ်သင့်၏၊သေသော်ပါစိတ်အာပတ်သင့်၏။

> တိရစ္ဆာနဂတောတသ္မိံ ပပတတိ အာပတ္တိ ဒုက္ကဋဿ၊ပပတိတေဒုက္ခာဝေဒနာ ဥပ္ပဇ္ဇတိ အာပတ္တိ ဒုက္ကဋဿ၊မရတိ အာပတ္တိပါစိတ္တိယဿ။ ။ (ပ)

တကဲမှိ၌ တကဲမှိအရာ၌ ဓားလက်နက်ကိုလည်း ထား၏။ အဆိပ် ဖြင့်လည်းလိမ်းကျံ၏။အားမရှိသည်ကိုလည်းပြု၏။အခေါင်းအပေါက် ၌လည်းကောင်း ငရဲ နိရိယ ၌လည်းကောင်း ချောက်ကမ်းပါး၌လည်း ကောင်း ကျ၍သေလတ္တံ့ ဟုအာရုံပြု၍ထားအံ့၊ ထားသောရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏။ ဓားလက်နက်ဖြင့် လည်းကောင်း အဆိပ်ဖြင့် လည်းကောင်း ကျသဖြင့်လည်းကောင်းဒုက္ခဝေဒနာဖြစ်အံ့ ထုလ္လစ္စည်း အာပတ်သင့်၏။သေသော်ပါရာဇိကကျ၏ဟု ဟောတော်မူသည်။

ဥပနိက္ခိပန အခုမှာ၊ သန်လျက်ကိုလည်းကောင်း။ လှံကိုလည်းကောင်း။ ခက်ရင်းကိုလည်းကောင်း။ ဆောက်ပုတ်ကိုလည်းကောင်း၊ ကျောက်ကိုလည်းကောင်း။ဓားလက်နက်ကိုလည်းကောင်း။ အဆိပ်ကိုလည်းကောင်း။ကြိုးကိုလည်းကောင်း။ ဤဝတ္ထုများဖြင့် သေလတ္တံ့ဟု၊အာရုံပြု၍ အနီး၌ချထားငြားအံ့၊ ချထားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ သန်လျက်စသောဝတ္ထုများဖြင့် သေအံ့ဟု ဒုက္ခဝေဒနာကိုဖြစ်စေအံ့။ ထုလ္လစ္စည်းအာပတ်သင့်၏။ သေသော်ပါရာဇိကာ ကျ၏ဟုဟောတော်မူသည်။

(ဘေသဇ္ဇအခုမှာ) ထောပတ် ကိုလည်းကောင်း။ ဆီဥကိုလည်းကောင်း။ဆီကိုလည်းကောင်း။ပျားကိုလည်းကောင်း။ တင်လဲကိုလည်းကောင်း။ ဤဝတ္ထုများကိုလျက်၍ သေလတ္တံ့ဟု ပေးအံ့။ ပေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ထောပတ်စသော ဝတ္ထုများကိုလျက်သော် ဒုက္ခဝေဒနာဖြစ်အံ့။ထုလ္လစ္စည်းအာပတ်သင့်၏။ သေသော်ပါရာဇိကကျ၏ဟုဟောတော်မူသည်။

သေခြင်းတရား၌။ ဝတ္ထု၏ အစွမ်းဖြင့် ထုလ္လစ္စည်း အာပတ်သည်လည်းကောင်း၊ ပါစိတ်အာပတ်သည်လည်းကောင်းဖြစ်၏။မရည်သွန်းမူ၍၊ တူးအပ်သော တွင်း၌ ကျသေသော အားဖြင့်လည်းကောင်း။ ပြိဿာသသောအားဖြင့်လည်းကောင်း၊ ကျ၍ တိရစ္ဆာန်သသောအားဖြင့်သေအံ့။ကျခြင်းသသောသည် နှင်းသွဥ်ကြောင်းပမာဏဖြစ်၏။ထို့ကြောင့်ထုလ္လစ္စည်းအာပတ်ဟု ဥပတိဿထေရ် မိန့်ဆို၏။ သေခြင်းသဘောသည်။နှင်းယှဉ်ကြောင်းပမာဏဖြစ်၏။ ထို့ကြောင့် ပါစိတ် အာပတ်ဟု ဖုဿဒေဝမထေရ်မိန့်ဆို၏။

> မရဏဝတ္ထုဝသေန ထုလ္လစ္စယံဝါ ပါစိတ္တိယံဝါ အနေ့ာဒိဿ ခတေပြပါတေယက္ခရူပေနဝါ ပေတရူပေနဝါ ပတတိ တိရစ္ဆာန ရူပေနမရတိ ပဟာန ရူပံပမာဏံ၊တသ္မာထုလ္လစ္စယန္တိ ဥပတိဿတ္ထေရော၊မရဏရူပံပမာဏံ တသ္မာ ပါစိတ္တိ ယန္တိ ဖုဿဒေဝတ္ထေရော။ ။ (ကင်္ခါ-၄)

ပြန်သောလင်ရှိသောအမိသည်၊ကျ၍သေသည်ရှိသော်၊ တွင်းတူးသောရဟန်းအား၊မာတုဃာတကကံထိုက်သည်၊ပုရိသ ဃာတကကံမထိုက်။ထို့ကြောင့်ကျသောပုဂ္ဂိုလ်၏အစွမ်းဖြင့်သာလျှင်အာပတ်သင့်

သည်။ဤသို့လာသောအလိုအားဖြင့်၊ပတနရူပံပမာဏံဟု မိန့်ဆိုတော်မူ၏။

ယသ္မာမာတုယာပတိတ္ထာ ပရိဂ္ဂတိတလိင်္ဂါယ မဘာဝယ သော မာတုဃာတကောဟောတိ နကေဝလံ မနုဿပုရိသဃာတကော၊တသ္မာပတိတဿော ဝသေန အာပတ္တိ အဓိပ္ပါယေန ပတနရူပံ ပမာဏန္တိ ဝုတ္တံ။ ။ (ဋီ)

ဤအကြောင်းကား၊အကြောင်းမဟုတ်။လိင်ပြန်သော်လည်း တရသောသန္တာန်ရှိသော၊အတ္တဘောအဖြစ်၏။ မကင်းနိုင်သည်၏ အဖြစ်ကြောင့်။ လူဖြစ်၍-ဖြစ်သော ပြန်သော လိင်ရှိသော်လည်း၊ အမိကိုလည်းကောင်း၊အဘကိုလည်းကောင်း။ဇီဝိတိန္ဒြေမှကျစေသောပုဂ္ဂိုလ်အား၊အာနန္တရိယကံဖြစ်၏ဟု မဟာအဋ္ဌကထာ၌ မိန့်ဆို၏။

အကြင်သဘောအားဖြင့်သတ္တဝါတို့သည် ဖြစ်ကုန်၏။ ထိုသဘောအားဖြင့်သာလျှင် စုတိပြတ်ကွေ၊ သေကြကုန်၏။ ထိုစုတိပြတ်ကွေ၊ သေသောသဘောသည်သာလျှင်။ထိုသတ္တဝါတို့၏ သဘောအထူးကိုယူ၍လည်းသဘောဖြစ်၏။ ထိုကြောင့် သေခြင်းသဘောသာလျှင်နှင်းယှဉ်ကြောင်းပမာဏဖြစ်၏။ ထိုကြောင့် ပါစိတ်အာပတ်ဟု ဆိုအပ်၏ နောက်ဖြစ်သော ဝါဒသာ နှင်းယှဉ်ကြောင်းပမာဏဖြစ်၏ဟု ဝိမတိ၌မိန့်၏၊

သေစေခြင်း၌မန္တာန်စုတ်ခြင်းသည်၊ဝိဇ္ဇာမယ ပယောဂမည်၏။ ထိုကြောင့် အဋ္ဌကထာ၌ မရဏာယ ဝိဇ္ဇာပရိဇပ္ပနံ ဝိဇ္ဇာမယော ပယောဂေါဟုဖွင့်ဆိုတော်မူ၏။

တံကြောင့်ရှင်၊ကံ၏အကျိုးကြောင့်ရှင်းဖြစ်သောတန်ခိုး၏ အကျိုးသည်၊ဣဒ္ဓိမယ ပယောဂမည်၏။သို့ကြောင့်အဋ္ဌကထာ၌ ကမ္မဝိပါကဇာယ ဣဒ္ဓိယာပယောဇနံ ဣဒ္ဓိမယော ပယောဂေါဟု ဖွင့်ဆိုတော်မူ၏။

ကံကြောင့်ရှင်း၊ကံ၏အကျိုးကြောင့်ရှင်း။ဖြစ်သောတန်ခိုးမည်သည် နာဂိဒ္ဓိ နဂါးတို့၏တန်ခိုး၊သုပဏ္ဏိဒ္ဓိ ဂဠုန်တို့၏တန်ခိုး ယက္ခိဒ္ဓိ ဘီလူးတို့၏တန်ခိုး။ဒေဝိဒ္ဓိ နတ်တို့၏တန်ခိုး။ရာဇိဒ္ဓိ မင်းတို့၏တန်ခိုးအားဖြင့် များသောအပြားရှိ၏၊

ကမ္မဝိပါကဇိဒ္ဓိ စနာမေသာ နာဂါနံ နာဂိဒ္ဓိ၊ သုပဏ္ဏာနံ သုပဏ္ဏိဒ္ဓိ၊ ယက္ခာနံ ယက္ခိဒ္ဓိ၊ ဒေဝါနံ ဒေဝိဒ္ဓိ၊ ရာဇူနံ ရာဇိဒ္ဓီတိ ဗဟုဝိဓာ။ ။ (ကင်္ခါ-ဋ္ဌ)

သဗ္ဗဟာရကံ၊ဟူသောပုဒ်၌။ သဗ္ဗဟာရက ဟု နှစ်ပုဒ်ခွဲ။ ။သဗ္ဗ ပုဒ်၌ "သသတိ ဟိံသတီတိ သဗ္ဗံ" ဟုပြု။ တနည်း။ "သသန္တိ ဟိံသန္တိ တေနာတိ သဗ္ဗံ" ဟုပြု၍၊ ညှဉ်းဆဲတတ်-ညှဉ်းဆဲကြောင်း ဖြစ်သောသန်လျက်။ သံ၊ ခက်ရင်း၊ သောက်ပုတ်၊ ကျောက်၊ ဓားလက်နက် အဆိပ်၊ ကြိုးတို့ကိုယူ။

သဗ္ဗဟာရကံဝါဿ ပရိယေသေယျာတိ အသိံ ဝါ သတ္တိံ ဝါ ဘေဏ္ဍိံ ဝါ လဂုဠံ ဝါ ပါသာဏံ ဝါ သတ္ထံ ဝါ ဝိသံ ဝါ ရဇ္ဇုံ ဝါ။ ။ (ပ)

ဟာရကပုဒ်၌ "ဟရတီတိ ဟာရကံ" ဟု ပြု၍ အသက်ကို ဆောင် တတ်သောသန်လျက်စသော ဓားလက်နက်ကိုယူ။ ဝါ။ တနည်းကား။ "ဟရိတဗ္ဗံ ဥပနိက္ခိပိတဗ္ဗန္တိ ဟာရံ။ ဟာရမေဝ ဟာရကံ" ဟု ပြု၍ အနီး၌ဆောင်ထားအပ်သော သန်လျက်စသော ဓားလက်နက်ကိုယူ။

"သဗ္ဗဉ္စတံ ဟာရကဉ္စာတိ သဗ္ဗဟာရကံ" ဟု ပြု၍၊ အသက်ကို ဆောင်တတ်သော ဓားလက်နက်အနီး၌ ဆောင်ထားအပ်သော ဓား လက်နက်နှစ်မျိုးကိုယူ။ ဟာရကသဗ္ဗဟု ဆိုလိုလျက်။ သဗ္ဗဟာရက ဟု၊ ဝိသေသန ပရနိပါတ ကမ္မဓာရည်း၏အစွမ်းဖြင့်။ သဗ္ဗဟာရက ဟုဆိုတော်မူသည်၊

ဟာရကသဗ္ဗန္တိ စ ဝတ္တဗ္ဗေ သဗ္ဗဟာရကန္တိ ဝိသေသနဿ ပရနိပါတံ ကတွာ ဝုတ္တံ။ ။ (သာ)

ဝါသဒ္ဒါသည်၊ ဝိကပ်အနက်ရှိ၏။ အဿ၊ သဒ္ဒါဖြင့်။ လူဇာတ်ဖြစ် သောသူ၏ကိုယ်ကိုစွဲ ပါ။ ထို့ကြောင့်အဋ္ဌကထာ၌၊ အဿာတိ မနုဿ ဝိဂ္ဂဟဿ ဟုဖွင့်ဆိုတော်မူ၏။

ပရိယေသေယျပုဒ်၌၊ အကြင်သို့သောအခြင်းအရာအားဖြင့်ပြုသည် ရှိသော်ရ၏။ ထိုသို့သော အခြင်းအရာအားဖြင့် ပြုသည်ဟုဆိုလိုသည်။ ရှာမှီးကာမျှဟူသော အနက်ကိုမယူဘဲ၊ အနီး၌အနီးသို့ ဆောင်ထား သည့်ဟူသော အထွင်အထိပ်သို့ရောက်သောအနက်ကို မှတ်ယူရာ၏။

ပရိယေသေယျာတိ ယထာလဘတိ၊ တထာ ကရေယျ ဥပနိက္ခိပေယျာတိ အတ္ထော။ ။ (ကင်္ခါ–ဋ္ဌ)

ယထာလဘတိ တထာကရေယျာတိ အဓိပ္ပါယတ္ထမာဟ၊ ဥပနိက္ခိပေယျာတိ ပရိယေသေယျာတိ ဣမဿသိခါ ပတ္တမတ္တံ ဒဿေတိ။ ။ (သာ)

ပရိယေသေယျ ပါဌ်ဖြင့် ထာဝရပ္ပယောဂကို ပြတော်မူ၏။ ။ ထို့ကြောင့် အဋ္ဌကထာ၌။ ဧတေန ထာဝရပ္ပယောဂံ ဒဿေတိ ဟု ဖွင့်ပြ၏။

ထာဝရပယောဂကိုပြသည့်မှတပါး၊ပါဠ်ရှိတိုင်း ရှာမှီးကာမျှ ဟူသောအနက်ကိုယူသည့်ရှိသော်၊ ရှာမှီး၍ခါးလက်နက် စသည်တို့ကို ရကာမျှဖြင့်။ ပါရာဇိကကျ၏ ဟူသောအဓိပ္ပါယ်သည်။ ရောက်ရာ၏။ ဤသို့ရကာမျှဖြင့်ပါရာဇိကကျ၏ ဟူသော အနက်သဘောသည် သင့်လည်းမသင့်ခဲ့။

ဣတရထာဟိ ပရိယိဋ္ဌမတ္တေနေဝ ပါရာဇိကော ဘဝေယျ၊ နစေတံ ယုတ္တံ။ ။ (ကင်္ခါ–ဋ္ဌ)

ဣတရထာတိ ပရိယေသေယျာတိ ပဒဿ ဂဝေသနမတ္တမေဝ ယထာရုတ ဝသေနအတ္ထော သိယာ၊ တဒါပရိယိဋ္ဌမတ္တေန ပရိယေသိတွာ သတ္ထာဒိနံ့လဒ္ဓမတ္တေနာတိအတ္ထော။ ။ (ဝိ)

သတ္ထဟာရကံဝါဿပရိယေသေယျ ဟူသော ဤစကားကိုလည်း အနီး၌ ထားအပ်သောသက်နက်ဖြင့် သေစေခြင်းကိုသာလျှင် ရည်၍ မိန့်ဆိုတော်မူ၏။

ဣဒဉ္စသတ္ထဟာရကံဝါဿ ပရိယေသေယျာတိ ဥပနိက္ခိတ္တသတ္ထေန မရဏာပနမေဝ သန္ဓာယဝုတ္တံ၊နဥပနိက္ခိပနမတ္တံ။ ။ (အနု)

ပရိယာယ်ဖြစ်သောစကားဖြင့်လည်းတတိယပါရာဇိကမှမလွတ် နိုင်သော အဖြစ်ကိုလည်းကောင်း အာဏတ္တိက ပယောဂကိုလည်း ကောင်း။ ပြခြင်းငှာ မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ၊ ဤသို့အစရှိသော အနုပညတ်စကားကို ဟောကြားတော် မူသည်။ မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ၊ဟူသောပါဠ်၌၊သင့်အားယုတ်မာစွာ ဆင်းရဲပင်ပန်းသော ဤအသက်မွေးရခြင်းဖြင့် အဘယ်အကျိုးရှိမည်လဲ။ မင့်မှာမြတ်လှစွာ

သော ဘောဇဉ်တို့ကိုလည်းသုံးဆောင်စားသောက်ခြင်းငှာမရခဲ့၊ ဤသို့ စသည်ဖြင့် အသက်ရှင်ခြင်း၌အပြစ်ကိုပြသောသူသည်လည်းကောင်း၊ အိုဒါယက ဘာ သင့်မှာ ပြဘူးသော ကုသိုလ်ကောင်းမှုရှိခဲ့၏ သင်သည် မကောင်းမှု အကုသိုလ်ကို မပြုခဲ့၊ သင့်အား အသက်ရှင်ရသောထက် သေရခြင်းကသာမြတ်ပါ၏၊ သင်သည်ဤဘဝမှ ဘဝတပါးသို့ ပြောင်း သွားသည်ရှိသော် နတ်သို့အပေါင်း ခြံရံလျက် နန္ဒဝန်ဥယျာဉ်၌ ချမ်း သာခြင်းသို့ ရောက်သည်ဖြစ်၍ လှည့်လည် သွားလာရလတ္တံ့. နေထိုင် ရလတ္တံ့၊ ဤသို့စသည်ဖြင့် သေခြင်း၌ ဂုဏ်ကျေးဇူးကို ပြောဟောသော သူသည်လည်းကောင်း သေခြင်း၏ ဂုဏ်ကျေးဇူးကို သာသျှင် ချီးမွမ်း သည်မည်၏။ ထို့ကြောင့် နှစ်ပြာခွဲခြား၍ ဓိဝိတေ အာဒိနဝံ ဒဿေတိ၊ မရဏေဝဏ္ဏံ ဘဏတိ။ ဟု ပဒဘာဇနီကိုဟောတော်မူ၏။

မရဏာဝဏ္ဏံ ဝါ သံဝဏ္ဏေယျ ပါဌ်ဖြင့် ပရိယာယ် စကားကို ပြ တော်မူ၏။

ပရိယာယေနစ အာဏတ္တိ၊ တတိယေ ဒုတိယေပန၊
အာဏတ္တိယေဝ သေသေသု ဥဘယမေတံ နလဗ္ဘတိ၊ ။ (ခုဒ္ဒသိက္ခာ)

တတိယေ၊ တတိယမနုဿဝိဂ္ဂဟပါရာဇိကာ၌။ ပရိယာယောစ၊ ပရိ ယာယ်ကိုလည်းကောင်း။ အာဏတ္တိစ၊ စေခိုင်းခြင်းအာဏတ္တိကိုလည်း ကောင်း။ လဗ္ဘတိ၊ ရအပ်၏။ ဒုတိယေပန၊ ဒုတိယပါရာဇိကာ၌ကား။ အာ ဏတ္တိယေဝ၊ စေခိုင်းခြင်းအာဏတ္တိကိုသာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ပရိ ယာယော၊ ပရိယာယ်ကို။ နလဗ္ဘတိ၊ မရအပ်။ သေသေသု၊ ကြွင်းသော ပဌမစတုတ္ထပါရာဇိကတို့၌၊ ဧတံဥဘယံ၊ ဤပရိယာယ် အာဏတ္တိနှစ်ခုအ ပေါင်းကို။ နလဗ္ဘတိ၊ မရအပ်။

**ဆောင်။ ။တတိယမှာ၊ ပရိယာနှင့်၊ ရရာအာဏတ်၊ နှစ်ပါးမှတ်၊**
**ကျမ်းမြတ်ဤသို့လာသတည်း။**
**ဒုတိယမှာ၊ ရရာအာဏတ်၊ ကြွင်းမှာမရှိ၊ အာဏတ္တိနှင့်၊**
**သိဘိပရိ၊ မှတ်တုံဘိ၊ မြတ်၏သောတုသာ။**

မရဏာယဝါ သမာဒပေယျပါဌ်၌ ထားလက်နက်ကိုလည်းဆောင်

ခဲ့လော့၊ အဆိပ်ကိုလည်း ခဲစားလော့၊ ဖွဲကြိုးချ၍လည်း သေလော့ ဟု သေခြင်း၏ အကျိုး၌ါ အကြောင်းကို ယူစေသည် ဟု ဆိုလိုသည်။

မရဏာယဝါ သမာဒပေယျာတိ သတ္ထံ ဝါ အာဟရ၊ ဝိသံဝါ ခါဒ၊ ရဇ္ဇုယာဝါ ဥဗ္ဗန္ဓိတွာ ကာလင်္ကရောဟီတိ။ ။ (ပ)

မရဏာယဝါ သမာဒပေယျာတိ မရဏတ္ထာယဥပါယံ ဂါဟာပေယျ။ ။ (ကင်္ခါ–၄)

မရဏာယဝါ သမာဒပေယျ ပါဠိဖြင့် အာဏတ္တိက ပယောဂကို ပြတော်မူ၏။

အဇ္ဈာပုရိသ ဟံ့ တုသ္မိနာပါပကေန ဒုဋ္ဌိတေန ပါဠိဖြင့် ပရိယာယ်စကားဟုဆိုအပ်သော ချီးမွမ်းပုံအခြင်းအရာကို ပြတော်မူလေသည်။ ထိုပါဠိအပေါင်းတို့တွင် အဇ္ဈာပုရိသဟူသော အာလုပ်ကို အဋ္ဌုပ္ပတ္တိပဌာန နည်းတို့၏ အစွမ်းဖြင့် ဆိုတော်မူ၏။ ကိံ သဒ္ဒါသည်။ နိန္ဒာ၊ကဲ့ရဲ့ခြင်း။ နိယမ၊အမြဲမှတ်ခြင်း။ ပုစ္ဆာ၊မေးခြင်း။သမ္ပဋိစ္ဆန၊ဝန်ခံခြင်းစသောအနက်တို့တွင်။နိပ္ဖလ၊အကျိုးမပြီးအချီးနှီးဟူသော အနက်ကိုဟော၏။

ကြွယ်ဝသောသူတို့၏အသက်ရှင်ခြင်းကိုထောက်၍။ဆင်းရဲသောသူတို့၏အသက်ရှင်ခြင်းကိုငင်း၊ ဥဋ္ဌာရှိသောသူတို့၏ အသက်ရှင်ခြင်းကိုထောက်၍ ဥဋ္ဌာမရှိသောသူတို့၏ အသက်ရှင်ခြင်းကို လည်းကောင်း၊ နတ်တို့၏ အသက်ရှင်ခြင်းကိုထောက်၍ လူတို့၏ အသက်ရှင်ခြင်းကို လည်းကောင်း၊ပါပကဇီဝိတ ယုတ်မာသော အသက်ရှင်ခြင်းဟုဟောတော်မူ၏။

ပါပကံနာမ ဇီဝိတံ အဍ္ဍါနံ ဇီဝိတံ ဥပါဒါယ ဒလိဒ္ဒါနံ ဇီဝိတံပါပကံ လာမကံ၊သဓနာနံ ဇီဝိတံ ဥပါဒါယ အဓနာနံ ဇီဝိတံပါပကံ၊ ဒေဝါနံဇီဝိတံ ဥပါဒါယ မနုဿာနံ ဇီဝိတံ ပါပကံ။ ။ (ပ)

ပြတ်သောလက်,ခြေ,နား,နှာခေါင်း,ရှိသောလူတို့၏ အသက်ရှင်ခြင်းကို ဒုဋ္ဌိတ ဆင်းရဲ ပင်ပန်း မကောင်းသောအသက်ရှင်ခြင်းဟု ဟောတော်မူ၏။

ဒုဋ္ဌုလ္လဝါစာတံနာမ ဟတ္ထသိန္နိဿယ ပါဒသိန္နိဿယ ဟတ္ထပါဒသိန္နိဿယ ကဏ္ဍသိန္နိဿယ နာသသိန္နိဿယ ကဏ္ဍနာသသိန္နိဿယ၊ ။ (ပ)

ပါပကနှင့်ဗိဝိတကိုလည်း ဆိုပြီးသည့်အတိုင်း ခွဲ၍မှတ်။ ထို့ကြောင့် ပဒဘာဇနီ၌ ........ ဠာမိနာဝစ ပါပကေန ဠာမိနာဝစ ဒုဋ္ဌုလ္လဝါစာတေန။ ဟုဟော တော်မူ၏။

ဆောင်။ ။ဆင်းရဲသက်ရှင်၊ ယုတ်မာပင်၊ မှတ်လျှင် ဥပါဒါပညတ်။
လက်ခြေပြတ်ကာ၊ သက်ရှင်ပါ၊ မှတ်ရာ ဒုဋ္ဌုလ္လဝါစာတည်း။
ဆင်းရဲပါပ၊ လက်ကျိုးက၊ မှတ်ပဒုဋ္ဌုလ္လဝါစာတည်း။

သေခြင်း၌ဂုဏ်ကျေးဇူးကိုပြတော်မူခြင်း၌ မတဉ္စေဗိဝိတာသေ ယျော ဟူသော ပါဠိတော်ကို ဟောတော်မူသည်။ မတံ၌ " မရဏံ မတံ''ဟုပြု၍ ပဋ္ဌပ္ပန်တဝမှ ရွေ့လျော့ခြင်းကိုယူ။ ကမ္မဇရုပ် စုတိစိတ်တို့၏ချုပ်ခြင်းကိုရွေ့လျော့ခြင်းဟု ကောက်ယူရသည်။

ဠာတိစိတ္တမနော၌ ......၊

ဠာတိဟေတု ပကာရေသု၊ အာဒိမှိစာဝဓာရဏော၊
နိဒဿနေ ပဒတ္ထသာ၊ ဝိပလ္လာသေ သမာပနေ။

ဟူသောအဘိဓာန်ဂါထာနှင့်အညီ။ ဠာတိသဒ္ဒါသည် ဟောအပ်သော ဟေတု၊အကြောင်းအနက်။ ပကာရ၊အတူအနက်။ အာဒိ၊အစအနက်။ အဝဓာရဏ၊ဖြတ်၍ဆောင်ခြင်းအနက်။ ပုဒ်နက်ကိုညွှန်ပြသော ပဒတ္ထ နိဒဿနအနက်။ဝိပလ္လာသ၊ဖေါက်ပြန်သောအနက်။ ပရိသမာပန၊ ပြီး ဆုံးသော အနက်တို့တွင် မတဉ္စေဗိဝိတာသေယျော ပုဒ်၌ မတသဒ္ဒါ သည် ဟောအပ်သောသေခြင်းတရားကိုညွှန်ပြခြင်းအနက်ရှိ၏။

ဠာတိစိတ္တမနောတိ ဠာတိစိတ္တော ဠာတိမနော မတဉ္စေဗိဝိတာသေယျောတိ ဧတ္ထ ဝုတ္တမရဏစိတ္တော မရဏ မနောတိ အတ္ထော။ ။ (ကင်္ခါ-၄)

စိတ္တမနသဒ္ဒါတို့သည် အနက်အားဖြင့်မပြား။ထို့ကြောင့် ပဒဘာဇ နီ၌။ ။ဠာတိစိတ္တမနောတိ ယံစိတ္တံတံမနော ယံမနောတံစိတ္တံ။ ဟုဟော တော်မူ၏။

ဝိညာဏေစိတ္တကမ္မေစ၊ ဝိစိတ္တေစိတ္တမုစ္စတေ။ ဟူသော အဘိဓာန် နှင့်အညီ။နပုလ္လိင် စိတ္တသဒ္ဒါသည် ဟောအပ်သော စိတ်ဝိညာဏ်ပန်းချီ

အမှု ဆန်းကျယ်ခြင်းအနက်တို့တွင် ဤအရာ၌ စိတ်ဝိညာဏ်ကိုဟော၏ဟုသိစေရန်အကျိုးငှာ မနသဒ္ဒါကို ဟောတော်မူ၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။မနောစိတ္တသဒ္ဒသ အတ္ထုဒ္ဒိပနတ္ထံဝုတ္တော။ ဟု ဖွင့်ဆိုတော်မူ၏။ စိတ္တသဒ္ဒါ၏ ဝိစိတ္တစသော များသော အနက်လျှင် အရာရှိသည့်၏ အဖြစ်ကြောင့် တပါးသောအနက်တို့မှနှစ်စေ၍ ဝိညာဏ် အနက်ကိုမှတ်ရန်အကျိုးငှာ မနသဒ္ဒါကိုဟောတော်မူအပ်၏။

ဇိတ္တသ အတ္ထုဒ္ဒိပနတ္ထံဝုတ္တောတိ စိတ္တသဒ္ဒသ ဝိစိတ္တာဒိ အနေကတ္ထ ဝိသယတ္တာ ဉာတရေဟိနိဝတ္တေတွာ ဝိညာဏတ္ထ နိယမေတုံ ဝုတ္တော။ ။(ဝိ)

စိတ္တသင်္ကပ္ပေါပုဒ်သို့ ဉာတိသဒ္ဒါကိုလိုက်စေသည့်၏အစွမ်းဖြင့်ဆောင်ရမည်။ ထို့ကြောင့်ပဒဘာဇနီ၌။ ။စိတ္တသင်္ကပ္ပေါတိ မရဏသညီ မရဏစေတနော မရဏာဓိပ္ပါယော၊ ဟု ဟောတော်မူ၏။ အဋ္ဌကထာ၌လည်း။ စိတ္တသင်္ကပ္ပေါတိ ဣမသ္မိံပဒေ အဓိကာရဝသေန ဉာတိသဒ္ဒေါ အာဟရိတဗ္ဗော။ ဟုဖွင့်ဆို၏။

စိတ္တသင်္ကပ္ပေါပုဒ်တွင် စိတ္တသည် ဝိစိတ္တ,နာနာပ္ပကာရ,အထူးထူး. အပြားပြားဟူသောအနက်ကိုဟော၏။ သင်္ကပ္ပသဒ္ဒါသည် သညာ,စေတနာ,အဓိပ္ပါယတို့၏အစွမ်းဖြင့်သုံးပါးအပြားရှိသောအနက်ကိုဟော၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။စိတ္တောနာနာပ္ပကာရကော သင်္ကပ္ပေါ အဿာတိ စိတ္တသင်္ကပ္ပေါ။ဟု ဝိဂ္ဂြိုဟ်မိန့်ဆိုတော်မူ၏။ စိတ္တသင်္ကပ္ပေါ ဟူသောပုဒ်တွင် သင်္ကပ္ပ သဒ္ဒါသည် ဝိတက်၏ အမည်မဟုတ်၊ စီရင်ခြင်းမျှ၏သာအမည်တည်း။

စီရင်ခြင်းသည် ဤအရာဝယ် သညာ စေတနာ အဓိပ္ပါယ်တို့ဖြင့် ပေါင်း၍ရေတွက်အပ်သောအဖြစ်သို့ရောက်၏။

ယသ္မာစေတ္ထ သင်္ကပ္ပေါတိ ဉာဒိ နဝိတက္ကဿနာမံ၊အထခေါ သံဝိဒဟနမတ္တဿေတံ အဓိဝစနံ၊ တဉ္စသံဝိဒဟနံ ဣမသ္မိံ အတ္ထေ သညာ စေတနာ ဓိပ္ပါယေဟိ သင်္ဂဟံ ဂစ္ဆတိ၊တသ္မာစိတ္တော နာနာပ္ပကာရ ကော သင်္ကပ္ပေါ အဿာတိ စိတ္တသင်္ကပ္ပေါတိ ဧဝ မတ္ထောဒဋ္ဌဗ္ဗော။ ။(ကင်္ခာ-၄)

. ဤအရာဝယ်ဝိတက်ကိုအဓိပ္ပါယဟုမှတ်ယူရမည်၊ထို့ကြောင့် အဋ္ဌကထာ၌၊ ဧတ္ထစ အဓိပ္ပါယောတိ ဝိတက္ကော ဝေဒိတဗ္ဗော။ ဟုဖွင့်ဆိုတော်မူ၏။

သက်သက်ဝိတက်၏သာ အမည်မဟုတ်ဟု ပြရန်အကျိုးငှာ။ ။ နန္ဒနံဝိတက္ကသဿနာသံ။ ဟူသောဤစကားကိုမိန့်ဆိုတော်မူ၏။

နန္ဒနံဝိတက္ကဿ နာမန္တိ၊ နန္ဒနံ နကေဝလံ ဝိတက္ကဿေဝနာမန္တိ ဒဿေတုံ ဝုတ္တံ။ ။(သာ)

အနေကာပရိယာယေနပုဒ်တွင်။ အနေကသဒ္ဒါသည် နာနပ္ပကာရ ကတ္တ၊အထူးထူးအပြားပြားဟူသော အနက်ကိုဟော၏။ ပရိယာယ သဒ္ဒါသည်၊အကြောင်းဟူသောအနက်ကိုဟော၏။

အနေက ပရိယာယေနာတိ ဥစ္စာဝစေဟိ အာကာရေဟိ။ ။ (ပ)
ဥစ္စာဝစေဟိ အာကာရေဟီတိမဟန္တာ မဟန္တေဟိ ဥပါယေဟိ။ ။(ကင်္ခါ—ဋီ)

သေခြင်း၏ဂုဏ်ကျေးဇူးကိုချီးမွမ်းရာဝယ်အသက်ရှိခြင်း၌ အပြစ်ကိုပြသည့်၏အစွမ်းဖြင့် ယုတ်သောအကြောင်းရှိသောအဖြစ်ကို မှတ်ယူရာသည်။သေခြင်း၌ဂုဏ်ကျေးဇူးကိုချီးမွမ်းသည့်၏အစွမ်းဖြင့်မြတ်သောအကြောင်းရှိသောအဖြစ်ကိုမှတ်ယူရာသည်။

တတ္ထ မရဏ သံဝဏ္ဏနေတာဝဇီဝိတေ အာဒီနဝဒဿနဝသေန အဝစာကာရတာ မရဏဝဏ္ဏ ဘဏနဝသေန ဥစ္စာကာရတာဝေဒိတဗ္ဗာ။(ကင်္ခါ-ဋီ)

သေခြင်း၏အကျိုးငှာ၊ သောက်တည်ရာဝယ်၊ လက်သီးဆုတ်ဖြင့်ပုတ်ခတ်ခြင်း၊ပုဆစ်ဒူးဖြင့်ပုတ်ခတ်ခြင်းစသည်တို့ဖြင့် သေခြင်း၌ဆောင်တည်စေခြင်း၏အစွမ်းဖြင့် မျှားမြတ်သော အကြောင်းရှိသော အဖြစ်ကိုမှတ်ယူရာသည်။တပေါင်းဘည်း သုံးဆောင်စားသောက်သောသူ၏လက်သီး၌အဆိပ်ကိုထည့်၍ သေခြင်းစသည်ကို ဆောက်တည်စေခြင်း၏အစွမ်းဖြင့်နည်းယုတ်သော အကြောင်းရှိသော အဖြစ်ကိုမှတ်ယူရာသည်ဟုအဋ္ဌကထာ၌မိန့်၏။

ပါကဋ္ဌတ္တာသြဠာရိကတ္တာစ ဥစ္စာကာရတာဝေဒိတဗ္ဗာ။ အပါကဋ္ဌတ္တာအနောဠာရိ ကတ္တာစ အဝစာကာရတာ။ ။(သာ)

**ဆောင်။ ။လက်သီးဆုတ်ဖြင့်၊ပုတ်ခတ်လင့်၍၊အသင့်သေလေဆောက်တည်စေ၊မှတ်လေဥစ္စာကာရတည်း။**

**တပေါင်းတည်းစား၊ လက်သည်းကြားတွင်၊ ဆိပ်ထား သေစေ၊ ဆောက်တည်ပေ၊ မှတ်လေ အဝစာကာရ။**

အာပတ္တိမှတပါး၊ အနာပတ္တိကိုရေးဦးအံ့။ အနာပတ္တိအသဉ္စိစ္စပါဌ်ဖြင့်၊ဤသုံ့လဖြင့် ဤသူကိုသေစေအံ့ဟု မစေ့ဆော်အားမထုတ်မူ၍ပြု အပ်သောသုံ့လဖြင့်၊ တပါးသူသေသော်လည်း၊ အာပတ်မသင့်ဟု ပြတော်မူ၏။

> တတ္ထအသဉ္စိစ္စာတိ ဣမိနာ ဥပက္ကမေန ဣမံမာရေမီတိ အစေတေတွာ ဝေဒ္ဓ အစေတေတွာကတေန ဥပက္ကမေန ပရေ မတေပိ အနာပတ္တိ၊ ဝဏ္ဏတိစ အနာပတ္တိ ဘိက္ခု အသဉ္စိစ္စာတိ၊ (ကင်္ခါ-၄)

အသဉ္စိစ္စဟူသော ဤစကားကိုသေခြင်းကိုဖြစ်စေ တတ်သောသုံ့လကို၊မမှတ်နိုင်သည်ကိုရည်၍ ဟောတော်မူသည်။ထိုကြောင့်ဣမိနာ ဥပက္ကမေန၊ဤသို့စသောစကားကို မိန့်တော်မူသည်။

> အသဉ္စိစ္စာတိ ဣဒံမရဏသံဝတ္တ နိက ဥပက္ကမဿ အသလ္လက္ခဏံ သန္ဓာယ ဝုတ္တန္တိ၊အာဟ ဣမိနာ ဥပက္ကမေ နာတိအာဒိ။ ။(ဋီ)

ဤသုံ့လဖြင့်ဤသူသည်၊ သေလတ္တံ့ဟု၊မသိသောရဟန်း၏သုံ့လ ဖြင့်၊ တပါးသူသည်သေသော်လည်းအာပတ်မသင့်။ ထို့ကြောင့်အဋ္ဌ ကထာ၌၊ အဇာနန္တဿာတိ ဣမိနာအယံ မရိဿတီတိ အဇာနန္တဿ ဥပက္ကမေန ပရေမတေပိ အနာပတ္တိ၊ ဝဏ္ဏတိစ ဝိသဂတ ပိဏ္ဍပါတ ဝတ္ထုသ္မိံ အနာပတ္တိ ဘိက္ခု၊ အဇာနန္တဿာတိ ဟု ဖွင့်ဆိုတော် မူ၏။

သေခြင်းကိုဖြစ်စေတတ်သောအဆိပ်အစရှိသောသုံ့လကို ပြုခြင်း ကို၊မသိသည်ကိုရည်ရွယ်၍။အဇာနန္တဿဟူသော ဤစကားကိုဟော တော်မူသည်။ထို့ကြောင့်ဣမိနာအယံ မရိဿတိ၊ ဤသို့စသောစကား ကိုဖွင့်ဆိုတော်မူ၏။

> အဇာနန္တဿာတိ ဣဒံပန မရဏံ သံဝတ္တနိကဝိသာဒိ ဥပက္ကမ ကရဏဿ အဇာနနံ သန္ဓာယ ဝုတ္တန္တိ အာဟ ဣမိနာ အယံမရိဿတီတိအာဒိ၊ ။(ဋီ)

နမရဏာဓိပ္ပါယဿ ဟူသောပါဌ်ဖြင့်သေခြင်းကို အလိုမရှိသော ရဟန်းအား၊အာပတ်မသင့်သည်ကိုပြတော်မူသည်။

> နမရဏာဓိပ္ပါယဿာတိ မရဏံအနိစ္ဆန္တဿ ယေနဟိ ဥပက္ကမေန ပရော မရတိ တေနဥပက္ကမေန ပရသ္မိံ မာရိတေပိ၊နမရဏာဓိပ္ပါယဿ အနာပတ္တိ ဝဏ္ဏတိစ အနာပတ္တိ ဘိက္ခု၊နမရဏာဓိပ္ပါယဿာတိ။ ။(ကင်္ခါ-၄)

လုံ့လသည်ဆင်းရဲကိုဖြစ်စေတတ်၏ဟု သိသော်လည်း။ သေစေလိုခြင်း၏မရှိသည်ကိုရည်ရွယ်၍နမရဏာဓိပ္ပါယဿ ဟူသော ဤစကားကိုဟောတော်မူသည်။ ထို့ကြောင့် မရဏံအနိစ္ဆန္တဿ၊ ဤသို့အစရှိသောစကားကိုဖွင့်ဆိုတော်မူ၏။

နမရဏာဓိပ္ပါယဿာတိ ရုဒ္ဒိဒုက္ခုပ္ပါဒကံ ဥပက္ကမန္တိ ဇာနန္တဿာပိ မရဏာဓိပ္ပါယဿ အဘာဝံသန္ဒဿာယဝုတ္တန္တိ အာဟမရဏံ အနိစ္ဆန္တဿာတိ အာဒိ။ (ဋီ)။

အလုံးစုံသောအရသာတို့ဖြင့်စီရင်အပ်သောတရသောဆေးသည် လောဏသောဝီရကဆေးမည်၏။ လောဏသောဝီရက ဆေးကို ဖော်စပ်၍၊ပြုလုပ်သောသူတို့သည်။ဖန်းခါးသီး၊ရှစ်ရှားသီး၊ သစ်ဆိမ့်သီး- ဟူသောဖန်သောအရသာရှိသောအသီး သုံးပါးတို့ကိုလည်းကောင်း။ အလုံးစုံသောစပါးမျိုးတို့ကိုလည်းကောင်း။အလုံးစုံသော ပဲမျိုးတို့ကိုလည်းကောင်း။ခုနစ်ပါးသောစပါးမျိုးတို့၏ ထမင်းကိုလည်းကောင်း။ ငှက်ပျောသီးအစရှိသော ခပ်သိမ်းသော အသီးတို့ကိုလည်းကောင်း။ ကြိမ်ညွှောက်၊ဆင်သွားညွှောက်၊ သင်ပေါင်းညွှောက်၊ အစရှိသော ခပ်သိမ်းသောအညွှောက်တို့ကိုလည်းကောင်း။ ငါးတုံး အမဲတုံးတို့ကိုလည်းကောင်း။များစွာကုန်သောပျားတင်လဲ သိန္ဓောဆား အစပ်သုံးပါးအစရှိသောဆေးတို့ကိုလည်းကောင်းထည့်၍။ အိုးဝကိုသိမ်းကျပ်ဘိ်ဆို့၍တနှစ် နှစ်နှစ် သုံးနှစ်တို့ပတ်လုံးထား၍စီရင်ကြကုန်သည်။ ဤလောဏသောဝီရကဆေးသည်၊ အဆင်းအားဖြင့် သပြေသီးရည်၏ အဆင်းကဲ့သို့သော အဆင်းရှိ၏။ ထို့ကြောင့်အဋ္ဌကထာ၌ တံပရိပက္ကံဟုတွာ ဇမ္ဗုရသဝဏ္ဏံ ဟောတိ။ ဟု ဖွင့်ဆိုတော်မူ၏။ အကျိုးအားဖြင့်ကား၊လေနာ၊ ချောင်းဆိုးနာ၊နူနာ၊ ပျော့တော့သော အဆင်းရှိသောသမင်ရက်နာ၊ မြင်းသရိုက်နာ အစရှိသည်တို့၏လည်းကောင်း။ မြတ်သော အပျော်ဖြစ်သော အစာကို ကြေစေတတ်သော ဆေးဖြစ်၏။ လောဏသောဝီရကမည်သောဆေးနှင့်တူသော ဆေးမည်သည် မရှိ။

ဝါတကာသကုဋပဏ္ဏ၊ဘဂန္ဓရာဒိနံ သိနိဒ္ဓ ဘောဇနံ ဘုတ္တာနန္တ ဥဏ္ဍရပါနံ ဘတ္တဇိရဏက ဘေသဇ္ဇံ တာဒိသံနတ္ထိ။ ။(ကင်္ခ—ဌ)

ထိုလောဏသောဝိရကဆေးသည် ရဟန်းတော်တို့အား ဆွမ်းစားရာ၌နောက်ကာလ၌လည်း သင့်လျော်သည်။ သူနာရဟန်းတို့အား ရေနှင့်ရောခြင်း တည်းဟူသော အထူးကိုမပြုဘဲ ပကတေ့သည်ပင်လျှင် သင့်လျော်သည်။ မနာသောရဟန်းတို့အား ရေနှင့်ရောခြင်း တည်းဟူသောအထူးကိုပြု၍အဖျော်၏သုံးဆောင်ခြင်းဖြင့်သာသင့်လျော်သည်။

တံပနေတံဘိက္ခူနံ ပန္တာဘတ္တမ္ပိ ဝဋ္ဋတိ၊ဂိလာနာနံ ပကတိကမေဝ၊အဂိလာနာနံပန ဥဒကသမ္ဘိန္နံ ပါနပရိဘောဂေနာတိ။ ။(ကင်္ခ—ဌ)

လောဏသောဝိရက ဆေးသည် ပါနပရိဘောဂေန ဟု ဆိုသောကြောင့် ယာမကာလိက ဖြစ်၏ဟု ကေစိဆရာတို့မိန့်ဆိုကြကုန်၏။

ဂိလာနာနံပကတိကမေဝ၊ အဂိလာနာနံ ပနဥဒကသမ္ဘိန္နံ။ ဟု ဆိုသောကြောင့် လောဏသောဝိရကဆေးသည် တင်လဲခဲကဲ့သို့သတ္တာဟကာလိက ဖြစ်၏ဟု ကေစိဆရာတို့ဆိုကုန်၏။

ဇေ့ံပနဝုတ္တတ္တာ လောဏသောဝိရကံ ယာမကာလိကန္တိ ကေစိဝဒန္တိ။ကေစိပနဂိလာနာနံ ပကတိကမေဝ၊ အဂိလာနာနံပနဥဒကသမ္ဘိန္နန္တိ ဝုတ္တတ္တာဂုဠံ ဝိယ သတ္တာဟကာလိကန္တိ။ ။ (ဝိ)

# တတိယပါရာဇိကပြီးပြီ။

---

## စတုတ္ထပါရာဇိကန္ဒအခါပ္ပါယ်သေဒကား။

စတုတ္ထပါရာဇိကကို ဝဂ္ဂုမုဒါ မြစ်ကမ်းနား၌ နေထိုင်ကြသော ရဟန်းတော်တို့၏ လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားတို့ ပြောကြားခြင်းတည်းဟူသော အကြောင်းကြောင့်ပညတ်တော်မူသည်။

ချစ်သားရဟန်းတို့၊လောကတွင် ငါးမျိုးသော ခိုးသူကြီးတို့သည် ထင်ရှားရှိကြကုန်၏ဟုမိန့်တော်မူသည်။

ပဋ္ဌမေဘိက္ခဝေ မဟာစောရာ သန္တော သံဝိဇ္ဇမာနာလောကသ္မိံ။ (ကဏ်-ပါ)

ခိုးသူကြီးငါးယောက်တို့ကိုအကျယ်မှတ်ဘို့ရန်မှာ။ချစ်သားရဟန်းတို့၊ဤလောက၌ အချို့သောခိုးသူကြီးအား ငါသည် အရာ,အထောင်သော ခိုးသူအပေါင်းတို့ခြံရံလျက် ရွာ,နိဂုံး,မင်းနေပြည်တို့၌ ပြည်သူပြည်သား လူအများတို့ကို သတ်၍ သတ်စေ၍လည်းကောင်း၊ လက်စသည်တို့ကိုဖြတ်၍ ဖြတ်တောက်စေ၍လည်းကောင်း၊ရွာ,နိဂုံး,မင်းနေပြည်တို့၌ မီးရှို့ မီးတိုက်စေ၍လည်းကောင်း၊ ဘယ်မည်သောအခါကာလ၌ လှည့်လည်ရပါအံ့နည်းဟူသော အကြံအစည် ဖြစ်လေသည်။ ထိုခိုးသူကြီးသည်တပါးသောအခါသမယဝယ်အရာ,အထောင်သော ခိုးသူအပေါင်း ခြံရံလျက် ရွာနိဂုံး,မင်းနေပြည်တို့၌ ပြည်သူပြည်သား လူအများတို့ကိုသတ်လျက် သတ်စေလျက် လက်ခြေစသောအင်္ဂါကြီးငယ်တို့ကိုဖြတ်လျက် ဖြတ်တောက်စေလျက် နှိပ်စက်လျက်နှိပ်စက်စေလျက် လှည့်လည်သွားလာသကဲ့သို့၊ထို့အတူ ဤသာသနာတော်ဝယ် အချို့ ယုတ်မာသော ရဟန်းအား ငါသည် အရာ, အထောင်သော ရဟန်းအပေါင်းတို့ခြံရံလျက် ရွာ,နိဂုံး,မင်းနေပြည်တို့၌ အရိုအသေအလေးအမြတ်ပြုအပ်သည့်ကို ခံ၍ မြတ်နိုးပူဇော် အရိုသေခံလျက် လူအများတို့၏လည်းကောင်း၊ ရဟန်းတို့၏လည်းကောင်း၊ သင်္ကန်း,ဆွမ်း,ကျောင်း,သူနာတို့၏အထောက်အပံ့ဖြစ်သော ဆေးတို့ကိုရသည်ဖြစ်၍ အဘယ်မည်သောအခါကာလ၌ လှည့်လည် သွားလာရပါအံ့နည်းဟူသောအကြံအစည်ဖြစ်လေသည်။ထိုယုတ်မာသောရဟန်းသည်တပါးသောအခါသမယ၌ အရာ,အထောင်သောရဟန်းအပေါင်းခြံရံလျက် ရွာနိဂုံးမင်းနေပြည်တို့၌ အရိုအသေအလေးအမြတ် အပူဇော်အပသကိုခံ၍ လူရဟန်းတို့၏ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ကို ရလျက် လှည့်လည်ကြွသွား အမြဲအားဖြင့်နေထိုင်လေသည်။ ဤရဟန်းကို အစရှာသောခိုးသူကြီးဟူ၍မိန့်တော်မူသည်။

အယံဘိက္ခဝေ ပဌမော မဟာစောရော သန္တော သံဝိဇ္ဇမာနော လောကသ္မိံ။ ၊ (ကဏ်-ပါ)

ဤအရာတွင် ပါပဘိက္ခုနော ဟူသောပုဒ်၌ အကြောင်းရင်းပြတ်ပြီးသော ပါရာဇိကသို့ရောက်ပြီးသော ရဟန်းကို တပါးသောအရာ၌ဘန

တို့၌ ပါပတိက္ခုဟု ဆိုတော်မူသည်။ ဤအရာ၌ ပါရာဇိကသို့ရောက်သော အလိုဆိုး၌တည်သော ချဒ္ဒါနှင့်ချဒ္ဒက သိက္ခာပုဒ်တို့ကို နှိပ်နယ်၍ လှည့်လည်သောရဟန်းကိုပါပတိက္ခုဟုအလိုရှိတော်မူ၏။

တတ္ထပါပဘိက္ခုနောတိ အညေသုဋ္ဌာနေသု မူလစ္ဆိန္နော ပါရာဇိကပ္ပတ္တော ပါပဘိက္ခုတိဝုစ္စတိ။ ဣဓပန ပါရာဇိကံ အနာပန္နော ဣစ္ဆာစာရေဌိတော ချဒ္ဒါနိ ချဒ္ဒကာနိ သိက္ခာပဒါနိ မဒ္ဒိတွာ ဝိစရန္တော ပါပဘိက္ခုတိ အဓိပ္ပေတော။ ။ (ကင်္ခါ-၌)

ဂေါစရဂါမ်ရွာ၀ယ် ဆွမ်းအလို့ငှာလှည့်လည်၍ရအပ်သောဆွမ်း မပြည့်ခဲ့သည်ရှိသော် ဤရဟန်းယုတ် ရဟန်းဆိုးကို တိုက်ခန်း၏အစပ် အိမ်၏အစပ်ကိုဖြတ်ခြင်း အစရှိသည့်တို့ကိုပြုသော ခိုးသူတို့ကဲ့သို့၊ တဦးနှစ်ဦးသော အမျိုးကို လှည့်ပတ် ဖျားယောင်းသည်တို့ကို မပြုမူ၍ များစွာသော လူတွေကို လှည့်ပတ်ဖျားယောင်းသည်ကိုပြု၍ ပစ္စည်း လေးပါးကို ယူတတ်သောကြောင့် "ပဌမ မဟာစောရ-ရှေးဦးစွာ ခိုးသူကြီး" ဟု မှတ်သားရာသည်။

အယံဘိက္ခုဝေ ပဌမော မဟာစောရောတိ အယံသန္ဓိစ္ဆေဒါဒိ စောရကာဝိယ နဧကံကုလံ နဒွေ၊ အထခေါ မဟာဇနံဝဉ္စေတွာ စတုပစ္စယဂ္ဂဟဏတော ပဌမော မဟာစောရောတိ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ-၌)

သုတ္တန်,အဘိဓမ္မာ,ဝိနည်း ကြွင်တည်းစွာ ဆောင်ယူသော ရဟန်းတော်တို့သည် ဆွမ်းမပြည့်စုံခဲ့သော် ပါဠိ, အဋ္ဌကထာ, အဖြာဖြာသောဋီကာတို့ကိုပို့ချလျက် အနုမောဒနာဖြင့် လည်းကောင်း၊ တရားစကားဖြင့်လည်းကောင်း၊ ဣရိယာပုထ်၏ပြည့်စုံခြင်းဖြင့် လည်းကောင်း၊ လူအပေါင်း တို့ကို ကြည်ညိုစေကုန် လျက် ပစ္စည်း လေးပါး တို့ကို ကောင်းစွာပြုပြင်၍ လှူရာဖြစ်ကုန်သည်ဖြစ်၍လည်းကောင်း၊ စိတ်ဖြင့် ချစ်မြတ်နိုးအပ်ကုန်သည်ဖြစ်၍လည်းကောင်း၊ လေးသည့်၏ အဖြစ်ကိုပြု၍ ရှိခိုးရာဖြစ်ကုန်သည် ဖြစ်၍လည်းကောင်း၊ ပူဇော်ရာဖြစ်ကုန်သည် ဖြစ်၍လည်းကောင်း၊လွန်စွာဝိုးသောအမှုအရာကို ပြုရာဖြစ်ကုန်သည် ဖြစ်၍လည်းကောင်း ရွာနိဂုံး ဇနပုဒ်မင်းနေပြည်တို့၌ ဒေသစာရီကြွချီတော်မူကြကုန်သည်၊ထိုသို့သဘောရှိသောရဟန်းတော်တို့ကိုသုတ်အဘိဓမ္မာ ဝိနည်းကိုဆောင်သောဆရာတို့၏အစဉ်အဆက်ကို စပ်ဆက်ပေးကုန်သောရဟန်းတော်တို့ကို သာသနာတော်ကိုတပြောင်ပြောင်

တဝင်းဝင်း ထွန်းလင်းတောက်ပစေသော ရဟန်းတော်တို့ဟူ၍ မှတ်ယူကုန်ရာသည်။

ယေပန သုတ္တန္တိကာဝါ အာဘိဓမ္မိကာဝါ ဝိနယဓရာဝါ ဘိက္ခူဘိက္ခာ စာရေ အသမ္ဘုဋ္ဌမာနေပါဠိံ ဝါစေန္တာ အဌကထံကထေန္တာ အနုမောဒနာယ ဓမ္မကထာယ ဇာရိယာပထသမ္ပတ္တိယာစ လောကံ ပသာဒေန္တာ ဇနပဒစာရိကံ စရန္တိ သက္ကတာ ဂရုကတာ မာနိတာပူဇိတာ အပစိတာ တေတန္တိပဝေဏိ ဃဋ္ဋနကာ သာသနဇောတကာတိ ဝေဒိတဗ္ဗာ။ ။ (ကင်္ခာ—၅)

ဤသာသနာတော်ဝယ် အချို့သော ယုတ်မာသော ရဟန်းသည် သဗ္ဗညုမြတ်စွာဘုရားဟောကြားတော်မူအပ်သော သုတ်,အဘိဓမ္မာ, ဝိနည်းကိုသင်ယူပြီးနောက် မိမိအားပူလောင်စေသောရဟန်းကို ဒုတိယမဟာစောရဟု မိန့်တော်မူ၏။

ပုနစပရံဘိက္ခဝေ ဣဓေကစ္စော ပါပဘိက္ခု တထာဂတပ္ပဝေဒိတံ ဓမ္မဝိနယံ ပရိယာပုဏိတ္ဝာ အတ္တနောဇာဟတိ။အယံဘိက္ခဝေ ဒုတိယော မဟာစောရော သန္တော သံဝိဇ္ဇမာနောလောကသ္မိံ ။ ။(ကင်္ခာ-ပါ)

ပညာမရှိသောတစုံတယောက်သောသူသည် ဘယ်မထေရ်ဘယ်ဆရာ အထံ၌သင်ယူပါသနည်းဟုမေးသည်ရှိသော်။ အဘယ်သူသည် ငါကဲ့သို့သတေါရှိသောပုဂ္ဂိုလ်တို့ကိုသင်ယူစေခြင်းငှါစွမ်းနိုင်ပါအံ့နည်းဟု ဆရာကိုမသ္ဂနှ်းမူ၍။ ကိုယ်တိုင်ထိုးထွင်း၍သိသကဲ့သို့ သယမ္ဘူဉာဏ်ဖြင့်သိသကဲ့သို့ပြု၍ သုတ် အဘိဓမ္မာ ဝိနည်းကိုပြောကြား၏။ ဤယုတ်မာသောအလိုရှိသော ရဟန်းကို မြတ်စွာဘုရားသည် ကမ္ဘာတသိန်း အလွန်ရှိသော လေးသင်္ချေတို့ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်၍ဆင်းရဲငြိုငြင်သဖြင့် ထိုးထွင်း၍သိအပ်သောတရားတော်ကို ခိုးယူသောကြောင့်၊ဒုတိယမဟာစောရဟုမိန့်တော်မူသည်။

ဤသာသနာတော်ဝယ်အချို့သော ယုတ်မာသော ရဟန်းသည်၊ ထက်ဝန်းကျင်မှ စင်ကြယ်စွာမြတ်သောအကျင့်ကို ကျင့်သော သန့်ရှင်းစင်ကြယ်သော ရဟန္တာပုဂ္ဂိုလ်ကို မြင်ခြင်း ကြားခြင်း ရွံရှာခြင်း အရင်းမရှိသော အဏ္ဍိမ ဝတ္ထု ပါရာဇိကဖြင့်စွပ်စွဲ၏။ ဤသို့သဘော ရှိသောရဟန်းကို ထင်ရှားရှိသောဂုဏ်ကို ဖျက်ဆီးသည်ဖြစ်၍၊အရှိ

ယာ တို့၏ဂုဏ်ကျေးဇူးကိုခိုးသောကြောင့်၊ တတိယ မဟာစောရဟု မိန့်တော်မူသည်။

ပုနစ ပရံ ဘိက္ခဝေ ဣဓေကစ္စော ပါပဘိက္ခု၊ သုဒ္ဓံ ဗြဟ္မစာရိံ ဗြဟ္မစရိယံ စရန္တံ အမူလကေန အဗြဟ္မစရိယေန အနုဒ္ဓံသေတိ၊ အယံ ဘိက္ခဝေ တတိယော မဟာစောရော သန္တော သံဝိဇ္ဇမာနော လောကသ္မိံ။ ၊(ကင်္ခါ–ပါ)

ဤပါဠိတော်ပါဠ်အပေါင်းတို့တွင် သုဒ္ဓံဗြဟ္မစာရိံ ဟူသောပါဠ်ဖြင့်ကုန်ပြီးသောအာသဝေါရှိသောရဟန္တာကိုယူ။ထို့ကြောင့် အဋ္ဌကထာ၌၊သုဒ္ဓံဗြဟ္မစာရိန္တိ ခီဏာသဝဘိက္ခုံ ဟု ဖွင့်ဆိုတော်မူ၏။

ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရန္တံ ဟူသော ပါဠ်ဖြင့် ညစ်နွမ်းကြောင်း ဥပက္ကိလေသ မရှိသော မြတ်သော အကျင့်ကို ကျင့်သော ရဟန္တာ ပုဂ္ဂိုလ်ကိုယူ။တနည်းတပါးလည်းဖြစ်သောအနာဂါမ်ပုဂ္ဂိုလ်ကို အစ ပြု၍ သီလရှိသော ပုထုဇ္ဇန် ရဟန်းတိုင်အောင် နှုသုံး မသာယာခြင်း စသည်တို့၏တည်ရာအကြောင်းမရှိသော ထက်ဝန်းကျင်မှ စင်ကြယ်သော မြတ်သောအကျင့်ကိုကျင့်သောပုဂ္ဂိုလ်ကိုယူရာသည်။

အမူလကေန အဗြဟ္မစရိယေန အနုဒ္ဓံသေတိ-ဟူသော ပါဠ်ဖြင့် ထိုပုဂ္ဂိုလ်၌ထင်ရှားမရှိသော အန္တိမဝတ္ထု၊ ပါရာဇိကဖြင့် စွပ်စွဲ စောဒနာသည်ဟုဆိုလိုသည်။

ဤစွပ်စွဲသောရဟန်းကိုထင်ရှားမရှိသောဂုဏ်ကို ချေဖျက်သည်ဖြစ်၍၊ အရိယာတို့၏ဂုဏ်ကိုခိုးသောကြောင့် တတိယ မဟာစောရဟု မိန့်တော်မူ၏။

အယံဝိဇ္ဇမာနဂုဏာမက္ခီအရိယဂုဏဒ္ဓံသနကော တတိယော မဟာစောရော။ (ကင်္ခါ-ဋ္ဌ)

ဤသာသနာတော်ဝယ်၊အချို့သောယုတ်မာသော ရဟန်းသည်၊ ဂရုဘဏ်-ဂရုပရိက္ခာရာတို့ဖြင့် လူများကိုချီးမြှောက်၏။ ဖြားယောင်း ချော့မော့၏၊ မိမိ၌ ချစ်သည်ကို ပြု၏။ ဤရဟန်းကို ထိုပရိက္ခရာ၏ အဝိဿဇ္ဇနိယ အဝေဘင်္ဂိယဖြစ်၍ လေးသောအဖြစ်မှခိုး၍၊ လူတို့ကို ချီးမြှောက်သောကြောင့်စတုတ္ထမဟာစောရဟု မိန့်တော်မူသည်။

> ပုနစပရံဘိက္ခဝေ ဇာနေကစ္စော ပါပဘိက္ခု ယာနိတာနိ သံဃဿ ဂရုဘဏ္ဍာနိ ဂရုပရိက္ခာရာနိ၊လ၊တေဟိ ဂိဟီ သင်္ဂဏှာတိ ဥပလာပေတိ၊ အယံဘိက္ခဝေ စတုတ္ထော မဟာစောရော သန္တော သံဝိဇ္ဇမာနော လောကသ္မိံ။ ။(ကင်္ခါ-ပါ)

အဒိန္နာဒါနသိက္ခာပုဒ်ဝယ် စတုရောဇနာသံဝိဓါယ ဂရုဘဏ္ဍံ အဝဂါဟာရံ၊ ဟူသောပါဠိ၌၊ ငါးပဲထိုက်သော ဥစ္စာဘဏ္ဍာကို ဂရုဘဏ်ဟု မိန့်ဆိုသည်။ ဤစတုတ္ထ မဟာစောရ အရာဝယ် ပဉ္စိမာနိဘိက္ခဝေ အဝိဿဇ္ဇိယာနိနဝိဿဇ္ဇေတဗ္ဗာနိ၊ လ၊ ယောဝိဿဇ္ဇေယျ အာပတ္တိ ထုလ္လစ္စယဿာတိ၊ဟူ၍စူဠဝါပါဠိတော်၌ဟောတော်မူသောကြောင့် အာရာမ အာရာမဝတ္ထုစသည်တို့ကို မစွန့်အပ်သည်၏အဖြစ်ကြောင့် ဂရုဘဏ်ဟု မိန့်တော်မူ၏။

ပဉ္စိမာနိဘိက္ခဝေ အဝေဘင်္ဂိယာနိ နဝိဘဇိတဗ္ဗာနိ၊ လ၊ယောဝိဘဇေယျ၊အာပတ္တိထုလ္လစ္စယဿာတိ၊ ဟူ၍ စူဠဝါပါဠိတော်၌ ဟောတော်မူသောကြောင့်၊အာရာမ-အာရာမဝတ္ထုစသည်တို့ကို မဝေဘန်အပ်သည်၏အဖြစ်ကြောင့် တပါးသော ရဟန်းတို့နှင့်ဆက်ဆံသော ပရိက္ခာရာ၏အဖြစ်ဖြင့်လေးသောပရိက္ခာရာဟုမိန့်တော်မူသည်။

ဥပလာပေတိ၊ဟူသော ပါဠိဖြင့် ငါတို့၏ အရှင်သည် "ကြွပါ-ကောင်းလေစွ" ဟု ပြောဆိုတတ်သည်ကိုလည်းကောင်း အဖန်ဖန် ဖွဲ့နှောင် တတ်သည် ကိုလည်းကောင်း မိမိ၌ ချစ်သည် တို့ကိုလည်းကောင်း ပြုသည်ဟုပြတော်မူသည်။

> ဥပလာပေတီတိ အဟောအမှာကံ အယျောတိ ဧဝံလာပနကေ အနုဗန္ဓနကေ သိနေဟ ကရောတိ။ (ကင်္ခါ-ဋ္ဌ)

အဝိဿဇ္ဇိယ အဝေဘင်္ဂိယ ဖြစ်သော ဂရုပရိက္ခာရာတို့ကို ထိုဂရုပရိက္ခာရာ၏အဖြစ်မှခိုး၍လူတို့အားချီးမြှောက်တတ်သော ဤရဟန်းကို စတုတ္ထမဟာစောရဟုမိန့်ဆိုတော်မူ၏။

> အယံအဝိဿဇ္ဇိယံ အဝေဘင်္ဂိယဉ္စ ဂရုပရိက္ခာရံ တထာဘာဝတော ထေနေတွာ ဂိဟီနံ သင်္ဂဏှာကော စတုတ္ထော မဟာစောရော။ ။ (ကင်္ခါ-ဋ္ဌ)

တဦးသောပုဂ္ဂိုလ်အားသာလျှင် ပေးခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် လေးသောဂရုဘဏ္ဍာဟု ဆိုတော်မူသည်။ အားလုံးသော

ရဟန်းတို့ဝေဘန်၍လည်း ယူခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့် ဂရုပရိက္ခရာဟူ၍ဆိုတော်မူသည်။

ကေသောဝ ဒါတုံ အသက္ကုဏေယျတာယ ဂရုဘာဝတော ဂရုဘဏ္ဍာနိ တိဝုတ္တံ၊သမ္မေသံဘာဇေတွာပိ ဂဟေတုံအသက္ကုဏေယျတာယ ပရုပရိက္ခရာ နီတိဝုတ္တံ။ ။ (သာ)

သင်္ဃဿာတိ ဥပလာပေတိ၊ဟူသော၌စကားကို ထေယျစိတ်မရှိသည်ကိုရည်၍မိန့်တော်မူသည်၊ထို့ကြောင့်ရိကာ၌။ သင်္ဃဿာတိ ဥပလာပေတိတိ ဣုံမံ အထေယျစိတ္တံ သန္ဓာယ ဝုတ္တံ တေနေဝါဟ တထာ ဘာဝတော ထေနေတွာတိ ဟုဖွင့်ဆိုတော်မူ၏။

ဤဂရုဘဏ်ကိုအမျိုးတို့အား ချီးမြှောက် ထောက်ပံ့ရန် အလို့ငှါ စွန့်သောရဟန်းသည် ကုလဒူသက ဒုက္ကဋ် အာပတ်သို့ ရောက်သည်၊ ပဗ္ဗာဇနီယကံလည်းထိုက်၏။ရဟန်းသံဃာကို နှိပ်စက်၍အစိုးရသည်၏အဖြစ်ကြောင့် စွန့်သောရဟန်းသည် ထုလ္လစ္စည်းအာပတ်သို့ ရောက်၏။ထေယျစိတ်ဖြင့်စွန့်သောရဟန်းကို ဘဏ္ဍာကို အဘိုးဖြတ်စေ၍ ဆုံးဖြတ်ရမည်။

သောစပနာယံ့အမ်ံ ဂရုဘဏ္ဍံ ကုလသင်္ဂဟာနတ္ထံ ဒိဿန္တော ကုလဒူသကံ ဒုက္ကဋံ အာပဇ္ဇတိ၊ ပဗ္ဗာဇနီယကမ္မာရဟော စ ဟောတိ။ ဘိက္ခုသံဃံ အဘိဘဝိတွာ ဣဿရဝတာယ ဝိဿဇ္ဇေန္တော ထုလ္လစ္စယံ အာပဇ္ဇတိ၊ ထေယျ စိတ္တေန ဝိဿဇ္ဇေန္တော ဘဏ္ဍံ အဂ္ဃာပေတွာ ကာရေတဗ္ဗောတိ။ (ကင်္ခါ)

ကုလဒူသက ဒုက္ကဋ်အာပတ္တိ၊ဟူသောပါဌ်၌၊ ယောဝိဿဇ္ဇေယျ အာပတ္တိထုလ္လစ္စယဿ ဟု ဟောတော်မူသောကြောင့်၊ စွန့်ခြင်းဟူသော အကြောင်းကြောင့် ထုလ္လစ္စည်း အာပတ်မှလည်း မလွတ်ဖြစ်သည်။

ကုလဒူသက ဒုက္ကဋံ အာပဇ္ဇတိတိဧတ္ထ ယောဝိဿဇ္ဇေယျ အာပတ္တိထုလ္လစ္စ ယဿာတိ ဝုတ္တတ္တာ ဝိဿဇ္ဇနပစ္စယာထုလ္လစ္စယေနာပိ နမုစ္စတိ။ (သာ)

ချစ်သားရဟန်းတို့ လောကသုံးခွင် ဘုံအပြင်ဝယ် အကြင်ရဟန်းသည် မိမိ၌ မဖြစ်သောကြောင့် ထင်ရှားမရှိသော လူ့ဘို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို

ငါရ၏။ငါသိ၏ဟု ဝါကြွား-ပသွား၍ပြောဆို၏။ ဤရဟန်းကို ခိုးသူကြီး လေးယောက်တို့ထက် အကြီးဆုံးသော ခိုးသူကြီးဟူ၍ မိန့်တော်မူသည်။

သဒေဝကေ ဘိက္ခဝေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အယံ အဂ္ဂေါ မဟာစောရော၊ ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ။ (ကဏ်-ပါ)

ယုတ်မာသော ရဟန်းသည် ထေသူ စိတ်ဖြင့်ပြည်သူတို့၏ ဆွမ်းကို စားသောကြောင့် အကြီးဆုံးသော ခိုးသူကြီးဖြစ်သည်ဟု မိန့်တော်မူသည်။ ထိုကြောင့်ပါဠိတော်၌၊ ထေယျာယ ဝေါ ဘိက္ခဝေ ရဋ္ဌပိဏ္ဍော ဘုတ္တောတိ-ဟု ဟောတော်မူသည်။ အကြင်ရဟန်းသည် စကျူ-သော တ-ဝသော ငါးပါးသော ဣန္ဒြေတို့ဖြင့် ယူအပ်သော ရူပ-သဒ္ဒ စသော အာရုံကိုလွန်၍ဖြစ်သော အလွန် နူးညံ့သိမ်မွေ့သော လောကုတ္တရာ တရားကိုခိုး သူ၏၊ ဤရဟန်းသည်ဆိုပြီးသောလေးဦးသောခိုးသူကြီးတို့ ထက်အကြီးဆုံးသောခိုးသူကြီးဖြစ်သည်။ဤရဟန်းနှင့်တူသော ခိုးသူ မည်သည်မရှိတော့ပြီ။

ခိုးသူအကြီးဆုံးဟူသောအနက်သဘောကိုပင် ဂါထာတို့ဖြင့် ထင် ရှားပြတော်မူလို၍၊

အညထာ သန္တမတ္တာနံ၊ အညထာ ယော ပဝေဒယေ။
နိကစ္စ ကိတဝဿေဝ၊ ဘုတ္တံ ထေယျေန တဿ တံ။
ကာသာဝကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။
သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတောတိ။ ဟု ဟော တော်မူ၏။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အညထာ၊ အညနှင့်အခြားသောအခြင်းအရာ၊ မစင်ကြယ်သော ကာယသမာစာရစသော တပါးသောအခြင်းအရာ ဖြင့်။ သန္တံ၊ ထင်ရှားရှိသော။ အတ္တာနံ၊ မိမိကိုယ်ကို။ အညထာ၊ အညနှင့် အခြားသော အခြင်းအရာဖြစ်သော၊ စင်ကြယ်သောကာယသမာစာရစသောတပါးသောအ ခြင်းအရာဖြင့်။ ပဝေဒယေ၊ သိစေ၏။ နိကစ္စ၊ ဖြားယောင်းလှည့်ပတ်၍။ ကိတဝဿ၊ ကောက်ကျစ်စဉ်းလဲသောငှက်မုဆိုး၏။ သကုဏဂဟဏမိဝ၊

ဌက် ကို ဖမ်းသကဲ့သို့။ တဿ၊ ထိုအာရိယာ ပေါက်တဲ့ကျော် အာ ရိယာကဲ့သို့ ပြုသောသူ၏။ ယံဘုတ္တံ၊ အကြင် စားခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံဘုတ္တံ၊ ထိုစားခြင်းသည်။ ထေယျေန၊ ခိုးလိုသော စိတ်ဖြင့်။ ဘုတ္တံ၊စားသည်မည်သည်။ဟောတိ၊ဖြစ်၏။ ကာသာဝကဏ္ဌာ ဖန်ရည် စွန်းသော အဝတ်ဖြင့် လည်၌ ရစ်ပတ်သည့်လည်း ရှိကုန်သော။ ဗဟ ဝေါ၊ များစွာကုန်သော။ ပါပဓမ္မာ၊ ယုတ်မာကုန်သော တရားရှိကုန် သော။တေ၊ထိုပုဂ္ဂိုလ်တို့သည်။ပါပေဟိ၊ ယုတ်မာကုန်သော။ ကမ္မေ ဟိ၊သူတပါးကိုလှည့်ပတ်ခြင်းအစရှိသောအမှုတို့ဖြင့်။နိရယံ၊သာယာ အင်သောသဘောမရှိသောဒုဂ္ဂတိဘာ၀၌။ဥပပဇ္ဇရေ ဥပပဇ္ဇန္တိ ဖြစ်ကြ ကုန်၏၊ဒုဿီလော၊သီလမရှိသော။အသညတော၊ ကိုယ်နှုတ်နှလုံး မ စောင့်သုံးသောပုဂ္ဂိုလ်သည်။တတ္တံ၊သောသောပူသော၊ အဂ္ဂိသိခူပမံ၊ မီးလျှံမီးခိုးနှင့်တူသော။အယောဂုဠံ၊သံတွေခဲကို။ ဘုဉ္ဇေယျ၊ စားရာ ၏။တဿ၊ထိုယုတ်မာသောပုဂ္ဂိုလ်အား၊ ယံရဋ္ဌပိဏ္ဍံ၊ အကြင်ပြည်သူ တို့၏ဆွမ်းကို။ ဘုဉ္ဇေယျ၊ အကယ်၍စားရာ၏။ ဒွိသု၊ နှစ်ပါးကုန် သော။တေသု၊ထိုစားခြင်းတို့တွင်၊တတ္တော၊သောသောပူသော။ အဂ္ဂိ သိခူပမော။မီးခိုးမီးလျှံနှင့်တူသော။ဘုဉ္ဇော၊စား၊အင်သော၊ အယော ဂုဠော၊ အယောဂုဠောဝေ၊ သံတွေခဲသည်သာလျှင်။ သေယျော၊ ကောင်းသည်ထက်ကောင်း မြတ်သည်ထက်မြတ်သည်။ ဘဝေယျ၊ဖြစ် ရာ၏။

ဤမိစ္ဆာဒိဋ္ဌိမျိုးသည် အသွင်အပြင်သို့ရောက်သည်ဖြစ်၍ ဆိုခဲ့ပြီး သော စကားသည် အလွန်သင့်လျော်၏။ထို့ကြောင့် အဋ္ဌကထာ၌။ ။ အယဉ္စကောဋ္ဌပ္ပတ္တောမိစ္ဆာဒိဋ္ဌိဝေါတိ။ ဟု ဖွင့်ဆိုတော်မူ၏။

ဆောင်။ ။လူများလှည့်ပတ်၊ ပစ္စည်းလာဘ်ကို၊ မပြတ်ယူကြ၊ ပဋ္ဌမခိုး၊ ဓမ္မခိုးမှု၊နှစ်ယောက်ယူခဲ့၊ဂုဏ်မှုဖျက်ဆီး၊ သုံးယောက်ပြီးရှု၊ လူကြီးစုအား၊ဂရုဘက်ပေး၊ခိုးသူလေး၀၊ လွန်ပြေးရှာန၊ စ သည်တရား၊ကိုပညားလျှက်၊ မိန့်ကြားချက်၊ ခိုးထက်ခိုးသူ ငါးယောက်တည်း။

ဂရုဘက်စွန့်၊ဒုက္ကနိ်ညွန့်နှင့်၊နှင်စွန့်ကံဆင်း၊ ထုဉ္စစ္စဦး တည်း၊နှိမ်နင်းပေးခြင်း၊ထုဉ္စစဉ်ပင်၊ ခိုးခြင်းစိတ်ရှင်၊ပေးခဲ့ လျှင်၊ဘက်တွင်ကြည့်၍ ဆုံးဖြတ်တည်း။

အနတိရိတ္တနံပုဒ်၌ အနတိရိတ္တနာတိတိ အနတိရိတ္တနန္တော ဟုပြု၍မသိမမြင်သောရဟန်းကိုယူ။အနတိရိတ္တနန္တော ဟု ဆိုလိုလျက် ဂန္ထန္တာဒိဂိုဏ်းဖြစ်၍ အနတိရိတ္တနံဟုဆိုထားသည်။

အနတိရိတ္တနံ တွင် အတိသဒ္ဒါသည် ဝေတွတ္ထမှာဝေ,ဝေတွတ္ထဝိသေသက,ဝေတွတ္ထာနုဝတ္တက,ဥပသာရဝတ္ထိတွင် ဝေတ်၏ အနက်သို့အစဉ်လိုက်သော ဝေတွတ္ထာနုဝတ္တက ဥပသာရဖြစ်သည်၊

အနတိရိတ္တနန္တိအသန္တံ အဘူတံ အသံဝိဇ္ဇမာနံ အဇာနန္တော အပဿန္တော အတ္တနိကုသလံ ဓမ္မံ အတ္ထိမေ ကုသလော ဓမ္မောတိ။ ။(ပ)

အနတိရိတ္တနံပုဒ်ကို သမုဒါစရေယျ ပုဒ်နှင့် ကြိယာဝိသေသနအဖြစ်ဖြင့်စပ်ရာ၏။

ဥတ္တရိမနုဿဓမ္မကို မသိဘဲပြောကြားသောပုဂ္ဂိုလ်၏သန္တာန်ဝယ် ဥတ္တရိမနုဿဓမ္မဖြစ်ဆဲမဟုတ်၊လောကီလောကုတ္တရာဖြစ်သောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီးလည်းမဟုတ်သောကြောင့် ဥပ္ပန္နသစ္ဆိကတမဟုတ်သည်ဖြစ်၍ အဘူတဖြစ်သည်။ထို့ကြောင့်အနတိရိတ္တနံပုဒ်၏ ပဒဘာဇနီ၌ အသန္တံ အဘူတံ အသံဝိဇ္ဇမာနံ ဟု ဟောပြီး၍အဇာနန္တော အပဿန္တော ဟု ဟောတော်မူသည်။

အနတိရိတ္တနန္တိ နအဘိဇာနံ၊ယသ္မာ ပနယံအနတိရိတ္တနံ သမုဒါစရတိ သွာဿ သန္တာနေ အနုပ္ပန္နော ဉာဏေနစ အသစ္ဆိကတောတိ အဘူတော ဟောတိ၊တေနဿ ပဒဘာဇနေ အသန္တံ အဘူတံ အသံဝိဇ္ဇမာနန္တိ ဝတွာအဇာနန္တော အပဿန္တော။ ။(ကင်္ခါ-၄)

သန္တာနေ အနုပ္ပန္နော ဟူသောစကားသည် အသန္တံ အဘူတံ ဟူသောစကား၏အကြောင်းတည်း။ဉာဏေန အသစ္ဆိကတော ဟူသော ဤစကားသည် အသံဝိဇ္ဇမာနံဟူသောပုဒ်၏အကြောင်းစကားတည်း။

အသန္တံ အဘူတန္တိ ဣမဿ ကာရဏဝစနံ၊သန္တာနေ အနုပ္ပန္နောတိ ဉာဏေန အသစ္ဆိကတောတိ ဣဒံ ပန အသံဝိဇ္ဇ မာနန္တိ ဧတဿ ကာရဏဝစနံ။ ။(သာ)

ဥတ္တရိမနုဿဓမ္မံပုဒ်တို့တွင် ဥတ္တရိ သဒ္ဒါသည် မြတ်သော အနက် အလွန်အမင်း အနက်ကို ဟောသောနိပါတ်ပုဒ်တည်း။

မနုဿေဟိဥတ္တရိတရာ ဥတ္တရိမနုဿာ ဟု ပြု၍ ပကတေ့သောလူတို့ထက်မြတ်သော ဘုရားအစရှိသော ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့ကိုယူ။ ဥတ္တရိမနုဿာနံ ဓမ္မော ဥတ္တရိမနုဿဓမ္မော ဟု ပြု၍ ပကတေ့သော လူတို့ထက်မြတ်သော ဘုရားအစရှိသော ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့၏ဈာန်,ဝိမောက္ခ စသောတရားကိုယူလေ။

ဥတ္တရိမနုဿဓမ္မော နာမ ဈာနံဝိမောက္ခံ သမာဓိ သမာပတ္တိ ဉာဏဒဿနံ မဂ္ဂဘာဝနာ ဖလ သစ္ဆိကိရိယာ ကိလေသပ္ပဟာနံ ဝိနီဝရဏတာ စိတ္တဿ သုညာဂါရေ အဘိရတိ။ ။ (ပ)

ဥတ္တရိမနုဿ ဓမ္မန္တိ ဥတ္တရိမနုဿာနံ ဈာယီနဉ္စေဝ အရိယာနဉ္စ ဓမ္မံ။ (ကင်္ခါ) ပကတိမနုဿေဟိ ဥတ္တရိတရာနံ ဗုဒ္ဓါဒိ ဥတ္တမ ပုရိသာနံ အဓိဂမဓမ္မော ဥတ္တရိမနုဿဓမ္မောတိ အာဟ ဥတ္တရိသာနန္တိ အာဒိ။ ။ (သာ)

၍ ဥတ္တရိမနုဿဓမ္မ ပုဒ်တွင် နတ်ဗြဟ္မာတို့၏ဥစ္စာဖြစ်သော်ငြားလည်း ကာကောဝါရယမန္တမှာ စသော ပါဠိတို့၌ ကဲ့သို့ ပဓာနသစ္စသော နည်းအားဖြင့် မနုဿ သဒ္ဒါကို မှတ်လေ။ ဝါ၊ တနည်း “မနုဿေသု နိဗ္ဗတ္တော ဓမ္မော မနုဿဓမ္မော” ဟု ပြု၍ ၎င်း “မနုဿနံသန္တကော ဓမ္မော မနုဿဓမ္မော”ဟုပြု၍၎င်း လူတို့၌များသောအားဖြင့်ဖြစ်သော။ ဝါ၊ လူတို့၏ဥစ္စာဖြစ်သောကုသိုလ်ကမ္မပထတရားဆယ်ပါးကိုယူလေ။

၍မနုဿဓမ္မ ပုဒ်တွင် ဈာန်မဂ်ဖိုလ်တရားသည် လူတို့၌ ရှိသော်လည်း ဗြဟ္မာဂါမော အဓိဝနံ တို့၌ ဌာနီဖြင့် ဌာနကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကိုရသကဲ့သို့ယေဘုယျနည်းအားဖြင့်မနုဿသဒ္ဒါကိုဆိုသည်မှတ်လေ။

ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားသည် အပါယ် နတ်ပြည် ဗြဟ္မာပြည်တို့၌ ထင်ရှားရှိသော်လည်း ဝနာရကော သင်္ဂါမဝစရော တို့၌ ဌာနဖြင့်ဌာနီကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကိုယူရသကဲ့သို့ တဗ္ဗဟုလ စသောနည်းအားဖြင့်ဆိုသည်မှတ်လေ။

တနည်း ဥတ္တရိမနုဿဓမ္မပုဒ်တို့တွင်“မနုဿေ ဥတ္တိဏ္ဏော ဥတ္တရိမနုဿော”ဟု ဒုတိယ အဗျယီဘော ပြု၍ လူတို့ကိုလွန်၍ ဗြဟ္မာ၏အဖြစ် ,နိဗ္ဗာန်သို့ ရောက်စေတတ်သော ဈာန်တရား စသည်တို့ကိုယူ။ “ဥတ္တရိမနုဿော စ သော ဓမ္မော စာတိ ဥတ္တရိမနုဿဓမ္မော” ဟု ပြု၍ ၎င်း ဈာန်တရားစသည်တို့ကိုပင်ယူ။

> ဥတ္တရိမနုဿဓမ္မောဿာတိ မနုဿာ ဥတ္တရိ ဥတ္တမဓမ္မာ မနုဿာ အတိက္ကမိတွာ ပြဟွတ္ထာ ငါ နိဗ္ဗာန်ဝါ ပါပနက ဓမ္မာဿာတိ အတ္ထော။ ။ (ကင်္ခါ-၄)

တနည်း "ဥတ္တရိတရာသေဋ္ဌာ မနုဿာ ဥတ္တရိမနုဿာ" ဟုပြု၍ ဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့ကိုယူ။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ ဥတ္တရိမနုဿာနံ ဝါ သေဋ္ဌပုရိသာနံ ဈာယီနဉ္စ အရိယာနဉ္စ ဓမ္မာ ဟု ဖွင့်တော်မူ၏။

ဥတ္တရိမနုဿဓမ္မ ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ သံဝဏ္ဏနာ ပုဒ်အပေါင်းတို့တွင် ဈာန်ဟူသောပါဌ်ဖြင့် ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် တို့ကိုယူဟုပြတော်မူသည်။ ထို့ကြောင့် ပါဠိတော်၌။ ။ဈာနန္တိ ပဌမံဈာနံ ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ ဟု ဟောတော်မူ၏။

ပဌမဈာနံ စသောစကား၌ ပဌမဈာန်စသည်တို့ဖြင့် မေတ္တာဈာန်စသည်တို့ကိုလည်းကောင်း အသုဘဈာန် စသည်တို့ကိုလည်းကောင်း ထွက်သက်ဝင်သက်ကို သိမ်းဆည်းသော သတိနှင့်ယှဉ်သော သမာဓိကြောင့် ဖြစ်သော ဈာန်ကို လည်းကောင်း လောကီဈာန်ကို လည်းကောင်း လောကုတ္တရာ ဈာန်ကို လည်းကောင်း ပေါင်း၍ ယူတော်မူသည်။

ထို့ကြောင့် ပဌမဈာန်စသည်တို့တွင် တခုခုဖြစ်သော ဈာန်ကိုဝင်စားပြီး ကောင်းစွာရှေးရှုရောက်ပြီဟု ပြောဆိုသောရဟန်းသည် ပါရာဇိက ကျရောက်ပြီဟုသိမှတ်ရာသည်။

> တဿာပဌမံဈာနံသမာပဇ္ဇိန္တိပိ (ပ) စတုတ္ထဈာနံ မေတ္တာဈာနံ ဥပေက္ခာဈာနံ အသုဘဈာနံ အာနာပါနဿတိ သမာဓိဈာနံ လောကိယဈာနံ လောကုတ္တရဈာနံ သမာပဇ္ဇိန္တိပိ ဘဏန္တော ပါရာဇိကောဝ ဟောတီတိ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ-၄)

အသုဘဈာနာဒိနိ ပုဒ်၌ အာဒိ သဒ္ဒါဖြင့် ကာယဂတာသတိဈာန် ကသိဏဈာန် ကသိုဏ်း လှုံ့အကြောင်းရှိသော အာရုပ္ပ ဈာန်တို့ကိုလည်းသိမ်းယူတော်မူသည်။

> အသုဘာဏုပဿနာဒီနိ တိ အာဒိသဒ္ဒေန ကာယဂတာသတိဥပဿနံ ကာယိကာဏုပဿနံ ကသိဏ မူလကာနိ အာရုပ္ပဏုပဿနာနိစ သင်္ဂဏှာတိ။ ။ (ဋီ)

ဝိမောက္ခ ပုဒ်၌ ဝိသဒ္ဒါသည် သုဋ္ဌုပိသေသ အနက်ကို ဟော[illegible] နည်း။ဝိသဒ္ဒါသည်ဝိဝိဓအနက်ကိုဟော၏။သုဋ္ဌုမုစ္စတိတိ ဝိမောက္ခော။ တနည်း။"ဝိဝိဓေဟိ ကိလေသေဟိ မုစ္စတိ ဝိမောက္ခော" ဟု ပြု၍ မဂ်လေးပါးကိုယူ။ ထို့ကြောင့် အဋ္ဌကထာ၌။ သုဋ္ဌုမုစ္စော ဝိဝိဓေဟိဝါ ကိလေသေဟိ မုစ္စတိတိ ဝိမောက္ခော။ ။ဟု ဖွင့်ဆိုတော်မူ၏။ ဝိမတိ၌လည်း။ ။ဝိမော[illegible]တိ စတုဝိဓောမဂ္ဂေါ။ ။ဟု ဖွင့်ဆိုတော်မူ၏။

> ဝိမောက္ခောတိ သုညတောဝိမောက္ခော, အနိမိတ္တော ဝိမောက္ခော, အပ္ပဏိဟိတောဝိမောက္ခော။ ။ (ကင်္ခါ-ပါ)

ဝိမောက္ခမည်သောမဂ်ကို ရာဂ ဒေါသ မောဟတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် သုညတ ဟူ၍ ဆိုတော်မူသည်။ ရာဂ ဟူသော နိမိတ် ဒေါသ ဟူသောနိမိတ် မောဟဟူသောနိမိတ်တို့ဖြင့် နိမိတ်မရှိသည်၏အဖြစ် နိမိတ်ကင်းသည်၏အဖြစ်ကြောင့် အနိမိတ္တ ဟူ၍လည်း ဆိုတော်မူသည်။ရာဂ ဒေါသ မောဟတည်းဟူသော ပဏိဓိတို့၏ မရှိခြင်းကြောင့် အပ္ပဏိဟိတ ဟုဆိုတော်မူသည်။

> သောပနာယံ ရာဂဒေါသမောဟေဟိ သုညတ္တာ သုညတော၊ ရာဂ ဒေါသ မောဟ နိမိတ္တေဟိ အနိမိတ္တတ္တာ အနိမိတ္တော၊ ရာဂ ဒေါသ မောဟ ပဏိဓီနံ အဘာဝတော အပ္ပဏိဟိတောတိ ဝုစ္စတိ။ ။ (ကင်္ခါ-ဋ)

ဝိမောက္ခမည်သောမဂ်သည် မိမိကိစ္စဟု ဆိုအပ်သော သရသ အားဖြင့် လည်းကောင်း ဆန့်ကျင်ဘက်ဟု ဆိုအပ်သောပစ္စနီက အားဖြင့်လည်းကောင်း မိမိဟုဆိုအပ်သောမဂ်၏ ဂုဏ်အားလည်းကောင်း အာရုံအားဖြင့်လည်းကောင်း ရောက်ကြောင်း အာဂမန အားလည်းကောင်း။ဤသို့ငါးပါးသောအကြောင်းတို့ဖြင့် အမည်ကိုရလေသည်။

> မဂ္ဂေါဟိနာမပဉ္စဟိ ကာရဏေဟိနာမံ လဘတိ သရသေနဝါ ပစ္စနီကေနဝါ သဂုဏေနဝါ အာရမ္မဏေနဝါ အာဂမနေနဝါ။ ။ (ဋီ)

ထိုစကားကိုရှု၍ပြဦးအံ့။အကယ်၍ သင်္ခါရုပေက္ခာသည် သင်္ခါရ တရားတို့ကိုအနိစ္စဟူ၍ သုံးသပ်သောအခါ ထအံ့။မဂ်သည် အနိမိတ္တ

ဝိမောက္ခ အမည်ရသည်။ အကယ်၍ သင်္ခါရုပေက္ခာသည် သင်္ခါရတရားတို့ကို ဒုက္ခဟူ၍ သုံးသပ်သောအခါ ထအံ့၊ မဂ်သည် အပဏိဟိတ ဝိမောက္ခ အမည်ရသည်။ အကယ်၍ သင်္ခါရုပေက္ခာသည် သင်္ခါရတရားတို့ကို အနတ္တဟူ၍ သုံးသပ်သောအခါ ထအံ့။ မဂ်သည် သုညတဝိမောက္ခအမည်ရသည်။ ဤဆိုခဲ့ပြီးသည်ကား၊ မိမိကိစ္စဖြင့် အမည်ရပုံတည်း။

သင်္ခါရတရားတို့၌ အနိစ္စာနုပဿနာဖြင့် နိစ္စနိမိတ်ကိုပယ်စွန့်၍ လာသောဤမဂ်သည် အနိမိတ္တမဂ်မည်၏။ သင်္ခါရတရားတို့၌ ဒုက္ခာနုပဿနာဖြင့် သုခ ဟူသော အမှတ်သညာ ရှိသော တောင့်တခြင်း ပဏိဓိကို ပယ်စွန့်၍လာသော ဤမဂ်သည် အပ္ပဏိဟိတ မဂ်မည်၏။ သင်္ခါရ တရားတို့၌ အနတ္တာနုပဿနာဖြင့် အတ္တ ဟူသော အမှတ်သညာကို ပယ်စွန့်၍အတ္တမှ ဆိတ်သောအဖြစ်ကို ရှုသည်၏အစွမ်းဖြင့် လာသော ဤမဂ်သည် သုညတ မဂ်မည်လေ၏။ ဤသို့ ဆိုခဲ့ပြီးသည်ကားဆန့်ကျင်ဘက်အားဖြင့်လာသောအမည်တည်း။

ဤမဂ်ကို ရာဂဒေါသ မောဟတို့မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့် သုညတ မဂ်ဟူ၍ ဆိုတော်မူသည်။ ရူပနိမိတ် စသည်တို့၏လည်းကောင်း ရာဂနိမိတ် စသည်တို့၏ သာလျှင် လည်းကောင်း။မရှိသောကြောင့် အနိမိတ္တဟူ၍ဆိုတော်မူသည်။ ရာဂ ဒေါသမောဟတည်းဟူသောပဏိဓိတို့၏မရှိခြင်းကြောင့် အပ္ပဏိဟိတဟူ၍ဆိုတော်မူသည်။ ဤ ဆိုခဲ့ပြီးသည်ကား မိမိဟု ဆိုအပ်သော မဂ်၏ ဂုဏ် အားဖြင့် ရပုံတည်း။

ရာဂအစရှိသည်တို့မှ ကင်းဆိပ်သော နိဗ္ဗာန်ကို အာရုံပြုသောဤ မဂ်ကို သုညတမဂ်ဟူ၍ဆိုတော်မူသည်။ ရာဂ အစရှိသော နိမိတ်ကင်းသောနိဗ္ဗာန်ကိုအာရုံပြုသော ဤမဂ်ကို အနိမိတ္တမဂ် ဟူ၍ ဆိုတော်မူသည်။ ရာဂအစရှိသော ပဏိဟိတ ကင်းသောနိဗ္ဗာန်ကို အာရုံပြုသော ဤမဂ်ကို အပ္ပဏိဟိတဟူ၍ ဆိုတော်မူသည်။ ဤ ဆိုအပ်ခဲ့ပြီးသည်ကား။ ထိုမဂ်၏အာရုံအားဖြင့်ရသောအမည်တည်း။

ရောက်ကြောင်းဟုဆိုအပ်သော အာဂမနသည် ဝိပဿနာဟု ဆိုအပ်သောရောက်ကြောင်း, မဂ်ဟု ဆိုအပ်သော ရောက်ကြောင်းအားဖြင့်နှစ်ပါးအပြားရှိ၏။

အာဂမနံပန ဒုဝိဓံ ဝိပဿနာ အာဂမနံ,မဂ္ဂါဂမနဉ္စ။ ။ (ဝိ)

ထိုနှစ်ပါးတို့တွင်မဂ်၌ ဝိပဿနာဂမနကိုသာ ရသည်။ မဂ်၏ အခြားမရှိသော ဖိုလ်၌ကား မဂ္ဂါဂမန ကိုသာရသည်။

တတ္ထမဂ္ဂေဝိပဿနာဂမနမေဝ၊ဖလေပန မဂ္ဂါနုဂ္ဂရေ မဂ္ဂါဂမနံ။ ။ (ဝိ)

ဖလသမာပတ်၌ ဝိပဿနာဂမနကိုလည်းရသည်။ မဂ်သည် အနတ္တာနုပဿနာ၏အစွမ်းဖြင့် သုညတမဂ်မည်၏။ အနိစ္စာ နုပဿနာ ၏ အစွမ်းဖြင့် အနိမိတ္တမဂ်မည်၏။ ဒုက္ခာနုပဿနာ၏ အစွမ်းဖြင့် အပ္ပဏိဟိတမဂ်မည်၏။ဤသို့ဝိပဿနာသည် မိမိ၏အမည်ကို မဂ်အား အပ်နှင်းသည်။မဂ်သည်ဖိုလ်အားအပ်နှင်းသည်။ ဤဆိုခဲ့ပြီးသည်ကား ခေါက်ကြောင်းအာဂမန အားဖြင့်ဖြစ်သော အမည်တည်း။

"ဝိတ္တံသခံအာဒဟာတိ အာရမ္မဏေ ထပေတိတိသမာဓိ"ဟူသော ဝစနတ္ထနှင့်အညီ အညီအမျှစိတ်ကိုအာရုံ၌ ထားတတ်သော သမာဓိ တရားသည် သုညတသမာဓိ, အနိမိတ္တသမာဓိ,အပ္ပဏိဟိတ သမာဓိ· ဟူ၍သုံးပါးအပြားရှိ၏။

သမာဓီတိ သုညတော သမာဓိ,အနိမိတ္တောသမာဓိ,အပ္ပဏိဟိတောသမာဓိ။ ။ (ကင်္ခါ-ပါ)

"အရိယေဟိသမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိ"ဟူသော ဝစနတ္ထနှင့် အညီ အရိယာတို့သည် ကောင်းစွာ ဝင်စားအပ်သော သမာပတ် သည်သုညတသမာပတ်,အနိမိတ္တသမာပတ်,အပ္ပဏိဟိတသမာပတ် ဟူ၍သုံးပါးအပြားရှိ၏။

သမာပတ္တီတိ သုညတာ သမာပတ္တိ, အနိမိတ္တာသမာပတ္တိ, အပ္ပဏိဟိတာ သမာပတ္တိ။ ။ (ကင်္ခါ-ပါ)

ဤစကားရပ်၌ဝိမောက္ခတိက်ဖြင့်လည်းကောင်း သမာဓိတိက်ဖြင့် လည်းကောင်း အရိယာမဂ်ကိုသာလျှင်ပြဆိုတော်မူသည်။ သမာပတ္တိ တိက်ဖြင့်ကား ဖလသမာပတ်ကို ပြဆိုတော်မူသည်။ ထိုတရား ပုဒ်အ များတို့တွင် တစုံတခုသောပုဒ်ကိုလည်းယူ၍ ငါသည် ဤတရားကိုရ သည် ဟု ပြောဆိုသောရဟန်းသည်ပါရာဇိကကျသည်။

ဧတ္ထစ ဝိမောက္ခတ္တိကေန စ သမာဓိတ္တိကေန စ အရိယမဂ္ဂေါ ဝုတ္တော၊ သမာပတ္တိတိကေန စ ဖလသမာပတ္တိ၊ တေသု ယံကိဉ္စိ ကေမ္ပိပဒံ ဂဟေတွာ အဟံဇ္ဈ မဿ လာဘိမှိတိ ဘဏန္တော ပါရာဇိကောဝ ဟောတိ။ ။ (ကင်္ခါ-၅၁)

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ်ဟုဆိုအပ်သော ဝိဇ္ဇာသုံးပါးတို့ကို ဉာဏ်ဟုဆိုသည်။

ဉာဏန္တိတိဿောဝိဇ္ဇာ။ ။ (ကင်္ခါ-၅၁)

တိဿောဝိဇ္ဇာတိ ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, အာသဝါနံခယဉာဏန္တိ။ ။ (ကင်္ခါ-၅၁)

ထိုသုံးပါးသောဝိဇ္ဇာတို့တွင် တခုသော ဝိဇ္ဇာ၏လည်း အမည်ကို ယူ၍ငါသည် ဤဝိဇ္ဇာကိုရသည်ဟု ဆိုသော ရဟန်းသည် ပါရာဇိ က ကျသည်။

တတ္ထကေဿဒိ နာမံဂဟေတွာ အဟံဣမိဿာ ဝိဇ္ဇာယ လာဘိမှိတိ ဘဏန္တော ပါရာဇိကော ဟောတိဘိ။ ။ (ကင်္ခါ-၅၁)

မဂ်နှင့်သှဉ်သော လောကုတ္တရာဖြစ်သော သုံးဆဲ့ ခုနစ်ပါးသော ဗောဓိပက္ခိယတရားကိုမဂ္ဂဘာဝနာဟု ဟောတော်မူသည်။

မဂ္ဂဘာဝနာ ပဒဘာဇနေ ဝုတ္တာ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ မဂ္ဂသမ္ပယုတ္တာ လောကုတ္တရာဝ ဇ္ဈာဒိဓမ္မဘာ။ ။ (ကင်္ခါ-၅၁)

လေးပါးသောဖိုလ်တို့တွင်တခုခုသောဖိုလ်ကို မျက်မှောက်ပြုခြင်း သည်ဖလသစ္ဆိကိရိယာမည်၏။ ထို့ကြောင့်ပါဠိတော်၌။ ဖလသစ္ဆိ ကိရိယာတိ သောတာပတ္တိ ဖလဿ သစ္ဆိကိရိယာ သကဒါဂါမိ ဖလဿသစ္ဆိကိရိယာ အနာဂါမိဖလဿ သစ္ဆိကိရိယာ အရ ဟတ္တဿသစ္ဆိကိရိယာ ဟုဟောတော်မူ၏။

ဖလသစ္ဆိကိရိယာ၌လည်း တခုသောဖိုလ်၏ အစွမ်းအားဖြင့် ပါ ရာဇိကကိုသိရမည်။

ဖလသစ္ဆိကိရိယာယံ ဧကေက ဖလဝသေန ပါရာဇိကံ ဝေဒိတဗ္ဗံ။ ။ (ကင်္ခါ-၅၁)

ငါသည်ကာယာနုပဿနာ သတိပဋ္ဌာန်, တရားကိုရခဲ့ပြီဟု သုံးဆဲ့ ခုနစ်ပါးသောဗောဓိပက္ခိယတရားတို့တွင်တခုခုသောတရား၏အစွမ်း

ဖြင့်လည်းပြောဆိုသောပုဂ္ဂိုလ်အားပါရာဇိကဖြစ်သည်သာ။ အဘယ်ကြောင့်နည်းဟူမူ။မဂ်ခဏ၌ဖြစ်သောတရားကိုရည်၍မိန့်သောကြောင့်ဟုမှတ်လေ။

မဂ္ဂက္ခဏျပွန္နေယေဝ သန္ဓာယဝုတ္တတ္တာ။ ။ (ကင်္ခါ—၄)

ကိလေသာကိုမဂ်ဖြင့်ပယ်ခြင်းကိစ္စသည် လောဘပ္ပဟာန၊ဒေါသပ္ပဟာန၊မောဟပ္ပဟာန၊ဟူ၍သုံးပါးအပြားရှိ၏။ ထိုကြောင့်ပါဠိတော်၌ ကိလေသပ္ပဟာနန္တိ ရာဂဿပဟာနံ, ဒေါသဿ ပဟာနံ, မောဟဿပဟာနံ၊ဟုဖွင့်ဆိုတော်မူ၏။

စိတ်၏ကင်းသောနီဝရဏရှိသောအဖြစ်သည် ရာဂမှလွတ်သောစိတ်၏ ကင်းသောနီဝရဏရှိသောအဖြစ်, ဒေါသမှ လွတ်သောစိတ်၏ ကင်းသောနီဝရဏရှိသောအဖြစ်,မောဟမှ လွတ်သောစိတ်၏ ကင်းသောနီဝရဏရှိသောအဖြစ်ဟူ၍သုံးပါးအပြားရှိ၏။

ဝိနီဝရဏတာ စိတ္တဿာတိ ရာဂါစိတ္တံ ဝိနီဝရဏတာ, ဒေါသာစိတ္တံ ဝိနီဝရဏတာ မောဟာ,စိတ္တံ ဝိနီဝရဏတာ၊ ၊ (ကင်္ခါ-ပါ)

ရာဂါစိတ္တံဝိနီဝရဏတာ အစရှိသော ထိုက်သုံးခုတို့၏ အပေါင်း၌ လောကုတ္တရာစိတ်ကိုသာမိန့်ဆိုတော်မူသည်။ ထို့ကြောင့် အဋ္ဌကထာ၌။ ရာဂါစိတ္တံဝိနီဝရဏတာ တိ အာဒိဟိ ပေန လောကုတ္တရမေဝစိတ္တံ၊ ဟုဖွင့်ဆိုတော်မူ၏။ .

သုညာဂါရ အဘိရတိသည် ပဌမဈာန သုညာဂါရ အဘိရတိ, ဒုတိယဈာန သုညာဂါရ အဘိရတိ, တတိယဈာန သုညာဂါရ အဘိရတိ,စတုတ္ထဈာန သုညာဂါရ အဘိရတိ ဟူ၍ လေးပါးအပြားရှိ၏။ ထိုကြောင့်ပါဠိတော်၌။ သုညာဂါရေ အဘိရတီတိ ပဌမေန ဈာနေန သုညာဂါရေ အဘိရတိ ဒုတိယေန ဈာနေန သုညာဂါရေ အဘိရတိ တတိယေန ဈာနေန သုညာဂါရေ အဘိရတိ၊ စတုတ္ထေန ဈာနေန သုညာဂါရေ အဘိရတိ၊ဟူ၍ဟောတော်မူ၏။

သုညာဂါရ၏ပဒဘာဇနီယ်၊ဈာန်တရားနှင့်မစပ်မူ၍၊ ဆိတ်ငြိမ်ရာအရပ်၌မွေ့လျော်ပါ၏ဟုဆိုကာမျှဖြင့်ပါရာဇိကကို အကြင်ကြောင့်အလိုမရှိရာ။ ထို့ကြောင့်ပဌမေန ဈာနေန သုညာဂါရေ အဘိရတိ။ ဤသို့စသောစကားကိုဟောတော်မူသည်။

> သုညာဂါရပဒဘာဇနေ ပန ယသ္မာ ဈာနေန အဃရောတ္တာ သုညာဂါရေ အဘိရမာမီတိ ဝစနမတ္တေန ပါရာဇိကံ နာ မိပ္ပေဘံ၊ တသ္မာ ပဉ္စမေန ဈာနေန သုညာဂါရေ အဘိရတိတိ အာဒိဝုတ္တံ။ ။ (ကင်္ခါ-၄)

ဥာဏ်ပုဒ်၏ပဒဘာဇနီ၌ အမြင့်သုတ်အစရှိသည့်တို့၌ ဟောတော်မူအပ်သောရှစ်ပါးသောဝိဇ္ဇာတို့တွင်ငါးပါးသော ဝိပဿနာဥာဏ်၊ မနောမယိဒ္ဓိဥာဏ်၊ဣဒ္ဓိဝိဓဥာဏ်၊ဒိဗ္ဗသောတဥာဏ် စေတောပရိယဥာဏ်တို့သည်၏အချာ၌မလာကုန်။ထိုငါးပါးတို့တွင် ဝိပဿနာဖြစ်သောတခုသောဝိဇ္ဇာသည်သာလျှင်၊ပါရာဇိကအာပတ်၏ အကြောင်း မဖြစ်ကုန် ဟု သိမှတ်ကုန်ရာသည်။

ဥတ္တရိမနုဿဓမ္မကိုအကျယ်ပြရာဝယ်။ နိဗ္ဗာန်သည် ပါဠိတော်၌ အကာသ်၍မလာသော်လည်း၊ငါသည် နိဗ္ဗာန်သို့ ရောက်အပ်ပြီ ဟူ၍လည်းကောင်း ငါသည် နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီ ဟူ၍လည်းကောင်း ပြောဆိုသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၏ အသီးထုတ်အပ်သော လောကုတ္တရာတရားဖြစ်သည်၏ အဖြစ်ကြောင့် ပါရာဇိကသို့ရောက်သည်သာလျှင်တည်း။

> ဧတ္ထ ကိဉ္စာပိ နိဗ္ဗာနံ ပါဠိယံ အနာဂတံ၊ အထခေါ နိဗ္ဗာနံ မေ ပတ္တန္တိဝါ သစ္ဆိကတန္တိ ဝါ ဝဒတော ပါရာဇိကမေဝ၊ ကသ္မာ နိဗ္ဗာနဿ နိဗ္ဗတ္တိတ လောကုတ္တရတ္တာ။ ။ (ကင်္ခါ-၄)

သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိအပ်ပြီဟုပြောဆိုသောပုဂ္ဂိုလ်သည်လည်း သစ္စပ္ပဋိဝေဓဟူသည် မဂ်၏ပရိယာယ် စကားဖြစ်သောကြောင့် ပါရာဇိကသို့ရောက်သည်သာလျှင်တည်း။

> တထာ စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈိံ၊ပဋိဝိဒ္ဓါနိ မယာတိ ဝဒတောပိ ပါရာဇိကမေဝ၊ကသ္မာ သစ္စပ္ပဋိဝေဓောတိ ဟိ မဂ္ဂဿ ပရိယာယဝစနံ။ (ကင်္ခါ-၄)

ဓမ္မပဋိသမ္ဘိဒါ၊နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါ၊ သုံးပါးတို့သည် မဟာကုသိုလ်ဥာဏသမ္ပယုတ်စိတ်လေးခု၊ မဟာကြိယာဥာဏသမ္ပယုတ်စိတ်လေးခု။၏ရှစ်ခုသောစိတ်တို့၌ဖြစ်သည်။

အတ္ထပဋိသမ္ဘိဒါသည် မဟာကုသိုလ်၊မဟာကြိယာ၊ ဥာဏသမ္ပယုတ်စိတ်ရှစ်ခု၊မဂ်ဖိုလ်ဟုဆိုအပ်သောရှစ်ပါးသော လောကုတ္တရာ

စိတ်တို့၌ဖြစ်သည်။ ထိုကြောင့် မြေပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါတို့ကိုရသည်ဟုပြောသောရဟန်းသည်။ ပါရာဇိကသို့မကျရောက်။ လောကီဖြစ်သောအတ္ထပဋိသမ္ဘိဒါကိုရသည်ဟု သာမညအားဖြင့်ဆိုသည်ရှိသော်ပါရာဇိကသို့မကျရောက်။

"နိရောဓသမာပတ်ကိုဝင်စား၏"ဟူ၍လည်းကောင်း။ "နိရောဓ-သမာပတ်ကိုငါရ၏" ဟူ၍လည်းကောင်း ပြောဆိုသော ပုဂ္ဂိုလ်အားလည်း။ နိရောဓသမာပတ်၏ လောကီ-လောကုတ္တရာ မဟုတ်သောကြောင့်ပါရာဇိကအာပတ်မရှိဟုမှတ်လေ။

> နိရောဓသမာပတ္တိ သမာပဇ္ဇာမီတိဝါ လာဘိမှာ ဟံတဿာတိဝါ ဝဒတော ပိ ပါရာဇိကံနတ္ထိ၊ ကသ္မာ နိရောဓသမာပတ္တိယာ နေဝလောကိယတ္တာ၊ နလောကုတ္တရတ္တာ။ ။ (ကင်္ခါ–ဋ)

အတ္တူပနာယိကံ၌၊ အတ္တ,ဥပနာယိကဟူ၍နှစ်ပုဒ်ခွဲ။ "ဥပနေတီတိ ဥပနာယိကော" ဟုပြု၍ ကပ်၍ဆောင်တတ်သော ရဟန်းကိုယူ။ ဥ ဓေးရှိသော နိဓာတ်၊ ဏွုပစ္စည်း။ "ဏွတ္တိလိင်တွင်၊ အကမြင်၊ အ လျှင် ဆွဖြစ်မြဲ"ဟူသောနိယံကို ယေဘုယျဟု မှတ်ယူရာ၏။ ပုလ္လိင်၌လည်း အ,ကို ဆွပြုသေး၏။ "အတ္တနိဥပနာယိကော အတ္တူပနာယိကော" ဟု တွဲ၍မိမိ၌ဥတ္တရိမနုဿဓမ္မကို ဆောင်တတ်သော ရဟန်းကိုယူ။ ဝါ၊ တနည်း "အတ္တာနံ ဥပနာယိကောအတ္တူပနာယိကော"ဟုပြု၍ မိမိကိုယ်ကို ဥတ္တရိမနုဿဓမ္မ၌ဆောင်တတ်သောရဟန်းကိုယူ။

> အတ္တူပနာယိကန္တိ တေဝါကုသလေ ဓမ္မေ အတ္တနိ ဥပနေတိ၊ အတ္တာနံ ဝါ တေသု ကုသလေသုဓမ္မေသု ဥပနေတိ။ ။ (ပ)

> အတ္တူပနာယိကန္တိ အတ္တနိတံ ဥပနေတိအတ္တာနံဝါ တတ္ထဥပနေတီတိ အတ္တူပနာယိကော။ ။ (ကင်္ခါ–ဋ)

အတ္တူပနာယိကံ၊ မိမိ၌ဥတ္တရိမနုဿဓမ္မကို ဆောင်သည်ကို။ ဝါ၊ မိမိကိုယ်ကိုဥတ္တရိမနုဿဓမ္မ၌ဆောင်သည်ကို။ ကတွာ၊ ပြု၍။ ဤသို့ ကတွာဟူသောပါဌသေသကြိယာပုဒ်နှင့်စပ်၍ ယောဇနာရာ၏။ ဝါ၊ တနည်း။ အတ္တူပနာယိကံ၊ မိမိ၌ဥတ္တရိ မနုဿဓမ္မကို ဆောင်သည်ကို။

ဝါ၊ မိမိကိုယ်ကိုဥစ္စာရှိမနုဿမှု၍ဆောင်သည့်ကို ပြု၍။ ဤသို့ ဘာဝ နပုံးကြိယာဝိသေသနလည်းယောဇနာရာ၏။

တံအတ္တုပနာယိကံ ဇံ ကတွာ သမုဒါစရေယျာတိ သမ္ဗန္ဓော၊ ဟုဖွင့်ဆိုတော်မူ၏။ အနုဝဏ္ဏနာ၌ကား။ အထဝါ အတ္တုပနာယိကန္တိ ဘာဝနပုံသကနိဒ္ဒေသော အတ္တုပနာယိတွာ သမုဒါစရေယျာတိ အတ္ထော ဟု ဖွင့်ဆိုတော်မူ၏။

ထို“အတ္တနိ ဥပနေတိ,အတ္တာနံ ဥပနေတိ နှစ်မျိုးတို့တွင်”ဤဈာန် စသည်အပြားရှိသောတရားတို့သည်၊ငါ၌ထင်ကုန်၏။ဤသို့ပြောကြား သောပုဂ္ဂိုလ်သည် မိမိ၌ ဥစ္စာရှိမနုဿမှုကို ကပ်၍ ဆောင်သည်ဟု သိမှတ်ရာသည်။ငါသည် ဤဈာန်စသော အပြားရှိသော တရားတို့၌ ထင်၏ဟုပြောကြားသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ထိုဈာန်စသည့် အပြားရှိသောတရားတို့၌ ကပ်၍ ဆောင်သည်မည်၏ဟု မှတ်ယူရာ သည်။

> တတ္ထဧတေဓမ္မာ မယိသန္ဒိဿန္တီတိ သမုဒါစရန္တော အတ္တနိ တေ ဥပနေတိ အဟံ ဧတေသု သန္ဒိဿာမီတိ သမုဒါစရန္တော အတ္တာနံ တေသု ဥပနေတီတိ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ—၄၄)

အလမရိယဉာဏဒဿနံ ပုဒ်အပေါင်းတို့တွင် အလံသည် ဘူသနေဝါ ရဏေစာလံ ဝုစ္စတေပရိယတ္တိယံ၊ဟူသော အဘိဓာန်နှင့်အညီ ဘူသန တန် ဆာံဟူသောအနက်၊ဝါရဏ, မြစ်ခြင်းဟူသော အနက်, ပရိယတ္တိ စွမ်းနိုင်ခြင်းအနက်ကိုဟော၏။

သုံးလိင်အရိယသဒ္ဒါသည် သောတာပန္နာဒိကေ အဂ္ဂေ၊အရိယော ဝံသု ဒွိဇေ ပုမေ၊ ဟူသောအဘိဓာန်နှင့်အညီ သောတာပန်စသော အရိယာပုဂ္ဂိုလ်ဟူသောအနက်, မြတ်သော အနက်ကိုဟော၏။ ပုလ္လိင် အရိယသဒ္ဒါသည် ပုဏ္ဏားဟူသော အနက်ကိုဟော၏။ ထိုအနက်တို့ တွင်ဤအရာ၌။ အဂ္ဂ မြတ်သော အနက်ကိုဟော၏။ ဝစနတ္ထ ကား၊ “ဇာနာတီတိဉာဏံ” ဟုပြု၍၊ ဈာန်စသည်အပြားရှိသော တရားကို ဉာဏဒဿနံဟူ၍ဆိုကြောင်း ဖြစ်သောဝိဂ္ဂဟသုံးပါးကိုပဋ္ဌာနနည်းအား ဖြင့်ယူတော်မူ၏။

ဉာဏန္တိတိဿောဝိဇ္ဇာ၊ဒဿနန္တိ ယံဉာဏံ တံဒဿနံ ယံဒဿနံ တံဉာဏန္တိ ဝိဇ္ဇာ သီသေန ပဒဘာဇနီယတ္တံ။ ။ (ကင်္ခါ-၄)

အလမရိယဉာဏဒဿနဟုဒ်၌၊အလုံးစုံသောမဟဂ္ဂုတ်လောကုတ္တရာလည်းဖြစ်သောပညာကိုဉာဏဟူ၍သိရာ၏။

မဟဂ္ဂတ လောကုတ္တရာ ပနေတ္ထ သဗ္ဗာပိ ပညာ ဉာဏန္တိ ဝေဒိတဗ္ဗာ။ ။ (ကင်္ခါ-၄)

''ဒဿတိဝိဒဿနံ''ဟူပြု၍ ဉာဏ်ကိုပင်ယူ၊ ထို့ကြောင့် ပါဠိတော်၌။ဒဿနန္တိ ယံဉာဏံ တံဒဿနံ ယံဒဿနံ တံဉာဏံ ဟု ဟောတော်မူ၏။

''ဉာဏဉ္စတံဒဿနဉ္စာတိဉာဏဒဿနံ'' ဟုပြု၍ ဉာဏ်တခုးကိုယူ။အတင်ခေန်၌ကား။ ဖလေဝိပဿနာဒိဗ္ဗ၊ စက္ခု သဗ္ဗညုတာသုစ။ ပစ္စဝေက္ခဏဉာဏာဗှိ၊မဂ္ဂေစဉာဏဒဿနံ။ဟုလာ၏။

ဉာဏဒဿနံ၊ ဉာဏဒဿန သဒ္ဒါသည်။ ဖလေ၊ ဖိုလ်၌လည်းကောင်း။ဝိပဿနာ ဒိဗ္ဗစက္ခု သဗ္ဗညုတာသုစ၊ဝိပဿနာဉာဏ် ဒိဗ္ဗစက္ခုဉာဏ် သဗ္ဗညုတဉာဏ်တို့၌လည်းကောင်း။ ပစ္စဝေက္ခဏ ဉာဏမှိ။ ပစ္စဝေက္ခဏာ ဉာဏ်၌ လည်းကောင်း။ မဂ္ဂေစ၊ မဂ်၌လည်းကောင်း။ဘဝေ၊ဖြစ်၏။

“အရိယံဉာဏဒဿနံ အရိယဉာဏဒဿနံ'' ဟုပြု၍ မြတ်သောစင်ကြယ်သော ဉာဏ်ကိုယူ။ ''အလံပရိယတ္တံ အရိယ ဉာဏဒဿနံ ဧတ္ထာတိ အလမရိယဉာဏဒဿနော''ဟုပြု။''အလံဝါ အရိယဉာဏဒဿနံအဿာတိအလမရိယဉာဏဒဿနော''ဟုပြု၍ကိလေသာကိုဖျက်ဆီးခြင်းငှါစွမ်းနိုင်သော မြတ်သောဉာဏ် အမြင်ရှိသော ဥတ္တရိမနုဿဓမ္မ ကိုယူ။

သမုဒါစရေယျ ပါဌ်ဖြင့် မိန်းမ, ယောကျ်ား, လူ, ရဟန်းတို့အားပြောကြားသည်ကိုယူ။ ဖြစ္စာ ဘီလူး တိရစ္ဆာန်, နတ်မာရ်,ဗြဟ္မာတို့အား ပြောကြားသည်ကိုမယူရ ဟုပြတော်မူသည်။

သမုဒါစရေယျာတိ အာရောစေယျ ဥတ္တိယာဝါ ပုရိသသံဝါ ဂဟဋ္ဌသဝါ ပဗ္ဗဇိတသဝါ။ ။ (ကင်္ခါ-ပါ)

ဥတ္တိယာဝါတိ အာဒိပန အာရောစေတဗ္ဗ ပုဂ္ဂလနိဒဿနံ တေသံဟိ အာ ရောစိတေ အာရောစိတံ ဟောတိ။နဒေဝ မာရမြဟ္မာနံနဒိပေတ ယက္ခတိရစ္ဆာ န ဂတာနန္တိ၊ ။ (ကင်္ခါ-ဋ္ဌ)

ဉတိဗျာနာသမိ,ဉတိပဿာမိ ဟူသော စကားသည် ပြောကြားပုံ အခြင်းအရာကိုထုတ်၍ပြကြောင်းဖြစ်သော စကားတည်း။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ဉတိဗျာနာသမိ ဉတိပဿာမိတိသမုဒါစရဏာ ကာ ရနိဒဿန မေတံ။ ။ဟု ဖွင့်၏။

ဉာတိသဒ္ဒါကို သမုဒါစရေယျ ဟူသောပုဒ်နှင့် နိဒဿန နိဒဿေ တဗ္ဗအဖြစ်ဖြင့် စပ်ရာ၏။ ဤပုဂ္ဂိုလ်သည် ပြောကြားဆဲသောခဏ၌သာ လျှင် ပါရာဇိကသို့ကျရောက်သည်။ထို့ကြောင့် အဋ္ဌကထာ၌။ ။အယံ ပန အာရောစိတက္ခဏေယေဝ ပါရာဇိကံ အာပဇ္ဇတိ၊ ။ဟု ဖွင့်၏။

တတော အပရေန သမယေန ဟူသော ပါဠ်ဖြင့် ပါရာဇိကအာ ပတ်ကိုဝန်ခံရာကာလကို ပြတော်မူသည်။သမနုဂ္ဂါဟိယမာနောဝါ အ သမနုဂ္ဂါဟိယမာနောဝါ အာပန္နောဝိသုဒ္ဓါပေက္ခော ဟူသောပါဠ်ဖြင့် အာပတ်ကိုဝန်ခံခြင်းအကြောင်းကိုပြတော်မူသည်။ ဝါသဒ္ဒါကား အနိ ယမ အနက်ရှိ၏။

**မေးစိစစ်ပုံ။**

သမနုဂ္ဂါဟိယမာန,အသမနုဂ္ဂါဟိယမာန နှစ်ပါးတို့တွင် သမနုဂ္ဂါ ဟိယမာန အရာ၌ ကိံ တေ အဓိဂတံ ဟူသောပုစ္ဆာသည် ရအပ်သော ဈာနဝိမောက္ခ စသော တရားတို့ကို မေးသော အဓိဂမပုစ္ဆာတည်း။ ကိန္တိအဓိဂတံ ဟူသောပုစ္ဆာသည် ရအပ်သော တရား၏အကြောင်း ကိုမေးသော ဥပါယ ပုစ္ဆာတည်း။ထို့ကြောင့်အဋ္ဌကထာ၌။ ။ကိန္တိ အဓိဂတန္တိ ဥပါယပုစ္ဆာ။ ။ဟု ဖွင့်၏။

ကဒါတေအဓိဂတံ ဟူသောပုစ္ဆာသည် အဘယ်အခါကာလ၌ ရ အပ်ပါသနည်းဟု အခါကာလကိုမေးသော ကာလပုစ္ဆာတည်း။ ထို ကြောင့်အဋ္ဌကထာ၌။ ။ကဒါတေအဓိဂတန္တိ ကာလပုစ္ဆာ။ ။ဟုဖွင့်၏။

ကစ္စတေအဓိဂတံ ဟူသော ပုစ္ဆာသည် အဘယ် အရပ်၌ဘာနန္ဒရ အင်ပါသနည်းဟုမေးသော ဩကာသပုစ္ဆာတည်း။ ထို့ကြောင့် အဋ္ဌကထာ၌။ ။ကစ္စတေအဓိဂတန္တိ ဩကာသပုစ္ဆာ။ ။ဟု ဖွင့်၏။

ကတမေတေကိလေသာပဟီနာ ဟူသော ပုစ္ဆာသည် ပယ်အပ်သော ကိလေသာတို့ကိုမေးသော ပဟီနကိလေသပုစ္ဆာတည်း။ ။

ကတမေသံ တွံ ဓမ္မာနံ လာဘီ ဟူသော ပုစ္ဆာသည် လဒ္ဓဓမ္မပုစ္ဆာတည်း။

ဥတ္တရိမနုဿဓမ္မကို ပြောကြားသောရဟန်း၏ဈာနံနာမမေအဓိဂတံ အသံနာမမေအဘိနိဝေသောဧံမယာအဓိဂတံအသုကသ္မိံနာမကာလေ အဓိဂတံ။ ။အစရှိသော ဤစကားအစဉ်ဖြင့်လည်း ပြောဆိုသော စကားတို့မယုံကြည်ရသေး။ရဟန်းတို့မည်သည် များသောအကြားအမြင်ရှိကုန်သည် ဖြစ်၍လည်းကောင်း ပါဠိအဋ္ဌကထာတို့၌ လိမ္မာကုန်သည်ဖြစ်၍လည်းကောင်း ခြောက်ပါးသော၍အမေးပုစ္ဆာတို့ကို ဖြေဆိုသုတ်သင်ခြင်းငှာစွမ်းနိုင်ရာသောကြောင့်မှတ်ပါလေ။ဤသို့သဘောရှိသော ဥတ္တရိမနုဿဓမ္မကို ပြောကြားသော ရဟန်း၏ ဥတ္တရိမနုဿဓမ္မသို့ရောက်ကြောင်း အကျင့်ကိုသုတ်သင်သင့်သည်။အကယ်၍အာဂမနပဋိပဒါ မစင်ကြယ်ခဲ့သော် ဤမည်သောအကျင့်ဖြင့်လောကုတ္တရာ မည်သောတရားကိုမရအပ်ဟု ပယ်ရသည်။

ဧဝံ ယဿ အာဂမနပဋိပဒါ သောဓေတဗ္ဗာ၊ ယဒိ အာဂမနပဋိပဒါ န သုဇ္ဈတိ၊ ဣမာယ ပဋိပဒါယ လောကုတ္တရဓမ္မော နာမ န လဗ္ဘတီတိ အပနေတဗ္ဗော။ ။ (ကင်္ခါ-၌)

ဤသို့ အာဂမန ပဋိပဒါ စင်ကြယ်ခါမျှဖြင့်လည်း ပူဇော်သက္ကာရကိုမပြုအပ်။အချို့သောရဟန်းသည် ပုထုဇ္ဇန်ဖြစ်လျက်လည်း ရဟန္တာပုဂ္ဂိုလ်၏အကျင့်နှင့်တူသော အကျင့်ရှိသည်။ထို့ကြောင့် ထိုရဟန်းကို ထိုထိုသို့သောအကြောင်း ဥပါယ်တမျည့်တို့ဖြင့် ထိပ်လန့်စေရမည်။

တသ္မာ သော ဘိက္ခု တေဟိ တေဟိ ဥပါယေဟိ ဥတ္တာသေတဗ္ဗော။ (ကင်္ခါ—၌)

မိုးကြိုးသည် ထိပ်၌ကျသော်လည်း ရဟန္တာမည်သော ပုဂ္ဂိုလ်သည် ကြောက်ခြင်း ကိုယ်ခက်ထရော်ရှိခြင်း ထိပ်လန့်ခြင်း မရှိသည်ဖြစ်၍ ခြင်္သေ့ကဲ့သို့ အကယ်၍ နေထိုင်နိုင်အံ့။ဤရဟန်းသည် ပြည့်စုံ

သောဖြေကြားခြင်းရှိသည်ဖြစ်၍ ထက်ဝန်းကျင်မှ မင်း, မင်း၏အမတ် စသည်တို့သည် စေအင်သော ပူဇော်သက္ကာရကို ခံထိုက်သည်။

သစေပန အဘိရူ အဆန္တိ အနုတြာသီဟုတွာ သီဟောဝိယ နိသီဒတိ၊ အယံ ဘိက္ခု သမ္ပန္နဝေယျာကရဏော သမန္တာ ရာဇ ရာဇမဟာမတ္တာ ဒီဟိပေသိတံ သက္ကာရံ အရဟတီတိ၊ ။ (ကဏ်-၄)

ဝိသုဒ္ဓါပေက္ခော ပုန်၌ "ဝိသုဒ္ဓိအပေက္ခော ဝိသုဒ္ဓါပေက္ခော" ဟု တွဲ၍ လူဥပသကာ အရံစောင့်သာမဏေတို့၏ အဖြစ်ဟုဆိုအပ်သော စင်ကြယ်ခြင်းကိုငဲ့သောရဟန်းကိုယ်။

ဝိသုဒ္ဓါပေက္ခောတိ ဂိဟိဝါ ဟောတုကာမော ဥပသကောဝါ ဟောတုကာမော အာရာမိကောဝါ ဟောတုကာမော သာမဏေရောဝါ ဟောတုကာမော။ ။ (ကဏ်-ပါ)

ဝိသုဒ္ဓါပေက္ခောတိ အတ္တနော ဝိသုဒ္ဓိံ အပေက္ခမာနော ဣစ္ဆမာနော ပတ္ထယမာနော၊ ။ (ကဏ် ၄)

ပါရာဇိကသို့ ကျရောက်သောရဟန်းသည် ဘိက္ခုဘာဝ၌တည်၍ ချွန်စသောတရားတို့ကိုရခြင်းငှာ မထိုက်။ ပါရာဇိကသို့ ကျရောက် သော ရဟန်း၏ ဘိက္ခုဘာဝသည် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် လည်း ဖြစ်၏။

အယဉ္ဟိယသ္မာ ပါရာဇိကံ အာပန္နော၊ တသ္မာဘိက္ခုဘာဝေ ဌတွာ အဘဗ္ဗော ဈာနာဒီနိ အဓိဂန္တုံ၊ ဘိက္ခုဘာဝေါ ဟိဿသဂ္ဂန္တရာယာယစေဝ ဟောတိ မဂ္ဂန္တရာယာယစ၊ ။ (ကဏ် ၄)

သဗ္ဗညုမြတ်စွာဘုရားသည်။သာမညဲ့ဒုပ္ပချာမဉ္ဈံ၊နိရယာယုပကာနုတိ။ ။ဟူ၍လည်းကောင်း။ သိထိလောဟိပရိဗ္ဗဇော၊ဘိယျော အာကိရတေ ရဇံ။ ။ဟူ၍လည်း ဟောတော်မူ၏။

ဒုပ္ပရာမဉ္ဈံ၊မကောင်းသဖြင့်အမှားသုံးသပ်အပ်သော။ သာမညံ၊ ရဟန်း၏အဖြစ်သည်။နိရယာယ၊ငရဲအလို့ငှာ။ ဝါ၊ငရဲသို့။ ဥပကဍ္ဎတိ။ ကပ်၍ငင်တတ်၏။သိထိလော၊လျော့သောအကျင့်ရှိသော။ပရိဗ္ဗဇော၊ လျော့သောရဟန်းသည်။ ဘိယျော၊လွန်စွာ၊ ရဇံ၊ ကိလေသာတည်းဟူသောမြူကို။အာကိရတေဟိ အာကိရတေဝ၊ လောင်းသည် သာ လျှင်တည်း။

လူဒါယကာ အခံစောင့် သာမဏေဖြစ်၍ အလှူမေးခြင်း သရဏဂုံဆောက်တည်ခြင်း သီလသိက္ခာပုဒ်ကိုစောင့်ထိန်းခြင်း စသည်ဘို့ဖြင့် နတ်ရွာခရီးကိုလည်းကောင်း ဈာနဝိမောက္ခစသည်တို့ဖြင့် သံသရာမှ လွတ်ကြောင်း ခရီးကိုလည်းကောင်း ပြီးစေခြင်း ရစေခြင်းငှာ ထိုက်သောကြောင့် ထိုပါရာဇိကကျရောက်ပြီးသောရဟန်း၏ လူစသည်တို့၏အဖြစ်သည် ဝိသုဒ္ဓိ မည်သည်။ ။ဘို့ကြောင့် ထိုဝိသုဒ္ဓိကိုငဲ့သောကြောင့် ဝိသုဒ္ဓါပေက္ခော ဟူ၍ဆိုတော်မူသည်။

ယသ္မာ ပန ဂိဟိဘာဝေ ဥပါသကဘာဝေ အာရာမိကဘာဝေ သာမဏေရဘာဝေ ဝါ ဌိတဿ ဒါန သရဏ သီလ သံဝရာဒီဟိ သဂ္ဂမဂ္ဂံ ဝါ ဈာန ဝိမောက္ခာဒီဟိ မောက္ခမဂ္ဂံ ဝါ အာရာဓေတုံ ဘဗ္ဗော ဟောတိ၊ တသ္မာ ဿ ဂိဟိ အာဒိဘာဝေါ ဝိသုဒ္ဓိ နာမ ဟောတိ၊ တသ္မာ တံ ဝိသုဒ္ဓိံ အပေက္ခနတော ဝိသုဒ္ဓါပေက္ခောတိ ဝုတ္တံ။ ။ (ကင်္ခာ-ဋ္ဌ)

ဝေါ သဒ္ဒါသည် ဝုတ္တာပေက္ခ, ဝုတ္တမာနာပေက္ခ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝုတ္တမာနာပေက္ခတည်း။ သို့ဖြစ်၍ "ဝေါ အရှမိနာ ဝုတ္တမာန နယေန၊ ၍ ဆိုလတ္တံ့သော နည်းဖြင့်" ဟု သမ္ဗန်။ ။တနည်း၊ ဝေါ အရှ န ဝစနံ၊ ၍ ဆိုလတ္တံ့သော စကားကို၊ ဝဒေယျ ဆိုရာ၏။ ဤသို့လည်း ပြန်ဆိုပါ။

အဇာနမေဝံ အာဝုသော။ တနည်း အဇာနမေဝ အာဝုသော ဟူ၍ ပါဌ်နှစ်ထွေရှိ၏။ အဇာနမေဝံ ရှိသောပါဌ်အလိုအားဖြင့်၊ အာဝုသော၊ ငါ့ရှင်။ အဇာနံ အဇာနန္တော၊ မသိဘဲလျက်။ ဝေါ၊ ၍ သို့။ ဇာနာမိ၊ ငါ သိ၏။ အပဿံ အပဿန္တော၊ မမြင်ဘဲလျက်။ ဝေါ၊ ၍ သို့။ ပဿာမိ၊ ငါ မြင်၏။ တုစ္ဆံ၊ ၍ သို့။ အဝစံ၊ ဆိုမိ၏။ ဤသို့ပြန်ဆိုပါ။

အဇာနမေဝ ရှိသောပါဌ်အလိုအားဖြင့်။ အာဝုသော၊ ငါ့ရှင်။ အဇာနမေဝ အဇာနန္တောဧဝ၊ မသိဘဲလျက်သာလျှင်။ ဇာနာမိ၊ ငါသိ၏။ တုစ္ဆံ၊ ၍ သို့။ အဝစံ၊ ဆိုမိ၏။ အပဿ အပဿန္တောဧဝ၊ မမြင်ဘဲလျက်သာလျှင်။ ပဿာမိ၊ ငါမြင်၏။ တုစ္ဆံ၊ ၍ သို့။ အဝစံ၊ ဆိုမိ၏။ ဤသို့လည်း ယောဇနာရာ၏။

ဇာနာမိ ပဿာမိ ဟူသောပုဒ်တို့၏ အဆုံး၌။ အဝစံ ဟူသော သဒ္ဒန္တရကိုထောက်ဆ၍ တုစ္ဆ သဒ္ဒါ ရှိသည်ဟု သိရာ၏။ ထို့ကြောင့်

သာရဇ္ဇန္တိ။ အဇာနမေဝါတိပါဠိ၌ ဝေါတိအဝဓါရဏတ္ထေ နိပါတော၊ အဇာနမေဝ ဣတိပါဠိ၌ ပန ဝေါဇာနာမိ ဝေါ ပဿာမီတိ အဝစန္တိ ယော ဇေတဗ္ဗံ။ ဟုဖွင့်တော်မူ၏။

မုသာသဒ္ဒါသည် ကံအနက်၌ မဟုတ်မမှန်သည်ကို ဟောသော နိပါတ်တည်း။ ထို့ကြောင့် အနုဝဏ္ဏနာ၌။ မုသာတိ [illegible] အဘူတ ဝါစကော နိပါတော။ ဟုဖွင့်တော်မူ၏။

ဝဇ္ဇံကိုလွန်ကျူးသည့်၏ အဖြစ်ကြောင့်သာလျှင် ပါရာဇိက ကျ ရောက်သောကြောင့် အာပတ်ကိုဝန်ခံသော အခြင်းအရာကို ပြခြင်း သည်အဘယ်အကျိုးရှိပါသနည်းဟု မေး။

စုဒိတကပုဂ္ဂိုလ်၏ ဝန်ခံသော်သာလျှင် ပြုအပ်သော အကျိုးရှိပါ သည်ဟုဖြေ။ ထို့ကြောင့် ပါဠိတော်၌။ ဘိက္ခုပဋိဇာနမာနောတိဏ္ဏံ ဓမ္မာနံအညတရေန ကာရေတဗ္ဗော။ ဟုဖွင့်တော်မူ၏။

## အဓိမာန။

အညတြအဓိမာနာ ဟူသောပုဒ်သည်အဓိမာနဖြင့်အရဟတ္တ ဖိုလ်ကို ပြောကြားခြင်းကြောင့် ပညတ်အပ်သော အဇ္ဈာဟာရိက အနုပညတ်တည်း။

“အဓိမာန၌ အဓိဂတော ဉာတိ မာနေ သညာ အဓိမာနော”ဟု သမာသ်ပြု၍ရအပ်ပြီဟုမှတ်ထင်ခြင်းကိုယူ။

တနည်း။ “အဓိဂတော ဉာတိမာနော သညာယသာတိ အဓိမာ နော”ဟုပြု၍ရအပ်ပြီဟုမှတ်ထင်ခြင်းရှိသောရဟန်းကိုယူ။ အဓိမာန ကိုကြည့်၍ ဟု ဆိုသော်ယုတ်မာသော အလိုရှိသည်ဖြစ်၍ ပြောကြား သည်ဟုဆိုလိုသည်။

အနာပတ္တိဝါရ၌ ထူးသည်ကိုသာရေးဦးအံ့။ ပဿွားယုတ်မာ သောအလိုရှိမှုကြောင့် မတည့်မူ၍ ထုတ်ကာ ဥတ္တရိမနုဿ ဓမ္မကိုပြော ကြားခြင်းကိုအလိုမရှိဘဲသီတင်းသုံးဖော်တို့၏အထံဝယ် အရဟတ္တ

ဖိုလ်ကိုပြောကြားသောရဟန်းအား အာပတ်မသင့်။ ထိုကြောင့် ပဒဘာဇနီပါဠိတော်၌။ အနာပတ္တိ အနူလ္လပနာဓိပ္ပါယဿ။ ဟု ဟောတော်မူ၏။

အနုလ္လပနာဓိပ္ပါယဿာတိ ကောဟညေ ဇုန္တာစာရေ အဋ္ဌတွာ အနုလ္လပနာဓိပ္ပါယဿ သမြဟ္မစာရီနံ သန္တိကေ အညံ ဗျာကရောန္တဿ အနာပတ္တိ။ ။ (ကင်္ခါ)

ဤသို့ပြောဆိုသော် ငါသည် ဥတ္တရိမနုဿဓမ္မကို ပြောကြားအင်သည်ဟုနှလုံးမသွင်းမူ၍ ငါ့ရှင်အကျွန်ုပ်သည် သေမင်းမှ မကြောက်ပါ။ ဤသို့စသောစကားကို ပြောကြားသော ရဟန်းအား အာပတ်မသင့်။ဤသို့ပြောကြားသော ရဟန်းသည်လည်း ဝေါဟာရအားဖြင့် အရဟတ္တဖိုလ်ကို ပြောကြားသည် မည်သောကြောင့်။ အညံဗျာကရောန္တဿ ဟုဟောကြားတော်မူသည်။

အနုလ္လပနာဓိပ္ပါယဿာတိ ဧဝံဝုတ္တေ ဥတ္တရိ မနုဿဓမ္မော မယာ ပကာသိတော ဟောတီတိ အမနသိကတွာ နာဟံ အာဝုသော မစ္စုနော ဘာယာမိတိ အာဒိကံ ကထေန္တဿ ဧဝံ ကထေန္တော စ ဝေါဟာရတော အညံ ဗျာကရောန္တော နာမ ဟောတီတိ ဝုတ္တံ အညံ ဗျာကရောန္တဿာတိ။ ။ (ဝိ)

လွန်၍မပြောလိုသောရဟန်း။ဤတရားကား ဥတ္တရိမနုဿဓမ္မဟု မမှတ်သောရဟန်းကိုအနူလ္လပနာဓိပ္ပါယဟုဆိုတော်မူသည်။

အနုလ္လပနာဓိပ္ပါယဿာတိ အတိက္ကမိတွာ အဝတ္တုကာမဿ ဥတ္တရိ မနုဿဓမ္မော အယန္တိ အသလ္လက္ခေန္တဿာတိ အဓိပ္ပါယော။ ။ (သာ)

ဤတရားကား ဥတ္တရိမနုဿဓမ္မဟု မမှတ်မူ၍ ပြောကြားသော ရဟန်းသည်လည်း ဝေါဟာရအားဖြင့် အရဟတ္တဖိုလ်ကို ပြောကြားသည်မည်သောကြောင့်။အညံဗျာကရောန္တဿ။ ဟု မိန့်ဆိုတော်မူ၏။

ဥတ္တရိ မနုဿဓမ္မော အယန္တိ အသလ္လက္ခေတွာ ဝဒန္တော ပိ ဝေါဟာရတော အညံ ဗျာကရောန္တော နာမ ဟောတီတိ ဝုတ္တံ အညံဗျာကရောန္တဿာတိ။ ။ (သာ)

# စတုတ္ထပါရာဇိကာပြီးပြီ။

―――o―――

## ပါရာဇိက နိဂမန။

ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော စတ္တာရော ပါရာဇိကာ ဓမ္မာ-ဟူသော ဤစကားသည် ဤဘိက္ခုဝိဘင်း၌အကျဉ်းပြအပ်သော ပါရာဇိကတို့ကိုပြရုံသာဖြစ်သည်။

အလုံးစုံသောပါရာဇိကဝိဘင်း၌လာသောအာပတ်တို့ကို ပြခြင်း မဟုတ်။ထိုပါရာဇိကဝိဘင်း၌ထုလ္လစ္စည်းစသော အာပတ်တို့၏လည်း လာသောကြောင့်ရင်း။ထိုဥဒ္ဒိဋ္ဌသဒ္ဒါဖြင့်သာဟောအပ်သော ဝိဘင်းကို အကျယ်ညွှန်းသောကြောင့်ရင်းမှတ်လေ။

> ဥဒ္ဒိဋ္ဌာခေါ အာယသ္မန္တော စတ္တာရော ပါရာဇိကာ ဓမ္မာတိ ဧတ္ထ ဥဒ္ဒိဋ္ဌပါရာဇိက ပရိဒီပနမေဝ။ ။ (ကင်္ခ ၄)

> ဥဒ္ဒိဋ္ဌ ပါရာဇိက ပရိဒီပနန္တိ သိက္ခာပဒေသု ပါတိမောက္ခုဒ္ဒေသ ဝသေန ဥဒ္ဒိဋ္ဌ ပါရာဇိကဒီပနံ၊ နပန သဗ္ဗသော ပါရာဇိကဝိဘင်္ဂေ အာဂတ အာပတ္တိ ပရိဒီပနံ၊ တတ္ထ ထုလ္လစ္စယာဒီနမ္ပိ အာဂတတ္တာ တေနေဝ ဥဒ္ဒိဋ္ဌသဒ္ဒေန ဝုတ္တ ဝိဘင်္ဂဿ နိဒ္ဒေသတ္တာ။ ။ (ဝိ)

ပေါင်း၍ယူအပ်သောပါရာဇိကတို့သည်ရဟန်းယောက်ျားတို့အား ပညတ်သောမေထုနဓမ္မ,အဒိန္နာဒါန, မနုဿဝိဂ္ဂဟ, ဥတ္တရိ မနုဿဓမ္မ ပါရာဇိက ဟူ၍လေးပါးတို့ရင်း။

ရဟန်းမိန်းမတို့အား ပညတ်သော ရဟန်း ယောက်ျား တို့နှင့် မဆက်ဆံသော ဥဗ္ဘဇာဏုမဏ္ဍလိက, ဝဇ္ဇပဋိစ္ဆာဒိက, ဥက္ခိတ္တာ နုဝတ္တိက,အဋ္ဌဝတ္ထုက ဟူ၍လေးပါးတို့ရင်း။

(၁)ပဏ္ဍုက်။(၂)တိရစ္ဆာန်။(၃)ဥဘတောဗျည်း။(၄)ထေယျသံဝါသက။(၅)တိတ္ထိယပက္ကန္တက။(၆)မာတုဃာတက။(၇)ပိတုဃာတက (၈)အရဟန္တဃာတက။(၉)ဘိက္ခုနီဒူသက။(၁၀)လောဟိတုပ္ပါဒက။ (၁၁)သံဃဘေဒက ဟူ၍ တကျိပ်တယောက်သော အဘဗ္ဗပုဂ္ဂိုလ်တို့ရင်း။လူတို့၏အသွင်၌နှစ်သက်ခြင်းကိုဖြစ်စေ၍ လူတို့၏ အဝတ်ကို ဝတ်သောဘိက္ခုနီမ၏ပါရာဇိက,လမ္ဗီပါရာဇိက,မုဒုပိဋ္ဌိကပါရာဇိက, သူတပါး၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့် စုတ်ယူသော ပရဿ အင်္ဂဇာတမုခေန ဂဏှန္တ ပါရာဇိက,သူတပါး၏အင်္ဂါဇာတ်၌ ထိ၍ ထိုင်သော ပရဿ အင်္ဂဇာတအဘိနိသီဒန္တ ပါရာဇိကတို့ရင်း။ ဤသို့အားဖြင့်နှစ်ဆဲ့လေးပါးအပြားရှိကုန်၏။

နှစ်ဆဲ့လေးပါးသောပါရာဇိကတို့၌ အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တ ယောက်တို့တွင် သုံးယောက်သော ပဏ္ဍုက် တိရစ္ဆာန် ဥဘတော ဗျည်းတို့ကို ပျက်စီးသောဝတ္ထုရှိသောကြောင့်ငှင်း။ အဟိတ် ပဋိသန္ဓေ နေသောကြောင့်ငှင်း။ မဂ်ကိုရရန် တားမြစ်တော်မူသည်။ နတ်ရွာကို တားမြစ်တော်မမူ။

တေသုပဏ္ဍကာ တိရစ္ဆာနဂတ ဥဘတော ဗျဥ္စနကာ တယောဝတ္ထု ဝိပန္နာ အဟေတုက ပဋိသန္ဓိကာ တေသံသဂ္ဂေါ အဝါရိတော၊ မဂ္ဂေါပန ဝါရိတော အဘဗ္ဗာဟိတေ မဂ္ဂပ္ပဋိလာဘာယ ဝတ္ထုဝိပန္နတ္တာပဗ္ဗဇ္ဇာပိနေသံပဋိက္ခိတ္တာ တသ္မာတေပိ ပါရာဇိကာ။ ။ (ကင်္ခါ)

**ဆောင်။ ။ပဏ်-တိ-ဥ-သုံး-နတ်ရွာဆုံး၊အရှုံးမဂ်မိုလ်လာ။ ဝတ္ထုဝိပန်၊ရှင်ဖြစ်ဟန့်တား၊မပန် ပြား၊ ကျထားပါရာဇိ၊ သုံးယောက်ရှိတည်း။**

ဋီကာ။ ဝတ္ထုဝိပန္နာ ဟူသောပုဒ်တွင် ဝတ္ထု၌ "တဗ္ဗာဝ ဘာဝိ တာယ ဘိက္ခုဘာဝေါ ဝသတိဧတ္ထာတိ ဝတ္ထု"ဟု ပြု၍ ဘိက္ခုဘာဝ၏ နေရာတည်ရာဖြစ်သောပုဂ္ဂိုလ်ကို ဝတ္ထုဟုဆိုသည်။ ဝတ္ထုဝိပန္နာ၌ "ဝတ္ထုဝိပန္နံ ယေသံတေတိ ဝတ္ထုဝိပန္နာ"ဟု ပြု၍ ပဏ္ဍုက်၏အဖြစ် စသည့်တို့နှင့် ယှဉ်သောကြောင့် ပျက်စီးသော ဝတ္ထုရှိသော ပုဂ္ဂိုလ် ကို ဝတ္ထုဝိပန္န ဟု ဆိုသည်။

တဗ္ဗာဝ ဘာဝိတာယ ဘိက္ခုဘာဝေါ ဝသတိ ဧတ္ထာတိ ဝတ္ထု၊ ပုဂ္ဂလာနံ ဘိက္ခုဘာဝေါ ရဟတာ သာသပန ပဗ္ဗဇ္ဇကမ္မကာဂတ သမ္ပဒါသင်ရဟိတ သမ္မတ္တိ ယုတ္တတာ တံဝိပန္နံ ပဏ္ဍက ဘာဝါဒိယောဂေန ယေသံတေ ဝတ္ထု ဝိပန္နာ။ ။ (သာ)

ဝတ္ထုဝိပန္နာတိ ပဗ္ဗဇ္ဇုပသမ္ပဒါနံ ဝတ္ထုဘာဝေါ ဝတ္ထုနာမ တေနဝတ္ထုမဇ္ဈေ န ဝိပန္နာ ဝိပန္နဝတ္ထုကာတိ အတ္ထော။ ။ (ဝိ)

အဟေတုကပဋိသန္ဓိကာ ဟူသော ပါဌ်ဖြင့် မဂ်မဖြစ်ခြင်း၏ အ ကြောင်းကိုမိန့်ဆိုတော်မူ၏။

အဟေတုကပဋိသန္ဓိကာတိ မဂ္ဂါနုပ္ပတ္တိကာရဏမာဟ။ ။ (ဝိ)

ဒွိဟိတ်ပုဂ္ဂိုလ်တို့အား မဂ်မဖြစ်သော်လည်း ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ရှင်သာမဏေ ရဟန်းအဖြစ်တို့၌ တည်ကုန်၍ နောင်အခါမဂ်၏ အ ကြောင်းကို ပြီးစေခြင်းငှါ စွမ်းနိုင်ကြကုန်သည်။ အဟိတ် ပုဂ္ဂိုလ်တို့

သည့်ကား စတုပါရိသုဒ္ဓိသီလ၌တည်၍ ပြီးစေခြင်းငှါ မစွမ်းနိုင်ကြ ကုန်သည် ဖြစ်သောကြောင့် ဝဋ္ဋုပိပန္န ဖြစ်သည်ဟု သိမှတ်ကုန်ရာ သည် ဟု ဝိမတိ၌ဆိုသည်။

ထေယျသံဝါသက, တိတ္ထိယ ပက္ကန္တက, မာတုဃာတက, ပိတု ဃာတက,အရဟန္တ ဃာတက, ဘိက္ခုနီဒူသက, လောဟိတုပ္ပါဒက သံဃဘေဒက ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့သည် မိမိပြုသော အမှု အရာ၏ပျက်စီးသောကြောင့် မကျွတ်ထိုက်သော အရာသို့ရောက်ကုန် သည်ဖြစ်၍ ပါရာဇိက ကျကုန်သည်သာမှတ်လေ။

ထိုရှစ်ယောက်သောပုဂ္ဂိုလ်တို့တွင် ထေယျသံဝါသက, တိတ္ထိယ ပက္ကန္တက,ဘိက္ခုနီဒူသက ဤသုံးယောက်တို့သည် နတ်ရွာမဆုံး မဂ် ဖိုလ်မှရှုံးကုန်သည်သာမှတ်လေ။

အနန္တရိယကံငါးပါးကို လွန်ကျူးသော ပုဂ္ဂိုလ်တို့သည် နတ်ရွာ မဂ်ဖိုလ်ထိုထိုသို့သောသုဂတိဘုံမှဆုံးရှုံးသည်ဟုအဋ္ဌကထာ၌ မိန့်၏။

ကံပျက်စီးသောကြောင့် ပဋိသန္ဓေ ခဏ၌ သာသျှင် ရှုံးခြင်းသို့ ရောက်သည်ကိုပါရာဇိကဟုဆိုသည်။

ပါရာဇိကာတိ ကမ္မဝိပတ္တိယာ ပဋိသန္ဓိက္ခဏေယေဝ ပရာဇယံအာပန္နာ။(ဝိ)

ထေယျသံဝါသက တိတ္ထိယပက္ကန္တက ဘိက္ခုနီဒူသက သုံးယောက် တို့သည် လူအဖြစ်၌တည်၍ဥပသမ္ပဒကို အားထုတ်သော်လည်း ထို ဘဝဝယ်မဂ်ကိုမရနိုင်သောကြောင့် မဂ္ဂေါပနဝါရိတော ဟု မိန့်ဆို တော်မူသည်။

ထေယျသံဝါသကာ၊ ဒိန်ဂိဟိဘာဝေဌတ္တာ ဥပသမ္ပဒါယ ဝါယမန္တာနမ္ပိ တသ္မိံ အတ္တဘာဝေ မဂ္ဂုပ္ပတ္တိအဘာဝတော မဂ္ဂေါပနဝါရိတော တိဝုတ္တံ။ ။(ဋီ)

## ဆောင်။ ။ထေတိဘိသုံး၊နတ်ရွာ ပြုံး၊အရှုံးမဂ်ဖိုလ်လာ။ အနန္တရိယ၊ကံငါးဝ၊ရှုံးလှနတ်ရွာ မဂ်ဗလာ။

လမ္ဗိပုဒ်၌ ဒီဃတာယ လမ္ဗမာနံ အင်္ဂဇာတ မေတဿာတိ လမ္ဗီ ဟုပြု၍ရှည်သည့်၏အဖြစ်ကြောင့်တွဲရရွဲဆွဲသော အင်္ဂါဇာတ်ရှိသော ရဟန်းကိုယူ။လမ္ဗီပုဂ္ဂိုလ်သည် ရှည်သော အင်္ဂါဇာတ် ရှိကာမျှဖြင့် ပါရာဇိကကျ၏ဟုမမှတ်ရသေး၊ရှည်သော အင်္ဂါဇာတ်ကို မိမိခံတွင်း

ဝစ္စမဂ်ဝယ် မှိဝဲလိုသောအားဖြင့်သွင်းသော်သာ ပါရာဇိကကျသည်။ ဤအရာဝယ် မုဒ္ဒပိဗ္ဗာကဖြင့် သာသျှင် ခံတွင်း၌ သွင်းခြင်းကို ဆိုပြီးဖြစ်သောကြောင့်ဝစ္စမဂ်တွင်းသွင်းသည့်ကိုသာအလိုရှိအပ်သည်။

သောတွော့ာတာနပါရာဇိကာ တံပနဒီဃံအင်္ဂဇာတံ အတ္တနောမုခေါ ဝစ္စမဂ္ဂေါ သောဝနာ မိပ္ပါယေန ပဝေသေန္တော ဝ ပါရာဇိကော ဇ္ဈာပနာဝစ္စမဂ္ဂေ ပဝေသေန္တော ဒုမိဒ္ဓတော မုဒုပိဋ္ဌိကောနေဝ မုခေါဝေသနာ ဝုတ္တတ္တာ။ (၆)

မုဒုပိဋ္ဌိက သည်လည်း ပြုအပ်ပြီးသော ပရိကံ ရှိသည်၏ အဖြစ်ကြောင့် နူးညံ့သည်ဖြစ်၍ ဖြစ်သော ကျောက်ကုန်းဖြင့်ညွှတ်၍ မိမိ၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့်စုတ်ယူသော်သာ ပါရာဇိကကျသည်၊ သက်သက်ကား မကျနိုင်။

သောပိတိ ကတပရိကမ္မတာယ မုဒုဘူတာယ ပိဋ္ဌိယာဩနမိတွာ အတ္တနော အင်္ဂဇာတံ မုခေန ဂဏှန္တော ဝ ပါရာဇိကော ဟောတိ၊ နကေဝလော။ ။(၆)

မိမိ၏ခံတွင်းဖြင့် မိမိသူတပါး လူအများတို့၏ ဝစ္စမဂ် ခံတွင်းကိုလည်းကောင်း မိန်းမတို့၏ပဿာဝမဂ်ကိုလည်းကောင်း စုတ်ယူသောသူအားလည်းကောင်း ပုရိသနိမိတ်ဖြင့် ပုရိသနိမိတ်ကို တွေ့ထိသောသူအားလည်းကောင်း မဂ်တချက်ဖြင့် မဂ်တချက်ကို ကျင့်သော်လည်း ပုရိသနိမိတ်ဖြင့် ထိုပုရိသနိမိတ်မှ တပါးသော မဂ်တို့၌ ကျင့်ခြင်း အားထုတ်ခြင်းဖြင့်သာသျှင် မေထုနဓမ္မ ဟု ခေါ်ဝေါ်ရသောကြောင့် ပါရာဇိက မကျပေ။

ယောပန မုခေန အတ္တနော ပရေသံ ဝစ္စမဂ္ဂမုခံဝါ ဣတ္ထီနံ ပဿာဝမဂ္ဂံဝါ ဂဏှာတိ တဿပုရိသ နိမိတ္တေန ပုရိသ နိမိတ္တံ ဆုပန္တဿစ မဂ္ဂေန မဂ္ဂံပဋိပါဒနေပိ ပါရာဇိကံ နဟောတိ ပုရိသနိမိတ္တေန တဒိတရမဂ္ဂ သမ္ပဋိပါဒနေနေဝ၊ မေထုနဓမ္မ ဝေါဟာရတော။ ။ (၆)

ပက်လက်အိပ်သော တပါးသူ၏ခိုင်မာသောအင်္ဂါဇာတ်၌ မိမိ၏ ဝစ္စမဂ်ကို သွင်းသည်ရှိသော် ထိုအင်္ဂါဇာတ်၏အထက်၌ ထိုင်သည်မည်၏။ ဤစကားသည်ဥပလက္ခဏမျှသာတည်း။ သူတပါးတို့၏အင်္ဂါဇာတ်ကိုဝစ္စမဂ်၌သွင်းသည်ရှိသော်သာယာသောရဟန်းသည်ပါရာဇိကကျသည်သာလျှင်တည်း။

ပရဿ အင်္ဂဇာတေ အဘိနိသိဒတီတိ ပရဿ ဥစ္စာရံ သယန္တဿ ကမ္မနိယေ အင်္ဂဇာတေ အဘ္ဘာနော ဝစ္စမဂ္ဂံ ပဝေသေန္တော ဘဿုပရိနိသီဒတိ ဇာဒဏ္ဍ ဥပလက္ခဏမတ္တ ပရေသံအင်္ဂဇာတံ ဝစ္စမဂ္ဂေ ပဝေသေန္တော သာဒိ ယန္တော ပိ ပါရာဇိကောဝ။ ။ (ဝိ)

အနိုင်အထက်ပြုသဖြင့် ဝစ္စမဂ်ခံတွင်းတို့၌သူတပါးသွင်းအပ်သည် ရှိသော် အကသ်၍မသာယာအံ့ အာပတ်မရှိမှတ်ရာသည်၊ ဤအရာဝယ် အထူးတင်နှစ်သက်အပ်သောကြောင့် မသာယာခြင်းမည်သည်ကို ပြု နိုင်ခဲသည်။

ဗလက္ကာရေန ပန ဝစ္စမဂ္ဂေဝါမုခေဝါ ပရေန ပဝေသိယမာနေ ယဒိနသာဒိ ယတိ အနာပတ္တိကောဝ၊ ဧတ္တအသာဒိယနံနာမ ဒုက္ကရံ ဝိရန္ဓ ိ တဗ္ဗဘော။ ။(ဋီ)

လမ္ဗီစသော လေးပါးသောပါရာဇိကတို့ကို တင်ခြင်းရာဂ၏ အ စွမ်းဖြင့် တူသောအဖြစ်သို့ ရောက်ကြကုန်သော နှစ်ဦးသော သူတို့၏ အကျင့်သဘောကို မေထုန်အကျင့်ဟုဆိုသောကြောင့် ဤပရိယာသ် အားဖြင့် မေထုန်မမှီဝဲ၍သော်သျှင် သက်သက်မဂ်တခုဖြင့် မဂ်တခုသို့ သွင်းသည်၏အစွမ်းဖြင့် ရောက်သင့်သည် မည်သောကြောင့် မေထုန ဓမ္မပါရာဇိကအားသျှော်ကုန်သည်။ သျှော်သောကြောင့် အနုလောမပါ ရာဇိက ဟူ၍ မိန့်ဆိုကုန်သည် ဟု အဋ္ဌကထာ၌မိန့်၏။

ဤအရာဝယ် တန့်ရပ်၍တစုံတယောက်သောစောဒကသည် မာ တုဃာတက ပိတုဃာတက အရဟန္တဃာတက တို့သည် တတိယ မနုဿဝိဂ္ဂဟ ပါရာဇိကသို့ ဝင်ကုန်ပြီ၊ ဘိက္ခုနီဒူသက လမ္ဗီအစရှိ သော လေးယောက်သောပုဂ္ဂိုလ်တို့သည် ပဌမပါရာဇိကသို့ ဝင်ကုန် ပြီဖြစ်သောကြောင့် အဘယ်သို့လျှင် နှစ်ဆယ့်လေးပါးဖြစ်နိုင်ရာပါသ နည်းဟု မေးဘွယ်ရာရှိသည်။

**အဖြေကား**။ လူသားဖြစ်ကုန်သော လေးယောက်သော မာတုဃာ တကစသည်တို့ကိုအလိုရှိအပ်ကုန်သည် လမ္ဗီအစရှိကုန်သော လေး ယောက်သော ပုဂ္ဂိုလ်တို့ကို ပဌမ ပါရာဇိကဖြင့် သိမ်းသျှသင့်ကုန် သော်လည်း တခုသော ပရိယာသ်အားဖြင့် မေထုန်အကျင့်ကို မမှီဝဲ ကြကုန်သည် ဖြစ်သောကြောင့် နှစ်ဆယ့်လေးပါး ဖြစ်သည် ဟု ဖြေ ကြားအပ်ကုန်သည်။

ဧတ္တာဟ မာတုဃာတက ပိတုဃာတက အရဟန္တဃာတကာနံ တတိယပါရာဇိကံ အာပန္နာ၊ ဘိက္ခုနီဒူသကော လမ္ဗီအာဒယော စတ္တာရော ပဌမပါရာဇိကံ အာပန္နာ ဝေါတိ၊ ကထံ စတုဝီသတီတိ ဝုစ္စတေ၊ မာတုဃာတကာ ဒယော ဟိစတ္တာရော ဣမ အနုပသမ္ပန္နာဝေ အဓိပ္ပေတာ၊ လမ္ဗီအာဒယော စတ္တာရော ကိဉ္စာပိ ပဌမပါရာဇိကေန သင်္ဂဟိတာ၊ ယသ္မာပန ဧကေန ပရိယာယေန မေထုနံဓမ္မံ အပ္ပဋိသေဝိနောဟောန္တိ တသ္မာ ဝုတ္တာတိ။ ။ (သာ)

နှစ်ဦးသော သူတို့၏ရာဂ၏ ထက်ဝန်းကျင်မှ ထကြွသောင်းကြွန်းသည့်ကို ဧက ပရိယာယဟု ဆိုသည်။ ထို့ကြောင့် ဋီကာ၌။ ။ဧကေန ပရိယာယေနာတိ ဥဘိန္နံ ရာဂ ပရိယုဋ္ဌာန သဒိါတေနပရိယာယေန ဟု ဖွင့်ဆိုတော်မူ၏။

ဤဆိုအပ်ပြီးသော စကားအစုံဖြင့် ပါရာဇိက၏ သန္နိသနေ္ခိယ သရုပ်ကိုပြပြီး၍ ယခုအခါဝယ် လေးပါးသောပါရာဇိကတို့၌ အကြီးဝင်သော ပါရာဇိကောဟောတိ အသံဝါသော ဟူသော ပါဌ်၏ အနက်ကို အကြောင်းအကျိုးဥပမာတို့ဖြင့် အကျယ်ချဲ၍ ပြခြင်းငှာ ယေသံဘိက္ခု ဤသို့စသောစကားကိုဟောတော်မူသည်။ ထိုပါဌ်တို့တွင် ယေသံဘိက္ခုအညတရံဝါ အညတရံဝါ အာပဇ္ဇိတွာ ဟူသော ပါဌ်ဖြင့် ပါရာဇိကော ဟူသောပုဒ်၏အကြောင်းကိုအကျယ်ပြသည်။

နလဘတိ ဘိက္ခူဟိ သဒ္ဓိံသံဝါသံဟူသောပါဌ်ဖြင့် အသံဝါသော ပါဌ်၏ အကျိုးကိုအကျယ်ပြသည် ယထာပုရေတထာပစ္ဆာဟူသော ပါဌ်ဖြင့် နှစ်ပုဒ်ကိုအကျယ်ချဲ၍ပြသည် ထိုပါဌ်အပေါင်းတို့တွင် ယေ သံ ဟူသော ပုဒ်သည် တေသံ ဟူသောပုဒ်ကဲ့သို့ ပစ္စတ္တဝိသယနိယမိတ ပုဒ်ဖြစ်သည် ဆရာတို့ကား ယေသံ ဟူသော ပုဒ်ကို ယော သေံ ဟုပုဒ်ဖြတ်၍ နောက်ဝါကျနှင့်စပ်၍အနက်ယောဇနာကြသည်။

ယ,သဒ္ဒါ တ,သဒ္ဒါတို့ဖြင့်မှတ်အပ်သောအနက်သည် အထူးမရှိဘဲ အသံဝါသသာဖြစ်သောကြောင့် မသင့်မှတ်လေ ယေသံ ဟူသောပုဒ်ကို ယော သေံ ဟု ပုဒ်ဖြတ်ခြင်းသည် ယောဘိက္ခု ဟူသောပုဒ်ကို အပ္ပဋ္ဌာနဖြစ်သော အာပဇ္ဇိတွာ ဟူသောပုဒ်နှင့်စပ်သည့်၏အစွမ်းဖြင့် အနက်ကိုယူသည်ရှိသော် သင့်မြတ်၏ အညတရံဝါ အညတရံဝါ တို့၌ ဝါသဒ္ဒါသည် ဟောအပ်သောအနက်တို့တွင် အနိယမအနက်ရှိ၏။

အညတရံဝါ အညတရံဝါ ဟူသော ဤစကားသည် ပြန့်နှံ့စေခြင်းငှာ။ နှစ်ကြိမ်ဆိုသော ဝိစ္ဆာစကားတည်း။

ထို့ကြောင့် သဒ္ဒသာရတ္ထဇာလိနီကျမ်း၌......

ဘုသောရိတေပိ နေကတ္ထံ ဝိစ္ဆာ ဝစနမီရိတံ။

အာမေဍိတံ ပနေကတ္ထံ ဒွိတ္တိက္ခတ္တုံ မုဒီရိတံ။ ။

ဟု မိန့်ဆိုတော်မူ၏။

ဘုသော၊ များသောအားဖြင့်။ အနေကတ္ထံ၊ များသောအနက်ရှိသော သဒ္ဒါကို။ ဒွိတ္တိက္ခတ္တုံ၊ နှစ်ကြိမ်သုံးကြိမ်။ ဤရိတေပိ၊ ရွတ်ဆိုအပ်ချေ၌လည်း။ ဝိစ္ဆာဝစနံ၊ ဝိစ္ဆာသဒ္ဒါဟူ၍။ ဤရိတံ၊ ဆိုအပ်၏။ ဧကတ္ထံ၊ တခုသောအနက်ရှိသော သဒ္ဒါကို။ ဒွိတ္တိက္ခတ္တုံ၊ နှစ်ကြိမ်သုံးကြိမ်။ ဥဒီရိတံ ဥဒီရဏံပန၊ ရွတ်ဆိုခြင်းကိုကား၊ အာမေဍိတံတိ အာမေဍိတ်ဟူ၍။ ဤရိတံ၊ ဆိုအပ်၏။

အာပဇ္ဇိတွာ ပုဒ်၌ တွာ ပစ္စည်းသည် ဟိတ် အနက်ကိုဟော၏ သိဟံဒိသွာဘယံဟောတိ ဤသို့စသော ဥဒါဟရဏ်တို့၌ကဲ့သို့ မှတ်လေ ထို့ကြောင့် နိယံဆရာတို့သည်။

ပုဗ္ဗာပရသမာနနှင့် လက္ခဏဟေတု ငါးခုအတ္ထ သက်အပ်စွ တုနတွာနတွာ ။ ။ ဟူသော နိယံကို သီကုန်းတော်မူကြ၏။

ယထာပုရေတထာပဉ္စာပါရာဇိကာ ဟောတိ အသံဝါသော ဟူသောပါဌ်အပေါင်းတို့တွင် ပုရေ ဟူသောသဒ္ဒါသည် အတိတ်ကာလကိုဟောသော နိပါတ်ပုဒ်တည်း ဖြစ်စသည်ကိုဟောသောနာမသဒ္ဒါ မဟုတ် ပဉ္စာသဒ္ဒါသည် အပရကာလဝါစကသတ္တမီဝိဘတ် အဆုံးရှိသောနိပါတ်ပုဒ်တည်း။

ပုဗ္ဗေ၊ ရှေးလူသာမဏေဖြစ်သောကာလ၌။ ဘိက္ခုဟိ၊ ပကတတ်ရဟန်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အသံဝါသော၊ ပေါင်းဖော်ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ခဲ့ပြီးသောစကားအစဉ်ဖြင့် အာပတ်ကိုပြပြီး၍ ဤအခါ၌ ထိုအာပတ်မှစင်ကြယ်သောအဖြစ်ကို မေးဖြေသော အခြင်းအရာဖြင့် သံဃာဉပုသ်ပြုခြင်းကို ပြခြင်းငှာ တတ္ထာယသ္မန္တေ ဤသို့စသောစကားကို မိန့်ဆိုတော်မူသည့် ထိုပါဠိတို့၌ အဓိပ္ပါယ်ကိုရေးသားခဲ့ပြီ။

**ပါရာဇိကုဒ္ဒေသ-အဓိပ္ပါယ်ပြီး၏။**

# သံဃာဒိသိသ်။

တဆဲ့သုံးပါးသော သံဃာဒိသိသ်တို့၏ အဓိပ္ပါယ်ကို ရေးသားစီရင်ပေအံ့။ ။သုက္ကဝိဿဋ္ဌိ စသော အာပတ်မျိုးကို သံဃာသာ ပရိဝါသ်ပေးရသည်၊ အရင်းသို့ငင်ရသည်၊ မာနတ်ပေးရသည်၊ အဗ္ဘာန်သွင်းရသည်၊ဂိုဏ်းပုဂ္ဂိုလ်တို့ ပရိဝါသ်ပေးခြင်း စသည်ကို မပြုရသောကြောင့် သံဃာဒိသိသ် ဟုဆိုသည်။

> သံဃာဒိသေသော တိ သံဃော ဝ တဿာ အာပတ္တိယာ ပရိဝါသံ ဒေတိ၊ မူလာယ ပဋိကဿတိ၊ မာနတ္တံ ဒေတိ အဗ္ဘေတိ န သမ္ဗဟုလာ န ဧကပုဂ္ဂလော တေန ဝုစ္စတိ သံဃာဒိသေသော တိ။ ။ (ပ)

သံဃာဒိသိသ် ဟူသော အမည်သည် သုက္ကဝိဿဋ္ဌိ စသော အာပတ်အပေါင်းတို့၏သာ ဧကဒေသူပစာ ရုဋ္ဌိအားဖြင့်ဖြစ်သော အမည်မည်၏။

> တဿေဝ အာပတ္တိနိကာယဿ နာမ ကမ္မ အဓိဝစနံ တေနပိ ဝုစ္စတိ သံဃာဒိသေသော တိ။ ။ (ပ)

သံဃာဒိသေသော ဟူသောပုဒ်၌ "သံဃော အာဒိမှိစေဝ သေသေစ ဣစ္ဆိတဗ္ဗော အဿာတိသံဃာဒိသေသော" ဟု ဣစ္ဆိတဗ္ဗတဒ္ဓိတ် ဝိဂြိုဟ်ပြု။ "ဣစ္ဆိတဗ္ဗေအ" ဟူသော သဒ္ဒနီတိ သုတ်ဖြင့် အပစ္စည်းသက်၍ သံဃာဒိသေသော ပြီး၏။ ပရိဝါသ်ဟုဆိုအပ်သော အစ, မာနတ်ဟုဆိုအပ်သော အလယ်, အဗ္ဘာန်ဟုဆိုအပ်သော အဆုံး၌ အလိုရှိအပ်သော သံဃာရှိသော အာပတ်အပေါင်းကို ယူလေ။ အာပတ်အပေါင်း၏ အစ, အလယ်, အဆုံး၌ သံဃာတော်ကို အလိုရှိအပ်သည်မဟုတ်၊ အာပတ်မှထခြင်း၏သာ အစ,အလယ်,အဆုံး၌ သံဃာတော်ကို အလိုရှိအပ်သော်လည်း အာပတ်၏သာ အစ,အလယ်,အဆုံး၌ အလိုရှိအပ်သည်မည်သည်ဟုဆိုလိုသည်။

> အာပတ္တိတော ဝုဋ္ဌာနဿ အာဒိမှိစေဝ သေသေစ ဣစ္ဆိတော သံဃော အာပတ္တိယာဝ ဣစ္ဆိတောနာမ ဟောတီတိ အယမေတ္ထ အဓိပ္ပါယော။ ။(တေ)

သဋ္ဌေတနိကာ ပုဒ်၌ သံသဒ္ဒါ၏ ဝိဇ္ဇမာန အနက်ကို ယူ၍ "သံဝိဇ္ဇတိစေတနာအဿာတိသဋ္ဌေတနာ" ဟု ဗဟုဗ္ဗိဟိသမာသ် ဝိဂြိုဟ်ပြု။

လွန်ကျူးသည့်၏အစွမ်းဖြင့် ဖြစ်သော ရှေးအတ္တဘော်ဖြစ်သော စေတနာရှိသော သုက်လွှတ်ခြင်းကိုယူ။"သဉ္စေတနာဝ သဉ္စေတနိကာ" ဟု သွဒ္ဒိတဒ္ဓိတ် ဝိဂြိုဟ်ပြု။တနည်း၊သံသဒ္ဒါ၏ အနက်ကို မငဲ့မူ၍ "သဉ္စေတနာ အဿာ အတ္ထီတိ သဉ္စေတနိကာ" ဟု အဿတ္ထိတဒ္ဓိတ် ဝိဂြိုဟ်ပြု၍ လွန်ကျူးသည့်၏ အစွမ်းအားဖြင့်ဖြစ်သော ·ရှေးအတ္တဘော်ဖြစ်သော စေတနာရှိသော သုက်လွှတ်ခြင်းကိုယူ။

သုက္ကဝိဿဋ္ဌိပုဒ်တွင် သုက္က, ဝိဿဋ္ဌိ ဟု နှစ်ပုဒ်ခွဲ။ ထိုတွင် သုက္ကဒ္ဒ္ "မောစနတော ပဏ္ဍာရဇ္ဇနံ သုဿာပေတီတိ သုက္ကံ" ဟုပြု။ သုသ ဓာတ်, တပစ္စည်း,ဝါတွန် သ နှင့်တကွ တ ပစ္စည်းကို ကပြုသုက္ကပြီး၏။ လွှတ်သည့်မှ နောက်ကာလ၌ တင်နှစ်သက်ခြင်းကို ခြောက်သွေ့စေတတ် ကင်းစေတတ်သောကြောင့် သုက်မည်၏ဟုဆိုလိုသည်။

ထိုသုက်သည် ညိုသောအဆင်းရှိသော နီလသုက်, ဝါသော အဆင်းရှိသော ပီတကသုက်, နီသော အဆင်းရှိသော လောဟိတကသုက်, ဖြူသော အဆင်းရှိသော ဩဒါတသုက်, ရက်တက်ရည် အဆင်းရှိသော တက္ကဝဏ္ဏသုက်, ရေအဆင်းရှိသော ဒကဝဏ္ဏသုက်, ဆီအဆင်းရှိသော တေလဝဏ္ဏသုက်, နို့ရည် အဆင်းရှိသော ခီရဝဏ္ဏသုက်,နို့ဓမ်း အဆင်းရှိသော ဒဓိဝဏ္ဏသုက်,ထောပတ် အဆင်းရှိသော သပ္ပိဝဏ္ဏသုက်,ဟူ၍ဆယ်ပါးအပြားရှိ၏။

> သုက္ကန္တိ ဒသသုက္ကာနိ နီလံ ပီတကံ လောဟိတကံ ဩဒါတံ တက္ကဝဏ္ဏံ ဒကဝဏ္ဏံ တေလဝဏ္ဏံ ခီရဝဏ္ဏံ ဒဓိဝဏ္ဏံ သပ္ပိဝဏ္ဏံ။ ။ (ပ)

သုက်တို့၏ အညီုစသော အဆင်းအထူးကို သိးခြေ, သလိပ်, ပြည် သွေး ဟုဆိုအပ်သော လေးပါးသော တည်ရာအထူးအားဖြင့် လည်းကောင်း ပထဝီဓာတ်စသော လေးပါးသောဓာတ် စကျုစသောတဆဲ့ ရှစ်ပါးသောဓာတ်အထူးအားဖြင့်လည်းကောင်း သိအပ်၏။

> တတ္ထ သုက္ကာနံ အာသယဘေဒတော ဓာတုနာနတ္တတောစ နီလာဒိ ဝဏ္ဏဘေဒေါ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ—ဋ)

ဘုရား ပစ္စေကဗုဒ္ဓါတို့အားရင်း, စကြာရတနာကို လည်စေနိုင်သော မင်းအားရင်း, သိးခြေ,သလိပ်ပြည်,သွေးဟုဆိုအပ်သော လေးပါးသော တည်ရာတို့တွင် တပါးပါးသည် တည့်ရာဖြစ်၏။နို့ နှေးသော

ပညာရှိသော ပုဂ္ဂိုလ်တို့အား လေးပါးသော သီးခြေ, သလိပ်, ပြည်, သွေး တို့သည် တည်ရာဖြစ်ကုန်၏။

ဗုဒ္ဓပစ္စေကဗုဒ္ဓါနမ္ပိဟိရညောပိစက္ကဝတ္တိဿ ပိတ္တသေမှ ပုဗ္ဗလောဟိတသင်္ခါယေ သု စတူသုအညတရောအာသယောဟောတိယေဝ၊မန္ဒပညာနံပန စတ္တာရောပိ အာသယာဟောန္တိ၊ ။ (တေ)

သုက်သည် တကိုယ်လုံး၌ နှံ့၍ဖြစ်၏။

**ဆောင်။ ။အဗန်သည်းခြေ၊ သုက်ကာယေနှင့်၊ ဘာဝေဇီဝိ၊ ငါးမျိုးရှိ၊ နှံ့ဘိတကိုယ်လုံး။**

ဝိဿဋ္ဌိ ပုဒ်၌ "ဝိဿဇ္ဇနံဝိဿဋ္ဌိ"ဟုပြု၍ သုက်ကိုလွှတ်ခြင်း သုက်ကိုစွန့်ခြင်းကိုယူ။ "သုက္ကဿဝိဿဋ္ဌိ သုက္ကဝိဿဋ္ဌိ"ဟု ဆက်၍တွဲ။ တည်ရာဋ္ဌာနမှရွေ့လျောခြင်းကိုပင် သုက်ကိုလွှတ်ခြင်း သုက္ကဝိဿဋ္ဌိ ဟုဆိုသည်။

ဝိဿဋ္ဌီတိဋ္ဌာနတော စာဝနာဝုစ္စတိ ဝိဿဋ္ဌိတိ။ ။ (ပ)

သုက်၏ တည်ရာဋ္ဌာနသည် စည်ပေါင်းအိမ်, ခါး, အလုံးစုံသော ကိုယ်အားဖြင့် သုံးပါးရှိ၏ ဟု ကြဲဆကြကုန်၏။

ထိုသုံးမျိုးသောဝါဒတို့တွင်၊ နောက်ဝါဒသာဝါဒကောင်းမည်၏။

တတ္ထ ဝတ္ထိသီသံကဋိ ကာယောတိ တိဓာသုက္ကဿဋ္ဌာနံ ပကပ္ပေန္တိ၊ တေသု တတိယဿ ဘာသိတံ သုဘာသိတံ။ ။(ကင်္ခါ-ဋ္ဌ)

ထိုသို့ တတိယဝါဒသာ သုဘာသိတဖြစ်သောကြောင့် မဟာသေနမင်းသည် ရာဂဖြင့် ထက်ဝန်းကျင်မှ ထကြွသောင်းကျန်းသည်ဖြစ်၍ သုက်အဟုန်ကို သည်းခံခြင်းငှာ မတတ်နိုင်ရကား ထားငယ်ဖြင့် လက်မောင်းဦးကိုဖေါက်ခွဲ၍အမာဝဖြင့်ထွက်သောသုက်သွေးကိုပြဘူး၏။

**ဆောင်။ ၁။ စည်ပေါင်းအိမ်ခါး၊ကိုယ်တပါးနှင့်၊သုံးပါးဝါဒ၊ မှတ်၍ပြ၊မိန့်ဟသုက်တည်ရာ။**

**၂။ ကိုယ်ကိုယူထား၊ဝါဒကား၊ကောင်းမြေးမိန့်ဆရာ။**

အညတြ သုပိနန္တာ ပုဒ်ဝယ် သုပိနန္တာ၌ "သုပတီတိသုပိနံ"ဟုပြု၍ သဝင်စိတ်ကိုယူ။ "သုပန္တိ သတ္တာ ဧတေနာတိ သုပိနံ၊သုပတောဝါ

သုပိနံ''ဟုလည်းပြု၍ ဘဝင်စိတ်ကိုယူ။ ထိုသို့ ဘဝင်စိတ်ကိုယူရပြီး သော်လည်း၊ မျောက်၏အိပ်ခြင်းကဲ့သို့ အိပ်သောအခါကာလ၌ ထင်သောအာရုံကို သုပိန ဟုယူပါ။

ကပိမိဒ္ဓါ ပန မက္ကဋသ နိဒ္ဒါဝိယ နိဒ္ဒါကာလေ အာပါထာဂတဿ သုပိနန္တိ ဝေဒိတဗ္ဗံ။ ။ (အနုဝဏ္ဏနာ)

''သုပိနေဂဝေ သုပိနန္တော''ဟု သုတ္တတင်ပြ၏။ သုပိနန္တာ၊ အိပ်မက်၌ထင်သောအာရုံကို။အညတြ။ထပေတွာ၊ထား၍။ဟုအနက်ပေး။

အညတြ သုပိနန္တာတိ ဌေသုပိနေဂဝေ သုပိနန္တော တံ ထပေတွာ အပနေတွာတိ ဝုတ္တံ ဟောတိ။ ။ (ကင်္ခါ-ဋ)

အိပ်မက်အာရုံကိုမြင်သောသူများသည်ဓာတ်ခြောက်ချားသောကြောင့် ၎င်း, အာရုံကိုခံစားဘူးသောကြောင့်၎င်း, နတ်တို့သည်ကပ်ဆောင်၍ ပြသောကြောင့်၎င်း, ရှေးအကြောင်း ပုဗ္ဗနိမိတ်ကြောင့်၎င်း, ဤလေး ပါးသောအကြောင်းတို့ကြောင့်၊အိပ်မက်မြင်မက်ကြသည်။

တဥ္စ ပန သုပိနံ ပဿန္တော စတူဟိ ကာရဏေဟိ ပဿတိ၊ဓာတုက္ခောဘ တော ဝါ အနုဘူတပုဗ္ဗတော ဝါ ဒေဝတော ပဿဟာရတော ဝါ ပုဗ္ဗနိမိတ္တတော ဝါတိ။ ။ (ကင်္ခါ-ဋ)

ထိုလေးမျိုးသောအိပ်မက်ကို မပယ်အပ်သေးသော ဝိပ္ပလ္လာသ ရှိ သော သေက္ခပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် မြင်မက်ကြကုန်၏။ ပယ်အပ် ပြီးသော ဝိပ္ပလ္လာသရှိသော ရဟန္တာပုဂ္ဂိုလ်တို့သည် မမြင်မက်ကြကုန်။

တဥ္စ ပနေတံ စတုဗ္ဗိဓံ သုပိနံသေက္ခ ပုထုဇ္ဇနာဝ ပဿန္တိ အပ္ပဟီနဝိပ္ပလ္လာ သတ္တာ အသေက္ခာ န ပဿန္တိ ပဟီနဝိပ္ပလ္လာသတ္တာ။ ။ (ကင်္ခါ-ဋ)

အိပ်မက်၌ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတတရားသည် မှီရာဝတ္ထု အားမရှိသည်၏ အဖြစ်ကြောင့် စေတနာဖြင့် ပဋိသန္ဓေကို ငင်ခြင်းငှာ မစွမ်းနိုင်၊ပဝတ္တိအခါ၌ ကား တပါးသော ကုသိုလ် အကု သိုလ် တရားတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ အကျိုးကိုပေး၏။အ ကျိုးပေးငြားသော်လည်း အရာမဟုတ်သည်၌ ဖြစ်သောကြောင့် သုပိ နန္တစေတနာ သည် အဗ္ဗောဟာရိက မည်၏။ ထို့ကြောင့်''ထပေတွာ သုပိနန္တာ''ဟု မိန့်၏။

> သဗ္ဗာယံ ဒုဗ္ဗလဝတ္ထုကတ္တာ စေတနာယ ပဋိသန္ဓိံ အာကဍ္ဎိတုံ အသမတ္ထော၊ ပဝတ္တေ ပန အညေဟိ ကုသလာကုသလေဟိ ဥပတ္ထမ္ဘိတော ဝိပါကံ ဒေတိ၊ ကိဉ္စာပိ ဝိပါကံ ဒေတိ အထခေါ အဝိသယေ ဥပ္ပန္နတ္တာ အဗ္ဗောဟာရိကာ သုပိနန္တစေတနာ၊ တေနာဟ ထပေတွာ သုပိနန္တန္တိ။ ။ (ကင်္ခါ-ဋီ)

မျက်စိတို့ကို မတုံ့မသှုပ်စေမူ၍ ရှေးရှုချောက်သော မာတုဂါမ၏ နိမိတ်အင်္ဂါဇာတ်ကို ကြည့်ရှု၍ ဒုက္ကဋ်အာပတ်သင့်၏။ အဆန်းတကြယ် ပြုအပ်သော သစ်သား ယမနေရုပ်၏အင်္ဂါဇာတ်ကို ကြည့်ရှု၍လည်း ဒုက္ကဋ်အာပတ်သင့်၏။

> အက္ခီနိ အဝိပ္ဖန္ဒေတွာ အဘိမုခံ သမ္ပတ္တဿ မာတုဂါမဿ နိမိတ္တံ လောကနေပိ အာပတ္တိယေဝါတိ ဒဋ္ဌဗ္ဗံ ဒါရုမတ္တိကလေပမိတ္တာနံ အင်္ဂဇာတံ ပနိဇ္ဈာနေပိ ဒုက္ကဋမေဝါတိ။ ။ (တေ)

**ဆောင်။ ။မျက်စိမခပ်၊ တန့်ရပ်ရောက်လာ၊ မာတုဂါနှင့်၊ ယမနေသား၊ အင်္ဂါများကို၊ ရှုငြားဒုက္ကဋ်၊ အာပတ်တတ်၊ မိန့်လတ်ကျမ်းဆရာ။**

**ကာယသံသဂ္ဂသိက္ခာပုဒ်၌၊ အဓိပ္ပါယ်သော်ကား။**

ဩတိဏ္ဏောသုဒ်၌၊ သကသန္တာနေ ရာဂယက္ခေန ဩတရိတဗ္ဗောတိ ဩတိဏ္ဏော ဟု ပြု၍ မိမိသန္တာန်၌ ရာဂတည်းဟူသော ဘီလူးသည် ပူးဝင်အပ်သော ရဟန်းကိုယူ။ တနည်း။ ကုသလန္တဝါဒေသတော ရာဂကူပံ ဩတရတီတိ ဩတိဏ္ဏောဟုလည်းပြု၊ ကုသိုလ်ဟု ဆိုအပ်သော မြင့်မှုရာအရပ်မှ ရာဂတည်းဟူသောတွင်းသို့ သက်ဆင်းတတ်သော ရဟန်းကိုယူ။

> ဩတိဏ္ဏောနာမ သာရတ္တော အပေက္ခဝါ ပဋိဗဒ္ဓစိတ္တော။ ။ (ပါ)

ဝိပရိဏတပုဒ်၌။ ပရိသုဒ္ဓဘဝင်္ဂသန္တတိတော ဝိအညထာ ပရိဏမတိ ပဝတ္တတီတိ ဝိပရိဏတံ ဟုပြု၍ စင်ကြယ်သော ဘဝင်အစဉ်ဟု ဆိုအပ်သော ပကတိမှ တပါးသော အခြင်း အရာအားဖြင့် ဖေါက်ပြန်တတ်သော စိတ်သည်။ ရတ္တဝိပရိဏတစိတ်၊ ဒုဋ္ဌဝိပရိဏတစိတ်၊ မူဠှဝိပရိဏတစိတ်ဟူ၍ သုံးမျိုးအပြားရှိ၏။

> ဝိပရိဏတန္တိ ရတ္တံပိ စိတ္တံ ဝိပရိဏတံ ဒုဋ္ဌံပိ စိတ္တံ ဝိပရိဏတံ မူဠှံပိ စိတ္တံ ဝိပရိဏတံ။ ။ (ပါ)

ဖြူးဖြူးဖြက်ဖြက် အချောင် တလက်လက် ထွက်သော စိတ်သည်။

လောဘဒေါသမောဟဟုဆိုအပ်သော အာဂန္တုက ဥပက္ကိလေသတို့ကြောင့်ညစ်နွမ်း၏။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ တဉ္စ ခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ ။ (ကဏ်-ပါ)

ထိုသို့သုံးမျိုးပြားသော်လည်း ရုဏ္ဏွ ပရိဏာတစိတ်ကို ဤအရာ၌ ဝိပရိဏာတဟု အလိုရှိအပ်၏။ ယူအပ်သော စိတ်အလိုအားဖြင့် ဝိပရိဏာတ ပုဒ်၌ ကာယသံသဂ္ဂ ရာဂဝသေန ဝိရူပံ ပရိဏာတံ ပရိဏာမတိ တိဋ္ဌတိ ဝိပရိဏာတံဟု ဝိဂြိုဟ်ဆိုအပ်၏။

အပိစ ရတ္တံ စိတ္တံ ဧတသ္မိံ အတ္ထေ အဓိပ္ပေတံ ဝိပရိဏာတန္တိ။ ။ (ပ)

**ဆောင်။ ။ ရတ်ဒုဋ္ဌ မူဠှစိတ်၊ သုံးပါးကြိတ်၊ မှတ်ရိတ် ဝိပရိဏာတ၊ ရတ္တစိတ်သာ၊ ဤအရာ၊ ယူပါမိန့်ဘိတောင်း။**

ဘိလူး၊ ပြိတ္တာ၊ တိရစ္ဆာန်၊ မိန်းမမှတပါးသော ကြီးကြီးငယ်ငယ်ဖြစ်သော လူမိန်းမသည် မာတုဂါမမည်၏။

မာတုဂါမော နာမ မနုဿိတ္ထီ၊ နယက္ခီ နပေတီ န တိရစ္ဆာနဂတာ၊ အန္တမသော တဒဟု ဇာတာပိ ဒါရိကာ ပဂေဝ မဟတ္တရီ၊ ။ (ပ)

ကာယသံသဂ္ဂံ သမာပဇ္ဇေယျပုဒ်ဖြင့် မွေ့လျော်ပျော်ပိုက် နှစ်ချိုက်ခြင်းကိုဖြစ်စေတတ်သော ရုပါရုံ အစရှိသော အာရုံတို့ကို အနိဋ္ဌ ဒုက္ခ အသုဘ အနတ္တဟူသော အခြင်းအရာဖြင့် မှတ်နိုင်အောင် မရှုမူ၍ လက်ကိုဆွဲကိုင်ခြင်း အစရှိသော လွန်ကျူး၍ကျင့်ခြင်းကို ကိုယ်လက်နှီးနှော ခြင်းသို့ ရောက်သည်ဟုဆိုလို၏။

ကာယသံသဂ္ဂံ သမာပဇ္ဇေယျာတိ အဇ္ဈာစာရော ဝုစ္စတိ။ ။ (ပ)

ယသ္မာ ပနေတံ သမာပဇ္ဇန္တဿ ယောသော ကာယသံသဂ္ဂေါ နာမ၊ သော အတ္ထတော အဇ္ဈာစာရော ဟောတိ ရာဂဝသေန အဘိဘဝိတ္ဝာ သညမဝေလံ အာစာရော။ ။ (ကဏ်-ငှ)

သညမဝေလန္တိ သီလမရိယာဒံ အာစာရော တိ အာစာရဏံ ဟတ္ထဂ္ဂဟဏာဒိကြိယာ၊ ။ (တေ)

မာတုဂါမသည် ကာယသံသဂ္ဂံ ဟု ဟောတော်မူ၍ မာတုဂါမေန

သဒ္ဒိဳကာယသံသဂ္ဂဟုဟောတော်မူခြင်းသည်အဘယ်အကျိုးရှိပါ သနည်းဟုမေး။

မိန်းမလုံ့လ ပယောဂနှင့်သော်လည်း မှိုဝဲလိုသောအားဖြင့် အား ထုတ်၍အတွေ့ကိုသာယာသောရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏ဟုပြရခြင်းအကျိုးရှိ၏။

> ဣတ္ထိပယောဂေပိ သေဝနာ ဓိပ္ပါယေနဝါယမိတွာ ဖဿံသာဒိယန္တဿ သံ ဃာဒိသေသောဟောတီတိ ဒဿန ပယောဇနံ။ ။ (အနုဝဏ္ဏနာ)

ဟတ္ထဂ္ဂါဟပုဒ်၌၊ဟတ္ထ၊ ဂါဟဟုနှစ်ပုဒ်ခွဲ၊ဟတ္ထပုဒ်၌၊ ဟရန္တိဧတေ နာတိဟတ္ထောဟုဝိဂ္ဂဟပြု၍၊လက်မောင်းများ၊လက်မောင်းရင်းနှင့် တ ကွနှစ်ချမြောက်တတောင်ဆစ်မှစ၍ လက်ဖျားတိုင်အောင်သော အ ရင်ကိုဟတ္ထဟုယူပါ။

အချို့သောအချင်္ဂကား၊လက်ကောက်ဝတ်မှလက်ဖျားတိုင်အောင် သောအရင်ကို၊ဟတ္ထဟုယူကြသေး၏။

> ဟတ္ထောနာမ ကပ္ပရံဥပါဒါယ ယာဝအဂ္ဂနခါ။ ။ (ပ)
>
> တတ္ထကပ္ပရံဥပါဒါယာတိ ဒုတိယံ မဟာသန္ဓိံဥပါဒါယ အညတ္ထပန မဏိဗန္ဓ တော ယာဝအဂ္ဂနခါဟတ္ထော ဇာမသန္ဓိံအဂ္ဂဗာဟာယကပ္ပရတောပဋ္ဌာယ အ ဓိပ္ပေတော။ ။ (ကင်္ခါ)

ဝေဏိ၌ သက်သက်သော ဆံတုန်းသည်လည်းကောင်း။ ခြည်နှင့် ရော၍ ပြုအပ်သောဆံတုန်းသည်လည်းကောင်း။ငွေပန်းဖြင့်ရော၍ ပြု အပ်သောဆံတုန်းသည်လည်းကောင်း။ရွှေခြည်ရွှေပန်းဘွဲ့ဖြင့်ရော၍ ပြု အပ်သောဆံတုန်းသည်လည်းကောင်း။ ပုလဲနှင့်ရော၍ပြုအပ်သော ဆံ တုန်းသည်လည်းကောင်း။ ပဒ္မမြားဖြင့်ရော၍ ပြုအပ်သော ဆံတုန်း သည်လည်းကောင်း။ဝေဏိဆံတုန်းမည်၏။

> ဝေဏိနာမ သုဒ္ဓကေသာဝါ သုတ္တမိဿာဝါ မာလာမိဿာဝါ ဟိရညမိ ဿာဝါ သုဝဏ္ဏမိဿာဝါ မုတ္တမိဿဝါမဏိမိဿာဝါ၊ ။ (ပ)

ဝေဏိသဒ္ဒါဖြင့်ဆံတို့ကိုလည်းယူရသောကြောင့်၊ တရှောင်းသော

ဆံကိုသုံးသင့်ကိုင် သူခါသာယာသောရဟန်းအားသော်လည်း သံဃာဒိသိသ်အာပတ်သင့်သည်။

ဝေဏိဂ္ဂဟဏေနစေတ္တကေသာပိ ဂဟိဘာဝဟောန္တိ၊ တသ္မာယောပိ ကေကေသံ ဂဏှာတိ၊ တဿာပိအာပတ္တိယေဝ။ ။ (ကင်္ခါ-ဋ္ဌ)

လက်နှင့်ဆံတုန်းကိုထား၍ကြွင်းကျန်သောကိုယ်အင်္ဂါသည်အင်္ဂါမည်၏။

အင်္ဂနာမ ဟတ္ထဉ္စ ဝေဏိံစထပေတွာ အဝသေသံအင်္ဂနာမ။ ။ (ပ)

၍သိက္ခာပုဒ်ဝယ်လူမိန်းမကိုသာမာတုဂါမဟု နောက်သိက္ခာပုဒ်၌ကဲ့သို့ယူလေ။

## ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌၊အဓိပ္ပါယ်သော်ကား။

ဒုဋ္ဌုလ္လာဟိပုဒ်၌ ဒုဋ္ဌုနိသိတာ ဒုဋ္ဌုလ္လာဟုပြု၍ မကောင်းသည်ကိုမှီသောစကားကိုယူပါ။ တနည်း ဒုဋ္ဌု ကုစ္ဆိတဘာဝံ နိဿနံဝါ ဥလတိ ဂစ္ဆတိတိ ဒုဋ္ဌုလ္လာဟုပြု၍ စက်ဆုတ်အင်သောအဖြစ်သို့ ရောက်သောစကားကဲ့ရဲ့ဘွယ်အဖြစ်သို့ရောက်သောစကားကိုယူပါ။

ရုံ့ရင်းကျန်းတန်းသောစကားဆိုသည်မှာ ဝစ္စမဂ် ပဿာဝမဂ် မေထုန်အကျင့်နှင့်စပ်ရှင်သောစကားကိုဒုဋ္ဌုလ္လဝါစာစကားဟု ဆိုသည်။

ဒုဋ္ဌုလ္လာနာမ ဝါစာ ဝစ္စမဂ္ဂ ပဿာဝမဂ္ဂ မေထုနဓမ္မ ပဋိသံယုတ္တာ ဝါစာ။ ။ (ကင်္ခါ-ပါ)

၍သိက္ခာပုဒ်ဝယ်ဝစ္စမဂ်ပဿာဝမဂ်တို့သည် သံဃာဒိသိသ်ခေတ်မည်ကုန်၏။

ညှပ်ရိုးနှစ်ဘက်မှအောက်အရင်သည့်လည်းကောင်း။ပုဆစ် ဒူးဝန်းနှစ်ဘက်မှအထက်အရင်သည့်လည်းကောင်း။ထုလ္လစ္စဥ်းခေတ်မည်၏။ညှပ်ရိုးနှစ်ဘက်မှအထက်အရင်သည့်လည်းကောင်း၊ ပုဆစ်ဒူးဝန်းမှအောက်အရင်သည့်လည်းကောင်းဒုက္ကဋ်ခေတ်မည်၏။

ဣမသ္မိံ သိက္ခာပဒေဝစ္စမဂ္ဂပဿာဝမဂ္ဂါသံဃာဒိသေသခေတ္တံ၊ အခက္ခကံ ဥဗ္ဘဇာဏုမဏ္ဍလံထုလ္လစ္စယခေတ္တံ၊ ဥဒ္ဓက္ခကံအဓောဇာဏုမဏ္ဍလံဒုက္ကဋခေတ္တန္တိ ဝေဒိတဗ္ဗံ။ ။

ညှပ်ရိုးသည့် လည်းကောင်း။ ပုဆစ်ဒူးဝန်းသည့် လည်းကောင်း။ ဒုက္ကဋ်ခေတ်၌ရေတွက်ခြင်းသို့ရောက်၏။

အကြွက်ပနဇာဏာ မဏ္ဍလည္ဘ ဧဝွေဝဒုက္ကဋ္ဌခေဝွေဿဂ်ဟ်ဂဏ္ဍန္တိ ဘိက္ခုနိယော ကာယသံသဂ္ဂေဝိယ။ ။ (ကင်္ခါ-၄)

ဆောင်။ ၁။ ဝစ္စုပဿာ၊ ဤနှစ်ဖြာ၊ မှတ်ပါသံဃာခေတ်။
၂။ ညှပ်ရိုးမှအောက်၊ ပုဆစ်ရောက်၊ မှတ်လောက်ထုလ္လစ္စဥ်း၊
၃။ ညှပ်ရိုးအထက်၊ ပုဆစ်ခက်အောက်၊ ဒုက္ကဋ်ရောက်၊ မှတ်လောက်ခေတ်ပိုင်းခြား၊
၄။ ညှပ်ရိုးပုဆစ်၊ ဒုက္ကဋ်ခေတ်၊ မှတ်လစ်ကျမ်း၌လာ၊

အနိမိတ္တာသိ၊ စသောတဆဲ့တပါးသောခေတ်ပုဒ်တို့တွင် တပုဒ်ပုဒ် ဖြင့်ဆိုသောရဟန်းအား မိန်းမမသင်ခဲ့သည့်ရှိသော် အဘယ်အာပတ်၊ သင့်ပါသနည်း။ပါဠိအဋ္ဌကထာဘို့၌ အာပတ်တဘ်၍ မရှိသော်လည်း ထုလ္လစ္စဥ်းအာပတ် ဟု ဖြေရာ၏။

ခေတ်ပုဒ်မှတပါးသောပုဒ်အရာ၌မိန်းမမသိသော် ဒုက္ကဋ်။ သိသော် ထုလ္လစ္စဥ်း ခေတ်ပုဒ်အရာ၌ မိန်းမသိသော် သံဃာဒိသိသ်။ မသိသော် ထုလ္လစ္စဥ်းသင့်လေသည်။

ဧဝံခေတ္တပဒေနဝဒန္တဿဃဋ္ဋတ္တိယာ အပ္ပဋိဝိဇာနန္တိယာကိံ ဟောတီတိ၊ ကိဉ္စာပိ အယံနာမ အာပတ္တီတိ ပါဠိအဋ္ဌကထာသု နတ္ထိ၊ အထခေါ ထုလ္လစ္စယေနေ ဝေတ္တဗ္ဗောဘိတဗ္ဗံ တတ္ထဟိအခေတ္တပဒေ အပ္ပဋိဝိဇာနန္တိယာဒုက္ကဋံ ပဋိဝိဇာနန္တိ ယာထုလ္လစ္စယံဝုတ္တံ ခေတ္တပဒေပန ပဋိဝိဇာနနေသံဃာဒိသေသော ဝဇ္ဇေတ္တာအပ္ပ ဋိဝိဇာနနေထုလ္လစ္စယမေဝ ဘဝိတုံ ယုတ္တံ၊ နဒုက္ကဋံ။ ။ (ဝိ)

ဆောင်။ ။ခေတ်ပုဒ်ကြဉ်ထား၊ ဆိုခဲ့ငြားသော်၊ သိကားထုလ္လစ္စဥ်း မသိလျှင်းမှတ်ခြင်းဒုက္ကဋ်တည်း။
ဆောင်ပုဒ်ဆိုလာ၊ သိကဲ့ရာတွင်၊ သံဃာဒိသိသ်၊ မသိပိတ်လျှင်း ထုလ္လစ္စဥ်း၊ သင့်ခြင်းအာပတ်တည်း။

## အတ္တကာမသိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

အတ္တကာမပါရိစရိယာယ ပုဒ်ဝယ်။ အတ္တ,ကာမ,ပါရိစရိယာယ ဟုသုံးပုဒ်ခွဲ။ ထိုသုံးပုဒ်တို့တွင်အတ္တပုဒ်၌၊ ဇာတ်ဇရာမရဏာဒိဟိအဒိ ယိတေဘက္ခိယတေတ်အတ္တာဟုပြု၍၊ ဇာတ်ဇရာမရဏစသော တရားတို့သည်၊ ခဲစားအပ်သော၊ ခန္ဓာငါးပါးအပေါင်းဖြစ်သော ကိုယ်ကို ယူလေ။

ကာမပုဒ်၌ ကာမသည် ကိလေသာကာမ၊ ဝတ္ထုကာမဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပြင်းစွာသော ဆန္ဒရာဂသည် ကိလေသာကာမ မည်၏။ ဘုံသုံးပါး၌ ဖြစ်သော ဝတ္ထုရားသည် ဝတ္ထုကာမ မည်၏။

ဒုင်္ခောဟိ ကာမော ကိလေသ ဝတ္ထုကာမဝသေန၊ တတ္ထကိလေသကာမော အတ္ထတော ဆန္ဒရာဂေါ၊ ဝတ္ထုကာမောတေဘူမကဝဋ္ဋံ။ ။ (အနုဝဏ္ဏနာ)

ထိုနှစ်ပါးတို့တွင် ကိလေသာကာမဟော ကာမ၌၊ ကာမေတီတိ ကာမောဟုပြု၍ တဗျောကိုကောက်ယူရ၏။ ဝတ္ထုကာမဟော ကာမ၌၊ ကိလေသ ကာမေနကာမိယတီတိကာမော ဟု ပြု၍ တေဘူမက ဝဋ် တရားကိုယူ။

ပါရိစရိယ ပုဒ်၌ ပရိစရဏံဥပဋ္ဌာနံပါရိစရိယာဟုပြု၍ လုပ်ကျွေး ပြုစုခြင်းကိုယူ။

ကာမနှင့် ပါရိစရိယကို ကာမေနပါရိစရိယာကာမပါရိစရိယာ ဟုတွဲ၍၊ မေထုန်အကျင့်ဟုဆိုအပ်သော ကာမဂုဏ်ဖြင့် လုပ်ကျွေး ခြင်းကိုယူ။

အတ္တနော အတ္ထာယ ကာမပါရိစရိယာ အတ္တကာမ ပါရိစရိယာ ဟုမဇ္ဈေလောပီတွဲ၍၊မိမိ၏အကျိုးငှာ မေထုန်အကျင့်ဟုဆိုအပ်သော ကာမဂုဏ်ဖြင့်လုပ်ကျွေးခြင်းကိုယူ။

တနည်း။အတ္တနာကာမာ အတ္တကာမာ ဟုတွဲ၍ မိမိသည် မေထုန ရာဂ၏ အစွမ်းဖြင့် အလိုရှိအပ် တောင့်တအပ်သော မေထုန်အကျင့် ကိုယူ။

အတ္တကာမာစသာပါရိစရိယာစအတ္တကာမပါရိစရိယာဟုဆက် ၍တွဲ။ မိမိသည် အလိုရှိအပ်သော မေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်း ကိုယူ။

မိမိသည် အလိုရှိအပ် တောင့်တ အပ်သော မေထုန် အကျင့်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ် ကျေးဇူးကို ဆိုသော အခြင်း အရာ ဝဏ္ဏဘာ သနာကာရကို တေဒဂ္ဂံ ဘဂိနိ။လ။ပရိစရေယျာတိ ဟူသော ပါဠ်ဖြင့် ပြတော်မူ၏။

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌၊ ကာမံယာစတိပိအာယာစတိပိဟူသော စကားသည် မေထုန်ကိုတောင်းသည့်၏ အစွမ်းဖြင့်လာသော စကား ဖြစ်၍ ရုံ့ရင်းသည်က်မှိသော စကား၌ သာယာသောရာဂ၏ အစွမ်း ဖြင့်ဆိုသောစကားမည်၏။

ဤအတ္တကာမ သိက္ခာပုဒ်၌ကား၊ မိမိ၏မေထုန်အကျင့်၌ သာယာ သောရာဂ၏အစွမ်းဖြင့်ဆိုအပ်သောစကားမည်၏။ဤသို့ထူးကြ၏။

ဒုဋ္ဌုလ္လဝါစာသိက္ခာပဒေပိ ကာမံယာစတိပိအာယာစတိပီတိဧဝံမေထုနယာစနံ အာဂတံ၊တံပနဒုဋ္ဌုလ္လ ဝါစဿာဒ ရာဂဝသေန ဝုတ္တံ၊ဣဓပနအတ္တနော မေထု နဿာဒရာဂဝသေနာတိ အယံဝိသေသော။ ။ (ဋီ)

အဂ္ဂဒါနံဒေဟိဟူသောစကားကို၊ မိမိ၏ အကျိုးငှာ တောင်းဆိုအပ် ၏။ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ကား၊သူတပါး၏အကျိုးငှာလည်း တောင်း ဆိုခဲ့သော် သံဃာဒိသိသ်အာပတ်သို့ရောက်လေသည်။

ဝိနိတဝတ္ထုသုအဂ္ဂဒါနံဒေဟီတိဣဒံအတ္တနော အတ္တာယဝုတ္တံ၊ ဒုဋ္ဌုလ္လ ဝါစာ သိက္ခာပဒေပနပရတ္တာယပိဝုတ္တေသီသံဧတီတိဝေဒိတဗ္ဗံ။ ။ (ဋီ)

**ဆောင်။ ၁။ အတ္တကာမ၊ တောင်းသည်က၊ မှုမျှမိမိအကျိုးယူ။**

**၂။ ဒုဋ္ဌုလ္လဝါစာ၊ တောင်းရာမှာ၊ မှန်စွာ မိမိသူတပါး အ ကျိုးယူ။**

**၃။ ဒုဋ္ဌုလ်အတ္တ၊ ဤနှစ်ဝ၌၊ ထူးလှရာဂ၊ မိန့်၍ဟ၊ မှတ်ကြ ကြောင်းအရာ။**

**၄။ ဝါစဿာဒ၊ မေထုနနှင့်၊ နှစ်ဝအထူ၊ မိန့်ဆိုဦး၊ မှတ်ဘူး ငြီကာလာ။**

---

## သဉ္စရိတ္တသိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

သဉ္စရိတ္တံ ဟူသောပုဒ်၌ သဉ္စရဏံသဉ္စရော ဟု ဘာဝသာဓနပြု၍ ကောင်းစွာလှည့်လည်သွားလာခြင်းကိုယူလေ။

သဉ္စရောဧဝသအတ္ထိတိသဉ္စရိတ္တံ ဟု အဿတ္ထိတဒ္ဓိတ် ဝိဂြိုဟ်ဆင့် ၍၊ ကောင်းစွာ လှည့်လည်သွားလာခြင်းရှိသော ရဟန်းကိုယူ။ သဉ္စရိ နေဝသဉ္စရိတ္တံ ဟု ဘာဝတဒ္ဓိတ် ဝိဂြိုဟ်ဆင့်၍ ကောင်းစွာ

လှည့်လည်သွားလာလေ့ရှိသောရဟန်းတော်၏အဖြစ်ဟုဆိုအပ်သော မိန်းမယောက်ျားတို့၏ အလိုအားဖြင့် လှည့်လည်သွားလာခြင်းကိုယူ။

သဒ္ဓိံ သမာပဇ္ဇေယျ ဟူသော ပါဠိဖြင့် သာမည အားဖြင့် မိန်းမယောက်ျားနှစ်ဦးသားတို့၏အလယ်၌၊ လှည့်လည်သွားလာလေ့ ရှိသော အောင်တမန်သည်၏အဖြစ်သို့ရောက်သည်ဟု ပြရန်အကျိုးငှာ ဣတ္ထိယာ ဝါ ပုရိသမတိံ ပုရိသဿ ဝါ ဣတ္ထိမတိံ ဇာယတ္တနေ ဝါ ဇာရတ္တနေ ဝါ ဟု ဟောတော်မူသည်။

အန္တမသော တံခဏိကာယပိ ဟူသော ပညတ်သည် ပဌမပညတ် အလားရှိသည်သာလျှင်ဖြစ်သော အနုပညတ်မည်၏။

ထိုအနုပညတ်တွင် တံခဏိကာယပုဒ်၌၊ တံခဏေပဋိသံဝသိတဗ္ဗာတိ တံခဏိကာ ဟုပြု၍ ထိုခဏ၌ ပေါင်းဘော်သွားလာအပ်သော ပြည့်တန်ဆာမကိုယူ။

> အန္တမသော တံခဏိကာယ ပီတိ၊ မုဟုတ္တိကာ ဘရိယာသိ၊ အန္တမသော တံခဏိကာယ ပီတိ သဗ္ဗန္တိမေန ပရိစ္ဆေဒေန ယာ အယံ တံခဏေမုဟုတ္တ မတ္တေပဋိသံ ဝသိတဗ္ဗတော တံခဏိကာတိ ဝုစ္စတိ၊ မုဟုတ္တိကာတိ အတ္ထော။ ။ (ကင်—၄)

မိန်းမတို့သည်၊ အမိသည် စောင့်ရှောက်အပ်သော မိန်းမ၊ အဘသည်စောင့်ရှောက်အပ်သောမိန်းမ၊ မိဘနှစ်ပါးတို့သည်စောင့်ရှောက်အပ်သောမိန်းမ၊ မောင်ကြီး, မောင်ငယ်တို့သည် စောင့်ရှောက်အပ်သောမိန်းမ။ အစ်မ,ညီမတို့သည် စောင့်ရှောက်အပ်သောမိန်းမ။ ဆွေမျိုး ဉာတိတို့သည် စောင့်ရှောက်အပ်သော မိန်းမ၊ တူသော အနွယ်ရှိသောသူတို့သည် စောင့်ရှောင့်အပ်သော မိန်းမ၊ တူသော အကျင့်ကုသိုလ်ရှိသောသူတို့သည် စောင့်ရှောက်အပ်သော မိန်းမ၊ အစောင့်အရှောက်ရှိ၍ အစောင့်အရှောက်နှင့်တကွ ဖြစ်သော မိန်းမ။ ထက်ဝန်းကျင်မှ ထားအပ်သော ဒါဏ်ရှိသော မိန်းမဟူ၍ ဆယ်ယောက်အပြားရှိကုန်၏။

> ဒသ ဣတ္ထိယော မာတုရက္ခိတာ ပိတုရက္ခိတာ မာတာပိတုရက္ခိတာ ဘာတုရက္ခိတာ ဘဂိနိရက္ခိတာ ဉာတိရက္ခိတာ ဂေါတ္တရက္ခိတာ ဓမ္မရက္ခိတာ သာရက္ခာ သပရိဒဏ္ဍာ၊ ။(ပ)

ထိုဆယ်ယောက်တို့တွင် ဂေါတ္တရက္ခိတာ ဓမ္မရက္ခိတာတို့၌ အနွယ်

အကျင့်တရားတို့သည်မစောင့်ရှောက်တတ်ကုန်၊ တရသောအပင်းအသင်းရှိသော ဂိုဏ်းဂဏ၌ အကျုံးဝင်သော တူသောအနွယ်ရှိသော ပုဂ္ဂိုလ် တူသောအကျင့်တရားရှိသော ပုဂ္ဂိုလ်တို့သည် စောင့်ရှောက်အပ်သော မိန်းမတို့ကို၊ ကုလ္လာပစရက္ခိ ဟုကဲ့သို့ ဥဒ္ဓါရပစ္စာအားဖြင့် ဂေါတ္တရက္ခိတာဓမ္မရက္ခိတာဟု ဆိုအပ်ကုန်၏။

ဂေါတ္တံ ဝါ ဓမ္မော ဝါ နံ ရက္ခတိ၊ သဂေါတ္တေဟိ ပန သဟဓမ္မိကေဟိ စ ဧကံ သတ္ထာရံ ဥဒ္ဒိဿ ပဗ္ဗဇိတေဟိ ကေဝလံ ပရိယာပန္နေဟိ စ ရက္ခိတာ ဂေါတ္တရက္ခိတာ ဓမ္မရက္ခိတာ တိ ဝုစ္စတိ၊ တသ္မာ တေ သံပဒါနံ သဂေါတ္တာ ရက္ခန္တီ တိ အာဒိနာ နယေန ပဒဘာဇနံ ဝုတ္တံ၊ ။(ကင်္ခါ-ဋ္ဌ)

ဂေါတ္တဝန္တေသု ဂေါတ္တသဒ္ဒေါ ဓမ္မစာရီသု စ ဓမ္မ သဒ္ဒေါ ဝတ္တတီ တိ အာဟ သဂေါတ္တေဟီ တိ အာဒိ၊ ။ (ဋီ)

မယားဖြစ်သောမိန်းမတို့သည်ပေါင်းဘော်ရန်အကျိုးငှာ ဥစ္စာဖြင့် ဝယ်ယူအပ်သောမယား။ ပေါင်းဘော်ရန်အကျိုးငှာ မိမိ၏အလိုအားဖြင့် နေလာသော မယား၊ ဆုံငယ်ကျည်ပွေ့ အစရှိသောအိမ်၏ အသောက်အဦး စီးစိမ်ကိုရ၍ ပေါင်းဘော်ရန်အကျိုးငှာ နေလာသော မယား။ ထမိပုဝါကိုရ၍ ပေါင်းဘော်ရန် အကျိုးငှာ နေလာသော မယား၊ သတို့သမီးသတို့သား နှစ်ဦးသားတို့၏ လက်ကို၊ ရေခွက်၌ချထား၍၊ မပြိုမကွဲအမြဲပေါင်းကြပါစေဟု ဆို၍ သိမ်းဆည်းအပ်သောမယား။ ပေါင်းဘော်ရန်အကျိုးငှာ ချအပ်သော ခေါင်းဖုံရှိသောအိမ်၌ နေစေသောမယား။ ကျွန်လည်းဖြစ် မယားလည်းဖြစ်သောမယား။ အမှုလုပ်လည်းဖြစ်၊ မယားလည်းဖြစ်သောမယား၊ စစ်အောင်တံခွန်ဖြင့်ဆောင်ယူအပ်သော သုံ့ရဖြစ်သောမယား။ ထိုခဏ၌ ပေါင်းဘော်အပ်သော ပြည့်တန်ဆာမဖြစ်သောမယားဟူ၍ဆယ်ပါးအပြားရှိကုန်၏။

ဒသ ဘရိယာ ဓနက္ကီတာ ဆန္ဒဝါသိနီ ဘောဂဝါသိနီ ပဋဝါသိနီ ဩဒပတ္တကိနီ ဩဘတစုမ္ဗဋာ ဒါသီ စ ဘရိယာ စ ကမ္မကာရီ စ ဘရိယာ စ ဓဇာဟဋာ မုဟုတ္တိကာ၊ ။ (ပ)

မာတုရက္ခိတာစသော တကျိပ်သော မိန်းမတို့တွင်နောက်၌ ဖြစ်သော သာရက္ခသပရိဒဏ္ဍာဖြစ်သောနှစ်ဦးသော မိန်းမတို့အားသာလျှင် ယောကျ်ားတပါးသို့သွားရောက်ကုန်သည်ရှိသော်၊ မဟုတ်မမှန်ဖေါက်ပြန်သောအကျင့်သည်ဖြစ်လေ၏။ တပါးသော ရှစ်ဦးသော မိန်းမတို့အားမဖြစ်။

နှစ်ဦးသောဒိန်းမတို့အား အရှင်ရှိသောကြောင့် မိဿာစာရဖြစ်၏။ ရှစ်ဦးသောမိန်းမတို့အားအရှင်မရှိသောကြောင့် မိဿာစာရမဖြစ်။

ဇုမာသုဒသသု ပန္နိမာနံ ဒွိန္နမေဝ ပုရိသန္တရံ ဂန္တန္တီနံ မိစ္ဆာစာရောဟောတိ၊ နဆုတရာသံတောသံဒသန္နံ ပိ ပုရိသန္တရဂမနေမိစ္ဆာစာရောဟောတိ ပုရိသာနံ ပနဝိသတ်ယာပိ တောသုမိစ္ဆာစာရောဟောတိဘိက္ခုနောစသဒ္ဒရိတ္တံ ဟောတိ။ ။ (ကင်္ခါ—၄)

ဆောင်။ ၁။ ဍူတ္တိုနှစ်ဆယ်၊ ရွေးကောက်ခြယ်၊ မှတ်ဘွယ်ကျမ်းဌလာ။
၂။ မိမိဖဿ၊ပိုင်သူမှ၊ကင်းကမိစ္ဆာမဖြစ်ပါ။
၃။ ဖဿပိုင်သူ၊ရှိခဲ့မူ၊လွန်သူမိစ္ဆာဖြစ်။
၄။ ယောကျာ်းမှန်က၊ဍူဒ္ဒိယ၊လွန်ကြမိစ္ဆာဖြစ်။
၅။ မိမိမယားသွားတုံ ညားမူ၊မိစ္ဆာဟူ၊ဖြစ်သူမရှိပါ။
၆။ ရဟန်းတို့မှာ၊ဒအောင်သွယ်ရာ၊ရွေးရာမရှိ၊သံဃာဒိ။

အောင်တမန်သွားလာခြဝသ်၊တူသောအမှိရှိသော သဘာဂမတူသော အမှိရှိသော ဝိသဘာဂ၏ အဖြစ်မည်သည်၊ နှိုင်းရှဉ်၊ရေတွက်ကြောင်းပမာဏမဟုတ်။မိသာ့ိအားသော်လည်းကောင်း။အတူတကွကျင့်အပ်သော အကျင့်တရားရှိသော သိတင်းသုံးဘော် ငါးယောက်တို့အား သော်လည်းကောင်း။အောင်တမန်သွားလာခြင်းအမှုကိုပြုအံ့၊ အာပတ်သင့်သည်သာဘည်း

ဧတ္ထစ သဘာဂ ဝိသဘာဂ တာနာမအပ္ပမာဏံ၊ မာတာပိတူနမ္ပိ ပဉ္စသဟဓမ္မိကာနမ္ပိသဥ္စရိတ္တကမ္မံကရောန္တဿ အာပတ္တိယေဝ။ ။ (ကင်္ခါ—၄)

ဒုဋ္ဌုလ္လံ အတ္တကာမသဥ္စရိတ္တသိက္ခာပုဒ်တို့၌၊ဘ်လူးမ၊ ပြိဇ္ဈာမတို့သည်ထုလ္လစ္စဉ်းဝဇ္ဇ၊မည်ကုန်၏။

ယသ္မာပန ကာယသံသဂ္ဂေ ယက္ခိယာ ထုလ္လစ္စယံ ဝုတ္တံ၊တသ္မာ ဒုဋ္ဌုလ္လာဒီသုပိ ယက္ခိပေတိယောထုလ္လစ္စယဝတ္ထုမေဝါတိ ဝေဒိတဗ္ဗာ၊အဋ္ဌကထာသုံ ပနဧတံ နဝိစာရိတံ။ ။ (ကင်္ခါ—၄)

ဒုဋ္ဌုလ္လာဒီသုဝယ်၊အာဒိသဒ္ဒါဖြင့် အတ္တကာမ သဉ္စရိတ္တတို့ကို သိမ်းကျုံးတော်မူသည်။ ထို့ကြောင့် ဝိမတိဝိုကာ၌။ ဒုဋ္ဌုလ္လာဒီသု ပိတိအာဒိသဒ္ဒေနအတ္တကာမသဥ္စရိတ္တာဒိ သင်္ဂဏှာတိဟု ဖွင့်ဆိုတော်မူ၏။

ဤသိက္ခာပုဒ်ဝယ်၊ လူမိန်းမ၊ လူယောက်ျားဟု အထူးဒိ်သေသအား ဖြင့် မဆိုသော်လည်း လူမိန်းမလူယောက်ျားတို့ကိုသာ ယူရ၏။

ဧတ္ထပနကိဉ္စာပိဇုတ္တိနာမ မနုဿိတ္ထိ၊ နယက္ခီ နပေတီ နတိရစ္ဆာနဂတာ၊ ပုရိသောနာမမနုဿ ပုရိသောနယက္ခောတိ အာဒိနဝုတ္တံ၊ တထာပိမနုဿ ဇာတိကာဝ ဇုတ္တိ ပုရိသာဇမအဓိပ္ပေတာ။ ။ (တေ)

---

## ကုဋိကာရသိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

သညာစိကာယ ပုဒ်ဝယ်။ သံသဒ္ဒါသည် အတ္တဝါစက မိမိကိုယ်ကို ဟောတဲ့တတိယန္တနိပါတ်ပုဒ်တည်း။ ယာစနာယာစိကာဟုဝိဂြိုဟ်ပြု ဏွုပစ္စည်းသည် အနည်းငယ်အားဖြင့် ဘောအနက်၌ဖြစ်၏ ဇုတ္တိလိင် တွင်၊ အကမြင်၊ အလျှင်ဇုဖြစ်မြဲဟူသော နိယံနှင့်အညီ အ,ကို ဇု, ပြု၍ ယာစိကာပြီး၏သယံပဝတ္တိတာသာစိကာသညာစိကာ၊ တာယသညာ စိကာယဟု ဝိဘတ်ချန္တခံ။ သညာစိကာယ။ မိမိသည်ဖြစ်စေအင်သော တောင်းခြင်းဖြင့်။ ဝါ၊ မိမိသည်တောင်းအပ်သောပစ္စည်းပုဆိန်စသောအ ဆောက်အဦဖြင့်ဟုအနက်ပေး။

သညာစိကာယပနဘိက္ခုနာတိဧတ္ထသညာစိကာနာမ သယံပဝတ္တိတယာစနာ ဝုစ္စတိ၊ တသ္မာသညာစိကာယာတိအတ္တနာယာစနာယာတိဝုတ္တံဟောတိ၊ သ ယံယာစိတကေဟိဥပကရဏေဟိတိအတ္ထော။ ။ (ကင်္ခာ-ဌ)

ကုဋိ ပုဒ်၌၊ သိတုဘြ်ကုဋတိဆိန္ဒတိတိကုဋိ ဟု ပြု၍၊ အအေးအ ပူကိုဖြတ်တောက်တတ်သောကုဋိကိုယူ။ ထိုကုဋိသည်ထုတ်ချောက်တံ ခါးပေါင် လေသောက်ပြူတင်း အခိုးပေါက် စသည့် အပြားရှိသော မလိမ်းကျံအပ်သောအရပ်ကို ချန်ထား၍ လိမ်းကျံကောင်းသော အ ရပ်၌ နံရံနှင့်တကွစပ်၍အမိုးဖျံ၏အတွင်းအထက်နှုတ်ခမ်းရေး၌အက် တေ မြေညက်တို့ဖြင့်လိမ်းကျံအပ်သော ဥလ္လိတ္တကုဋိ၊ အမိုးဖျံ၏အပ အောက်နှုတ်ခမ်းရေး၌၊ အက်တေမြေညက်တို့ဖြင့် လိမ်းကျံအပ်သော အဝလိတ္တကုဋိ၊ အမိုးဖျံ၏အတွင်းအပ,အထက်အောက်နှုတ်ခမ်းရေး၌ အက်တေမြေညက်တို့ဖြင့် လိမ်းကျံအပ်သော ဥလ္လိတ္တာဝလိတ္တကုဋိ ဟူ၍သုံးပါးအပြားရှိ၏။

ကုဋိနွာမ ဥလ္လိတ္တာဝါဟောတိ အဝလိတ္တာဝါဥလ္လိတ္တာဝလိတ္တာဝါ။ ။ (ပါ)
ဥလ္လိတ္တာတိအန္တောလိတ္တာ အဝလိတ္တာတိဗဟိလိတ္တာ ဥလ္လိတ္တာဝလိတ္တာတိ အန္တောဗဟိရလိတ္တာတိဝုတ္တံဟောတိ။ ။ (ကင်္ခါ-ဋ္ဌ)

အကျင်းထုတ်၍ပြုအပ်သော ကာရယာ မာနေန ဟူသော ဟေတုကတ္တားပုဒ်၏ ပဒဘာဇနီဝယ် ကာရာပေန္တေန ဟု ဟေတုကတ္တားနိဒ္ဒေသနှင့် ဖွင့်ဆိုသေ်သော၊ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ညီညွတ်ရာ၏။

ကာရယ မာနေနာတိ ဧမဿ ပဒဘာဇနေ ကာရာပေန္တေနာတိ ဧတ္တကမေဝ ဝုတ္တံ သိယာ၊ ဧဝဉ္စိဗျဉ္ဇနံသမေတိ။ ။ (ကင်္ခါ-ဋ္ဌ)

ကာရယမာနေနာဘိကာရာပေန္တေန ဟု ပဒဘာဇနီဝယ် ဖွင့်ဆိုတော်မမူဘဲ၊ ကာရယမာနေနာတိကရောန္တောဝါ ကာရာပေန္တောဝါ ဟု အဘယ်အကျိုးငှာဖွင့်ဆိုတော်မူပါသနည်းဟုမေး။

ကိုယ်တိုင်တောင်းအပ်သော အဆောက်အဦဖြင့် ကုဋိကိုပြုသော ရဟန်းသည်လည်း ဤအာပတ်ဝယ်ကျင့်ရသည်သာ။ ထိုကြောင့် ပြုလုပ်တတ်သောကာရကရဟန်းဖြစ်စေ၊ပြုလုပ်စေတတ်သော ကာရာပကရဟန်းဖြစ်စေ၊နှစ်ဦးသော ကာရကကာရာပကရဟန်းတို့ကို ကာရယမာနေန ဟူသောပုဒ်ဖြင့်သာ သိမ်းကျုံး၍ယူအပ်၏။ ဤသို့သော သာမတ္ထိယအနက်ကိုပြရန်အကျိုးငှာ၊ ကရောန္တောဝါ ကာရာပေန္တောဝါ ဟု ဖွင့်ဆိုတော်မူသည်ဟုဖြေ။

ယသ္မာပန သညာစိကာယ ကုဋိံ ကရောန္တေနာပိ ဧဓဝုတ္တနယေနေဝ ပဋိပဇ္ဇိတဗ္ဗံ၊တသ္မာကရောန္တောဝါ ဟောတု ကာရာပေန္တောဝါ ဥဘောပေတေကာရယမာနေနာတိဧမိနာဝ ပဒေနသင်္ဂဟိတာတိ ဧတမတ္ထံဒဿေတုံ ကရောန္တောဝါကာရာပေန္တောဝါတိဝုတ္တံ။ ။ (ကင်္ခါ-ဋ္ဌ)

တနည်း။ကာရယမာနေနဟူသောဤပုဒ်ကို ဥပလက္ခဏနည်း၏ အစွမ်းဖြင့်ဆိုအပ်၏ဟု ဝိနိစ္ဆယဋီကာ၌မိန့်၏။

ဝိနိစ္ဆယဋီကာန ယေနပန ကာရယမာနေနာတိဧဒံ ဥပလက္ခဏဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ။ (အနု)

ကာရယမာနေနဟူသောပုဒ်ကို ဘိက္ခုနာဟူသောပုဒ်နှင့် ဟေတု

မန္တပိသေသနအဖြစ်ဖြင့် စင်အင်၏။ ထိုကြောင့် ကာရယမာနေန၊ ပြု စေလိုသောကြောင့်။ဝါ၊ပြုစေသော။တိက္ခနာ ရဟန်းသည် ဟု ပေး။

အသာမိကံ ပုဒ်၌၊ နတ္ထိသာမိ ဧတိဿာတိ အသာမိကာ ဟု ပြု။ တံအသာမိကံ ဟု ဝိဘတ္တျန္တခံ၍ ဆောက်လုပ်ဖို့ဒါနီးသူ အရှင်မရှိ သောကုဋိကိုယ့်။

အတ္တုဒ္ဒေသံ ပုဒ်၌၊အတ္တ၊ ဥဒ္ဒေသ ဟု နှစ်ပုဒ်ခွဲ။ဥဒ္ဒိသိတဗ္ဗောတိဥဒ္ဒေ သော ဟု ကမ္မသာဓ်ပြု၍ညွှန်ပြအပ်သောပုဂ္ဂိုလ်ကိုရစေ။ အတ္တာဥဒ္ဒေ သောအဿာတိအတ္တုဒ္ဒေသော ဟု ဗဟုဗ္ဗိဟိသမာသ်ပြု၍ ညွှန်ပြအပ် သော မိမိဆိုအင်သောပုဂ္ဂိုလ်ရှိသော ကုဋိကိုယ့်၊ တံအတ္တုဒ္ဒေသံ ဟု ဝိဘတ္တျန္တခံ။

ပမာဏိကာ ပုဒ်၌၊ ပမာဏေနနိယုတ္တာတိ ပမာဏိကာ ဟု ပြု၍ နှိုင်းယှဉ်ကြောင်း ပိုင်းခြားကြောင်းပမာဏနှင့်ယှဉ်သော ကုဋိကိုယ့်။ တတြိဒံပမာဏံစသောစကားသည် ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့်နှိုင်း ယှဉ်ကြောင်း ပိုင်းခြားကြောင်းဖြစ်သောစကားမည်၏။ထိုကုဋိ၌ နှိုင်း ယှဉ်ပိုင်းခြားကြောင်းဖြစ်သောပမာဏကား။အလျားမှ မြတ်စွာဘုရား လက်သန်းထွာတော်ဖြင့်တဆဲ့နှစ်ထွာတို့ကို အပဒ္ဓြဖြစ်သောတိုင်းထွာ ခြင်းဖြင့်တိုင်းထွာအင်ကုန်၏။

အနံမှ မြတ်စွာဘုရား၏ လက်သန်းထွာတော်ဖြင့် ·ခုနစ်ထွာတို့ဖြင့် အတွင်း၌ဖြစ်သော တိုင်းထွာခြင်းဖြင့် တိုင်းထွာအင်ကုန်၏ ဟု ဆိုရာ ဝယ်၊ မြတ်စွာဘုရား၏တထွာသည် မၛ္ဈိမပုရိသသုံးထွာ၊ ပကတိပုရိ သ နှစ်တောင်သက်ခြောက်သစ်ရှိ၏။မၛ္ဈိမပုရိသ ပဒတ္ထနှင့်ဝဍ္ဎကီဟတ္ထ ကား အတူတူပင်မှတ်ရာ၏။

> သုဂတဝိဒတ္ထိ ယာတိ သုဂတဝိဒတ္ထိ နာမ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိ ယော ဝဍ္ဎကီဟတ္ထေန ဒိယဍ္ဎော ဟတ္ထော ဟောတိ။ ။ (ကင်္ခာ-ဋ္ဌ)
> သုဂတဝိဒတ္ထိ နာမ ပမာဏမဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိ ယော ပကတိ ပုရိသဿ အဍ္ဎတေယျ ဟတ္ထာ။ ။ (အနု)

**ဆောင်။ ။ဘုရားတထွာ၊မဇ္ဈိမာသုံး၊ တို့မှာထက်ဝက်၊ တိုးတက်ပမာ၊ မှတ်စရာ၊ကျမ်းမှာဤသို့လာသတည်း။**

အလျား၌ ဆဲ့တင်ထွာ အနံမှရှစ်ထွာ ဤသို့အလျားမှဆုတ်၍၊ အနံတိုး၍ရင်း။ အလျားမှတဆဲ့သုံးထွာ အနံခြောက်ထွာ ဤသို့အလျားမှတိုး၍အနံဆုတ်၍ရင်၊ အလျားအနံနှစ်ဘက်ရုံတိုး၍ ရင်း၊ကုဋီကို ပြုခြင်းငှာမသင့်။

အာယာမတောဝါ ဝိတ္ထာရတောဝါ အန္တမသော ကေသဂ္ဂမတ္တမ္ပိ အတိက္ကာမေတွာ ကရောတိဝါကာရာပေတိဝါ ပယောဂေ ဒုက္ကဋံ။ ။ (ကင်္ခါ-ပါ)

ကေတောဘာဂေန အတိက္ကန္တမ္ပိဟိပမာဏံ အတိက္ကန္တမေဝ ဟောတိ၊ တိဋ္ဌတု ဝိဒတ္ထိ ကေသဂ္ဂမတ္တမ္ပိ ဒီဃတောဝါ ဟာပေတွာတိရိယံ၊ တိရိယတောဝါဟာပေတွာ ဒီဃံဝဍ္ဎေတုံ နဝဋ္ဋတိ၊ကောပနဝါဒေါ ဥဘတောဝဍ္ဎနေ။ ။ (ကင်္ခါ-ဋ္ဌ)

ပါဠိတော်၌လာသော ဥက္ကဋ္ဌပရိစ္ဆေဒ အပိုင်းအခြားအောက် အယုတ် လေးတောင် ငါးတောင်ရှိသော ကုဋီကို ပြုသော ရဟန်းသည် ကြာအင်သော ကုဋီရာရှိသော ကုဋီကိုပြုရမည်။ ပမာဏထက်လွန်သော ကုဋီကို ပြုငြားအံ့။ လိမ်းကျံသည့်၏အဆုံး၌ သံဃာဒိသိသ်သို့ ရောက်တော့၏။

ပမာဏတောဒီနတရမ္ပိ စတုဟတ္ထံ ပဉ္စဟတ္ထမ္ပိကရောန္တေနဒေသိတဝတ္ထုကာဝကာရေတဗ္ဗာ၊ပမာဏတိက္ကန္တဉ္စပနကရောန္တောလေပန ပရိယောသာနေ ဂရုကံအာပတ္တိံ အာပဇ္ဇတိ။ ။ (ကင်္ခါ-ဋ္ဌ)

အဆုံး၌ဖြစ်သော ပိုင်းခြားကြောင်း ပမာဏအားဖြင့် လေးတောင်အောက်ယုတ်မှုကား၊ကုဋီမမည်။ သို့ဖြစ်သောကြောင့်၊ လေးတောင်မှစ၍ ကုဋီလက္ခဏာသို့ရောက်သောကုဋီကိုပြုရန် စတုဟတ္ထပဉ္စဟတ္ထမ္ပိ ဟု အဋ္ဌကထာမိန့်တော်မူသည် ဟု တေရသကဏ်ဆရာသည် ဖွင့်ပြတော်မူ၏။

ပန္တိမေန ပမာဏေန စတုဟတ္ထတော ဒီနတရာ ကုဋိနာမ နဟောတီတိ၊ စတုဟတ္ထတော ပဋ္ဌာယကုဋိလက္ခဏပ္ပတ္တံ ကုဋိံ ဒဿေတုံ စတုဟတ္ထံ ပဉ္စဟတ္ထမ္ပိတိ ဝုတ္တံ။ ။ (တေ)

ဟေဋ္ဌိမပရိစ္ဆေဒအောက်၌ဖြစ်သောအပိုင်းအခြားအားဖြင့် နှိုင်းယှဉ်ကြောင်းပိုင်းခြားကြောင်းဖြစ်သော ညောင်စောင်းငယ်လည့်လည်လောက်ခါမျှဖြင့်သာ ပမာဏကိုယူရ၏။

အလုံးစုံတို့၏ နောက်ဆုံးဖြစ်သော ပမာဏနှင့်ယှဉ်သော ညှောင် စောင်းသည် အလျားဟုဆိုအပ်သော ခြောက်အားဖြင့် ပကတိမေထွာ ကိုးထွာ ရှစ်ထွာရှိ၏။ ကိုးထွာ ရှစ်ထွာအောက် ငယ်သော ညှောင် စောင်းသည် ခေါင်းအုံးထား၍ ခြေကိုဆန့်၍ အိပ်ခြင်းငှာ မလောက် တော့ပေ။

ပမာဏယုတ္တော မဉ္စောတိသဗ္ဗပန္တိမပမာဏယုတ္တောမဉ္စော၊ သောဟိပကတိ ဝိဒတ္ထိယာနဝဝိဒတ္ထိကော အဋ္ဌဝိဒတ္ထိကောဝါ ဟောတိ၊ တတော ခုဒ္ဒကော မဉ္စောသီသူပဓာနံထပေတွာပါဒိပသာရေတွာနိပဇ္ဇိတုံနပဟောတိ။ ။(ဋ)

အနံဟုဆိုသောထုတ်အားဖြင့်ကား၊ နှစ်တောင်ထွာရှိ၏ဟုဆရာတို့ သည်မိန့်ဆို၏။ထိုအောက်ယုတ်မူ ကုဋီမမည်တော့ပေ။

တိရိယတော အနုတေယျဟတ္ထောတိ အာစရိယေဟိ ဝုတ္တော ဟတော ဦနံ ကုဋိသင်္ချံ နဂစ္ဆတိ။ ။ (အနု)

**ဆောင်။ ။အလျားကိုးထွာ၊ နံမှာနှစ်တောင်၊ခွဲမှာဆောင်၊ မှတ်အောင် ကုဋီအောက်ထစ်တည်း။**

ကုဋ်၌ သိရာသောသရုပ်တို့သည်။ လိမ်းကျံခြင်းဟု ဆိုအပ်သော လေပ၊မလိမ်းကျံရခြင်း ဟု ဆိုအပ်သောအလေပ၊လိမ်းကျံရာအရပ် ဟု ဆိုအပ်သော လေပေါကာသ၊မလိမ်းကျံရာအရပ်ဟုဆိုအပ်သော အလေပေါကာသ ဟူ၍လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့တွင် လိမ်းကျံခြင်းတို့သည် မြေညက်ဖြင့် လိမ်းကျံခြင်း ဟု ဆိုအပ်သော မတ္တိကာလေပ၊အက်တေဖြင့်လိမ်းကျံခြင်းဟုဆိုအပ်သော သုဓာလေ ပ ဟူ၍နှစ်မျိုးအပြားရှိကုန်၏။ မြေညက်အက်တေတို့ကိုသား၍၊ ပြာ, နောက်ချေးစသည်တို့ဖြင့် လိမ်းကျံခြင်းသည် အလေပမည်၏။ နံရံအ မိုးသည် လိမ်းကျံရာအရပ်ဟု ဆိုအပ်သောလေပေါကာသမည်၏။ ထို့ကြောင့် အဋ္ဌကထာ၌။ လေပေါကာသောတိ ဘိတ္တိ ယောစေဝဆ ဒနဉ္စ ဟု မိန့်တော်မူ၏။

နံရံ အမိုးတို့ကိုထား၍ တိုင် ထုတ် လျှောက် တံခါးပေါင် လေ သောက်ပြူတင်း အခိုးပေါက်အစရှိသော လိမ်းကျံခြင်းငှာ မထိုက် သောအရပ်သည် လေပေါကာသမည်၏။

ထေ့ပတ္တာပနဘိက္ခိုနိဿဂ္ဂိယေနဝသေပ္ပသာထမ္ဘတုလာပိဋ္ဌသဃ်ာတ ဝါတပါန
ရူမန္တိုဒ္ဓါဒြိအလေပေါရပေါာ ဩကာသော၊သမ္ဗောပိ ဩကာသောအလေပေါ
ကာသောတိဝေဒိတဗ္ဗော။ ။ (ကင်္ခါ—ဋ္ဌ)

ဘိက္ခုအဘိနေဒတဗ္ဗာလ။သပရိက္ကမန် ဟူသော ပါဌ်ဖြင့် ကုဋ်ရာ ကိုကြားအပ်သော အခြင်းအရာကိုပြ၏။ အနာရမ္ဘ ဟူသောပုဒ်၌၊ န, အာရမ္ဘဟုနှစ်ပုဒ်ခွဲ။ အာရမ္ဘသဒ္ဒါသည် ဥပဒ္ဒဝဘေးရန်ဟူသော အနက်ကိုဟော၏။ နတ္ထိအာရမ္ဘော ဧတ္ထာတိအနာရမ္ဘံ ဟု ပြု၍၊ ပိုး,ရွ,ချ ပုံး,ကြွက်,မြွေ,ကင်းမြီးကောက်စသော ဘေးရန်မရှိရာကုဋိရာကိုယူ။

သ ပ ရိ က္က မ နံ ပု ဒ် ၌၊ သဟ၊ ပရိက္ကမန ဟု နှစ်ပုဒ်ခွဲ။ ပရိက္ကမ န သဒ္ဒါသည် ဥပစာဟူသော အနက်ကို ဟော၏။ ပရိသမန္တတော ကမတိဂစ္ဆတိဧတ္ထာတိပရိက္ကမနေဝဟု ပြု၍ထက်ဝန်းကျင်မှသွားလာရာ ဥပစာကိုယူ။ ပရိက္ကမနေန သဟဝတ္တတိတိ သပရိက္ကမနံ ဟု ဗဟုဗ္ဗီ ဟိသမာသ်ပြု၍၊ နွားနှစ်ကောင် ရေးကောင်စသော လှည်းဖြင့် လှည့် လည်လောက်သောဥပစာနှင့်တကွဖြစ်သော ကုဋိရာကိုယူ။

သာရမ္ဘံ အနာရမ္ဘန္တိ သဉပဒ္ဒဝံ၊ အနုပဒ္ဒဝံ သပရိက္ကမနံအပရိက္ကမနန္တိ သဉပ စာရံ အနုပစာရံ၊(ကင်္ခါ—ဋ္ဌ)

သာရမ္ဘအပရိက္ကမန တို့၌သည်း ပြန်သောအားဖြင့် အဓိပ္ပါယ်ကို ယူပါ။သာမညအားဖြင့် မာတိကာ၌ ဟောတော်မူသော်လည်း ဘေး ရန်ရှိသောသာရမ္ဘကုဋိ၌ဒုက္ကဋ်အာပတ်သင့်၏။ထက်ဝန်းကျင်မှ လှည့် လည်သွားလာရာဥပစာမရှိသောကုဋိ၌ဒုက္ကဋ်အာပတ်သင့်၏။ပမာဏ ကို လွန်သောကုဋိ၌ သံဃာဒိသိသ်အာပတ်သင့်၏။ မကြားအပ်သော ကုဋိရာရှိသောကုဋိ၌သံဃာဒိသိသ်အာပတ်သင့်၏။
ဤသို့အထူးကို ပိုင်းခြားဝေဘန်၍သိရာ၏။

တတ္ထသာရမ္ဘာဒယဒုက္ကဋ်အပရိက္ကမနာဒယဒုက္ကဋံ ပမာဏာတိက္ကန္တာဒယ သံဃာဒိ သေသော အဒေသိတ ဝတ္ထုကာဒယ၊ သံဃာဒိသေသော ဇောသံဝသေနဩ မိဿကာပတ္တိယော ဝေဒိတဗ္ဗာ၊ ။ (ကင်္ခါ—ဋ္ဌ)

ကုဋ်ချိန်အဋ္ဌကထာ၌ နှစ်ပါးသုံးပါးသောရဟန်းတို့သည် တပေါင်း တည်းနေကုန်အံ့ဟုကုဋိကိုပြုအံ့ မဝေဘန်အပ်သောကြောင့် အာပတ်

မသင့်သေး။ဤကားသင်၏နေရာ၊ဤကားငါ၏နေရာဟု ဝေဘန်၍ ကုဋိကိုပြုအံ့ အာပတ်သင့်တော့၏။

ကုဋိံ ပနဉ္စကွာ ၊ဒွေတယောဘိက္ခူ ဧကတော ဝသိဿာမာတိကရောန္တိ ရက္ခာကိ၊ဘာဝ အဝိဘတ္တတ္တာအနာပတ္တိ၊ ဇာနိဒ္ဒောနံတာဝဇာမိနမာတိ ဝိဘဇိတွာ ကရောန္တိအာပတ္တိ၊ ။ (ကင်္ခါ-ဋ္ဌ)

ဆောင်။ ၁။ ဆွမ်းသင်္ကန်းမှာ၊ ဝိညတ်ဟာ၊ ဘယ်ခါမအပ်ပါ။

၂။ ကျောင်းပစ္စည်းမှာ၊ ပရိကထာ၊ အစဖြာ၊ အပ်ပါသည်ကြီးတည်း။

၃။ ကျောင်းဆောက်ခြင်းဌာ၊ သင့်လျော်ပါ၊ ဆိုကာပရိကထာတည်း။

၄။ ရဟန်းပြောသာဒ်၊ မနေအပ်ဟု၊ မြဲမှတ်ပါလော့၊ ပြောဆိုခြင်း၊ မှတ်သားဩဘာသ။

၅။ ကြိုးနှင့်တံသင်း၊ နက်တုံလျှင်းသော်၊ ပြုခြင်းဘယ်လို၊ မေးလာဟိုကြောင့်၊ ကျောင်းကိုဆောက်မည်၊ ပြောကဲ့သည်၊ မှတ်တည်နိမိတ်တည်း။

——— ၀ ———

## ဝိဟာရကာရကသိက္ခာပုဒ်၌ အဋ္ဌပ္ပါယ်သော်ကား။

မဟလ္လကံ ပုဒ်၌၊ မဟာတ်ဝဇုတိ ဘိမဟန္တော် ဟု ပြု၍။ ကြီးသောကျောင်းကိုယူ။မဟန္တသာဘာဝေါမဟလ္လံ ဟု ဘာဝတဒ္ဓိတ်ပြု၍။ ဒြပ်တူးကိုပြတတ်သည်ဖြစ်၍ဖြစ်သောဂုဏ်ကိုယူ။မဟလ္လံ ဘောသာအဿ တိမဟလ္လကော ဟု အဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ်ပြု၍၊ ကြီးသောကျောင်း၏အဖြစ်ဟုဆိုအပ်သော ဂုဏ်ရှိသောကျောင်းကိုယူပါ။

တနည်း၊ မဟန္တဘာ ်လာတိဂဏ္ဍာတိဘိမဟလ္လကော ဟု ပြု၍ ကြီးစွာသောကျောင်းကိုယူပါ။မဟန္တ သဒ္ဒါသည် ဘာဝပ္ပနှာနဘော ပြခြန်း၏။ ခုဒ္ဒသိက္ခာဋီကာ၌ကား ဘာဝပစ္စည်းကိုချေသည်ဟု ဆို၏။

ဆောက်သူင်သူ ဒါယကာရှိသော ကျောင်းကို မဟလ္လကဝိဟာရ ဟု ဆို၏။

မဟလ္လကောနာမဝိဟာရောသဃာဒိသေသောဒုဋ္ဌာတိ။ ။ (ပ)

ဝိဟာရသဒ္ဒါသည်၊ အလုံးစုံသောကျောင်းတိုက်ကိုမဟော၊ တခုသောကျောင်းကိုသာဟောာ၏။

ဧတ္ထာစဝိဟာရောတိနသကလဝိဟာရော ဧကောအာဝါသော။ ။ (ကင်္ခါ-ဋ္ဌ)

သဃာဒိသေသံဟူသောပုဒ်၌၊သဟ,သာဒိသေသကဟုနှစ်ပုဒ်ခွဲ။ သလောမကော သပက္ခကောစသောပုဒ်တို့၌၊သဟသဒ္ဒါသည် ဝိဇ္ဇမာနတ္ထ ထင်ရှားရှိသောအနက်ကိုဟောသကဲ့သို့ ဝိဇ္ဇမာနတ္ထအနက်ကိုဟောာ၏။

သာဒိသေကေနသဟ ဝတ္တတီတိသဃာဒိသေသော၊သာဒိသေသောဧဝသဃာဒိသေသော အတ္ထ ဝါ သဃာဒိသေသော ဟု နှစ်နည်းပြု၍ ဆောက်လုပ်သူ ဒါယကာရှိသောကျောင်းကို၊ သဃာဒိသေသံပါဠ်ဖြင့်၊ ကျောင်းကြီးသောအဖြစ်၏ အကြောင်းကိုပြလေ၏။ ဘိက္ခူဝါအနဘိနေယျ ဟူသော ပါဠိတော်၌၊ဝါသဒ္ဒါသည် အယံဝါသောမဟာနာဂေါ ဟူသော ပါဠိတို့၌ကဲ့သို့ အဝဓာရဏအနက်ရှိ၏၊ထိုအဝဓာရဏအနက်ရှိသော ဝါသဒ္ဒါဖြင့် ပမာဏိကာ အတိက္ကာမေယျ ဟူသောစကားကို နှစ်စေ၏ ဟု သာရတ္ထဒီပနီဋီကာ၌မိန့်၏။ ဝိမတိဋီကာ၌ကား၊ဝါသဒ္ဒါသည် သမုစ္စည်းအနက်ရှိ၏။ သမုစ္စည်းအနက်ရှိသော ဝါသဒ္ဒါဖြင့် မဟလ္လကံဝိဟာရံကာရေယျဟူသောစကားကိုဆည်း၏ဟု ဆို၏။

ဧမသ္မိံသိက္ခာပဒေဘိက္ခူဝါ အနဘိနေယျာတိဧတ္ထ ဝါသဒ္ဒေါအယံဝါသော မဟာနာဂေါတိအာဒီသုဝိယအဝဓာရဏတ္ထောတိဒဋ္ဌဗ္ဗော။ ။ (သာ)

ဧမသ္မိံသိက္ခာပဒေဘိက္ခူဝါ အနဘိနေယျာတိ ဧတ္ထဝါသဒ္ဒေါ သမုစ္စယတ္ထော တေန မဟလ္လကန္တုဝိဟာရံကာရေယျဘိက္ခူစအနဘိနေယျာတိ ကြိယဒွယ အကြိယဒွယသမုစ္စိနောတိ။ ။ (ဝိ)

ဤဝိဟာရကာရကသိက္ခာပုဒ်၌၊ ဆောက်လုပ်သူ ဒါယကာရှိသော အဖြစ်မျှသည်သာသည်းကောင်း၊မပြုအပ်သည်ကို ပြုခြင်းကြောင့်ဖြစ်သော သမုဋ္ဌာန်မရှိသောအဖြစ်သည်လည်းကောင်း၊ ငိုင်းခြားကြောင်း ပမာဏ၏ မြခြင်းမရှိသော အဖြစ်သည်လည်းကောင်း၊ ထူးတော့၏။ အကြွင်းကိုကုဋိကာရသိက္ခာပုဒ်၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သိအပ်၏။

သဿာမိက ဘာဝမတ္တမေဝဟိဧတ္ထကြိယတော သမုဋ္ဌာနာဘာဝေါ ပမာဏနိယမာဘာဝေါစဝိသေသော။ ။ (ကင်္ခါ-ဋ္ဌ)

—— ၀ ——

## ပဉ္စမဒုဋ္ဌဒေါသသိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

ဘိက္ခုံအရမှာ စင်ကြယ်သော တပါးသော သုဒ္ဓရဟန်းကို ဘိက္ခု ဟုယူ။ ထို့ကြောင့် ပဒဘာဇနီပါဠိတော်၌ ဘိက္ခုန္တိအညံဘိက္ခုံ ဟု ဖွင့်ဆိုတော်မူ၏။ ဒုဋ္ဌောပုဒ်၌၊ ဒေါသေနဒုဋ္ဌောတိဒုဋ္ဌော ဟု ပြု၍ ဒေါသသည်ဖျက်ဆီးအပ်သောရဟန်းကိုယူ၊

ဒေါသောပုဒ်၌။ ပရံဒူသေတိဝိနာသေတီတိဒေါသော ဟုပြု၍ကြမ်းတမ်းသောသဘောရှိသောကြောင့်၊သူတပါးကို ဖျက်ဆီးသကဲ့သို့ဖြစ်သောဒေါသကိုယူ။

တနည်း။ဒူသနံဒေါသောဟု ဘာဝသာဓနဝိဂ္ဂဟ်ဆို၍၊ ဒေါသကို ကောက်ယူ။ဒေါသောအဿအတ္ထိတိဒေါသော ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂဟ်ဆင့်၍ဒေါသရှိသောပုဂ္ဂိုလ်ကိုကောက်ယူပါ။

ဤအရာဝယ်တဦးသောပုဂ္ဂိုလ်ကိုပင်ဖျက်ဆီးအပ်သော ဒူသိတာကာရအခြင်းအရာ၊ ဖျက်ဆီးတတ်သော ဒူသကာကာရ အခြင်းအရာ ထူးသောကြောင့်။ဒုဋ္ဌောဒေါသောဟုဆိုတော်မူ၏။ အပ္ပတီတော ဟူသောပုဒ်၌။ပတီတသဒ္ဒါသည် ရယ် ရွှင်ခြင်းအနက်ကိုဟော၏။

ထို့ကြောင့်အနုဝဏ္ဏနာ၌။ ဣဓပတီတသဒ္ဒေါ ဟာသေဝတ္တတိနဝိ ညာတေပါကဋေစ ဟုဖွင့်ဆိုတော်မူ၏။

နပတီတောအပ္ပတီတောဟုပြု၍၊ မနှစ်သက်အပ်သော ပုဂ္ဂိုလ်ကို ကောက်ယူပါ။တနည်း။နတ္ထိပတီတံပီတိသုခံဧတဿာတိအပ္ပတီတော ဟုဗဟုဗ္ဗိဟိသမာသ်ပြု၍ ရွှင်လန်း နှစ်သက်သော ပီတိသုခမရှိသော ရဟန်းတော်ကိုကောက်ယူပါ။ ။သန့်ရှင်းစင်ကြယ်သော အမှတ်သညာ ရှိသည်ဟုဆိုအပ်သောအင်္ဂါကိုတပုဒ်ပုဒ်ဖြင့်ပြက၊ပြီးကောင်းပါလျက် အဘယ်၏အစွမ်းဖြင့်ဒုဋ္ဌောဒေါသော အပ္ပတီတောဟူသော သုံးပုဒ် တို့ကိုဆိုအပ်ပါသနည်းဟုမေး။

ဒေသနာဝိလာသ၏အစွမ်းဖြင့်လည်းကောင်း၊ ဝေနေယျဇ္ဈာသယ ၏အစွမ်းဖြင့်လည်းကောင်း။ပဒတ္ထုတိပုဒ်ကိုချီးမွမ်းသည်၏ အစွမ်းဖြင့် လည်းကောင်းသုံးပုဒ်တို့ကိုဆိုအပ်ပါ၏ဟုဖြေ။

အမူလကေနယူသောပါဠိ၌၊ နတ္ထိမူလံတေသာတိ အမူလကံဟု ဝိဂ္ဂဟပြု၍ မြင်ခြင်းဟုဆိုအပ်သောအကြောင်းရင်း။ ကြားခြင်းဟု ဆိုအပ်သောအကြောင်းရင်း၊ ရွံရှာခြင်းဟု ဆိုအပ်သော အကြောင်းရင်း မရှိသောပါရာဇိကကိုယူပါ။ ။ပါရာဇိက၏မြင်ခြင်းကြားခြင်း ရွံရှာခြင်းဟုဆိုအပ်သောအကြောင်းရင်းမရှိသောအဖြစ်ကိုစောဒကပုဂ္ဂိုလ်၏အစွမ်းဖြင့်သာယူရ၏။စုဒိတကပုဂ္ဂိုလ်၏အစွမ်းဖြင့်မယူရ။

အမူလကံနာမအဒိဋ္ဌအသုတံအပရိသင်္ကိတံ၊ ။ (ပ)

အမူလကေနပါရာဇိကေနာတိဧတ္ထနာဿမူလန္တိ အမူလကံ၊ တံပနဿအမူလကတ္တံ ယသ္မာစောဒကဝသေန အဓိပ္ပေတံ၊ နစုဒိတကဝသေန၊ တသ္မာတမတ္ထံ ဒဿေတုံ ပဒဘာဇနေအမူလကံနာမ အဒိဋ္ဌံ အသုတံ အပရိသင်္ကိတန္တိအာဟ။ ။ (ကင်္ခါ-ဋ္ဌ)

ပဒဘာဇနီ၌ ပြအပ်သော အဒိဋ္ဌအသုတ အပရိသင်္ကိတတို့တွင် မိမိ၏ ပသာဒစက္ခုဖြင့်၎င်း၊ ဒိဗ္ဗစက္ခုဖြင့်၎င်း၊မမြင်ရသည်ကို အဒိဋ္ဌဟုဆိုသည်၊မိမိ၏ပသာဒသောတဖြင့်၎င်း၊ဒိဗ္ဗသောတဖြင့်၎င်း၊မကြားရသည်ကို အသုတဟုဆိုသည်၊ စိတ်ဖြင့်ရွံရှာခြင်း မရှိသောအရာကို အပရိသင်္ကိတဟုဆိုသည်။

တတ္ထအဒိဋ္ဌံနာမ အတ္တနောပသာဒ စက္ခုနာဝါ ဒိဗ္ဗစက္ခုနာဝါ အဒိဋ္ဌံ၊အသုတံ နာမတထေဝစကေနစိဝုစ္စမာနံနသုတံ၊အပရိသင်္ကိတံနာမစိတ္တေနအပရိသင်္ကိတံ။ ။ (ကင်္ခါ-ဋ္ဌ)

မြင်ခြင်း၊ကြားခြင်း၊ ရွံရှာခြင်းဟုဆိုအပ်သော အကြောင်းရှိသောအားဖြင့်လည်းကောင်း၊အမှတ်သညာဖြင့် အကြောင်းရှိသောအားဖြင့်လည်းကောင်း၊ စွပ်စွဲသော ပုဂ္ဂိုလ်အားအာပတ်မသင့်၊ အမူလကသညာအမူလကဖြင့်စွပ်စွဲသောပုဂ္ဂိုလ်အားအာပတ်သင့်ဘော၏။

ဧတ္ထစသမူလကေနသမူလကေနဝါသညာသမူလကေနဝါစောဒေန္တဿအနာပတ္တိ၊အမူလကေနဝါ ပန သညာ အမူလကေနဝါ စောဒေန္တဿဝ အာပတ္တိ။ ။(ကင်္ခါ-ဋ္ဌ)

မိမိကိုယ်တိုင်စောဒနာသောရဟန်းသည်လည်းကောင်း၊သူတပါးကို စောဒနာစေသောရဟန်းသည်လည်းကောင်း၊ စွပ်စွဲနှိပ်စက်ဖျက်ဆီးသည်ကိုပြုသည်မည်၏။

အနုဒ္ဓံသေယျာတိစောဒေတိဝါစောဒါပေတိဝါ။ ။ (ပ)

အနုဒ္ဓံသေယျာတိ ဓံသေယျ ပဓံသေယျ အဘိဘဝေယျ အဇ္ဈောတ္ထရေယျ၊ တံ ပန အနုဒ္ဓံသနံ ယသ္မာ အတ္တနာ စောဒေန္တောပိ ပရေန ဝါ စောဒါပေန္တောပိ ကရောတိယေဝ တသ္မာဿ ပဒဘာဇနေ စောဒေတိ ဝါ စောဒါပေတိ ဝါ တိ ဝုတ္တံ။ ။ (ကင်္ခါ·ဋ္ဌ)

အနုဒ္ဓံသေယျဟူသောပါဠိတော်ဖြင့် စောဒနာ အပြစ်တင်ခြင်းကို ပြတော်မူ၏။ စောဒနာ၏အဓိပ္ပါယ်ကို၊ စောဒိယတေစောဒနာဒေါသာ ရောပနတ္တံအဇ္ဈောဟူသောပါဠိဖြင့်သိရာ၏။ ထိုအပြစ်တင်ခြင်းဟု ဆိုအပ်သောစောဒနာသည်ကေဝဏ္ဏု ကေစောဒက စောဒနာ၊ ကေဝဏ္ဏု နာနာစောဒကစောဒနာ၊ နာနာဝဏ္ဏု ကေစောဒက စောဒနာ၊ နာနာဝဏ္ဏုနာနာစောဒကစောဒနာဟူ၍၊ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ တရသော ဝဏ္ဏုဖြင့် တဦးသော စောဒက၏ စောဒနာခြင်းသည်။ ကေဝဏ္ဏု ကေစောဒက စောဒနာမည်၏။ တရသော ဝဏ္ဏုဖြင့် အသီးအသီးသောစောဒကတို့၏စောဒနာခြင်းသည် ကေ ဝဏ္ဏုနာနာစောဒကစောဒနာမည်၏။ အသီးအသီးသောဝဏ္ဏုတို့ဖြင့် တဦးသော စောဒက၏ စောဒနာခြင်းသည် နာနာဝဏ္ဏု ကေစောဒက စောဒနာမည်၏။ အသီးအသီးသော ဝဏ္ဏုတို့ဖြင့်အသီးအသီးသော စောဒကတို့၏စောဒနာခြင်းသည်၊ နာနာဝဏ္ဏုနာနာစောဒက စောဒနာမည်၏။ မည်သည့်ပုဂ္ဂိုလ်သည် စောဒနာခြင်းဌာ ရပါသနည်း။ မရဘဲရှိပါသနည်းဟုမေး။

ဒုဗ္ဗလစောဒက၏ စကားကိုယူ၍ တစုံတယောက်သော သူသည် စောဒနာခြင်းဌာမရ။ ဒုဗ္ဗလစောဒက၏ စကားကိုမယူမူ၍ သီလနှင့် ပြည့်စုံသောရဟန်းသည်ရဟန်းယောကျ်ားရဟန်းမိန်းမကို စောဒနာခြင်းဌာရ၏။ သီလနှင့်ပြည့်စုံသော ရဟန်းမိန်းမသည် ရဟန်းမိန်းမကို သာစောဒနာခြင်းဌာရ၏ဟု မဟာပဒုမ မထေရ်မိန့်ဆို၏။ မဟာ သုမ မထေရ်ကား၊ ငါးဦးသော သိတင်းသုံးဘော်တို့သည်လည်း စောဒနာ ခြင်းဌာရကုန်၏ဟုဆို၏။ ဂေါဒ မထေရ်ကား၊ စောဒနာခြင်းဌာ မရ သောသူမည်သည်မရှိဟု ဆို၍ ဘိက္ခုဿ သုတွာစောဒေတိ ဘိက္ခုနိယာသုတွာစောဒေတိ။လ။တိတ္ထိယသာဝကာနံ သုတွာ စောဒေတိ

ဟူသော ပါဠိတော်ကို ဆောင်တော်မူ၏။ သုံးဦးသော မထေရ်တို့၏ ဝါဒ၌လည်း စုဒိတကပုဂ္ဂိုလ်၏သာဝနိခံခြင်းဖြင့်ဆုံးဖြတ်ရာ၏။

> တိဏ္ဏမ္ပိ ထေရာနံ ဝါဒေစုဒိတကဿေဝပဋိညာယ ကာရေတဗ္ဗော ။
> (ကင်္ခါ–၄)

သမိပေ၌တွာ ဟူသော အဋ္ဌကထာ၌။ ဒဿနူပစာသဝနူပစာကို သမိပ ဟု ဝိမတိဒိုကာ၌ ဖွင့်ဆိုတော်မူ၏။ ထို့ကြောင့်ဝိမတိဒိုကာ၌၊ သမိပေ၌တွာတိ ဟတ္ထပါသာရဝဇ္ဇိယေသာနံစောဒနာဝသေန ပဝတ္တိယမာနာနံဒဿနသဝနူပစာရေ၌တွာတိအတ္ထောဟုဖွင့်ဆိုတော်မူ၏။

တဆဲ့နှစ်တောင်ကိုသမိပဟုဆိုသောကေစိဆရာတို့၏ စကားကို မသင့်ဟုပယ်တော်မူ၏။

> ကေစိပနဒွါဒသဟတ္ထဗ္ဘန္တရေ၌တွာတိဝဒန္တိ တံနယုဇ္ဇတိ၊ ပရတောဗျတိရေကတောအနာပတ္တိ ဒဿနေနသုတံဝါပဏ္ဏံဝါသာသနံဝါပေသေတွာတိဗ္ဗောက မေဝဝုတ္တံ၊နပနဒွါဒသဟတ္ထံမုဉ္စိတွာ စောဒေန္တဿသိသံနတောတိဝုတ္တံ။ ။
> (ဝိ)

ဂဏ္ဌိပုဒ်တို့၌ကား။ တဆဲ့နှစ်တောင်၏ အတွင်းကိုသမိပ ဟု ဆိုသည်ဟုပြ၏။ ထို့ကြောင့်တေရသကဏ်ဋီကာ၌၊ သမိပေ၌တွာတိဒွါဒသဟတ္ထဗ္ဘန္တရေသမိပေ၌တွာတိဝဒန္တိတိ တိသုပိဂဏ္ဌိပဒေသု ဝုတ္တံ ဟု ဖွင့်ပြ၏။တေရသကဏ်ဋီကာဆရာကား၊မျက်ကွယ်၌စောဒနာခြင်း ဖြင့်သာလျှင် အာပတ်မသင့်ခြင်းကို ဆိုသောကြောင့် သမိပေ၌တွာ ဟူသော၍စကားကို မျက်မှောက်၏ အဖြစ်မျှကိုပြရန် အကျိုးငှာဆို၏ ဟုအလိုရှိ၏။

> ပရတောပနဒူတံဝါ ပဏ္ဏံဝါ သာသနံပေသေတွာ စောဒေန္တဿသိသံ နတောတိပရမ္မုခါစောဒနာယဝေအနာပတ္တိယာဝုတ္တတ္တာသမိပေ၌တွာတိ ဣဒံသမ္မုခ ဘာဝ မတ္တဒဿနတ္ထံ ဝုတ္တန္တိအမှာကံခန္တိ။ ။ (တေ)

တမန်သတင်းစသည်တို့ဖြင့်စောဒနာစေသော ရဟန်းအားလည်း ပါဠိတော်ဝယ် စောဒေတိဝါ စောဒါပေတိဝါ ဟူ၍ သာမညအား ဖြင့်မိန့်ဆိုတော်မူသောကြောင့်၊အာပတ်သင့်သည်ကားထင်ရှားပါ၏။ သိသောသိသံနတောဟူသောစကားကို အဋ္ဌကထာဆရာ၏ နှိုင်းယှဉ် ကြောင်းပမာဏအားဖြင့်ယူရ၏။

ကိဉ္စာပိပါဠိယံစောဒေတိဝါ စောဒါပေတိဝါတိ သာမညတောဝုတ္တတ္ထာ ဒူတ
သာသနာဒိဟိစောဒါပေန္တဿာပိအာပတ္တိယေဝါတိပညာယတိ၊ သီသံနဧဘိ
တိ ဝုဒ္ဓံပနအင္ဂကထာစရိယပ္ပမာဏေနပဟေတဗ္ဗံ။ ။ (တေ)

လက်သှုပ်ခြင်း နှုတ်မြွက်ခြင်းတို့ကို အပြစ်တင် စောဒနာ သည့်၏ အစွမ်းဖြင့်ဖြစ်စေတတ်ကုန်သောပုဂ္ဂိုလ်တို့၏ ဒဿနူပစာသဝနူပစာ၌တည့်၍ တပါးသောရဟန်းကို စေခိုင်းအံ့၊ စေခိုင်းအပ်သော ရဟန်းသည်၊စေခိုင်းသောရဟန်း၏စကားဖြင့် တပါးသော ရဟန်းကို စောဒနာအံ့။စောဒနာစေသော ရဟန်းအားသာလျှင်၊ ခွန်းတိုင်းခွန်းတိုင်း သံဃာဒိသိသ် အာပတ်သင့်၏။ စောဒနာသော ရဟန်းသည်လည်း၊ ငါမြင်အင်သောအရာ၊ကြားအင်သောအရာသည်ရှိ၏ ဟု စောဒနာအံ့။ နှစ်ဦးသောစောဒါပက စောဒက ရဟန်းတို့အား ခွန်းတိုင်းခွန်းတိုင်း သံဃာဒိသိသ်အာပတ်သင့်၏။

စောဒါပေတီတိအတ္တနာသမိပေဌတွာ အညံ့ဘိက္ခုံအာဏာပေတိသောတဿ ဝစနေနတံစောဒေတိစောဒါပကဿေဝ ဝါစာယ ဝါစာယသံဃာဒိသေသော အထသောပိမယာပိဒိဋ္ဌံ သုတံအတ္ထီတိစောဒေတိ ဒွိန္နမ္ပိဇနာနံဝါစာယဝါစာ ယ သံဃာဒိသေသော။ ။ (ကင်္ခါ-၅)

ထိုပြောဆိုသောခဏ၌၊သိရန်ခဲရင်းလှ၏။ပကတိအားဖြင့် အသံကို ကြား၍ အနက်ကို သိသောတပါးသောအခါ၌။ ဆင်ခြင်၍ သိသော်၊သိသည်သာလျှင်ဖြစ်၏။နောက်ကာလ၌သိအံ့ အထွန့်အထိင်သို့မရောက်။ သိက္ခာကိုစွန့်ခြင်း သိက္ခာပစ္စက္ခာန အဘူတာရောစနသိက္ခာပုဒ်၊ ဒုဋ္ဌုလ္လဝါစာ၊အတ္တကာမ၊ဒုဋ္ဌဒေါသဘူတာရောစနသိက္ခာပုဒ်တို့သည့် တူသောအပိုင်းအခြားရှိကုန်၏။

တခ်ဏေယေဝဇာနန်နာမဒုက္ကရံအပရေနသမယေနအာဝဇ္ဇိတွာညာတေပန ညာတမေဝဟောတိ၊ပစ္ဆာစေဇာနာတိသီသံနဧတိ၊သိက္ခာပစ္စက္ခာနံအဘူတာ ရောစနံ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမ၊ ဒုဋ္ဌဒေါသဘူတာရောစန သိက္ခာပဒါနီတိ သမ္ဗာနေဝဟိ ဧကမာနိ ဧကပရိစ္ဆေဒါနိ။ ။ (ကင်္ခါ-၅)

တေရသကဏ် ငိကာ၌၊ သမယေနာတိ ပကတိယာ သဒ္ဒံသုတွာ အတ္ထဝိဇာနနသမယေနဟုဖွင့်ဆိုတော်မူ၏။ ဝိမတိငိကာ၌ကား။ သမယနာတိပကတိယာဇာနနက္ခဏေ-ဟု ဖွင့်၏။ တနည်း။စောဒနာသည် ကာယစောဒနာ၊ဝါစာစောဒနာအားဖြင့်နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်ကာယစောဒနာသည်ဒိဋ္ဌစောဒနာသုတစောဒနာပရိသင်္ကိတ

စောဒနာ ဟူ၍ သုံးပါးအပြားရှိ၏။ တနည်း။ စောဒနာသည်၊ သီလ ဝိပတ္တိစောဒနာအာစာရဝိပတ္တိစောဒနာဒိဋ္ဌိဝိပတ္တိ စောဒနာ အာဇီဝ ဝိပတ္တိစောဒနာဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဂရုက ဖြစ်သော ပါရာဇိက၊ သံဃာဒိသိသ်တို့၏ အစွမ်းဖြင့် စောဒနာခြင်း သည် သီလဝိပတ္တိစောဒနာမည်၏။ကြွင်းသောငါးပါးသောထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိတို့၏အစွမ်းဖြင့် စောဒနာခြင်း သည် အာစာရဝိပတ္တိစောဒနာမည်၏။မိစ္ဆာဒိဋ္ဌိအန္တဂ္ဂါဟိကဒိဋ္ဌိတို့၏ အစွမ်းဖြင့်စောဒနာခြင်းသည် ဒိဋ္ဌိဝိပတ္တိစောဒနာမည်၏။အသက်မွေး ခြင်းဟူသောအကြောင်းကြောင့်ပညတ်အပ်ကုန်သော(၁)အာဇီဝဟေ တုအာဇီဝကာရဏာ ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ အာပတ္တိပါရာဇိကဿ။ (၂) အာဇီဝဟေ တုအာဇီဝကာရဏာ သဉ္စရိတ္တံ သမာပဇ္ဇတိ၊ အာပတ္တိသံဃာဒိသေ သဿ။ (၃)အာဇီဝဟေတုအာဇီဝကာရဏာ ယော တေ ဝိဟာရေ ဝသတိ၊သော ဘိက္ခု အရဟာတိ ဘဏတိ ပဋိဝိဇာနန္တဿ အာပတ္တိ ထုလ္လစ္စယဿ။ (၄)အာဇီဝဟေတုအာဇီဝကာရဏာ ဘိက္ခု ပဏီတ ဘောဇနာနိ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇ တိ၊ အာပတ္တိပါစိတ္တိယဿ။ (၅) အာဇီဝဟေတုအာဇီဝကာရဏာ ဘိက္ခုနီ ပဏီတဘောဇနာနိ အဂိလာနာ အတ္တနော အတ္ထာယ ဝိညာ ပေတွာ ဘုဉ္ဇတိ၊အာပတ္တိပါဋိဒေသနီယဿ။ (၆)အာဇီဝဟေတုအာ ဇီဝကာရဏာ ဘိက္ခု သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာ ယ ဝိညာပေတွာ ဘုဉ္ဇတိ၊ အာပတ္တိဒုက္ကဋဿ အာဇီဝဝိပတ္တိပစ္စယာ ဣမာ ဆအာပတ္တိယော အာပဇ္ဇတိ။

ဤသို့ပရိဝါပါဠိတော်၌ ပြအပ်သော ခြောက်ပါးသော သိက္ခာပုဒ် တို့၏ အစွမ်းဖြင့် စောဒနာခြင်းသည် အာဇီဝဝိပတ္တိစောဒနာမည်၏။ သင်္ကား ငါ့ကိုအဘယ်ကြောင့် ရှိမခိုးသနည်းဟု မေးသော်. အန္တိမ ဝတ္ထုသို့ရောက်သောကြောင့် ရဟန်းမဟုတ်သော သင့်ကို ငါမရှိခိုးဟု ဖြေဆို၏။

ရုဥ္စဂဏ္ဍိ၊ မဏ္ဍိမဂဏ္ဍိတို့၌ကား၊ အန္တိမဝတ္ထုသို့ ရောက်ခြင်းသည်, ရှိမခိုးအပ်သောအဖြစ်၌ အကြောင်းမဟုတ် စောဒနာလိုသောကြောင့် သာ ရှိမခိုးဟုဆို၏။

ထိုရှုဋ္ဌဂဏ္ဍိ၊မဇ္ဈိမဂဏ္ဍိပုဒ်၌ဆိုသောစကားသည်သာလျှင် အန္တိမဝတ္ထုသို့ ရောက်သော ပုဂ္ဂိုလ်၏ အဝန္ဒနီယတို့၌ မဟောအပ်သော ကြောင့်၎င်း။အန္တိမဝတ္ထုသို့ရောက်သောပုဂ္ဂိုလ်တို့နှင့်အတူတကွအိပ်သော ရဟန်းအား သဟသေယျအာပတ်၏ မရှိသောကြောင့်၎င်း၊ အန္တိမဝတ္ထုသို့ရောက်သော ရဟန်း၏လည်း ခံယူခြင်း၏ရောက်သော ကြောင့်၎င်း၊ယုတ္တတရဖြစ်၏ဟုသိရာ၏။

အန္တိမဝတ္ထုံအဇ္ဈာပန္နဿအဝန္ဒနီယေသုအဝုတ္တတ္တာတေနသဒ္ဓိံ သယန္တဿ သဟသေယျာပတ္တိယာအဘာဝတောတဿစ ပဋိဂ္ဂဟဏဿရုဟနတော တဒေဝယုတ္တတရန္တိဝိညာယတိ။ ။ (တေ)

အန္တိမဝတ္ထုပါရာဇိကသို့ရောက်သော ရဟန်းသည် ရဟန်း၏အဖြစ်ကို အကြင်မျှလောက်ဝန်ခံသေး၏ ထိုမျှလောက်ရှိခိုးကောင်းပါ၏။ သို့သော် ရဟန်းမဟုတ်ဟုဝန်ခံသောအခါရှိမခိုးရ။

ကိဉ္စာပိယာဝသော ဘိက္ခုဘာဝံပဋိဇာနာတိ တာဝဝန္ဒိတဗ္ဗော၊ ယဒါပန အဿမဏောမှီတိပဋိဇာနာတိ၊တဒါနံဝန္ဒိတဗ္ဗောတိ အယမေတ္ထဝိသေသော ဝေဒိတဗ္ဗော။ ။ (တေ)

အန္တိမဝတ္ထုသို့ရောက်သော ရဟန်းသည် ရဟန်း၏အဖြစ်ကို ဝန်ခံစဉ်သာ ဘိက္ခုဘာဝရှိ၏။ရဟန်း၏အဖြစ်ကို ဝန်မခံခဲ့သော် လူသာမဏေအဘို့သို့ရောက်တော့၏၊

အန္တိမဝတ္ထုံ အဇ္ဈာပန္နဿဟိ ဘိက္ခုဘာဝံ ပဋိဇာနန္တဿေဝ ဘိက္ခုဘာဝေါ၊ နတော ပရံ၊ဘိက္ခုဘာဝံအပ္ပဋိဇာနန္တော ဟိ အနုပသမ္ပန္နပက္ခံ ဘဇတိ။ ။ (တေ)

တနည်း။ စောဒနာသည်၊ဝတ္ထုသန္ဒဿနာစောဒနာ။ ၂-အာပတ္တိသန္ဒဿနာစောဒနာ။ ၃-သံဝါသပဋိက္ခေပစောဒနာ။ ၄-သာမီစိပဋိက္ခေပစောဒနာ ဟူ၍လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်၊ တွံ မေထုနံ ဓမ္မံ ပဋိသေဝိတ္ထ၊ သင်ကားမေထုန်အကျင့်ကို မှီဝဲပြီ။ အဒိန္နံ အာဒိယိတ္ထ၊အရှင်သည်ကိုယ်နှုတ်ဖြင့်မပေးအပ်သောသူတပါးဥစ္စာကိုခိုးယူပြီ။ ဤသို့စသည်ဖြင့်ဖြစ်သောစောဒနာသည်။ ဝတ္ထုသန္ဒဿနာစောဒနာမည်၏။ တွံ မေထုနဓမ္မပါရာဇိကာပတ္တိံ အာပန္နော၊ သင်ကား မေထုနဓမ္မပါရာဇိကသို့ရောက်ပြီ။ဤသို့စသည်ဖြင့်ဖြစ်သော စောဒနာသည်

အာပတ္တိသန္တသနာစောဒနာ မည်၏။ နတ္ထိတယာသဒ္ဓိံ ဥပေါသထော ဝါပဝါရဏာ ဝါသံဃကမ္မံဝါ၊ သင်နှင့်အတူတကွ ဥပုသ် ပဝါရဏာ မရှိ သံဃာ့ကံလည်းမရှိ။ ဤသို့သောစောဒနာသည် သံဝါသပဋိက္ခေပ စောဒနာမည်၏။

ဤသို့စောဒနာကာချဖြင့် သံဃာဒိသိသ်သို့မရောက်သေး အဿမ ဏောသိအသကျပုတ္တိယောသိ၊ ဤသို့စသောစကားတို့နှင့်အတူတကွ စေ့စပ်သော် သာလျှင် သံဃာဒိသိသ် ဟူသော အထွဋ်အထိပ်သို့ ရောက်၏။

> အဿာဝတာပန သီသံနေတိ အဿမဏောသိ အသကျပုတ္တိယောသီတိ အာဒိ ဝစနေဟိသဒ္ဓိံ ဃဋိတေယေဝသီသံဧတိ။ ။ (ကဏ် ၄)

ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ယပ်လေခပ်ခြင်းအစ ရှိသော အမှုတို့ကို မပြုခြင်းသည် သာမိစိပဋိက္ခေပစောဒနာ မည်၏။ သာမိစိပဋိက္ခေပစောဒနာကို အစဉ်အား ဖြင့်ရှိခိုးခြင်း စသည်ကို ပြု သောပုဂ္ဂိုလ်၏တပါးသောပုဂ္ဂိုလ်အားမပြုမူ၍ကြွင်းကျန်သောပုဂ္ဂိုလ် တို့အားပြုသောအခါ သိရမည်။ ဤသို့သောစကားအစဉ်ဖြင့် စောဒနာ ခြင်းမည်သည် ဖြစ်တော့၏။ အာပတ်သည်ကား အထွဋ်အထိပ်သို့ မ ရောက်၊ ငါ့အား ရှိခိုးခြင်းစသည်တို့ကို အဘယ့်ကြောင့်မပြုသနည်းဟု မေးသော် အဿမဏောသိအသကျပုတ္တောသိ၊ ဤသို့စသောစကားတို့ နှင့် အတူတကွ စပ်သော်သာလျှင်၊ အာပတ်ဟူသော အထွဋ်အထိပ် သို့ ရောက်လေ၏။

> ဧတ္တာဝတာစစောဒနာနာမဟောတိ၊ အာပတ္တိပနသီသံနေတိ၊ ကသ္မာမမဝန္ဒနာ ဒီနိ နကရောသီတိ ပုစ္ဆိတေပနအဿမဏောသိအသကျပုတ္တိယောသီတိအာဒိ ဝစနေဟိသဒ္ဓိံ ဃဋိတေယေဝသီသံဧတိ။ ။ (ကဏ်-၄)

စောဒနာတို့သည် ဤသို့စသောအားဖြင့် အများအပြားရှိကုန်၏။ ဤ အရာဝယ် ပရိဝါပါဠိတော် ဥပါလိပဉ္စက စသည်တို့၌ ဟောတော်မူ အပ်သော အတ္တာဒါနလက္ခဏာ စောဒကဝတ်၊ စုဒိတကဝတ်၊ သံဃာ ကိစ္စအနုဝိဇ္ဇကဝတ် အလုံးစုံတို့ကိုအကုန်ခြုံ၍ ရေးသင့်သော်လည်း၊ ကျယ်အံ့ပိုး၍ချန်လှပ်ခဲ့ပေ၏။ အလိုရှိပါက ပရိဝါပါဠိတော်ကိုကြည့်၍ ယူရာ၏။

ဤစောဒနာဘို့တွင် တစုံတခုသောစောဒနာ၏အစွမ်းဖြင့် သံဃာ့အလယ်၌ဝတ္ထုချောက်ခဲ့သော်၊ စုဒိတက,စောဒကဘို့ကို သင်ဘို့သည် ငါ၏အဆုံးအဖြတ်ဖြင့် နှစ်သက်ကုန်သည်ဖြစ်ကုန်လဘို့ လောဟု မေးရာ၏။အကယ်၍ ကျွန်ုပ်တို့သည်၊ အရှင်ဘုရားတို့၏ အဆုံးအဖြတ်ဖြင့် နှစ်သက်ပါကုန်အံ့ဟု လျှောက်ဆိုကုန်သည်ရှိသော်၊ သံဃာသည် ထို အဓိကရုဏ်းကိုခံယူရာ၏။

ဝုတ္တပ္ပဘေဒါသုပနဇ္ဇမာသုစောဒနာသုယာယကာယစိစောဒနာယဝသေနသံဃမဇ္ဈေဩသဋ္ဌေဝတ္ထုသ္မိံ စုဒိတကစောဒကာဝတ္တဗ္ဗာ၊ တုမှေအမှာကံဝိနိစ္ဆယေန တုဋ္ဌာ ဘဝိဿထာတိ၊သစေ ဘဝိဿာမာတိ ဝဒန္တိ၊ သံဃေနတံအဓိကရဏံ သမ္ပဋိစ္ဆိတဗ္ဗံ။ ။ (ကင်္ခ—၄)

ဤကား စုဒိတကစောဒကတို့၏ပဋိပတ္တိအကျင့်ပြည့်စုံပုံတည်း။

ဤသို့အမှတ်မရှိ တစုံတခုသောစောဒနာ၏အစွမ်းဖြင့်၊ သံဃာ့အလယ်၌ဝတ္ထုချောက်ခဲ့သော်၊စုဒိတက,စောဒကတို့၌ ပဋိပတ္တိအကျင့်ကို သိ၍၊ စောဒနာ၏ သမ္ပတ္တိ,ဝိပတ္တိအထူးကို သိရန်အလို့ငှာ၊ အစ,အလယ်,အဆုံးစသည်တို့၏အစွမ်းဖြင့်၊ အဆုံးအဖြတ်ကိုသိရာ၏။ ကျွန်ုပ်သည် သင့်ကိုအပြစ်တင်ခြင်းငှာအလိုရှိ၏။ ငါ့ရှင်သည် ကျွန်ုပ်အားခွင့်ပြုပါဟု အခွင့်တောင်းခြင်းအမှုသည်၊ စောဒနာ၏ အာဒိအစမည်၏။ သက်ရောက်သော ဝတ္ထုဖြင့်စောဒနာအောက်မေ့၍၊ အာပတ်သင့်၏ဟူ၍လည်းကောင်း၊ အာပတ်မသင့်ဟူ၍လည်းကောင်း၊ ဆုံးဖြတ်ခြင်းဝိနိစ္ဆယသည် အာပတ်သင့်ခြင်း,မသင့်ခြင်းတို့၌ တည်စေသဖြင့် ငြိမ်းခြင်းဟုဆိုအပ်သော ပရိယောသာန။ စိစစ်ခြင်းအနုဝိဇ္ဇနတို့၏ မဇ္ဈေ အလယ်မည်၏။ အာပတ်သင့်ခြင်း၌လည်းကောင်း၊ အာပတ်မသင့်ခြင်း၌လည်းကောင်း တည်စေသဖြင့် ငြိမ်းခြင်း သမထသည် ပရိယောသာနမည်၏။

စောဒနာယအဟော်တံဝတ္ထုကာမောကရောတုမေအာယသ္မာဩကာသန္တိ၊ဧဝံဩကာသကမ္မံအာဒိ၊ ဩတိဏ္ဏေန ဝတ္ထုနာစောဒေတွာ သာရေတွာ ဝိနိစ္ဆယော မဇ္ဈေ၊အာပတ္တိယံဝါအနာပတ္တိယံဝါပတိဋ္ဌာပနေနသမထောပရိယောသာနံ။ ။ (ကင်္ခ—၄)

စောဒနာ၏ အကြောင်းမူလတို့သည် သမူလိကမူလ,အမူလိကမူလ ဟူ၍နှစ်ပါးအပြားရှိကုန်၏။

စောဒနာဝဏ္ဏေမူလာနိ သမူလိကာဝါ အမူလိကာဝါ။ ။ (ကဏ်–၄၄)

စောဒနာ၏ဝတ္ထုတို့သည် ဒိဋ္ဌ, သုတ, ပရိသင်္ကိတ ဟူ၍သုံးပါးအပြားရှိကုန်၏။ ထို့ကြောင့်အဋ္ဌကထာ၌။ တီဏိဝတ္ထူနိ ဒိဋ္ဌံ သုတံပရိသင်္ကိတံ ဟု မိန့်၏။ ။စောဒနာ၏ဖြစ်ရာဘုံတို့သည် ကာလေနဝက္ခာမိ နောအကာလေန၊သင့်တင့် လျောက်ပတ်သော ကာလ၌ ပြောဆိုရခြင်းတပါး။ ဘူတေနဝက္ခာမိ၊နောအဘူတေန၊ ဟုတ်မှန်သောအားဖြင့် ပြောဆိုရခြင်းတပါး။ သဏှေနဝက္ခာမိ နောဖရုသေန၊ နူးညံ့သိမ်မွေ့သောအားဖြင့် ပြောဆိုရခြင်းတပါး။ အတ္ထသံဟိတေနဝက္ခာမိ နောအနတ္ထသံဟိတေန၊ အကျိုးစီးပွားနှင့်စပ်သောအားဖြင့် ပြောဆိုရခြင်းတပါး။မေတ္တစိတ္တောဝက္ခာမိ နောဒေါသန္တရော၊ မေတ္တာစိတ်ရှိသည်ဖြစ်၍ပြောဆိုရခြင်းတပါး။ဤသို့ငါးပါး အပြားရှိကုန်၏။

ပဉ္စဘူမိယောကာလေနဝက္ခာမိ၊နောအကာလေန၊ဘူတေနဝက္ခာမိ၊နောအဘူတေန၊သဏှေနဝက္ခာမိ၊နောဖရုသေန၊အတ္ထသံဟိတေနဝက္ခာမိ၊ နောအနတ္ထသံဟိတေန၊မေတ္တစိတ္တောဝက္ခာမိ၊နောဒေါသန္တရော။ ။ (ကဏ်–၄၅)

စောဒကပုဂ္ဂိုလ်သည် တဆဲ့ငါးပါးသောတရားတို့၌ တည်ရာ၏။ တဆဲ့ငါးပါးသောတရားတို့ကား။

၁-ပရိသုဒ္ဓကာယသမာစာရတာ၊ သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့်ရှိသော ပုဂ္ဂိုလ်၏အဖြစ်။ ၂-ပရိသုဒ္ဓဝစီသမာစာရတာ၊ သန့်ရှင်းစင်ကြယ်သောနှုတ်အကျင့်ရှိသောပုဂ္ဂိုလ်၏အဖြစ်။ ၃-သဗြဟ္မစာရီသုမေတ္တစိတ္တတာ၊သီတင်းသုံးဘော်တို့၌ မေတ္တာစိတ်ရှိသောပုဂ္ဂိုလ်၏အဖြစ်။၄-ဗဟုဿုတတာ၊များသောအကြားအမြင်ရှိသောပုဂ္ဂိုလ်၏အဖြစ်။ ၅-ဥဘိန္နံပါတိမောက္ခာနံသွာဂတာဒိတာ၊ နှစ်ပါးသောပါတိမောက်တို့၏ နှုတ်တက်ကောင်းစွာလာသည် အစရှိသော ပုဂ္ဂိုလ်၏အဖြစ်။ ၆-ကာလေနဝက္ခာမိ နောအကာလေန။ ၇-ဘူတေနဝက္ခာမိ နောအဘူတေန။ ၈-သဏှေနဝက္ခာမိ နောဖရုသေန။ ၉-အတ္ထသံဟိတေနဝက္ခာမိ နောအနတ္ထသံဟိတေန။ ၁၀ မေတ္တာစိတ္တောဝက္ခာမိ နောဒေါသန္တရော။ ၁၁-ကာရုညတာ၊ သနားခြင်း ကရုဏာရှိသော ပုဂ္ဂိုလ်၏ အဖြစ်။ ၁၂-ဟိတေသိတာ၊ အကျိုးစီးပွားကို ရှာမှီးသော

မေတ္တာရှိသောပုဂ္ဂိုလ်၏အဖြစ်။ ၁၃-အနုကမ္ပတာ၊ အကျိုးစီးပွားနှင့်စပ်ယှဉ်သော မေတ္တာရှိသော ပုဂ္ဂိုလ်၏အဖြစ်။ ၁၄-အာပတ္တိဝုဋ္ဌာနတာ၊ အာပတ်မှစင်ကြယ်သောအဆုံးခွဲတည်သောပုဂ္ဂိုလ်၏အဖြစ်။ ၁၅-ဝိနယပုရေက္ခာရတာ၊ ဝင္ဂုကို စောဒနာအောက်မေ့စေ၍၊ ပဋိညာဉ်သို့တင်၍ ဝန်ခံတိုင်းသောအားဖြင့်၊ ကံကိုပြုခြင်းရှိသောပုဂ္ဂိုလ်၏ အဖြစ်။ ဤတဆဲ့ငါးပါးသောတရားတို့ပင်တည်း။

**ဆောင်။ ။စင်ကြယ်ကာယ၊ နှုတ်မေတ္တာနှင့်၊ များလှအမြင်၊ ပါနှုတ်တွင်လာ၊ သင့်လျှင်ဟုတ်မှန်၊ နူးညံ့ပြန်နှင့်၊ ကျိုးလျှံပြောကြား၊ မေတ္တာသွားနှင့်၊ သနားကျိုးရှာ၊ စောင့်ရှောက်ခါထ၊ ရှေး ရှုပြု၊ မှတ်ပပန္နရစောဒကတည်း။**

စုဒိတကပုဂ္ဂိုလ်သည်၊ ဟုတ်မှန်သောသစ္စာတရား၊ အမျက်မထွက်သောအကုပ္ပတရား၊ ဤနှစ်ပါးတို့ခွဲတည်ရာ၏။

စုဒိတကေန ဒွီသုဓမ္မေသုပတိဋ္ဌာတဗ္ဗံ သစ္စေစအကုပ္ပေစ။ ။ (ကဏ်-၄)

**ဆောင်။ ။ဟုတ်မှန်သစ္စာ၊ အကုပ္ပ၊ တည်ကြစုဒိတကဝတ်။**

အပ္ပေဝနာမနံ့ဗ္ဗမမ္မာပြဗ္ဗဇ္ဇစရိယာစာဝေယျံ ဟူသော ပါဠ်၌ ဝ ယ် ရဟန်း၏အဖြစ်ဟု ဆိုအပ်သော မြတ်သောအကျင့်၊ ရဟန်းတရားဟု ဆိုအပ်သောမြတ်သောအကျင့်၊ သီလအစုဟုဆိုအပ်သောမြတ်သော အကျင့်၊ အကျင့်သသျှင်ဂုဏ်ဟုဆိုအပ်သောမြတ်သောအကျင့်မှ ရွေ့လျောကျစေလိုသည်ကို ပြဗ္ဗဇ္ဇစရိယစာဝနဟုဆိုလိုသည်။

အပ္ပေဝနာမနံ့ဗ္ဗမမ္မာပြဗ္ဗဇ္ဇစရိယာစာဝေယျန္တိ၊ ဘိက္ခုဘာဝါစာဝေယျံ၊ သမဏဓမ္မာစာဝေယျံ၊ သီလက္ခန္ဓာစာဝေယျံ၊ တပေါဂုဏာစာဝေယျံ။ ။ (ပ)

အပ္ပေဝ။ လ။ စာဝေယျန္တိ ဟူသော ပါဠ်ဖြင့်၊ ၁-ရွေ့လျောစေလိုခြင်း ဟု ဆိုအပ်သော စာဝနာမိပ္ပါယ။ ၂-ဆဲရေးလိုခြင်းဟု ဆိုအပ်သော အက္ကောသာမိပ္ပါယ။ ၃-တဇ္ဇနီယကံအစရှိသော ခုနစ်ပါး အပြားရှိသောကံကိုပြုလိုသောရဟန်း၏အလိုဟုဆိုအပ်သော ကမ္မာမိပ္ပါယ။ ၄-အာပတ်မှထစေလိုသောရဟန်း၏ အလိုဟုဆိုအပ်သော ဝုဋ္ဌာနာမိပ္ပါယ။ ၅-ဥပုသ်ကို တန့်တားလိုခြင်းဟု ဆိုအပ်သော ဥပေါ

သထင်ပနာဓိပ္ပါယ။ ၆-ပဝါရဏာကို တန့်ထားလိုခြင်း ဟု ဆိုအပ်သော ပဝါရဏာဌပနာဓိပ္ပါယ။ ၇-မေးစိစစ်လိုခြင်းဟု ဆိုအပ်သော အနုဝိဇ္ဇနာဓိပ္ပါယ။ ၈-တရားစကားဟောကြားလိုခြင်းဟုဆိုအပ်သော ဓမ္မကထာဓိပ္ပါယ။ဤရှစ်ပါးသောအလိုအဓိပ္ပါယတို့တွင် စာဝနာဓိပ္ပါယကိုသာယူဟု ပြတော်မူ၏။ အဓိပ္ပါယ အမျိုးမျိုးတို့ဖြင့် အာပတ်အမျိုးမျိုးသင့်ပုံကိုအဋ္ဌကထာ ကိုကြည့်၍ယူရာ၏။

သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ ဟူသောမာတိကာနှစ်ပုဒ်တို့ကို၊ ဘိက္ခုဘာဝပဋိဉ္ဉာတိ ဟူသော ပုဒ်နှင့်စပ်၍ အဓိပ္ပါယ်ကိုသိရာ၏။

တေသည္မွိနွ မာတိကာပဒါနံ ပရတော ဘိက္ခုဘာဝံ ပဋိဉ္ဉာတိတိ ဣမိနာ သမ္ဗန္ဓော ဝေဒိတဗ္ဗော။ ။ (ကင်္ခာ-ဋ္ဌ)

စွပ်စွဲသည်မှ နောက်ကာလ၌၊ မေးစိစစ်အပ်သည် ဖြစ်၍ လည်းကောင်း၊မမေးစိစစ်အပ်သည်ဖြစ်၍လည်းကောင်း၊ စွပ်စွဲနိုင်စက်ဖျက်ဆီးသော ရဟန်းသည်လည်း အပြစ်ကိုဝန်ခံ၍ တည်အံ့။ စွပ်စွဲနိုင်စက်သောရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏ဟု ဆိုလိုသည်။

သမနုဂ္ဂါဟိယမာနော ဝါ အသမနုဂ္ဂါဟိယမာနော ဝါ ဘိက္ခုဘာဝပဋိဉ္ဉာတိ ဟူသော၌စကားကို၊အမူလကဘာဝ၏ ထင်ရှားသောကာလကို ပြရန်အကျိုးငှာသာမိန့်ဆိုတော်မူ၏။

ဣဒဥ္စအမူလကဘာဝဿ ပါကဋကာလဒဿနတ္ထမေဝ ဝုတ္တံ။ ။ (ကင်္ခာ-ဋ္ဌ)

အာပတ်ကိုစွပ်စွဲသောခဏ၌သာရောက်တော့၏။ ထို့ကြောင့် အဋ္ဌကထာ၌။ အာပတ္တိ ပန အနုဒ္ဓံသိတက္ခဏေယေဝအာ ပဇ္ဇတိ။ ။ဟု ဖွင့်၏။

အဓိကရဏံပုဒ်၌၊ "သမထေဟိ သမန●သေနအဓိကာတဗ္ဗန္တိ အဓိကရဏံ"ဟုပြု၍ သမထတို့ဖြင့်ငြိမ်းစေသည့်၏အစွမ်းဖြင့်၊ လွန်စွာပြုအပ်သောကြောင့် အဓိကရဏ်းဟုဆိုသည်။ ထိုအဓိကရဏ်းသည် ဝိဝါဒါဓိကရဏ်း၊အနုဝါဒါဓိကရဏ်း၊အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်း၊ဟူ၍လေးပါးအပြားရှိ၏။

အမိကရဏာံနာမစတ္တာရိ အမိကရဏာနိ ဝိဝါဒါမိကရဏာံအနုဝါဒါမိကရဏာ
အာပတ္တာမိကရဏာံကိစ္စာမိကရဏာံ။ ။(ပ)

ဤအရာဝယ်၊အာပတ္တာဓိကရဏ်းကိုသာအလိုရှိရာ၏။

ဓမ္မသညီ ပနဿ ပါရာဇိကာပတ္တိသနိါတံ အာပတ္တာ ဓိကရဏာမေဝ အမိပ္ပေတံ၊
သေသာနိအတ္တုဒ္ဓါရဝသေနဝုတ္တာနိ။ ။ (ကဏ်-၄)

အယူရှိခြင်းတို့သည်၊(၁)မစင်ကြယ်သောပုဂ္ဂိုလ်၌စင်ကြယ်၏ ဟု
အယူရှိခြင်း အသုဒ္ဓေသုဒ္ဓဒိဋ္ဌိ။(၂)စင်ကြယ်သောပုဂ္ဂိုလ်၌။မစင်ကြယ်
ဟုအယူရှိခြင်း သုဒ္ဓေအသုဒ္ဓဒိဋ္ဌိ။(၃)မစင်ကြယ်သောပုဂ္ဂိုလ်၌၊ မစင်
ကြယ်ဟုအယူရှိခြင်း အသုဒ္ဓေအသုဒ္ဓဒိဋ္ဌိ။ (၄)စင်ကြယ်သောပုဂ္ဂိုလ်၌
စင်ကြယ်၏ဟုအယူရှိခြင်း သုဒ္ဓေသုဒ္ဓဒိဋ္ဌိ ဤသို့လေးပါးအပြားရှိ၏။

အသုဒ္ဓေသုဒ္ဓဒိဋ္ဌိ သုဒ္ဓေအသုဒ္ဓဒိဋ္ဌိ အသုဒ္ဓေအသုဒ္ဓဒိဋ္ဌိ သုဒ္ဓေသုဒ္ဓဒိဋ္ဌိ။ ။
(ကဏ်-ပါ)

—— ၀ ——

## ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်၌အနိပ္ပါယ်သော်ကား။

အညဘာဂိယဿ ပုဒ်၌၊ "အညဘာဂဿဣဒံ အညဘာဂိယံ"ဟု
ဣဒံတဒ္ဓိတ်ဝိဂြိုဟ်ပြု။ တနည်း"အညဘာဂေါဝါအဿအတ္ထိတိ အည
ဘာဂိယံ"ဟု အဿတ္ထိတဒ္ဓိတ်ဝိဂြိုဟ်ပြု။ ။အနက်ကား။ အညဘာ
ဂဿ၊ ရှင်ဒဗ္ဗမထေရ်၏ လူဇာတ်ရဟန်း၏အဖြစ်မှ တပါးသော တိ
ရစ္ဆာန်ဇာတ် ဆိတ်မိ၏အဖြစ်ဟုဆိုအပ်သော အဘို့အစု၏။ဣဒံ၊ ဥစ္စာ
ဖြစ်သောဆိတ်မိတည်း။ ဆိတ်မိဟုဆိုအပ်သောတည်းရာတည်း။ အည
ဘာဂိယံ၊ရှင်ဒဗ္ဗမထေရ်၏ လူဇာတ် ရဟန်း၏အဖြစ်မှ တပါးသော တိ
ရစ္ဆာန်ဇာတ် ဆိတ်မိ၏ အဖြစ်ဟုဆိုအပ်သော အဘို့အစု၏ ဥစ္စာဖြစ်
သောဆိတ်မိ။အဿ၊ထိုဆိတ်မိအား။အညဘာဂေါ၊ရှင်ဒဗ္ဗ၏လူဇာတ်
ရဟန်း၏အဖြစ်မှ တပါးသော တိရစ္ဆာန်ဇာတ် ဆိတ်မိ၏အဖြစ်ဟုဆို
အပ်သောအဘို့အစုသည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုကြောင့်။ ဝံ၊ ထို
ဆိတ်မိသည်။အညဘာဂိယံ၊အညဘာဂိယမည်၏။

ပဌမဝိဂြိုဟ်၏အရကား။ ။တပါးသောအဘို့နှင့် စပ်ငြိခြင်းရှိသော
ဆိတ်မိသည် အညဘာဂိယမည်၏။ ဒုတိယ ဝိဂြိုဟ်အရကား။ တပါး
သောအဘို့ရှိသော ဆိတ်မိသည် အညဘာဂိယမည်၏။ ဤနှစ်ခုသော
ဝိဂြိုဟ်တို့ဖြင့် ဆိတ်မိကိုပင် အညဘာဂိယဟု မိန့်ဆို၏။

ဇုဒ္ဒန္တိ သာမညတော နပုံသကနိဒ္ဒေသေန ဆဂလကံနိဒ္ဒိသတိ၊ ဇုဒ္ဒံဆဂလက ဇာတန္တိအတ္ထော၊ အယံဆဂလကောတိဝုတ္တံ ဟောတိ၊ အဓိကရဏသဒ္ဒါပေက္ခာ ဝါ နပုံသကနိဒ္ဒေသော ဇုဒ္ဒံဆဂလကသင်္ခါတံအဓိကရဏန္တိဝုတ္တံ ဟောတိ၊ ဒွိဟိ ပဒေဟိ အညဘာဂိယန္တိ ဆဂလကော ဝုတ္တော။ ။ (တေ)

အညဘာဂဿ ဇုဒ္ဒံအညဘာဂေါဝါ အဿအတ္ထိ ဟူသော ဝိဂြိုဟ် နှစ်ပါးကို။ တိရစ္ဆာနဇာတ်ဆိတ်ဖို၏အဖြစ်ကိုထား၍၊ ပရမတ္ထအားဖြင့် အသီးအခြား ဆိတ်ဖိုမရှိငြားသော်လည်း ပဋိမာယသရီရံ၊ ဤသို့အစ ရှိသော ပါဠိရပ်တို့၌ကဲ့သို့၊ မပြားသော်လည်း အပြားဟုကြံသောအားဖြင့်၊ ဖြစ်သော လောကဝေါဟာရ၏အစွမ်းဖြင့် မိန့်ဆိုတော်မူ၏။

တိရစ္ဆာနဇာတိဆဂလကဘာဝ ဥပေတ္ဘာ ပရမတ္ထတော ဝိသုံ ဆဂလကေ အသတိပိ ပဋိမာယသရီရန္တိအာဒီသု ဝိယ အဘေဒေပိ ဘေဒကပ္ပနာယ ပဝတ္တ လောကဝေါဟာရ ဝသေန အညဘာဂဿ ဇုဒ္ဒံ အညဘာဂေါဝါ အဿ အတ္ထီတိ ဝုတ္တံ ဟောတိ။ ။ (တေ)

အဓိကရဏဿ ပုဒ်၌၊ အဓိကရဏသဒ္ဒါသည် တည်ရာဟူသော အနက်ကိုဟော၏။ ထို့ကြောင့် အဋ္ဌကထာ၌၊ အဓိကရဏန္တိ အာဓာရော ဝေဒိတဗ္ဗော၊ ဝတ္ထု၊ အဓိဋ္ဌာနန္တိ ဝုတ္တံ ဟောတိ ဟု ဖွင့်၏။ 'အဓိကရိယတိ နာမ ပညတ္တိဒွေဿတိအဓိကရဏံ'' ဟုဝိဂ္ဂဟပြု၍၊ ဒဗ္ဗ၏အမည်ကို ပြုခြင်းဟု ဆိုအပ်သော သညာ၏ တည်ထားရာဖြစ်သောဆိတ်ဖိုကို အဓိကရဏဟု ယူပါ။ ဆိတ်ဖိုဟုဆိုအပ်သောတည်ရာကို၊ ထိုမေတ္တိယဘုမ္မဇကရဟန်းတို့သည်၊ အညဘာဂိယဿအဓိကရဏဿဟု ဆိုကြကုန်၏။ ဝိဝါဒါဓိကရုဏ်းစသည်ဘို့တွင် တပါးပါးသော အဓိကရုဏ်းကိုရည်၍မဖြစ်သင့်သောကြောင့် မဆိုကြကုန်။

တဒ္ဓိသန္နာယတေဘိက္ခူ အညဘာဂိယဿ အဓိကရဏဿာတိ အာဟံသု နဝိဝါဒါဓိကရဏာဒီသု အညတရံ၊ ကသ္မာ အသမ္ဘဝတော။ ။ (ကင်္ခါ)

ကိဉ္စိဒေသံပုဒ်၌၊ ကိဉ္စိသဒ္ဒါသည် အပ္ပမတ္တ၊ အနည်းငယ်ဟူသော အနက်ကိုဟောတတ်၏၊ ထို့ကြောင့် အပ္ပမတ္တဝါစကောဟိ ကိဉ္စိသဒ္ဒေါ ဝိကာရဿပဋ္ဌာနတ္တာ ဟု ဖွင့်ဆို၏။

''နာမသဒ္ဒိသမတ္တေနဥသကာရဒ္ဒိဿတိအပဒိဿတိဝေါဟရိယတိတိ ကိဉ္စိဒေသော''ဟုဝိဂြိုဟ်ပြု၊ အမည်နှင့်တူကာမျှဖြင့်၊ အနည်းငယ်ခေါ်

ဝေါ်အင်သောဓာတ်အစရှိသောအဘို့အစုတို့တွင်၊တပါးပါးသော အဘို့အစုကိုယူလေ။

လေသမဏ္ဍံ ပုဒ်၌။လေသ၊ မဏ္ဍပဟူနှစ်ပုဒ်ခွဲ၊ လေသ၌"လိသေတိ သိလိဿတိဝေါ်ဟာရမတွေ့နေဝ ဤသကာံအလ္လိယတီတိလေသော" ဟုပြု၍၊ ခေါ်ဝေါ်ကာမျှဖြင့်သာအနည်းငယ်ကပ်ငြိအင်သော ဓာတ်အစရှိသည့်တို့တွင်တပါးပါးသောအဘို့အစုကိုလေသဟုဆိုသည်။မဏ္ဍသဒ္ဒါသည်၊အနည်းငယ်ဟူသောအနက်၊အဝခါရဏအနက်တို့၌ဖြစ်၏။ နှိုင်းယှဉ်ကြောင်း၊ ပရိမာဏအနက်၌မဖြစ်။ ထို့ကြောင့်အဘိဓာန်၌ မတ္တံ အဝဓာရဏေ ဟု မိန့်ဆိုတော်မူ၏။ ။ခေါ်ဝေါ်အင်၊ ရည်ညွှန်းအင်သော လေသတို့သည် (၁) ဓာတ်သာခေါ်ဝေါ်ရည်ညွှန်းအင်သော ဓာတိလေသ။(၂) အမည်သာခေါ်ဝေါ်ရည်ညွှန်းအင်သော နာမလေသ။(၃) အနွယ်သာခေါ်ဝေါ်ရည်ညွှန်းအင်သောဂေါတ္တလေသ။(၄)အသွင်သာခေါ်ဝေါ်ရည်ညွှန်းအင်သောလိင်္ဂလေသ။(၅)အာပတ်သာခေါ်ဝေါ်ရည်ညွှန်းအင်သောအာပတ္တိလေသ။ (၆)သပိတ်သာခေါ်ဝေါ်ရည်ညွှန်းအင်သောပတ္တလေသ။ (၇) သင်္ကန်းသာခေါ်ဝေါ် ရည်ညွှန်းအင်သော စီဝရလေသ။(၈)ဥပဇ္ဈာယ်သာခေါ်ဝေါ်ရည်ညွှန်းအင်သော ဥပဇ္ဈာယလေသ၊ (၉) ဆရာသာခေါ်ဝေါ်ရည်ညွှန်းအင်သော အာစရိယလေသ။ (၁၀) ကျောင်းအိပ်ရာနေရာသာခေါ်ဝေါ် ရည်ညွှန်းအင်သောသေနာသနလေသ။ ဟူ၍ဆယ်ပါးအပြားရှိကုန်၏။

ကိဉ္စိဒေသံ လေသမတ္တံ ဥပါဒိယာတိ လေသောနာမဒသလေသာဇာတိလေသောနာမလေသောဂေါတ္တလေသော လိင်္ဂလေသော အာပတ္တိလေသော ပတ္တလေသော စီဝရလေသော ဥပဇ္ဈာယလေသော အာစရိယလေသော သေနာသနလေသော။ ။ (ပ)

**ဆောင်။ ။ဇာတ်မည်နွယ်လိင်၊အာပတ်ရှိန်သိတ်၊သင်္ကန်းရိတ်နှင့်၊ ရှုပိန့်ဥုံအာ၊ကျောင်းနေရာ၊မှတ်ပါလေသဆယ်ပါးပြ။**

ကောစိဒေသော၌၊ကောစိသဒ္ဒါသည်ကေနစိရပုဒ်၊အနေကေနရပုဒ်၊အနေကပဒပုဒ်သုံးပါးတို့တွင်၊များစွာသောပုဒ်ရှိသော အနေကပဒပုဒ်မည်၏။ ထိုစကားသည်မှန်၏။ ဘောဟူသောဤသဒ္ဒါသည်၊ အနိယမဝါစကသဗ္ဗနာမ်ပုဒ်မည်၏။ စိသဒ္ဒါသည် အပ္ပက အနက်၌ဖြစ်သော

နိပါတ်ပုဒ်မည်၏။ ထို ၂ ပုဒ်တို့တွင် သဗ္ဗနာမ်ပုဒ်သည်၊ ဝိသေသျပုဒ်၏ လိင်ဝုစ်သင်္ချာသို့အစဉ်လိုက်၍ဖြစ်ရ၏။ စိအက္ခရာပြဋ္ဌာန်းသောကြောင့် အနည်းငယ်ဟူသောအနက်ကို ကောစိသဒ္ဒါသည်ဟော၏။ နိရုတ္တိမဉ္ဇူ။ သာဋ္ဌီကာ၌လည်း၊

စိန္နော ကာ ကော ကိံ သဒ္ဒေါစ၊ အပ္ပကတ္ထဿ ဝါစကော။
ယကာရယုတ္တော အာဒိမှိ၊ သကလတ္ထဿ ဝါစကော။ ။ဟုမိန့်ဆို၏။

မြန်မာအနက်ကား။ စိန္နော စိအက္ခရာအဆုံးရှိသော။ ကာသဒ္ဒေါစ၊ ကာသဒ္ဒါသည်လည်းကောင်း။ ကောသဒ္ဒေါစ၊ ကောသဒ္ဒါသည်လည်းကောင်း။ ကိံသဒ္ဒေါစ၊ ကိံသဒ္ဒါသည်လည်းကောင်း။ အပ္ပကတ္ထဿ၊ အနည်းငယ်ဟူသောအနက်ကို။ ဝါစကော၊ ဟောတတ်၏။ အာဒိမှိ၊ အစ၌။ ယကာရယုတ္တော၊ ယအက္ခရာနှင့်ယှဉ်မှုကား။ သကလတ္ထဿ၊ အလုံးစုံသောအနက်ကို။ ဝါစကော၊ ဟောတတ်၏။

ဥပါဒိန္နော ဟူသောပုဒ်၌၊ ဥပသဒ္ဒါသည် စိတ်ဖြစ်ကိုဟောသော ဒဗ္ဗဝါစကပုဒ်ဖြစ်သကဲ့သို့ဖြစ်၏။ ထို့ကြောင့် ဥပါဒိန္နော၊ ဒေါသဇုသာတို့နှင့်ယှဉ်သည့်၏အစွမ်းဖြင့် ကပ်သောစိတ်သည်၊ ပြင်းစွာ ယူအပ်၏ ဟုအနက်ပေး။ ဒဗ္ဗဝါစကဥပသဒ္ဒါရှိကြောင်းကို။ ။အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာအာဒိန္နာ ဖလဘာဝေန ဂဟိတာတိ ဥပါဒိန္နာ ဟူသောအဋ္ဌသာလိနီပါဌ်ဖြင့်သိရာ၏။

—— ၀ ——

**သံဃာ့ဘေဒသိက္ခာပုဒ်၌၊ အဓိပ္ပါယ်သော်ကား။**

ဒေဝဒတ်သည်၊ လူ ၅ ရှိသည့်ကား ခေါင်းပါးသောအကျင့်၌ ကြည်ညိုကြကုန်၏ဟု နှလုံးသွင်း၍၊ သံဃာသင်းခွဲရန်အလို့ငှာ၎င်း၊ အာဏာစက်ကို ဖျက်ဆီးရန်အလို့ငှာ၎င်း မြတ်စွာဘုရားအား။

သာဓုဘန္တေ ဘိက္ခူ ယာဝဇီဝံ အာရညိကာ အဿု၊ ယော ဂါမန္တံ ဩသရေယျ၊ ဝဇ္ဇံ နံ ဖုသေယျ။ ။

အို-ဘုန်းတော်သခင် အသျှင်ဖြစ်တော်မူသော မြတ်စွာဘုရား။ တောင်းပန်လျှောက်ထားပါ၏။ ရွာ၏အနီး၌၊ သက်ဝင်၍နေသောရဟန်းသို့၊ အပြစ်ကပ်ရောက်ရာသောကြောင့်၊ ရဟန်းတို့သည် အသက်ထက်ဆုံး၊ တောနေကြကုန်ရာပါသည်။

ယာဝဇီဝံပိဏ္ဍပါတိကာအသု၊ယောနိမန္တနံသာဒိယေယျ၊ဝဋ္ဋံ နံဖုသေယျ၊

ပင့်ဘိတ်သောဆွမ်းကိုသာယာသော ရဟန်းသို့၊ အပြစ်ရောက်ရာသောကြောင့်၊ ရဟန်းတို့သည် အသက်ထက်ဆုံး၊ ပိဏ္ဍပါတ်ခုတင်ဆောင်ဖြစ်ကုန်ရာပါသည်၊

ယာဝဇီဝံပံသုကူလိကာအသု၊ယော ဂဟပတိစီဝရံသာဒိယေယျ၊
ဝဋ္ဋံ နံဖုသေယျ၊ ။

ဒါယကာတို့လှူဒါန်းသောသင်္ကန်းကိုသာယာသောရဟန်းသို့အပြစ်ရောက်ရာသောကြောင့်၊ ရဟန်းတို့သည် အသက်ထက်ဆုံး၊ ပံသုကူသင်္ကန်းကိုဆောင်ကုန်ရာပါသည်။

ယာဝဇီဝံရုက္ခမူလိကာအသု၊ယောဆန္နံ ဥပဂစ္ဆေယျ၊ဝဋ္ဋံ နံဖုသေယျ။ ။

အမိုးအကာရှိသော ကျောင်းသို့ကပ်၍နေသော ရဟန်းသို့ အပြစ်ရောက်ရာသောကြောင့်၊ရဟန်းတို့သည်၊အသက်ထက်ဆုံးသစ်ပင်ရင်းတည်းဟူသော ကျောင်းရှိသည်ဖြစ်ကုန်ရာပါသည်၊

ယာဝဇီဝံမစ္ဆမံသံနခါဒေယျုံ၊ယောမစ္ဆမံသံခါဒေယျ၊ဝဋ္ဋံ နံဖုသေယျ။ ။

ငါးအသားကိုခဲစားသောရဟန်းသို့ အပြစ်ရောက်ရာသောကြောင့် ရဟန်းတို့သည်အသက်ထက်ဆုံး၊ ငါးအသားကို မခဲစားကြကုန်ရာပါသည်။ ။ဤ ငါးပါးသော အရာဝတ္ထုတို့ကို သျှောက်ထား၍ တောင်းလေ၏။

မြတ်စွာဘုရားက ဒေဝဒတ်၊သင်သျှောက်တိုင်းမဖြစ်နိုင်။အလိုရှိသူသာနေထိုင်ရာ၏ ဟု၊ အသံဒေဝဒတ္တ ဟုပယ်တော်မူ၏။ ဤသို့ပယ်တော်မူလျှင်၊ ဒေဝဒတ်သည် သံဃာသင်းခွဲရန် အာဏာစက်ကို ဖျက်ဆီးရန်အလို့ငှာ အားထုတ်သောကြောင့်၊ ယောပနဘိက္ခု သမဂ္ဂဿ စသော သိက္ခာပုဒ်ကို ပညတ်တော်မူသည်။ မြတ်စွာဘုရားသည် ဒေဝဒတ်အား ပယ်တော်မူ၍ ခွင့်ပြုရာသော၊ ငါးပါးသောဝတ္ထုတို့တွင်၊ အ[illegible]မာသေခါမယာ ဒေဝဒတ္တရုက္ခမူလသေနာသနံ အနုညာတံ၊ တိကောဋိပရိသုဒ္ဓံမစ္ဆမံသံအဒိဋ္ဌံ၊ အသုတံ၊ အပရိသင်္ကိတံ။ ဟုနှစ်ပါးသောဝတ္ထုတို့ကိုအထူးပြု၍ ဟောတော်မူ၏။

မြန်မာအနက်ကား။ဒေဝဒတ္တ၊ဒေဝဒတ်။ခေါ်၊ စင်စစ်။ မယာ၊ ငါဘုရားသည်။အဋ္ဌမာသေ၊ရှစ်လတို့ပတ်လုံး။ရုက္ခမူလသေနာသနံ၊သစ်ပင်ရင်း တည်းဟူသောကျောင်း အိပ်ရာ နေရာကို။အနုညာတံ၊ ခွင့်ပြုအပ်၏။တိကောဋိပရိသုဒ္ဓံ၊သုံးပါးသောဒိဋ္ဌသုတပရိသင်္ကိတဟု ဆိုအပ်သောအစွန်းတို့မှစင်ကြယ်သော။ အဒိဋ္ဌံ၊ ရဟန်းတို့၏အကျိုးငှာ သားငါးတို့ကို၊သတ်၍ယူအပ်သည့်ကို၊မမြင်ဘူးသော၊ အသုတံ၊ ရဟန်းတို့၏အကျိုးငှာသားငါးတို့ကိုသတ်၍ယူအင်၏ ဟုမကြားဘူးသော၊ အပရိသင်္ကိတံ၊မရွံ့ရှာအပ်သော၊မစ္ဆမံသံ၊ငါးအသားကို။ အနုညာတံ၊ခွင့်ပြုတော်မူအပ်၏။

ဟေမန္တ,ဆောင်းဥတုလေးလ။ဂိမှန္တ,နွေဥတုလေးလ ဟု ဆိုအပ်သော ၈ှစ်လတို့ကာလပတ်လုံး။ရုက္ခမူရတင်ကိုခွင့်ပြုတော်မူသည်။ထို့ကြောင့် အဋ္ဌကထာ၌၊ စတ္တာရောပနမာသေ ရုက္ခမူလ သေနာ သနံ ပဋိက္ခိတ္တမေဝ။ ဟု ဖွင့်တော်မူ၏။ ။ပါဠိတော်၌လည်း နဘိက္ခဝေ အသေနာသနိကေနဝဿံ ဥပဂန္တဗ္ဗံ။ ဟုဟောတော်မူသည်။ ။မြန်မာအနက်ကား၊ဘိက္ခဝေ၊ ရဟန်းတို့၊ အသေနာသနိကေန္။ကျောင်းမရှိသောရဟန်းသည်။ ဝဿံ၊ ဝါသို့။ နဥပဂန္တဗ္ဗံ၊ မကပ်အပ်။ ရဟန်းတို့၏အကျိုးငှာ။မပြုအပ်သည်သာလျှင်ဖြစ်သောယုံမှားမရှိရသော ငါးသားအလုံးစုံသည်။ရဟန်းတို့အား အပ်တော့၏။

ယံယံဟိဘိက္ခူနံဗယဝအတ္ထာယအကတံ၊ ယတ္ထစနိဗ္ဗေမတိကောဟောတိ၊ တံသဗ္ဗံကပ္ပတိ။ ။ (ကင်္ခါ–ဋ္ဌ)

မြန်မာအနက်ကား။ ဟိ၊ ထိုစကားသင့်စွ။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အတ္ထာယ။အကျိုးငှာ။အကတံဝေ၊မပြုအပ်သည်သာလျှင်ဖြစ်သော။ယံယံစ၊အကြင်အကြင်သို့သောငါးအသားသည်လည်း။ ဟောတိ၊ဖြစ်၏။ ယတ္ထ၊အကြင်ငါးအသား၌။နိဗ္ဗေမတိကောစ၊ ယုံမှားမရှိသည်လည်း။ ဟောတိ၊ဖြစ်၏။ တံသဗ္ဗံ၊ထိုအလုံးစုံသောငါးအသားသည်။ ကပ္ပတိ၊အပ်၏။ဘိက္ခူနံယေဝ၊၌။ဝေသဒ္ဒါသည်၊အဝဓာရဏပယုတ်ဖြစ်၏။ အကတမေဝဟု၊အကတနှင့်တွဲစပ်ရာသည်။ထို့ကြောင့် ရဟန်းတို့အားလည်း၊ လူအံ့မင်္ဂလာစသည်တို့၏လည်း အကျိုးငှာ ဖြစ်လတ့ံဟု ချော၍ပြုအပ်သော ငါးအသားသည်လည်းမအပ်တော့ပါ။

ဘိက္ခုနိံယေဝအတ္ထာယာတိတွေအဋ္ဌာနပ္ပယုတ္တောဝေသဋ္ဌေ၊ ဘိက္ခုနိံအတ္ထာယ အကတမေဝါတိ သမ္ဗန္ဓိတဗ္ဗံ၊ တသ္မာဘိက္ခုနဉ္စ ဒဿာမ မင်္ဂလာ ဒိနဉ္စ အတ္ထာယဘာဝိဿတီတိမိဿေတွာ ကတမ္ပိနဝဋ္ဋတီတိဝေဒိတဗ္ဗံ။ ။(တော)

ကေစိဆရာတို့ကား။ ဘိက္ခုနိံယေဝဟု အဝဓာရဏအနက်ရှိသော ဧဝသဒ္ဒါဖြင့်။ ရဟန်းနှင့်တပါးသောသူတို့၏ အကျိုးငှာချေ၍ ပြုအပ်သောငါးအသားသည် အင်၏ဟု ဆိုကြကုန်၏။ ထိုစကားကိုတေရသကဏ်ဋီကာဆရာသည် ပယ်တော်မူ၏။

ကေနစိပနဘိက္ခုနိံယေဝါတိအဝဓာရဏေန ဘိက္ခုနဉ္စအညေသဉ္စအတ္ထာယကတံဝဋ္ဋတီတိဝဒန္တိတံနသုန္ဒရံ။ ။ (တော)

ရည်၍ပြုအပ်သော ဥဒ္ဒိဿကတမံသကို သိလျက် သုံးဆောင်စားသောက်သော ရဟန်းတော်အားသာ အာပတ်သင့်၏။ အကပ္ပိယမံသဖြစ်သော ငါသား၊သစ်သား စသည်ကိုမသိမူ၍သုံးဆောင်စားသောက်သောပုဂ္ဂိုလ်အားလည်း အာပတ်သင့်သည်သာဖြစ်၏။ သို့ဖြစ်၍၊မေး၍ခံယူခြင်း၊မေး၍ သုံးဆောင်စားသောက်ခြင်း တည်းဟူသော ဝတ်ကို သတိပြုရာ၏။

ဥဒ္ဒိဿကတဉ္စ ဉတွာ ဘုဉ္ဇတောဝအာပတ္တိ၊ အကပ္ပိယ မံသံ အဇာနိတွာ ဘုဉ္ဇန္တဿာပိအာပတ္တိယေဝ၊တသ္မာပုစ္ဆိတွာဂဟဏမေဝဝတ္တန္တိဝဒန္တိ။ ။ (ကင်္ခါ-ဋ္ဌ)

ဝတ္တန္တိဝဒန္တီတိဇာနိနာအာပတ္တိနတ္ထီတိ ဒဿေတိ။ · ။ (တော)

ရှင်ဝါခန္ဓကပါဠိတော်၌။ ။အလံဒေဝဒတ္တမာတေရုစ္စိသံဃဘေဒေါ၊ဂရုကောခေါဒေဝ ဒတ္တသံဃဘေဒေါ၊ ယောခေါဒေဝဒတ္တသမဂ္ဂံ သံဃံဘိန္ဒတိ၊ ကပ္ပဋ္ဌိယံကိဗ္ဗိသံပသဝတိ၊ ကပ္ပံနိရယမှိပစ္စတိ၊ ယောစခေါဒေဝဒတ္တဘိန္နံသံဃံသမဂ္ဂံကရောတိ၊ ဗြဟ္မံပုညံပသဝတိ။ ကပ္ပံသဂ္ဂမှိမောဒတိ၊ဤသို့စသော တရားစကားကို ဒေဝဒတ်နောက်လိုက်ရဟန်းတို့အား လျှော်စွာဟောတော်မူသည်။

မြန်မာအနက်ကား။ဒေဝဒတ္တ၊ဒေဝဒတ်။အာဟံ၊မတော်မသင့်အလုံ မရှိလေနှင့်။ တေတယာ၊ သင်သည်။ သံဃဘေဒေါ၊ သံဃာသင်းကွဲခြင်းကို။မာရုစ္စိ၊မနှစ်သက်အပ်။ဒေဝဒတ္တ၊ဒေဝဒတ်။ သံဃဘေဒေါ။

သံဃာသင်းကွဲခြင်းသည်။ ဂရုကောခေါ ဂရုကော၀ေ၊ ဝန်လေးလှပါသည်သာတည်း။ ဒေဝဒတ္တ၊ ဒေဝဒတ်။ ခေါ၊စင်စစ်။ ယော၊အကြင်ပုဂ္ဂိုလ်သည်။ သမဂ္ဂံ၊ညီညွတ်သော။ သံဃံ၊သံဃာတော်ကို။ ဘိန္ဒတိ၊ ခွဲအံ့။တဿ၊ထိုပုဂ္ဂိုလ်အား။ကပ္ပဋ္ဌိယံ၊ အာယုကပ်ပတ်လုံးတည်သော ဝါ၊အသင်္ချေယျကပ်လုံးတည်သော၊ ကိဗ္ဗိသံ၊ မကောင်းမှု အကုသိုလ်သည်။ပသဝတိ၊တိုးပွား၏။ကပ္ပံ၊အာယုကပ်ပတ်လုံး။ ဝါ၊အသင်္ချေယျကပ်ပတ်လုံး။နိရယမှိ၊အဝီစိငရဲ၌။ ပစ္စတိ၊ကျက်ရ၏။ ဒေဝဒတ္တ၊ဒေဝဒတ်။ ခေါ၊စင်စစ်။ယော၊အကြင်ပုဂ္ဂိုလ်သည်လည်း။ ဘိန္နံ၊ အကွဲကွဲအပြားပြားသော။ သံဃံ၊ သံဃာတော်ကို။ သမဂ္ဂံ၊ညီညွတ်သည်ကို။ ကရောတိ၊ ပြု၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဗြဟ္မံ၊ မြတ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ပသဝတိ၊တိုးပွား၏။ ကပ္ပံ၊ အာယုကင်ပတ်လုံး။ဝါ၊ အသင်္ချေယျကပ်ပတ်လုံး။ သဂ္ဂမှိ၊ နတ်ပြည်၌။ မောဒတိ၊ မွေ့လျော်ရ၏။

ကပ္ပံ၌။အသင်္ချေယျကင်ကို။ကပ္ပဟုယူရာ၏။အသင်္ချေယျကပ်သည် မဟာကပ်၏လေးပုံတပုံကြာ၏။အသင်္ချေယျကင်တွင်။ နှစ်ဆယ်တို့၏ ပြည့်ကြောင်းဖြစ်သောတရသောအတ္ထုဘာဂဟုဆိုအပ်သော အန္တရကင်ကို၊သံဃဘေဒကကံ၏၊ အာယုကပ်ဟု ဆိုကြကုန်၏။ ထိုစကားသည်။သဏ္ဌာဟန္တေကပ္ပေကပ္ပဝေမဇ္ဈေဝါသံဃဘေဒံကတွာကပ္ပဝိနာသေယေဝမုစ္စတိ၊ .သစေပိ ဟိသွေကပ္ပေါ ဝိနဿိဿတိတိ အဇ္ဇသံဃဘေဒံကရောတိ၊သွေဝမုစ္စတိ၊ဧကေဒိဝသမေဝနိရယေ ပစ္စတိဟူသော အဋ္ဌကထာတို့၌၊လာသောကပ္ပဋ္ဌကထာနှင့်မညီဟုဋီကာ၌ဖွင့်ဆိုတော်မူ၏။

> ကပ္ပန္တိအသင်္ချေယျကပ္ပံ၊မဟာကပ္ပဿဟိစတုတ္ထဘာဂေါအသင်္ချေယျကပ္ပေါ တတောဝီသတိမောဘာဂေါသံဃဘေဒကဿအာယုကပ္ပန္တိဝဒန္တိ၊တံအဋ္ဌကထာသုဏ္ဌာပ္ပဋ္ဌကထာယ နသမေတိ၊ ကပ္ပဝိနာသေဝေ မုစ္စတီတိ အာဒိဝစနတော။ ။ (ဋီ)

ကေစိဆရာတို့ကား။အာယုကပ်ကို၊ ကပ္ပဟု ယူကြကုန်၏။ ထို့ကြောင့်ဝိမတိ၌။အာယုကပ္ပန္တိပိကေစိဟုဖွင့်၏။

—○—

## ကပ္ပဋ္ဌကထာ၌လာသောပါဠိ၏မြန်မာကား။

ကပ္ပေဝါ၊အသင်္ချေယျကပ်၌ လည်းကောင်း။ ကပ္ပဝေမဇ္ဈေဝါ၊ အသင်္ချေယျကပ်၏အလယ်၌လည်းကောင်း။သံဃဘေဒံ၊ သံဃာသင်းခွဲခြင်းကို။ကတွာ၊ ပြု၍။ ကပ္ပဝိနာသေယေဝ၊ ကမ္ဘာပျက်စီးသော်သာလျှင်။မုစ္စတိ၊လွတ်၏။ဟိ၊ထိုစကားသင့်စွ။သွေ၊ နက်ဖြန်။ ကပ္ပေါ၊ အသင်္ချေယျကပ်သည်။ဝိနဿိဿတိ၊ ပျက်စီး တော့လတံ့။ ဧတံ၊ဤသို့နှစ်လုံးပိုက်၍။အဇ္ဇ၊ယနေ့။သံဃဘေဒံ၊ သံဃာသင်းကွဲခြင်းကို။ သစေပိကရောတိ၊အကယ်၍လည်းပြုအံ့။ ဧဝံ၊ ဤသို့ပြုသည်ရှိသော်။ သွေ၊ နက်ဖြန်၌သာလျှင်။မုစ္စတိ၊ လွတ်တော့၏၊ ကောဋ္ဌဝသမေဝ၊ တနေ့သ၌ သာလျှင်။နိရယေ၊ငရဲ၌။ ပစ္စတိ၊ ကျက်ရ၏။

## ဝိမတိဒ္ဒီကာလာပါဠိ၏ မြန်မာအနက်ကား။

အသင်္ချေယျကပ္ပံ၊အသင်္ချေယျကပ်သည်။ကပ္ပန္တိကပ္ပံနာမ၊ ကပ္ပမည်၏။ဟိ၊ထိုစကားသင့်စွ။မဟာကပ္ပဿ၊မဟာကပ်၏။ စတုတ္ထဘာဂေါ၊လေးဘို့တဘို့သည်၊ အသင်္ချေယျကပ္ပေါ၊ အသင်္ချေယျကပ်မည်၏။ တံ၊ တော၊ထိုအသင်္ချေယျကပ်မှ။ဝိသတိမော၊နှစ်ဆယ်တို့၏ ပြည့်ကြောင်းဖြစ်သော။ ဘာဂေါ၊ တခုသောအဘို့ ဟု ဆိုအပ်သော အန္တရကပ်သည်။သံဃဘေဒကဿ၊သံဃဘေဒကကံ၏။အာယုကပ္ပံ၊ အာယုကပ်မည်၏။ဧတံ၊ဤသို့။ဝဒန္တိ၊ဆိုကြကုန်၏။တံဝစနံ၊ ဆိုဆရာတို့ ဆိုသောစကားသည်။အဋ္ဌကထာသု၊အဋ္ဌကထာတို့၌။ ကပ္ပဋ္ဌကထာယ ကပ္ပဋ္ဌစကားနှင့်။ကပ္ပဝိနာသေဝမုစ္စတိတိအာဒိဝစနတော၊ ကပ္ပဝိနာသေဝမုစ္စတိ၊ ဤသို့စသောစကားကိုဆိုသောကြောင့်။နသမေတိ၊မညီညွတ်။

## ကေစိဆရာမြန်မာအနက်ကား။

အာယုကပ္ပံ၊အာယုကပ်သည်။ကပ္ပန္တိကပ္ပံနာမ၊ ကပ္ပမည်၏။ဧတံပိ၊ဤသို့လည်း။ကေစိ၊အချို့သောဆရာတို့သည်။ဝဒန္တိ၊ဆိုကြကုန်၏။

## တေရသကဏ်ဆရာသည်ကား။

အာယုကပ်ကိုကပ္ပ ဟု အလိုရှိ၏။ သံဃဘေဒက ကံထိုက်သော ပုဂ္ဂိုလ်သည်တခုသော မဟာကပ်ကို အပုံရှစ်ဆယ်ပြု၍၊ ထိုရှစ်ဆယ်သော အပုံအစုတို့တွင်၊ တခုသော အပုံအစု ဟုဆိုအပ်သော ကာလ

ပတ်သုံး၊ အဝီစိငရဲ၌တည်ရာ၏။ သို့ဖြစ်၍။ အာယုကာင်ကို မှန်းထား၍။ ကပ္ပံနိရယမှိပစ္စတိ ဟုဟောတော်မူသည်ဟုဖွင့်ဆို၏။

ကပ္ပဋ္ဌကထာ၌လာသော ကပ္ပဝိနာသေယေဝ-ဟူသော စကားကို အာယုကာင်ပျက်စီးသော်သာ၊ဟူသောအနက်ကို ယူသည်ရှိသော်ဆန့်ကျင်ခြင်းမရှိညီညွတ်တော့၏ဟုဖွင့်ဆို၏။

> ကပ္ပဋ္ဌအာယုကပ္ပံ သံဃဘေဒကောဟိ ဧကံကပ္ပံ အသီတိဘာဂေကတွာ တဘာဂကာဘာဂမတ္တံကာလံနိရယေ တိဋ္ဌေယျာတိ၊အာယုကပ္ပံသန္ဓာယကပ္ပံ နိရယမှိပစ္စတီတိဝုတ္တံ။ ။ (တေ)

ကပ္ပဋ္ဌကထာလာစကားကား။ ။တတ္ထာပိ ကပ္ပဝိနာသေယေဝါတိ အာယုကပ္ပဝိနာသေယေဝါတိ အတ္ထောသတိ နတ္ထိဝိရောဓော ဟုဖွင့်ဆိုတော်မူ၏။

—— ၀ ——

## သံဃဘေဒကခန္ဓကအဖွင့်ဝိမတိဋီကာ၌ကား။

မဟာအဝီစိငရဲ၌တည်ရှိသောအာယုကာင်ကို။ကပ္ပဟု ဖွင့်ဆိုတော်မူပြန်၏။အန္တရကာင်အသင်္ချေယျကာင်တို့ကို၊ ကပ္ပဟုဆိုသော ဆရာတို့ကို ။ကေစိဆိုတော်မူပြန်၏။ ထိုကြောင့်ဋီကာ၌ ကပ္ပဋ္ဌော မဟာနိရယေ အာယုကပ္ပံတံ အန္တရကပ္ပန္တိ ကေစိ၊ ကေစိပန အသင်္ချေယျကပ္ပန္တိ၊ ဟုဖွင့်ဆိုတော်မူသည်။ ။ဝါဒ့်ကား။ယခုဖွင့်ဆိုသော မဟာ အဝီစိငရဲတွင်တည်ရှိသောအာယုကာင်ကိုကပ္ပဟု အရအားလျော်သောကြောင့် နှစ်သက်အပ်၏ရှိတော်မူ၏၊ ရှေးပိုင်းဝိမတိဋီကာလာစကားနှင့်၊ နောက်ပိုင်းဝိမတိဋီကာလာစကား နှစ်ရပ်တို့သည် မဟာင်မိမစင်မိဘဲ ရှိကြကုန်၏။ဆင်ခြင်၍ နှစ်သက်ရာယူကြလေ။ အသင်္ချေယျကာင်၊ အန္တရကာင်တို့နှင့် ပတ်သက် ဆက်စပ်၍သိရန်မှာ၊ တောင်ကျွန်းသူလူတို့ အသက်ဆုတ်ကာင်၌၊ အသင်္ချေယျမှစ၍ အနှစ်တရာကြာလျှင် တနှစ်၊ တဆောင်ကြာလျှင် ဆယ်နှစ်ဆုတ်သည်။ တက်ကာင်၌ကား၊ ဆယ်နှစ်တန်းမှစ၍နှစ်ဆယ်,လေးဆယ် စသည်ဖြင့် ထပိုးထပိုး တက်သည်ဟု ပြောဆိုရေးသားကြသည်။ ပါထေယျဝဂ် စက္ကဝတ္တိ သုတ်တွင်ကား၊ အသီတိဝဿသဟဿာယုကာနံ မနုဿာနံ ပုတ္တာစတ္တာရီသ ဝဿသဟဿာယုကာ အဟေသုံ စသည်ဖြင့် ထပိုးဆုတ်သည် ထပိုးတက်သည် ဟု လာသည်။ လောကပညတ္တိ ကျမ်း၌ကား။ ဝဿသတေ

နိက္ခန္တေဒသဝဿာနိဟာသန္တိ စသည်ဖြင့် နှစ်ပေါင်းတခုကြာသျှင် ဆယ်နှစ်ဆုတ်သည်၊ ထပိုးထပိုးတက်သည်ဟုဆို၏။ ။သချျက် မြင်နှင့်ထောက်ဆလျှင်၊ ရံခါလည်းများစွာဆုတ်သည်၊ ရံခါလည်းအနည်းငယ်သာဆုတ်သည်၊ ဆုတ်ဟန်တက်ဟန်အမြဲမရှိဟု ယူရန်ရှိပေ၏။ ဤဆုတ်ကပ်တက်ကပ်နှစ်ခုအစုံသည်အန္တရကပ်မည်၏။

၎င်းအန္တရကပ်ခြောက်ဆဲ့လေးကပ်ကည်။ လူတို့နေခုဝိဝဋ္ဋဌာယီအသင်္ချေ့ကပ်မည်၏။ ဝါဒတနည်းကား၊ အန္တရကပ် နှစ်ဆယ်သည့် လူဘို့နေခု ဝိဝဋ္ဋဌာယီ အသင်္ချေ့ တကပ်မည်၏။ ဤဝါဒ်ကို ကမ္ဘာ၌အန္တရကပ် ဆဲ့ငါးကပ်အလွန်တွင်အစဉ်အတိုင်း ဆုတ်ကပ် ဆုတ်ကပ်၌၊ကကုသန်ဘုရား။ ကောဏာဂုံဘုရား။ကဿပဘုရား။ ဂေါတမဘုရား။မေတ္တေယျဘုရား အားဖြင့်ငါးဆူသောဘုရားတို့ ပွင့်တော်မူသည်၊ မေတ္တေယျ ဘုရားသျှင်နောက် လေးဆဲ့လေးကပ် ခေါက်မှ ကမ္ဘာကြီးပျက်စီးသတံ့။ ဤနောက် လေးဆဲ့လေးကပ်ကို မမြင်သောကြောင့်၊ အသင်္ချေယျကပ်ကား၊ အန္တရကပ်နှစ်ဆယ်သာတည်းဟု ကေစိဆရာတို့ဆိုကြကုန်သတဲ့။

ဝါဒဘနည်းကား၊ ၎င်းကဲ့သို့သောအန္တရကပ် ကိုးကပ်အလွန်၌၊ ကကုသန်ဘုရား လူသုံးပါးတွင် ထင်ရှားပွင့်တော်မူလာပြီ၊ ထိုမှဆယ်ကပ်အလွန်၌၊ ကောဏာဂုံဘုရား။ ထိုမှ တဆဲ့တကပ် အလွန်၌။ ကဿပဘုရား။ ထိုမှ တဆဲ့နှစ်ကပ် အလွန်၌။ ဂေါတမဘုရား။ ဤမှ တဆဲ့သုံးကပ်အလွန်၌။ မေတ္တေယျဘုရား။ လူသုံးပါးတွင် ထင်ရှားပွင့်တော်မူလတံ့။ ထိုမှ ကိုးကပ်လွန်သျှင် ကမ္ဘာပျက်လတံ့ဟု ပြောဆိုရေးသားကြလေ၏။

အနမတဂ္ဂသုတ်ပါဠိအဋ္ဌကထာစသည်ကိုထောက်၍ ပဥ္စမအန္တရကပ်မှစ၍ဆုတ်ကပ် ဆုတ်ကပ်၌။လေးသောင်းတန်း။သုံးသောင်းတန်း နှစ်သောင်းတန်း တခုတန်းတို့၌ အစဉ်အတိုင်း။ ကကုသန်စသောဘုရားလေးဆူတို့ ပွင့်တော်မူကြ၏။ ယခုရောက်ဆဲကပ်သည် စတုတ္ထအန္တရကပ် ဖြစ်ကြောင်းကို နေယျတ္ထ အတ္ထာပတ္တိ နည်းအားဖြင့် သိရသည်ဟုမဟာချုဇဝင်တော်ကြီးငယ်အဆိုရှိ၏။

ကမ္ဘာပျက်မိုဃ်းရွာသည်မှစ၍သင်္ခါရမကြွင်းဟင်းလင်းဖြစ်သည့် တိုင်အောင်ပျက်ဆဲကပ်သည်သံဝဋ္ဋအသင်္ချေယျကပ်မည်၏။ဟင်းလင်း ဖြစ်စမှစ၍ကမ္ဘာပြုမိုဃ်းရွာစတိုင်အောင်အပျက်တည်ဆဲကပ်သည်သံ ဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။ကမ္ဘာပြုမိုဃ်းရွာစမှစ၍ တပေါင်း လပြည့်နေ့ နေလ နက္ခတ်ပေါ်သည့်တိုင်အောင် ဖြစ်ဆဲကပ်သည် ဝိဝဋ္ဋ အသင်္ချေယျကပ်မည်၏။ ထို့မှစ၍ ကမ္ဘာပျက်မိုဃ်းရွာစ တိုင်အောင် ဖြစ်၍တည်ဆဲဖြစ်သော ဆိုအပ်ခဲ့ပြီးသော အန္တရကပ် ခြောက်ဆယ် လေးကပ်သည်၊ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။ဤအသင်္ချေယျလေး ကပ်သည်ကာလအားဖြင့်ညီမျှကြ၏။ထိုလေးကပ်အပေါင်းသည်မဟာ ကပ်မည်၏။၎င်းမဟာကပ်၏ပမာဏကား။မုန်ညှင်းဖြူစေ့တို့ဖြင့် ပြည့် သောအလျားအနံအစောက်တယူဇနာရှိသောတိုက်ခန်းကြီးမှအနှစ်တရာ တခါတစေ့၊ယူ၍ပစ်သဖြင့်မုန်ညှင်းစေ့ကုန်လေရာ၏။မဟာကပ်ကား မကုန်နိုင်မဆုံးနိုင်ရာ။ထိုကပ်သည်ဘုရားတဆူသာပွင့်လျှင်သာရကပ်။ နှစ်ဆူပွင့်လျှင် မဏ္ဍကပ်၊သုံးဆူပွင့်လျှင်ဝရကပ်။လေးဆူပွင့်လျှင် သာရ မဏ္ဍကပ်။ ငါးဆူပွင့်လျှင် ဘဒ္ဒကပ်။ ဘုရားမပွင့်လျှင် သုညကပ် ဟူ၍ ခြောက်ပါးအပြားရှိ၏။

ဤငါတို့ကပ်ကား၊ ဘဒ္ဒကပ်ပေတည်း။ ဤစကားကို၊ ဆက်သွယ် ဆက်စပ်မိ၍ရေးသားလိုက်၏။

ဆောင်။ ၁။ သံဃာခွဲခြင်း၊အာဏာကင်း၊ဖျက်ရှင်းတောင်းသည်မှာ။

၂။ အာရည်ကင်း၊ရုဘင်ပိဏ္ဍာတ်၊ မပြတ်ပံသုကူ၊ရုက္ခမူ၊ သားမှု မစားဝဇ္ဇငါး။

၃။ ရဟန်းတို့မှာ၊ခေါင်းပါးရှာ၊ကျင့်ရာသက်ထက်ဆုံး။

၄။ ဘုရားမှုကား၊မတော်ငြား၊ပယ်ရှားလိုက်သည်မှာ။

၅။ အာရည်ကင်း၊ရုတင်ပိဏ္ဍာတ်၊မပြတ်ပံသုကူ၊လိုရှိမှု၊ကျင့်သူ များမည်သာ။

၆။ မိုဃ်းလကိုရှောင်၊ရှစ်လအောင်၊ခွင့်ဆောင်ရုက္ခမူ။

၇။ အစွန်းသုံးပါး၊ကင်းတုံငြား၊ငါးသားခွင့်ပြုရာ။

၈။ အလိုရှိက၊သုံးဆောင်ကြ၊မိန့်ဟကျမ်းတွင်လာ။

သမဂ္ဂဿ သံဃဿပုဒ်ဝယ်၊ သမဂ္ဂဿပုဒ်၌၊ သမံအာဇတိ သမာ ဂန္တီတိ သမဂ္ဂေါ ဟူ၍၊ စိတ်တူကိုယ်မျှ ရောက်တတ်သော သံဃာ တော်ကို သမဂ္ဂဟုဆိုသည်။

သမဂ္ဂေါ နာမ သံဃော သမာနသံဝါသကော သမာနသီမာယံ ဌိတော။ ။ (ပ)

ထိုပဒဘာဇနီတွင် သမာနသံဝါသကော ဟူသောပါဠိဖြင့် စိတ်နှင့် အညီအမျှမကွေမကွာကြသည်သို့ ရောက်ခြင်းရှိသော စိတ္တသာမဂ္ဂီကို ပြတော်မူသည်။ သမာနသီမာယံ ဌိတော ဟူသောပါဠိတော်ဖြင့် ကိုယ် နှင့်အညီအမျှမကွေမကွာကြသည်သို့ ရောက်သော ကာယသာမဂ္ဂီကို ပြတော်မူသည်။

သမဂ္ဂဿာတိ သဟိတဿ စိတ္တေန စ သရီရေန စ အဝိယုတ္တဿာတိ အတ္ထော။ ။ (ကင်္ခါ-၄)

ဘေဒနသံဝတ္တနိကံ ပုဒ်ဝယ် ဘေဒန, သံဝတ္တနိက, ဟု နှစ်ပုဒ်ခွဲ ဘေ ဒန၌၊ ဘေဒိယတေ ဘေဒနံ ဟု ဘာဝသာဓန ဝိဂြိုဟ်ပြု၍ သံဃာသင်းခွဲ ခြင်းကိုယူ၊

သံဝတ္တနိက၌၊ သံဝတ္တေတိ နိပ္ဖာဒေတီတိ သံဝတ္တနံ၊ သံဝတ္တနံ ဧဝ သံဝတ္တနိကံ၊ ဟု သွာရ္ထတဒ္ဓိတ်ပြု။ တနည်း။ သံဝတ္တနေ သမတ္ထံ သံဝတ္တနိကံ ဟုလည်းပြု၊ ဘေဒနဿ သံဝတ္တနိကံ ဘေဒနသံဝတ္တနိကံ။ ဟုဆက်တွဲ၍ သံဃာသင်းခွဲခြင်းကိုဖြစ်စေတတ်သော၊ ဝါ၊ သံဃာသင်းခွဲခြင်းကိုဖြစ် စေခြင်း၌ စွမ်းနိုင်သောဟု၊ မြန်မာပြန်ဆိုပါ၊ အဓိကရဏံ ပုဒ်၌၊ အဓိက ရီယတိ နိဗ္ဗတ္တိယတိ ဖလံ ဧတေနာတိ အဓိကရဏံ ဟု ဝိဂြိုဟ်ပြု၍ အကျိုးပြီး ခြင်း၏အကြောင်းဖြစ်သော ကာရဏကိုယူလေ။ အဓိကရဏ သဒ္ဒါသည် ဤအရာ၌ အကြောင်းကိုဟောလေ၏။

ဘေဒနသံဝတ္တနိကံ ဝါ အဓိကရဏန္တိ ဘေဒနဿ သံဃဘေဒဿ အတ္ထာယ သံဝတ္တနိကံ ကာရဏံ၊ ဣမဿ ဩကာသ ကာမဟေတု ကာမနိဒါနံ ကာမာဓိ ကရဏန္တိ အာဒီသု ဝိယ ကာရဏံ အဓိကရဏန္တိ အဓိပ္ပေတံ။ ။ (ကင်္ခါ-၅)

သော ဘိက္ခု ဘိက္ခူဟိ ဧဝမဿ ဝစနီယော ဟူသော ပါဠိဝယ် သံဃာကိုသင်းခွဲတတ်သော ရဟန်းကို သော ဘိက္ခုဟုဆိုသည်၊ ထို ကြောင့် ပဒဘာဇနီ၌၊ သော ဘိက္ခူတိ ယော သော သံဃဘေဒကော ဘိက္ခုဟု ဟောတော်မူ၏။

သံဃာကိုသင်းခွဲတတ်သောရဟန်းမှတပါးသောလဇ္ဇီရဟန်းတော်တို့ကို၊ ဘိက္ခုဟိဖြင့်သိစေသောရဟန်းတော်ဟုဆိုသည်။ ထို့ကြောင့် အဋ္ဌကထာ၌။ ဝေမသာ ဝစနိယောတိ အညေဟိလဇ္ဇီဟိ ဘိက္ခုဟိဝေဝံ ဝတ္တဗ္ဗောတိဘဝေယျဟုဖွင့်တော်မူ၏။ လဇ္ဇီပုဂ္ဂိုလ်သည် စောင့်ရှောက်လတ္တံ့ဟုဟောတော်မူသောကြောင့် အာပတ်မှကြောက်သဖြင့် ပြောကြားခြင်းသည် လဇ္ဇီပုဂ္ဂိုလ်တို့၏ တာဝန်သာဟု အောက်မေ့၍၊ လဇ္ဇီဟိဘိက္ခုဟိဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူသည်ဟု ဋီကာဆရာ မိန့်၏။

> လဇ္ဇီ ရက္ခိဿတီတိ ဝစနတော အာပတ္တိဘယေန အာရောစနံ လဇ္ဇီနံယေဝ ဘာရောတိအာဟလဇ္ဇီဟိဘိက္ခုဟိဘိ။ ။ (တေ)

ယေပဿန္တိယေသုဏန္တိဟု ဟောတော်မူသောကြောင့်၊ မပြောကြားသောအလဇ္ဇီပုဂ္ဂိုလ်အားသော်လည်းဒုက္ကဋ်အာပတ် သင့်တော့သည်၊ ထို့ကြောင့်ပဒဘာဇနီ၌၊ သုတွာနဝဒန္တိအာပတ္တိ ဒုက္ကဋဿ ဟု ဟောတော်မူ၏။ တေရသကဏ် ဋီကာ၌လည်း၊ အလဇ္ဇိဿာပိ အနာရောစေန္တဿအာပတ္တိယေဝယေပဿန္တိယေသုဏန္တိတိ ဝစနတော ဟုဖွင့်ဆိုတော်မူ၏။ အဘယ်မျှဝေးသော အရပ်ကကြား၍ ပြောကြားသောရဟန်းတို့အားဒုက္ကဋ်အာပတ်သင့်ပါသနည်းဟုမေး။

ထက်ဝန်းကျင်ယူဇနာဝက်ခရီးက ကြား၍မပြောကြား မဆိုဆုံးမသောရဟန်းအားလည်း၊ အာပတ်မှမလွတ်၊ တားမြစ်ရာသည်ဟုဆို၏။

> အဋ္ဌကထာယံဝုတ္တံ သမန္တာအဒ္ဓယောဇနေဘိက္ခုနံ ဘာရော၊ ဒူတံဝါ ပဏ္ဏံဝါ ပေသေတွာဝဒတောပိ အာပတ္တိ မောက္ခောနတ္ထိ၊ သယမေဝ ဂန္တွာ၊ ဂရုကောခေါ အာဝုသော သံဃဘေဒေါ မာသံဃဘေဒါယ ပရက္ကမီတိ နိဝါရေတဗ္ဗောတိ။ ။ (ကင်္ခါ)

သံဃာသင်းကွဲခြင်း၏ ဝန်လေးသော ဂရုကဖြစ်၍မချွတ် ပြုအပ်သောအဖြစ်ကိုပြရန်အလို့ငှါ၊ ဒူရေပိဘာရောယေဝဟု မိန့်ဆိုတော်မူသည်။ ယူဇနာဝက်ခရီးအတွင်း၌ သွားလာခြင်းငှါ စွမ်းနိုင်သော မနာမဖျားသောရဟန်းအားသာ၊ အာပတ်သင့်ရောက်လေ၏။

သံဃဘေဒသာဂရုကဘာဝတော အဝသာကတ္တဗ္ဗတာဒဿနတ္ထံ ဘာရောယေဝါတိ ဝုတ္တံ အာပတ္တိပန အဋ္ဌယောဇနဗ္ဘန္တရေဂန္တုံ သမတ္ထဿ အဂိလာနဿေဝ ဝေဒိတဗ္ဗာ။ ။ (တေ)

စွမ်းနိုင်သောရဟန်းသည်၊ ဝေးသော အရပ်သို့လည်း သွားရာ၏။ ဝေး သော်လည်း မနာ မဖျားသော ရဟန်းတို့၏ ဘာဝန် ရောက်သည့်သာ။

ပဟောန္တေနပန ဒူရမ္ပိဂန္တဗ္ဗံ အဂိလာနာနံဟိ ဒူရေပိ ဘာရောယေဝ။ ။ (ကင်္ခါ—၄၅)

မာယာသဗ္ဗာသမဂ္ဂသာ၊လ၊ဗာသုဝိဘာရတိဟူသောစကားသည်၊ သုံးကြိမ်သုံးခါဆိုဆုံးမအပ်သောတိက္ခတ္တုံဝတ္တဗ္ဗစကားမည်၏။ သုံးကြိမ်သုံးခါဆိုဆုံးမ၍စွန့်ပြစ်မှုကား အာပတ်မရှိ၊ သုံးကြိမ်သုံးခါ ဆိုဆုံးမပါသော်လည်းမစွန့်ပြစ်မှုကား၊ဒုက္ကဋ်အာပတ်သို့ရောက်၏။

ထို့ကြောင့် ပဒဘာဇနီ ပါဠိတော်၌။ ။နောစေပဋိနိဿဇ္ဇတိ အာပတ္တိဒုက္ကဋဿ ဟု ဟောတော်မူ၏။ အဋ္ဌကထာ၌လည်း၊ နောစေပဋိနိဿဇ္ဇတိအာပတ္တိဒုက္ကဋဿာတိတိက္ခတ္တုံ ဝုတ္တဿ အပ္ပဋိနိဿဇ္ဇတော ဒုက္ကဋံ ဟု ဖွင့်ဆိုတော်မူ၏။

ပဋ္ဌမသုံးကြိမ်ဆိုဆုံးမ၍မစွန့်သောကြောင့် ဒုက္ကဋ် အာပတ်သင့်ပြီးသောရဟန်းကို၊ နောက်ထပ်တသွယ် သံဃာ့အလယ်သို့ ဆောင်၍၊ မာယသ္မာသံဃဿ။လ၊ဖါသုဝိဟရတိ ဟူသော စကားကို သုံးကြိမ်သုံးခါထပ်၍ဆိုဆုံးမပြန်ပါသော်လည်းမစွန့်ဘဲနေခဲ့ပြန်အံ့။ဒုက္ကဋ် အာပတ်သင့်ပြန်သည်၊ ထို့ကြောင့်ပဒဘာဇနီ၌။ နောစေ ပဋိနိဿဇ္ဇတိ အာပတ္တိဒုက္ကဋဿဟုဟောတော်မူပြန်၏။ လက်ရုံး လက်မောင်းတို့ကို ကိုင်ခါသံဃာ့ဘောင်သို့ ဆွဲဆောင်၍ သုံးကြိမ်သုံးခါ ဆိုဆုံးမအပ်ပါလျက်ရှေးအတိုင်းမစွန့်ဘဲတည်၍ နေသော ရဟန်းကို သုံးကြိမ်သော သမနုဘာသနကမ္မဝါစာတို့ဖြင့်ကံကို ပြုရမည်ဟု ယာဝတတိယံ သမနုဘာသိတဗ္ဗောဟူသောပါဠိဖြင့်ပြတော်မူသည်။

ဉတ်ဖြင့် ဆိုဆုံးမခိုက် မစွန့်သော ရဟန်းအား ဒုက္ကဋ်သင့်သည် ပဌမကမ္မဝါစာဖြင့်ဆိုဆုံးမခိုက်မစွန့်သောရဟန်းအား ထုလ္လစ္စည်းသင့်

သည့်၊ ဒုတိယံ ကမ္မဝါစာဖြင့် ဆိုဆုံးမခိုက် မစွန့်သော ရဟန်းအား ထုလ္လစ္စည်းသင့်ပြန်သည်။ သောဘာသေယျ ဟူသောပါဠိတွင် ယျအက္ခရာသို့ ရောက်သော တတိယ ကမ္မဝါစာပြီးဆုံးရာဝယ်·သံဃာဒိသိသ် အာပတ်သင့်တော့သည်။

သံဃာဒိသိသ်အာပတ်သင့်လျှင်ရှေး၌သင့်သော ဒုက္ကဋ် ထုလ္လစ္စည်းတို့သည် လင်ပြန်သဖြင့် အသာဓာရဏ အာပတ်တို့သည် ငြိမ်းကြေနဲ သကဲ့သို့အလိုအလျောက်ပပျောက်ငြိမ်းကြေနပ်တော့သည်ဟု နောစေ ပဋိနိဿဇ္ဇေယျသံဃာဒိသေသောဟူသောပါဠိဖြင့်ပြတော်မူသည်။

ဉတ္တိယာဒုက္ကဋံဒွီဟိကမ္မဝါစာဟိထုလ္လစ္စယာကမ္မဝါစာပရိယောသာနေ အာပတ္တိ သံဃာဒိသေသဿ၊ သံဃာဒိသေသံအဇ္ဈာပဇ္ဇန္တဿဉတ္တိယာ ဒုက္ကဋံဒွီဟိကမ္မဝါစာဟိ ထုလ္လစ္စယာပဋိပ္ပဿမ္ဘန္တိ။ ။(ကင်္ခာ–ပါ)

မဟာပဒုမတ္ထေရောပန လိင်္ဂပရိဝတ္တေန အသာဓာရဏာပတ္တိယော ဝိယ အာပန္နာပဋိပ္ပဿမ္ဘန္တိအနာပန္နာနံ ကိံ ပဋိပ္ပဿမ္ဘိဿယာတိအာဟ။ ။(ကင်္ခာ ၄)

တတိယအကြိမ် ကမ္မဝါစာဖြင့် စွန့်ပြစ်သော ရဟန်းသည် ဒုက္ကဋ် ထုလ္လစ္စည်းအာပတ်တို့သို့သာရောက်တော့လေသည်။

တတိယကမ္မဝါစာယပဋိနိဿဇ္ဇန္တော ဉတ္တိယာဒုက္ကဋံ ဒွီဟိကမ္မဝါစာဟိထုလ္လစ္စယေစ အာပဇ္ဇတိယေဝါတိအာဟ ပဋိနိဿဇ္ဇန္တဿသံဃာဒိသေသေန အနာပတ္တီတိ။ ။(ဋီ)

ဤကဲ့သို့သံဃာသင်းခွဲရန်အကျိုးငှါအားထုတ်ခြင်း၌ အာဒိကမ္မိက ဖြစ်သောဒေဝဒတ်အားသမနုဘာသနကံကို မပြုသောကြောင့် သံဃာဒိသိသ်အာပတ်မသင့်ပါ။ ဒေဝဒတ်ကို အကြောင်းပြု၍ သိက္ခာပုဒ်ကို ပညတ်သောကြောင့်အာဒိကမ္မိကဟူ၍ဟောတော်မူသည်။

ဧတိဘေဒါယ ပရက္ကမနေ အာဒိကမ္မိကဿ ဒေဝဒတ္တဿယသ္မာတံကမ္မံ နကတံ၊ တသ္မာဿအာပတ္တိယေဝနဇာတာ၊ သိက္ခာပဒံပန တံအာရဗ္ဘ ပညတ္တန္တိ ကတွာအာဒိကမ္မိကောတိဝုတ္တော။ ။(ကင်္ခာ–၄)

ယောပနဘိက္ခု။ လ။ ပဂ္ဂယှ တိဋ္ဌေယျ ဟူသောပါဠိသည် သမနုဘာသနကမ္မကရဏာဝဋ္ဋဒီပနပါဠိမည်၏ သောဘိက္ခုဘိက္ခူဟိ။ လ။ ဖါသု

ဝိဟာရတိတိ ဟူသော ပါဠ်သည်၊ တိကဒ္ဒဝံဝဏ္ဏနာ့ဝင်္ကာရနိပါတ် ပါဠ်မည်၏။ ဝေဠုသောဘိက္ခု။ လ။သမန္တာဘာသိတဗ္ဗောတဿပဋိနိဿဂ္ဂါယဟူသော ပါဠ်သည် သမန္တာသာနကမ္မကရဏာဒိပနေ ပါဠ်မည်၏။

ယာဝတတိယ႑္။လ။သံဃာဒိသေသောတိ ဟူသော ပါဠ်သည် ဒွိအင်္ဂါပတ္တော့ဗဗ္ဗနဒိပနပါဠ်မည်၏။

ဤသို့ပါဠ်ကိုခွဲ၍မှတ်ယူရာ၏။

—— ၀ ——

## ဘေဒါနုဝတ္တကသိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

သံဃဘေဒကရဟန်းသည်အကြင်အယူနှစ်သက်ခြင်းကို အလိုရှိ၏ ထိုအယူနှစ်သက်ခြင်းကိုအလိုရှိသောရဟန်းတို့ကိုအနုဝတ္တက ရဟန်းဟုဆိုသည်။

အနုဝတ္တကာတိ ယံဒိဋ္ဌိကောသော ဟောတိ ယံခန္တိကော ယံရုစိကော တေပိတံဒိဋ္ဌိကာဟောန္တိ တံခန္တိကာ တံရုစိကာ။ ။ (ပ)

• သံဃဘေဒကရဟန်း၏အပေါင်းအသင်း၌တည်သောရဟန်းတို့ကိုဝဂ္ဂဝါဒကရဟန်းတို့ဟုဆိုကုန်သည်။

ဝဂ္ဂဝါဒကာတိ တဿဝဏ္ဏာယ ပက္ခာယဋ္ဌိတာဟောန္တိ။ ။ (ပ)

တပါးနှစ်ပါးသုံးပါးသော အနုဝတ္တက ရဟန်းတို့သည် ရှိသည်ဖြစ်ကုန်၏ ဟူသော စကားရင်တွင် သုံးပါးထက်အလွန် လေးပါးစသော သံဃာတော်တို့သည်သံဃာချင်းချင်း ဖြစ်၍ကံပြုခြင်းငှာမထိုက်သောကြောင့်။ဧကောဝါဒွေဝါတယောဝါဟူ၍ဟောတော်မူသည်။

ယသ္မာပနတိဏ္ဏံဥဒ္ဓံကမ္မာရဟာနဟောန္တိ၊နဟိသံဃော သံဃဿကမ္မံကရောတိ တသ္မာဧကောဝါ ဒွေဝါတယောဝါတိဝုတ္တံ။ ။ (ကင်္ခါ—၄)

နဟိသံဃောသံဃဿကမ္မံကရောတိဟူသော ဤစကားကိုဥဒ္ဒေသ်က စသော သမုတိကံကို။ များစွာသောရဟန်းတို့အားသော်လည်းပြုရန် သင့်သောကြောင့် နှိုပ်ခြင်း နိဂ္ဂဟ၏အစွမ်းဖြင့် ပြုအပ်သောကံကို ရည်၍ မိန့်တော်မူသည်ဟု သိရာသည်။

> ယသ္မာဥဇ္ဇုဘာဝပဋိက္ခေပါ သမုဋ္ဌိတကမ္မံ ဗဟူနမ္ပိကာတုံဝဋ္ဋတိ၊ တသ္မာနပဋိသံယောဂံ ဃဃဃကမ္မံ ကရောတိ ဘိက္ခုံ၊ နဂ္ဂ ဘာဝသေန ကတ္တဗ္ဗကမ္မံ သန္ဓာယ ဝုတ္တန္တိ ဝေဒိ တဗ္ဗံ။ ။(ဝိ)

သိသင့်သိထိုက်သော အဓိပ္ပါယ်တို့ကို ပဌမ သံဃာဒိသေသ်သိက္ခာပုဒ် ကိုရှု၍သိရာ၏။

## ဒုဗ္ဗစ သိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

ဒုဗ္ဗစဇာတိကောဟုဒ်၌။ ဒုက္ခေနကိစ္ဆေနဝစေဝတ္တုမေ့ဝဇာတိ သဘာဝေါအဿာတိ ဒုဗ္ဗစဇာတိကောဟု၊ဗဟုဗ္ဗီဟိ သမာသ်ပြု၍ဆင်း ရဲပင်ပန်းသဖြင့် ဆိုအပ်သော သဘောရှိသော ရဟန်းတော်ကိုယူ။

> ဒုဗ္ဗစဇာတိကောတိဒုဗ္ဗစသဘာဝေါဝတ္တုံ အသက္ကုဏေယျောတိအတ္ထော၊ ပဒဘာဇနေပိဿ ဒုဗ္ဗစောတိ ဒုက္ခေန ကိစ္ဆေန ဩဝဒိတဗ္ဗော နသက္ကာသုခေန ဝတ္တုန္တိအတ္ထော။ ။(ကင်္ခါ)

အဆိုရခက်သောသဘောရှိသော ပုဂ္ဂိုလ်ကိုပြတတ်သော တရား တို့သည် ပါပိကာ ဇုဂုစ္ဆိတာသာတိ ပါပိစ္ဆော ပါပိစ္ဆသဘာဝေါ ပါပိစ္ဆတာ ဟု ပြု၍,ယုတ်မာသော အလိုရှိသော ပုဂ္ဂိုလ်၏အဖြစ် ဟု ဆိုအပ်သော ပါပိစ္ဆတာ,ယုတ်မာသောအလိုရှိသော ပုဂ္ဂိုလ်၏အဖြစ် ဆိုရာမှာ မိမိ၌ထင်ရှားမရှိသော ဂုဏ်ကို ထင်စွာပြခြင်း ချီးမွမ်းခြင်းရှိ သော ပုဂ္ဂိုလ်၏ အဖြစ် ဟု ဆိုအပ်သော အသန္တဂုဏသမ္ဘာဝနတာ ပစ္စည်းလေးပါးကိုခံရာ၌လည်း အတိုင်းအရှည်ကို မသိသော ပုဂ္ဂိုလ်၏ အဖြစ်ဟု ဆို အပ်သော အမတ္တညုတာ ၏ နှစ်ပါးကိုပင် ပါပိစ္ဆတာ ဟု ဆိုသည်။

> အသန္တဂုဏသမ္ဘာဝနတာ ပဋိဂ္ဂဟဏေစ အမတ္တညုတာ ပါပိစ္ဆတာတိ ဝေဒိ တဗ္ဗာ။ ။(ဋီ)

အတ္တာနံ ဥက္ကံသန္တိ ဥက္ခိပန္တိ ဥဿေဠာနေ ထပေန္တီတိ အတ္တုက္ကံသ ကာ၊ ပရေ ဝမ္ဘေန္တိ ဂရဟန္တိ၊ နီစေဌာနေ ထပေန္တီတိ ပရဝမ္ဘကာ အတ္တုက္ကံသကာစ တေ ပရဝမ္ဘကာစာတိ အတ္တုက္ကံသကပရဝမ္ဘကာ အတ္တုက္ကံသကပရဝမ္ဘကာနံ ဘာဝေါ အတ္တုက္ကံသကပရဝမ္ဘကတာ,- ဟု ပြု၍၊မိမိကိုယ်ကိုမြင့်သောအရာဌာန၌ ထားတတ်သောသူ၏အဖြစ် သူတပါးကိုလည်းနိမ့်သောအရာဌာန၌ထားတတ်သောသူ၏အဖြစ်ဟု

ဆိုအပ်သော အတ္တုက္ကံသကပရဝဏ္ဏကတာ ကုဇ္ဇနသိလော ကော ခ
နော ကောခနသ ဘာဝေါ ကောခနတာ ဟု ပြု၍ အံ မျက် ထွက်
လေ့ရှိသောပုဂ္ဂိုလ်၏အဖြစ် ဟုဆိုအပ်သော ကောခနတာ ဥပ နဟန
သိလောဥပနာဟီ၊ဥပနာဟောတေသအတ္ထိတိဝါဥပနာဟီ၊ဥပနာဟိ
သ ဘာ ဝေါ ဥပနာဟိတာ ဟု ပြု၍ ပြင်းစွာ ရန်ငြိုးဖွဲ့ခြင်းရှိသော
ပုဂ္ဂိုလ်၏ အ ဖြစ် ဟု ဆို အပ် သော ကောခဟောတု ဥပနာဟိတာ၊ တ
ကြိမ်တခါ ဖြစ်သော အမျက်သည် ကောခ ထို့ထက်အလွန် အဖန်ဖန်
အထပ်ထပ်ဖြစ်သောအမျက်သည် ဥပနာဟ ဤသို့ထူးကြ၏။

သကိဳဒုပ္ပန္နောကောဓော၊ကောဓောယေဝတတုတ္တရိဥပနာဟော။ ။(တေ)

**ဆောင်။ ။"အမျက်ကောခ၊တကြိမ်ပ၊ဥပနာဟ၊ကြိမ်ကြိမ်ကျ"။**

အဘိသင်္ဂေါအသအတ္ထီတိအဘိသင်္ဂီ၊အဘိသင်္ဂိသဘာဝေါ
အဘိသင်္ဂိတာ။

ဟု ဝိဂ္ဂဟပြု၍ လွတ်နိုင်ခဲသောကြီးစွာသောရန်ငြိုးရှိသောပုဂ္ဂိုလ်
၏အဖြစ်ဟု ဆိုအပ်သော၊ ကောခဟောတု အဘိသင်္ဂိတာ အမျက်ဟူ
သောအကြောင်းကြောင့် အမျက်ဒေါသ၏အနီး၌ဖြစ်သော စကားကို
မြွက်ဆိုခြင်းရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟု ဆိုအပ်သော၊ ကောခဟောတု
ကောခသာမန္တ ဝါစာနိစ္ဆာရဏတာ စောဒကကို မတည်တန့်စေနိုင်
သောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော၊ စောဒကံပဋိပ္ဖရဏတာ စောဒ
ကကို၊ မကြည်ညိုခြင်း ထိခိုက်ခြင်းရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟု ဆိုအပ်
သော၊ စောဒကံအပသာဒနတာ စောဒက၏ အထက်၌ရှေး ရှုတင်ခြင်း
ရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟုဆိုအပ်သော စောဒကသပစ္စာရောပနတာ
တခုသောအကြောင်းဖြင့် တခုသောအကြောင်းကို ဖုံးသွှမ်းသည်၏ အ
စွမ်းဖြင့်လှည့်လည်သွားလါခြင်းရှိသေါပုဂ္ဂိုလ်၏အဖြစ်။ဝါ၊တခုသောစ
ကားဖြင့်တခုသောစကားကိုဖုံးသွှမ်းသည့်၏အစွမ်းဖြင့်လှည့်လည်သည်
၏အစွမ်းဖြင့် လှည့်လည်သွားလာခြင်းရှိသောပုဂ္ဂိုလ်၏အဖြစ်။ဝါ၊တခု
သော အကြောင်းစကားဖြင့် တခုသော အကြောင်းစကားကို ဖုံးသွှမ်း
သည့်၏အစွမ်းဖြင့်ဖုံးသွှမ်းခြင်းရှိသောပုဂ္ဂိုလ်၏အဖြစ် ဟု ဆိုအပ်သော
အညေန အညံပဋိစရဏတာ၊ မိမိ၏အပြစ်ကို ပယ်ဖြတ်ကြောင်းဖြစ်
သောအကျင့်နှင့်ပြည့်စုံစွာပြု၍မဆိုခြင်းရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟု ဆို
အပ်သောအပဒါနေနနသမ္ပါယနံတာ မက္ခနံမက္ခော၊မက္ခောတေသ

အတ္ထီတိမက္ခီပလာသော ဧတဿအတ္ထီတိပလာသီ မက္ခီစပလာသီစ
မက္ခီပလာသီနော၊ မက္ခီပလာသီနံဘာဝေါမက္ခီပလာသိတာဟုဝိဂြိုဟ်
ပြု၍ သူတပါးတို့၏ ဂုဏ်ကျေးဇူးကို ချေမှုန်းခြင်း လက္ခဏာရှိသောသူ။
သူတပါးတို့၏ ဂုဏ်ကျေးဇူးတို့နှင့် မိမိဂုဏ်ကျေးဇူးတို့ကို အညီအမျှ
ပြုခြင်းရှိသောသူတို့၏အဖြစ်ဟုဆိုအပ်သော မက္ခီပဠာသိတာ ဣဿ
တိ ပရသမ္ပတ္တိံ နသဟတီတိဣဿုကီ မစ္ဆရာယတီအတ္တနောသမ္ပတ္တိံ
နိဂူဟတိပရေသံ သာဓာရဏဘာဝံ နသဟတီတိမစ္ဆရီ၊ ဣဿုကီစ
မစ္ဆရီစ ဣဿုကီမစ္ဆရီဣဿုကီမစ္ဆရီနံဘာဝေါ ဣဿုကီမစ္ဆရိတာ
ဟုဝိဂြိုဟ်ပြု၍၊သူတပါး၏စီးပွါးကို သည်းမခံနိုင်သော သူ၏အဖြစ်။မိမိ
စီးပွါးကို လျှို့ဝှက်၍သူတပါးတို့နှင့် ဆက်ဆံသောအဖြစ်ကို သည်းမခံ
နိုင်သောအဖြစ် ဟုဆိုအပ်သော ဣဿုကီမစ္ဆရိတာ သဌယတိနသမ္မာ
ဘာသတီတိသဌော မာယာအဿအတ္ထီတိမာယာဝီ သဌောစမာယာ
ဝီစသဌမာယာဝီသဌမာယာဝီနံဘာဝေါသဌမာယာဝိတာ ဟုဝိဂြိုဟ်
ပြု၍၊ကောက်ကျစ်စဉ်းလဲသော သူ၏အဖြစ်။ လှည့်ပတ် ဖျားယောင်း
ခြင်းရှိသူ၏ အဖြစ် ဟု ဆိုအပ်သော သဌမာယာဝိတာ ထဒ္ဓေါဧတဿ
အတ္ထီတိ ထဒ္ဓေါအတိမာနော ဧတဿအတ္ထီတိအတိမာနီ ထဒ္ဓေါစ အ
တိမာနီစထဒ္ဓါတိမာနီထဒ္ဓါတိမာနီနံဘာဝေါထဒ္ဓါတိမာနိတာဟု
ဝိဂြိုဟ်ပြု၍။ထွန်တုံးကို မျိုသော စပါးကြီးမြွေကဲ့သို့တောင့်တင်း ကြန်း
တန်းသောသူ အလွန်မာန်ရှုခြင်းရှိသော သူ၏အဖြစ် ဟု ဆိုအပ်သော
ထဒ္ဓါတိမာနိတာ၊ သံအတ္တနောဒိဋ္ဌိ ပရာမသတိ သဘာဝံ အတိက္က
မိတွာ ပရတော အာမသတီတိ သန္ဒိဋ္ဌိပရာမာသီဟုဝိဂြိုဟ်ပြု၍မိမိအ
ယူသဘောကို လွန်၍ မှားသောအားဖြင့် သုံးသပ်တတ်သော သန္ဒိဋ္ဌိ
ပရာမာသီ၊အာဓာနံဂဏှာတီတိအာဓာနဂ္ဂါဟီ ဟု ဝိဂြိုဟ်ပြု၍ပြင်းစွာ
ယူတတ် စွဲလန်း တတ်သောသူ ဟုဆိုအပ်သော အာဓာနဂ္ဂါဟီ ပဋိ
နိဿဇ္ဇတီတိ ပဋိနိဿဂ္ဂီ ဒုက္ခေန ပဋိနိဿဂ္ဂီ ဒုပ္ပဋိနိဿဂ္ဂီ ဒုပ္ပဋိနိဿဂ္ဂီနံ
ဘာဝေါ ဒုပ္ပဋိနိဿဂ္ဂိတာ ဟုဝိဂြိုဟ်ပြု၍ စွန့်လွှတ်နိုင်ခဲသောပုဂ္ဂိုလ်တို့
၏ အဖြစ်ဟုဆိုအပ်သောဒုပ္ပဋိနိဿဂ္ဂိတာဤသို့တဆဲ့ခုနစ်ပါးတို့သည်
ဖြစ်ကုန်၏။ အသီးအသီးတခုစီတခုစီယူသောအားဖြင့် နှစ်ဆဲ့သုံးပါးရှိ
ကုန်၏။ မြတ်စွာဘုရားသည် ပညတ်တော်မူသောသိက္ခာပုဒ်ကို သဟ
ဓမ္မိကဟုဆိုသည်။

သဟဓမ္မိကံနာမယံဘဂဝတာပညတ္တံ သိက္ခာပဒံ တံသဟဓမ္မိကံနာမ။ ။ (ကင်္ခါ-ပါ)

သဟဓမ္မိကပုဒ်၌၊သဟဓမ္မံစရတီတိသဟဓမ္မိကောဟုပြု၍ အတူတကွ တရားကိုကျင့်တတ်သော သိတင်းသုံးဘော်ငါးယောက်ဘို့ကိုယူ။ တနည်း။ သဟစရိတဗ္ဗောဓမ္မောသဟဓမ္မော ဟုပြု၍ အတူတကွကျင့်အပ်သောသီလသမာဓိပညာ ဟုဆိုအပ်သောတရားကိုယူ။သဟဓမ္မော ဧတေသံ အတ္ထီတိသဟဓမ္မိကာ ဟု ပြု၍ အတူတကွ ကျင့်အပ်သော တရားရှိသောသိတင်းသုံးဘော် ငါးယောက်ကိုယူ။သဟဓမ္မိကေဟိသိက္ခိတဗ္ဗန္တိသဟဓမ္မိကံဟု သိက္ခိတဗ္ဗတဒ္ဓိတ်ပြု။တနည်း။သဟဓမ္မိကာနံ ဟိတံသဟဓမ္မိကံ ဟု ဟိတတဒ္ဓိတ်ပြု၍ သိတင်းသုံးဘော် ငါးယောက်တို့သည်ကျင့်အပ်သော သိက္ခာပုဒ်ကိုယူ။ သဟဓမ္မိကံသဟဓမ္မိကေန သိက္ခာပုဒ်ဖြင့်ဟုအနက်ပေး။

သဟဓမ္မိကံဝုစ္စမာနောတိ သဟဓမ္မိကေန ဝုစ္စမာနောကရဏတ္ထေ ဥပယောဂဝစနံ၊ ။(ကင်္ခါ-၄)

သဟဓမ္မေန ပုဒ်၌။ ဓမ္မေနသဟဝတ္တတီတိ သဟဓမ္မံ ဟု ပြု၍ အကြောင်းနှင့်တကွဖြစ်သောသိက္ခာပုဒ်ကိုယူလေ။

ဧဝံသံဝဍ္ဎါဟိ။လ။အညမညဝုဋ္ဌာပနေနာတိ ဟူသောပါဠိတော်၌၊ မြန်မာကား။ ဧဝံ၊ဤသို့အချင်းချင်းဆိုဆုံးမ သတ်သောအကြောင်းဖြင့်။ ယဒိဒံယံဣဒံ၊ အညမညဝစနံ၊ အကြင်အချင်းချင်းတယောက်သည် တယောက်၏ အကျိုးစီးပွားဖြစ်သောစကားကို ပြောဆိုခြင်းသည်လည်းကောင်း။ ယဒိဒံယံဣဒံအညမညဝုဋ္ဌာပနံ၊ အကြင်အချင်းချင်းတယောက်သည် တယောက်ကိုအာပတ်မှထစေခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေနအညမညဝစနေနစ၊ ထိုအချင်းချင်းတယောက်သည် တယောက်၏ အကျိုးစီးပွားဖြစ်သော စကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း။ တေနအညမညဝုဋ္ဌာပနေနစ၊ ထိုအချင်းချင်း တယောက်သည် တယောက်ကို အာပတ်မှ ထစေခြင်းဖြင့်လည်းကောင်း။ တဿဘဂဝတော၊ထိုမြတ်စွာဘုရား၏။ ပရိသာ၊ရဟန်းပရိသတ်သည်။ သံဝဍ္ဎာဟိ သံဝဍ္ဎာဧဝ၊ တနေ့တခြား တိုးပွား စည်ပင်ပါသည်သာလျှင်တည်း။ ဣတိ၊ဤသို့။ ဝစနိယော၊ဆိုအပ်သည်။အဿဘဝေယျ၊ဖြစ်ရာ၏။ဤသို့မြန်မာပြန်ရာ၏။

### ကုလဒူသကသိက္ခာပုဒ်၌အဓိပ္ပါယ်သော်ကား။

ဂါမံ၀ါနိဂမံ၀ါ ဟူသောပါဌ်၌တွင်၊ ဂါမသဒ္ဒါဖြင့် ရွာအထူးဖြစ်သောမြို့ကိုလည်းယူရသည်။

ဂါမံ၀ါတိ ဧတ္ထနဂရမ္ပိ ဂါမဂ္ဂဟဏေနေ၀ ဂဟိတံ၊ တေနသ ပဒဘာဇနေ ဂါမောပိနိဂမောပိ နဂရမ္ပိဂါမောစေ၀ နိဂမောစာတိဝုတ္တံ။ ။(ကင်္ခါ-ဋ္ဌ)

ဝိနယတ္ထမဉ္ဇူသာဋီကာကျမ်း၌ကား။ မဟောအပ်သည်ကို အထူးကြံခြင်းအနက်ရှိသော၀ါသဒ္ဒါဖြင့်၊ မြို့ကိုလည်းသိမ်းကျုံးယူရမည်ဟုမိန့်ဆိုတော်မူသည်။ဤသို့သော၀ါသဒ္ဒါသည်၊ အနိယမအနက်ရှိသည်ဟု ဋီကာဆရာတို့သည်ဆိုကြကုန်၏။ကြံဆင်ခြင်ကြလေကုန်။

၀ါသဒ္ဒေနစအနုတ္တဝိကပ္ပနတ္ထေနဂဟိတန္တိဝိနယတ္ထမဉ္ဇူသာဋီကာယံ ဝုတ္တံ ဤဒိသော၀ါသဒ္ဒေါ၊အနိယမတ္ထောတိ ဘဒန္တဋီကာ စရိယေဟိ ဝုတ္တ၀စနမ္ပိ အတ္ထိစိန္တယန္တု၀ိစက္ခဏာ။ ။ (အနု၀ဏ္ဏနာ)

တံတိုင်းအကာအရံမရှိ၊ အိမ်ဈေးသာရှိသောလူတို့နေရာရွာသည် နိဂုံးမည်၏။ တံတိုင်းအကာအရံအိမ်ဈေးခြံရံလျက်ရှိသော ရွာအထူးသည် မြို့မည်၏။

တတ္ထ အပါကာရ ပရိက္ခေပေါ သအာပဏော နိဂမောတိ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ-ဋ္ဌ)

တတ္ထပနအပါကာရပရိက္ခေပေါ သာပဏောမနုဿနိ၀ါသော နိဂမောနာမ သပါကာရပဏ်ာမနုဿနိ၀ါသဋ္ဌာနံ နဂရံနာမဘံတံ ဝိပရိတော ဂါမောနာမ။ ။ (အနု၀ဏ္ဏနာ)

**ဆောင်။ ၁။ တံတိုင်းမခြံ၊ဈေးမျိုးစုံ၊မှတ်ကုန်နိဂုံးအမည်ပေး။**
**၂။ တံတိုင်းခြံရံ၊ဈေးမျိုးစုံ၊မှတ်ကုန်မြို့မည်ပေး။**
**၃။ တံတိုင်းဈေးပါ၊မရှိရာ၊မှတ်ပါရွာမည်ပေး။**

ကုလဒူသကော ပုဒ်၌၊ ကုလဒူသကဟု နှစ်ပုဒ်ခွဲ။ အမျိုးဖြစ်သော ကုလသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး၊သူဆင်းရဲမျိုးဟူ၍ လေးပါးအပြားရှိ၏။

ကုလံနာမစတ္တာရိကုလာနိ ခတ္တိယကုလံဗြဟ္မဏကုလံဝေဿကုလံ သုဒ္ဒကုလံ။ (ပ)

**ဆောင်။ ။မင်းပုဏ္ဏားသူ၊ဆင်းရဲဖြူ၊မှတ်ယူမျိုးမည်လေး။**

ကုလာနိဒ္ဒသေတိ ကုလဒူသကော ဟု ဝိဂြိုဟ်ပြု၍ အမျိုးလေးပါးတို့ကို မစင်မကြယ်ရှိစဘွယ်သော ညွှန်စသည်တို့ဖြင့် ဖျက်ဆီးသည် မဟုတ် မိမိဟုံဆိုအပ်သော ရဟန်း၏ ပန်းပေးခြင်း သစ်သီးပေးခြင်း စသောမကောင်းသောအကျင့်ဖြင့် အမျိုးလေးပါးတို့၏သဒ္ဓါတရားကို ဖျက်ဆီးသောရဟန်းတော်ကိုယူလေ။

ကုလဒူသကောတိ ကုလာနိဒူသေတိ ပုပ္ဖေနဝါ၊ ဖလေနဝါ၊ စုဏ္ဏေနဝါ၊ မတ္တိကာယဝါ ဒန္တကဋ္ဌေနဝါ ဝေဠုယာဝါ ဝေဇ္ဇိကာယဝါ ဇင်္ဃပေသနိကေနဝါ။ ॥ (ပ)

**ဆောင်။ ။ပန်းသီးမှုန့်မြေ၊ ပေးဝေဒန်ဝါး၊ ဆေးလုံးသွား၊ မှတ်သား ကုလဒူသက။**

ရှစ်ပါးသောကုလဒူသကဝတ္ထုတို့တွင် တနည်းနည်းအားဖြင့် ကပ်ရောက်လာသောဒါယကာဒါယိကာမတို့အား မိမိပိုင်ဖြစ်သော တစုံတခုသောပန်းကိုချီးမြှောက်ထောက်ပင့်ရန်အလို့ငှာ ပေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။ သူတပါးပိုင်ဖြစ်သောပန်းကို ဝိဿာသဂ္ဂါဟဖြင့်ပေးသောရဟန်းအားလည်း ဒုက္ကဋ်အာပတ်သင့်သည်။ သူတပါးပိုင်ဖြစ်သောပန်းကို ထေယျစိတ်ဖြင့်ပေးမူ ဘဏ္ဍာစားထိုက်၏။ ကျောင်းအသုံးအဆောင်အကျိုးငှာမှတ်၍ထားအပ်သောပန်းကို အစိုးရသည်၏အဖြစ်ကြောင့်ပေးမူ ထုလ္လစ္စည်းအာပတ်သင့်၏ဟုအဋ္ဌကထာ၌မိန့်၏။

ရတနာသုံးပါးကိုပူဇော်ရန်ခေါ်၍၎င်း၊ခေါ်စေ၍၎င်း၊ မိဘတို့အား ပေးရာ၏။ ရတနာသုံးပါးကိုပူဇော်ရန်ခေါ်စေ၍သာ ဆွေမျိုးဉာတိတို့အားပေးရာ၏။ တန်ဆာဆင်ရန် အပြေအပြစ်ပြုရန် အကျိုးငှာ ပေးအပ်မသင့်။

**ဆောင်။ ၁။ ပန်းကိုပေးရာ၊ မည်သူမှာ၊ ပေးရာသင့်မသင့်။**
**၂။ မိဘတို့အား၊ ပေးတုံ ငြား၊ သင့်ထားပူဇော်ရန်။**
**၃။ ခေါ်ခြင်းခေါ်စေ၊ ပေးစေလေ၊ သင့်ပေမိဘမှာ။**
**၄။ ဆွေမျိုးတို့အား၊ ပေးတုံ ငြား၊ သင့်ထားပူဇော်ရန်။**
**၅။ ခေါ်စေ၍သာ၊ ပေးဝေရာ၊ သင့်ပါဉာတကာ။**
**၆။ တန်ဆာဆင်ရန်၊ ပေးဝေပြန်၊ မှတ်ရန်မသင့်ပေ။**

သစ်သီးပေးသောအရာသည်ကား၊ ပန်းပေးသော အရာနှင့် တူ၏။ နာသောသူ၊အပိုးရသောသူ၊ကုန်သောရိက္ခာရှိ၍ ခရီးပန်းသောသူ ဤသုံးယောက်တို့အား မိမိပိုင်သစ်သီးကိုပေးခြင်းငှာသင့်၏။

အဣ္ဍာနော သန္တကံယေဝ ဂိလာန မနုဿာနံဝါ သမ္ပတ္တ ဣဿရာနံဝါ ခီဏ ပရိဗ္ဗယာနံဝါ ဒါတုံဝဋ္ဋတိ ဖလဒါနံနဟောတိ။ ။ (ကင်္ခာ-ဋ္ဌ)

**ဆောင်။ ။သူနာခိုးရ၊ပန်း‌လှခရီး၊ဖြစ်တပြီးသူ၊ ဝေငှမူ၊ ဖြစ်မူသစ်သီး မရှိတည်း။**

ရေချိုး ကသယ်မှုစသည် ပေးရာ၌လည်းပန်းကိုပေးသည်နှင့်တူစွာအဆုံးအဖြတ်ကိုသိရာ၏။

လူတို့၏ တမန်သည်အဖြစ်ဖြင့် သတင်းစကားကိုဆောင်သောအမှုကို၊ ဇင်္ဃပေသနိယ ဟု ခေါ်သည်၊ သတင်းကိုဆောင်ယူ၍သွားခြင်းအမှုကိုမပြုအပ်။ လူတို့၏သတင်းကိုယူ၍သွားသောရဟန်းအား ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ သတင်းဆောင်သည်ကိုအကြောင်းပြု၍ ရအပ်သောဘောဇဉ်ကို သုံးဆောင်သောရဟန်းအား မျိုတိုင်း မျိုတိုင်း ဒုက္ကဋ် အာပတ်သင့်လေသည်။

ဂိဟီနံဟိသာသနံ ဂဟေတွာ ဂစ္ဆန္တဿ ပဒေပဒေဒုက္ကဋံ၊ တံကမ္မံနိဿာယ လဒ္ဓ ဘောဇနံ ဘုဉ္ဇန္တဿာပိ အဇ္ဈော ဟာရေ အဇ္ဈော ဟာရေ ဒုက္ကဋံ။ ။ (ကင်္ခာ-ဋ္ဌ)

သီတင်းသုံးဘော်ငါးဦး၊မိ၊ဘ၊ရှင်လောင်း၊ဝေယျာဝစ္စကရပုဂ္ဂိုလ်တို့၏သတင်းကိုဆောင်ယူခြင်းငှာသင့်၏။

ပဉ္စန္နံ သဟဓမ္မိကာနံ မာတာပိတူနံ ပဏ္ဍုပလာသဿ အဣ္ဍာနောဝေယျာဝစ္စကရဿစသာသနံ ဟရိတုံဝဋ္ဋတိ။ ။ (ကင်္ခာ-ဋ္ဌ)

**ဆောင်။ ။သီတင်းသုံးဘော်၊ မိဘနော်ရှင့်၊ အလျော်ရှင်လောင်း၊ အမှုကောင်း၊ဆောင်ကောင်းသတင်းမှာ။**

ရှစ်ရပ်သော ကုလဒူသကအမှုတို့ကြောင့် ရသော ပစ္စည်းတို့သည် ငါးဦးသော သီတင်းသုံးဘော် တို့အား မအောင်ကုန်သည်ဖြစ်၍ အဘူတာရောစန ရူပိယသံဝေါဟာရတို့ကြောင့်ဖြစ်သော ပစ္စည်းလေးပါးနှင့်တူကုန်သည်။

ဇာမေဟိပနအင်္ဂေဟိ ကုလဒူသက ကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိသဟဓမ္မိကာနံ နကပ္ပန္တိ၊ အဘူတာရောစန ရူပိယ သံဝေါဟာရေဟိ ဥပ္ပန္နပစ္စယ သဒိသာဝ ဟောန္တိ။ ။ (ကင်္ခါ-ဋ္ဌ)

ပါပသမာစာရောပုဒ်၌။ပါပါသမာစာရအသာတိပါပသမာစာရောဟုပြု၍ပန်းပင်ငယ်စိုက်ပျိုးခြင်း၊စိုက်ပျိုးစေခြင်း၊ ရေသွန်းလောင်းခြင်း သွန်းလောင်းစေခြင်း၊ဆွတ်ခူးခြင်း၊ဆွတ်ခူးစေခြင်း၊ သီကုံးခြင်း၊ သီကုံးစေခြင်းအစရှိသောယုတ်မာသောအကျင့်ရှိသောရဟန်းကိုယူ။

ပါပသမာစာရောတိ မာလာဝစ္ဆံ ရောပေတိပိ ရောပါပေတိပိ သိဉ္စတိပိ သိဉ္စာပေတိပိ ဩစိနာတိပိ ဩစိနာပေတိပိ ဂန္ထေတိပိ ဂန္ထာပေတိပိ။ ။ (ပ)

ဒိဿန္တိစေဝ သုယျန္တိစပုဒ်တို့တွင် ဒိဿန္တိစေဝဟူသောပုဒ်ဖြင့် မျက်မှောက်ဖြစ်သော ရဟန်းတို့မြင်ကြကုန်၏ ဟု ပြဆိုလိုသည်။ သုယျန္တိစ ဟူသောပုဒ်ဖြင့် မျက်မှောက်ဖြစ်သောရဟန်းတို့ကြားကြကုန်၏ဟုဆိုလိုသည်။

ဒိဿန္တိစေဝ သုယျန္တိစာတိ ယေသံမုခါ တေပဿန္တိ၊ ယေတိရောက္ခာတေ သုဏန္တိ၊ ။ (ပ)

ကုလာနိစတေနဒုဋ္ဌာနိ ဟူသောပါဌ်ဖြင့် ရှေးကာလ၌သဒ္ဓါတရားရှိကြကုန်လျက် ကုလဒူသက ရဟန်းကိုအကြောင်းပြု၍ သဒ္ဓါတရားခေါင်းပါးကြကုန်သည်။ရှေးအခါကြည်ညိုကြကုန်လျက်၊ မကြည်ညိုဘဲရှိကြကုန်သည် ဟုပြဆိုလိုသည်။

ကုလာနိစ တေနဒုဋ္ဌာနီတိ ပုဗ္ဗေသဒ္ဓါဟုတွာတံ အာဂမ္မ အသဒ္ဓါဟောန္တိ၊ ပသန္နာဟုတွာ အပ္ပသန္နာဟောန္တိ။ ။ (ပ)

ဆန္ဒဂါမိနော ပုဒ်၌။"ဆန္ဒေနဂစ္ဆန္တီတိဆန္ဒဂါမိနော" ဟု ဝိဂ္ဂဟပြု၍ ချစ်သဖြင့်မလားအပ်သည်သို့ ရောက်သောရဟန်းကိုယူ။ အောက်သိက္ခာပုဒ်တို့ကိုမှီ၍ အဆုံးအဖြတ်ကိုသိရာ၏။ ပဗ္ဗာဇနီယကံ ပြုအပ်သောရဟန်းသည် အကြင်ကျောင်း အကြင်ရွာ၌နေ၍ ကုလဒူသကကံကိုပြုမိအံ့။ထိုကျောင်း ထိုရွာမှာမနေကောင်း။ထိုကျောင်း၌ နေသဖြင့် အနီးဖြစ်သောရွာ၌သော်လည်း ဆွမ်းအလို့ငှာ မလှည့်လည်ရာ။အနီးဖြစ်သောကျောင်း၌နေသဖြင့်လည်း ကုလဒူသကကံ ပြုမိသော ရွာသို့ ဆွမ်းအကျိုးငှာမလှည့်လည်ရာ။

ဧဝံပဗ္ဗာဇနီယကမ္မကတေနဘိက္ခုနာ ယသ္မိံ ဝိဟာရေ ဝသန္တေန ယသ္မိံ ဂါမေ ကုလဒူသကကမ္မံ ကတံ ဟောတိ၊ တသ္မိံ ဝိဟာရေ ဝါ တသ္မိံ ဂါမေ ဝါ န ဝသိတဗ္ဗံ၊ တသ္မိံ ဝိဟာရေ ဝသန္တေန သာမန္တဂါမေပိ ပိဏ္ဍာယ နစရိတဗ္ဗံ၊ သာမန္တဝိဟာရေပိ ဝသန္တေန တသ္မိံ ဂါမေ ပိဏ္ဍာယ နစရိတဗ္ဗံ။ ။ (ကင်္ခါ—၄)

ငြမ်းပြေးသောကံရှိသော ရဟန်းတော်သည် ကုလဒူသကအမှုပြုမိသောအမျိုးအိမ်တို့မှ ရဟန္တာပုဂ္ဂိုလ်ဖြစ်သော်လည်း ပစ္စည်းလေးပါးကိုမခံယူကောင်း။အသျှင်ဘုရားတို့၊ အဘယ့်ကြောင့် မခံယူပါသနည်း ဟုလျှောက်ထားခဲ့ပါလျှင် ကုလဒူသကအမှုပြုဘူးသောကြောင့် မခံယူပါဟု ရဟန်းတော်ကဖြေဆိုလေသော်၊အသျှင်ဘုရားကုလဒူသကအမှုပြုသောကြောင့်ရှေးအခါကမလှူ။ ယခုသီလရှိသောကြောင့် လှူပါကုန်အံ့ ဟုလျှောက်ထားခဲ့သော် ပစ္စည်းလေးပါးတို့ကို ခံယူကောင်း ခံယူရာ၏။

**သံဃာဒိသိသ်ပြီးပြီ။**

—— ○ ——

**သံဃဒိသေသနိဂမန။**

ဥဒ္ဒိဋ္ဌာခေါ စသောပါဠိတို့တွင် ပဌမာပတ္တိကာပုဒ်၌၊ "ပဌမံဝီတိက္ကမက္ခဏေယေဝ အာပတ္တိ ဧတေသန္တိ ပဌမာပတ္တိကာ" ဟု ဝိဂ္ဂဟပြု၍ အစဦးလွန်ကျူးဆဲခဏ၌သာလျှင်ရောက်အပ်သော အာပတ်ရှိသော သုက္ကဝိဿဋ္ဌိစသောကိုးပါးသောသံဃာဒိသိသ်အာပတ်တို့ကိုပဌမာပတ္တိက သံဃာဒိသိသ်အာပတ်ဟုဆိုသည်။ ။ယာဝတတိယကပုဒ်၌ "ယာဝတတိယေ သမနုဘာသနေ ပရိယောသာနေ ပဝတ္တန္တီတိယာဝတတိယကာ" ဟု ပြု၍ သုံးကြိမ်မြောက်ဥတ်ကမ္မဝါစာဖြင့် ဆိုဆုံးမသည့်၏ အဆုံး၌ ဖြစ်တတ်ရောက်တတ်သော သံဃဘေဒကစသော လေးပါးသော သံဃာဒိသိသ် အာပတ်တို့ကို နှစ်ရက်ချန် သုံးရက်ချန် များသောအများရောဂါတို့ကို တတိယက စတုတ္ထက ဟူ၍ဆိုအပ်သကဲ့သို့၊ ယာဝတတိယကသံဃာဒိသိသ်အာပတ်ဟုဆိုသည်။ဤသို့ သံဃာဒိသိသ်အာပတ်တို့သည်တဆဲ့သုံးပါးအပြားရှိကုန်၏။

ဉာတရေပန ယထာတတိယေ စတုတ္ထေစ ဒိဝသေဟောတိတိ ဇာရောတတိယ ကောစတုတ္ထကောတိစဝုစ္စတိ၊ ဇံယာဝတတိယေသမနုဘာသနကမ္မေဟောန္တိ တိ ယာဝတတိယကာဘိ ဝေဒိတဗ္ဗာ။ (ကင်္ခါ-ဋ္ဌ)

ယေသံ။လ။ပရိဝတ္တဗ္ဗံ ဟူသောပါဠ်ဖြင့် တဆဲ့သုံးပါးသောသံဃာ ဒိသိသ် အာပတ်တို့တွင် တပါးပါးသော အာပတ်သို့ရောက်သော ရဟန်းသည် သိလျက်အကြင်မျှလောက်သော ရက်ပက္ခ-လ-နှစ် အရေ အတွက်ကာလပတ်လုံးဖုံးလွှမ်းထားမိ၏။ ထိုဒ္ဒ ံးလွှမ်းထားဘိုင်းသော၊ နေ့-ပက္ခ၊လ,နှစ်,အရေအတွက်အားဖြင့် ပရိဝါသ်နေအင်သော အဖြစ် ဟုဆိုအပ်သောဆေးကုသုံကို ပြတော်မူသည်၊ ကုစားမှုမပြုအပ်သော အာပတ်၏ နတ်ရွာမဂ်ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သည်၏ အဖြစ် ကြောင့် အလိုမရှိဘဲလျှက်သော်လည်း ပရိဝါသ်နေရမည် ဟု ဆိုလို သည်။

အကာမေနအဝသေနာတိ ဧတ္ထအပ္ပဋိကမ္မကတာယ အာပတ္တိယာသဂ္ဂမောက္ခာ ဝရဏာဘာဝတောအနိစ္ဆန္တေနာပိပရိဝသိတဗ္ဗန္တိ အဓိပ္ပါယော။ ။ (တော့)

ဥပါလိမထေရ်သည် ဘုန်းတော်သခင် အသျှင် ဖြစ်တော်မူသော မြတ်စွာဘုရား၊ ပရိဝါသ် ဆောက်တည်သော ရဟန်းတော်အား၊ ရတ္တိစ္ဆေဒညဉ့်ပြတ်ခြင်းတို့သည် အဘယ်မျှအပြားရှိပါကုန်သနည်းဟု မေးလျှောက်ထားလေလျှင်၊သဗ္ဗညုဘုရားအသျှင်က၊တယောခေါ်ဥပါ လိပါရိဝါသိကဿဘိက္ခုနောရတ္တိစ္ဆေဒါ ဟု ရှဋ္ဌဝါပါရိဝါသိကာက္ခန္ဓ ကတွင်မိန့်တော်မူသည်။

မြန်မာကား။ ။ဥပါလိ၊ဥပါလိ။ ခေါ်၊စင်စစ်။ ပါရိဝါသိကဿ၊ ပရိဝါသ်နေသော၊ဘိက္ခုနော၊ရဟန်းအား။ ရတ္တိစ္ဆေဒါ၊ညဉ့်ပြတ်ခြင်း တို့သည်။သဟဝါသောပကတတ္တေနဘိက္ခုနာသဒ္ဓိံ ဧကစ္ဆန္နေ၊ဤသို့စ သောနည်းဖြင့်မိန့်ဆိုအပ်သောတမိုးတရံတည်းသောကျောင်း၊ ရေကျ ရာတံစက်မြိတ်အတွင်း၌ပကတတ်ရဟန်းနှင့်အတူတကွအိပ်ခြင်းဝင်း။ ဝိပ္ပဝါသော၊တပါးသောပကတတ်ရဟန်းနှင့်ကင်း၍ နေခြင်းဝင်း။ အ နာရောစနာ၊ အာဂန္တုကရဟန်းစသည့်တို့အားမပြောကြားခြင်းဝင်း။ ဣတိ၊ဤသို့။ တယော၊သုံးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပါလိ၊ ဥပါလိ။ခေါ်၊စင်စစ်၊ပါရိဝါသိကဿ၊ပရိဝါသ်နေသော။ ဘိက္ခုနော၊

ရဟန်းအား။ရတ္တိစ္ဆေဒါ။ညဉ့်ပြတ်ခြင်းတို့သည်။ဇူမေဘယော၊ ဤသုံးပါးတို့ပင်တည်း။

> တတ္ထသဟဝါသောတိယ္ဒာယံပကတတ္တေန ဘိက္ခုနာသဒ္ဓိံ ဧကစ္ဆန္နေတိ အာဒိနာနယေနဝုတ္တော ဧကတောဝါသော၊ဝိပ္ပဝါသောတိ ဧကကဿဝဝါသော အနာရောစနာတိ အာဂန္တုကဿဒိန္နံ အနာရောစနာ၊ ဧတေသုဘီသုဧကေကေန ကာရဏေန ရတ္တိစ္ဆေဒေါဟောတိ၊ ။ (ကင်္ခါ—၄)

သဟဝါသောပုဒ်၌၊ သွား,ရပ်,ထိုင်,လျောင်း, လေးပါးပေါင်းဖြစ်သော ဣရိယာပုထ်တို့တွင်၊ အိပ်ခြင်း၊ဣရိယာပုထ်တပါးကိုသာ သဟဝါသအင်္ဂါဟုအလိုရှိသည်။

> သဟဝါသောတိ ဝုတ္တပကာရေ ဆန္နေဘိက္ခုနာသဒ္ဓိံ သယနမေဝ အဓိပ္ပေတံ၊ နသေသဣရိယာပထကပ္ပနံ။ ။ (တေ)

ပရိဝုတ္ထပရိဝါသေန။လ။ပဋိပဇ္ဇိတဗ္ဗံ ဟူသောပါဠ်ဖြင့်၊ ပရိဝါသ်နေပြီးသောရဟန်းသည်၊ပရိဝါသ်နေသည်မှ နောက်ကာလ၌၊ ခြောက်ညဉ့်ခြောက်အရုဏ်ကာလပတ်လုံး ရဟန်းတို့မြတ်နိုးသော အဖြစ်အကျိုး၄ာ မာနတ်ကျင့်ရာသည်ဟုပြတော်မူသည်။

ဤမာနတ်အချာဝ သ်၊ ဆာရတ္တံဟူသောဝိသေသပရိစ္ဆေဒအားဖြင့် အထူးပိုင်းခြားမှတ် သား၍ထားသောကြောင့်၊ ခြောက်ညဉ့်ခြောက်အရုဏ်အောက်ပယုတ်သော်မသင့်။ခြောက်ညဉ့်ခြောက်အရုဏ်ထက်လွန်သော်လည်းအကျိုးမရှိ။

> ဇူမဆာရတ္တန္တိ ဝိသေသပရိစ္ဆေဒေန ပရိစ္ဆိန္နတ္တာ တတောဦနံ့ေစ နဝဋ္ဋတိ၊ အဓိကေစ ပယောဇနံ နတ္ထီတိဝိညာယတိ။ ။ (အနုဝဏ္ဏနာ)

ဥပါလိမထေရ်ကာ၊မာနတ်ကျင့်ရာဝယ် ရတ္တိစ္ဆေဒတို့သည် အဘယ်မျှ အပြား ရှိပါကုန်သနည်းဟု လျှောက်ထားလေလျှင်၊ သဗ္ဗညုဘုရားသျှင်က၊ စတ္တာရောခေါ ဥပါလိ မာနတ္တစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ သဟဝါသော ဝိပ္ပဝါသော အနာရောစနာ ဦနေဂဏေစရတိ ဣမေခေါ ဥပါလိစတ္တာရော မာနတ္တစာရိကဿ ဘိက္ခုနော ရတ္တိစ္ဆေဒါ။ ။

မြန်မာအနက်ကား။ ။ဥပါလိ၊ ဥပါလိ။ ခေါ၊ စင်စစ်။ မာနတ္တစာရိကဿ၊ မာနတ်ကျင့်သော။ ဘိက္ခုနော၊ ရဟန်းအား။ ရတ္တိစ္ဆေဒါ၊ ညဉ့်ပြတ်ခြင်းတို့သည်။ သဟဝါသော၊ ငင်း။ ဝိပ္ပဝါသော၊ ငင်း။ အနာရောစနာ၊ ငင်း။ ဦနေ၊ လေးပါးအောက်ယုတ်သော။ ဂဏေ၊ ဂိုဏ်း၌။ စရတိ၊ ကျင့်ခြင်းငင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပါလိ၊ ဥပါလိ။ ခေါ၊ စင်စစ်။ မာနတ္တစာရိကဿ၊ မာနတ်ကျင့်သော။ ဘိက္ခုနော၊ ရဟန်းအား။ ရတ္တိစ္ဆေဒါ၊ ညဉ့်ပြတ်ခြင်းတို့သည်။ ဣမေ၊ ဤသည်တို့ပင်တည်း။ ဦနေဂဏောပုဒ်၌၊ လေးပါး, လေးပါးထက်အလွန်ဖြစ်သောရဟန်းတော်ကို၊ ဂဏဂိုဏ်းဟုဆိုသည်။ လေးပါးအောက်အယုတ် သုံးပါးသောရဟန်းတို့နှင့် အတူတကွ နေထိုင်မှု ရတ္တိစ္ဆေဒ ဖြစ်တော့သည်။

ရတ္တိစ္ဆေဒေသုဦနေဂဏေတိ ဩဂဏောတိ စတ္တာရောဝါ အတိရေကာဝါ၊ တသ္မာသစေပိတီဟိ ဘိက္ခူဟိသဒ္ဓိံဝသတိ ရတ္တိစ္ဆေဒေါဟောတိယေဝ။ ။ (ကင်္ခါ-၄၅)

မာနတ်ကျင့်သောပုဂ္ဂိုလ်တို့၊ ခြောက်ညဉ့်ခြောက်ရက်အစဉ်မပြတ် နေ့တိုင်းကြားရသည်။ ဤကား ပရိဝါသ်မှအထူးတည်း။

မာနတ္တစာရိကဿဝတ္တေသု ဒေဝသိကံ အာရောစေတဗ္ဗန္တိ ဝိသေသော။ ။ (ကင်္ခါ ၄၄)

ပရိဝါသ်နေသောရဟန်းသည် မိမိနေသော ပရိဝါသ်ကံ၌။ ဂိုဏ်းပြည့်မဖြစ်နိုင်။ ကြွင်းသော သံဃာ့ကံတို့၌ကား။ ဂိုဏ်းပြည့် ဖြစ်သည်။ ကြွင်းသော ကံဆောင်ရွက်သော ရဟန်းတို့၌လည်း၊ ဤနည်းအတူ သိရာ၏။

**ဆောင်။ ။မာနတ်ကျင့်လတ်၊ ဖြစ်သူမှတ်၊ မပြတ်နေ့စဉ်ကြားရသည်။**
**မိမိကံမူ၊ ဆောင်ရွက်သူ၊ ဂိုဏ်းမူမပြည့်ရှာ။**
**မိမိကံမှ၊ ကြွင်းသမျှ၊ ဖြစ်ပဂဏပူရကာ။**

စိဏ္ဏမာနတ္တော။ လ။ သောဘိက္ခုအဗ္ဘေတဗ္ဗော။ ။ဟူသောပါဠိဖြင့် ကျင့်ပြီးသောမာနတ်ရှိသောရဟန်းတော်ကိုနှစ်ကျိပ်သောရဟန်း သံဃာအရေအတွက်ရှိသော သိမ်အပြင်ဝယ် အဗ္ဘာနကံဖြင့်သွင်းအပ်

ခေါ်ဆောင်အပ်သည် ဟု ပြတော်မူသည်၊ ဝိသတိဂဏောဘိက္ခုသံဃော ဟူသောအပိုင်းအခြားသည် နောက်ဆုံး အောက်ဆုံး၌ဖြစ်သော သဗ္ဗန္တိမပရိစ္ဆေဒမည်၏။ သို့ဖြစ်၍ နှစ်ကျိပ်အောက်တပါးမျှယုတ်မူ၊ မအောင်။ ကံပျက်၏။ ပိုလွန်မူကား အင်ပါ၏။ ထို့ကြောင့် ပါဠိတော်၌။ ဧကေနပိစေဦနောဝိသတိဂဏောဘိက္ခုသံဃောတံဘိက္ခုံ အဗ္ဘေယျ၊ သောစဘိက္ခုအနဗ္ဘိတော။ ။ဟု ဖွင့်ဆိုတော်မူ၏။ ထို့ကြောင့် အဋ္ဌကထာ၌။ ။တတြာတိယတြသဗ္ဗန္တိမေန ပရိစ္ဆေဒေန ဝိသတိဂဏောဘိက္ခုသံဃော အဗ္ဘေ ဟု ဖွင့်ဆိုတော်မူသည်။ တေစဘိက္ခူဂါရယှာ ဟူသောပါဌ်ဖြင့် နှစ်ကျိပ်အောက်ယုတ်သောအဖြစ်ကိုသိလျက် ကံပြုကံဆောင်သောရဟန်းတို့သည် ဒုက္ကဋ်အာပတ်သင့်သဖြင့်ကဲ့ရဲ့ထိုက်ကုန်သည်ဟုပြတော်မူသည်။

> တေစဘိက္ခူဂါရယှာတိဇ္ဈေ ယေ ဦနဘာဝံ ဉတွာ အဗ္ဘေန္တိ တေဘိက္ခူစ ဂရဟိတဗ္ဗာ သာတိသာရာ သဒေါသာဒုက္ကဋံအာပဇ္ဇန္တီတိ အယမတ္ထော ပါကဋောယေဝါတိ နဝုတ္တော။ ။ (တေ)
>
> တေစဘိက္ခူဂါရယှာတိဦနဘာဝံဉတွာ၊ အဗ္ဘေန္တိ ဒုက္ကဋံအာပဇ္ဇနေန၊ ဂရဟိတဗ္ဗာ။ ။ (ဝိ)

အယံတတ္ထသာမိစိ ပုဒ်၌။ လောကုတ္တရာတရား ကိုးပါးသို့ အစဉ်လိုက်သော ဩဝါဒအနုသာသနီဟုဆိုအပ်သောသဘောတရားကိုပင် သာမိစိဟုဆိုသည်။

တနည်း။ ။ပြုကျင့်ရသောဝတ္တရားကိုပင် သာမိစိဟုဆိုသည်။

> သာမိစီတိအနုဓမ္မတာ လောကုတ္တရဓမ္မံ အနုဂတာဩဝါဒါနုသာသနီ သာမိစိဓမ္မတာတိဝုတ္တံဟောတိ။ ။ (ကင်္ခါ ၄)

ထို့ကြောင့်ဝိမတိဒိကာ၌။ သာမိစီတိဝတ္တံ ဟုဖွင့်ဆိုတော်မူ၏။ ပရိဝါသ်ဆောက်တည်ရဝယ် လေးပါးအစရှိသောသံဃာသည် ပြုအပ်သောကံ၌မနှင်ထုတ်အပ် အပမပြုအပ်သော လေးပါးသော ရဟန်းသံဃာတော်၊ပါရာဇိကာသို့မရောက်သောစင်ကြယ်သောသီလရှိသော လေးပါးသော ရဟန်းသံဃာတော်ကို ပကတတ်ရဟန်းဟု ဆိုကုန်သည်။ ထို့ကြောင့် ပရိဝါ၌။ တတ္တပကတတ္တာ ကမ္မပတ္တာတိ စတုဝဂ္ဂကရဏေ ကမ္မေစတ္တာရောပကတတ္တာ ဟု ဖွင့်၏။ ထို့ကြောင့်

တေရသကဏ္ဍ်၌။ အနုက္ကြဲတ္တာပါရာဇိကာံအနာပန္နာစပကတံတ္တာတိအာဟ' ပကတတ္တာ အနုက္ခိတ္တာတိအာဒိ ဟု ဖွင့်၏။ ဝိမတိ၌ကား။ တန္ထားအပ်သော ဥပုသ်ပဝါရဏာရှိသော ရဟန်းကို ပကတတ်ရဟန်းမဟုတ်၊ပကတတ်ရဟန်းမဖြစ်နိုင်ဟုဆို၏။ထို့ကြောင့်အနေသာရိတာတံ ဥပေါသထပ္ပနာဒိနာဝါလဒ္ဓိနာနာသံဝါသကဘာဝေနဝါန ဗဟိကတာ အနူကထာယဥ္စအပကတတ္တာသာတိဥက္ခိတ္တကဿဝါ ယဿဝါ ဥပေါသထပဝါရဏာဌပိတာဟောန္တီတိဝုတ္တတ္တာ ဌပိတဥပေါသထပဝါရဏောဘိက္ခုအပကတတ္တောဝေါတိ ဂဟေတဗ္ဗံ ဟု ဖွင့်ဆို၏။ ပရိဝါသ်စသောကံတို့၌ ဂရုကန္တိတည်သောရဟန်းတို့ကိုလည်း ပကတတ်ရဟန်းမဟုတ်ဟုယူရာသည့်ဟုမိန့်၏။ ထို့ကြောင့်ဋီကာ၌။ ပရိဝါသာဒိကမ္မေသုပန ဂရုကဋ္ဌာပိအပကတတ္တာ ဝေါတိဂဟေတဗ္ဗံ ဟု ဆိုပြန်၏။ ဤဋီကာဝယ် ဂရုကဋ္ဌာပိဟုသာမညအားဖြင့်ဆိုသော်လည်း ဂရုက ဖြစ်သော သံဃာဒိသိသ် အာပတ်၌တည့်သောရဟန်းဟူသမျှကို မယူရာ။ ပရိဝါသ်ဆောက်တည်ခိုက် ဝတ်မချရသော ဒါဏ်သားဖြစ်သောရဟန်းတော်ကို ပကတတ်ရဟန်းမဟုတ်ဟုယူပါ။ဤသို့ယူသော်သာလျှင် နိက္ခိတ္တကာလေတောပဋ္ဌာယပကတတ္တဋ္ဌာနေ တိဋ္ဌတိဟူသော ရှုဋ္ဌဝါအဋ္ဌကထာပါဌ်နှင့်ညီမည်။

## သံဃာဒိသေသုဒ္ဒေသအဓိပ္ပါယ်ပြီးပြီ။

——o——

အနိယတသိက္ခာပုဒ်အရာတွင်၊ အနိယတာမွော ပုဒ်တို့၌၊ "နနိယတာ အနိယတာ" ဟုပြု၍၊ ပါရာဇိက,သံဃာဒိသိသ်,ပါစိတ်ဟူ၍၊ မမှတ်အပ်၊အမြဲမရှိသောကြောင့်၊အာပတ်တို့ကို၊ အနိယတ အာပတ်ဟူ၍ ဆိုလိုသည်။ ။ပဌမအနိယတ သိက္ခာပုဒ်ဝယ် အဓိပ္ပါယ်ကား။ ရဟော ပုဒ်၌၊ရဟ မည်သည်။စက္ခုသာရဟ,သောတသာရဟ ဟူ၍ နှစ်ပါးရှိသည်။ထိုနှစ်ပါးတို့တွင်၊ မျက်စိမျက်မှောင်ဥဿောင်းများကို မှိတ်၍ ကြွခဲ့သည့်ရှိသော် မြင်ခြင်းငှာ မတတ်ကောင်းရာဖြစ်သော အရပ်ကို၊စက္ခုသာရဟ ဟု ဟောတော်မူသည်၊ပကတိစကားကို ကြားခြင်းငှာ မတတ်ကောင်းရာအရပ်ကို၊ သောတသာရဟ ဟု ဟောတော်မူသည်။ထိုနှစ်ပါးတို့တွင် စက္ခုသာရဟ ကိုသာယူရ၏။

ထွေစ ကိဉ္စာပိ ပါဠိယံ သောတဿရဟောတိ အာဂတံ၊ စက္ခုဿရဟောနေဝ ပန ပရိစ္ဆေဒေါ ဝေဒိတဗ္ဗော။ ။ (ကင်္ခါ—ဋ္ဌ)

ပဋိစ္ဆန္နေအာသနေ ဟူ၍ ဟောတော်မူသောကြောင့်ရင်း။ သတ္တာ ဟောတိမေထုနံဓမ္မံပဋိသေဝိတုံ ဟူ၍ ဆိုအပ်သည်၏ အဖြစ်ကြောင့်ရင်း။ စက္ခုဿရဟ ကို ဤအရာ၌၊ အလိုရှိအပ်သည်ဟုပြခြင်းငှာ၊ ကိဉ္စာပိ ဤသို့သောစကားကိုမိန့်ဆိုတော်မူသည်။

ပဋိစ္ဆန္နေ အာသနေတိ ပန ဝစနတော သတ္တာ ဟောတိ၊ မေထုနံ ဓမ္မံ ပဋိသေဝိ တုန္တိ စ ဝုတ္တတ္တာ၊ စက္ခုဿရဟောဝ ဣမသ္မိံ ပယောဇနံ ဒဿေတုံ ကိဉ္စာပီတိအာ ဒိ ဝုတ္တံ။ ။ (တေ)

စက္ခုဿရဟကိုသာအလိုရှိရာ၌ ထင်ရှားစေဦးအံ့။ ပိတ်အပ်သော တံခါးရွက် ရှိသော တိုက်ခန်း တံခါးဝယ်၊ သိ,ကြား လိမ္မာသော ယောက်ျားသည် ထိုင်၍နေငြားသော်လည်း အာပတ်သင့်ခြင်းကိုသာ ပြုတတ်သည်။

သစေပိ ဟိ ပိဟိတ ကဝါဋဿ ဂဗ္ဘဿ ဒွါရေ နိသိန္နော ဝိညူ ပုရိသော ဟောတိ နေဝ အနာပတ္တိံ ကရောတိ။ ။ (ကင်္ခါ—ဋ္ဌ)

ပိဟိတ ကဝါဋဿ ဟူသော ဤပါဌ်ဖြင့်၊ ဖုံးကွယ်သည်၏ အဖြစ်ကြောင့်၊ စက္ခုဿရဟ ဖြစ်သင့်သည်ကိုပြတော်မူသည်၊

ပိဟိတကဝါဋဿာတိ ဣမိနာ ပဋိစ္ဆန္နဘာဝတော စက္ခုဿရဟော သမ္ဘာဝံ ဒဿေတိ။ ။ (တေ)

**ဆောင်။ ။စက္ခုသောတ၊ ရဟဿတွင်၊ ယှဉ်ကြစက္ခု၊ အမိန့်ပြု၊ မှတ်ရူပါဠိတော်။**

နံရံတံခါးရွက်စသည်တို့ဖြင့် မဖုံးလွှမ်းအပ်သော တဆဲ့နှစ်တောင် အတိုင်းအရှည်ရှိသည်လည်းဖြစ်သောအရပ်၌ထိုင်နေသောယောက်ျားသည်၊ အကယ်၍မျက်စိအမြင်ရှိသည်ဖြစ်အံ့၊ ပြန့်လွင့် ငိုက်မြည်းသည် ဖြစ်၍သော်လည်း အာပတ်မသင့်ခြင်းကိုပြုတတ်သည်။

အပ္ပဋိစ္ဆန္နေ ဒွါဒသဟတ္ထေပိ ဩကာသေ နိသိန္နော သစေ သစက္ခုကော ဝိက္ခိတ္တောပိ နိဒ္ဒါယန္တောပိ အနာပတ္တိံ ကရောတိ။ ။ (ကင်္ခါ-ဋ္ဌ)

နံရံ တံခါးရွက် စသည်တို့ဖြင့် မဖုံးလွှမ်းအပ်သော အရပ်၌လည်း၊ ဒုတိယသိက္ခာပုဒ်ဝယ် လာသောနည်းဖြင့် သောတဿရဟာ၏အစွမ်း

ဖြင့်လည်း၊အပိုင်းအခြားကိုသိရမည်ဟုပြလိုသောကြောင့်၊ အန္တောဒွါဒသဟတ္ထေပိ စသောစကားကိုမိန့်တော်မူသည်။

> အပ္ပဋိစ္ဆန္နေစ ဒုတိယသိက္ခာပဒေအာဂတနယေန သောတဿရဟောဝသေနာပိ ပရိစ္ဆေဒေါ ဝေဒိတဗ္ဗောတိအာဟ၊ အန္တောဒွါဒသ ဟတ္ထေပိ ဩကာသေတိ။ ။ (တေ)

အန္တောဒွါဒသဟတ္ထေ ဟူသော ဤစကားကို၊ သောတဿရဟမရှိသည်ကိုရည်၍မိန့်တော်မူသည်။

> အန္တောဒွါဒသဟတ္ထေတိဟိဣဒံသောတဿ ရဟာဘာဝံ သန္ဓာယဝုတ္တံ။ ။ (တေ)

နံရံတံခါးရွက်, သင်ဖြူး,တင်းတိမ်,သစ်ပင်, တိုင်, ကဲလားတို့တွင်၊ တခုခုဖြင့်ဖုံးကွယ်သောနေရာကို ပဋိစ္ဆန္နအာသန ဟုဆိုသည်။

> ပဋိစ္ဆန္နံနာမ အာသနံကုဋ္ဋေနဝါ ကဝါဋေနဝါ ကိလဉ္ဇေနဝါ သာဏိပါကာရေနဝါ ရုက္ခေနဝါ ထမ္ဘေနဝါ ကောတ္ထဠိကာယဝါ ယေနကေနစိ ပဋိစ္ဆန္နံ ဟောတိ။ ။ (ပ)

မေထုန်အမှုကို မှီဝဲခြင်းငှာ စွမ်းနိုင်သော အရပ်ကို အလံကမ္မနိယ ဟုဆိုသည်။

> အလံကမ္မနိယေတိသက္ကာဟောတိ မေထုနံဓမ္မံပဋိသေဝိတုံ။ ။ (ပ)

အလံကမ္မနိယေ ပုဒ်ဝယ်၊ အလံ-ကမ္မ ဟုနှစ်ပုဒ်ခွဲ။ "ကမ္မဿာရဟံ ယောဂ္ဂန္တိ ကမ္မနိယံ" ဟုပြု၍ မေထုန်အမှုအား သင့်လျော်ခြင်းကိုယူ။ ။ "အလံပရိယတ္တံ ကမ္မနိယံအဿာတိအလံကမ္မနိယံ" ဟု ပြု၍၊ လွန်ကျူးခြင်းကိုပြုသောသူတို့သည်၊ ထိုမေထုန်အကျင့်ကိုပြုခြင်းငှာ စွမ်းနိုင်သောအရပ်ဒေသကိုယူ။

> အလံကမ္မနိယေတိ ကမ္မဿာရဟံ၊ကမ္မယောဂ္ဂန္တိ၊ ကမ္မနိယံ၊အလံပရိယတ္တံ ကမ္မနိယံ အဿာတိအလံကမ္မနိယံ၊ တသ္မိံအလံကမ္မနိယေ ယတ္ထ အဇ္ဈာစာရံ ကရောန္တာ သက္ကောန္တိ၊ တံကမ္မံကာတုံ တာဒိသေတိအတ္ထော။ ။ (ကင်္ခါ-ဋ္ဌ)

နိသဇ္ဇံကပ္ပေယျဝယ်၊မာတုဂါမထိုင်နေသည်ရှိသော်ရဟန်းကပ်၍ထိုင်သည်၊အိပ်သည်လည်းဖြစ်အံ့၊ ရဟန်းထိုင်နေသည်ရှိသော် မာတုဂါမကပ်၍ထိုင်နေသည်၊အိပ်သည်လည်းဖြစ်အံ့၊ နှစ်ယောက်သော ရဟန်း

ဓိန်းမတို့သည် ကပ်၍ထိုင်နေကုန်သည်၊ အိပ်ကုန်သည်လည်းဖြစ်ကုန် အံ့၊ နေထိုင်ခြင်းကိုပြသည်ဟုဆိုလိုသည်။

နိသဇ္ဇံ ကပ္ပေယျာတိမာတုဂါမေ နံ သိန္နေ ဘိက္ခုဥပနိသိန္နော ဝါ ဟောတိ၊ ဥပ နိပ္ပန္နော ဝါ ဘိက္ခုနိသိန္နေ မာတုဂါမော ဥပနိသိန္နော ဝါ ဟောတိ၊ ဥပနိပ္ပန္နော ဝါ ဥဘောဝါ နိသိန္နာဟောန္တိ၊ ဥဘောဝါ နိပ္ပန္နာ။ ။ (ပ)

အိပ်သည်ရှိသော် အကြင်ကြောင့် ထိုင်၍သာလျှင် အိပ်သည်။ ထို့ ကြောင့် ထိုပုဒ်၏ပဒဘာဇနီ၌။ ဥပနိသိန္နော ဝါ ဥပနိပ္ပန္နော ဝါ ဟူသော ပုဒ်နှစ်ခုကိုလည်းဟောတော်မူသည်။

ယသ္မာပန နိသီဒိတွာဝ နိပ္ပဇ္ဇတိ၊ တေနဿ ပဒဘာဇနေ ဥဘယမ္ပိဝုတ္တံ။ ။ (ကင်္ခါ-ဋ္ဌ)

ရဟန်းတပါးသည်မာတုဂါမအများတို့နှင့် ဆိတ်ကွယ်ရာ၌နေထိုင် ရာ အာပတ်မှမလွတ်။

ဗဟုကာနံပန သတိပိ အနာပတ္တိံ နကရောတိယေဝ။ ။ (ကင်္ခါ-ဋ္ဌ)

မိန်းမတို့သည် များသော်လည်း အချင်းချင်းအပြစ်ကိုဖုံးလွှမ်းတတ် သောကြောင့်အာပတ်မသင့်ခြင်းကိုမပြုတတ်ပါကုန်။

ဗဟုကာယောဟိ အညမညိဿာဝဇ္ဇံ ပဋိစ္ဆာဒေန္တိ။ ။ (တေ)

နိသဇ္ဇံ ဘိက္ခုပဋိဇာနမာနော ဟူသော ပါဌ်ဖြင့် မေထုနသေဝန ရာဂ ကာယသံသဂ္ဂဿာဒရာဂ ရဟောနိသဇ္ဇဿာဒ ရာဂတို့၏ အ ဖွင့်ဖြင့်သာ နေထိုင်ခြင်းကိုဝန်ခံသည်ရှိသော် သုံးပါးသော အာပတ် တို့တွင်၊ တပါးပါးသောအာပတ်ဖြင့် ဆုံးဖြတ်ရာသည်။ ဝန်မခံသော် မဆုံးဖြတ်ရဟု အဓိပ္ပါယ်ပြတော်မူသည်။

နိသဇ္ဇံ ဘိက္ခုပဋိဇာနမာနောတိ ကိဉ္စာပိဧဝရူပါ ဥပါသိကာဒိဿာဝဒတိ၊ အ ထခေါ်ဘိက္ခုနိသဇ္ဇံ ပဋိဇာနမာနောယေဝ တိဏ္ဏံမမ္မာနံအညတရေန ကာရေ တဗ္ဗော၊နအပ္ပဋိဇာနမာနောတိ အတ္ထော။ ။ (ကင်္ခါ-ဋ္ဌ)

နအပ္ပဋိဇာနမာနော ပါဌ်ဖြင့်၊ ဝန်မခံသော အလဇ္ဇီပုဂ္ဂိုလ်ကို အာ ပတ်ဖြင့်မဆုံးဖြတ်အပ်ဟု သာမညအားဖြင့် ဆိုငြားသော်လည်း၊ နေဝ သုဒ္ဓနာသုဒ္ဓဟူ၍လည်းဆိုထားရာသည်ဟုပြတော်မူ၏။

နအပ္ပဋိဇာနမာနော‌တိ အလဇ္ဇိပိ အပ္ပဋိဇာနမာနော အဘူတက္ခိယာန ကာရေ တဗ္ဗောတိ အဝိသေသေန ဝုတ္တံ၊ သောဟိယာဝ နပဋိဇာနာတိ တာဝ နေဝ သုဒ္ဓေါ နအသုဒ္ဓေါတိဝါ ဝတ္တဗ္ဗော။ ။ (တေ)

လဇ္ဇီပုဂ္ဂိုလ်တို့၌၊ ပဋိညာဉ်ရမှုဆုံးဖြတ်ရာသည်၊ အလဇ္ဇီပုဂ္ဂိုလ်တို့၌ ပဋိညာဉ်မရှိဆိုအပ်သော စကားနှင့်တကွ၊ စပ်ခြင်းရှိသော၊ ဝုတ္တာနုသန္ဓိ ဖြင့်ဆုံးဖြတ်ရာသည်။ထို့ကြောင့်–

ပဋိညာလဇ္ဇိသုကတာအလဇ္ဇိသွေတံ နဝိဇ္ဇတိ ဗဟုမ္ပိအလဇ္ဇိ ဘာသေယျ၊ ဝုတ္တာနုသန္ဓိနာကာရယေ ဒိဋ္ဌဒိဋ္ဌေန သမေတိ၊ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံပဋိစ္စ န ဥပေတိ၊အသုဒ္ဓပရိသင်္ကိတော သောပုဂ္ဂလော ပဋိညာယကာတဗ္ဗော၊ တေန ပေါသထော။ ။ဟုမိန့်၏။

လဇ္ဇိသု၊လဇ္ဇီပုဂ္ဂိုလ်တို့၌။ ပဋိညာ၊ပဋိညာဉ်ကို။ ကတာ၊ပြုအပ်၏။ ဧတံ၊ ထိုပဋိညာဉ်သည်။ အလဇ္ဇိသု၊အလဇ္ဇီပုဂ္ဂိုလ်တို့၌။ နဝိဇ္ဇတိ၊မရှိ။ အလဇ္ဇိ၊သည်၊ဗဟုမ္ပိ၊များစွာလည်း။ဘာသေယျ၊ဆိုရာ၏။ ဝုတ္တာနုသန္ဓိနာ၊ ဆိုအပ်သောစကားနှင့်စပ်ခြင်းရှိသောအားဖြင့်။ ကာရယေ၊ ဆုံးဖြတ်ရာ၏။ ဒိဋ္ဌံ၊မြင်အပ်သောအာရုံသည်။ ဒိဋ္ဌေန မြင်၏ဟူသောစကား နှင့်။သမေတိ၊ ညီညွတ်၏။ ဒိဋ္ဌံ၊ သည်။ ဒိဋ္ဌေန၊ နှင့်။ သံသန္ဒတေ၊နှီးနှော တိုက်ဆိုင်၏။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ ဒိဋ္ဌံ၊မြင်အပ်သောအရာ ကို။ ပဋိစ္စ၊ စွဲ၍။နဥပေတိ၊ပါရာဇိကကို၀န်မခံ၊ အသုဒ္ဓပရိသင်္ကိတော၊ မစင်မကြယ် အကြောင်းအရင်းမရှိ ရွံရှာသောအသုဒ္ဓ အမှုလက ပရိ သင်္ကိတပုဂ္ဂိုလ်သည်။ ဟောတိ၊ ၏။ ပဋိညာယ၊ စင်ကြယ်၏ဟု ဝန်ခံ သောကြောင့်။တေန၊ထိုပုဂ္ဂိုလ်နှင့်။သဒ္ဓိံ၊အတူတကွ။ ဥပေါသထော၊ ဥပုသ်ကို။ကာတဗ္ဗော၊ပြုအပ်၏။ ။သုဒ္ဓစိတ်ဖြင့်သွား၍ ထိုင်နေသော ရဟန်း၏ အထံသို့လာ၍၊ ထိုင်နေသောမိန်းမအား၊ ဆိတ်ကွယ်ရာ၌၊ သာယာခြင်းဖြစ်သော်လည်း အာပတ်မသင့်။

သစေသုဒ္ဓစိတ္တေန ဂန္တွာ နိသိန္နဿ သန္တိကံအာဂန္တွာ နိသိန္နာယ ဇုတ္တိယာ ရဟဿာဒေါ ဥပ္ပဇ္ဇတိ အနာပတ္တိ။ ။(ကင်္ခါ–၄)

ယေနဝါသာ ဟူသော၌ပါဠိ၌၊ဝါသဒ္ဒါကို တေနသောဘိက္ခုကာ ရေတဗ္ဗောဝါ ဟုပြောင်းရွှေ့၍ ယှဉ်ရာသည်။ ဝါသဒ္ဒါသည်၊ ဝိကပ် အ နက်ရှိ၏။ ထို့ကြောင့် ဝန်ခံသော်မှသာဆုံးဖြတ်အပ်သည်။ဝန်မခံသော် မဆုံးဖြတ်အပ်။

ယေနဝါသိတ္တိဗ္ဗောဝါသဒ္ဒေါ တေနသော ဘိက္ခုကာရေတဗ္ဗောဝါတိ ယော ဇေတဗ္ဗော၊သောစဝိကပ္ပတ္တော၊ တဿာကာရေတဗ္ဗောဝါ ပဋိဇာနမာနော၊ နဝါကာရေတဗ္ဗော၊အပဋိဇာနမာနောတိအတ္တော။ ။ (ဝ)

ပါရာဇိက သံဃာဒိသိသ် ပါစိတ်အားဖြင့် သုံးပါးသောအာပတ်တို့တွင်၊ ဝန်ခံသော အာပတ်ဘတ္တု၏ အစွမ်းဖြင့်သာ၊ ဆုံးဖြတ်အပ်သော ကြောင့် မမြဲဟူသောအနက်သည် ထင်ရှားသည်သာလျှင် ဖြစ်တော့သည်။

—o—

## ဒုတိယအနိယတသိက္ခာပုဒ်၏အဓိပ္ပါယ်ကား။

ရဟော ပုဒ္ဒ နဟောဝခေါပနပဋိစ္ဆန္နံ ဟူ၍ငင်း၊ဒုဋ္ဌုလ္လာဟိဝါစာဟိ ဟူ၍ငင်း၊ဆိုသောကြောင့်သောတဿရဟာကို ယူရမည့်ဟု၊တေရသကဏ်ငိုကာ၌မိန့်၏။

ဇူမဿိ ဥိသိက္ခာပဒေ အပဋိစ္ဆန္နတ္တာ သောတဿရဟောပေ ဝ အဓိပ္ပေတော ပါဋိယံပနစက္ခုဿရဟောတိ အတ္ထုဒ္ဓါရဝသေနဝုတ္တံ။ ။ (တေ)

ကိုယ်ဖြင့်လည်း၊ ဖုဋ္ဌုလ္လောဘာသ ဟု ဆိုအပ်သော လူ့ချိစကား ပြောခြင်း၏ ဖြစ်သင့်သောကြောင့်။ ဤသိက္ခာပုဒ်ဝယ်၊ စက္ခုဿရဟာ သောတဿရဟာ နှစ်ပါးကိုယူရမည်ဟုမိန့်တော်မူ၏။စက္ခုဿရဟာကို ရပ်တည်သောသူ၏ ကိုယ်၏ဖေါက်ပြန်ခြင်းစသည်တို့ မထင်ရှားရာအရပ်ဖြင့် ပိုင်းခြားအပ်၏။သောတဿရဟာကို၊ တဆဲ့နှစ်တောင်ဖြင့် ပိုင်းခြားအပ်၏။

အန္ဓောဒွါဒသ ဟတ္ထေတိ ဇူမိနာ သောတဿ ရဟောဒွါဒသ ဟတ္ထေန ပရိစ္ဆိန္နောတိ ဇူဒံ ဒဿေတိစက္ခုဿရဟောပန ယတ္ထဋ္ဌိတဿ ကာယ ဝိကာရာဒယောနပညာယန္တိ၊တေန ပရိစ္ဆိန္နိတဗ္ဗောတိ ဒဋ္ဌဗ္ဗံ။ ။ (ဝိ)

ဤအနိယတသိက္ခာပုဒ်နှစ်ရတို့ဖြင့်၊ အသီးအခြားပညတ်အပ်သော အာပတ်မရှိငြားသော်လည်း၊ဝန်ခံသော်သာ အာပတ်ဖြင့်ဆုံးဖြတ်အပ်သည့်ဟုပြသဖြင့်၊ဝိနယဝိနိစ္ဆယသည် ပဋိညာတ ကရဏလက္ခဏာ

ရှိ၏ဟု မြမြ ဝွာပြု၍ ဟောတော်မူလိုသောကြောင့် ပညတ်တော်မူ၏။။ ရဟန်း ယောကျ်ားတို့အား၊ အနိယတ ကိုဟောတော် မူသကဲ့သို့၊ ရဟန်းမိန်းမတို့အား အနိယတကို အဘယ့်ကြောင့်မဟောသနည်း၊ ဝိနယဝိနိစ္ဆယ၏ ပဋိညာတကရဏ လက္ခဏာသည် အစဉ်လိုက်သောကြောင့် မဟောတော့ပါ။

အထဘိက္ခုနီနံ အနိယတံ ကသ္မာနဝုတ္တန္တိ ဇူဒမေဝလက္ခဏံ သမ္ဗုတ္တအနဂတန္တိဝုတ္တံ။(တေ)

**ဆောင်။ ။မျက်စိကွယ်ရာ၊ ကိုယ်ခြင်းရာကို၊ သိတာမရှိ၊ မိုင်းခြားဘိ၊ မှတ်ရှိစက္ခုသရဟာ။**

**နားကွယ်ရာဆောင်၊ ဆဲ့နှစ်တောင်၊ မှတ်အောင်မိုင်း၍ပြ။**

သက်သက် ဤဒုတိယ အနိယတသိက္ခာပုဒ်ဝယ်၊ တစုံတယောက်သိ,ကြားလိမ့်မွာသော မျက်စိခကွယ် နားမပင်းသော မိန်းမယောကျ်ားသည်၊တဆဲ့နှစ်တောင်အတွင်းဖြစ်သော အရပ်၌ ရပ်လျက် ထိုင်သျက် ပြန့်လွှင့် ငိုက်မြည်းသော်လည်း၊ အာပတ်မသင့်ခြင်းကို ပြုတတ်သည်ဟု အဋ္ဌကထာ၌မိန့်သည်။

ဒုဗ္ဗလ္လဝါစာ၏ အစွမ်းဖြင့် လာသော ဤဒုတိယအနိယတသိက္ခာပုဒ်၌၊ မိန်းမ များသည် မဖုံး လွှမ်းသည်၏ အဖြစ်ကြောင့် မိန်းမသည်လည်း၊အာပတ်မသင့်ခြင်းကိုပြုတတ်၏။

မေထုနဓမ္မ၏ အစွမ်းဖြင့် လာသော ပဌမအနိယတ သိက္ခာပုဒ်၌၊ မိန်းမများသည်၊ ဖုံးကွယ်သည်၏ အဖြစ်ကြောင့်၊ မိန်းမ တရာသော်လည်း၊အာပတ်မသင့်ခြင်းကိုမပြုတတ် ဟု မှတ်ရာသည်။

ဇူမအပ္ပဋိစ္ဆန္နတ္တာ ဇူတ္ထိပိအနာပတ္တိ ကရောတိ၊ တတ္ထပဋိစ္ဆန္နတ္တာ ဇူတ္ထီသတမ္ပိ အနာပတ္တိံ နကရောတီတိစ ဝဒန္တိ။ ။ (တေ)

ယေနဝါသာသဒ္ဒေယျဝစသာဥပါသိကာဝဒေယျ ဟူသောဝါကျဝယ်။လာသော ဝါသဒ္ဒါသည်၊ဝိကပ်အနက်ရှိ၏။ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် ဝန်ခံသော်ကား ဆုံးဖြတ်အပ်၏။ ဝန်မခံသော် မဆုံးဖြတ်အပ်ဟု ပြတော်မူသည်။

# အနိယ တုဒ္ဒေသ ပြီးပြီ။

—c—

# နိဂုံး။

၁။ ပန္နဖာတိ ဧရာဝတီ၊ နဒီတီရေ ပုရုတ္တိယံ၊
ဝါးခယ်မာတိပတီတံ ဘာ၊ထူပ မာလာဒိ သောဘိတံ၊ ။
၂။ တသ္မာ၂ ပါစိယံ ဒိသ္သော၊ ဂါမော ဒွိကောသ မာနတော၊
ကောသုယျာန မနာပေါ ဝ၊ လမ်းသမိုင်တိ ပါကဋော၊
၃။ သုဒဿဘူတော ပသန္နော၊ လမ်းသမိုင်ဂါမိ ကောတယော။
ဦးဘိုးခန့်တိသုတော ရုဋ္ဌော၊ သံဃုပဋ္ဌာယကော သဒါ။
၄။ မန္တယိတွာ ဝိသာခါယ, ဝိယာယ စေဝ ဓီတုယာ။
ခတ္တိယိဋ္ဌာယ ပညာယ, အဗျာသေကံ မနောရမံ။
၅။ ပရိယတ္တျာဘိဝေနံ ဝ, ယံကာရယိတ္ထဘူမိကံ။
ပုဗ္ဗာရာမာယိတတ္တံ စ, မဟိန္ဒကာလယံ သုဘံ။
၆။ တဉ္စ တေဇာဘိဝံသဿ, သီလာစာရဍ္ဎဝါဒိနော။
ပသန္နစေတသာ ဒါသိ, နိကာယပါရဂုဿ စ။
၇။ ဝေပုလ္လတ္ထံ သိဝတ္ထံ စ, တမဍ္ဎာဝသတာ ပန။ ။
သိဿေသုစ ဂရုဘန္တေသု မယုဿာဟမိဒံ ကတံ။
၈။ ဥပဂတွာ ပနာရညံ, ပရိပုဏ္ဏံ နသာဓိတံ။ ။
အရိယာဝံသဒ္ဓိပတ္တိ, သမ္မတေ ပဗ္ဗတုတ္တမေ။
၉။ စစ်ကိုင်းသေလေ မနုညေ ဝ၊ တေဇာဓိပတိကန္ဒရေ။
ဝသန္တောဟံသိဿောဃဿ, ဥဒ္ဒိသိတွာ ပုနပ္ပုနံ။
၁၀။ စက္ကေ ဃာဘဇဖေ ပဉ္စေ ကောစေ ဝဿေ ခညဂ္ဂကေ။
မာဃပုဏ္ဏမိဒံ ပုဏ္ဏံ, ဘာဝတ္ထိကမသာခယိံ။
၁၁။ နိဋ္ဌိတေတံ မယာ တေန၊ ဗောဓိံ ပပ္ပောမိ ပတ္ထိတံ။
မာတာပေရေ ဘဇေ ဇေဋ္ဌေ၊ နပဿော တာဝ သံသရံ။
၁၂။ ပူရေ ပါရမိံ ဟတွာ စ၊ သီသံ ဘုတ္တော ယထာဝုသံ၊
သိဋ္ဌိတွာ ဝိဟာရေယျံ စ ဝဍ္ဎေယျံ သုဝသေ ပရေ။
၁၃။ ယထာ ဥပဂတော နိဋ္ဌံ, နိရုပဒ္ဒဝတော အယံ။
ဧဝံ သီဃံသုလက်ပွာ ပပ္ပောန္တု သဗ္ဗပါထိနံ၊
၁၄။ ဝိရမ္ဗိတတ္ထံ စက္ကသ၊ ကရောန္တေန မယာဉ္ဇလိံ၊
နိဗ္ဗာနမ္ဗဟုမာနေန, မဟာပုညံ ယမာစိတံ။

## နိဂုမ်းနှင့်အာသီသ

၁၅။ ပိတေန္တု ပုညိကာ ဘူတာ၊ တသာ ထာမေန နိဗ္ဗုယာ။
မောဒန္တု မဟော စရိတွာ၊ ပေါရိကာဝ နဂါနုဂံ။
၁၆။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဝဿံ စိရံ ပဇံ။
တပ္ပေတု ဒေဝေါ ဓမ္မေန၊ ရာဇာ ရက္ခတု မေဒနိန္တိ။

## မြန်မာပြန်ကား။

၁။ ပန္နဖာတိ ဧရာဝတီ နဒီတီရေ၊ သမုဒ္ဒရာရေ ဆက်၍ အကျ အတက်ဖြစ်သော ဧရာဝတီ မြစ်ကမ်းနဖူး၌။ ဝါးခယ်မာ တိပတီတံ၊ ထက်အောက်တခွင် မြေအပြင်ဝယ်။ ဝါးခယ်မဟူ၍ ကျော်ကြား ထင်ရှားသော။ ထူပမာဠာဒိသောဘိတံ၊ စေတီပုထိုး-တန်ဆောင်း ပြာသာဒ် အမျိုးမျိုးတို့ဖြင့်တင့် တယ်တောက်ပထသော။ဘံ၊ တရားရောင် သံဃာရောင်တို့ဖြင့်။ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းထသော။ယံပုရံ၊ အကြင် မဟာနိဂမဟု ဆိုအပ်သော။ မြို့တော်သည်။ အဋ္ဌိ၊ထင်ရှား ရှိလေ၏။

၂။ တသာ၊ ထိုဝါးခယ်မမြို့၏။ ဥဇုံ၊ ဖြောင့်ဖြောင့်တန်းတန်း။ ဒိုကော့သမာနေ၊ နှစ်ကောသ လေးမိုင် အတိုင်းအရှည်ရှိသော။အပါ စိယံ၊ တောင်မျက်နှာအရပ်၌။ ဒိဗ္ဗော၊ သာသနာရောင်တို့ဖြင့် ပြောင် ပြောင် တောက်ပသော။ ကောသုယျာန မနာပေါဝ၊ စပါး ကျီ ကြ ပြည့်စုံလှသော ဥယျာဉ်ပန်းမာန်တို့ဖြင့် စိတ်နှစ်လုံးကို ပွားစေတတ် သည်သာလျှင် ဖြစ်သော။ လမ်းသမိုင်တိစ။ လမ်းသံမိုင် ဟူ၍လည်း။ ပါကဋော၊ ထက်အောက်တခွင် မြေအပြင်ဝယ်။ ကျော်ကြား ထင်ရှား သော။ ဂါမော၊ သူတော် သူမြတ်တို့ နေရာရွာသည်။ အဋ္ဌိ၊ရှိလေ၏။

၃ တယော၊ ဘုရား တရား သံဃာ၊ ရတနာသုံးရပ် အထွန်းအ မြတ်၌။ ပသန္နော၊ နောက်ရှက်သဒ္ဓါမရှိပါဘဲ၊လွန်စွာကြည်ညိုသော။ သုဒ္ဓဏ္ဏဘူဇော၊ အနာထပိဏ်၊ ကျော်ရှိန်ပျံ့မွှေး ကျောင်းဒါယကာ သူဋ္ဌေးကဲ့သို့ဖြစ်၍ဖြစ်သော။ သဒ္ဓါ၊အခါခပ်သိမ်း။ သံဃုပဋ္ဌာယကော၊ သံဃာတော်တို့အား၊ ဆွမ်း သင်္ကန်း ကျောင်း ဆေးဟု ဆိုအပ်သော၊ လေးပါးသော ပစ္စည်းတို့ဖြင့်၊ လုပ်ကျွေး ပြုစုတတ်သော။ လမ်းသမိုင် ဂါမိကော၊လမ်းသမိုင်ရွာ၌နေထိုင်လေ ရှိသော၊ဦးဘိုးခန့်တိသုတော၊ မန္တလေးမြို့ ငါးဆူဒရဲ့တိုက်ကျောင်းကြီး၊ လမ်းသမိုင်တိုက်ကျောင်း

ကြီး ဒါယကာဦးဘိုးခန့်ဟူ၍၊ ကျော်ကြားသော။ဇာနေ္ဒါ၊ ပြည့်စုံကြွယ်
ဝသောဥပသကာသည်။........။ကာရယိ မှာ-လှမ်းစင်။
၄-၅။ ဝိသာခါယ၊ ပုပ္ဖါရုံကျောင်းကြီးဆောက်လုပ်ပြီး၍၊ ၄၅။
ပြီးသောခါ၊ ဝိသာခါကျောင်းအမကြီးနှင့်တူထသော။ ပိယာယစေဝ၊
ချစ်မြတ်နိုးအပ်လှ စွာသော၊ ကျောင်းအမ၊ မသောင်းရွှေနှင့် လည်း
ကောင်း။ ခတ္တိယိ ဠာယ၊ မိန်းမျိုးလောင်း ဖြစ်၍၊ တပင်တိုင် အရာ၌
ထားအပ်သော၊တပင်တိုင်မင်း သို့်းနှင့်တူထသော။ ပညာယ၊ အလိမ္မာ
ဉာဏ်ပညာနှင့် ပြည့်စုံသော။ဓိတုယာစ၊ သမီးကြီးမစိန်းညိုနှင့်လည်း
ကောင်း။ မနုဿယိတွာ၊ အဆိုးအကောင်း၊ ကျိုးကြောင်းပြသတိုင်ပင်ကြ
၍၊အဗျာသေကာ၊စိတ်မျက်စိတို့၏၊ပေါင်းဆုံ၍ကျချာဖြစ်သော။ ဝါ၊စိတ်
မျက်စိတို့၏၊နှစ်သက်ခြင်းကိုဖြစ်စေတတ်သော။ မနောရမံ၊ မွေ့လျော်
ပျော်ဘွယ်ရာကောင်းသော။တိဘူမိကံ၊ဘုံသုံးဆင့်ရှိသော။ပရိယတ္တျာ
ဘိဓာနံဝ၊ ပရိယတ္တိသာသနဟိတ အမည်သသည်သာလျှင်ဖြစ်သော။
ပုပ္ဖါရာမာယိတတ္တံစ၊ပုပ္ဖါရုံကျောင်းတော်ကြီးကဲ့သို့ရှုအပ်သည်လည်း
ဖြစ်သော။ ယံမဟိဠကာလယံ၊ အကြင် တိုက်ကျောင်း တော်ကြီးကို။
သုဘံ၊ တင့်တယ်ကောင်းမွန်စွာ။ကာရယိ၊ဆောက်လုပ်စေပြီ။
၆-၇။ တဥ္စိတံ ၆ဝ၊ထိုတိုက်ကျောင်းတော်ကြီးကိုသာလျှင်။သီလာ
စာရဗ္ဗဝါဒိနော၊သီလအကျင့်ဖြောင့်မတ်သောအဖြစ်အစရှိသောဂုဏ်
ရှိထသော။ နိကာယပါရဂူဿစ၊ နက်ကျယ်များစွာ၊ သမုဒ္ဒရာတည်း
ဟူသောနိကာယ်၏ကမ်းတဘက်သို့၊ကူးစွမ်းနိုင်သောသဘောလည်း
ရှိထသော။ တေဇာဘိဝံသဿ၊ ပရိယတ္တိ သာသနဟိတ စာပြန်ပွဲသ
ဘင်၌၊ တစ်စွဲကာ အောင်မြင်ကဲ့၍၊ **အသျှင်တေဇာဘိဝံသ** အမည်ရှိ
သောမထေရ်မြတ်အား။ ပသန္နစေတသာ၊ ကြည်ညိုသောစိတ်စေတ
နာဖြင့်။ ဝေပုလ္လတ္ထံစ၊ သာသနာတော်၏၊ စည်ပင်ပျံ့ပွား များသောအ
ကျိုးငှာရင်း။ သိဝတ္ထံစ၊ ဒုက္ခခပ်သိမ်းငြိမ်းရာအမှန်၊ ပြည်နိဗ္ဗာန်အကျိုး
ငှာရင်း။ အဒါသိ၊ နာယကဆရာတော်အဖြစ်ဖြင့်တင်လှူလေပြီ။ ပန၊ မ
ကျယ်မကျဉ်းအကြောင်းသွင်း၍၊ကျမ်းပြုပုံကိုပြဆိုဦးအံ့။ကံတသို့၊ ထို
တိုက်ကျောင်းတော်ကြီး၌။"အဇ္ဈာဝသတာ၊ ခုနစ်ဆယ်ရှစ်ဆယ်သော
စာသင်သူပရိသတ်တို့အားနာယကဆရာတော်အဖြစ်ဖြင့်၊အုပ်စိုး၍နေ
ရသော။မယာ၊တေဇာဘိဝံသအမည်ရှိသောငါမထေရ်သည်။သိသော

# နိဂုမ်းနှင့်အာသီသ

သုစ၊ဟိုအရပ်သည်အရပ်မှ၊ သောင်းသောင်းဖြဖြလာရောက်ကြသော စာသင်သားတို့သည့်လည်း။ ဂဏ္ဍန္တေသု၊ ·နေ့ဝါညဝါ၊ အဖြာဖြာကို သင်ယူ၍နေကြကုန်စဉ်။ ဥဿာဟံ-ဥဿာဟေန၊ လုံးပမ်းကြိုးကုတ် အားထုတ်သော အားဖြင့်။ ဋ္ဌာနံပကရဏံ၊ ဤပါတိမောက္ခဘာဝတာ ဏက အမည်ရှိသောကျမ်းကို။ ကတံ၊ပြုစီရင်အပ်လေပြီ။

၁-၉-၁၀။ ပန၊ထိုသို့ပင်စီရင်အားထုတ်ခဲ့ပြီးသော်လည်း။ အရ ညံ၊ တောတောင်သို့။ဥပဂတွာ၊ ကပ်ရောက်၍ နေခဲ့သောကြောင့်၊ ပရိ ပုဏ္ဏံ၊အပြည့်အစုံ။နသာဓိတံ၊မပြီးစေကဲ့။အရိယာဝံသန္တိပတ္ထိသမ္မတေ၊ သူတော် သူမြတ်တို့ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရာ ကောင်းသော ကြောင့်၊ အရိယာဝံသ တောင်စဉ်တောင်တန်းဟု သမုတ်အပ်သော။ ပဗ္ဗတုတ္တမေ၊ တောင်ထူးတောင် မြတ်ဖြစ်သော၊ စစ်ကိုင်းသေလေ၊ ဥပါသကာ ဥပါသကီအများတို့၊ ကောင်းမှုမျိုးကိုပိုက်ျိုးကြချရာ၊ ဘုံ ဝိဟာတို့ဖြင့်၊ တင့်တယ်တောက်ပ၍ဖွေးဖွေးဖြူသောစစ်ကိုင်းတောင် ၌။ ဝါ၊ ရောဝတီမြစ်ရေဝိုင်း၍၊ညို့မှိုင်းမှိုင်းနေသောစစ်ကိုင်းတောင်၌။ မနုညေဝ၊ စိတ်နှလုံးကို၊ ရွှင်ပြုံးစေတတ်သည့်သာသျှင် ဖြစ်သော။ တေဇာဓိပတိကန္ဒရေ၊သူတော်သူမြတ်တို့မွေ့လျော်ရာ၊ တေဇာဓိပတိ ချောင်ခဏ်းဝါ၌။ ဝသန္တော၊ တရားအာရုံ စိတ်မှာထုံလျက် နေထိုင် သည့်ရှိသော်။ဝါ၊နေထိုင်သော။အဟံ၊ကျမ်းပြုဆရာငါသည်။သိသော ဃသာ၊ သံဝရ အဂ္ဂဝံသ စသောတပည့်အပေါင်း၏။ ပုန၊ နောက်ထပ် တဘန်။အဇ္ဈနံ၊တောင့်တကြ။တောင်းပန်ကြသည့်ကို။ ဥဒ္ဒိသိတွာ၊ ရည် ရွယ်မှန်းထား၍။ စက္ကေ၊ သဗ္ဗညုဘုရားထားတော်မူခဲ့သော၊ အာဏာ စက်ဟုဆိုအပ်သော၊သာသနာတော်သည်။ဃဘာဇပေ၊ ၂၄၄၄-ခုသို့။ ပတ္တေ၊ရောက်သည့်ရှိသော်။ ကောစေ၊ လူတို့ဝေါဟာ ကောဇာသက္က ရာဇ်သည်။ ခညဂ္ဂဟေ၊ ၁၃၀၂-ခု ဟု ဆိုအပ်သော။ ဝသော၊ နှစ်သို့။ ပတ္တေ၊ရောက်သည့်ရှိသော်။ မာဃပုဏ္ဏမေ၊ဆီးနှင်းမြူတိမ်သူရိန်မိုးခိုး ညစ်မျိုးကင်းပ၊ စင်ကြယ်လှသောတပို့တွဲလပြည့်နေ့၌၊ ဘာဝန္တိကံ။ပုဒ် အနက်အလို အဓိပ္ပါယ်အသွယ်သွယ်သောရတနာတို့၏တည်ရာ၊ ရတ နာ၊တောင်နှင့် တူထသော။ ဋ္ဌာနံပကရဏံ၊ ဤပါတိမောက္ခဘာဝဘာ ဏက အမည်ရှိသောကျမ်းကို။ပုဏ္ဏံ၊အပြည့်အစုံ။အသာဓယိံ၊ ပြီးဆုံး စေပြီ။

# နိဂုံးနှင့်အာသီသ

၁၁။ ဇေတ်မဟာ်ပုည်၊ဤပါတိမောက္ခဘာ၀ဘာဏကကျမ်းကို၊ပြုစီရင်ရခြင်းကြောင့်ဖြစ်သော၊ များစွာသောကုသိုလ်အစု၊ ကောင်းမှုအလျှင်ကို။ မယာ၊ကျွမ်းပြုဆရာငါသည်။ နိစိတံ၊ဆည်းဘူးပွားများအပ်ပြီ၊ တေန၊ ထိုသို့ဆည်းဘူးပွားများအပ်သော၊ များစွာသောကုသိုလ်အစု၊ ကောင်းမှုအလျှင်ကြောင့်။ ပဏ္ဍိတံ၊ အလိုရှိတိုင်း တောင့်တတိုင်းသော၊ဗောဓိ-ဗောဓိ ဉဝ၊ဗောဓိသို့သာလျှင်။ပပ္ပေါမိ၊ရချမသွေ့ရောက်ရပါလို၏။ယာ၀၊အကြင်မျှလောက်သောကာလပတ်လုံး။ဗောဓိ၊ဗောဓိသို့။နပတ္တော၊မရောက်ရသေးမရသေး။ တာ၀၊ထိုမျှလောက်သောကာလပတ်လုံး။သံသရံ-သံသရန္တော ၊ကျင်လည်သွားလာရသည့်ရှိသော်။ ဇေဓ္မေ၊ အလိမ္မာဉာဏ် ပညာအားဖြင့်၊ ကြီးသောသူတို့ထက်၊ အသူးသဖြင့် ကြီးကုန်မြတ်ကုန်သော။ ဝါ၊အစိုးရခြင်း ဣဿရိယဂုဏ်၊ ဓနဂုဏ်အားဖြင့်၊ ကြီးသောသူတို့ထက်။ အထူးသဖြင့် ကြီးကုန်မြတ်ကုန်သော။ ဝါ၊ သီလသမာဉာဏ်ပညာအားဖြင့်၊ ချီးမွမ်းအပ်သောသူတို့ထက်၊ အထူးသဖြင့်ချီးမွမ်းအပ်ကုန်သော၊ မာတာစာရေ၊ မိခင်ဘခင်နှင့်၊ကျေးဇူးရှင်ဆရာသခင်တို့ကို၊ ဘဇေ-ဘဇေယျာမိ၊ ငယ်ရွယ်စဉ်ကပင်မှီဝဲဆီကပ်ရပါလို၏။

၁၂။ သိသံ၊နှောင့်ရှက်တတ်သောတရားအပေါင်းတို့၏ အထွန်အဖူးအကြီးအမှူးဖြစ်သော တဏှာ၊ အထူးဖွဲ့၍မာန်ယစ်သော တရားအပေါင်းတို့၏၊အထွန်အဖူးအကြီးအမှူးဖြစ်သောမာန။မှားသောအားဖြင့် သုံးသပ်တပ်သော တရားအပေါင်းတို့၏ အထွန်အဖူး အကြီးအမှူးဖြစ်သော ဒိဋ္ဌိ။စိတ်လွှင့်ပါးသော တရားအပေါင်းတို့၏ အထွန်အဖူးအကြီးအမှူးဖြစ်သောဥဒ္ဓစ္စ၊နှိပ်စက်တတ်ပူပန်စေတတ်သော တရားအပေါင်းတို့၏ အထွဋ်အဖူး အကြီးအမှူး ဖြစ်သော အဝိဇ္ဇာဟု ဆိုအပ်သော ဦးခေါင်းငါးခုကို။ဟတ္တွာစ။ထောင်းထောင်းပြတ်ကြွေသေစေပြီး၍လည်း ပါရမိ၊ ဒါနသီလ၊ စသည့်များစွာ၊အဖြာဖြာသောပါရမီကို။ ပူရေ-ပူရေယျာမိ။ ကိုယ်နှင့်အသက်မငဲ့ ကွက်ဘဲ၊ ရက်စက်စွာဖြည့်ကျင့်နိုင်ရပါလို၏။ ဘုတ္တော-ဘုတ္တာသ၊ မီးမချက်ဘဲသုံးဆောင်စားသောက်အပ်သော သစ်သီး သစ်ပွင့် သစ်ရွက် သစ်ခေါက် စသော၊ အစာအာဟာရ၏။ ယထာ၀သံ၊ မိမိအလိုအတိုင်း။သိဇ္ဈိတွာ။ပြည့်စုံသောအရသာရှိသော။ အာဟာရ၏အဖြစ်ဖြင့် ပြီးကဲ့သောကြောင့်။ ဝိဟာရေယျံ စ၊ ကိုး

ဆဲ့ခြေခံဖြာ၊ ရောဂါဝေဒနာမရှဲ၊ မျှတ၍၊ နေလည်းနေနိုင်ရပါလို၏။ ပရေ၊ တပါးသော ပုဂ္ဂိုလ် သတ္တဝါတို့ကို၊ သုဝသေ၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောမဂ္ဂင်ရှစ်ပါးနှင့်စပ်သော မိမိအလို၌။ ဝါ။ပွားများ အားထုတ်အပ်သော၊ ဓါန, သီလ အစရှိသောသူတော်ကောင်းတရားနှင့် စပ်သော ကောင်းသော မိမိအလို၌။ ဝတ္တေယျံစ။ လိုက်လည်းလိုက်စေ။ ဖြစ်လည်းဖြစ်စေနိုင်ရပါလို၏။

၁၃။ အယံ ဂန္ထော။ ဤပြုစီရင် အပ်သော ပါတိမောက္ခ ဘာဝဘာဋာက။ အမည်ရှိသောကျမ်းသည်။ နိရုပဒ္ဒဝတော၊ ဘေးရန်နှောင့်ရှက်နှိပ်စက်ချက်မရှိသောအားဖြင့်။နိဋ္ဌံ၊တောင့်တတိုင်းပြီးဆုံးခြင်းသို့။ ဥပဂတောယထာ။ရောက်ရသကဲ့သို့။ ဇိံ။ပမာမခြား အလားတူစွာ။ သဗ္ဗပါဏိနံ၊အလုံးစုံသော ဝေဏေယျကြာသတ္တဝါတို့၏။သုသင်္ကပ္ပါ၊ အပါယ်လားကြောင်း မကောင်းမှုမှကင်းသော။ ကောင်းသော အကြံအစီ ဟူသမျှတို့သည်။ နိရုပဒ္ဒဝတော၊ဘေးရန်နှောက်ရှက်။ နှိပ်စက်ချက်မရှိသော အားဖြင့်။ သီဃံ၊ လျင်မြန်စွာ။ နိဋ္ဌံ၊ တောင့်တတိုင်းပြီးဆုံးခြင်းသို့။ပပ္ပေါန္တု၊ရောက်ကြစေကုန်သတည်း။

၁၄။၁၅။ စက္ကသာ။ သဗ္ဗညုမြတ်စွာဘုရား။ အမိန့်တော်အားဖြင့် ထားတော်မူခဲ့သော။ သာသနာတော်စက်၏။ စိရဋ္ဌိတတ္တံ၊ ကာလရှည်ကြာတည်ပါရန်အကျိုးငှါ။ ဋ္ဌမံဂန္ထံ၊ ဤပါတိမောက္ခဘာဝဘာဋာက အမည်ရှိသောကျမ်းကို။ ကရောန္တေန၊ ပြုစီရင်သော။ မယာ၊ တေဇာတိခံသအမည်ရှိသော ငါမထေရ်သည်။ နိဗ္ဗာနပဗ္ဗာမာနေန၊ နိဗ္ဗာန်ကိုများစွာ မြတ်နိုးတောင့်တသဖြင့်။ ယံမဟာပုညံ၊ အကြင်များစွာသော ကုသိုလ်အစု၊ကောင်းမှုအလျင်ကို၊အာစိတံ၊ဆည်းဘူး ပွားများအပ်ပြီ။ တသာမဟာ ပုညာသာ၊ ထိုများစွာသော ကုသိုလ် အစု ကောင်းမှုအလျင်၏။ ထာမေန၊ အားအစွမ်းကြောင့်။ မဟော၊ ကထိန်ပွဲနှင့် ဆီပွဲ ဆွမ်းပွဲ လှူပွဲကြီးလာ ပျော်ရွှင် စွာသော သဘင်နေ့များ၌။ ပေါရိကာ၊ အလှူလွှန်ပေး မန္တလေးနှင့်၊မဝေးစစ်ကိုင်း။မြို့နယ်တိုင်းမှ လာရောက်ကြသော။ မြို့တော်သူ။ မြို့တော်သား။ လူကလေး, မိန်းကလေး အများတို့သည်။ နဂါနဂံ၊ တတောင်မှတတောင်သို့။စန္ဒိကာယ၊ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်း တောက် ပသော လ, ရောင်ဖြင့်။ (**ပါဠိသေသ-ဆည့်ပါ**)။ ဝိစရိတ္ဝာ၊ ဘုရားဖူးကာ ပျော်ရွှင် စွာဖြင့် လှည့်လည်ကာ

## နိဂုမ်းနှင့်အာသိသ

တက်ဆင်းကြကုန်၍ နိဗ္ဗာယာ၊ ကြောက်ဘွယ်တန်တန် ဘေးရန်မရှိကြကုန်ဘဲ၊ မောဒန္တု ဇာဝ၊ ရွှင်ပြုံး ဝမ်းမြောက်။ နှစ်သက် ခြင်းသို့ ရောက်ကြကုန်သကဲ့သို့။ ဧဝံ၊ နှင်းခိုင်းစရာ။ ပမာသို့တူ။ ဘူတာ၊ ဝေနေယျကြာ။ သတ္တာဝါ ဟူသမျှ တို့သည်။ ပုညိကာ။ ဒါန သီလ, အစရှိသော ကောင်းမှုအာဝဝကို။ အားထုတ်ကြကုန်သည့်ဖြစ်၍။ နိဗ္ဗာယာ၊ ကြောက်ဘွယ် တန်တန်၊ ဘေးရန်မရှိကြကုန်ဘဲ။ ပီတာ၊ နှစ်သက် ဝမ်းမြောက်ခြင်းသို့။ နေ့န္တု၊ ရောက်ကြပါစေကုန်သတည်း။ ။

၁၆။ သဗ္ဗမွော၊ သူတော်ကောင်း တဦး ရောင်ခြည် တော်များသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ မကွယ် မပြောက် ထွန်းတောက်ခါတည်ပါစေသတည်း။ ကာလေ၊ ရွာသွန်းသင့်သော အခါကာလ ချိန်သမယ၌။ ဝဿံ ဝဿန္တော တဖျိုးဖျိုး တဖြောက်ဖြောက်၊ မိုးသည်းပေါက်တွေကျစေလျက်။ ဒေဝေါ၊ မိုးသည်းသည်။ စိရံ၊ ကြာမြင့်စွာ။ ပဇံ၊ သူငါကစ အာဝဝသော သတ္တဝါတွေကို။ တပ္ပေတု၊ နှစ်သိမ့်ရောင့်ရဲပါစေသတည်း။ ရာဇာ၊ ရေမြေသနင်း ပြည့်ရှင်မင်းသည်။ ဓမ္မေန၊ တရားသဖြင့်။ မေဒနိံ၊ မြေအပြင်ကို။ ဝါ၊ မြေပြင်တသွား၌၊ သွားလာနေထိုင်ကြသော၊ လူများကစ အာဝဝသော သတ္တဝါတွေကို။ ရက္ခတု၊ စောင့်ရှောက် ထိန်းသိမ်း ပြည့်ငြိမ်းပါစေသတည်း။ ဣတိ၊ ဤသည်လျှင်။ နိဂုံး စသည်ကို ဆိုရာ စကားရပ် အပြီးသတ်သတည်း။ ။

ဗောဓိသဗ္ဗော ဇာယမာနေ၊ သံကမ္ပိ လောက ဓာတုဝ။
သံကမ္ပတု ဝိဟာရောစ၊ ရဋ္ဌါယန္တော ဝ ရဋ္ဌိတောတိ။

# ပဥ္စမတွဲ ပြီးပြီ။

—— ၀ ——

ဒုတိယတွဲမြန်ဝဲစေးငှါ
အပြည့်အစုံရေးပြီးဖြစ်သောကြောင့်၊ အကြောင်းပြည့်စုံက
ထွက်ပေါ်၍လာလိမ့်မည်။